NYI SAY
MYANMAR EBOOK CREATOR

စာပေတက္ကသိုလ်

# မြသန်းတင့်

# ဆငဂငွင့်ဝဂူ

# The Catcher in the Rye

**J.D. SALINGER**



ပန်းချီစံတိုး

http://nyisay.com

စာမူခွင့်ပြုချက် အမှတ် [၁၇၉ / ၉၈ (၅)]
မျက်နှာဖုံးခွင့်ပြုချက် အမှတ် [၄၅၃ / ၉၈ (၁၀)]

ဒုတိယ အကြိမ်၊ ၁၉၉၉၊ ဧပြီ
[ပထမ အကြိမ်၊ ၁၉၈၇၊ ဒီဇင်ဘာ၊ ဘဝတက္ကသိုလ် စာပေ။]

| | |
|---|---|
| မျက်နှာဖုံး | ပန်းချီ စံတိုး |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၂၀၀၀ ကျပ် |
| မျက်နှာဖုံးရိုက် | ဒေါ်ရွှေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက် ၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက် ၁၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံ မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးကြည်ဝင်း (၀၁၀၂၉)၊ ဝင်းစာပေ ၂၁၊ ဒါနလမ်း၊ သာယာကုန်း၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ |

http://nyisay.com

မြသန်းတင့်

# လေလွင့်သူ

---

J. D. Salinger

**The Catcher In The Rye**

## မြန်မာပြန်သူ၏ အမှာ

ဂျေ ဒီ ဆလင်းဂျား ရေးတဲ့ 'ဂျုံခင်းထဲမှာ လိုက်ဖမ်းသူ' The Catcher in the Rye ဆိုတဲ့ ဒီဝတ္ထုကလေးကို ကျွန်တော် ဖတ်ဖူးတာ ကြာပြီ။ ကြာဆို ၁၉၆၀ ပြည့်နှစ် တစ်ဝိုက်လောက် ဖြစ်မယ် ထင်တယ်။ ဒီ စာအုပ်ကလေးကို တွေ့ပုံနှင့် ဖတ်မိပုံကလဲ နည်းနည်း ဆန်းပါတယ်။ တစ်နေ့မှာ ဗိုလ်ချုပ်လမ်း ထောင့်နှင့် ၂၇ လမ်းထောင့် ပလက်ဖောင်းဘေးမှာ ချရောင်းနေတဲ့ ကုလား စာအုပ်ဆိုင်ကလေး တစ်ဆိုင်ကို ကျွန်တော် ဝင်ကြည့်မိတယ်။ စာအုပ်ဆိုင်က သေးသေးကလေးပါ။ သူ ခင်းထားတဲ့နေရာက ဖျာတစ်နေရာစာလောက် ရှိပြီး ခင်းထားတဲ့ စာအုပ် အရေအတွက်ကလဲ သုံးလေးဆယ်လောက်ပဲ ရှိမယ်။ ဒီတင် စာအုပ်တွေကို ဟိုလှော်ကော်လှန် ဒီလှော်ကော်လှန် လုပ်ရင်းနှင့် အဲဒီစာအုပ်ကို သွားတွေ့တာပဲ။ အဲဒီ စာရေးဆရာကို ကျွန်တော်တစ်ခါမှလဲ မကြားဖူးဘူး။ တစ်ခါမှလဲ မဖတ်ဖူးဘူး။ ဒါပေမယ့် စာအုပ်နာမည်က 'ဂျုံခင်းထဲမှာ လိုက်ဖမ်းသူ' ဆိုတော့ နည်းနည်း ဆန်းနေတယ်။ အဖုံးကလဲ ကောင်လေးတစ်ယောက် သားရေသေတ္တာကလေး လက်မှာ ဆွဲလို့။ အဖုံးမှာ ရေးထားတာက ၁၆ နှစ် အရွယ် လူငယ်လေး တစ်ယောက်ရဲ့ ဇာတ်လမ်းတဲ့။ 'ဤစာအုပ်ကို ဖတ်၍ အလန့်တကြား ဖြစ်ကောင်း ဖြစ်မည်၊ ရယ်ကောင်း ရယ်ရမည်၊ ရင်နှင့်အောင် ခံစားရကောင်း ခံစားရမည်၊ သို့ရာတွင် ဘယ်တော့မျှ မေ့နိုင်မည် မဟုတ် သည်မှာကား သေချာသည်' လို့ ရေးထားတယ်။ ဒီတင် နာမည်နဲ့ ဇာတ်လမ်းကို ကျွန်တော် စိတ်ဝင်စားသွားတယ်။ နောက်တစ်ချက်က အဲဒီတုန်းက ကျွန်တော်တို့ မြန်မာဝတ္ထု လောကမှာ ပြားခြောက်ဆယ်တန် ဝတ္ထုကလေးတွေ ခေတ်စား နေတဲ့အတွက် မှီးပြီး ရေးသင့်ရင် ရေးရအောင် ဆိုပြီး အဲဒီ စာအုပ်လေးကို ဈေး မဆစ်ဘဲနှင့် ကျွန်တော် ဝယ်ခဲ့တယ်။ ဈေးနှုန်းကိုလဲ ကြည့်ဦးလေ။

စာအုပ်ဟောင်းဈေး တစ်အုပ်မှ တစ်မတ်ရယ်။ ဒီတုန်းက လက်ဖက်ရည် တစ်ခွက်ဖိုး ဆိုပါတော့။

ဒါနှင့် ဝယ်လာပြီး ပစ်ထားလိုက်သေးတယ်။ ရုတ်တရက် မဖတ်ဖြစ်သေးဘူး။ နာမည်ကလေး ဆန်းပြီး ၁၆ နှစ် အရွယ်ကောင်လေး တစ်ယောက်ရဲ့ ဇာတ်လမ်း ဆိုတော့ ခပ်ပေါပေါ ခပ်ညံ့ညံ့ထဲကပဲ နေမှာလို့ အောက်မေ့လိုက်တယ်။ စာအုပ်ရဲ့ နောက်ကျောဖုံးမှာလဲ 'စာပေလောကကို တုန်လှုပ်ချောက်ချားသွားစေမည့် စာပေ ဥက္ကောဋ္ဌေးယျ ဖြစ်မှုကြီး တစ်ရပ်၊ ယခုနှစ်များ အတွင်း အထူးခြားဆုံး စာအုပ် တစ်အုပ်၊ မိမိကိုယ်ကို မိမိ လိုက်လံရှာဖွေလိုသော အသက် ၁၆ နှစ်ရွယ် ဟိုလ်ဒင် ကောဖီး၏ ဇာတ်လမ်း၊ သူ့ဘဝတွင် နားမလည်သော အခြေအနေများကို ကြုံတွေ့ရသည့် အခါတွင် နယူးရော့ မြေအောက် လောကသို့ ၄၈ နာရီကြာ ရောက်သွားသည့် လူငယ်လေး တစ်ဦး၊ ပထမ စာမျက်နှာကို ဖတ်လိုက်သည်နှင့် သူနှင့်အတူ စွဲမက်ဖွယ်ကောင်းသော ခပ်ရမ်းရမ်း စွန့်စားခန်း ပြီးဆုံးသွားသည်အထိ လက်က မချနိုင်သော စာအုပ်၊ ဖတ်ရင်း ရယ်ရမည်လော ငိုရမည်လော ဆိုသည်ကို မဝေခွဲနိုင်ဖြစ်ရသည်' လို့ ရေးထားတယ်။

ဒီအညွှန်းကို ဖတ်ပြီးတော့လဲ ကျွန်တော် မဖတ်ဖြစ်သေးဘူး။ စာအုပ်တွေမှာ ဒီလိုပဲ ရေးကြတာပဲ မဟုတ်လား။ သာမန် ရေးရိုးရေးစဉ်ပဲလို့ ကျွန်တော်ထင်လိုက်တယ်။ ကျွန်တော် ဝယ်လာခဲ့တာက စာအုပ်ရဲ့ နာမည်နှင့် တစ်ဆယ့်ခြောက်နှစ်ရွယ် ကောင်လေး တစ်ယောက်ရဲ့ ဇာတ်လမ်း ဆိုလို့ စိတ်ဝင်စားပြီးဝယ်လာတာ။ စာရေးဆရာကလဲ ကိုယ်တစ်ခါမှ မဖတ်ဖူးသေးတဲ့ စာရေးဆရာ။ သူ ဘာရေးမလဲ။ ဆယ့်ခြောက်နှစ်ရွယ် ကောင်လေးတစ်ယောက် လမ်းသရဲဖြစ်သွားတယ်၊ ပြီးတော့ နယူးရော့ မြေအောက် လောကကို ရောက် သွားတယ်၊ ဒီလိုနှင့် လူဆိုးကလေး တစ်ယောက် ဖြစ်သွားမယ်၊ ပြီးတော့ နောင်တရချင်ရမယ်ပေါ့၊ ဒီလိုပဲ ဖြစ်မှာပဲလို့ ကျွန်တော် ထင်လိုက်မိတယ်။

တစ်နေ့မှာ ပျင်းပျင်းရှိလို့ ကောက်ဖတ်တော့မှ ဒီစာအုပ်ဟာ ကျွန်တော်ထင်သလို လမ်းသရဲ အကြောင်းကို ရေးထားတာလဲ မဟုတ်ဘူး။ နယူးရော့မြေအောက်လောက အကြောင်းကို ရေးထားတာလဲ မဟုတ်ဘူး။ စာမေးပွဲကျလို့ ကျောင်းထုတ်ခံရတဲ့ အတွက် အိမ်ကို မပြန်ရဲတဲ့ ကျောင်းသားလေး တစ်ယောက်အကြောင်း ရေးထားတာကို သွားတွေ့ရတယ်။ အိမ်မပြန်ရဲတော့ နယူးရော့မြို့ကြီးထဲမှာ ပါလာတဲ့ ပိုက်ဆံကလေး ကုန်အောင် လျှောက်သွား၊ ပြီးတော့

အိမ်ပြေးလုပ်မယ်လို့ စိတ်ကူးနေတဲ့ လူငယ်လေး တစ်ယောက်။ ဒါပေမယ့် လမ်းသရဲလဲ မဟုတ်၊ အိမ်ပြေးလဲ မဟုတ်၊ လောကကြီးကို မကျေနပ်နေတဲ့ ကောင်လေး တစ်ယောက်။ သူ့မကျေနပ်ပုံဟာ ကျွန်တော်တို့ ငယ်ငယ်တုန်းက လောကကြီးနှင့် ပတ်ဝန်းကျင်ကို မကျေမနပ် ဖြစ်နေတာနှင့် တူနေတယ်။ ခုခေတ် လူငယ်တွေ ပတ်ဝန်းကျင်နှင့် လောကကြီးကို မကျေနပ်ပုံနှင့် သွားတူနေတယ်။ နောင်လဲ အဲဒီ အရွယ်မှာရှိတဲ့ လူငယ်လေးတွေရဲ့ မကျေနပ်ပုံမျိုးနှင့် သွားတူနေတယ်။ နောက်တော့ အိမ်က မပြေးဖြစ်တော့ဘဲ လောကကို သူ သဘောပေါက်သွားတယ်။ ပတ်ဝန်းကျင်နှင့် လိုက်လျောအောင် နေတတ်သွားတယ်။ လူငယ် တစ်ယောက်ရဲ့ ခံစားမှု၊ လူငယ် တစ်ယောက်ရဲ့ ပေါက်ကွဲမှု၊ လူငယ် တစ်ယောက်ရဲ့ မကျေနပ်မှု၊ လူငယ် တစ်ယောက်ရဲ့ ဘဝင်မြင့်မှု၊ လူငယ် တစ်ယောက်ရဲ့ ဘဝအမြင် ပြောင်းမှု၊ ဒါတွေ အားလုံးကို တွေ့နိုင်တယ်။

ကျွန်တော် အဲဒီဝတ္ထုကို ကြိုက်သွားတယ်။ ကျွန်တော်တို့ လူငယ်တွေ ဖတ်စေချင်လာတယ်။ ဒီတင် မြန်မာပြန်မယ်လို့ အဲဒီတုန်းက စိတ်ကူးခဲ့တယ်။ အကြောင်းကြောင်းတွေကြောင့် မပြန်ဖြစ်ခဲ့ဘူး။

၁၉၆၀ ပြည့်နှစ်လောက်က မျိုးဆက်လူငယ်တွေ လူကြီးဖြစ်သွားပေမယ့် ဒီစာအုပ်ကို ကျွန်တော် မပြန်ဖြစ်ခဲ့ဘူး။ ခု ၁၉၈၀ ပြည့်နှစ်ပိုင်း မျိုးဆက် လူငယ်တွေ မြင်ရတော့ ကျွန်တော် ဒီစာအုပ်ကို သွားပြီး သတိရတယ်။ ဒီမှာတင် ကျွန်တော် နောက်တစ်ခေါက် ဖတ်ပြီး ချက်ချင်း မြန်မာ ကောက်ပြန်လိုက်တယ်။

စာရေးဆရာ ဂျေ ဒီ ဆလင်းဂျားဟာ ဝတ္ထုတိုတွေကို အရေးများသော်လဲ စာအုပ်အနေနှင့် သုံးအုပ်ပဲ ထုတ်ဖူးတယ်။ ပထမ စာအုပ်က ခု ကျွန်တော် မြန်မာပြန်တဲ့ 'ဂျုံခင်းထဲမှာ လိုက်ဖမ်းသူ' ဆိုတဲ့ စာအုပ်၊ နောက်တစ်အုပ်က 'ဖရန်နီအင်ဇူအီ' Franny and Zooey ဆိုတဲ့ စာအုပ်။ နောက် တစ်အုပ်က 'ထုပ်ကို မြင့်မြင့်တင်ပါ လက်သမား' Raise High the Roof Beam, Carpenters ဆိုတဲ့ စာအုပ်။ ဒီသုံးအုပ်ပဲ ရေးတယ်။ သုံးအုပ်စလုံးဟာ ထူးခြားတဲ့ စာအုပ်တွေချည်းပါပဲ။ ဒီ စာအုပ်ကတော့ အထူးခြားဆုံးလို့ ဆိုနိုင်တယ်။

ဒီစာအုပ်ဟာ ကျွန်တော်တို့ ရှေ့မှာတင်ပဲ ခေတ်သစ် ဂန္ထဝင် စာအုပ် စာရင်းထဲ ဝင်သွားတယ်။ တချို့က ဒီစာအုပ်ဟာ လူငယ်တွေရဲ့ စိတ္တဗေဒကို ဖော်ပြတဲ့ စာအုပ်၊ တချို့က ဒီစာအုပ်ဟာ ခုခေတ်စားနေတဲ့ ဘဝပဓာန ဝါဒရဲ့ အဓိပ္ပာယ်ကို ဖွင့်ထားတဲ့ စာအုပ်၊ တချို့ကလဲ ဒီစာအုပ်ဟာ လူငယ် ပြုပြင်ရေး စာအုပ်၊ တချို့ကလဲ ဒီစာအုပ်ဟာ အနုပညာ လက်ရာမြောက်တဲ့ ဝတ္ထုကောင်း

တစ်ပုဒ်လို့ ပြောကြတယ်။

လွန်ခဲ့တဲ့ ဆယ်နှစ်လောက် ထင်ပါတယ်။ အမေရိကန် တိုင်း မဂ္ဂဇင်းက နှစ်ဆယ် ရာစုရဲ့ အကောင်းဆုံး စာအုပ်တစ်ရာကို ရွေးခဲ့ပါတယ်။ နှစ်ဆယ် ရာစုအတွင်း ထွက်သမျှ စာအုပ်အမျိုးမျိုးထဲက ရွေးတာပါ။ အဲဒီ နှစ်ဆယ်ရာစုရဲ့ အကောင်းဆုံး စာအုပ်တွေထဲမှာ ခုစာအုပ်ဟာ တစ်အုပ် အပါအဝင် ဖြစ်တယ်။ ဘာကြောင့် ဒီလောက် ကောင်းသလဲ၊ ဘာတွေ ကောင်းသလဲ ဆိုတာကိုတော့ ဖတ်ကြည့်ရင် သိပါလိမ့်မယ်။

စာရေးဆရာဟာ ၁၉၁၉ ခုနှစ်မှာ မွေးလို့ ခုအချိန်မှာ အသက် ခြောက်ဆယ်လောက် ရှိပါပြီ။ ဒီစာအုပ်ကို ရေးတုန်းက အသက်လေးဆယ် ကျော်လောက်မှာ ရေးမယ် ထင်ပါတယ်။ ဒါပေမယ့် သူ့ဝတ္ထုကို ဆယ့်ခြောက် နှစ်ရွယ် ကောင်လေးရဲ့ စကား၊ အဲဒီ အတွေး အဲဒီ ခံစားချက်နှင့် ရေးထားပါ တယ်။ ဒါဟာလဲ ဒီစာအုပ်ရဲ့ ထူးခြားချက် တစ်ခုလို့ ဆိုနိုင်တယ်။

ဆယ့်ခြောက်နှစ်ရွယ် ကောင်လေးတစ်ယောက်ရဲ့ စကားနှင့် ရေးထားတဲ့ အတွက် အမေရိကန် လူငယ်လေးတွေရဲ့ ဗန်းစကားတွေ အများကြီး ပါပါတယ်။ သူတို့ လေသံတွေ အများကြီး ပါပါတယ်။ ဘာသာပြန်တဲ့ အခါမှာလဲ စာရေး ဆရာရဲ့ မူရင်းအာဘော်ကို မိအောင် မလွဲသာ မရှောင်သာတော့ဘဲ ဗန်းစကား တွေကို ကြိုးစားပြီး ပြန်ရပါတယ်။ သူတို့ ဗန်းစကားတွေကို ထည့်သုံးရပါတယ်။ ဥပမာ ခု ကျွန်တော်တို့ လူငယ်တွေ သုံးနေတဲ့ 'ဟော့ရှော့'တို့ ဘာတို့ ဆိုတာတွေဟာ သူတို့ဆီက လာတဲ့ ဗန်းစကားတွေပါ။ ဒီလို စကားတွေမှာ ကျွန်တော် မပြောင်းလဲတော့ဘဲ 'ဟော့ရှော့' လို့ပဲ သုံးလိုက်ပါတယ်။ 'ဒမ်းဂွတ်' လို့ ပြောတဲ့ စကားတွေမှာ 'အရမ်းကောင်းတာပဲ' 'အပြတ် မိုက်တာပဲ' ဆိုတဲ့ စကားတွေကို မလွဲမရှောင်သာ ထည့်ပြီး သုံးရပါတယ်။ ဒါတွေကို ဖြုတ်လိုက် ရင် ဒီဇာတ်လမ်းဟာ ကလေး တစ်ယောက်က ကလေးလို တွေးပြီး ကလေး လို ပြောတဲ့ ဇာတ်လမ်း မဟုတ်တော့ဘဲ လူကြီး တစ်ယောက်က ကလေး တစ်ယောက် အကြောင်းကို လူကြီးလို ပြောနေတာပဲ ဖြစ်မှာပါပဲ။

ဗန်းစကားဆိုတာဟာ ခေတ်တိုင်းမှာ ပေါ်မြဲပါပဲ။ မခိုင်မြဲတဲ့၊ အဓိပ္ပာယ် မရှိတဲ့၊ ညစ်ညမ်းတဲ့ ဗန်းစကားများဟာ ပျောက်သွားပြီး ခိုင်မြဲတဲ့၊ အဓိပ္ပာယ်ရှိတဲ့၊ သင့်လျော်တဲ့၊ ဘဝနှင့် ဟပ်မိတဲ့ ဗန်းစကားများဟာ အရှည်တည်ကျန်ခဲ့ပြီး နေ့စဉ်သုံး ဝေါဟာရတွေ ဖြစ်လာပါတယ်။ ဒါမှသာ ဘာသာစကား တစ်ခုဟာ အသက်ရှင်နေတဲ့ ဘာသာ စကားတစ်ခု ဖြစ်မှာပေါ့။ ဦးတိုးရဲ့ ရာမရကန်မှာ

## လေလွင့်သူ

အဲဒီခေတ်က ဗန်းစကားတွေ အများကြီး ပါပါတယ်။ ဒီ ဗန်းစကားတွေထဲက ကောင်းတဲ့၊ လူထုရဲ့ ဘဝနှင့် ဟပ်မိတဲ့၊ အခြေအမြစ်ရှိတဲ့ ဗန်းစကားတွေဟာ ကျန်ရစ်ပြီး ကျွန်တော်တို့ အဘိဓာန်တွေထဲမှာ ထည့်လာကြတဲ့ အတွက် ကျွန်တော်တို့ရဲ့ ဘာသာစကားဟာ ရှင်သန်ဖွံ့ဖြိုးခဲ့ရခြင်း ဖြစ်ပါတယ်။ ဘယ် ဗန်းစကားက ကျန်ပြီး ဘယ်ဗန်းစကားက ပျောက်သွားမလဲ ဆိုတာကိုတော့ နောင်မျိုးဆက်က ဆုံးဖြတ်မှာပါ။ ယောကျ်ားလေးကို ဘဲလို့ ခေါ်တာ ဗန်းစကားပဲ။ ငတိဆိုတာလဲ ဗန်းစကားပဲ။ မိန်းကလေးကို ဟိုတုန်းက မြာလို့ ခေါ်တယ်၊ ဒါလဲ ဗန်းစကားပဲ။ မဒီ ဇယ် ဆိုတဲ့ စကားလုံးတွေဟာလဲ ဗန်းစကားတွေချည်းပဲ။ ဝက် ဂိုင် ဘော် စတာတွေဟာလဲ ဗန်းစကားတွေပဲ၊ တချို့က ဆိုင်းသမား ဇာတ်သမားဆီက လာတာ။ တချို့က ဖဲသမား ကစာ သမားဆီက လာတာ။ အရက်ဆိုတာ ကျွန်တော်တို့ မြန်မာစကား မဟုတ်ဘူး အာရဗီက လာတာ။ အချို့ စကားလုံးတွေလဲ ဘယ်ကလာမှန်း မသိဘူး ဘယ်လိုပဲဖြစ်ဖြစ် ခေတ်နှင့် လျော်ညီတယ်၊ လူထုဘဝနှင့် ဟပ်မိတယ် နားလည်လွယ်တယ်ဆိုရင် စကားလုံးတစ်ခုဟာ ဝေါဟာရ ဖြစ်သွားတာပါပဲ အရှည် တည်မယ် မတည်ဘူး ဆိုတာကိုတော့ ဘယ်သူမှ မပြောနိုင်ဘူး နောင် မျိုးဆက်က ဆုံးဖြတ်မှာပါ။ နောင် ခေတ် ဘာသာဗေဒ ပညာရှင်တွေက ဒီစကားလုံးတွေကို ကြည့်ပြီး ကျွန်တော်တို့ ခေတ်ရဲ့ ဘာသာဗေဒကို ခြေရာ ကောက်ကြလိမ့်မယ်။ အတိမ်အနက်ကို ခန့်မှန်းကြလိမ့်မယ်။

ဒီဝတ္ထုကို ဘာသာပြန်ရာမှာ မူရင်းစာရေးဆရာက သူတို့ ခေတ်င ကောင်လေး တစ်ယောက်ရဲ့ စရိုက်၊ ကောင်လေး တစ်ယောက်ရဲ့ သဘာဝေ ပေါ်စေချင်လို့ ဗန်းစကားတွေကို သုံးသွားတယ်။ ဒါကြောင့် ကျွန်တော်င ကြိုးစားပြီး ဘာသာပြန်သုံးရတယ်။ ကျွန်တော် ကြိုက်တာ မကြိုက်တာ၊ ကျွန်တေ လက်ခံတာ လက်မခံတာနှင့် မဆိုင်ဘူး။ သူ့စာအုပ်ကို ဘာသာပြန်ရင် ၁ အပေါ်မှာ ကျွန်တော် အတတ်နိုင်ဆုံး သစ္စာရှိရမယ်။ အကျဉ်းချုပ်တာကတေ တစ်မျိုးပေါ့။ သူ့စာအုပ်ကိုလဲ ဘာသာပြန်သေး၊ ကိုယ်ထည့်ချင်တာေ လျှောက်ထည့်၊ ကိုယ်ဖြတ်ချင်တာတွေ လျှောက်ဖြတ်၊ ကိုယ်ကြိုက်တာထ မကြိုက်တာပယ် လျှောက်လုပ်နေရင် သူ့ကို စော်ကားရာရောက်တယ်၊ မလ ကောင်းဘူး။

**မြသန်းင**

# ၁

ကျွန်တော့် အဖြစ်အပျက်ကို နားထောင်ချင်သလား။ နားထောင်ချင်တယ်ဆိုရင် ကျွန်တော် ဘယ်မှာ မွေးတယ်၊ ကျွန်တော် ငယ်ငယ်က ဘယ်လို၊ ကျွန်တော့်ကို မမွေးခင် ကျွန်တော့် မိဘတွေက ဘာလုပ်တယ်၊ ပြီးတော့ ကျွန်တော် ငယ်ငယ်က ဒေးဗစ်ကော်ပါးဖီးလို ဆင်းဆင်းရဲရဲ နေခဲ့ရတယ် ဆိုတာတွေကို ခင်ဗျားကတော့ နားထောင်ချင်မလား မပြောတတ်ဘူး။ ဒါပေမယ့် အမှန်ပြောရရင်တော့ ဒါတွေကို ကျွန်တော် သိပ် မပြောချင်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ဒါတွေကို ပြောရတာ ကျွန်တော် ငြီးငွေ့တယ်။ ဒါက ပထမ အချက်။ နောက်တစ်ချက်ကတော့ ကျွန်တော့် မိဘတွေရဲ့ ကိုယ်ရေး ကိုယ်တာတွေကို ပြောရရင် သူတို့ နှစ်ယောက်စလုံး သွေးတက်ပြီး ဦးနှောက်သွေးကြော နှစ်ခါစီလောက် ပြတ်ကုန်ကြမှာ သေချာတယ်။ ကိုယ်ရေး ကိုယ်တာတွေကို ပြောတာ သူတို့က မကြိုက်ကြဘူးလေ။ အထူးသဖြင့် အဖေက ပိုဆိုးတယ်။ သူတို့ နှစ်ယောက်စလုံး စင်းလုံးချောချည်းပဲလို့ ကျွန်တော် မပြောချင်ပါဘူး။ ဒါပေမယ့် ကျွန်တော့် မိဘတွေက နည်းနည်းတော့ အကဲဆတ်တယ်။

ခု ခင်ဗျားတို့ကို ကျွန်တော့် အတ္ထုပ္ပတ္တိ တစ်ခုလုံးကို ပြောပြမှာ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ နာတာလူးပွဲတော် တစ်ဝိုက်လောက်က ကျွန်တော် တွေ့ခဲ့တဲ့ ရူးနှမ်းနှမ်း အတွေ့အကြုံကလေး တစ်ခုကို ပြောပြမလို့ပါ။ ကျွန်တော် ဘယ်လောက် ခံလိုက်ရတယ်၊ ခု အခြေအနေမျိုးကို ရောက်လာတယ်ဆိုတဲ့ အကြောင်းကလေးပါ။ ဒီအကြောင်း ဒီဘီကိုလဲ ကျွန်တော် ပြောပြီးပါပြီ။ ဒီဘီ ဆိုတာက တခြား မဟုတ်ပါဘူး။ ကျွန်တော့် အစ်ကိုပါ။ သူက ဟောလီဝုဒ်မှာ။ ခု ကျွန်တော် ပြောနေတဲ့ နေရာနှင့်ဆိုရင် သိပ်မဝေးဘူး။ စနေတို့

တနင်္ဂနွေတို့ဆိုရင် ကျွန်တော့်ဆီကို အမြဲပဲ လာလေ့ ရှိတယ်။ နောက်လလောက် ကျွန်တော် အိမ်ကို ပြန်ဖြစ်ရင် သူပဲ သူ့ကားနဲ့ လိုက်ပို့ပေးမယ်လို့ ပြောထားတယ်။ သူ့မှာ ယေဂွာ ကားတစ်စင်း ရှိတာကိုး။ ယေဂွာ ကားလေးက တော်တော် ကောင်းတဲ့ အင်္ဂလိပ်ကားလေးဗျ။ တစ်နာရီ မိုင်နှစ်ရာလောက် မောင်းလို့ရတယ်။ သူ ဝယ်တုန်းက ဒေါ်လာ လေးထောင်လောက် ကျတယ်။ ခုတော့ ဟန်ကျနေပြီ ဆိုပါတော့။ ဟိုတုန်းကတော့ သူက စာရေးဆရာဗျ။ ဝတ္ထုတိုလေးတွေ ဘာလေးတွေ ရေးတယ်။ 'လျှို့ဝှက်သော ရွှေငါးကလေးနှင့် ဝတ္ထုတိုများ' ဆိုတဲ့ စာအုပ်တစ်အုပ်တောင် ထုတ်ခဲ့သေးတယ်။ တကယ်ကတော့ ခင်ဗျား သူ့နာမည်ကို မကြားဖူးဘူး မဟုတ်လား။ သူ့ ဝတ္ထုတို ပေါင်းချုပ်ထဲမှာ ကျွန်တော် အကြိုက်ဆုံးကတော့ 'လျှို့ဝှက်သော ရွှေငါး' ဆိုတဲ့ ဝတ္ထုကလေးကို အကြိုက်ဆုံးပဲ။ ကောင်လေး တစ်ယောက်ဟာ သူ့ရဲ့ မရှိမဲ့ ရှိမဲ့ ပိုက်ဆံလေးနှင့် ရွှေငါးလေး တစ်ကောင် ဝယ်ထားတယ်။ သူ့ ငါးလေးကို နမြောလွန်းလို့ စုံမက်လွန်းလို့ ဘယ်သူ့ကိုမှ ကြည့်ခွင့်မပေးဘူး။ ကျွန်တော်ကတော့ တော်တော်ကြိုက်တယ်ဗျာ။ ခုတော့ ဝတ္ထုတွေ ဘာတွေ မရေးတော့ပါဘူး။ ဟောလီဝုဒ်မှာ ရုပ်ရှင်သမား ဖြစ်နေပြီ။ အဲ ကျွန်တော်ကလဲ ရုပ်ရှင်တို့ ရုပ်ရှင်သမားတို့ ဆိုရင် အလွန်မုန်း။

ကျွန်တော့် အဖြစ်အပျက်ကို ကျွန်တော် ပင်ဆေ အထက်တန်းကျောင်းက ထွက်လာတဲ့ နေရာက စပြောမယ်။ ပင်ဆေ အထက်တန်းကျောင်း ဆိုတာက ပင်ဆေဗေးနီးယားနယ် အေဂွားစ်တောင်းမှာ ရှိတဲ့ ကျောင်းတစ်ကျောင်းပါ။ ဒီကျောင်းနာမည်ကို ခင်ဗျားတို့လဲ ကြားဖူးချင် ကြားဖူးကြမှာပါ။ အဲဒီကျောင်း ကြော်ငြာတွေကို တွေ့လဲ တွေ့ဖူးမှာပေါ့။ မဂ္ဂဇင်းတွေထဲမှာ ကြော်ငြာလိုက်တာကလဲ အမေရိကန်မှာ ရှိတဲ့ မဂ္ဂဇင်းတိုင်းမှာလိုလို သူ့ ကြော်ငြာတွေချည်းပဲ။ ဟော့ရှော့ ကျောင်းသားလေး တစ်ယောက် မြင်းစီးပြီး ခြံစည်းရိုးကို ခုန်နေတဲ့ ပုံနှင့်လေ။ သူ့ကြော်ငြာပုံက စာသင်ကျောင်း ကြော်ငြာနှင့် မတူဘဲ ပိုလို အရိုက် သင်တန်းကျောင်း ကြော်ငြာနှင့် တူနေတယ်။ စာသင်ကျောင်းဆိုရင်လဲ ဒီကျောင်းမှာ အချိန်ရှိသရွေ့ ပိုလိုပဲ ရိုက်နေကြသလားလို့တောင် ထင်ကြမလား မသိဘူး။ ဒါပေမယ့် ကျွန်တော် နေခဲ့တဲ့ အတွင်းမှာတော့ ကျောင်းနားမှာ ပိုလိုရိုက်ဖို့ မပြောနှင့်၊ မြင်းဆိုလို့ တစ်ကောင် တစ်မြီးမှ မမြင်ခဲ့ဖူးဘူး။ အဲဒီ မြင်းစီးနေတဲ့ ကောင်လေးရဲ့ ဓာတ်ပုံအောက်မှာ '၁၈၈၈ ခုနှစ်မှ စ၍ ကျွန်ုပ်တို့ကျောင်းသည် လူတော် လူကောင်းများ ဉာဏ်ကောင်းသူများကို မွေးထုတ်

ပေးခဲ့သည်’ လို့ ရေးထားတယ်။ ဒါပေမယ့် ကြော်ငြာဆိုတာ ကျော်အောင် ညာတဲ့ သဘောပါ။ ဒီပြင် ကျောင်းတွေနှင့် ဘာမှ မထူးပါဘူး။ သူတို့ ကျောင်းက ထွက်တဲ့ လူတော် လူကောင်းတို့ ဉာဏ်ကောင်းသူ ဆိုလို့လဲ သိပ် မတွေ့ရပါဘူး။ အဲ တစ်ယောက် နှစ်ယောက်တော့ ရှိချင် ရှိမှာပေါ့။ ဒါလောက်တော့ ဘာပြောလောက်လို့လဲ။ သူတို့ကျောင်း မရောက်လို့ တခြား ကျောင်းကို ရောက်သွားရင်လဲ တော်တဲ့လူက တော်မှာပဲ။

အဲဒီနေ့က စနေနေ့။ ဆက်ဖုံကျောင်းနှင့် ဘောလုံးပွဲ ရှိတယ်။ ပင်ဆေကျောင်း တစ်ဝိုက်မှာတော့ ဆက်ဖုံကျောင်းနှင့် ကန်တဲ့ ဘောလုံးပွဲဟာ တကယ့် ပွဲကြီး ပွဲကောင်းပေါ့။ ပြီးတော့ ပွဲက ဒီနှစ် အဖို့ နောက်ဆုံးပွဲ။ ကွင်းပိတ်ပွဲ။ ဒီတော့ ပင်ဆေကျောင်းကများ မနိုင်ရင် ကျောင်းအုပ်ကြီးဟာ ကိုယ့်ကိုယ်ကိုယ် သတ်များ သေမလား မသိဘူး။ ကျွန်တော် မှတ်မိသေးတယ်၊ အဲဒီနေ့ ညနေ သုံးနာရီလောက်မှာ ကျွန်တော်က သော်ဇင်တောင်ကုန်းပေါ်မှာ ရပ်နေတယ်။ သော်ဇင်တောင်ကုန်း ဆိုတာ ပြည်တွင်းစစ်တုန်းက သုံးခဲ့တဲ့ အမြောက်ကြီး ပြထားတဲ့ နေရာရဲ့ ဒီဘက်က ကမူကလေးရယ်။ အဲဒီ ကုန်းလေးပေါ်က စီးကြည့်ရင် နှစ်သင်းလုံးကို ကောင်းကောင်း မြင်ရတယ်။ နှစ်သင်းစလုံးက လူတွေ ဘောလုံး အပို့အယူ လုပ်တာတို့ ဘာတို့ကိုလဲ သေသေချာချာ မြင်ရတယ်။ ဒါကြောင့် ကျွန်တော် ဒီကုန်းလေးပေါ်က တက်ကြည့်တာ။ ဂရင်းစတင်းဘက်ကိုတော့ ကောင်းကောင်း မမြင်ရဘူး။ ဒါပေမယ့် အဲဒီ ဘက်က အော်ဟစ် အားပေးသံတွေ၊ အုတ်အုတ်ကျက်ကျက် ပြောဆို နေသံတွေကိုတော့ ကြားနေရတယ်။ ပင်ဆေကျောင်းဘက်က အားပေးနေကြတာလေ။

ကျွန်တော်က လွဲရင် ကျွန်တော်တို့ ကျောင်းတစ်ကျောင်းလုံး အဲဒီ ဘက်မှာ ရောက်နေတာကိုး။ ဆက်ဖုံ ကျောင်းဘက်ကတော့ သိပ်အားပေးသံ မကြားရဘူး။ ဘယ်ကြားရမလဲလေ။ သူတို့ အသင်းခများ တစ်ရပ်တစ်ကျေးက လာကန်ရတာ ဖြစ်လေတော့ လူများများ ခေါ်မလာနိုင်ဘူးပေါ့။

ကျောင်းဘောလုံးပွဲတွေ ထုံးစံမှာ မိန်းကလေးတွေ များများ စားစား လာလေ့ မရှိဘူး။ တန်းကြီး ကျောင်းသားကြီးတွေကိုသာ မိန်းကလေးတွေကို ခေါ်ခွင့်ပြုတယ်။ ကောင်းတာ မကောင်းတာတော့ ကျွန်တော် မသိဘူးဗျာ။ မိန်းကလေး မခေါ်ရဘူး ဆိုတဲ့ စည်းကမ်းကိုတော့ ကျွန်တော် မကြိုက်ဘူး။ ပျင်းစရာကြီး။ ကိုယ့်နား တစ်ဝိုက်မှာ ကောင်မလေးတွေ မြင်ရရင် အိပ်ချင်ပြေတာပေါ့။ အပျင်းပြေတာပေါ့။ သူတို့ဘာသာ လက်မောင်းက ဝဲကိုပဲ ကုတ်နေ

နေ၊ တခွီးခွီးနှပ်ညှစ်ချင် ညှစ်နေပေ့စေ၊ တခစ်ခစ်နှင့် ကမြင်းကြောထချင်လဲ ထနေကြပေ့စေ၊ အရေးမကြီးပါဘူး။ အဲ ကျွန်တော်တို့ ကျောင်းဘောပွဲတွေကို ဆယ်လ်မာတော့ မကြာခဏ လာတတ်ရဲ့။ ဆယ်လ်မာ ဆိုတာ ကျွန်တော်တို့ ကျောင်းက ကျောင်းအုပ်ကြီး သမီး ခင်ဗျ။ ကျွန်တော့်ထက် ကြီးတယ်။ စွဲစွဲ လမ်းလမ်း ဖြစ်လောက်အောင်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ရုပ်ကလေး ကတော့ သိပ်မဆိုးဘူး။ တစ်ခါမှာ ကျွန်တော်နှင့်သူ မြို့ထဲမှာ ဘတ်စ်ကား စီးလာရင်း ထိုင်ခုံချင်း ကပ်လျက်သား သွားကျတာနှင့် စကားနည်းနည်းပါးပါး ပြောဖူးတယ်။ ကျွန်တော် သူ့ကို သဘော ကျသွားတယ်။ နှာခေါင်းတော့ နည်းနည်းကြီးတယ်။ လက်သည်းတွေကလဲ ကိုက်ထားလိုက်တာ အကုန် အပဲ့နှင့် အရွဲ့ချည်းပဲ။ ပြီးတော့ သူ့ ကိုယ်ပေါ်မှာလဲ အတုတွေ အခုအခံတွေလဲ လုပ်ထား လိုက်သေးတယ်။ သူ့ကို ကြည့်ပြီး စိတ်ထဲမှာ သနားသလိုလိုတောင် ဖြစ်မိတယ်။ ကျွန်တော် သူ့ကို သဘောကျတာက သူ့အဖေက ကျောင်းအုပ်ကြီးပေမယ့် စခန်း မကြီးဘူး။ ဖော်ဖော်ရွေရွေ ရှိတယ်။ အဲဒါကို သဘောကျတာ။ သူ့အဖေ ကျောင်းအုပ်ဆရာကြီး ဟိတ်ဟန်များတာတို့ ဘာတို့ကိုလဲ သူ သိပုံရတယ်။

သူများတွေလို ကွင်းထဲ ဆင်းပြီး မကြည့်ဘဲ သော်ဇင်တောင်ကုန်းပေါ်က ကြည့်တာက အကြောင်း ရှိတယ်။ ကျွန်တော်က လှံသိုင်းအဖွဲ့နှင့် နယူးရော့က ပြန်လာတာ။ ကျွန်တော်က အဲဒီ လှံသိုင်းအဖွဲ့ကို ခေါင်းဆောင် သွားရတာလေ။ ဘယ်ဆိုးလို့တုံး။ အကောင်ကြီးပေါ့။ ကျွန်တော်တို့ ကျောင်းက မက်ဘာနီ ကျောင်းနှင့် လှံသိုင်း ပြိုင်ကစားဖို့ အဲဒီနေ့ မနက်ပိုင်း နယူးရော့ကို လာခဲ့ ကြတယ်။ ဒါပေမယ့် မကစားဖြစ်ဘူး ခင်ဗျ။ ဖြစ်ပုံက ဒီလိုလေ။ နယူးရော့ကို ရောက်တော့ ကျွန်တော်က အားကစား ပစ္စည်းတွေကို မြေအောက်ဘူတာထဲမှာ ခဏချထားပြီး နံရံမှာ ကပ်ထားတဲ့ နယူးရော့ မြေပုံကြီးကို သွားကြည့်တယ်။ မြေအောက်ဘူတာရဲ့ မြေပုံကြီးကို ကြည့်ရတဲ့ အကြောင်းက ကျွန်တော်တို့ တစ်တွေ ဘယ်နေရာ ဆင်းပြီး ဘယ်အပေါက်က ထွက်ရမယ် ဆိုတာ ဒါမှ သိမှာကိုး။ ပြန်လာတော့ ပစ္စည်းတွေ မရှိတော့ဘူး ခင်ဗျ။ လစ်သွားပြီ။ ကျွန်တော့် အပြစ် မဟုတ်ဘူးလေ။ မြေပုံကြည့်မှ ကျွန်တော်တို့တစ်တွေ ဘယ်ရောက်မယ်၊ ဘယ်ဘူတာ အပေါက်က ထွက်ရမယ်ဆိုတာ သိမှာကိုး။ ဒါနှင့် ကျွန်တော်တို့ အသင်း မကစားဖြစ်တော့ဘဲ ပြန်လာခဲ့ကြရတာ။ အမှန်က ကျွန်တော်တို့ တစ်တွေ ညစာ စားချိန်လောက်မှ ပြန်ရောက်ရမှာ။ ခုတော့ နေ့လယ် နာရီပြန် နှစ်ချက် လောက်မှာ ပြန်လာခဲ့ရတယ်။ အပြန်ကျတော့ ကစားမယ့်ကောင်တွေက

စိတ်ဆိုး လို့ ရထားပေါ်မှာ ကျွန်တော့်ကို စကားတစ်လုံးမှ မပြောကြဘူး။ တော်တော်တော့ ရယ်ရတယ်။

ကွင်းထဲကို သွားပြီး မကြည့်တဲ့ နောက်အကြောင်း တစ်ခုက ကျွန်တော့် သမိုင်းဆရာ စပင်ဆာကို သွားနှုတ်ဆက်ရဦးမှာမို့ အထဲကို မဝင်တော့တာ။ ဆရာ စပင်ဆာက တုပ်ကွေးကွေးပြီး အိပ်ရာထဲ လဲနေတယ်။ နှာတာလူးပွဲတော် ကျောင်းပိတ်ချိန် အထိ ဆရာနှင့် ကျွန်တော် ပြန်တွေ့ရတော့မှာ မဟုတ်ဘူး။ ကျွန်တော် အိမ်ပြန်ရင် သူ့ဆီကို ခဏလာခဲ့ဦးလို့ ဆရာက မှာထားတယ်လေ။ တကယ်တော့ ကျွန်တော် ဒီ တစ်ခါ အိမ်ပြန်ရင် ပင်ဆေကျောင်းကိုလဲ ပြန် ရောက်တော့မှာ မဟုတ်ဘူး။

ဩော် မေ့နေလို့၊ ဒီအကြောင်းကို ပြောရဦးမယ်။ ကျောင်းအာဏာပိုင် တွေက ကျွန်တော့်ကို ကျောင်းက ထုတ်ပစ်လိုက်တယ် ခင်ဗျ။ နှာတာလူး ကျောင်းပိတ်ရက် ပြီးရင်လဲ ဒီကျောင်းကို ကျွန်တော် ပြန်လာစရာ အကြောင်း မရှိတော့ဘူး။ ခြောက်လပတ် စာမေးပွဲမှာ ကျွန်တော် လေးဘာသာ ကျတယ်။ ဒီတော့ ကျောင်းအာဏာပိုင်တွေက သူတို့နှင့် လာတွေ့ဖို့ ကျွန်တော့်ကို နို့တစ် ထုတ်ထားတယ်။ အထူးသဖြင့် ခြောက်လပတ် အပြီးမှာ ကျွန်တော် မိဘတွေက ကျောင်းအုပ်ကြီးနှင့် လာပြီး မဆွေးနွေးခင်မှာ ကျွန်တော်လဲ လိုက်လာပြီး ဆရာကြီးနှင့် တွေ့ရမယ်တဲ့။ ဒါပေမယ့် ကျွန်တော် သွားမတွေ့ဖြစ်ဘူး။ ဒါနှင့် ကျွန်တော့်ကို ကျောင်းက ထုတ်ပစ်လိုက်တာပဲ။ ပင်ဆေကျောင်းမှာ ဒီလိုပဲ စာမေးပွဲကျတဲ့ ကျောင်းသားတွေကို မကြာခဏ ထုတ်ပစ်တတ်တယ်။ သူ့ ကျောင်းက အောင်ချက်ကို တော်တော် ဂရုစိုက်တယ်။ ဂရုစိုက်တဲ့အတိုင်း အောင်ချက်လဲ တော်တော်လေး ကောင်းပါတယ်။

ရာသီက ဒီဇင်ဘာလကြီးရယ်။ တော်တော်လေး အေးနေပြီ။ အေး လိုက်သမှ ကျွန်တော်တို့ အရပ်စကားနှင့် ပြောရရင် စုန်းမရဲ့ နို့သီးခေါင်း ကျနေတာပဲ ခင်ဗျ။ တောင်ကုန်းပေါ်မှာ ဆိုတော့ ဘာပြောကောင်းမလဲ။ လေက တဟူးဟူးနှင့် အေးလိုက်တာ မပြောပါနှင့်တော့။ ကျွန်တော့်မှာ ပြောင်းပြန် ပှန်ဝတ်လို့ ရတဲ့ ကုတ်အင်္ကျီလေး တစ်ထည်ပဲ ပါလာတယ်။ လက်အိတ်တို့ ဘာတို့လဲ မပါဘူး။ လွန်ခဲ့တဲ့ တစ်ပတ်လောက်တုန်းက ကျောင်းဆောင်က ကျွန်တော့်အခန်းထဲမှာ သူခိုးခိုးခံ လိုက်ရတယ်လေ။ ကုလားအုတ်မွေး ကုတ် အင်္ကျီနှင့် ကုတ်အင်္ကျီထဲမှာ ထည့်ထားတဲ့ သိုးမွေးလက်အိတ်လေးပါ အဆစ်ပါ သွားတယ်။ ပင်ဆေကျောင်းမှာ ဒီလို အလစ်သမားကလဲ သိပ်ပေါတာပဲ ခင်ဗျ။

http://nyisay.com



အများအားဖြင့် ကြေးရတတ် သားသမီးတွေ လာကြတာပါပဲ။ ဒါပေမယ့် အလစ်သမား တော်တော် ပေါတယ်။ ကျွန်တော့်အထင် ပြောရရင်တော့ လူကုံထံ သားတွေ ပိုက်ဆံရှိ သားသမီးတွေ စရိတ်စကကြီးတဲ့ ကျောင်းဖြစ်လေလေ အလစ်သမား ပေါလေလေလို့ ထင်တာပဲ။ တကယ်ပြောတာ။ ဒါနှင့် ကျွန်တော်လဲ အမြောက်ကြီးနားမှာ ရပ်ရင်း ဘောလုံးပွဲကို လှမ်းကြည့်နေတယ်။ အေးလိုက်တာတော့ မပြောပါနှင့်တော့။ ချေးချမ်းတယ်ဆိုတာ ဒါမျိုးပဲ ထင်တာပဲ။ ကြည့်လို့သာ ကြည့်နေရတယ်၊ သိပ်လဲ စိတ်မပါပါဘူး။ ကျွန်တော့် စိတ်ထဲမှာ ငါ ဒီကျောင်းက ထွက်ရတော့မှာပါလား ဆိုတဲ့ စိတ်ပေါ်လာအောင် နှလုံးသွင်းဖို့ ကြိုးစားကြည့်တယ်။ အရင်ကတော့ ကျွန်တော် ကျောင်းတွေက ထွက် ရပ်ရွာတွေက ထွက်လို့သာ ထွက်ခဲ့ရတယ်၊ ကိုယ်ထွက်လာခဲ့တာကို ဘာမှ သတိမပြုမိခဲ့ဘူး။ ထွက်ဆိုလို့သာ ထွက်လာရတယ်၊ တစ်ခါတလေမှာ ထွက်လာမှန်းတောင် မသိလိုက်ဘူး။ ကျွန်တော် ဒါမျိုးမဖြစ်ချင်ဘူးလေ။ နေရာ တစ်ခုကို ကိုယ်က စွန့်ခွာရတော့မယ်ဆိုရင် ဟြော် ဒီနေရာကလေးကို ငါ စွန့်ခွာ သွားရတော့မှာပါလားဆိုတဲ့ အသိကလေး ခံစားချက်ကလေး ပေါ်ချင်တယ်။ ဝမ်းနည်းချင် နည်းပေါ့၊ စိတ်မကောင်း ဖြစ်ချင်လဲ ဖြစ်ပေါ့၊ ကိစ္စမရှိပါဘူး။ ဘယ်လိုမှ ခံစားချက် မရှိဘဲ ထွက်လာတာနှင့် စာရင် သူက တော်သေးတာပေါ့လေ။

ကျွန်တော် ကံကောင်းတယ်။ ဒီကျောင်းက ထွက်ရမယ်ဆိုတော့ ကျွန်တော့်မှာ လွမ်းစရာ အမှတ်ရစရာကလေး တစ်ခုကို ကျွန်တော် ချက်ချင်း သတိရလာတယ်။ မနှစ်က ဒီအချိန် မတိုင်ခင် အောက်တိုဘာလလောက်မှာပေါ့။ ကျောင်းစာသင်ခန်းရှေ့က ကွင်းပြင်မှာ ကျွန်တော်ရယ် ရောဗတ်ရယ် ပေါရယ် သုံးယောက် ဘောလုံး ကန်နေကြတယ်။ နှစ်ယောက်စလုံး ပေါင်းလို့ သင်းလို့ ကောင်းပါတယ်။ အထူးသဖြင့် ရောဗတ်က ပိုပြီး ပေါင်းလို့ ကောင်းတယ်။ ညစာ မစားခင် ကလေးမှာပေါ့။ တော်တော်လေး မှောင်စ ပြုနေပြီ။ ဒါပေမယ့် ကျွန်တော်တို့ သုံးယောက်လဲ ဘောလုံးကန် ကောင်းကောင်းနှင့် ဆက်ကန်နေကြတယ်။ ကန်ရင်းနှင့် မှောင်သည်ထက် မှောင်လာပြီ။ မှောင်သမှ တစ်ခါတလေ ဘောလုံးကိုတောင် ကောင်းကောင်း မမြင်ရတော့ဘူး။ ဒါပေမယ့် ကျွန်တော်တို့ ဆက်ကစားမြဲ ကစားနေကြတယ်။ ဒီတုန်းမှာ ကျွန်တော်တို့ကို ဇီဝဗေဒသင်တဲ့ ဆရာ ဖန်စီဟာ စာသင်ခန်း ပြတင်းပေါက်က ထွက်ကြည့်ပြီး အဆောင်ပြန်ကြဖို့ ပြောတယ်။ ခဏနေရင် ညစာ ခေါင်းလောင်း တီးတော့မယ်တဲ့။ မိုးချုပ်လှပြီတဲ့။ ဒါနှင့် ကျွန်တော်တို့ သုံးယောက် ကစားတာကို

ရပ်လိုက်ကြရတယ်။ ဒီတော့ ကျွန်တော့်မှာ ဒီလို အမှတ်ထင်ထင် ကိစ္စလေးတွေ တသစရာ လွမ်းစရာ ကိစ္စလေးတွေကို ပြန်ပြန်ပြီး သတိရလာရင် နှုတ်ဆက် လိုက်ရတဲ့အခါ စိတ်ပါလက်ပါ ရှိတယ်။ စိတ်ထဲမှာ ဘာလွမ်းစရာမှ မရှိဘဲ ခွဲခွာခါနီး နှုတ်ဆက်ရတာဟာ တော်တော် စိတ်ပျက်စရာ ကောင်းတယ်။ သိပ်ပြီး ဝတ်ကျေတမ်းကျေ နိုင်လွန်းတယ်။ လောကဝတ် သက်သက် ဖြစ်နေ တယ်။ ဒါနှင့် ကျွန်တော်လဲ ဒီအဖြစ်အပျက်ကလေးကို သတိရတာနှင့် တစ်ပြိုင် နက် ဘောလုံးပွဲကို ဆက်မကြည့်တော့ဘဲ သမိုင်းဆရာ ဆရာစပင်ဆာ အိမ်ဘက် ကို ပြေးလာခဲ့တယ်။ ဆရာစပင်ဆာက ကျောင်းပရိဝုဏ်ထဲမှာ မနေဘူး။ အပြင်ဘက် အန်ထော်နီဝိန်းလမ်းမှာ နေတယ်။

ဆရာ့ အိမ်ဝင်းပေါက်ဝ အထိ ကျွန်တော် ပြေးလာခဲ့တယ်။ အနား ရောက်တော့မှ အမောဖြေ ရတယ်။ ကျွန်တော်က သက်လုံ သိပ်ကောင်းတဲ့ ကောင် မဟုတ်ဘူး။ ဘယ် ကောင်းပါ့မလဲ။ ကျွန်တော်က ဆေးလိပ်သောက် တာကိုး။ အဖေတို့ အမေတို့က ကျွန်တော် ဆေးလိပ် ပြတ်အောင် လုပ်ကြပါ့ သေးရဲ့။ ဒါပေမယ့် မပြတ်ပါဘူး။ နောက်တစ်ချက်က ကျွန်တော်ဟာ မနှစ် ကထက် ခြောက်လက်မခွဲလောက် ပိုပြီး အရပ်ထွက်လာတယ်။ ဆေးလိပ် သောက်တဲ့အတွက် ကျွန်တော့်မှာ တီဘီလိုလို ဘာလိုလို ဖြစ်တယ်။ အံ့မယ်လေး၊ သွေးစစ်ရ ဓာတ်မှန်ရိုက်ရနှင့် လုပ်လိုက်ရတာ ဖတ်ဖတ်ကို မောနေတာပဲ။ တော်ပါသေးရဲ့။ ဘာမှ မတွေ့ရဘူး။

ကျောင်း ပရိဝုဏ် ဝင်းဝမှာ တအောင့်လောက် အမောဖြေပြီး လမ်း အတိုင်း ကျွန်တော် ပြေးလာခဲ့တယ်။ အေးလိုက်တာကလဲ မပြောပါနှင့်တော့။ ဘာဖြစ်လို့ ဒီလောက် အရေးတကြီး ပြေးနေရသလဲ ဆိုတာတော့ ကျွန်တော် မသိဘူး။ စိတ်ထဲမှာ ပြေးချင်ချင် ရှိတာနှင့်ကို ပြေးလာခဲ့တာပဲ။ လမ်းတစ်ဖက်ကို ဖြတ်ကူးလိုက်တော့ ကျွန်တော့် စိတ်ထဲမှာ ကျွန်တော်ဟာ ပျောက်သွားမလား လို့ ထင်လိုက်ရတယ်။ မှောင်ကလဲ မှောင်၊ အေးကလဲ အေးတော့ ကျွန်တော်ဟာ လောကကြီးထဲက ပျောက်သွားမလားလို့တောင် စိတ်ထဲမှာ ထင်လိုက်မိတယ်။

ဆရာ့အိမ်ရောက်တော့ ကျွန်တော် တံခါး ခေါင်းလောင်းကို ခပ်တင်း တင်းလေး ဖိလိုက်တယ်။ ကျွန်တော့် တစ်ကိုယ်လုံးလဲ ရေခဲမတတ် အေးစက် နေပြီလေ။ နားရွက်တွေက ထုံကျဉ်ပြီး လက်ချောင်းလေးတွေ ဆိုတာလဲ တောင့် တင်းနေပြီ။ ကောင်းကောင်းတောင် ကွေးလို့ မရချင်တော့ဘူး။ ကဲ ပါဗျာ တံခါး မြန်မြန် ဖွင့်ပေးကြစမ်းပါလို့ ကျွန်တော့်စိတ်ထဲက လှမ်းအော်မိတယ်။

နောက်ဆုံးတော့ ဆရာကတော် ထွက်လာတယ်။ သူတို့အိမ်မှာ အိမ်ဖော်တို့၊ ဘာတို့ မရှိဘူးလေ။ ညှဲ့သည် စောင်သည်လာလို့ တံခါး ဖွင့်ပေးရင် သူတို့ ကိုယ်တိုင် ဖွင့်ပေးကြတာချည်းပဲ။ အိမ်ဖော် မရှိတာလဲ မပြောနှင့်၊ သူတို့မှာ ကြွယ်ပိုး ကြွယ်ဝလဲ မဟုတ်ဘဲကိုး။

'ဟဲ့ ဟိုလ်ဒင်လား၊ ပေါ်မှ ပေါ်လာသေးသကိုး၊ လာ လာ အပြင်မှာ အေးလှရောပေါ့' လို့ ကျွန်တော့်ကို လှမ်းခေါ်တယ်။

ဆရာကတော်ဟာ ကျွန်တော့်ကို တွေ့ရတော့ ဝမ်းသာနေတယ်။ ဆရာကတော်က ကျွန်တော့်ကို ချစ်တာကိုး။ အေးလေ ဒါက ကျွန်တော့် အထင်ပေါ့။

ကျွန်တော်လဲ အိမ်ထဲကို ခပ်သုတ်သုတ် ဝင်လိုက်တယ်။

'ဆရာကတော် နေကောင်းတယ် မဟုတ်လား၊ ဆရာကော နေကောင်းတယ်နော်' လို့ ကျွန်တော်က မေးလိုက်တယ်။

'လာ လာ နင့် အင်္ကျီကို ငါ့ချွတ်ပေး' လို့ ပြောတယ်။ ဆရာကတော်က ဆရာ နေကောင်းရဲ့လားလို့ ကျွန်တော့် အမေးကို ကြားဟန် မတူဘူး။ ဟုတ်သားပဲ။ ဆရာကတော်က နည်းနည်း နားလေးတာကိုး။ ဘယ်ကြားမလဲ။

အိမ်ရှေ့အဝင်က အင်္ကျီချိတ်တဲ့ အခန်းကလေးထဲမှာ ကျွန်တော့် ကုတ်အင်္ကျီကို သွားချိတ်တယ်။ ကျွန်တော်က ခေါင်းပေါ်မှာ တင်နေတဲ့ နှင်းပွင့်တွေကို လက်နှင့် သပ်ချလိုက်တယ်။ ကျွန်တော်က ခရူးကက် ခေါ်တဲ့ သဘော်သား ဆံပင်တိုတိုလေး ထားတော့ ဘယ်တော့မှ ခေါင်းဖြီးတယ် မရှိလှဘူး။ သူ ကြားအောင် ဆိုပြီး ကျွန်တော်က လေသံ ကျယ်ကျယ်နှင့် 'ဆရာကတော် နေကောင်းတယ် မဟုတ်လား'

သူက တံခါးကို ပြန်ပိတ်ရင်း

'ပြန်ကောင်းတာ မကြာသေးဘူးကွယ့်၊ မင်းကော ဘယ်လိုလဲ'

သူ မေးပုံက တစ်မျိုးပဲ။ ကျွန်တော် ကျောင်းထုတ်ခံရတာကို ဆရာ ပြောပြလို့ သိနေတဲ့ ပုံမျိုး။

'ကောင်းပါတယ်၊ ဆရာကော တုပ်ကွေး ကွေးတုန်းပဲလား'

'ခုတော့ ပျောက်သွားပါပြီကွယ်၊ မင်းကို ကြည့်ရတာ၊.....ကဲ.....ကဲ မင်း ဆရာဆီ သွားလိုက်ဦး၊ အခန်းထဲမှာ ရှိလေရဲ့'

၂

ဆရာတို့ လင်မယားက ကိုယ့်အခန်းနှင့် ကိုယ် နေကြတယ်။ နှစ်ယောက်စလုံး ၇၀ နား ကပ်နေကြပြီ ထင်တယ်။ ကျော်တောင် ကျော်ပြီလား မဆိုနိုင်ဘူး။ ဆရာတို့ လင်မယားကို ကြည့်ရတာ တော်တော် အသည်းယားဖို့ကောင်းတယ်။ ကျွန်တော် အသည်းယားတယ် ဆိုတာ ဒီလိုပါ။ ကျွန်တော်က ဆရာ့ကို အထင်ကြီးတယ်၊ လေးစားတယ်။ ဒီ အသက် အရွယ်ကြီး အထိ ဘာဖြစ်လို့များ ကျောင်းဆရာ လုပ်နေသေးလဲဆိုတာ ကျွန်တော် နားမလည်နိုင်ဘူး။ ဆရာ့ကို ကြည့်တော့ ခါးက တော်တော်ကို ကိုင်းနေပြီ။ ကျောင်းမှာ စာသင်ရင်း မြေဖြူတို့၊ ဘာတို့ လွတ်ကျသွားရင် တော်တော်နှင့် ကုန်းကောက်လို့တောင် မရဘူး။ ရှေ့တန်းမှာ ထိုင်နေတဲ့ ကျောင်းသား တစ်ယောက်ယောက်က ထပြီး ကောက်ပေးရတာချည်းပဲ။ အမှန်ကတော့ ဆရာ့ကို အထင်ကြီးလေးစားလို့ ကျွန်တော်က ဒီလို ထင်နေတာပါ။ တကယ်တော့ ဆရာလဲ လူပါပဲ။ ကြွားချင် ဝါချင်တာ ကလေးတွေ ရှိမှာပေါ့။ ဥပမာ ဆရာ ကြွားတာကလေး တစ်ခုကို ကျွန်တော် ပြောရဦးမယ်။ တစ်ခါတုန်းက ဆရာက ကျွန်တော်တို့ ကျောင်းသားတစ်သိုက်ကို ချောကလက် ကျွေးပြီး ကျွေးတယ်။ ကျွန်တော်တို့ ချောကလက် စားနေတုန်းမှာ ဆရာက သူ ဝယ်လာတဲ့ နာဗာဂျို စောင်ကြီးကို ထုတ်ပြတယ်။ သူနှင့် ဆရာကတော် အိန္ဒိယ လူနီ တစ်ယောက်ဆီက ဝယ်လာတာတဲ့။ အမှန်ကတော့ သူ့စောင်က ဒီလောက်ကောင်းတဲ့ စောင်လဲ မဟုတ်ပါဘူး။ ဒါပေမယ့် ဆရာ မနေနိုင်ဘူး။ သူ ဝယ်လာတာကို ထုတ်ပြပြီး ကြွားဖြစ်အောင် ကြွားလိုက်သေးတယ်။ အသက်ကြီးလာပြီ ဆိုရင် ဘယ်သူ ဖြစ်ဖြစ် ဘာ မဟုတ်တာလေးတွေကို ကြီးကြီးကျယ်ကျယ် လုပ်ချင် လုပ်နေကြသလား မပြောတတ်ပါဘူး။

ဆရာ့အခန်းက တံခါး ပွင့်နေတယ်။ ဒါပေမယ့် ကျွန်တော်တန်းပြီး ဝင်မသွားပါဘူး။ ယဉ်ကျေးသမှုအနေနှင့် တံခါးခေါက်လိုက်တယ်။ ကျွန်တော် ဝင်သွားတော့ ဆရာက သားရေ ထိုင်ခုံကြီးပေါ်မှာ စောစောက ကျွန်တော်ပြောတဲ့ နာဗာဂျို စောင်ကြီးကို ခြုံလို့။ ကျွန်တော်က တံခါး ခေါက်လိုက်တော့ 'ဘယ်သူ လဲဟေ့၊ ဟိုလ်ဒင်လား လာ လာ' လို့ လှမ်းအော်တယ်။ ဆရာဟာ အတန်း ပြင်မှာလဲ လေသံ ခပ်ကျယ်ကျယ်ပဲ။

အခန်းထဲ ဝင်သွားတော့ ငါလာမိတာ မှားပြီ ထင်တယ်လို့ ကျွန်တော့် ဘာသာ ထင်လိုက်မိတယ်။ ဆရာက 'အတ္တလန္တိတ်လစဉ်' မဂ္ဂဇင်းကို ဖတ်လို့။ သူ့ဘေး ပတ်ပတ်လည်မှာလဲ ဆေးပုလင်းတွေ ဆေးလုံးတွေ ဆေးပြားတွေ ပြန့်ကျဲလို့။ အခန်း တစ်ခန်းလုံးလဲ ဗစ်ပရုတ်ဆီနံ့က ထောင်းထောင်း ထနေ တယ်။ ကျွန်တော်ဟာ နေမကောင်းတဲ့လူကို သိပ်ရှောင်ကွင်းလေ့ မရှိသော်လဲ ဆရာ့ အနားကို လာရတာ တော်တော် စိတ်ညစ်သွားတယ်။ ပိုပြီး စိတ်ပျက် စရာကောင်းတာက ဆရာဟာ ဟောင်းနွမ်းနေတဲ့ ရေချိုးဝတ်ရုံကြီးကို ဝတ် ထားတယ်။ ဝတ်ရုံကြီးကလဲ တော်တော် ဟောင်းနေပါပြီ။ သူ မွေးခါစတုန်းက ဝတ်လာတဲ့ ဝတ်ရုံများလားတောင် အောက်မေ့ရတယ်။ ကျွန်တော်ကလဲ တစ်မျိုး။ အသက်ကြီးကြီး လူတွေ ညဥ့်အိပ် အင်္ကျီကြီးတွေ ရေချိုးခန်းဝတ်တဲ့ ဝတ်ရုံကြီး တွေကို ဝတ်နေတာ မြင်ရင် စိတ်ထဲမှာ တစ်မျိုးပဲ။ တယ်မကြိုက်ချင်ဘူး။ ဝတ်ရုံ အင်္ကျီကို ရင်ဘတ် ဟထားတော့ သူတို့ရဲ့ နံရိုးတွေ ရင်ခေါင်းရိုးတွေက အပြိုင်းပြိုင်း ပေါ်လို့။ ပြီးတော့ ခြေထောက်တို့ ပေါင်တံတို့ကလဲ ပလွေရိုး ကျနေတာပဲ။ ရေချိုးဆိပ်တို့ ပင်လယ်ကမ်းစပ်တို့မှာ အဘိုးကြီး အဘွားကြီးတွေ ရေချိုးဝတ်ရုံကြီးတွေ ဝတ်တာကို ကျွန်တော် မြင်ဖူးတယ်။ ဘယ်လိုမှ ကြည့် မကောင်းဘူး။ ခြေထောက်တွေ ပေါင်တံတွေက ဖြူရော်ရော်။ အမွေးအမှင်တို့ ဘာတို့လဲ မရှိဘူး။ ပြောင်ချော်ချော်ရယ်။

'နေကောင်းရဲ့လား ဆရာ၊ ဆရာပေးလိုက်တဲ့ စာ ရပါတယ်၊ ဘာဖြစ်လို့ ပေးရတာလဲ၊ ကျွန်တော် လာနှုတ်ဆက်မှာပေါ့ ဆရာ'

နာတာလူး ကျောင်းပြန်ဖွင့်ရင် ကျွန်တော် ကျောင်းကို ပြန်လာမှာ မဟုတ်တော့တဲ့အတွက် သူ့ဆီကို လာပြီး နှုတ်ဆက်ဖို့ စာကလေး တစ်စောင် ကျွန်တော့်ဆီ ရေးထားတာကိုး။

'ထိုင်ကွာ' ဆိုပြီး  ခုတင်ပေါ်မှာ တက်ထိုင်ဖို့ လက်ညှိုးထိုးပြတယ်။

ကျွန်တော်က ဝင်ထိုင်ရင်း.....

'ဆရာ၊ တုပ်ကွေး ဘယ့်နှယ့်နေသေးလဲ ဆရာ'

'သိပ်မကောင်းသေးဘူးကွ၊ ကောင်းတယ်ဆိုရင် ဘယ် ဒီလို နေမလဲကွာ၊ ဆရာဝန် ခေါ်မှာပေါ့' လို့ ဆရာက ပြောတယ်။ ဆရာက သူ့စကားကို သူ သဘောကျပြီး ရယ်နေတယ်။ ပြီးတော့မှ ကိုယ်ကို ကြိုးစားပြီး မတ်အောင် လုပ်လိုက်ရင်း.....

'ဘောလုံးပွဲ မသွားဘူးလား၊ ပွဲကတော့ ပွဲကြီးပွဲကောင်းပဲကွ'

'သွားပါတယ် ဆရာ၊ ကျွန်တော် ခု အဲ့ဒီက လာခဲ့တာ၊ ကျွန်တော်လဲ လုံသိုင်း အသင်းနှင့် နေ့လယ်ကမှ နယူးရော့က ပြန်လာတာ ဆရာ'

အံမယ်လေးဗျ၊ သူ့ခုတင်ကလဲ ဖိမ်မရှိလိုက်တာ၊ ကျောက်ဆောင်ကြီး ပေါ် တက်ထိုင်နေရသလိုပဲ။

ခဏကြာတော့ ဆရာက မျက်နှာတည်သွားတယ်။ ဆရာဟာ ဒီလိုပဲ ရယ်စရာကို တစ်ချက်လောက်သာ ပြောပြီး မျက်နှာ ပြန်တည်သွားတတ်တာ ချည်းပဲ။

'မင်း တို့ကျောင်းကို ပြန်မလာတော့ဘူးပေါ့'

'ဟုတ်တယ် ဆရာ၊ မလာတော့ဘူးလို့ စိတ်ကူးတယ်'

ဆရာဟာ ဘာမှ မပြောဘဲ ခေါင်းတညိတ်ညိတ် လုပ်နေတယ်။ စကား ပြောရင် ကျွန်တော့် ဆရာလောက် ခေါင်းလေး တညိတ်ညိတ် လုပ်တတ်တဲ့ လူမျိုးကို ကျွန်တော် တစ်ယောက်မှ မတွေ့ဖူးသေးဘူး။ ဘာဖြစ်လို့ ဒီလောက် တောင် ခေါင်းတညိတ်ညိတ် လုပ်ရသလဲဆိုတာတော့ ကျွန်တော်လဲ မပြောတတ်ဘူး။ တကယ်ပဲ လေးလေးနက်နက် စဉ်းစားနေရလို့လား၊ ဒါမှမဟုတ် ကိုယ့် ခေါင်းနှင့် ကိုယ့်ဖင်ကိုတောင် ခွဲခြား မသိတတ်လောက်အောင် ရိုးလွန်း အလွန်းတဲ့ သူမို့လား၊ ဘာကြောင့်လို့တောင် မပြောတတ်တော့ဘူး။

'မင်း ကျောင်းအုပ်ကြီးနှင့် သွားတွေ့တယ် မဟုတ်လား၊ သူက ဘာ ပြောလိုက်သလဲ'

'တွေ့ပါတယ် ဆရာ၊ နှစ်နာရီလောက် ကြာပါတယ်'

'ဘာပြောလိုက်သလဲ'

'ဘဝ ဆိုတာ ကစားပွဲကြီးနှင့် တူတယ်၊ ကစားပွဲမှာ ဝင်ကစားရင် သူ့စည်းကမ်းတွေနှင့်အညီ ကစားရမယ် စသဖြင့် ကျွန်တော့်ကို ဆုံးမတာပေါ့ ဆရာ၊ ဒိပြင်တော့ ထူးထူးထွေထွေ ဘာမှ မပြောပါဘူး၊ ဘဝ ဆိုတာ ကစား ပွဲကြီးနှင့် တူတယ် ဆိုတာကိုချည်းပဲ ပြောတာပါပဲ'

'ဟုတ်သားပဲ၊ တကယ်တော့ ဘဝ ဆိုတာ ကစားပွဲကြီးပဲ ငါ့တပည့်၊ ဒီကစားပွဲကြီးမှာ သူ့ စည်းကမ်းနှင့်သူ ကစားရပေလိမ့်မယ်'

'ဟုတ်ပါတယ် ဆရာ'

လာပြန်ပြီ။ ကျွန်တော့် ဆရာကလဲ ဘဝ ဆိုတာ ကစားပွဲတဲ့။ ဘာ ကစားပွဲလဲ။ ကိုယ့်ဘက်က အနိုင်ရအောင် ကောင်းကောင်း ကစားနိုင်တဲ့ လူတော်တွေချည်း ရှိရင်တော့ ဟုတ်တာပေါ့။ ဘဝဆိုတာ ကစားပွဲကြီးပေါ့။ ဒါပေမယ့် ကိုယ့်ဘက်က လူညံ့ လူရှော်တွေချည်း ရှိနေရင် ဒီကစားပွဲကြီးက ဘာလုပ်မှာလဲ။ ရှုံးနေတဲ့ ကစားပွဲကြီး။ အလကား ကစားပွဲကြီး။

'ဆရာကြီးက မင်း မိဘတွေဆီကို စာရေးဦးမတဲ့လား'

'တနင်္လာနေ့ကျရင် ရေးမယ်လို့ ပြောလိုက်ပါတယ် ဆရာ'

'မင်းကကော မင်းကိစ္စနှင့် ပတ်သက်လို့ အိမ်ကို စာရေးပြီးပြီလား'

'မရေးတော့ဘူး ဆရာ၊ ဗုဒ္ဓဟူးနေ့ည အိမ်ပြန်ရောက်တော့မှပဲ အကျိုး အကြောင်းကို ပြောပြတော့မယ်'

'မင်းမိဘတွေက ဘာပြောမယ် ထင်သလဲ'

'သူတို့ကတော့ ကျွန်တော့်ကို ဆူကြမှာပေါ့ဆရာ၊ ကျွန်တော် ကျောင်း ပြောင်းတာ လေးကျောင်းတောင် ရှိနေပြီဆိုတော့ ကျွန်တော့်ကို စိတ်ဆိုးကြ မှာပေါ့'

ကျွန်တော် ခေါင်းယမ်းခဲ့တယ်။ ခုလဲ ခေါင်းကို သွက်သွက်ခါအောင် ယမ်းလိုက်မိတယ်။ ကျွန်တော် စကားပြောရင် 'ကိုယ့်လူ' ဆိုတဲ့ စကားကို ကိုယ့်ဘာသာကိုယ် မကြာခဏ သုံးတတ်တယ်။ ကျွန်တော်က ဝေါဟာရ မကြွယ်တာလဲ ပါတယ်။ တစ်ခါတလေမှာ ကျွန်တော်ဟာ ကျွန်တော့် အသက် ထက် ငယ်နေပုံပေါက်လို့လဲ ပါတယ်။ အဲဒီတုန်းက ကျွန်တော်က ဆယ့်ခြောက် နှစ်။ ခုဆိုရင် ဆယ့်ခုနစ်နှစ်။ ဒါပေမယ့် ကျွန်တော်ဟာ ဆယ့်သုံးနှစ်သားလေး လို နေတုန်းပဲ။ ရယ်စရာတော့ ကောင်းတယ်။ ကျွန်တော့်ကို ကြည့်လိုက်တော့ အရပ်က ခြောက်ပေ နှစ်လက်မ။ ခေါင်းကလဲ တစ်ခေါင်းလုံး ဖြူဖွေးနေပြီ။ တကယ်ပြောတာ။ ကျွန်တော့်ခေါင်းရဲ့ ဘယ်ဘက်ခြမ်းမှာ ဆိုရင် ဆံပင်ဖြူတွေ သန်းချီပြီးတောင် ရှိလိမ့်မယ် ထင်တယ်။ ခေါင်းတစ်ခြမ်း ဖြူတာဟာ ခုမှ မဟုတ်ဘူး။ ကျွန်တော် ငယ်ငယ်လေး ကတည်းက ဖြူတာ။ ဒါတောင်မှ တစ်ခါတလေမှာ ကျွန်တော်ဟာ ဆယ့်နှစ်နှစ်သားလေး တစ်ယောက်လို နေတုန်း ထိုင်တုန်းပဲတဲ့၊ ကျွန်တော့်အဖေက ပြောတယ်။ တစ်စိတ် တစ်ပိုင်းတော့ မှန်ပါ

လိမ့်မယ်။ ဒါပေမယ့် အကုန်လုံးတော့ မမှန်ဘူး ခင်ဗျ။ ခက်တာက လူတွေဟာ သူတို့ ပြောဆိုတာ အကုန်မှန်တယ်လို့ချည်း ထင်နေကြတယ်။ ကိုယ့် အသက်နှင့် လိုက်အောင် နေဦးလို့ လူတွေက ပြောကြပေမယ့် ကျွန်တော် သူတို့ စကားကို အရေးလုပ် မနေနိုင်ဘူး။ အဲ တစ်ခုတော့ ရှိရဲ့။ သူတို့ ပြောဖန်များလာတော့ နည်းနည်း နားငြီးတယ်။ တစ်ခါတလေတော့လဲ ကျွန်တော် လူကြီးလို ကောင်းကောင်းမွန်မွန် နေပါတယ်။ ဒါပေမယ့် ဒါကျတော့ သူတို့က အသိအမှတ် မပြုကြဘူး ခင်ဗျ။ မသိသလို လုပ်နေကြတယ်။ လူတွေဟာ ကောင်းတာလုပ်ပြီ ဆိုရင် သိပ် မသိချင်ယောင် ဆောင်တတ်ကြတယ်။ အသိအမှတ် မပြုချင်တတ်ကြဘူး။

ဆရာက ခေါင်းလေး တညိတ်ညိတ် လုပ်နေတယ်။ သူ့လက်က နှာခေါင်းဆီကို ရောက်သွားတယ်။ ကျွန်တော် ထင်တာကတော့ နှာကလေး တစ်တို့လောက် တို့နေတယ် ထင်တာပေါ့။ ဒါပေမယ့် မဟုတ်ဘူး ခင်ဗျ။ နှာခေါင်းကို နှိုက်နေတာ။ အခန်းထဲမှာ ကိုယ့်တပည့် တစ်ယောက်တည်း ရှိနေတော့ ဒီလို လုပ်တာဟာ အရေးမကြီးဘူးလို့ ထင်ပုံ ရပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော်ကလဲ အရေးမကြီးပါဘူး။ သို့သော် ကိုယ့်ရှေ့မှာ နှာခေါင်းကို နှိုက်နေတာ မြင်တော့ နည်းနည်း ရွံတာပေါ့ ခင်ဗျာ။

'ကျောင်းအုပ်ဆရာကြီးနှင့် လာတွေ့တုန်းက မင်း အဖေရော အမေရော နှစ်ယောက်စလုံး ငါ တွေ့လိုက်ရပါတယ်၊ တော်တော် အထက်တန်းကျတဲ့ ပုဂ္ဂိုလ်တွေပဲ'

'ဟုတ်ကဲ့'

သူကတော့ အထက်တန်း ကျသတဲ့။ ကျွန်တော်ကတော့ အဲဒီ စကားလုံးကို တော်တော် မုန်းတယ်။ အရမ်း မုန်းတယ်။ လောကွတ်စကားလို့ ထင်တယ်လေ။ အဲဒီ စကားလုံးကို ကြားရတိုင်း ကျွန်တော့် စိတ်ထဲမှာ တစ်မျိုးကြီးပဲ။

ဒီတုန်းမှာ ဆရာဟာ ကျွန်တော့်ကို တစ်ခု ပြောတော့မယ်ပုံနှင့် ကိုယ်ကို မတ်လိုက်တယ်။ အမှန်တော့ တမင်လှန့်ချီ ပေးလိုက်တာပါ။ ဆရာဟာ သူ့အနားမှာရှိတဲ့ 'အတ္တလန္တိတ်လစဉ်' မဂ္ဂဇင်းကို ကျွန်တော့်ဘေး အိပ်ရာပေါ်ကို လှမ်းပစ်လိုက်တယ်။ ဒါပေမယ့် ခုတင်ပေါ် မရောက်ဘူး ခင်ဗျ။ နှစ်လက်မလောက် လွဲသွားပြီး ခုတင်အောက်ကို ကျသွားတယ်။ ကျွန်တော်က ထိုင်ရာက ထကောက်ပြီး ခုတင်ပေါ်ကို တင်ထားလိုက်တယ်။ ကျွန်တော် အခန်းထဲက ထွက်ပြေးချင်တယ်။ ကျွန်တော့်ကို ဩဝါဒတွေ အရှည်ကြီး ပေးတော့မယ် ဆိုတာ ကျွန်တော်

သိလိုက်ပြီလေ။ ဆရာပြောတဲ့ စကားတွေ အဆုံးအမတွေနှင့် ပတ်သက်လို့ ကျွန်တော် ဘာမှ မပြောလိုပါဘူး။ ဒါပေမယ့် လေရှည်တာရယ်၊ အခန်းထဲက ဗစ်ပရုတ်ဆီနံ့ကြီး ထောင်းထောင်း ထနေတာရယ်ကို ကျွန်တော် မခံနိုင်ဘူး။ ပြီးတော့ ညဝတ်အင်္ကျီကြီးလိုလို ရေချိုးပြီးဝတ်တဲ့ ဝတ်ရုံကြီးလိုလို အင်္ကျီမျိုးနှင့် ကိုးရိုးကားရား ဖြစ်နေတာကိုလဲ ကျွန်တော် မကြည့်ချင်ဘူး။

ကျွန်တော် ထင်တဲ့အတိုင်းပဲ၊ လာပါပြီ ခင်ဗျ ဩဝါဒရှည်ကြီး။

'ဘယ်လို ဖြစ်တာလဲကွ၊ ဒီတစ်ပတ် စာမေးပွဲမှာ မင်း ဘယ်နှစ်ဘာသာ ဖြေရသလဲ'

ဆရာ့လေသံက ခါတိုင်းလို ချိုချိုသာသာတော့ မဟုတ်ဘူး ခင်ဗျ။ နည်းနည်း တင်းနေတယ်လို့ ထင်တယ်။

'ငါးဘာသာပါ ဆရာ'

'ငါးဘာသာမှာ ဘယ်နှစ်ဘာသာ ကျသလဲ'

ကျွန်တော်က ခုတင်ပေါ်မှာ နေရာရွှေ့ထိုင်လိုက်တယ်။ ဒီလောက် မာကျောတဲ့ ခုတင်ကို ကျွန်တော်ဖြင့် ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်လို့ ထင်တယ်။

'လေးဘာသာ ကျပါတယ် ဆရာ၊ အင်္ဂလိပ်စာကတော့ လွတ်လွတ်ကျွတ်ကျွတ်ကြီး အောင်ပါတယ် ဆရာ၊ ကျွန်ုပ်သား လော့ဒ်ရန်ဒယ်တို့ ဘာတို့ ဆိုတဲ့ ဟာတွေကို ကျွန်တော် အကုန်ရပါတယ် ဆရာ၊ ဟူတန်ကျောင်းမှာ နေကတည်းက ဒါတွေ အားလုံးကို ကျွန်တော် အလွတ်ရခဲ့တာပါ၊ တစ်ခါတလေမှာ စာစီစာကုံး လေ့ကျင့်ရတာလောက်က လွဲလို့ အင်္ဂလိပ်စာမှာ ကျွန်တော် ဒီလောက် မကြိုးစားလိုက်ရပါဘူး ဆရာ'

ဆရာက ကျွန်တော် ပြောတာကို နားမထောင်ဘူး။ ဆရာဟာ ဒီလိုပဲ လူတစ်ယောက် ပြောရင် သူ တွေးချင်ရာကို တွေးနေတယ်။ သူများ ပြောနေတဲ့ စကားတွေ သူ့ နားထဲကို ရောက်ချင်မှ ရောက်တာ။

'မင်းကို ငါ သမိုင်းမှာ အကျပေးလိုက်တယ်၊ မင်းက သမိုင်းကို တစ်လုံးမှ မသိဘူး'

'ဟုတ်ပါတယ် ဆရာ'

'တစ်လုံးဆို တစ်လုံးမှ မသိဘူး'

ဆရာက ထပ်ပြောတယ်။ ကျွန်တော့်စိတ်ထဲမှာလဲ တော်တော် ခံပြင်းသွားတယ်။ ဘယ့်နှယ်ဗျာ၊ ဟုတ်ပါတယ်လို့ ကိုယ်က ဝန်ခံပြီးကာမှ နင်းကန်ပြီး ထပ်ကာ တလဲလဲ ပြောနေတယ် ဆိုတော့ အောင့်တာပေါ့။ ဆရာကတော့

ဒုတိယ အကြိမ်တင် မကဘူးဗျ။ နောက်တစ်ကြိမ် ထပ်ပြောလိုက်သေးတယ်။

'တစ်လုံးဆို တစ်လုံးမှ မသိဘူး၊ စာသင်တန်း တစ်ပတ်လုံးမှာ သမိုင်း စာအုပ်ကို ဖွင့်တောင် ကြည့်မှ ကြည့်ရဲ့လား မသိဘူး၊ စာအုပ်ကို ကောက်မှ ကိုင်ရဲ့လား၊ မှန်မှန် ပြောစမ်း'

'နှစ်ခါလောက်တော့ ဟိုလှန် ဒီလှန် လှန်ဖူးပါတယ် ဆရာ'

ကျွန်တော်ကလဲ အလိုက်အထိုက် ပြောရတာပေါ့။ ဆရာက သူ့သမိုင်း ဘာသာရပ် ဆိုရင် အရမ်း တန်ဖိုးထားတယ်။ ဒီတော့ သူ့စိတ် ကျေနပ်အောင် အလိုက်အထိုက်တော့ ပြောရတော့တာပေါ့လေ။

'ဘာ လှန်ကြည့်တယ်၊ ဟုတ်လား၊ တော်တော် ဟုတ်တဲ့ ကောင်ပဲ၊ သွား ဟောဟို ဗီရိုပေါ်က ဖိုင်တွဲပုံပေါ်မှာ မေးခွန်းစာရွက် ရှိတယ်၊ သွား ယူချည်စမ်း'

ဒါကတော့ ကျွန်တော့်ကို သက်သက်မဲ့ ချောင်ပိတ်တာပဲ။ ဒါပေမယ့် မတတ်နိုင်ဘူးလေ။ ထသွားပြီး ဗီရိုပေါ်က မေးခွန်းစာရွက်ကို ယူပေးရတာပေါ့။ ယူပေးပြီး အုတ်ခုံကြီးလို မာကျောနေတဲ့ သူ့အိပ်ရာပေါ်မှာ ကျွန်တော် ပြန်ထိုင် တယ်။ ဆရာ့ကို နှုတ်ဆက်ဖို့ လာမိတာ မှားပြီလေ။ မှတ်ကရော၊ ဆရာ့ကို နှုတ်ဆက်ချင်တဲ့ကောင် ဘယ့်နှယ်ရှိစ။

ဆရာဟာ ကျွန်တော့် အဖြေစာရွက်ကို တီကောင် ကိုင်သလို မရဲတရဲ ကိုင်လိုက်တယ်။

'အီဂျစ်လူမျိုးတွေ အကြောင်းကို နိုဝင်ဘာ ၄ ရက်နေ့က စပြီး ဒီဇင်ဘာ ၂ ရက်နေ့ အထိ တို့ သင်ခဲ့တယ်၊ အရေးကြီးလို့ ဒီလောက် အသေးစိတ် သင်ခဲ့တာကွ၊ ခုတော့ မင်းက မဖြေမနေရ အမှတ်ပြည့် ပေးမယ့် အပိုင်းမှာ သွားမဖြေဘူး၊ အပိုအက်ဆေး အနေနှင့် သွားဖြေတယ်၊ မင်း ရေးထားတာကိုလဲ နားထောင်၊ ဖတ်ပြရဦးမလား'

'နေပါစေ ဆရာ၊ ရပါတယ်'

ဒါပေမယ့် မရဘူး ခင်ဗျ။ ဆရာက ဖတ်ပြတယ်။ ဆရာသမားများဟာ ဒီလိုပဲ၊ သူတို့ လုပ်ချင်ပြီဆိုရင် ဘယ်တော့မှ သွားတားလို့ မရဘူး။ လုပ်ကို လုပ်ရမှ။

ဘာတတ်နိုင်မှာလဲ။ ကျွန်တော်လဲ ထိုင်ပြီး သူ ဖတ်ပြတာ နားထောင် နေရတာပေါ့။ ဆရာက ကျွန်တော့်ကို သက်သက် အချဉ်ဖောက်နေတာလေ။

'အီဂျစ် လူမျိုးများသည် အာဖရိက မြောက်ပိုင်းတွင် နေထိုင်လျက် ရှိ သဖြင့် ရှေးဟောင်း ကော့ကေးဆပ် မျိုးနွယ်စု တစ်စု ဖြစ်ပါသည်၊ အာဖရိက

http://nyisay.com



တိုက်သည် ကမ္ဘာ့ အရှေ့ဘက်ခြမ်းတွင် အကြီးဆုံး ပထဝီတိုက်ကြီး တစ်တိုက် ဖြစ်ပါသည်'

ကျွန်တော် ရေးချင်ရာ ရေးထားတာကို ကျွန်တော်က ထိုင်ပြီး နားထောင်နေရတယ်။ ဆရာက ကျွန်တော့်ကို သိက္ခာချနေတာလေ။

'အမျိုးမျိုးသော အကြောင်းများကြောင့် အီဂျစ် လူမျိုးများသည် ကျွန်တော်တို့ အတွက် စိတ်ဝင်စားဖွယ် ကောင်းပါသည်၊ အီဂျစ် လူမျိုးသည် အလောင်းများကို ရာစု နှစ်ပေါင်းများစွာ ကြာသည်အထိ ပုပ်သိုးခြင်း မရှိအောင် မည်သို့ မည်ပုံ စီမံထားသည်ကို ခေတ်သစ်သိပ္ပံပညာ စူးစမ်းလျက် ရှိပါသည်၊ ထိုပဟေဠိသည် နှစ်ဆယ်ရာစုနှစ် သိပ္ပံပညာကို စိန်ခေါ်လျက် ရှိပါသည်'

ဆရာက စာဖတ်တာကို ရပ်လိုက်ပြီး ကျွန်တော့် အဖြေစာရွက်တွေကို အောက်ချ ထားလိုက်တယ်။ ကျွန်တော် ဆရာ့ကို မုန်းသလိုလို ဖြစ်လာတယ်။ 'မင်းရဲ့ မဟာ စာစီစာကုံးကြီးက ဒီတင် ဆုံးသွားတယ်ကွ' လို့ ခပ်လှောင်လှောင် ပြောတယ်။ 'ဒါပေမယ့် အောက်ဆုံးမှာ ငါ့ကို လိပ်တပ်ပြီး စာတစ်စောင် ပါးလိုက်သေးတယ်ကွ' လို့လဲ လှောင်လိုက်သေးတယ်။ လူကြီးတွေ လှောင်တာ ပြောင်တာ မြင်ရင် ကျွန်တော် တကယ် ခံပြင်းတယ်။ အဘိုးကြီးက တကယ် ဂျီကျတယ်။ ဒီလောက် အရွယ် အဘိုးကြီးတွေ ဒီလောက် ဂျီကျလိမ့်မယ်လို့ ကျွန်တော် နည်းနည်းမှ မထင်မိဘူး။

'ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် မှတ်မိပါတယ်'

သူက ရှေ့လျှောက် ဖတ်ပြနေမှာစိုးလို့ ကိစ္စ ပြတ်အောင် မြန်မြန် ပြောလိုက်ရတယ်။ ဒါပေမယ့် မရပ်ဘူး ခင်ဗျာရေ။ ဗျောက်အိုးဖောက်သလို တော်တော် ပူညံချင်တဲ့ အဘိုးကြီး။

သူက အသံထွက်ပြီး ကျွန်တော့်စာကို ဖတ်ပြတယ်။

'ဆရာ ခင်ဗျား၊ အီဂျစ် လူမျိုးများနှင့် ပတ်သက်၍ ကျွန်တော် သိသမျှ ဖြစ်ပါသည်၊ ဆရာ၏ ပို့ချချက်များသည် စိတ်ဝင်စားဖွယ် ကောင်းသော်လည်း ရှေးဟောင်း အီဂျစ် လူမျိုးတို့ အကြောင်းမှာ ဘာမျှ စိတ်ဝင်စားဖွယ် ကောင်းသည်ဟု မထင်ပါ၊ ကျွန်တော်သည် အင်္ဂလိပ်စာမှ အပ ကျန်ဘာသာ အားလုံးကို ကျရှုံးအောင် ဖြေခဲ့သည် အတွက် ကျွန်တော့်ကို ဆရာ စာမေးပွဲ ချလျှင် ချနိုင်ပါသည်၊ ဆရာ၏ တပည့် ဟိုလ်ဒင် ကောဖီး'

ဆရာဟာ ကျွန်တော့်အဖြေ စာရွက်တွေကို ချပြီး ကျွန်တော့်ကို စိုက်ကြည့်နေတယ် ခင်ဗျ။ ကျွန်တော့် အဖြေလွှာကို ဖတ်ပြတဲ့ အတွက် ဆရာ့ကို

ကျွန်တော် နည်းနည်းလေးမှ မကျေနပ်ဘူး။ ကျွန်တော်သာ ဆရာဆိုရင် ဖတ်ပြမှာ မဟုတ်ဘူး။ ခုတော့ မဟုတ်ဘူးဗျ။ ကျွန်တော့်ကို ခေါ်ပြီး ရှေ့မှာ ကြောင်တောင်ထား နားထောင်ခိုင်း ဖတ်ပြပြီး လှောင်တယ်။ ကျွန်တော်ကတော့ ကျွန်တော့်ကို စာမေးပွဲချရင်လဲ သူ ကျေကျေနပ်နပ် ချပါစေ ဆိုပြီး စေတနာနှင့် ရေးလိုက်တာ။

'စာမေးပွဲ ချတဲ့အတွက် ငါ့မှာ အပြစ်ရှိသလား ငါ့တပည့်'

'မရှိပါဘူး ဆရာ၊ မှန်ပါတယ်'

စိတ်ထဲမှာတော့ ကျွန်တော့်ကို တပည့်လို့တောင် မခေါ်စေချင်တော့ဘူး ဗျာ။

ကျွန်တော့် အဖြေလွှာကို ဖတ်ပြီး သူ့ ခုတင်ပေါ်ကို လှမ်းပစ်တင်လိုက်တယ်။ ဒီတစ်ခါမှာလဲ စာရွက်တွေက ခုတင်ပေါ် ရောက်မလာဘူး။ ကြမ်းပြင်ပေါ်ကို ကျသွားတယ်။ ဒါနှင့် ကျွန်တော်ကပဲ ကောက်ပြီး ခုတင်ပေါ်မှာရှိတဲ့ 'အတ္တလန္တိတ်လစဉ်' မဂ္ဂဇင်းပေါ်ကို တင်လိုက်ရတယ်။ နှစ်မိနစ် တစ်ခါလောက် ဒီလို လုပ်ပေးနေရတာကို ကျွန်တော် စိတ်ညစ်လာပြီဗျာ။

'မင်းသာ ငါ့နေရာရောက်ရင် ဘာလုပ်မလဲ တပည့်၊ ဆရာ့ကို မှန်မှန် ပြောစမ်း'

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ကို စာမေးပွဲချရတဲ့ အတွက် စိတ်ကောင်းပုံတော့ မရဘူး။ ဒါနှင့် ကျွန်တော်က ဆရာ့ကို ကြည့်ရင်း ကျွန်တော်ဟာ မလိမ်မိုး မလိမ္မာမို့ အတွေးနုံချာတဲ့ အကြောင်း ဘာညာစသဖြင့် ပြောပြတယ်။ ပြီးတော့ ကျွန်တော်ဟာ သူ့နေရာ ရောက်လို့ ရှိရင် ဒီလိုပဲ လုပ်မှာ ဖြစ်တဲ့ အကြောင်း၊ ဆရာဆိုတာ စည်းကမ်း တင်းကျပ်ရမှာ ဖြစ်တဲ့ အကြောင်း၊ ဒါကို လူတွေက နားမလည်နိုင်ကြောင်း စသဖြင့် လျှောက်ဖြန်းတာပေါ့ဗျာ။

တော်တော်တော့ ရယ်စရာ ကောင်းတယ်။ ကျွန်တော် ဒီလို သူနှင့် စကားပြောနေလို့သာ ပြောရတယ်၊ စိတ်ကတော့ တခြားကို ရောက်နေတယ် ခင်ဗျ။ ကျွန်တော် နယူးရော့မှာ နေခဲ့တုန်းက မကြာခဏ ရောက်ဖူးလို့ မြို့လယ် ပန်းခြံကြီးကို သွား သတိရနေတယ်။ ဟုတ်တယ်၊ ခုတစ်ခေါက် ကျွန်တော် အိမ်ပြန်ရောက်ရင် ပန်းခြံကြီးထဲက ရေကန်ကလေးမှာ ရေတွေ ခဲနေရော့မယ်။ ကန်ထဲမှာ ရေခဲရင် ဘဲကလေးတွေ ဘယ်ကို သွားနေကြပါလိမ့်။ တစ်ယောက်ယောက်က ထရပ်ကားကြီးနှင့် ပေါက်လာပြီး ဘဲကလေးတွေကို တိရစ္ဆာန်ရုံတို့ ဘယ်တို့ကို သွားပို့ကြလိမ့်မယ်လို့ တွေးမိတယ်။ ဒါမှမဟုတ်လဲ တခြားကို

ပျံသွားကြမှာပဲလို့ အတွေးရောက်နေမိတယ်။

တော်တော်တော့ ဆန်းတယ်နော်။ ဆရာနှင့် စကားပြောရင်း တစ်ပြိုင်နက်တည်းမှာပဲ ကျွန်တော့် စိတ်ဟာ ဘဲကလေးတွေဆီကို ရောက်နေတယ်။ ရယ်စရာလဲ အကောင်းသား။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ဆရာ တစ်ယောက်နှင့် စကား ပြောရတာ ဆိုတော့ သိပ်စဉ်းစား မနေရဘဲ ပါးစပ်ထဲ တွေ့ရာ ပြောလိုက်လို့ ရတယ်။ မှားသွားလဲ အကြောင်း မဟုတ်ဘူးလေ။ ဆရာကလဲ သူမေးချင်တာတွေကို တရစပ် မေးနေတုန်းပဲ။

'မင်းစိတ်ထဲမှာ ဘယ်လိုနေသလဲ ဆိုတာတော့ ငါ သိချင်တယ်ကွာ' လို့ ဆရာက မေးတယ်။

'ကျွန်တော့်ကို ကျောင်းက ထုတ်ပစ်တဲ့ ကိစ္စကို ပြောတာလား ဆရာ'

သူ့ရင်ဘတ် ဟောင်းလောင်းကြီး ပေါ်နေတော့ သူ့အင်္ကျီကို ဆွဲပြီး ဖုံးပေးချင်လိုက်တာလေ။ အဘိုးကြီးများ ရင်ဘတ်က နံရိုး ကျိုးတိုးကျဲတဲနှင့် ရင်ဘတ် ဟောင်းလောင်းကြီး ဖြစ်နေတော့ ကြည့်လို့ မကောင်းလှဘူးပေါ့ဗျာ။

'ငါ့အထင်တော့ ဟူတန်ကျောင်းနှင့် အဲ့လ္လတန်ကျောင်းတုန်းကလဲ မင်း ဒီလိုပဲ လုပ်ခဲ့မှာပဲ၊ နေခဲ့မှာပဲလို့ ထင်တယ်'

'အဲ့လ္လတန်တုန်းကတော့ ဒီလို မဟုတ်ပါဘူး ဆရာ၊ ကျွန်တော် စာ မေးပွဲကျလို့ ကျောင်းထုတ်ခံရတာ မဟုတ်ပါဘူး၊ ကျွန်တော် ကိုယ်တိုင်က မနေချင်လို့ ထွက်ခဲ့တာပါ'

'ဘာဖြစ်လို့ ထွက်လာခဲ့တာလဲ'

'ပြောရရင်တော့ အရှည်ကြီးပဲ ဆရာ၊ ဇာတ်လမ်းက ခပ်ရှုပ်ရှုပ်ရယ်'

ဒီအကြောင်းတွေ ဆရာ့ကို ကျွန်တော် ပြန်ပြောမပြချင်ဘူး။ ပြောရင်လဲ သူ နားလည်နိုင်မှာ မဟုတ်ဘူး။ တကယ်တော့ သူ့ကိစ္စလဲ မဟုတ်ဘူး။ ကျွန်တော် အဲ့လ္လတန်ကျောင်းက ထွက်လာတဲ့ အဓိက အကြောင်းရင်းက အဲဒီကျောင်းက ပကာသနတွေ များလွန်းလို့ ထွက်လာခဲ့တာ။ တခြား ဘာ ကြောင့်မှ မဟုတ်ဘူး။ ဥပမာ ကျောင်းအုပ်ဆရာကြီး ဆိုရင် သိပ် ဟိတ်ဟန် များတယ်။ သိပ် အပေါ်ယံ ကျတယ်။ ခု ပင်ဆေ ကျောင်းအုပ်ကြီး ဟိတ်ဟန် များတယ် ဆိုတာက ဘာမှ မဟုတ်သေးဘူး။ အဲ့လ္လတန် ကျောင်းအုပ်ကြီးနှင့် စာလိုက်ရင် ကလေး ကစားစရာလောက်ပဲ ရှိမယ်။ ဥပမာ တနင်္ဂနွေနေ့တွေမှာ ဆိုရင် မိဘတွေက သူတို့ သားသမီးတွေကို ကျောင်းဆောင်မှာ လာတွေ့ကြတယ်။ ဆရာကြီးက လာတဲ့ မိဘတိုင်းကို လက်ဆွဲနှုတ်ဆက်တယ်။ မျက်နှာကို

ပြုံးချိုနေတာပဲ။ ဥပမာ ကျောင်းသားမိဘက ငွေကြေး တတ်နိုင်တဲ့ အထဲက၊ ကြွယ်ပိုးကြွယ်ဝထဲက ဆိုရင် အရေးတယူ သိပ်လုပ်တာပဲ။ ဆင်းဆင်းရဲရဲ နွမ်းနွမ်းပါးပါးထဲက ဆိုရင် ဝတ်ကျေ တန်းကျေလောက်ပဲ နှုတ်ဆက်တယ်။ ဒါတွေ မြင်ရင် ကျွန်တော့် ရင်ထဲမှာ သိပ်ခံပြင်းတယ်။ ဒါနှင့် ကျွန်တော် အက္ကတန်က ထွက်လာရတာ။ တခြား ဘာကြောင့်မှ မဟုတ်ဘူး။

ဆရာက နောက်ထပ် ကျွန်တော့်ကို ဘာတွေ မေးနေတယ် မသိဘူး။ ကျွန်တော်လဲ နားလျှံနေပြီ။ အက္ကတန် ကျောင်းအုပ်ဆရာကြီး အကြောင်းကို အတွေးဝင်နေမိတယ်။

'ခင်ဗျာ'

'ကျောင်းက ထွက်ရတာ မင်း မရှက်ဘူးလား'

'ရှက်တော့ ရှက်တာပေါ့ဆရာ၊ ဒါပေမယ့် သိပ်တော့လဲ မရှက်လှပါဘူး၊ နောင်တော့ မပြောတတ်ဘူးပေါ့ ဆရာ၊ ခုလောလောဆယ်တော့ ကျောင်းက ထွက်ရလို့လဲ ကျွန်တော့်မှာ ဘာမှ မထိခိုက်ပါဘူး၊ ခုကျောင်းမှာ မနေရ တော့ဘူး ဆိုရင် အိမ်ကို ပြန်ရုံပေါ့၊ ကျွန်တော် ဗုဒ္ဓဟူးနေ့မှာ အိမ်ပြန်မလို့ ဆရာ၊ ကျွန်တော် လူမမည်ပဲ ရှိသေးတာ'

'မင်း နောင်ရေး အတွက် မင်း မစိုးရိမ်ဘူးလား'

'စိုးရိမ်တော့ စိုးရိမ်မိတာပေါ့ ဆရာ၊ ဒါပေမယ့် သိပ်ကြီး စိုးရိမ် ကြောင့်ကြတော့လဲ မဖြစ်ပါဘူး ဆရာ'

'အေး ခု မစိုးရိမ်သေးပေမယ့် နောက်ကျတော့ မင်း စိုးရိမ်တတ်လာ လိမ့်မယ် တပည့်၊ အဲဒီတော့ နောက်ကျသွားပြီ'

ကျွန်တော်က သူ ပြောတဲ့ စကားတွေကို နားသာ ထောင်နေရတယ်၊ နားထဲလဲ မဝင်ဘူး။

'ငါ့တပည့် လိမ္မာမှပေါ့ကွာ၊ ငါ တတ်နိုင်သမျှတော့ ကူညီချင်ပါတယ်'

ဟုတ်ပါတယ်။ သူက ကူညီချင်တယ်။ သူ့စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် သူ ဘာမှ မကူညီနိုင်ဘူး။ ဘယ်မှာ ကူညီနိုင် ပါ့မလဲ။ ကျွန်တော်နှင့် ဆရာဟာ တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းလို ခြားနားနေတာကိုး။

'ဟုတ်ပါတယ် ဆရာ၊ ဆရာ့စေတနာကို ကျွန်တော် ယုံကြည်ပါတယ်၊ လေးလဲ လေးစားပါတယ်'

အိပ်ရာပေါ်က ကျွန်တော် ထရပ်လိုက်တယ်။ နောက်ထပ် ဆယ်မိနစ်

http://nyisay.com



လောက်တောင် မထိုင်ချင်တော့ဘူး ကိုယ့်လူရေ။ နောက် ဆယ်မိနစ်လောက် ဆက်ထိုင်ရရင် သေလိမ့်မယ် ထင်တယ်။

'ကျွန်တော် သွားတော့မယ် ဆရာ၊ အားကစားရုံထဲမှာ ကျွန်တော် ပစ္စည်းတွေ သိမ်းစရာ ရှိသေးတယ်'

ဆရာဟာ ကျွန်တော့်ကို မော့ကြည့်ပြီး စိတ်မကောင်းတဲ့ အမူအရာနှင့် ခေါင်း တညိတ်ညိတ် လုပ်နေတယ်။ ကျွန်တော်လဲ သူ့အတွက် စိတ်မကောင်း ပါဘူး။ ဒါပေမယ့် ကျွန်တော် ဒီနားမှာ ထိုင်နေလို့ မဖြစ်သေးဘူးလေ။ ကျွန် တော့်မှာ သိမ်းစရာ ဆည်းစရာတွေ ရှိသေးတယ်။ ပြီးတော့ သူ့ပစ္စည်း တစ်ခုကို ခုတင်ပေါ် တင်တိုင်း အောက်ကျလို့ ကောက်ပေးနေတာမျိုးကိုလဲ မလုပ်ချင် ဘူး။ ရေချိုးဝတ်ရုံကြီး ဖိုးရိုးဖားရားနှင့် နေတာကိုလဲ မကြည့်ချင်ဘူး။ သူ့ အခန်းထဲက ဗစ်ပရုတ်ဆီနံ့ကိုလဲ မခံချင်တော့ဘူး။

'ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်တော့်အတွက် ဒီလောက်လဲ စိတ် မပူပါနှင့်၊ အချိန်တန်တော့ အထိုက်အလျောက်တော့ ဖြစ်သွားမှာပါ၊ ဒီပြင် လူတွေလဲ ဒီလိုပဲ အခက်အခဲတွေကို ဖြတ်ကျော်ပြီး အချိန်တန်တော့လဲ အထိုက် အလျောက် ဖြစ်သွားကြတာပါပဲ'

'ဒါတော့ ငါလဲ မသိဘူး'

ဒီလို ဆင်ဝှေ့ရန်ရှောင် ပြောတာမျိုး ကျွန်တော် အရမ်း မုန်းတယ်။

'ဟုတ်ပါတယ် ဆရာ၊ ဒီလိုပဲ ဖြစ်သွားကြတာပါပဲ၊ ကျွန်တော့် အတွက် ဒီလောက် မပူပါနှင့်'

'မသွားခင် ချောကလက် ပူပူကလေး တစ်ခွက်လောက် သောက်သွား ပါဦးလား၊ မင်း ဆရာကတော်က.....'

'တော်ပြီ ဆရာ၊ ကျေးဇူး တင်ပါတယ်၊ အားကစားရုံမှာ ကျွန်တော် အားကစား ပစ္စည်းတွေ သိမ်းစရာ ရှိသေးလို့ပါ'

ပြီးတော့ ကျွန်တော် နှုတ်ဆက်တယ်၊ ဆရာက ကျွန်တော့်ကို ဆုံးမ သြဝါဒတွေပေးတယ်။ ကျွန်တော် ဆရာ့အတွက် စိတ်မကောင်းပါဘူး၊ တကယ် ပါ။

'ဆရာ့ ကျန်းမာရေးလဲ ဂရုစိုက်ပါ ဆရာ'

'အေး၊ အေး၊ ကဲ သွားပေတော့ တပည့်'

ဆရာ့ အခန်းတံခါးကို ကျောပေး ပိတ်ပစ်ခဲ့ပြီး ဧည့်ခန်းဘက်ကို လျှောက် လာခဲ့တယ်။ ဆရာ ကျွန်တော့်ကို လှမ်းအော်ပြောတယ်။ ဒါပေမယ့် ကျွန်တော်

လေလွင့်သူ

ကောင်းကောင်း မသဲကွဲလိုက်ဘူး။ 'ငါ့တပည့် ကံကောင်းပါစေကွာ' လို့ ပြော လိုက်တယ် ထင်တာပဲ။ ကျွန်တော်ကတော့ သူများအတွက် ဒီလို ဘယ်တော့မှ ပြောလေ့ မရှိဘူး။ 'ကံကောင်းပါစေ' လို့ ဘယ်တော့မှ မပြောဘူး။ ကိုယ် ကံမကောင်း အကြောင်းမလှ ဖြစ်နေချိန်မှာ ဒီစကားဟာ တော်တော် နားခါး ဖို့ ကောင်းတဲ့ စကား။

# ၃

အမှန်က ကျွန်တော်ဟာ တော်တော် လိမ္မာတတ်တဲ့ကောင်။ တကယ် ပြော ဘာ။ စတိုးဆိုင်ကို သွားပြီး မဂ္ဂဇင်း အဝယ်သွားတုန်း တစ်ယောက်ယောက်က ဘယ်ကို သွားမလို့လဲ မေးလို့ရှိရင် ကျွန်တော်က ဇာတ်ပွဲ သွားကြည့်မလို့လို့ ဖြေချင် ဖြေတာ။ တကယ်တော့ မကောင်းဘူး။ ခုလဲ ဆရာ့ကို အားကစားရုံမှာ အားကစား ပစ္စည်းတွေ သွားသိမ်းရဦးမယ်လို့ ကျွန်တော် ပြောခဲ့တယ်။ ဒါ ပက်သက် လိမ်ခဲ့တာပဲ။ ကျွန်တော့်မှာ အားကစားရုံ သွားသိမ်းစရာ ဆိုလို့ ဘ အားကစား ပစ္စည်းမှ မရှိဘူး။

ပင်ဆေကျောင်းမှာ နေတုန်းက ကျွန်တော် နေရတဲ့ အဆောင်က 'အိုဇင် ဘဂျား ဆောင်' လို့ ခေါ်တယ်။ အောက်တန်းနှင့် အထက်တန်းတွေပဲ နေ တယ်။ ကျွန်တော်က အောက်တန်း ကျောင်းသား။ ကျွန်တော့် အခန်းဖော်က ခထက်တန်း ကျောင်းသား။ ပင်ဆေကျောင်းမှာ နေသွားခဲ့ဖူးတဲ့ အိုဇင်ဘဂျား ဒိုတဲ့ လူတစ်ယောက်ရဲ့ အမည်ကို အစွဲပြုပြီး ခေါ်ထားတာ။ သူက ပင်ဆေ ကျောင်းက ထွက်ပြီး စီးပွားရေး လုပ်ရင်း တော်တော် 'ထော' သွားတယ်။ းပွားရေး လုပ်ငန်း ဆိုတာ တခြား မဟုတ်ဘူး။ အသုဘ ခေါင်းရောင်းတဲ့ ၃ပ်ငန်း။ တစ်ပြည်လုံးမှာ အဲဒီလုပ်ငန်းတွေ ဖွင့်ပြီး ကြီးပွားသွားတယ်။ ၃ဘရာဇာ လုပ်ငန်း လုပ်တာ။ လူတစ်ယောက် သေရင် ငါးဒေါ်လာ သူ့ဆီ ၊ပ်ရတယ်။ သူ ဘယ်လို လုပ်တယ် ထင်သလဲ။ လူသေကို ဂုန်အိတ်ထဲ ၊ည့်ပြီး မြစ်ထဲ မျှောလိုက်တာပဲခင်ဗျ။ ဘာပဲ ပြောပြော သူ ဒီလုပ်ငန်းနှင့် ဦးပွားသွားပြီး ပင်ဆေကျောင်းကို အဆောင် တစ်ဆောင် ဆောက်လှူလို့ ဆို အိုဇင်ဘဂျားဆောင် ဆိုပြီး ခေါ်နေပြီလေ။ ဘောပွဲ ရာသီတွေ ရောက်လို့

http://nyisay.com



ဘောလုံးပွဲ စပြီ ဆိုရင် ပထမဆုံး ကွင်းဖွင့်တဲ့ အခါ ကာဒီလက်ကား အသစ်စက်စက်ကြီးနှင့် သူ ရောက်လာတတ်တယ်။ ကျွန်တော်တို့ အားလုံးက မတ်တတ်ရပ်ပြီး သူ့ကို ဩဘာပေးရတယ်။ အဲ နောက်တစ်နေ့ မနက် ဘုရားရှိခိုးချိန်လဲ ရောက်ရော ဘုရားရှိခိုးကျောင်းထဲမှာ ဆယ်နာရီလောက်ကြာတဲ့ မိန့်ခွန်းကြီးကို ခြွေတော့တာပါပဲ။ ဆီသည်မ လက်သုတ်ဖတ်လို ဟောင်းနွမ်း ဆွေးမြည့်နေတဲ့ ပြက်လုံးတွေနှင့် အစချီတော့တာပါပဲ။ သုဘရာဇာ ဆိုပေမယ့် သူလဲ သူလို ကိုယ်လို လူပါ ဆိုတဲ့ သဘောကို ပြတာပါပဲ။ တော်တော် လာတဲ့လူ။ နောက်တော့ သူ ဘယ်လို အခက်အခဲ တွေ့တွေ့ ဘယ်လို ဒုက္ခ ရောက်ရောက် ရှက်ကြောက်တတ်ခြင်း မရှိတဲ့ အကြောင်း၊ ဘုရားဆီကို ကိုးကွယ် ဆည်းကပ်တဲ့ အကြောင်း၊ ကျွန်တော်တို့လဲ ဘယ်နေရာ ရောက်ရောက် ဘုရားကို ကိုးကွယ် ဆည်းကပ်သင့်ကြောင်း ပြောတော့တာပါပဲ။

သူဟာ အမြဲတမ်း ဘုရားကို ဆည်းကပ် ကိုးကွယ်တဲ့ အကြောင်း မော်တော်ကား မောင်းနေတုန်းမှာတောင် ဘုရားစာ ရွတ်တဲ့ အကြောင်း ပြောတယ်ဗျ။ ကျွန်တော်ဖြင့် အံ့ရောဗျာ။ ကျွန်တော် မြင်သေးတယ်၊ ဒီလူကြီးဟာ ဂီယာ ပြောင်းသွင်းရင် နောက်ထပ် အလောင်းများများ ရပါစေလို့ ဆုတောင်းနေမှာလား မသိဘူး။ အဲ အလယ်ပိုင်းလောက်ကျတော့ သူ့မိန့်ခွန်းက နားထောင်လို့ ကောင်းလာတယ်ဗျ။ သူဟာ ဘယ်လောက် တော်တဲ့ လူ တစ်ယောက် ဖြစ်ကြောင်း၊ ဟော့ရှော့ ဖြစ်လာကြောင်း ဘာညာပေါ့ဗျာ။ ဒီတုန်းမှာ ရှေ့ဆုံးတန်းမှာ ထိုင်နေတဲ့ အင်္ဂါ ဆိုတဲ့ ကောင်က မအောင့်နိုင်ဘဲ ဘူခနဲ လေ လည်လိုက်တယ်။ ဘုရားရှိခိုးကျောင်းထဲက လူပုံအလယ်မှာ ဒီလို လေလည်တာ ကောင်းတော့ မကောင်းဘူးပေါ့။ ဒါပေမယ့် ရယ်တော့ ရယ်ရတယ်။ သူ့ လေသံကလဲ ပြင်းလိုက်ပုံများ အမိုးတောင် လန်ထွက်သွားမလား အောက်မေ့ရတယ်။ ကြားတဲ့လူတွေလဲ ကျိတ်ရယ်ကြရတာပေါ့။ ဒါပေမယ့် အိုဇင်ဘာဂျားကတော့ ခပ်တည်တည်ပဲ မကြားချင်ယောင် ဆောင်ပြီး သူ့ မိန့်ခွန်း ဆက်ခြွေနေတယ်။ စင်မြင့်ပေါ် သူ့ဘေးမှာ ထိုင်နေတဲ့ ဆရာကြီးကတော့ ကြားတာပေါ့ဗျ။ ကိုယ့်လူရေ ဆရာကြီး စိတ်ဆိုးလိုက်ပုံတော့ မပြောပါနှင့်တော့။ ဘာမှတော့ မပြောဘူးဗျ။ ဒါပေမယ့် နောက်တစ်နေ့ကျတော့ ကျွန်တော်တို့ ကျောင်းဆောင်ကို လာပြီး ကျွန်တော်တို့ အားလုံး စာကြည့်ခန်းထဲမှာ စုရမယ်လို့ ပြောပြီး လက်ချာ ပေးတော့တာပါပဲ။ ဘုရားရှိခိုးကျောင်းထဲမှာ ဆူဆူညံညံ လုပ်တဲ့ လူဟာ ပင်ဆေကျောင်းနှင့် ထိုက်တန်ခြင်း မရှိကြောင်း

ဘာကြောင်းပေါ့ဗျာ။ ဒီလို လက်ချာ ပေးနေတုန်း ကျွန်တော်တို့က အဂ္ဂါကို တစ်ချက်လောက် အမြောက် ဖောက်ဖို့ မြောက်ပေးကြပါသေးတယ်။ ဒါပေမယ့် ကိုယ်တော်ချောကလဲ ဒီအချိန်မှာ စိတ်မလာဘူးတဲ့။ အမြောက်ပစ်လို့ မရဘူးတဲ့။ ထားပါလေ၊ ဒါက ကျွန်တော် ပင်ဆေကျောင်းမှာ နေခဲ့တုန်းက အိုဇင်ဘာဂျားဆောင်မှာ ဘယ်လို နေခဲ့ရတယ် ဆိုတာကို စကားစပ်မိလို့ ပြောတာပါ။

ဆရာ့အိမ်က နေပြီး အခန်း ပြန်ရောက်တော့ ကျွန်တော် တော်တော် အမော ပြေသွားတယ်။ ကျောင်းဆောင်ထဲက အားလုံး ကစားကွင်းကို သွားနေလို့ အဆောင်ထဲမှာ လူ သိပ်မရှိဘူး။ အခန်းထဲမှာ အပူဓာတ် ပေးထားတဲ့ အတွက် နွေးနေတယ်။ ကုတ်အင်္ကျီကို ချွတ်၊ လည်စည်းကို ဖြုတ်၊ ကော်လာကို ကြယ်သီး ဖြုတ်လိုက်တယ်။ ပြီးတော့ အဲဒီနေ့ မနက်က နယူးရော့က ဝယ်လာတဲ့ ဦးထုပ်ကို ဆောင်းကြည့်လိုက်တယ်။ ဦးထုပ်က အမဲလိုက် ဦးထုပ်လို့ ခေါ်ကြတဲ့ အနီရောင် ဦးထုပ်ကလေး။ ကြက်လျှာစွန်းက ခပ်ရှည်ရှည်။ မြေအောက်ဘူတာက တက်လာတော့ အားကစား ပစ္စည်းဆိုင် တစ်ခုမှာ တွေ့တာနှင့် ကျွန်တော် ဝယ်လာခဲ့တာ။ ကျွန်တော်က ဦးထုပ်ကို နောက်လှန်ပြီး ဆောင်းတတ်လေတော့ ခုလဲ ဦးထုပ်ကို နောက်လှန်ပြီး ဆောင်းလိုက်တယ်။ ဒီလိုဆောင်းရင် ကိုယ့်ကိုယ်ကိုယ် ကြည့်လို့ လှတယ် ထင်တာကိုး။ ပြီးတော့ ကျွန်တော် ဖတ်လက်စ ချထားတဲ့ စာအုပ်ကို ကောက်ကိုင်ပြီး ကုလားထိုင် တစ်လုံးပေါ်မှာ ထိုင်လိုက်တယ်။ ကျွန်တော်တို့ အဆောင်က အခန်းတိုင်းမှာ ကုလားထိုင် နှစ်လုံးစီ ရှိတယ်။ ကျွန်တော်က တစ်လုံး၊ ကျွန်တော့် အခန်းဖော် စထရက်လေတာက တစ်လုံး။ လက်တင်တွေကတော့ တော်တော် အခြေအနေ ဆိုးနေပြီ။ ထိုင်ရင် လက်တင်တွေပေါ်မှာချည်း တက်တက် ထိုင်ကြတာကိုး။ ဘယ်မှာ အကောင်း ရှိပါတော့မလဲ။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် တော်တော် ထိုင်လို့ ကောင်းတဲ့ ကုလားထိုင်တွေပါ။

ကျွန်တော် ဖတ်နေတဲ့ စာအုပ်က စာကြည့်တိုက်က မှားပြီး ထုတ်လာမိတဲ့ စာအုပ်။ သူတို့က မှားထုတ်ပေးလိုက်တော့ ကျွန်တော်လဲ ဘုမသိ ဘမသိနှင့် ယူလာခဲ့တာ။ အခန်း ရောက်တော့မှ စာအုပ် မှားထုတ်လာမှန်း သိတယ်။ စာအုပ်က အိုက်ဆက် ဒင်နီဆန် ရေးတဲ့ 'အာဖရိကမှ အပြန်' ဆိုတဲ့ စာအုပ် ခင်ဗျ။ အလကား စာအုပ်လို့ ထင်မိတာ မဟုတ်ဘူး ခင်ဗျ။ တော်တော် ကောင်းတဲ့ စာအုပ်။ ကျွန်တော်က စာနှင့် ပေနှင့် သိပ်နီးစပ်တဲ့ကောင် မဟုတ်ဘူး။ ဒါပေမယ့် ဖတ်လို့ ကောင်းကောင်းနှင့် စာမျက်နှာ တော်တော်များများ

ဖတ်လိုက်မိတယ်။ ကျွန်တော် အကြိုက်ဆုံး စာရေးဆရာကတော့ ကျွန်တော့် အစ်ကို ဒီဘီပဲ။ နောက် ဒုတိယ ကြိုက်တာကတော့ ရင်း လာ့ဒ်နား ဆိုတဲ့ စာရေးဆရာ။ ပင်ဆေကျောင်းကို မလာခင် ကျွန်တော့်မွေးနေ့မှာ အစ်ကိုက ရင်းလာ့ဒ်နားရဲ့ စာအုပ်တစ်အုပ်ကို လက်ဆောင် ပေးတယ်။ စာအုပ်က ပြဇာတ် စာအုပ်။ ရယ်လဲ ရယ်ရတယ်။ ဖတ်လို့လဲ ကောင်းတယ်။ အဲဒီထဲမှာ မော်တော်ကားကို အမြန်မောင်းလေ့ ရှိတဲ့ ကောင်မလေးချောချော တစ်ယောက်ကို ချစ်မိတဲ့ ယာဉ်ထိန်း ရဲတစ်ယောက်ရဲ့ ဇာတ်လမ်း။ သူ့မှာ မိန်းမ ရှိပြီးသား ဖြစ်လေတော့ ကောင်မလေးကို ချစ်ပေမယ့် လက်ထပ်လို့လဲ မဖြစ်ဘူး။ နောက်တော့ ကောင်မလေးလဲ ကားအမြန် မောင်းလွန်းတော့ တစ်နေ့မှာ ကားတိုက်ပြီး သေသွားတယ်။ ကောင်းလိုက်တဲ့ ဇာတ်လမ်းကလေးပဲ ကိုယ့်လူရာ။ အပြတ်မိုက်တာပဲ။ ကျွန်တော် အကြိုက်ဆုံးကတော့ ဟာသစာအုပ်တွေပဲ။ ကျွန်တော်ဟာ ဂန္ထဝင် စာပေတွေကိုလဲ ဖတ်တော့ ဖတ်ပါတယ်။ ဥပမာ တောမတ်စ် ဟာဒီရဲ့ 'ကိုယ့်ဇာတိသို့ အပြန်' ဆိုတဲ့ ဝတ္ထုမျိုး ဆိုပါတော့။ ဒီလို စာအုပ်မျိုးတွေကိုလဲ ကျွန်တော် ကြိုက်ပါတယ်။ ပြီးတော့ စစ်အကြောင်း ရေးထားတဲ့ စာအုပ်တွေကိုလဲ ကျွန်တော် ဖတ်တယ်။ လျှို့ဝှက် သည်းဖိုတို့ ဘာတို့ကိုလဲ ဖတ်တယ်။ ဒါပေမယ့် အဲဒီ စာအုပ်မျိုးတွေကိုတော့ အကြိုက်ကြီး မဟုတ်လှဘူး။ အကြိုက်ဆုံးက စာအုပ်တစ်အုပ်ကို ဖတ်ပြီးသွားတာနှင့် စာရေးဆရာဟာ ကိုယ့်မိတ်ဆွေ သူငယ်ချင်းလို ဖြစ်သွားပြီး တယ်လီဖုန်းနှင့် ကောက် စကားပြောချင်လောက်အောင် ရေးထားတဲ့ စာအုပ်မျိုးကို အကြိုက်ဆုံးပဲ။ သို့သော် ဒီလို စာအုပ်မျိုးက အရှားသားကလား။ ဥပမာ အိုက်ဆက် ဒင်နီဆန်တို့၊ ရင်းလာ့ဒ်နားတို့ ဆိုရင် သူတို့ စာအုပ်တွေကို ဖတ်ပြီးတာနှင့် တယ်လီဖုန်းနှင့် လှမ်းပြီး စကား ပြောချင်လာတယ်။ ကျွန်တော့်အစ်ကို ဒီဘီက သူတို့ မရှိတော့ဘူး သေပြီလို့ ပြောလို့သာ မဆက်ဖြစ်တာ။ နို့မဟုတ်ရင် တယ်လီဖုန်း ဆက်ဖြစ်ဦးမှာ။ ဆမ္မားဆက်မွန်ရဲ့ 'သံယောဇဉ်'ဆိုတဲ့ စာအုပ် ဆိုပါတော့။ အဲဒီ ဝတ္ထုကို မနှစ်က နွေကျောင်း အပိတ်မှာ ကျွန်တော် ဖတ်တယ်။ ဝတ္ထုကလေးက လှပါတယ်။ ကောင်းလဲ ကောင်းပါတယ်။ ဒါပေမယ့် ဘာဖြစ်လို့မှန်းတော့ မသိဘူး။ စောစောက ပြောသလို ဆမ္မားဆက်မွန်ဆီကို တယ်လီဖုန်းနှင့် လှမ်း စကား ပြောချင်လောက်အောင် မဖြစ်ဘူး။ ဆမ္မားဆက်မွန်ဟာ ကျွန်တော် သွားတွေ့ပြီး စကားပြောချင်တဲ့ လူမျိုး မဟုတ်ဘူး။ သူ့ထက်စာရင် တောမတ်စ် ဟာဒီကို သွားတွေ့ချင်သေးတယ်။ သူ့ဝတ္ထုထဲက ယူစတာ ဗီယာဗိုင်း ဆိုတဲ့ ကောင်မလေးကို ကျွန်တော်

သဘောကျမိတယ်လေ။

ထားတော့၊ ကျွန်တော်လဲ ဦးထုပ် အသစ်လေးကို ဆောင်း၊ ကုလားထိုင်ပေါ်မှာ အကျထိုင်ပြီး 'အာဖရိကမှ အပြန်' ဆိုတဲ့ ခရီးသွား မှတ်တမ်းကို ဖတ်တယ်။ တစ်ခေါက်တော့ ဖတ်ပြီးသားပါ။ ဒါပေမယ့် အဲဒီအထဲက တချို့ အခန်းလေးတွေ ပြန်ဖတ်ချင်တာနှင့် ပြန်ဖတ်တာပါ။ သုံးမျက်နှာလောက် ဖတ်ပြီးကာစပဲ ရှိသေးတယ်။ ရေချိုးခန်း ကန့်လန့်ကာ နောက်ဘက်ဆီက ခြေသံ တစ်သံကို ကျွန်တော် ကြားလိုက်ရတယ်။ မော့မကြည့်ပေမယ့် ဘယ်သူလဲ ဆိုတာ ကျွန်တော် သိလိုက်ပါတယ်။ ကျွန်တော်နှင့် အခန်းချင်းကပ်လျက်နေတဲ့ ရောဗတ်ရယ်လေ။ ကျွန်တော်တို့ အဆောင်မှာ နှစ်ခန်းကြား နှစ်ခန်းကြားမှာ ရေချိုးခန်း တစ်ခု ထားတယ်။ ရောဗတ်ဟာ တစ်နေ့ကို အခါတစ်ရာလောက် ရေချိုးသလား မသိဘူး။ ရေချိုးခန်းထဲချည်း ဝင်နေတာပဲ။ အဆောင်မှာ ဘောလုံးပွဲမသွားတဲ့သူ ဆိုလို့ သူနှင့် ကျွန်တော်ပဲ ကျန်တယ်။ ဒီကောင်က ဘယ်ကိုမှ သွားလေ့ မရှိဘူး။ လူက ခပ်ကြောင်ကြောင်ရယ်။ သူက အတန်းကြီးသမား။ လေးနှစ်လုံးလုံး ပင်ဆေ ကျောင်းမှာချည်းပဲ နေခဲ့တာ။ ဒါပေမယ့် သူ့ကို ဘယ်သူကမှ ရောဗတ်လို့ မခေါ်ဘူး။ သူ့မိသားစုနာမည် အက်ကလေလို့ပဲ ခေါ်တယ်။ သူ့အခန်းဖော် ဟားဗတ်ကတောင်မှ သူ့ကို ရောဗတ်လို့ မခေါ်ဘူး။ မိန်းမ ရရင်တောင် သူ့မိန်းမကလဲ အက်ကလေလို့ ခေါ်မှာပဲ ထင်တယ်။ အရပ်ကလဲ လန်ဘားကြီး၊ ခြောက်ပေ လေးလက်မ ရှိတယ်။ ပခုံး တောင့်တောင့်ရယ်။ သွားတွေကတော့ တော်တော့်ကို စိတ်ပျက်စရာကောင်းတယ်။ ကျွန်တော်နှင့် အခန်းချင်း ကပ်နေတာ ကြာလှပြီ။ သွားတိုက်တာ တစ်ခါမှ မတွေ့ဖူးသေးဘူး။ သွားချေးတွေချည်းပဲ။ ထမင်းစားခန်းမှာ အာလူးပြုတ်တို့၊ ဘာတို့ကို ပလုတ်ပလောင်း စားလာပြီ ဆိုရင် သိပ်စိတ်ပျက်စရာ ကောင်းတာပဲ။ အနားမှာတောင် မထိုင်ချင်ဘူး။ ပြီးတော့ ဝက်ခြံတွေကလဲ ထူလပျစ်နှင့်။ သူများတွေလို နဖူးလောက် မေးစေ့လောက်တင် မဟုတ်ဘူး။ မျက်နှာ တစ်ခုလုံး ပွနေတာပဲ။ အရုပ်ဆိုးရုံတင် မကဘူး။ အကျင့်ကလဲ တန်သေးတယ်။ အမှန် ပြောရရင်တော့ သူ့ကို သိပ်ပြီး အပေါင်းအသင်း လုပ်ချင်တာ မဟုတ်ဘူး။

ကျွန်တော့် ကုလားထိုင် နောက်က ရေချိုးခန်း တံခါးနား ရောက်သွားတော့ သူ့ခြေသံဟာ ရပ်သွားတယ်။ ကျွန်တော့် နောက်က ရပ်ပြီး အခန်းထဲမှာ ကျွန်တော့် အခန်းဖော် စထရက်လေတာ ရှိမရှိကို လှမ်းကြည့်တာလို့ ထင်တယ်။

http://nyisay.com



သူက စထရက်လေတာကို တော်တော် မုန်းတယ် ခင်ဗျ။ စထရက်လေတာတင် မဟုတ်ပါဘူးလေ၊ တော်တော့်လူနှင့် သူနှင့် မဖြစ်ပါဘူး။ စထရက်လေတာ ရှိရင် အခန်းထဲကို ဘယ်တော့မှ အဝင်မခံဘူး။

ရောဗတ်ဟာ ရေချိုးခန်းပေါက်ကနေပြီး ကျွန်တော့် အခန်းထဲကို ဝင်လာပါတယ်။

'ဟေ့' လို့ ကျွန်တော့်ကို လှမ်းခေါ်တယ်။ သူ ခေါ်ရင် ဘယ်တော့မှ နာမည် မခေါ်ဘူး။ 'ဟေ့' လို့ပဲ အမြဲ ခေါ်တတ်တယ်။ သူ ငြီးငွေ့ရင် ပျင်းရင်လဲ ဟေ့ ဆိုပြီး တဟေ့ဟေ့နှင့် နေတာပဲ။ ကြည့်ရတာက ကျွန်တော့် အခန်းကို တမင် အလည်လာတာ မဟုတ်ဘဲ ကြုံလို့ ဒါမှ မဟုတ်ရင်လဲ အခန်း မှားလို့ ရောက်လာတဲ့ပုံမျိုး လုပ်ချင်တယ်။

ကျွန်တော်ကလဲ 'ဟေ့' လို့ပဲ ပြန်အော်လိုက်ပြီး မော့မကြည့်ဘဲ စာဖတ်မြဲ ဖတ်နေတယ်။ ဟုတ်တယ်လေ၊ ရောဗတ်လို ကောင်မျိုးက ခေါ်လို့ အရေးတယူ လုပ်နေလို့ ဖြစ်တာ မဟုတ်ဘူး။ ကိုယ်လဲ တုံးပဲ ဖြစ်သွားမှာပေါ့။ ဒီတော့ ကျွန်တော်က မော့တောင် မကြည့်ဘူး။ မော့ကြည့်ရင်လဲ နောက် ဖြည်းဖြည်းကျမှ ကြည့်တယ်။

ရောဗတ်ဟာ သူ့ထုံးစံအတိုင်း လေးတိလေးကန်နှင့် ကျွန်တော် ထိုင်နေတဲ့ နေရာကို လျှောက်လာတယ်။ လျှောက်လာရင်းလဲ လက်က အငြိမ် မနေဘူး။ လမ်းမှာ တွေ့တဲ့ စားပွဲပေါ် ဗီရိုပေါ်မှာ တွေ့သမျှ ပစ္စည်းကို ဟိုဟာကိုင် သည်ဟာကိုင်နှင့် လုပ်လာတယ်။ တကယ်ဗျာ၊ တော်တော် သည်းခံရတယ်။

'တို့ကျောင်းက လုံသိုင်းကစားတာ ဘယ့်နှယ်လဲ၊ နိုင်ခဲ့ရဲ့လား' လို့ မေးတယ်။ အမှန်က သူ ဒါတွေကို နည်းနည်းမှ ဂရုစိုက်တာ မဟုတ်ပါဘူး။ ကျွန်တော် စာဖတ်တာ ရပ်သွားအောင် သက်သက် တမင် စကားမရှိ စကားရှာတာ။

'ဘယ့်နှယ်လဲ၊ တို့ကျောင်းက နိုင်သလား ရှုံးသလား'

'မနိုင်လဲ မနိုင်ဘူး၊ ရှုံးလဲ မရှုံးဘူး' လို့ ကျွန်တော်က သူ့ကို မော့မကြည့်ဘဲ ဖြေလိုက်တယ်။

'ဘာပြောတယ်'

ခက်တာက ရောဗတ်ဟာ စကား တစ်ခွန်းကို နှစ်ခါ ထပ်ထပ်ပြီး ပြောတတ်တယ်။

လေလွင့်သူ

'မနိုင်လဲ မနိုင်ဘူး၊ မရှုံးလဲ မရှုံးဘူး' လို့ ကျွန်တော်က ထပ်ဖြေတယ်။ ပြီးတော့ ကျွန်တော့် ဗီရိုပေါ်က ဘာ ပစ္စည်းတွေ လျှောက်ကိုင်ဦးမလဲလို့ ကျွန်တော် မသိမသာ အကဲခတ် ကြည့်လိုက်တယ်။ လက်စသတ်တော့ ကိုယ့်လူ က နယူးရော့မှာ ကျွန်တော် သွားသွားရစ်နေတဲ့ ဆယ်လီ ဆိုတဲ့ ကောင်မလေး ဓာတ်ပုံကို ကြည့်နေတာကိုး။ ဒီဓာတ်ပုံကို ကျွန်တော့်အခန်း ရောက်ကတည်းက ဒီကောင် ကြည့်တာ အခါပေါင်း မရေတွက်နိုင်တော့ဘူး။ အကြိမ် ငါးထောင် လောက်ရှိပြီ ထင်တယ်။ ပြီးတော့ ကြည့်ပြီးရင်လဲ သူ့နေရာသူ ဘယ်တော့မှ ပြန်မထားဘူး ခင်ဗျ။ တစ်နေရာမှာ သွားထားတာချည်းပဲ။ ကြာတော့ တမင် များ လုပ်နေသလားလို့တောင် ထင်လာတယ်။

'ဘာ ဘယ်သူမှ မနိုင်ဘူး ဟုတ်လား၊ ဘယ်လိုဖြစ်လို့လဲ'

'မြေအောက် ဘူတာမှာ ငါ့ကြောင့် ပစ္စည်းတွေ ပျောက်ကုန်လို့' လို့ ကျွန်တော်က သူ့ကို မကြည့်ဘဲ ဖြေလိုက်တယ်။

'ဘာ မြေအောက် ဘူတာရုံထဲမှာ မင်းကြောင့် ပျောက်သွားတယ် ဟုတ်လား၊ ဒုက္ခပဲ'

'တို့က မြေအောက် ဘူတာ မှားပြီး ဆင်းမိတာကိုး၊ ဒါနှင့် နံရံမှာ ချိတ်ထားတဲ့ မြေပုံကို သွားကြည့်နေတုန်း ပစ္စည်းတွေ ပျောက်သွားတာ'

သူက ကျွန်တော့် ကုလားထိုင်ရှေ့ မီးရောင် ကွယ်ပြီး လာရပ်တယ်။ ကျွန်တော်က.....

'ဟော့ကောင် ဖယ်ကွာ၊ မင်း ရောက်ကတည်းက ဒီဝါကျကို ဖတ်နေတာ အကြိမ် နှစ်ဆယ်လောက် ရှိပြီ'

ဒိပြင်လူ ဆိုရင် ဒီလောက် ပြောလိုက်ရင် နားလည်တယ်။ မလာစေ ချင်လို့ ဆိုတာ။ ဒါပေသည့် ဒီကောင်က နားမလည်ဘူး။

'ဒါဖြင့် မင်းကို အလျော်ခိုင်းမယ် ထင်တယ်'

'ဘယ်သိမလဲကွ လျော်ဗလျော်ပေါ့၊ ဟော့ကောင် ထိုင်မှာဖြင့် ထိုင်၊ မကွယ်နှင့်'

သူက 'ဟော့ကောင်' လို့ ဆိုရင် မကြိုက်ဘူး။ သူက ဆယ့်ရှစ်နှစ်၊ ကျွန်တော်က ဆယ့်ခြောက်နှစ် ဆိုတော့ သူက ကြီးတယ်ပေါ့လေ။ ဒါကြောင့် သူ့ကို ဒီလို ခေါ်ရင် မကြိုက်ဘူး။ သူ့ကို အဲဒီလို ခေါ်ရင် သိပ်စိတ်ဆိုးတာပဲ။

သူက တော်တော်နှင့် မဖယ်ဘူး။ ရပ်မြဲ ရပ်နေတယ်။ နှစ်ခါ သုံးခါ လောက် ပြောတော့မှ ဖယ်ပေးတယ်။ အကျင့်က ဒီလိုပဲ ညစ်ပတ် စုတ်ပွဲတယ်။

'ဘာတွေ ဖတ်နေတာလဲကွ'

'အလကား စာအုပ်ပါကွာ'

သူက ကျွန်တော့် လက်မှာ ကိုင်ထားတဲ့ စာအုပ်ကို တွန်း လိုက် ပြီး စာအုပ် နာမည်ကို ကြည့်တယ်။

'ကောင်းသလား'

'ဒီဝါကျကို ငါဖတ်နေတာ အကြိမ် နှစ်ဆယ်လောက် ရှိနေပြီ' လို့ ကျွန်တော်လဲ ခပ်ချဉ်ချဉ်နှင့် ပြောလိုက်တယ်။ ကျွန်တော်ကလဲ စိတ်ချဉ် ပေါက်လာပြီ ဆိုရင် အရွဲ့တိုက် ပြောတတ်တယ် မဟုတ်လား။ ဒါတွေ ငနဲက မရိပ်မိဘူး။ အခန်းထဲ ဟိုသွား ဒီသွား လုပ်ရင်း ကျွန်တော့် ပစ္စည်းနှင့် စထ ရက်လေတာ ပစ္စည်းတွေကို ဟိုကိုင် သည်ကိုင် လုပ်နေပြန်တယ်။ နောက်ဆုံး တော့ ကျွန်တော်လဲ စာအုပ်ကို ကြမ်းပြင်ပေါ် ဗုန်းခနဲ ပစ်ချလိုက်တယ်။ အခန်းထဲမှာ ရောဗတ်လိုကောင် ရောက်နေရင် ဘယ့်နှယ်လုပ် စာဖတ်လို့ ရတော့မှာလဲ။ တော်တော် ခက်တဲ့ကောင်။

ကျွန်တော်ဟာ ကုလားထိုင် နောက်မှီကို လျှောမှီထိုင်လိုက်ရင်း အခန်း ထဲမှာ ရောဗတ် စိတ်တိုင်းကျ မွှေနှောက်နေတာကို ကြည့် နေ လိုက် တယ်။ နယူးရော့ကို သွားရလို့ ခရီး ပန်းလာတော့ ကျွန်တော် အိပ်ချင်လာတာနှင့် သမ်းလိုက်တယ်။ ပြီးတော့ ကျွန်တော် တစ်မေး မေးလိုက်တယ်။ ကျွန်တော် ပင်ပန်းလာလို့ မေးချင်တယ် ဆိုရင် ဒီလိုပဲ ထိုင်လျက် မေးလိုက်တာပဲ။ တောလိုက် ဦးထုပ်ကလေးကို မျက်စိ ဖုံးအောင် ဆောင်းလိုက်ပြီး ဦးထုပ် ကြက်လျှာကို မျက်လုံး ဖုံးအောင် ဆောင်းလိုက်တော့ ကိုယ် မမြင်ချင်တာ မမြင်ရတော့ဘူးပေါ့။

'အမေရေ မှောင်လိုက်တာ ဒုက္ခပဲ' လို့ ကျွန်တော်က အော်တယ်။

'ဟေ့ကောင် ဘာ သောက်ရူးထနေတာလဲ'

'အမေရေ ကျွန်တော့်ကို လာပြီး လက်ဆွဲစမ်းပါဦး၊ မှောင်လို့ ဘာမှ မမြင်ရတော့ဘူး'

'ဟေ့ကောင် တော်ကွာ' လို့ သူက အော်တယ်။

ကျွန်တော်ဟာ မျက်မမြင် တစ်ယောက်လို ကျွန်တော့်ရှေ့ကို တစမ်းစမ်း နှင့် လျှောက်လာတယ်။ ဒါပေမယ့် ဘာမှ မတိုက်မိပါဘူး။ ပါးစပ်ကလဲ 'အမေ ရေ၊ မှောင်လို့ ကျွန်တော့်လက်ကို လာတွဲပေးပါ' လို့ ပြောနေတယ်။ အမှန် ကတော့ ကျွန်တော် ချဉ်ချဉ်ရှိလို့ လုပ်နေတာ။ တစ်ခါတလေတော့ ကိုယ့်

http://nyisay.com



ဘာသာကိုယ် ကုလားထိုင်တို့ ခုတင်တို့နှင့် ဝင်ဆောင့်မိတတ်တဲ့ အခါမျိုး ရှိတယ်။ ကိစ္စ မရှိပါဘူး၊ ဒီကောင့်စိတ် ကသိကအောက် ဖြစ်ရင် တော်ပြီ။ ကျွန်တော်က တစ်ခါ တစ်ခါ သူများ ကသိကအောက် ဖြစ်အောင် လုပ်၊ အဲဒါကို ကြည့်ပြီး ပျော်တယ်လေ။ ဒီကောင့်ကို အဲဒီလို ကသိကအောက် ဖြစ်အောင် လုပ်ရတာမျိုးဆို သာတောင် ပျော်သေးတယ်။ ဒါပေမယ့် ကျွန်တော် သိပ်ကြာကြာ မလုပ်လိုက်ရပါဘူး။ ခဏနေတော့ မျက်နှာပေါ် ကျနေတဲ့ ဦး ထုပ်ကို ဆွဲလှန်လိုက်ပြီး ကျွန်တော် ကုလား ထိုင်မှာ ပြန်ထိုင်တယ်။

'ဒါ ဘယ်သူ့ဟာလဲကွ'

ရောဗတ်က ကျွန်တော့် အခန်းဖော်ရဲ့ ဒူးစွပ်ကို ကောက်ကိုင်ပြရင်း မေးတယ်။ ဒီကောင်ဟာ ဒီလိုပဲ၊ ဟိုဟာ ကောက်ကိုင် ဒီဟာ ကောက်ကိုင် အလွန် လုပ်တတ်တယ်။ တစ်ခါတလေ အောက်ခံ ဘောင်းဘီတို့ ဘာတို့လဲ ကောက်ကိုင်ချင် ကိုင်တာ။ ကျွန်တော်က စထရက်လေတာဟာလို့ ပြောတယ်။ ဒီတော့မှ ဒူးစွပ်ကို စထရက်လေတာရဲ့ အိပ်ရာပေါ်ကို ပစ်တင်လိုက်တယ်။ ပြီးတော့ စထရက်လေတာရဲ့ ကုလားထိုင် လက်တင်ပေါ်ကို တင်ပါးလွှဲ တက် ထိုင်တယ်။ ဒီကောင်ဟာ ကုလားထိုင်ကို ဘယ်တော့မှ ကောင်းကောင်းမွန်မွန် မထိုင်ဘူး။ အမြဲတမ်း ဒီလိုချည်းပဲ။

'ဒီဦးထုပ် ဘယ်က ဝယ်ခဲ့တာလဲ'

'နယူးရောက'

'ဘယ်လောက် ပေးရလဲ'

'တစ်ဒေါ်လာ'

'အဲဒါ မင်းကို သက်သက် အချဉ်ဖမ်း လွှတ်လိုက်တာ'

ရောဗတ်က သူ့လက်သည်းတွေထဲက ချေးတွေကို မီးခြစ်ဆံနှင့် ကော် ထုတ်နေတယ်။ တော်တော်တော့ ရယ်စရာ ကောင်းတယ်။ သွားကတော့ သွား ချေးတွေ ဝါထိန်လို့၊ နားရွက်တွေကလဲ ညစ်ပတ်လိုက်တာ မပြောနှင့်တော့။ ဒါပေမယ့် ငနဲက သူ့လက်သည်းတွေကိုတော့ အမြဲ သန့်ရှင်းအောင် လုပ်တယ် ခင်ဗျ။ သူ့ကိုယ်သူ သန့်ရှင်းတယ် ဆိုတာကို ပြချင်လို့ ထင်ပါရဲ့၊ ရောဗတ် ဟာ လက်သည်း ချေးထိုးရာကနေပြီး ကျွန်တော့် ဦးထုပ်ကို ကြည့်ရင်း

'တို့နယ်ဘက်မှာတော့ ချေတို့ သမင်တို့ ထွက်ပစ်မှ ဒီလို ဦးထုပ်မျိုး ကို ဆောင်းတာ၊ တောပစ် ဦးထုပ်'

'ငါကတော့ သမင် မပစ်ဘူး၊ လူတွေကို ပစ်မှ ဒီဦးထုပ်ကို ဆောင်းမှာ၊

လူပစ်တဲ့ ဦးထုပ်'

'မင်း ကျောင်းထုတ်ခံရတာ အိမ်က သိပြီလား'

'မသိသေးဘူး'

'စထရက်လေတာ ဆိုတဲ့ကောင်ကော ဘယ်သွားလဲ'

'ကစားကွင်းထဲမှာ နေမှာပေါ့၊ သူ့အဆက်နှင့် ချိန်းထားတယ်'

အိပ်ချင်လာတာနှင့် ကျွန်တော် သမ်းဝေလိုက်တယ်။ ပူလွန်းတော့ တသမ်းသမ်း တဝေဝေ ဖြစ်ပြီး အိပ်ချင်နေတယ်။ ကျွန်တော်တို့ ပင်ဆေကျောင်းက ဒီလိုပဲလေ။ ဆောင်းတွင်း ဆိုရင်လဲ ရေခဲမတတ် အေး၊ နွေဆိုရင်လဲ ပူလို့ သေမတတ်ပဲ။

'စထရက်လေတာ ဆိုတဲ့ ကောင်က တော်တော် ရယ်ရတဲ့ ကောင်၊ ဟေ့ကောင်၊ မင်းကတ်ကြေး ခဏ ပေးစမ်းကွာ၊ ငါ လက်သည်း ညှပ်ချင်လို့၊ လွယ်တယ် မဟုတ်လား'

'မလွယ်ဘူး၊ ပစ္စည်းတွေ သိမ်းပြီးကုန်ပြီ၊ သေတ္တာထဲ ရောက်နေပြီ'

'လုပ်ပါကွာ၊ ခဏလေးပါ၊ လက်သည်းတွေ ရှည်နေလို့ပါ'

ဒီကောင်ဟာ ဘာမှ သောက်လိုက်ကန်းဆိုး မသိဘူး။ သူများ သိမ်းပြီးသလား၊ မပြီးဘူးလား၊ သူများ ငှားချင်သလား၊ မငှားချင်လား ဆိုတာ ဘာမှ ထည့်မစဉ်းစားဘူး။ ဒါနှင့် ကျွန်တော်လဲ သေတ္တာကို ဖွင့်ပြီး ယူပေးလိုက်ရတာပေါ့။ ကံကောင်းလို့ခင်ဗျ။ ဗီရိုလဲ ဖွင့်လိုက်ရော၊ သစ်သား ပေါင်ကြီး ညှပ်ပြီး ဖိထားတဲ့ စထရက်လေတာရဲ့ တင်းနစ် ရိုက်တံက ခေါင်းပေါ် ကျလိုက်တာ ဒေါင်ခနဲ နေတာပဲ။ တော်တော် ထိသွားတယ်။ ခွေးသား ရောဗတ်ကတော့ သူ့အသံစူးစူးနှင့် ရယ်နေတယ်။ ကျွန်တော်က သေတ္တာထဲက ကတ်ကြေးကို ထုတ်နေတုန်းမှာလဲ ဒီခွေးသားက ရယ်နေတုန်းပဲ။ သူတစ်ပါး နာတာကို ကြည့်ပြီး ရယ်နိုင်တဲ့ ကောင်မျိုး။

'ဟေ့ ခွေးသား ရယ် ရယ်၊ အားရအောင် ရယ်၊ ရော့....ကတ်ကြေး'

ကျွန်တော်က ကတ်ကြေးကို ပေးပြီး ကုလားထိုင်ပေါ် ပြန်ထိုင်တယ်။ ရောဗတ်ကတော့ သူ့လက်သည်း မာမာကြီးတွေကို ညှပ်နေလေရဲ့။

'ဟေ့ကောင် စားပွဲပေါ်ကို ညှပ်ချပါကွ၊ ည ဖိနပ် မပါဘဲ အိပ်ရာက ထရင် မင်း လက်သည်းကြီးတွေ စူးကုန်မှာပေါ့'

ပြောပေမယ့် မရဘူး။ ဒီခွေးသားက လက်သည်းတွေကို ကြမ်းပေါ် ညှပ်ချနေတယ်။ တော်တော် မိုက်ရိုင်းတဲ့ ကောင်။

http://nyisay.com



'စထရက်လေတာရဲ့ အဆက်က ဘယ်သူလဲကွ'

သူက စထရက်လေတာနှင့် မတည့်ပေမယ့် စထရက်လေတာ ဘယ်ကောင်မလေးနှင့် တွဲတယ် ဆိုတာကို သူ အမြဲ မေးတတ်တယ်။

'ဘယ်သိမလဲ၊ ဘာဖြစ်လို့လဲ'

'ဘာမှ မဖြစ်ပါဘူး၊ ငါ ဒီခွေးသားကို သိပ် အမြင်ကတ်တာ၊ ဘာဖြစ်လို့လဲ မသိဘူး၊ ဒီကောင့်မျက်နှာကို ကြည့်လို့ကို မရဘူး'

'အေး၊ မင်းကသာ သူ့ကို သောက်မြင်ကတ် နေတာ၊ ဟိုကောင်က မင်းကို ရွှေမင်းသားလေး အောက်မေ့နေတာ'

ကျွန်တော်ဟာ လူတစ်ယောက်ကို ချဉ်လာပြီဆိုရင် အဲဒီလို ပြောင်းပြန် ပြောချင်တယ်။ ဒါကြောင့် တမင်ပြောလိုက်တာ။ ဟိုကောင်ကတော့ အဟုတ်ထင်လို့။

'ဒီကောင်က သူများအပေါ်တော့ စိတ်ကောင်း ထားတတ်တယ်၊ ဒါပေမယ့် ငါတော့ ဒီခွေးသားကို တကယ် ချဉ်တာ၊ ပြီးတော့'

'ဟေ့ကောင်၊ လက်သည်းတွေကို စားပွဲပေါ်မှာ ညှပ်ချပါလို့ ပြောတာ အကြိမ် ငါးဆယ်လောက်'

'ဒီကောင်က စိတ်ရင်းတော့ မဆိုးပါဘူး၊ ဒါပေမယ့် လူက တုံး၊ ခပ်ထိုင်းထိုင်းရယ်၊ သူကတော့ သူ့ကိုယ်သူ ဟုတ်လှပြီ အောက်မေ့နေတာပေါ့၊ ပြီးတော့ ကျောင်းမှာလဲ သူက'

'ဟေ့ကောင်၊ လက်သည်းတွေကို စားပွဲပေါ်မှာ ညှပ်ချပါလို့ ပြောတာ အကြိမ် ငါးဆယ်လောက် ရှိပြီ'

ကျွန်တော် သူ့ကို အတော်ကြာအောင် စိုက်ကြည့်နေပြီးမှ ပြောတယ်။ သည်တော့မှ ဒီကောင်ဟာ လက်သည်းတွေကို စားပွဲပေါ်ကို ပြောင်းညှပ်နေတယ်။ ဟုတ်တယ်၊ ဒီကောင်က ဒီလို အော်မှရတဲ့ ကောင်မျိုး။

'မင်းက စထရက်လေတာကို သောက်မြင်ကတ်မှာပေါ့၊ ဟိုကောင်က မင်း သွားမတိုက်ဘူးလို့ ပြောတာကိုး၊ အမှန်က ဟိုကောင်က စေတနာနှင့် ပြောတာ၊ မင်းကို နှိမ်ချင်လို့ ပြောတာ မဟုတ်ဘူး၊ မင်းအတွက် ပြောတာ၊ သွားလေး ဘာလေး တိုက်တော့ ပိုကောင်းတာပေါ့'

'ဟေ့ကောင်၊ ငါ သွားတိုက်တယ်ကွ'

'မတိုက်ပါဘူးကွာ၊ လုပ်မနေစမ်းပါနှင့်၊ ငါ မသိတာ မှတ်လို့'

ကျွန်တော် သိပ်တော့ ဖိမပြောလိုက်ဘူး။ တကယ်တော့ လူတစ်ယောက်

http://nyisay.com



သွားမတိုက်ဘူးလို့ သွားပြောရတာ ဘယ်ကောင်းမလဲဗျာ။ သူများက ကိုယ့်လာ ပြောလဲ ဘယ်ခံချင်ပါ့မလဲ။

'စထရက်လေတာက ကောင်းပါတယ်၊ မင်း သူ့ကို ကောင်းကောင်း မသိသေးလို့ပါ'

'အလကားကောင်၊ ခွေးသား၊ ဘဝင်ကလဲ မြင့်လိုက်သေးတယ်'

'မြင့်ချင် မြင့်မှာပေါ့လေ၊ ဒါပေမယ့် ဒီကောင်က မနေ့မြော်တတ်ဘူး၊ ရက်ရက်ရောရော ရှိတယ်၊ သူ တပ်လာတဲ့ လည်စည်းတို့ ဘာတို့ကို ကြိုက်တယ်လို့ ပြောရင် ဒီကောင်က ချွတ်ပေးချင် ပေးတဲ့ ကောင်မျိုး၊ မင်းက လက်မခံတောင် ခုတင်ပေါ် တင်ထားပစ်ခဲ့ချင် ထားပစ်ခဲ့တာ၊ ဒီလို ရက်ရော တာမျိုး ရှားတယ်ကွ'

'အိုး ဒါကတော့ ငါလဲ သူ့လို ဘော်စာ ဆိုရင် ဒီလိုပဲ လုပ်မှာပေါ့'

'မင်းလို ချာတိတ်လား ဒီလိုလုပ်မှာ ဝေးသေး၊ မင်း သူ့လိုသာ ဘော်စာ ဖြစ်ရင် မင်းဟာ တစ်ပြားက နှစ်ပြားဖြစ်အောင် ခွာမယ့်ကောင်'

'ဟေ့ကောင် ငါ့ကို ဟိုပြော ဒီပြော မပြောနှင့်ကွာ၊ ငါ့ကို ချာတိတ်တွေ ဘာတွေ မသုံးနှင့်ကွာ၊ တကယ်ဆို ငါဟာ မင်းအဖေလောက်....'

'ဟေ့ကောင် မင်းနှင့် ငါနှင့် ဒီလောက်လဲ ကွာတာ မဟုတ်ဘူး၊ မင်းလို ကောင်ကိုလဲ ငါက အဖေ မတော်ဘူး မှတ်ထား'

ဒီကောင်ဟာ ဒီလိုပဲ အခွင့်သင့်တိုင်း သူဟာ ကျွန်တော့်ထက် အသက်ကြီးတာကို ထုတ်ထုတ် ပြောချင်တယ်။ ဘယ်လိုကောင်မှန်း မသိဘူး။

'အေးကွာ ဘယ်လိုပဲ ဖြစ်ဖြစ် ငါ့ကို ချာတိတ်လို့ မခေါ်နှင့်'

အဲဒီတုန်းမှာပဲ အခန်းတံခါး ပွင့်လာပြီး စထရက်လေတာဟာ သုတ်သီး သုတ်ပျာ ပြေးဝင်လာတယ်။ ဒီကောင်က ဒီလိုပဲ ပျာယီးပျာယာ လုပ်နေကျ။ စထရက်လေတာက ကျွန်တော့်ကို ကစားတဲ့ အနေနှင့် ကျွန်တော့် နားထင်ကို လက်ဝါးနှင့် ရိုက်လိုက်ရင်း...

'ဟေ့ကောင်၊ မင်း ဒီနေ့ည ဘယ်ထွက်စရာ ရှိသလဲ'

'ခုထိတော့ ထွက်စရာ မရှိပါဘူး၊ ဒီလောက် နှင်းတွေကျနေတာ ဘယ်ထွက်ရဦးမှာလဲကွ'

'မသိဘူးလေကွာ၊ ဒီလိုဆို ငါပြောမယ်၊ မင်းဒီနေ့ည ထွက်စရာ မရှိရင် မင်း ကုတ်အင်္ကျီ ငှားစမ်းကွာ'

'နေပါဦး၊ ဘောပွဲက ဘယ်သူ နိုင်သွားလဲ'

'မသိပါဘူးကွာ၊ ငါ ပြန်လာတော့ ပထမပိုင်းပဲ ကစားရသေးတယ်၊ စကားတွေ ပြောင်းမနေစမ်းပါနှင့်၊ ဒီနေ့ည မင်း ဘယ်မှ မသွားရင် မင်းကုတ်အင်္ကျီ ငှားလိုက်စမ်းပါ၊ ငါ့အင်္ကျီ ဆီတွေ စွန်းလာလို့'

'ဘယ်ငှားလို့ ဖြစ်မှာလဲကွ၊ မင်းပခုံးက အကျယ်ကြီး၊ ငါ့အင်္ကျီ ပွရောင်းရောင်း ဖြစ်သွားမှာပေါ့'

အရပ်အမောင်းကတော့ သူနှင့် ကျွန်တော် အတူတူလောက်ပါပဲ။ သို့သော် ကိုယ်အလေးချိန်ကျတော့ ဒီကောင်က ကျွန်တော့်ထက် နှစ်ဆလောက်များတယ်လေ။ ပြီးတော့ သူ့ပခုံးက အကျယ်ကြီး။ သူ့ ငှားလိုက်ရင် ပခုံးဟာ ပုံပျက်သွားမှာပေါ့။

'ဘာမှ မဖြစ်စေရပါဘူးကွာ၊ လုပ်စမ်းပါ၊ ဟေ့ ရောဗတ် ရောက်နေတာ ကြာပြီလား'

စထရက်လေတာဟာ အဝတ်ဗီရိုဆီကို သွားပြီး အင်္ကျီကို ရှာတယ်။ စထရက်လေတာဟာ လိုက်လိုက်လျောလျော နေတတ်တယ်။ သူ လိုက်လျောနေတတ်တာဟာ ဟန်ဆောင် ပန်ဆောင် ဖြစ်သည့်တိုင် တွေ့ရင် နှုတ်ဆက်ဖော်တော့ ရတယ်။

'ဟေ့ကောင်' လို့ နှုတ်ဆက်လိုက်တော့ ရောဗတ်က တစ်ချက် မဲ့လိုက်တယ်။ ဒါပေမယ့် ဟိုကောင်က နည်းနည်း သူ့ထက် လူကောင်က ထွားတော့ သူ မထေမဲ့မြင် မလုပ်ရဲဘူး။ ခဏကြာတော့ နောက် လာဦးမယ်ကွာ ဆိုပြီး ကျွန်တော့်ကို နှုတ်ဆက်ပြီး ထပြန်သွားတယ်။

'အိုကေ'

'မဆိုးပါဘူး၊ ဒီကောင် အေးအေးဆေးဆေး ပြန်သွားသားပဲ'

စထရက်လေတာကတော့ သူ့ကုတ်အင်္ကျီ လည်စည်းကို ချွတ်နေတယ်။

'မုတ်ဆိတ်လေး ဘာလေး ရိတ်သွားဦးမှပါကွာ' လို့ ပြောရင်း မုတ်ဆိတ်ရိတ်ဓားနှင့် ဆပ်ပြာဘူးကို ကိုင်ပြီး ရေချိုးခန်းဆီ ထွက်သွားတယ်။ ဒီကောင်က သူ့ခန္ဓာကိုယ် တောင့်တင်းတာကို ပြချင်လို့လားတော့ မသိဘူး။ ရေချိုးခန်းကို သွားရင် ဘယ်တော့မှ တစ်ခုခု ပတ်မသွားဘူး။ ဒီအတိုင်းချည်းပဲ။ အေးလေ သူ့ခန္ဓာကိုယ်ကလဲ လှတယ် ဆိုတာ ကျွန်တော် ဝန်ခံရမှာပေါ့။

# ၄

ကျွန်တော့်မှာ ဘာမှ ထွေထွေထူးထူး လုပ်စရာ မရှိတော့ စထရက်လေတာနှင့် အတူ ကင်တင်းကို လိုက်လာပြီး ချူးအင်းဂမ်း ဝါးနေတယ်။ သူကတော့ မုတ်ဆိတ် ရိတ်နေတယ်။ ကျောင်းဆောင် တစ်ခုလုံး ဘောပွဲကို သွားနေကြလို့ ရေချိုးခန်းထဲမှာ ကျွန်တော်တို့ နှစ်ယောက်ပဲ ရှိတယ်။ ရေချိုးခန်းထဲမှာ ပူလောင်နေတယ်။ ပြတင်းပေါက်တွေကလဲ အငွေ့ပြန်လို့ ဝိုးတိုးဝါးတား ဖြစ်နေတယ်။ နံရံနားမှာ ရေချိုးတဲ့ ရေချိုးဇလုံကြီး ဆယ်လုံးလောက် စီတန်းချထားတယ်။ စထရက်လေတာက အလယ်က ဇလုံ တစ်လုံးထဲကို ဆင်းလိုက်တယ်။ ကျွန်တော်လဲ သူနှင့် ကပ်လျက် ဇလုံ တစ်လုံးထဲ ဆင်းပြီး ရေနွေးပိုက်ကို တစ်လှည့်၊ ရေအေးပိုက်ကို တစ်လှည့် လှျောက်ဖွင့်တယ်။ ဒါက ကျွန်တော့် အကျင့်လေ။ စထရက်လေတာဟာ မုတ်ဆိတ်ရိတ်ရင်း 'အိန္ဒိယတေးသံ' ဆိုတဲ့ သီချင်းကို လေချွန်နေတယ်။ သူ့လေချွန်သံက ခပ်စူးစူး။ ဒါပေမယ့် တစ်ပေါက်မှ သံစဉ် မဟုတ်ဘူး။ တကယ်ပဲ လေချွန်လိုက်မှဖြင့် တော်တော်တန်တန် လေချွန် တတ်တဲ့သူတွေတောင် မချွန်တတ်တဲ့ သီချင်းမျိုးတွေကိုမှ ချွန်တတ်တယ်။ ခု 'အိန္ဒိယ တေးသံ' ဆိုတဲ့ သီချင်းမျိုး၊ 'အမှတ်တစ်ဆယ် ရိပ်သာလမ်းပေါ်က လူသတ်ပွဲ' ဆိုတဲ့ သီချင်းမျိုးကိုမှ ချွန်တတ်တယ်။ ဒီကောင် လေချွန်လိုက်ရင် သီချင်းလဲ ပျက်ရော။

မှတ်မိကြဦးမလား မသိဘူး၊ ရောဗတ်ဟာ ညစ်ညစ်ပတ်ပတ် နေတတ်တဲ့ အကြောင်းကို ကျွန်တော် ပြောခဲ့တယ်လေ။ အဲ စထရက်လေတာကလဲ ထိုနည်း လည်းကောင်းပဲ ခင်ဗျ။ ဒါပေမယ့် နည်းနည်းတော့ ကွဲတယ်။ စထရက်လေတာ ညစ်ပတ်တာက လူမသိဘူး။ လူမြင်ကွင်းမှာ မပေါ်ဘူး။ ကြည့်လိုက်ရင် သန့်

ပြန့်လို့။ လူကြည့်လိုက်ရင်တော့ ကြော့လို့ပဲ။ ဒါပေမယ့် သူ နေပုံထိုင်ပုံ ကျတော့ တကယ် ညစ်ပတ်တာပဲ။ ဥပမာ သူ့ မုတ်ဆိတ်ရိတ် ဓားကိုပဲ ကြည့်၊ သူ့ဓားက အမြဲ သံချေးတွေ တက်နေတယ်။ မုတ်ဆိတ်မွေး အတိုအစတွေ ဆပ်ပြာမြှုပ်တွေကလဲ ပေလို့။ ဘယ်တော့မှ ဆေးကြော သန့်စင်တာ မတွေ့ရဘူး။ အဲ ပြင်ဆင် ဝတ်စားပြီး ထွက်လာရင်တော့ အကျပဲ။ ဒါပေမယ့် ကျွန်တော့်လို နီးနီးကပ်ကပ် နေကြည့်ရင် သူလဲ လူမသိ သူမသိ ညစ်ပတ်တာပဲ ခင်ဗျ။ ဒီကောင်က သူ့ကိုယ်သူတော့ အကျပြင်မှာပေါ့ ခင်ဗျာ။ သူ့ကိုယ်သူ သိပ်ချစ်တတ်တဲ့ ကောင်ကိုး။ တခြား မကြည့်နှင့်၊ အနောက်ဘက်ကမ္ဘာ တစ်ခြမ်းလုံးမှာ သူသာ အချောဆုံးလို့ ထင်သတဲ့။ ဒီလောက် သူ့ကိုယ်သူ ထင်တာ။ ဟုတ်ပါတယ်၊ ဒီကောင် ရုပ်ဖြောင့်တာ၊ ချောတာကို ကျွန်တော် ဝန်ခံပါတယ်။ ဒါပေမယ့် သူ ချောပုံ ရုပ်ဖြောင့်ပုံက တစ်မျိုး ခင်ဗျ။ ဘယ်လို ပြောမလဲ၊ ခင်ဗျား မိဘတွေက ပြက္ခဒိန်ကို လှန်ကြည့်လိုက်လို့ သူ့ဓာတ်ပုံကို တွေ့ရင် 'ဟော့..... ဒီကောင်လေးက ဘယ်သူလဲ' လို့ မေးရမယ့် ချောပုံမျိုး။ ကျွန်တော် ဆိုလိုတာက ဒီကောင် ချောပုံဟာ ပြက္ခဒိန်အဖုံး လုပ်ဖို့ ကောင်းတဲ့ ချောပုံမျိုးလို့ ဆိုလိုတာပါ။ ကျွန်တော်တို့ ကျောင်းမှာ ဒီကောင်ထက် ချောတဲ့ ကောင်တွေ၊ ရုပ်ဖြောင့်တဲ့ ကောင်တွေ အများကြီး။ ဒါပေမယ့် သူတို့ ချောပုံက ဓာတ်ပုံထဲမှာ မစားဘူး။ အပြင်မှာသာ ကြည့်ကောင်းတာ။ ဓာတ်ပုံထဲကျရင် နှာခေါင်းက ကြီးနေသလိုလို၊ နားရွက်ကြီးတွေက ကားနေသလိုလို ဖြစ်နေတတ်တယ်။ ဒီလိုဟာမျိုး ကျွန်တော် မကြာ မကြာ တွေ့ဖူးတယ်။

စထရက်လေတာက မုတ်ဆိတ် ရိတ်နေတုန်း ကျွန်တော်လဲ သူ့အနားမှာ ရှိတဲ့ ရေချိုးကန်ထဲ ထိုင်ပြီး ပိုက်တွေကို လျှောက်ဖွင့်နေတယ်။ ခေါင်းမှာ ကျွန်တော် ဝယ်လာကာစ တောလိုက် ဦးထုပ် အနီရဲလေးကို ခပ်လန်လန် ဆောင်းထားလိုက်တယ်။ ဒီ ဦးထုပ်ကလေးကို သိပ် သဘောကျတာကိုး။

'ဟေ့ကောင်.....ငါ့ကို တစ်ခု လုပ်ပေးကွာ' လို့ စထရက်လေတာက လှမ်းပြောတယ်။

'ဘာလုပ်ပေးရမှာလဲ' လို့ ကျွန်တော်က ခပ်အင်အင်နှင့် မေးတယ်။ ဒီကောင်က သူများ ပစ္စည်းကို ချေးငှား သုံးချင်တဲ့ကောင်မျိုး ဆိုတော့ ကျွန်တော်ကလဲ တကယ် ခပ်အင်အင်ပဲ။ သူက သူ့ကိုယ်သူ ရုပ်ဖြောင့်တယ် ဟော့ရှော့ ဆိုပြီး တကယ် သူများ အပေါ်မှာ အခွင့်ကောင်း ယူချင်တဲ့ ကောင်မျိုး။ သူတို့ ကိုယ်ကို သူတို့ ချစ်နေတော့ သူများတွေကလဲ သူတို့ကို လိုက်ချစ်နေတယ်လို့

ထင်နေကြဟန် တူရဲ့။ ဒီလို ချစ်တော့ သူတို့ကို မျက်နှာသာ ပေးမယ်၊ အခွင့်အရေး ပေးမယ်လို့ ထင်ပုံ ရပါတယ်။

'ဒီနေ့ည မင်း အပြင် ထွက်ဦးမလား'

'မသိသေးဘူး၊ ဘာဖြစ်လို့လဲ'

'တနင်္လာနေ့ကျရင် ငါ သမိုင်း ဖြေရမယ်ကွ၊ ဒီတော့ စာမျက်နှာ တစ်ရာလောက် ဖတ်ရမှာ၊ ငါ အချိန် မရဘူး၊ ဒီတော့ ငါ့ကို အင်္ဂလိပ် စာစီစာကုံး တစ်ပုဒ်လောက် ရေးပေးကွာ၊ တနင်္လာနေ့အမီ ပေးရမှာ၊ ရေးမြဲ့နိရမှာ မဟုတ်တော့ဘူး၊ ဘယ့်နှယ်လဲ'

တော်တော်တော့ ရယ်စရာ ကောင်းတယ်။

'ဟကောင်ရ၊ ငါက စာမေးပွဲ မဖြေနိုင်လို့ ကျောင်းထုတ် ခံရတော့ မယ့်ကောင်၊ မင်း စာစီစာကုံး ငါက ရေးပေးလို့ ဖြစ်မလားကွ၊ ချီးမှပဲ'

'ငါ သိပါတယ်ကွာ၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ငါ့ကို ရေးပေးကွာ၊ ငါ ရေးနိုင်မှာ မဟုတ်ဘူး၊ ဘယ့်နှယ် သူငယ်ချင်း၊ လုပ်ပါကွာ သူငယ်ချင်းကလဲ အိုကေနော်'

ကျွန်တော်က အင်းမလှုပ် အဲမလှုပ် လုပ်နေလိုက်တယ်။ စထရက်လေ တာလို ကောင်မျိုးကို ဒီလို ဆတ်တငံ့ငံ့ ဖြစ်နေအောင် လုပ်ထားမှ တော်ကာ ကျမယ် မဟုတ်လား။

'ဘာအကြောင်း ရေးရမှာလဲကွ'

'ဘာအကြောင်းပဲ ဖြစ်ဖြစ်ကွာ၊ အဖွဲ့အနွဲ့ စာစီစာကုံးမျိုးပေါ့၊ ကိုယ် နေခဲ့ဖူးတဲ့ အခန်း တစ်ခန်း အကြောင်းပဲ ဖြစ်ဖြစ်၊ အိမ်တစ်အိမ် အကြောင်းပဲ ဖြစ်ဖြစ် မင်း ကြိုက်တာသာ ရေးပေါ့၊ အဖွဲ့အနွဲ့ ပါရင် ပြီးတာပဲ'

ပြောရင်းဆိုရင်း ကိုယ့်လူက သမ်းနေလိုက်သေးတယ် ခင်ဗျ။ သူကလဲ အကူအညီ တောင်းသေး စိတ်မပါ လက်မပါနှင့် သမ်းနေလိုက်သေးတယ် ဆိုတော့ ကျွန်တော်လဲ တော်တော် ဒေါသ ထွက်သွားတယ်။

'ဒါပေမယ့် သိပ်တော့ ကောင်းကောင်း မရေးနှင့်ကွ၊ ဆရာ ဟာဇယ် ဆိုတဲ့ အဘိုးကြီးက မင်း အင်္ဂလိပ်စာမှာ ဟော့ရှော့ ဖြစ်တာကို သိတယ်၊ ပြီး တော့ မင်းနှင့် ငါနှင့် တစ်ခန်းတည်း နေတယ် ဆိုတာကို သိတယ်၊ ဒီတော့ စာစီစာကုံးက သိပ်ကောင်းနေရင် မင်း ရေးပေးတယ်ဆိုတာ သိသွားလိမ့်မယ်၊ ဒီတော့ ကော်မာတွေ ဘာတွေ ပုဒ်ဖြတ် ပုဒ်ချတွေကို မှန်မှန်ကန်ကန် မထည့် နှင့်ကွာ၊ ထည့်ချင်တဲ့ နေရာမှာ လျှောက်ထည့်သွား'

ကျွန်တော် တော်တော် ခံပြင်းသွားတယ်။ သူကလဲ အကူအညီ တောင်း သေးတယ်၊ ဝင်ပြီးလဲ ဆရာ လုပ်လိုက်သေးတယ် ဆိုတော့ ခင်ဗျားတို့ပဲ စဉ်း စား ကြည့်လေ။ စထရက်လေတာ ဆိုတဲ့ ကောင်က ဒီလိုချည်းပါပဲ။ ပြီးတော့ ဘာမှလဲ နားလည်တာ မဟုတ်ဘူး။ စာစီစာကုံးမှာ သူ ကျ ကျ နေတာဟာ ကော်မာတွေ ဘာတွေ၊ ပုဒ်ဖြတ်တွေ ပုဒ်ချတွေ မှားလို့လို့ သူ ထင်နေတယ်။ ပုဒ်ဖြတ်တို့ ပုဒ်ချတို့ မှန်ရင် စာစီစာကုံး ကောင်းတယ်လို့ ထင်ဟန် တူပါရဲ့။ ဒီကောင်လဲ ရောဗတ်နှင့် အတူတူပဲ။ နားမလည်ဘဲနှင့် လူတတ်လုပ်ပြီး သိပ် ပြောချင်တာပဲ။ တစ်ခါ ကျွန်တော်နှင့် ရောဗတ်တို့ ဘော့စ်ဘော သွားကြည့် ကြတယ်။ ကျွန်တော်တို့ အသင်းက ကစားသမားတွေထဲမှာ ဟောင်ဝီကွိုင်းလ် ဆိုတဲ့ ကောင်တစ်ကောင် ပါတယ်။ ဒီကောင်က အရပ်အမောင်း တော်တော် ကောင်းတယ်။ ရောဗတ်ဟာ ဒီကောင့်ကို ကြည့်ပြီး ကြည့်စမ်းကွာ၊ ဒီလို ကောင်မျိုးမှ ဘော့စ်ဘော ကစားလို့ ကောင်းတာတဲ့။ ဘာဆိုင်လို့တုံး။ အရပ် မြင့်တာနှင့် ဘော့စ်ဘော ကစားကောင်းတာ တခြားစီပဲ။ ကျွန်တော်ကလဲ အဲဒီလို လူတတ်လုပ် ပြောတာမျိုးဆို သိပ်မုန်း။

ရေချိုးကန်ထဲမှာ ထိုင်နေရတာ ပျင်းလာတာနှင့် ကျွန်တော် ကြမ်းပြင် ပေါ် ဆင်းပြီး ခြေက ကနေတယ်။ အမှန်ကတော့ ကျွန်တော် ခြေက မကတတ် ပါဘူး။ ဒါပေမယ့် ကြမ်းပြင်က ကျောက်တုံး ကြမ်းပြင် ဆိုတော့ တော်တော် ခြေက ကလို့ကောင်းတဲ့ ကြမ်းပြင်မျိုး မဟုတ်လား။ ကျွန်တော်လဲ တေးဂီတ ဇာတ်မြူးတွေထဲက မင်းသားတွေ ကသလို ခြေက ကနေတယ်။ စထရက် လေတာက မှန်ကြည့်ပြီး မုတ်ဆိတ် ရိတ်နေရင်းက မှန်ထဲမှာ ကျွန်တော် ခြေ က ကတာ ပေါ်နေတာကို ကြည့်နေတယ်။ ကျွန်တော်ကလဲ နည်းနည်း အရှက် နည်းတဲ့ ကောင် ဆိုတော့ ပရိသတ် လိုတယ် မဟုတ်လား။ ကျွန်တော်က အခန်းထဲမှာ ခြေက လျှောက်က နေရင်းက 'ဟေ့ကောင် ငါက ပြည်နယ် ဘုရင်ခံသားကွ၊ အဘိုးကြီးက ငါ့ကို ခြေက ကတာ မကြိုက်ဘူး၊ ငါ့ကို အောက်စဖို့ဒ်ကို လွှတ်ပြီး စာသင်စေချင်တာ၊ ဒါပေမယ့် ငါ့သွေးထဲမှာတော့ ခြေက ကတဲ့ ဗီဇပဲ ရှိတယ်' လို့ ကျွန်တော်က ပြောတော့ စထရက်လေတာ က ရယ်နေတယ်။ ဒီကောင်က ဟာသတို့ ဘာတို့ ပြောတာမျိုးကိုတော့ လိုက် နိုင်ပါတယ်။

'ဒီနေ့ည ဖိတ်ဖီးဖိုလ စပြတဲ့ ညကွ'

ကျွန်တော်ကတော့ တစ်ခန်းလုံး ပတ်ချာ လှည့်ကနေတာ တော်တော်

http://nyisay.com



မောနေပြီ။ အသက်တောင် ကောင်းကောင်း မရှူနိုင်တော့ဘူး။

'ခု ဇာတ်လိုက် မင်းသားကြီးတွေက အသက် ကြီးကုန်ပြီကွ၊ ဒီငနဲကြီးတွေ ကနိုင်တော့မှာ မဟုတ်ဘူး၊ ဒီတော့ အဲဖေကိုယ် ဘုရင်ခံသားက သူတို့နေရာကို ဝင်ရမှာပေါ့'

'ဟေ့ကောင် ဒီဦးထုပ်ကို ဘယ်က ဝယ်လာတာလဲ'

စထရက်လေတာက ကျွန်တော့်ခေါင်းမှာ ဆောင်းထားတဲ့ တောလိုက်ဦးထုပ်ကို ကြည့်ပြီး မေးတယ်။ ဒီကောင်က ဒီလို ဦးထုပ်မျိုးကို တစ်ခါမှ မတွေ့ဖူးသေးပဲကိုး။

ကျွန်တော်လဲ မောတာနှင့် ဆက်မကနိုင်တော့ဘဲ ရပ်လိုက်တယ်။ ခေါင်းက ဦးထုပ်ကလေးကို ချွတ်ပြီး အကြိမ် ကိုးဆယ်မြောက် စိုက်ကြည့်နေတယ်။

'မနက်က နယူးရှော့မြို့ထဲက ဝယ်လာခဲ့တာကွ၊ တစ်ဒေါ်လာ ပေးရတယ်၊ ကြိုက်သလား'

စထရက်လေတာက ခေါင်းညိတ်လိုက်ပြီး.....

'သိပ်စမတ်ကျတာပဲ' လို့ ပြောတယ်။ ခွေးမသား သက်သက်မဲ့ ကျွန်တော့် အကြိုက် လိုက်ပြောနေတာ။ ကျွန်တော် သိတာပေါ့၊ သူ ခိုင်းချင်တာ ရှိနေပြီကိုး။

'ဟေ့ကောင် ဘယ့်နှယ်လဲ၊ ငါ့အတွက် စာစီစာကုံး ရေးပေးမယ် မဟုတ်လား'

'အချိန်ရရင် ရေးပေးမယ်၊ အချိန် မရရင်တော့ ရေးမပေးနိုင်ဘူး'

ကျွန်တော်က သူ့အနား ရေချိုးကန် နှုတ်ခမ်းပေါ် သွားထိုင်ရင်း.....

'မင်း ဘယ်သူနှင့် ချိန်းထားသလဲ၊ ဖစ်ဂျရယ်ဆိုတဲ့ ကောင်မလား'

'ဟင့်အင်း ဝက်မကြီးလို ပုတ်ပြိပြိနှင့်၊ ငါ ကန်ထုတ်လိုက်ပြီ'

'ဒီလိုဆို ငါ့ကို လွှဲပေးကွာ၊ တကယ်ပြောတာ၊ ငါလိုကောင်မျိုးနှင့်မှ လိုက်တာ'

'ယူပေါ့၊ ဒါပေမယ့် မင်းထက် အသက်ကြီးပါတယ်ကွာ'

ဒီတုန်းမှာ ဘာဖြစ်လို့မှန်း မသိဘူး။ ကျွန်တော် ကမြင်းကြော ထချင်လာတယ်။ ရေချိုးဇလုံထဲက ခုန်ဆင်းပြီး စထရက်လေတာကို ခုန်အုပ်ချင်လာတယ်။ အုပ်ပြီး လည်ပင်းကို လက်မောင်းကြားမှာ ညှပ်ချင်လာတယ်။ ကိုယ်အားသန်သန်နှင့် ညှပ်လိုက်ရင် လည်ပင်း အစ်ပြီး သေသွားနိုင်တယ်။ ဒါနှင့် ကျွန်တော်လဲ ကျားသစ် တစ်ကောင်လို သူ့ကို ခုန်အုပ်လိုက်တယ်။

'ဟော့ကောင် မလုပ်နှင့်ကွာ၊ ငါမကြိုက်ဘူး၊ ဟော့ကောင် မလုပ်နှင့်ကွ၊ လည်စေ့ အစ်လို့ သေတော့မယ်' လို့ စထရက်လေတာက အော်တယ်။ ဒီကောင်က သူ့ကို ဒီလို အကြမ်းပတမ်း ကစားရင် မကြိုက်ဘူးလေ။ ကျွန်တော်ကလဲ မလွှတ်ဘူး။ သူ့ လည်ပင်းကို လက်မောင်းကြားထဲမှာ ညှပ်ထားရင်း.....

'လွှတ်အောင် ရုန်းပေါ့ကွ'

'ဟော့ကောင် မလုပ်နှင့်လို့ ပြောနေတယ်ကွာ'

စထရက်လေတာဟာ လက်ထဲမှာ ကိုင်ထားတဲ့ မှတ်ဆိတ်ရိတ်ဓားကို ချလိုက်ပြီ အဲဒါလေး ငြိမ်နေရာက အလစ်မှာ ဆောင့်ပြီး ရုန်းထွက် လိုက်တယ်။ အမှန်ကတော့ ဒီကောင်က တော်တော် သန်တဲ့ကောင်။ ကျွန်တော်က လူပျော့။ သူ့လောက် ဘယ်မှာ သန်လိမ့်မတုံး။ ကျွန်တော့်လက်က လွှတ်သွားတော့မှ 'ဟော့ကောင် မလုပ်နှင့်ကွာ' လို့ ပြောပြီး မှတ်ဆိတ်ကို ဆက်ရိတ်နေတယ်။ ဒီကောင်က မှတ်ဆိတ်ရိတ်ရင် ဘယ်တော့မှ တစ်ခါတည်းနှင့် မပြီးဘူး။ နှစ်ခါလောက်တော့ ရိတ်တယ်။ သူ့ကိုယ်သူ စတိုင် သိပ်ကျချင်တဲ့ ကောင်ကိုး။

'ဒါဖြင့် မင်းနှင့် ချိန်းထားတဲ့ ကောင်မလေးက ဘယ်သူလဲ ပြောလေကွာ၊ ဖစ်ဂျရယ် မဟုတ်ရင် ဟို ဖိလစ် ဆိုတဲ့ ကောင်မလေးလား'

'မဟုတ်ဘူးကွ၊ အမှန်ကတော့ ဖိလစ်နှင့် ချိန်းဖို့ပဲ၊ ဒါပေမယ့် အစီအစဉ်တွေ လွဲကုန်လို့ မချိန်းဖြစ်တော့ဘူး၊ သူများ ဦးသွားတယ်၊ ခု ငါနှင့် ချိန်းတဲ့ ကောင်မက သော်ရဲ့ ကောင်မလေးနှင့် အတူတူ တစ်ခန်းတည်း နေတဲ့ ကောင်မကွာ၊ နာမည်တောင် ကောင်းကောင်း မမှတ်မိတော့ဘူး၊ မင်းကို သိပါတယ်'

'ဘယ်သူက သိတာလဲ'

'ငါနှင့် ချိန်းထားတဲ့ ကောင်မလေးက သိတာပေါ့'

'ဟုတ်လား၊ သူ့ နာမည်က ဘယ်သူတဲ့လဲ'

ကျွန်တော် နည်းနည်း စိတ်ဝင်စားသွားတယ်။

'နေဦး ငါ စဉ်းစားလိုက်ဦးမယ်ကွာ၊ ဟို ဂျင်း ဂါလက်ဂါး ဆိုလားဘာလား'

ကောင်မလေး နာမည်ကို ကြားလိုက်တော့ ကျွန်တော် ရေချိုးကန်ပေါ် ထိုင်နေရာက ထခုန်လိုက်မိတယ်။ ကျွန်တော့် စိတ်ထဲမှာတော့ လဲကျ သေသွားမယ်လို့တောင် ထင်လိုက်မိပါရဲ့။

'ဂျင်း မဟုတ်ပါဘူးကွာ ဂျိမ်းပါ၊ ခွေးမသား လက်စသတ်တော့ ဒီ

ကောင်မလေးနှင့် ချိန်းထားတာကိုး၊ ငါ ကောင်းကောင်း သိတာပေါ့၊ အရင် နွေတုန်းက တို့နှင့် အိမ်နားနီးချင်းပဲ၊ သူတို့အိမ်မှာ ဒိဗာမင် ခွေးမကြီး တစ်ကောင် ရှိတယ်ကွ၊ သူ့ခွေးကြီးက တို့အိမ်ထဲကို ဝင်ဝင်လာပြီး.....'

'ဟော့ကောင် အလင်းရောင် လာမကွယ်စမ်းနှင့်ကွာ၊ ကောင်းကောင်း မှတ်ဆိတ်ရိတ်လို့ မရဘူး၊ ဒီဘက်နားမှာ လာရပ်'

ကိုယ့်လူရေ ကိုယ်တော့ တော်တော် စိတ်လှုပ်ရှားသွားတယ်၊ တကယ်ပဲ။

'ခု ဘယ်မှာ စောင့်နေသလဲ၊ ငါ သွားပြီး နှုတ်ဆက် ချင်တယ်ကွာ၊ တွဲဖက် ကျောင်းဆောင်က ဧည့်ခံခန်းမထဲမှာလား'

'အေး'

'သူက ငါ့အကြောင်း ဘာတွေ ပြောသေးလဲ၊ ဟိုကောင်ဆီကော သူ သွားသေးသလား၊ သူက ပြောတော့ အဲဒီကောင်ဆီ သွားမယ်လို့ ပြောတာပဲ၊ ငါ့အကြောင်းကော ဘာတွေ ပြောသေးလဲ'

'သွားလား မသွားလားတော့ ငါ ဘယ်သိမလဲကွ၊ ဟော့ကောင် ထ စမ်းကွာ၊ ငါ့ မျက်နှာသုတ် ပဝါကို ဖင်ခု ထိုင်ထားတယ်'

ဟုတ်သားပဲ။ ကျွန်တော်က သူ့မျက်နှာသုတ်ပဝါ ညစ်ညစ်ကြီးပေါ် ထိုင်မိလျက်သား ဖြစ်နေတာကိုး။

ကျွန်တော်က ဂျိမ်း ဂျိမ်း ဆိုပြီး ပါးစပ်က ရွတ်နေတယ်။ စထရက်လေတာကတော့ ကျွန်တော့် တောလိုက် ဦးထုပ်ကလေးကို ဆောင်းကြည့်နေတယ်။

ကျွန်တော်က ပြောလိုက်တယ်။

'ကောင်မက အက ကောင်းတယ်ကွ၊ ဘဲလေးတို့ ဘာတို့လဲ ကတတ်တယ်၊ တစ်နေ့ကို နှစ်နာရီလောက် အက လေ့ကျင့်တယ်၊ ချီးကွာ သိပ်ပူတဲ့ ရာသီကြီးမှာ သူမို့လို့ မမောမပန်း ကျင့်တာ၊ ငါဖြင့် အံ့ရော၊ ဒီလောက် အက ကျင့်တော့ ခြေသလုံးကြီးတွေ ကြီးပြီး တုတ်တုတ်ခိုင်ခိုင်ကြီးတွေ ဖြစ်မှာကို လန့်နေတယ်၊ ငါက သူနှင့် ကျားကစားဖက်ကွ'

'ဘာ ကစားတယ်ကွ'

'ကျားလေကွာ'

'ကျား ကစားတယ် ဟုတ်လား၊ ဒုက္ခပါပဲ'

'ကောင်မက သူ့ ကင်းများရရင် ဘယ်တော့မှ မရွှေ့တော့ဘူး ဆရာ၊ အဲဒီ ကင်းကို နောက်တန်းမှာပဲ ထားတော့တာပဲ၊ ဘယ်တော့မှ ရှေ့ကို ထုတ်

မလာတော့ဘူး၊ ရသမျှ ကင်းတွေကို နောက်တန်းထဲမှာ တစ်ကောင်ပြီး တစ်ကောင် စီထားတော့တာပဲ၊ ဘယ်တော့မှ ထုတ် မသုံးတော့ဘူး၊ ကင်းတွေကို နောက်တန်းမှာ ဒီလို စီထားတာကို သဘောကျလို့တဲ့'

စထရက်လေတာက ဘာမှ မပြောတော့ဘူး။ ကျားကစားတာတို့ ဘာတို့ ဆိုတာမျိုးကိုလဲ တော်တော့်လူ စိတ်မဝင်စားတတ်ကြဘူး မဟုတ်လား။ ကျွန်တော်က

'သူ့အမေကြီးကလဲ ငါနှင့် ကလပ် တစ်ခုမှာ အသင်းဝင်တွေကွ၊ ငါလဲ တစ်ခါတလေ ဝက်ခန်းတဲ့အခါ ဂေါက်ကွင်းသွားပြီး ကက်ဒီလေး ဘာလေး လုပ်တယ်၊ သူ့အမေကြီးနှင့် လိုက်လိုက်ပြီး ကက်ဒီ ခဏ ခဏ လုပ်ဖူးတာပေါ့၊ ကိုးကျင်းထိ ရိုက်ချက် တစ်ရာ့ ခုနစ်ဆယ်လောက်နှင့် ရိုက်နိုင်တယ်'

စထရက်လေတာကတော့ ကျွန်တော် ပြောတဲ့ စကားကို လုံးလုံး နားမထောင်တော့ဘဲ ခေါင်းပေါ်က သူ ရှိုးထုတ်ထားတဲ့ အမောက်လေးတွေကို ဘီးနှင့် ဖြီးနေလေရဲ့။

'ငါ ဆင်းသွားပြီး နှုတ်ဆက်ဦးမှ ထင်တယ်'

'ကောင်းသားပဲ'

'အေးကွာ၊ ငါ လေးငါးမိနစ်လောက်ဆို ပြန်လာခဲ့မယ်'

စထရက်လေတာက သူ့ဆံပင်ကို နောက်တစ်ခါ ပြန်ဖြီးနေတယ်။ ဒီကောင်ဟာ ဆံပင် တစ်ခါဖြီးရင် တစ်နာရီလောက် ကြာတတ်တယ် ခင်ဗျ။

'ဂျိမ်းရဲ့အဖေနှင့် အမေက ကွဲနေကြတယ်၊ အမေက နောက်ယောကျ်ား ယူပေမယ့် အဲဒီလူကြီးက အရက်သမားကြီးကွ၊ လူကလဲ ပိန်လို့၊ ခြေထောက်ကလဲ ခြေသလုံးမွေးတွေ ထူလိုက်တာ မပြောပါနှင့်တော့၊ သူက အမြဲတမ်း ဘောင်းဘီတိုတိုပဲ ဝတ်တော့ ငါ မြင်နေရတာပေါ့ကွ၊ ဂျိမ်းက ပြောတော့ သူ့ပထွေးက ဇာတ်ညွှန်းဆရာဆိုလား ဘာလားပဲ၊ ဒါပေမယ့် ငါ မြင်တာကတော့ ဒီလူကြီး အမြဲ မူးနေတာပဲ တွေ့တယ်၊ ပြီးတော့ ရေဒီယိုက လာတဲ့ လျှို့ဝှက်သည်းဖို ဇာတ်လမ်းတွေကို နားထောင်နေတာပဲ တွေ့တာပဲ၊ တစ်ခါတလေများ မူးလိုက်တာ ချာလို့၊ တစ်အိမ်လုံး ကိုယ်တုံးလုံးချွတ် လျှောက်ပြေး နေတယ် ဆရာ၊ ကောင်မလေး ရှိတာတောင် မရှက်ဘူး'

'ဟုတ်လား'လို့ စထရက်လေတာက မေးတယ်။ စထရက်လေတာဟာ ဒီသတင်းကို တော်တော် စိတ်ဝင်စားသွားပုံ ရတယ်။ အရက်မူးနေတဲ့ လူကြီး၊ အပျိုမလေးရှေ့ မရှောင် ကိုယ်တုံးလုံး ချွတ်ပြေးနေတယ် ဆိုတဲ့ စကားမျိုးကျရင်

http://nyisay.com



ဒီကောင် တယ်အရသာ တွေ့တတ်တယ်။ တွေ့ဆိုရင်လဲ တွေ့မှာပေါ့လေ။ ဒီကောင်က ဈာဘူးပဲ။

'ကောင်မလေးခများ သနားစရာပါပဲကွာ' လို့ ကျွန်တော်က ပြောပေမယ့် ဒါမျိုးကျတော့ ဒီခွေးသားက စိတ်မဝင်စားဘူး။ ဈာလောက်ပဲ စိတ်ဝင်စားတာ။

'အေးကွာ၊ ငါဆင်းပြီး နှုတ်ဆက်ချည်ဦးမယ်'

'သွားမှာဖြင့် သွားကွာ၊ ပါးစပ်က ပြောမနေနှင့်'

ပြတင်းပေါက်ဆီကို ကျွန်တော် လျှောက်လာခဲ့တယ်။ ဒါပေမယ့် အခန်းထဲမှာ အငွေ့တွေက မှန်ပြတင်းမှာ လာရိုက်နေလို့ ဘာကိုမှ ကောင်းကောင်း မမြင်ရဘူး။

'ခု လောလောဆယ်တော့ ငါ မသွားချင်သေးဘူးကွာ' လို့ ကျွန်တော်က ပြောလိုက်တယ်။ ဟုတ်တယ်၊ ကျွန်တော့်စိတ်ထဲမှာ သွားချင်စိတ် မပေါ်ဘူး။ ဒါမျိုးဆိုတာ စိတ်ပါမှ ကောင်းတာ။

'ကောင်မလေးကတော့ ရှစ်ပလေဆီ သွားနေမယ် ထင်တာပဲ၊ သူနှင့်ကော ကျားကစားကြသေးလား မသိဘူး'

ကျွန်တော်က အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ပြောနေတယ်။

'ကစားမှာပေါ့၊ ငါ ဘယ်သိမလဲ'

'တို့နှစ်ယောက် ကျားကစားဖူးတဲ့ အကြောင်းကော ပြောသေးလား'

'ဘယ်မှတ်မိမလဲကွ၊ ဒါတွေကို သိပ်စိတ်မဝင်စားပါဘူး၊ ငါက ကောင်မနှင့် တွေ့ဖို့ပဲ၊ ကျန်တာတွေ စိတ်မဝင်စားဘူး'

စထရက်လေတာက ခေါင်းဖြီးလို့ ပြီးတော့ သံချေးတက်ပြီး ညစ်ပတ်နေတဲ့ သူ့မုတ်ဆိတ်ရိတ် ကိရိယာတွေကို သိမ်းနေတယ်။

'ဟော့ကောင် ငါက နှုတ်ဆက်လိုက်တယ် ဆိုတာတော့ ပြောလိုက်ပါကွာ'

'အိုကေ'

ပြောလို့သာ ပြောတာ ဒီကောင်မျိုးဟာ သူများ ကိစ္စကို ဒီလို အမှတ်တရ လုပ်ပေးမယ့် ကောင်မျိုး မဟုတ်ဘူး ဆိုတာ ကျွန်တော် သိပါတယ်။

စထရက်လေတာလဲ အခန်းပြန်သွားတယ်။ ကျွန်တော်ကတော့ ရေချိုးခန်းထဲမှာ ဂျိမ်းအကြောင်း တွေးကျန်ရစ်တယ်။ တော်တော်ကြီး ကြာမှ အခန်းကို ပြန်လာခဲ့တယ်။

ကျွန်တော် ရောက်သွားတော့ စထရက်လေတာက မှန်ရှေ့မှာ ရပ်ပြီး

လည်စည်း စည်းနေတယ်။ သူ့သက်တမ်း တစ်ဝက်လောက်ကို မှန်ရှေ့မှာတင် အချိန် ကုန်ခဲ့လိမ့်မယ် ထင်တယ်။ ကျွန်တော်ကတော့ ကုလားထိုင်ပေါ်မှာ ထိုင်ရင်း သူ့ကို ကြည့်နေတယ်။ ပြီးမှ

'ဟေ့ကောင် ငါ ကျောင်းထုတ် ခံရတယ် ဆိုတာတော့ မပြောလိုက်နှင့်နော်'

'အိုကေ'

ဒါတော့ ကျွန်တော်ယုံတယ်။ ဒီကောင်က စာမေးပွဲကျတာတို့ ကျောင်းထုတ်ခံရတာတို့လောက်ကို အသေးအဖွဲ့လို့ ထင်တဲ့ကောင်။ ရှောဇတ်တို့လို မစပ်စုဘူး။ စိတ်လဲ မဝင်စားဘူး။ ရှောဇတ်က ဒီလို ဘယ်ဟုတ်လိမ့်မလဲ။ အင်မတန် စပ်စုချင်တဲ့ အကောင်။

စထရက်လေတာက ကျွန်တော့် ကုတ်အင်္ကျီကို ကောက်ဝတ်လိုက်တယ်။

'အံမယ်လေးဗျ သေပါတော့၊ ဟေ့ကောင် ငါ့အင်္ကျီကို မင်းပခုံးကြီးပေါ်မှာ ဆွဲဆန့် မနေပါနှင့်ကွ၊ ငါတောင် နှစ်ခါပဲ ဝတ်ရသေးတယ်'

'မဆန့်ပါဘူး၊ ငါ့ စီးကရက်ဘူးကော'

'စားပွဲပေါ်က မင်းလည်ပတ်အောက်မှာဟ ခွေးမသားရ'

ဒီကောင်ဟာ ပစ္စည်း တစ်ခုခုကို ဟိုချ ဒီချနှင့် ပြီး လိုက်ရှာရတာက အမော။ စီးကရက်ဘူးကို ကောက်ပြီး သူ့ ကုတ်အင်္ကျီ အဲ ကျွန်တော့် ကုတ်အင်္ကျီအိတ်ထဲကို ထည့်လိုက်တယ်။

ကျွန်တော်လဲ စိတ်ထဲ ညစ်ထွေထွေ ရှိတာနှင့် ဆောင်းထားတဲ့ အမဲလိုက်ဦးထုပ်ကလေးကို မျက်နှာပေါ် ဆွဲချလိုက်တယ်။ ကျွန်တော်က စိတ်ထွေတတ်တဲ့ ကောင်မျိုး။ ဘာ မဟုတ်တာလေးနှင့်ပေမယ့် စိတ်က ကတုန်ကယင် ဖြစ်ချင်ဖြစ်နေတတ်တာ။

'ဟေ့ကောင်.....ကောင်မနှင့် ဘယ်ကို သွားကြမှာလဲ'

'မပြောတတ်သေးဘူးကွ၊ အချိန်ရရင်တော့ နယူးရှော့ မြို့ထဲ အထိ ရောက်မှာပဲ၊ ကိုးနာရီခွဲ ပြန်ရောက်မှာ'

သူပြောတဲ့ လေပေါက်ကို ကျွန်တော် မကြိုက်ဘူး။ ဒါနှင့် ကျွန်တော်က

'အေး.....မင်း ရုပ်ဖြောင့်တာတွေ ဘာတွေ မသိသေးလို့ ဒီအချိန်မှာ ပြန်မယ်လို့ လက်မှတ်ထိုး ထွက်တာပေါ့ကွာ၊ သိရင် မနက်ဖြန် မနက် ကိုးနာရီခွဲကျမှ ပြန်ရောက်မယ်လို့ လက်မှတ်ထိုးခဲ့မလား မသိဘူး' လို့ ချဉ်ချဉ်

http://nyisay.com



ရှိတာနှင့် ပြောလိုက်တယ်။

'အစစ်ပေါ့' လို့ သူ ပြောတယ်။ ခက်တာက ဒီကောင်ကို စိတ်ဆိုးအောင် ပြောလို့ မရဘူး။ ဒီကောင်က ဘဝင် ခပ်ကိုင်ကိုင်ရယ်။ တော်တော်တန်တန် စကားလောက်ကို သူက အမှုထားတာ မဟုတ်ဘူး။

'ဟော့ကောင် ငါ ပြောတဲ့ စာစီစာကုံးကို ရေးဖြစ်အောင် ရေးထားနော်၊ အဖွဲ့အနွဲ့သာ များများ ပါပါစေကွာ၊ ဟုတ်လား အိုကေ'

စထရက်လေတာက ကုတ်အင်္ကျီကို ကောက်ဝတ်ပြီး ထွက်ဖို့ ပြင်တယ်။ ကျွန်တော်ကတော့ ရေးမယ်လို့လဲ မပြောဘူး၊ မရေးဘူးလို့လဲ မဆိုဘူး၊ အသာပဲ နေလိုက်တယ်။

'ကျားကစားရင် ကင်းတွေကို အရင်လိုပဲ နောက်တန်းမှာ ထားတုန်းပဲလားလို့ မေးလိုက်စမ်းပါကွာ' လို့ ကျွန်တော်က လှမ်းပြောလိုက်တယ်။

'အိုကေ သူငယ်ချင်း၊ အေးအေးဆေးဆေးပေါ့ကွာ' လို့ ပြောပြီး ထွက်သွားတယ်။ ဒီကောင် ပြောမှာ မဟုတ်ပါဘူး၊ ကျွန်တော် သိတာပေါ့။

သူ ထွက်သွားပြီး နာရီဝက်လောက် ကြာသည် အထိ ကျွန်တော် တစ်ယောက်တည်း အခန်းထဲမှာ ငူငူကြီး ထိုင်မိနေတယ်။ ထိုင်နေတယ် ဆိုတာ တကယ် ဘာမှ မလုပ်ဘဲ ထိုင်နေတာ ခင်ဗျ။ ဂျိမ်းအကြောင်း၊ ဂျိမ်းနှင့် ချိန်းထွက်တဲ့ စထရက်လေတာရဲ့ အကြောင်းတွေကို ကျွန်တော် တွေးနေမိတယ်။ ကျွန်တော့်စိတ်ထဲမှာ ဘယ်လို ဖြစ်လာမှန်း မသိဘူး။ ကတုန်ကယင် ဖြစ်လာတယ်။ စထရက်လေတာ ဆိုတဲ့ ကောင်က ဏှာဘူးမှ တကယ့် ဏှာဘူး။

ဒီတုန်းမှာ ခါတိုင်းလိုပဲ ရောဗတ်ဟာ ရေချိုးခန်း ကန့်လန့်ကာ ကြားထဲက ထွက်လာတယ်။

ကျွန်တော် ဒီကောင့်ကို တွေ့ရတာ ဘယ်တုန်းကမှ ပျော်ပျော်ရွှင်ရွှင် မဖြစ်ခဲ့ဖူးဘူး။ ဒီတစ်ခါတော့ ဒီကောင် ရောက်လာတဲ့ အတွက် ကျွန်တော် တော်တော် ပျော်သွားတယ်။ သူ ရောက်လာတော့ ကျွန်တော့်စိတ်ထဲမှာ စဉ်းစားနေတဲ့ အကြောင်းတွေ တခြား ရောက်သွားတယ်။

သူ့နှာခေါင်းပေါ်က ဝက်ခြံကို ညှစ်ရင်း ကျောင်းမှာ သူ မုန်းတဲ့ကောင်တွေ အကြောင်းကို ပြောနေလိုက်တာ ညနေ ထမင်းစား ခေါင်းလောင်း ထိုးတော့မှပဲ ရပ်တော့တယ်။ ဒီကောင်က ဝက်ခြံသာ ညှစ်တာ၊ လက်ကိုင်ပဝါတို့ ဘာတို့လဲ မသုံးဘူး။ ဒီ ခွေးမသားမှာ လက်ကိုင်ပဝါတို့ ဘာတို့ ရှိရဲ့လားလဲ မသိပါဘူး။ ကျွန်တော်ဖြင့် တစ်ခါမှ ကိုင်တာ မမြင်ဖူးဘူး။

# ၅

စနေနေ့ညဆိုရင် ကျွန်တော်တို့ ကျောင်းမှာ အမြဲတမ်းလိုလို အမဲသားပြုတ်ကြော် ကျွေးလေ့ ရှိတယ်။ ကျွန်တော်တို့ အဖို့တော့ တကယ့် ပွဲတော်ကြီးပေါ့။ စနေနေ့ညမှာ ကျွေးတာကလဲ အကြောင်း ရှိတယ်လေ။ တနင်္ဂနွေဆိုရင် အိမ်က မိဘတွေ လာလေ့ ရှိကြတယ် မဟုတ်လား။ ဒီတော့ အမေတို့ အဖေတို့က မနေ့ညက ဘာဟင်းနှင့် စားသလဲလို့ မေးမှာ အမှန်ပဲ။ ကျောင်းသားတွေကလဲ အမဲသားပြုတ်ကြော်နှင့် စားတယ်ပေါ့။ အံမယ် ဘယ်ဆိုးလို့တုံးပေါ့။ ကျောင်းအုပ်ကြီးက ဒီအကွက်ကို မြင်လို့ အဲဒီနေ့မှာ အမဲသားပြုတ်ကြော်ကို ကျွေးတာပါ။ သေချာပါတယ်။ ငွေ တစ်ထောင်ကြေး လောင်းလိုက်ချင်သေးတယ်။ တကယ်က အမဲသားပြုတ်ကြော်လို့သာ ဆိုတယ်၊ အတုံးကလဲ သေးသေးလေးတွေ။ မာလိုက်တာကလဲ ကျောက်ခဲကတောင် အဖေ ခေါ်ရမယ် ထင်ပါရဲ့။ စားနှင့် မနည်း လှီးရတယ်။ အမဲသားပြုတ်ကြော် ကျွေးတဲ့ည'ဆိုရင် အာလူးပြုတ် အကြေနှင့် တွဲကျွေးတတ်တယ်။ အချိုအချဉ်ပွဲကတော့ ဘရောင်းတိန့်ခေါ်တဲ့ ချောကလက်ပါ။ အမှန်တော့ ဒါကို ရောဗတ်တို့လို အစာငမ်းတဲ့ကောင်တွေက လွဲလို့ ဘယ်သူမှ မစားဘူး။ ရောဗတ်ကတော့ ဘာမှ မရှောင်ဘူး။ အလကား စားရမယ် ဆိုရင် ဘာမဆို အကုန် စားတာပဲ။

ထမင်းစားခန်းထဲက ထွက်လာတော့ ညက တော်တော်လေး သာယာတယ်။ နှင်းတွေက မြေကြီးပေါ်မှာ သုံးလက်မလောက် ထူနေပြီ။ နောက်ထပ်လဲ ကျနေတုန်းပဲ။ လှလိုက်တာဗျာ၊ ပြောမပြနိုင်လောက်အောင်ပဲ။ ကျွန်တော်တို့လဲ ပျော်တာနှင့် နှင်းခဲတွေကို လုံးပြီး တစ်ယောက်နှင့် တစ်ယောက် လိုက်ပေါက်ကြတယ်။ ကတဲ့လူ က ခုန်တဲ့ လူ ခုန်ပေါ့လေ။ ကလေးတွေနှင့်တောင် တူနေပြီ။

ပျော်တာကိုး။

ကျွန်တော်က ဘယ်ကောင်မလေးနှင့်မှ အချိန်းအချက် မလုပ်ထားဘူး။ ဒါနှင့် ကျွန်တော်တို့ကျောင်း နပန်းအသင်းမှာ ပါတဲ့ ဘရော့ဆပ် ဆိုတဲ့ကောင်နှင့် အက်ဂါးတောင်းကို ဘတ်စ်ကားနှင့် သွားမယ်၊ ဟိုရောက်ရင် ဟမ်ဘာဂါကလေး ဘာကလေး ဝါးပြီး ရုပ်ရှင်တစ်ပွဲပွဲ ဝင်ကြည့်မယ်လို့ စိတ်ကူးရတယ်။ တစ်ညလုံး ကျောင်းမှာ ငုတ်တုတ်ကြီး ထိုင်မနေချင်ဘူးလေ။ အပြင်တို့ ဘာတို့ ထွက်ချင်တယ်။ ကျွန်တော်က ရောဗတ်ကို ခေါ်မယ်၊ ဘယ့်နှယ်လဲလို့ ဘရော့ဆပ်ကို မေးလိုက်တယ်။ ရောဗတ်ကို ခေါ်တာကတော့ တခြားကြောင့် မဟုတ်ပါဘူး။ ဒီကောင်က စနေနေ့ည ဆိုရင် အပြင်ကို မထွက်တော့ဘဲ အခန်းမှာ ထိုင်ပြီး ဝက်ခြံ ညှစ်နေတတ်လို့။ ဘရော့ဆပ်က မင်း ခေါ်ချင်ရင်တော့ ခေါ်၊ ငါကတော့ ဒီကောင်ကို သိပ်ပေါင်းလို့ မရဘူးလို့ ပြောတယ်။ ဒါနှင့် ကျွန်တော်တို့ နှစ်ယောက်သား အခန်း ပြန်ပြီး အဝတ်အစားလေး ဘာလေး လဲကြတယ်။ ကျွန်တော်က နှင်းကာ မျက်မှန် တပ် နှင်းကာ အင်္ကျီ ဝတ်နေရင်းက နေပြီး ရောဗတ်ကို လှမ်းခေါ်ပြီး ရုပ်ရှင်လိုက်မလားလို့ မေးတယ်။ ဒီကောင် ကျွန်တော် ဒီလောက် အော်နေတာ ကြားရမှာပေါ့။ ဒါပေမယ့် တစ်လုံးမှ ပြန်မပြောဘူး။ ဒီကောင်ဟာ ဒီလိုပဲ။ မေးရင် ဖြေချင်မှ ဖြေတာ။ ခဏနေတော့ ဒီကောင် ရေချိုးခန်း ကန့်လန့်ကာ ကြားက ထွက်လာပြီး ဘယ်သူပါသေးလဲလို့ မေးတယ်။ ဒီကောင်ရဲ့ အကျင့်ဟာ ဒီအတိုင်းပဲ။ သွားမယ်ဆို ဘယ်သူပါသေးလဲ ဘာလဲနှင့် သိပ် အမေးအမြန်း ထူတဲ့ကောင်။ သင်္ဘော ပျက်လို့ သူ့ကို အသက် လာကယ်ရင်တောင် လှေကို ဘယ်သူလှော်လာသလဲ ဘာလဲနှင့် မေးနေဦးမယ့် ကောင်မျိုး။ ဒါနှင့် ကျွန်တော်က ဘရော့ဆပ်နှင့် သွားမှာလို့ ပြောလိုက်တယ်။

'ဟိုခွေးမသားလား၊ နေဦး ငါလိုက်မယ်၊ ခဏစောင့်ဦး' လို့ ပြောတယ်။ ဒါဟာ ကျွန်တော်တို့ကို အလွန် လိုက်လျောတာ။

သူ အဝတ်အစား လဲတာ ငါးနာရီလောက် ကြာမယ် ထင်တယ်။ သူ အဝတ်အစား လဲနေတုန်း ကျွန်တော်က ပြတင်းပေါက်ကို သွားဖွင့်ပြီး နှင်း တစ်ဆုပ်ကို ကောက်ပြီး လုံးနေတယ်။ ကျောင်းဆောင်အောက် ကွက်လပ်မှာ ရပ်နေတဲ့ ကားတစ်စီးကို လှမ်းပြီး နှင်းခဲနှင့် ထုမလို့ လုပ်တယ်။ ကားက အသစ်စက်စက် ဖြူဖြူကြီး။ ဒါနှင့် ကျွန်တော် ကားကို မထုတော့ဘဲ ခပ်လှမ်းလှမ်းမှာ ရှိတဲ့ မီးသတ် ရေပိုက်ခေါင်းကို လှမ်းရွယ်လိုက်တယ်။ ရေပိုက်ခေါင်းကလဲ ဆေးဖြူသုတ်ထားတယ်။ အသစ်စက်စက်ကြီး ရှိသေးတယ်။ နောက်

ဆုံးတော့ ကျွန်တော် ဘာကိုမှ မထုတော့ပါဘူး။ အခန်းတံခါးကို ပိတ်ပြီး နှင်းခဲကို မာသည်ထက် မာအောင် လုံးရင်း အခန်းထဲမှာ လမ်းလျှောက်နေမိတယ်။ ခဏ ကြာလို့ ကျွန်တော်တို့ သုံးယောက် ဘတ်စ်ကားပေါ် တက်လာကြတော့လဲ ကျွန်တော့် လက်ထဲမှာ နှင်းခဲလုံးကြီး ပါလာတယ်။ ကားဆရာက တံခါးကို ဖွင့်ပြီး နှင်းခဲလုံးကြီးကို ပစ်ချခဲ့ဖို့ ခိုင်းတယ်။ ကျွန်တော်က ဘယ်သူ့ကိုမှ ပစ်ဖို့ မဟုတ်ပါဘူး၊ အပျင်းပြေ ကိုင်လာတာပါလို့ ပြောတယ်။ ဒါပေမယ့် ကားဆရာက ကျွန်တော့် စကားကို မယုံဘူး ခင်ဗျ။ လူတွေဟာ ခက်တယ်လေ။ ကိုယ်က အမှန် ပြောပေမယ့် ယုံချင်မှ ယုံကြတာကလား။

ဟိုရောက်တော့ ပြနေတဲ့ ရုပ်ရှင်က ကျွန်တော်တို့ သုံးယောက်စလုံး ကြည့်ပြီးသား ကားကြီး။ ဒါနှင့် ကျွန်တော်တို့လဲ ဟမ်ဘာဂါလေး ဘာလေး စားပြီး အပ်ထောင် ဘောလုံးခုံမှာ ဘောလုံး ဝင်ထိုးပြီး ပြန်လာခဲ့ကြတယ်။ ရုပ်ရှင်ကား မကြည့်ခဲ့ရတဲ့ အတွက် ကျွန်တော် ဘာမှ မဖြစ်ပါဘူး။ ကားက ဇာတ်မြူး။ ကယ်ရီဂရန့် ပါတယ်။ တခြား ဇာတ်လိုက်တွေတော့ ကျွန်တော် မမှတ်မိတော့ဘူး။ ကျွန်တော် ဒီကောင် နှစ်ကောင်နှင့် ရုပ်ရှင် မကြာ မကြာ ကြည့်ဖူးတယ်။ ခက်တာက ဒီကောင် နှစ်ကောင်က ရယ်စရာ မဟုတ်ဘဲ ရယ်စရာလဲ သိပ်မကောင်းဘဲနှင့် ခွက်ထိုးခွက်လန် ရယ်ချင် ရယ်နေတတ်တာ။ ဒါကြောင့် ရုပ်ရှင်ကြည့်ရင် ဒီကောင်တွေနှင့် ခုံချင်း ကပ်ထိုင်ပြီး ကြည့်ချင်တာ မဟုတ်ဘူး။ ဒါကြောင့်မို့ ရုပ်ရှင် မကြည့်ဖြစ်တာ ခပ်ကောင်းကောင်း။

အဆောင်ရောက်တော့ ကိုးနာရီ ထိုးဖို့ ဆယ့်ငါးမိနစ် လိုသေးတယ်။ ဘရော့ဆပ် ဆိုတဲ့ ကောင်က အင်မတန် ဖဲချတဲ့ကောင်။ အဆောင် ရောက်တာနှင့် တစ်ပြိုင်နက် ဖဲဝိုင်း ရှာဦးမယ် ဆိုပြီး ထွက်သွားလေရဲ့။ ရောဗတ်ကတော့ သူ့ အခန်းကို မပြန်သေးဘဲနှင့် ကျွန်တော်နှင့် အခန်းကို လိုက်လာတယ်။ အခန်း ရောက်တော့ ခါတိုင်းလို စထရက်လေတာရဲ့ ကုလားထိုင် လက်တင်ပေါ်မှာ မထိုင်တော့ဘဲ ဒီတစ်ခါ ကျွန်တော့်အိပ်ရာပေါ်မှာ လှဲနေတယ်။ ကျွန်တော့် ခေါင်းအုံးမှာ သူ့မျက်နှာကြီး ကပ်ထားပြီး ဝက်ခြံညှစ်နေတယ်။ ဝက်ခြံ ညှစ်ရင်းလဲ ပျင်းစရာကောင်းတဲ့ လေသံနှင့် စကားတွေ တတွတ်တွတ် ပြောလို့။ ကျွန်တော်က ခေါင်းအုံးပေါ်မှာ ဝက်ခြံမညှစ်ဖို့ အရိပ်အမြွက်ပြောတာ အကြိမ်တစ်ထောင် မကဘူး။ ဒါပေမယ့် ဒီကောင်က မရိပ်မိဘူး။ မနှစ် နွေရာသီတုန်းက သူနှင့် ကောင်မလေး တစ်ယောက် ဘယ်လို သမီးရည်းစား ဖြစ်ခဲ့တဲ့ အကြောင်း ဘာညာ စသဖြင့် ပြောနေတယ်။ ဒီအကြောင်းကို ကျွန်တော့်ကို ပြောတာ

ကျွန်တော့် အထင် အကြိမ် တစ်ရာလောက် ရှိပြီ ထင်တယ်။ တစ်ခါ ပြော တိုင်း သူ့ ဇာတ်လမ်းက တစ်ကြိမ်နှင့် တစ်ကြိမ် မတူဘူး ခင်ဗျ။ အရင် တစ်ခါတုန်းက ပြောတော့ သူတို့ နှစ်ယောက် ချိန်းတွေ့ကြတာ သူ့အစ်ကို တစ်ဝမ်းကွဲရဲ့ ဖြူကားကြီးထဲမှာတဲ့။ နောက်တစ်ခါကျတော့ သူတို့ ချိန်းတွေ့တာ လမ်းဘေးမှာတဲ့။ အလကားကောင် ရွှီးနေတာ။ တကယ်ကျတော့ ဘယ် မိန်း ကလေးကိုမှ ထိဖူးတာ မဟုတ်ဘူး။ ကျွန်တော် သိတာပေါ့။ နောက်ဆုံးတော့ မတတ်နိုင်တော့ဘူး။ စထရက်လေတာ အတွက် စာစီစာကုံး ရေးပေးရဦးမယ်၊ ကိုယ့်အခန်း ကိုယ်ပြန်လို့ နှင်ထုတ်လိုက်ရတော့တယ်။ ဒါတောင် တော်တော် နှင့် မပြန်ဘူး။ ဒီကောင် ပြန်သွားတော့မှ ကျွန်တော်လဲ အဝတ်အစား လဲ၊ တောလိုက် ဦးထုပ်ကလေး ဆောင်း၊ စားပွဲမှာ ထိုင်ပြီး စထရက်လေတာ အတွက် စာစီစာကုံး စရေးတယ်။

ဒါပေမယ့် ခက်တာက ကျွန်တော်က သူပြောသလို အိမ်တို့ အခန်းတို့ အကြောင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ မရေးတတ်ဘူး။ ဒါမျိုးတွေကို ရေးဖို့ ဝါသနာလဲ မပါဘူး။ ဒီတော့ ကျွန်တော် ဘာရေးသလဲ။ ကျွန်တော့် စိတ်ထဲမှာ ရေးချင်နေတဲ့ ကျွန်တော့်ညီ အယ်လီရဲ့ ဘေ့စ်ဘော ရိုက်တဲ့ လက်အိတ်ကလေး အကြောင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့လေး ရေးလိုက်တယ်။ တော်တော် ရေးလို့ ကောင်းတဲ့ အကြောင်း အရာလေး။ ကျွန်တော့်ညီ အယ်လီက ဘယ်သန် ဆိုတော့ သူ့မှာ ဘယ်သန်တွေ ဝတ်တဲ့ ဘေ့စ်ဘော လက်အိတ်လေး တစ်ခု ရှိတယ်။ အဲဒီ လက်အိတ်လေးမှာ စိတ်ဝင်စားစရာ ကောင်းတာ၊ ဖွဲ့နွဲ့လို့ ကောင်းတာက တခြား မဟုတ်ဘူး။ ကျွန်တော့်ညီက ကဗျာရူး ဆိုတော့ ကဗျာတွေကို လက်ချောင်းတွေ အိတ်ကပ် တွေပေါ်မှာ ရေးထားတတ်တယ်။ ခုလဲ အဲဒီလက်အိတ်လေးပေါ်မှာ ကဗျာတွေ ရေးထားတယ်။ ဘေ့စ် ဘော ရိုက်တိုင်း ကွင်းကို ဆင်းသွားလို့ ဘယ်သူမှ မရောက်သေးရင် လက်အိတ်ကလေး ဖြန့်ဖြန့်ပြီး ကဗျာတွေကို ဖတ်နေတာပဲ။ မင်စိမ်းစိမ်း ကလေးတွေနှင့် ရေးလို့။ ခုတော့ မရှိတော့ပါဘူး။ ဆုံးရှာပါပြီ။ ကျွန်တော်တို့ တစ်တွေ မိန်းမှာ နေကြတုန်းက သွေးကင်ဆာ ရောဂါနှင့် ဆုံး သွားတာပါ။ ၁၉၄၆ ခုနှစ် ဇူလိုင် ၁၈ ရက်နေ့မှာပေါ့။ ခင်ဗျားတို့ တွေ့ရင်လဲ သူ့ကို သဘောကျမှာပါ။ ကျွန်တော့်ထက် နှစ်နှစ်လောက် ငယ်တယ်။ ဒါပေမယ့် ဉာဏ်က ကျွန်တော့်ထက် အဆ ငါးဆယ်လောက် ကောင်းမယ် ထင်တယ်။ ဉာဏ်ကောင်းတာမှ တော်တော့်ကို ကောင်းတယ်။ ကျောင်းတုန်းကဆို သူတို့ အတန်းထဲမှာ ဒီလောက် တော်တဲ့ ကျောင်းသားမျိုး တစ်ယောက်မှ မရှိဘူး

ဆိုပြီး ဆရာတွေက အမေ့ဆီကို မကြာ မကြာ စာရေးလေ့ ရှိကြတယ်။ လောက ဝတ်ရေးတာ မဟုတ်ပါဘူး။ တကယ့် စိတ်ပါ လက်ပါ ရေးကြတာ။ အယ်လီဟာ ကျွန်တော်တို့ မွေးချင်းတွေထဲမှာ ဉာဏ်အကောင်းဆုံးတင် မဟုတ်ဘူး၊ အလှမွှာ ဆုံး၊ စိတ်သဘော အကောင်းဆုံး။ ဘယ်သူ့ကိုမှ စိတ်လဲ မဆိုးတတ်ဘူး။ ဆံပင်နီတဲ့ သူများဟာ ဒေါသကြီးတယ်၊ စိတ်ဆိုးတတ်တယ်လို့ ပြောပေမယ့် အယ်လီက ဒီလို မဟုတ်ဘူး။ ဆံပင် နီလိုက်ပုံကတော့ မပြောနှင့်၊ ရဲနေ တာပဲ။ သူ့ဆံပင် ဘယ်လောက် နီသလဲ ဆိုတာကို ပြောရဦးမယ်။ ကျွန်တော် ဆယ်နှစ်သားလောက်မှာ ဂေါက်သီး စရိုက်တတ်တယ်။ တစ်နွေမှာ မှတ်မိသေး တယ်။ ကျွန်တော်က ၁၂ နှစ်လောက် ရှိပြီ။ နွေရာသီ တစ်နေ့မှာ ကျွန်တော် ကွင်းထဲ ဆင်းပြီး ဂေါက်သီးရိုက် ကျင့်နေတယ်။ ဒီတုန်းမှာ ဘာဖြစ်လို့လဲ မသိဘူး၊ ကျွန်တော် လှည့်ကြည့်လိုက်ရင် အယ်လီကို တွေ့မှာပဲလို့ စိတ်ထဲမှာ ထင်လိုက်တာနှင့် လှည့်ကြည့်လိုက်တယ်။ လား လား အယ်လီဟာ ကျွန်တော် နှင့် ကိုက် တစ်ရာ့ငါးဆယ် ဂေါက်ကွင်း ခြံစည်းရိုး အပြင်ဘက်ကနေပြီး သူ့ ဘိုင်စကယ်ပေါ်မှာ ထိုင်ရင်း လှမ်းကြည့်နေတာကို တွေ့ရတယ်။ ဂေါက်ကွင်း စည်းရိုးတွေက ဆေးနီ သုတ်ထားတယ် မဟုတ်လား။ သူ့ဆံပင်နီပုံက ဂေါက် ကွင်း ခြံစည်းရိုးက အနီရောင်နှင့် နည်းနည်းလေးမှ ခွဲမရဘူး။ အဲသလောက် နီတာ။ ဒါပေမယ့် ဆံပင်သာ နီတယ်၊ စိတ်ရင်း တကယ် ကောင်းတယ်။ သူ သဘောကျတယ် ဆိုရင် ထမင်းစားရင်းက ကုလားထိုင်ပေါ်က လိမ့်ကျအောင် ခွက်ထိုးခွက်လန် ရယ်တတ်တဲ့ ကောင်မျိုး။ ကျွန်တော် ၁၃ နှစ်လောက် ရောက် တော့ ကျွန်တော့်ကို စိတ်ကုဆရာဝန်ဆီ ခေါ်ပြကြတယ်လေ။ ကျွန်တော်က ကားရုံက ပြတင်းပေါက်တွေကို အကုန် လက်သီးနှင့် ထိုးပြီး ရိုက်ခွဲပစ်တာကိုး။ ကျွန်တော် သူတို့ကို အပြစ်မတင်ပါဘူး။ တကယ်ပါ၊ အယ်လီ ဆုံးတဲ့ညက ကျွန်တော် အိမ်ပေါ်မှာ မအိပ်ဘူး။ ကားရုံထဲ ဆင်းအိပ်ပြီး မှန်ပြတင်းပေါက်ကို လက်သီးနှင့် ထိုးပြီး ရိုက်ခွဲပစ်တယ်။ ဒီလောက် သဘောကောင်းတဲ့ ညီလေး သေရမလား ဆိုပြီး စိတ်ထိခိုက်ပြီး လုပ်တာလေ။ ကားရုံ ပြတင်းပေါက်တွေ တင် ဘယ်ကမလဲ။ အဲဒီ နှစ်ကမှ ဝယ်ထားတဲ့ ကျွန်တော်တို့ စတေရှင်ဝက်ဂွန် ကားက မှန်ကိုလဲ ရိုက်ခွဲမလို့ လုပ်သေးတယ်။ ဒါပေမယ့် အဲဒီ အချိန်မှာ ကျွန် တော့်လက် တစ်ခုလုံး ကွဲရှပြီး သွေးခြင်းခြင်း နီနေပြီ။ မထိုးနိုင်တော့ဘူး။ အမှန်က မိုက်မဲတာ သက်သက်ဆိုတာ ကျွန်တော် ဝန်ခံပါတယ်။ ဒါပေမယ့် မတတ်နိုင်ဘူး လုပ်မိတာပဲ။ ခင်ဗျားတို့က အယ်လီ အကြောင်း သိမှ မသိကြ

ဘဲကိုး။ ခုတောင် မိုးအေးရင် ကျွန်တော် လက်တွေက တစစ်စစ် ကိုက်နေတုန်းပဲ။ မပျောက်သေးဘူး။ လက်သီးကို ကောင်းကောင်း မဆုပ်နိုင်သေးဘူး။ လက်သီး မဆုပ်နိုင်တာ တစ်ခုပါပဲ။ မဆုပ်နိုင်တော့ကော ဘာဖြစ်သလဲ၊ မဆုပ်ဘဲ နေလိုက်ရုံပေါ့။ အရေးမကြီးပါဘူး။ အလွန်ဆုံး လက် ဒဏ်ရာကြောင့် ခွဲစိတ်ဆရာဝန် မဖြစ်ရုံပေါ့။ တယောဆရာကောင်း တစ်ယောက် မဖြစ်ရုံပေါ့။ မဖြစ်တော့လဲ အရေးမကြီးပါဘူး။ ဆရာဝန် မဖြစ်တော့ ဘာဖြစ်လဲ၊ အရေး မကြီးပါဘူး။

အဲ ကျွန်တော့်ကို စထရက်လေတာက အရေးခိုင်းတဲ့ စာစီစာကုံးထဲမှာ ကျွန်တော်က အယ်လီရဲ့ ဘေ့စ်ဘော လက်အိတ်ကလေးနှင့်တကွ အဲဒီအကြောင်းတွေကို ထည့်ရေးလိုက်တယ်။ အဲဒီ လက်အိတ်ကလေးက ကျွန်တော့် သေတ္တာထဲမှာ ရှိနေတာနှင့် လက်အိတ်လေးကို ထုတ်ပြီး လက်အိတ်မှာ ရေးထားတဲ့ ကဗျာကလေးကိုတောင် ကူးထည့် ပေးလိုက်သေးတယ်။ စာစီစာကုံးထဲမှာ အယ်လီရဲ့ နာမည်ကို မထည့်ဘဲ တခြား နာမည် တစ်ခုကို ထည့်လိုက်တယ်။ ရုတ်တရက် ကြည့်ရင် စထရက်လေတာရဲ့ ညီလေး တစ်ယောက် အကြောင်း လိုလို ဘာလိုလိုပေါ့။ ရေးလို့ ကောင်းလိုက်တဲ့ စာစီစာကုံး။ အရမ်း ရေးလို့ကောင်းတာပဲ။ ကျွန်တော်ကလဲ ဒါမျိုးကို ရေးချင်နေတာနှင့် အတော်ပဲ။ ဒါပေမယ့် ရေးတာ တစ်နာရီလောက် ကြာတယ်။ စထရက်လေတာရဲ့ လက်နှိပ်စက်နှင့် ရေးရတော့ အားမရဘူး။ သူ့စက်က လေးတေးတေးနှင့်။ ကျွန်တော့် လက်နှိပ်စက်ကတော့ အောက်ထပ်က သူငယ်ချင်း တစ်ယောက် ငှားသွားလို့။

ဆယ်နာရီခွဲလောက်ကျတော့ စာစီစာကုံး ရေးလို့ ပြီးသွားတယ်။ ပင်ပန်းတယ်လို့ မထင်ရဘူး။ ဒါနှင့် ကျွန်တော်လဲ ပြတင်းပေါက် ဖွင့်ပြီး အပြင်ကို ငေးကြည့်နေတယ်။ နှင်းပွင့်တွေက သိပ်မကျတော့ပါဘူး။ ဒါပေမယ့် အေးလွန်းလို့ မော်တော်ကားတွေ စက်နှိုးမရဘဲ ဖုတ်ချက် ဖုတ်ချက် ဖြစ်နေတဲ့ အသံတွေ မကြာ မကြာ ကြားနေရတယ်။ တစ်ဖက်ခန်းက ရှောဗတ်ရဲ့ ဟောက်သံကိုလဲ ကြားရတယ်။ ဒီကောင်က ထိပ်ခတ်နာ ရှိတော့ ပူရင် အိပ်ပျော်ရင် အသက် ကောင်းကောင်း ရှူလို့ မရဘူး။ ဒီကောင်က ထိပ်ခတ်နာတင် မဟုတ်ဘူး။ စုံနေတာပဲ။ ထိပ်ခတ်နာလဲ ရှိတယ်။ ဝက်ခြံလဲ ရှိတယ်။ သွားချေး ထူတယ်။ အာပုပ်စော် နံတယ်။ လက်သည်းတွေ ပွဲတယ်။ သနားစရာတော့ အကောင်း သား။

# ၆

တချို့ကိုတော့ ကျွန်တော် ကောင်းကောင်း မမှတ်မိတော့ဘူး။ စထရက်လေတာဟာ ဂျိမ်းနှင့် တွေ့ပြီး ဘယ်အချိန် ပြန်လာသလဲ မဆိုနိုင်ဘူး။ ကော်ရစ်ဒါက လျှောက်လာတဲ့ ဒီကောင့် ခြေသံကို ကျွန်တော် ကြားတယ်။ အဲဒီတုန်းက ကျွန်တော် ဘာလုပ်နေမှန်း မမှတ်မိတော့ဘူး။ ပြတင်းပေါက်မှာ ရပ်ပြီး အပြင်ကို ငေးကြည့်နေသလား ဘာလားပဲ။ ဘာပဲဖြစ်ဖြစ် သူပြန်လာတဲ့ အချိန်မှာ ကျွန်တော် ဘာလုပ် နေသလဲ ဆိုတာကိုတော့ ကျွန်တော် အမှန် မမှတ်မိတော့ဘူး။ အဲဒီတုန်းက ကျွန်တော် စိတ်ညစ်နေတယ်။ ကျွန်တော် စိတ်ညစ်ရင် ဒီလိုပဲ ဘာကိုမှ ကောင်းကောင်း မမှတ်မိချင်တော့ဘူး။ ကုန်ကုန်ပြောလိုက်မယ်၊ စိတ်ညစ်ရင် အိမ်သာတို့ ဘာတို့ကိုတောင် မသွားဖြစ်တော့ဘူး။ စိတ်သိပ်ညစ်နေတော့ မသွားချင်တော့ဘူးပေါ့။ ဒီကောင့် အကြောင်း ကျွန်တော် သိတာပေါ့။ ဒီကောင်ဟာ နည်းနည်းမှ စောင့်စည်းတတ်တဲ့ကောင် မဟုတ်ဘူး။ မိန်းကလေး တွေ့တယ် ဆိုရင် ဘယ် ချမ်းသာပေးလိမ့်မလဲ။

ကော်ရစ်ဒါမှာ ဖယောင်းပုဆိုး ခင်းထားတဲ့ အတွက် ခွေးမသားရဲ့ ဖိနပ်သံကို ကြားနေရတယ်။ သူ ရောက်လာတော့ ကျွန်တော် ဘယ်နေရာမှာ ထိုင်နေသလဲ ဆိုတာတောင် ကျွန်တော် မမှတ်မိတော့ဘူး။ ပြတင်းပေါက်နားမှာပဲ ရပ်နေမိသလား၊ သူ့ကုလားထိုင်ပေါ်မှာပဲ ထိုင်နေမိသလား၊ ဒါမှမဟုတ် ကျွန်တော့် ကုလားထိုင်ပေါ်မှာပဲလား ဆိုတာ ကျွန်တော် သတိမရတော့ဘူး။

စထရက်လေတာက အပြင်မှာ သိပ်အေးတဲ့ အကြောင်း ပြောရင်း အခန်းထဲ ဝင်လာတယ်။

'ဟေ့ကောင်တွေ ဘယ်သွား ကုန်ကြသလဲကွ၊ တစ်ယောက်မှ အသံ

မကြားပါလား၊ သခ်ျိုင်းကုန်းကျနေတာပဲ'

ကျွန်တော် ဒီကောင့်ကို အရေးလုပ်ပြီး ဖြေမနေဘူး။ ဒီနေ့ စနေနေ့ညပဲ။ စနေနေ့ဆိုရင် အိမ်ပြန်တဲ့ကောင် ပြန်တယ်။ မပြန်တဲ့ကောင် ဒီ အချိန်ဆိုရင် အိပ်ပြီ။ အပြင် ထွက်လည်တဲ့ကောင် လည်တယ်။ ဒီလောက်မှ သူ မသိဘူးလား။ အခန်းထဲ ရောက်လာတော့ ဒီကောင် အဝတ်အစား လဲနေတယ်။ ဂိမ်းအကြောင်းကို တစ်လုံးမှ မပြောဘူး။ ကျွန်တော်ကလဲ မမေးဘူး။ အသာပဲ ကြည့်နေလိုက်တယ်။ သူက အင်္ကျီငှားတဲ့ အတွက် ကျေးဇူး တင်ကြောင်း ပြောပြီး ကျွန်တော့် ကုတ်အင်္ကျီကို ချိတ်မှာ ချိတ်ပြီး အဝတ်ဗီရိုထဲ ထည့်လိုက်တယ်။

လည်စည်း ဖြုတ်နေတုန်းမှာ သူ အရေးခိုင်းခဲ့တဲ့ စာစီစာကုံး ပြီးပလားလို့ မေးတယ်။ သူ့အိပ်ရာပေါ်မှာ တင်ထားတယ်လို့ ကျွန်တော်က ပြောလိုက်တယ်။ ဒီကောင်က အင်္ကျီကြယ်သီးကို ဖြုတ်ရင်း ကျွန်တော် ရေးပေးတဲ့ စာစီစာကုံးကို ဖတ်နေတယ်။ ပြီးတော့ မတ်တတ်ရပ်ပြီး ဖတ်တယ်။ လက်က သူ့ရင်ဘတ်ကို ပွတ်လိုက် ဗိုက်ကို ပွတ်လိုက်၊ မျက်နှာကို မဲ့လိုက် လုပ်နေတယ်။ ဒီကောင်က ဒီလိုပဲ။ သူ့ကိုယ်သူ လူချောလို့ ထင်လေတော့ သူ့ရင်ဘတ်နှင့် ဗိုက်ကို မကြာမကြာ ပွတ်တတ်တယ်။ သူ့ကိုယ်သူ လူချောလို့ ထင်တာကိုး။

ပြီးတော့မှ

'အံမယ်လေး သေလိုက်ပါတော့ကွာ၊ ဘာတွေ ရေးထားတာလဲကွ၊ ဘော့စ်ဘော ရိုက်တဲ့ လက်အိတ် အကြောင်း ရေးထားပါလား'

'အေးလေ၊ အဲဒါ ဘာဖြစ်သလဲ'

'ဘာဖြစ်ရမှာလဲကွ၊ အိမ်တစ်လုံး အကြောင်း ဖြစ်ဖြစ် အခန်း တစ်ခန်း အကြောင်း ဖြစ်ဖြစ် ရေးပါလို့ ငါ မှာခဲ့တာပဲ'

'မင်း ပြောတော့ အဖွဲ့အနွဲ့ စာစီစာကုံးဆို၊ ဘော့စ်ဘော ရိုက်တဲ့ လက်အိတ် အကြောင်း ရေးတော့ ဘာဖြစ်သလဲကွ၊ အဖွဲ့အနွဲ့ပါရင် ပြီးရောပေါ့'

'သေလိုက်ပါတော့ကွာ'

သူ့ ကြည့်ရတာ တော်တော် စိတ်ပျက်နေပုံ ရတယ်။ စိတ်ဆိုးနေပုံလဲ ရတယ်။

'ချီးတဲ့မှပဲ၊ မင်း လုပ်လိုက်ရင် သောက်တလွဲချည်းပဲ၊ မင်းလိုကောင် စာမေးပွဲကျပြီး ကျောင်းထုတ်ခံရတာ နည်းတောင် နည်းသေးတယ်၊ ငါ အရေးခိုင်းတာ တစ်လုံးဆို တစ်လုံးမှ မပါဘူး၊ သေလိုက်ပါတော့ကွာ'

'ဟော့ကောင် စကားများ မနေနှင့်၊ မင်း မလိုချင်ရင် ငါ့ ပြန်ပေး'

ကျွန်တော်က သူ့ဆီ လျှောက်သွားပြီး သူ့ လက်ထဲက စာရွက်ကို ဆွဲယူပြီး ဆုတ်ပစ်လိုက်တယ်။

'ဟေ့ကောင် ဘာလုပ်တာလဲကွ'

ကျွန်တော်က သူ့အမေးကို မဖြေဘဲ စာရွက်စုတ်တွေကို အမှိုက်ခြင်းထဲ လွှင့်ပစ်လိုက်တယ်။ ပြီးတော့ အိပ်ရာပေါ် လှဲနေလိုက်တယ်။ ကျွန်တော်တို့ နှစ်ယောက် တော်တော် ကြာသည် အထိ စကား မပြောကြဘူး။ စထရက်လေ တာက အဝတ်အစားတွေ ချွတ်ပြီးပြီ။ အောက်ခံ ဘောင်းဘီကလေးပဲ ကျန်တော့ တယ်။ ကျွန်တော်ကတော့ အိပ်ရာပေါ် လှဲရင်း စီးကရက် တစ်လိပ်ကို ဖွာနေ တယ်။ ကျောင်းဆောင်ထဲမှာ ဆေးလိပ် သောက်ခွင့် မပေးဘူး။ ဒါပေမယ့် တခြား ကျောင်းသားတွေ အပြင် ထွက်နေတုန်း အိပ်နေတုန်း ဆိုရင် ဒီလိုပဲ ခိုးခိုး သောက်ကြတာပဲ။ အမှန်ကတော့ ဒီကောင့်ကို ချဉ်ချဉ်ရှိလို့ ကျွန်တော် ဆေးလိပ်သောက်တာ။ ဒီကောင်က အဆောင်စည်းကမ်းတို့ ဘာတို့ဆိုရင် သိပ် တိတိကျကျ လိုက်နာတယ်။ စည်းကမ်း ဖောက်ရင် မကြိုက်ဘူး။ ဒါကြောင့် ဒီကောင့်ကို ချဉ်ချဉ်ရှိတာနှင့် တမင် သောက်နေတာ။ ဒီကောင်က ဘယ်တော့မှ အဆောင်ထဲမှာ ဆေးလိပ် မသောက်ဘူး။ ကျွန်တော်သာ သောက်တာ။

ခုထက်ထိ ဂျိမ်း အကြောင်းကို တစ်လုံးမှ မပြောသေးဘူး။ ဒါနှင့် ကျွန်တော် မနေနိုင်တော့ဘူး။

'ကောင်မလေးက ကိုးနာရီခွဲ ပြန်ဖို့ လက်မှတ်ထိုး ထွက်လာတာ မင်း ပြန်တာက နောက်ကျ လှချည်လားကွ၊ ဒီလိုဆိုရင်လဲ ကောင်မလေးကို နောက် ကျခိုင်း၊ လက်မှတ်ထိုး ထွက်ခိုင်းတာ မဟုတ်ဘူး'

စထရက်လေတာက သူ့ခုတင်စောင်းမှာ ထိုင်ပြီး ခြေသည်းလှီးနေတယ်။

'နည်းနည်းလေး နောက်ကျတာပါကွာ၊ စနေနေ့ညမှာ ဒီလောက်တော့ နောက်ကျကြတာချည်းပဲ'

ကြည့်စမ်း၊ ဒီကောင် တော်တော် ချဉ်ဖို့ ကောင်းတဲ့ ကောင်။

'နယူးရော့မြို့ထဲကို ရောက်သေးလား'

'ရောက်မလားကွ၊ သူက ကိုးနာရီခွဲ ပြန်ဝင်မယ်လို့ လက်မှတ်ထိုး ထွက်ခဲ့တာ ဘယ့်နှယ်လုပ် သွားလို့ရမှာလဲ'

'ဘတ်သေးတာပေါ့'

စထရက်လေတာက မော့ကြည့်ပြီး.....

'ဟေ့ကောင် ဆေးလိပ် သောက်ချင်ရင် အဆောင်ထဲမှာ မသောက်နှင့်

http://nyisay.com



ကွာ၊ ရေချိုးခန်းထဲ သွားသောက်ချေ၊ မင်းက ကိစ္စမရှိဘူး၊ ကျောင်းထုတ်ခံထားရတဲ့ ကောင်၊ ငါက ဘွဲ့ရသည်အထိ ဆက်နေဦးမှာ'

ကျွန်တော် သူ့စကားကို မကြားသယောင် လုပ်နေလိုက်တယ်။ ဆေးလိပ်ကိုလဲ မီးခိုးတွေ ထောင်းထောင်း ထအောင် အရှဲ့တိုက်ပြီး ဖွာနေတယ်။ ဒါတင် မကသေးဘူး၊ သူ့ဘက်ကို လှည့်ပြီး သူ ခြေသည်းလှီးတာကို ကြည့်နေလိုက်တယ်။ ဘယ်လို ကျောင်းလဲ မသိဘူး။ ကျောင်းမှာ ခြေသည်း လှီးတဲ့ကောင်နှင့်၊ ဝက်ခြံညှစ်တဲ့ ကောင်နှင့်။

'ငါက မေးလိုက်တယ် ဆိုတာကော ပြောသေးသလား'

'ပြောတယ်'

ခွေးသား၊ ဟုတ်ချင်မှ ဟုတ်မှာ။

'ဘာပြောလိုက်သေးသလဲ၊ သူ့ ကင်းတွေကို နောက်တန်းမှာပဲ ထားတုန်းပဲလို့ကော မပြောဘူးလား'

'ဒါတွေ မေးမနေပါဘူးကွ၊ သူနှင့် သွားပြီး ကျားကစားနေတာမှ မဟုတ်ဘဲ'

ကျွန်တော် ဘာမှ မပြောမိဘူး။ ဒီကောင်ဟာ တကယ် ချဉ်ဖို့ ကောင်းတယ်။ အတော်လေး ကြာတော့မှ

'နယူးရော့ မြို့ထဲကို မသွားရင် ကောင်မလေးနှင့် ဘယ်သွားနေသလဲ'

ကျွန်တော့်အသံက နည်းနည်းလေး ကျယ်သွားတယ်။ ကျွန်တော့် စိတ်ထဲမှာ တစ်မျိုး ဖြစ်နေတယ်။ ဒီကောင့် အကြောင်းကို ကျွန်တော် သိတယ် မဟုတ်လား။

စထရက်လေတာက ခြေသည်းလှီးလို့ ပြီးသွားပြီး ဘောင်းဘီတိုလေးနှင့် ထလာတယ်။ ကျွန်တော့် အိပ်ရာနား ရောက်လာပြီး ကျွန်တော့် ပခုံးကို အသာ လက်သီးနှင့် ထိုးနေတယ်။

'ဟေ့ကောင်.....တော်စမ်းကွာ၊ မလုပ်စမ်းနှင့်၊ မင်းတို့ နှစ်ယောက် နယူးရော့ကို မသွားရင် ဘယ်ကို သွားနေကြလဲလို့ မေးနေတယ်'

'ဘယ်ကိုမှ မသွားဘူး၊ ကားပေါ်မှာတင် ထိုင်နေကြတာ'

စထရက်လေတာဟာ ကျွန်တော့် ပခုံးကို မနာမကျင် လက်သီးနှင့် ထိုးနေတယ်။ ဒီကောင်က ဒီလိုပဲ စတတ်တယ်လေ။

'ဟေ့ကောင် မလုပ်နှင့်လို့ ပြောနေ၊ နေစမ်းပါဦး၊ ဘယ်သူ့ကားနှင့်လဲ'

'ဘန်ကီရဲ့ကား'

ဘန်ကီ ဆိုတာ ကျွန်တော်တို့ကျောင်းက ဘော့စ်ဘော နည်းပြဆရာ။ စထရက်လေတာက ဘော့စ်ဘော အသင်းမှာ အလယ်လူအဖြစ် ကစားတော့ ဆရာဘန်ကီက ဒီကောင့်ကို အလိုလိုက်တယ်။ ကားတို့ ဘာတို့ လိုရင် အလွယ် တကူ ငှားလေ့ ရှိတယ်။ အမှန်ကတော့ ကျောင်းသားတွေကို ဆရာတွေက ကားငှားခွင့် မရှိဘူး။ ဒါပေမယ့် အားကစားသမားဆိုတဲ့ ကောင်တွေကျတော့ ဒီလိုပဲ ငှား စီးနေကြတာပါပဲ။ ကျွန်တော် နေဖူးတဲ့ ကျောင်းတိုင်းမှာလိုလို ဒီလိုချည်းပဲ။

စထရက်လေတာဟာ လက်ဝှေ့ထိုးသလို ကျွန်တော့် ပခုံးကို လက်သီး နှင့် ထိုးနေတယ်။ လက်ထဲမှာ ကိုင်ထားတဲ့ သွားပွတ်တံကို ပါးစပ်ထဲ ထည့်ထား လိုက်တယ်။

'မင်း ကောင်မလေးကို ယီးတီးယားတား လုပ်တယ်ပေါ့၊ ဆရာ ဘန် ကီရဲ့ ကားနှင့်ပေါ့ ဟုတ်လား'

'ဟော့ကောင်.....မင်း ပါးစပ်ပုပ်ကြီးနှင့် ဘာတွေ လျှောက်ပြောနေတာလဲ၊ မင်း ပါးစပ်ကို ဆပ်ပြာနှင့် သွားဆေးပစ်လိုက်စမ်း'

'ပြောလေကွာ'

'ဟော့ကောင် ဒါက လျှို့ဝှက်ချက်ကွ'

ဒီနောက်တော့ ကျွန်တော် ဘာတွေ ပြောတယ်ဆိုတာကို မမှတ်မိ တော့ဘူး။ ခုတင်ပေါ်က ခုန်ထပြီး ဒီကောင့်ကို လက်သီးနှင့် ပြင်းပြင်းလေး ထိုးချလိုက်တာကိုပဲ မှတ်မိတော့တယ်။ ပါးကို ထိုးချလိုက်တယ်။ ဒါပေမယ့် မထိုးလိုက်မိဘူး။ လွဲသွားတယ်။ ခေါင်းလား နားထင်လား မသိဘူး ထိသွား တယ်။ ဒီကောင်လဲ တော်တော်လေးတော့ နာသွားတယ်။ ဒါပေမယ့် ကျွန်တော် ထင်သလောက် မနာဘူး။ ကျွန်တော်က ညာလက်နှင့် ထိုးချလိုက်တာကိုး။ လက်သီးထိုးရင် ကျွန်တော့် ညာလက်က ကောင်းကောင်း မသန်ဘူး။ စောစော က ကျွန်တော် ပြောခဲ့တယ် မဟုတ်လား။ ကျွန်တော့် ညီလေး ဆုံးတုန်းက ပြတင်းပေါက် မှန်တွေကို လက်သီးနှင့် ထိုးခဲ့လို့ ဒဏ်ဖြစ်ထားတော့ ညာဘက် လက်က ကောင်းကောင်း မသန်တော့ဘူး။

ဒီနောက် ကျွန်တော် မှတ်မိတာကတော့ ကျွန်တော်က ကြမ်းပြင်ပေါ်မှာ ပက်လက်ကြီး ဖြစ်နေပြီး စထရက်လေတာက ကျွန်တော့်ရင်ဘတ်ကို ခွစီးထား တာကိုပဲ မှတ်မိတော့တယ်။ သူ့မျက်နှာကြီးကလဲ ရဲရဲ။ ကျွန်တော့် ရင်ဘတ်ကို ဒူးနှင့် ဖိထားပြီး ကျွန်တော့် လက်ကို ချုပ်ထားတယ်။ ဒီကောင့် ကိုယ်ကြီးကလဲ

http://nyisay.com



လေးလိုက်တာဗျာ။ တစ်တန်လောက်များ ရှိမလား မသိဘူး။ ကျွန်တော် ရုန်းပေမယ့် မရဘူး။ ရုန်းလို့ လွတ်သွားရင်လဲ ဒီကောင် မသက်သာဘူး။

'ဒီကောင် ဘာသောက်ရူး ထတာလဲကွ' လို့ မေးရင်း ဒီကောင့် မျက်နှာဟာ နီသထက် နီလာတယ်။

'ဟေ့ကောင် ငါ့ကို ခွစီးမထားနဲ့ကွ'

ကျွန်တော်က အော်တယ်။ ဒီကောင်ကလဲ မလွှတ်ဘူး။ ကျွန်တော့် လက်ကို ဖမ်းချုပ်ထားတယ်။ ကျွန်တော်ကလဲ ဆဲလိုက် ဆိုလိုက်တာ မိုးမွှန်နေတာပဲ။ ဘယ်လို ဆဲမိမှန်းတောင် မမှတ်မိတော့ဘူး။ စုံလို့ပဲ။ မအေရော နှမရော ဘာမှ မကျန်တော့ဘူး။ သောက်ရူးလို့လဲ ခေါ်တယ်။ အရူးများ သူတို့ကို သောက်ရူးခေါ်ရင် သိပ်ခံပြင်းတယ် မဟုတ်လား။

'ဟေ့ကောင် တော်ကွာ၊ တော်ဆို တော်'

စထရက်လေတာရဲ့ မျက်နှာကြီးဟာ နီရဲသထက် နီလာတယ်။

'သောက်ရူး၊ ကောင်မလေးနဲ့မညည် ဂျင်းမှန်း ဂျိမ်းမှန်းတောင် မသိတဲ့ကောင်'

'ဟေ့ကောင် တိတ်ဆို မတိတ်သေးဘူးလား၊ မတိတ်ရင် ငါ မင်း ပါးစပ်ကြီးကို ပိတ်ထိုးလိုက်မယ်နော်'

'မင်း ဒူးကြီး ဖယ်ပေါ့ကွ'

'ငါ ဖယ်ပေးရင် မင်း အအော် ရပ်မှာလား'

ကျွန်တော်က မပြောဘူး။ သူကလဲ ဖွတ်မေးနေတယ်။

'ဟေ့ကောင် ငါဖယ်ပေးရင် အော်ဦးမှာလား ပြော'

'မအော်တော့ဘူးကွာ'

သူက ဖယ်ပေးတာနဲ့ ကျွန်တော် ထလိုက်တယ်။ ကျွန်တော့် ရင်ဘတ်ဟာ ဒီကောင့် ဒူးကြီးနဲ့ ဖိထားလို့ အောင့်တောင့်တောင့် ဖြစ်နေတယ်။

'ခွေးသား သောက်ရူး'

စထရက်လေတာဟာ တော်တော် ဒေါသထွက်နေပုံ ရတယ်။ ကျွန်တော်က ဆဲတော့ သူ့လက်ညှိုးကြီးကို ကျွန်တော့် မျက်နှာရှေ့မှာ ထိုးပြီး

'ဟေ့ကောင် မင်းကို ငါ နောက်ဆုံး သတိပေး နေတာနော်၊ နောက်တစ်ခါ ငါ့ကို ဆဲရဲရင် ဆဲကြည့်စမ်း၊ ငါ မင်းကို'

ကျွန်တော်ကလဲ ပြန်အော်တယ်။

'ဘာဖြစ်လို့ ရပ်ရမှာလဲကွ၊ မင်းတို့ သောက်ရူးတွေ ပြောတိုင်း ငါက

နားထောင်ရမှာလား၊ သောက်ရူး၊ ကောင်းကောင်းမွန်မွန် စကားပြောလို့ရတဲ့ ကောင်မျိုး မဟုတ်ဘူး'

ဒီတင် ဒီကောင် ကျွန်တော့်ကို ခုန်အုပ်လိုက်တယ်။ ကျွန်တော်လဲ ကြမ်းပေါ် ပက်လက်လန် လဲကျသွားတာကိုပဲ သတိရလိုက်တော့တယ်။ ကျွန်တော့်ကို ထိုးလိုက်သလား မထိုးလိုက်ဘူးလား ဆိုတာကို ကျွန်တော် ကောင်းကောင်း မမှတ်မိတော့ဘူး။ ထိုးတော့ မထိုးဘူး ထင်တာပဲ။ လူ တစ်ယောက်ကို လဲသွားအောင် ထိုးဖို့ဆိုတာ သိပ်တော့ လွယ်တဲ့ ကိစ္စ မဟုတ်ပါဘူး။ ရုပ်ရှင်တွေထဲမှာသာ ဖြစ်တာပါ။ ကျွန်တော့် နှာခေါင်းထဲကလဲ သွေးတွေတော့ ထွက်နေတယ်။ ကြည့်လိုက်တော့ စထရက်လေတာ ဆိုတဲ့ ကောင်က ကျွန်တော့်ကို ရပ်ပြီး ငုံ့ကြည့်နေတယ်။ သူ့ချိုင်းကြားထဲမှာလဲ မုတ်ဆိတ်ရိတ်တဲ့ ကိရိယာတွေကို ညှပ်ထားတယ်။

'ရပ်ပါဆို ရပ်မှ မရပ်ဘဲ၊ ခုတော့ မှတ်ကရောပေါ့'

ပြောလို့သာ ပြောရတယ်။ ဒီကောင့် ကြည့်ရတာ တော်တော် လန့်နေပုံ ရတယ်။ ကြမ်းပေါ်ကို ကျွန်တော် လဲကျသွားလို့ ခေါင်းခွံများ ကွဲသွားလေသလား ဘာလားလို့ စိုးရိမ်နေပုံပဲ။

ကျွန်တော်ကလဲ မထဘူး။ ကြမ်းပေါ်မှာ လဲနေရင်း ခွေးသား သောက်ရူး စသဖြင့် သူ့ကို ပါးစပ်ထဲ တွေ့ရာ နာမည်တွေ လျှောက်ခေါ်နေတယ်။

'ဟော့ကောင် သွားကွာ၊ မျက်နှာ သွားသစ်ချည်စမ်း' ကျွန်တော်ကလဲ သူ့သောက်ရူးမျက်နှာကြီးကို သွားသစ်ဖို့ ပြောတယ်။ တော်တော်တော့ ကလေးဆန်တယ်။ သူက ဘာမှ ဖြစ်တာ မဟုတ်ဘူး။ ဖြစ်တဲ့ လူက ကျွန်တော်။ ကျွန်တော်က သူ့ကို ရေချိုးခန်းသွားပြီး မျက်နှာသစ်ဖို့ ပြောနေတယ်။ မစ္စစ် ရှမစ်ကို သွေးတွေ မနက်ကျမှ အဆေးခိုင်းဖို့ ပြောနေတယ်။ မစ္စစ် ရှမစ် ဆိုတာက ကျွန်တော်တို့ အဆောင် တံမြက်စည်းလှည်းတဲ့ မိန်းမပါ။ အသက်က ခြောက်ဆယ့်ငါးနှစ်လောက် ရှိပါပြီ။

ကျွန်တော်က ကြမ်းပြင်ပေါ်မှာ ထိုင်နေတယ်။ စထရက်လေတာဟာ တံခါးကို ဂျိမ်းခနဲ နေအောင် ပိတ်ပြီး ရေချိုးခန်းဘက်ဆီ ထွက်သွားလေရဲ့။ ကျွန်တော် ထရပ်လိုက်တယ်။ ကျွန်တော် ဆောင်းထားတဲ့ တောလိုက် ဦးထုပ်ကလေးတောင် ဘယ်ရောက်သွားမှန်း မသိဘူး။ နောက်ဆုံးကျမှ ခုတင်အောက်က သွားတွေ့ရတယ်။ ဦးထုပ် ကောက်ပြီး ကျွန်တော် ဆောင်းနေကျ ပုံစံအတိုင်း ကြက်လျှာစွန်းကလေးကို ခေါင်းနောက်ရောက်အောင် လှည့်ဆောင်းပြီး မှန်ရှေ့မှာ

## လေလွင့်သူ

ကျွန်တော့် မျက်နှာကို ကျွန်တော် ပြန်ကြည့်လိုက်တယ်။ ကျွန်တော့် တစ်သက်မှာ ဒီလောက် သွေးတွေ ထွက်နေတာကို တစ်ခါမှ မမြင်ဖူးသေးဘူး။ မျက်နှာ တစ်ခုလုံး သွေးတွေကို ခြင်းခြင်းနီနေတာပဲ။ မေးစေ့မှာရော ပါးမှာရော အင်္ကျီ မှာရော သွေးတွေ ရဲလို့။ သွေးတွေကို ကြည့်ပြီး နည်းနည်း လန့်သွားမိတယ်။ နည်းနည်းလဲ သတ္တိကောင်းလာတယ်။ ကျွန်တော်က ဘယ်လိုမှန်း မသိဘူး။ သွေးကို မြင်ရင် နည်းနည်း ကြမ်းချင်တယ်။ ကျွန်တော့် တစ်သက်မှာ နှစ်ခါပဲ ရန်ဖြစ်ဖူးတယ်။ နှစ်ခါလုံး ကျွန်တော် ခံရတာချည်းပဲ။ အမှန်က ကျွန်တော့် စိတ်ရင်းက ရန်တို့ ဘာတို့ ဖြစ်ချင်တဲ့ကောင် မဟုတ်ဘူး။ အေးအေးဆေးဆေး နေချင်တဲ့ကောင်။

ကျွန်တော့် အခန်းနားက ရောဗတ်ကတော့ ကျွန်တော်တို့ နှစ်ယောက် ဖိုက်ကြတာကို ကြားပြီး နိုးနေလောက်ပြီ ထင်တယ်။ ဒါနှင့် သူ နိုးသလား မနိုးသလား သိရအောင် ကျွန်တော်တို့ အခန်း နှစ်ခန်းကို ခြားထားတဲ့ ရေချိုး ခန်းနား သွားပြီး ကန့်လန့်ကာ ကြားထဲက ချောင်းကြည့်လိုက်တယ်။ အမှန် ကတော့ ကျွန်တော် သူ့အခန်းကို သွားလေ့ သွားထ မရှိဘူး။ ဒီကောင်က ညစ်ညစ်ပတ်ပတ် နေတတ်တော့ ရွံတာနှင့် မသွားတာ။

# ၇

ရေချိုးခန်း ကန့်လန့်ကာ ကြားထဲက မီးရောင် မှျင်မှျင်ကလေး ထွက်နေတယ်။ သူ့အခန်းထဲကို ကြည့်လိုက်တော့ ရောဗတ်က ခုတင်ပေါ်မှာ လှဲလျက်ပဲ။ ဒါပေမယ့် နိုးနေပုံ ရတယ်။

'ဟော့ ရောဗတ် နိုးနေသလား'

'အေး နိုးနေပြီ'

ရေချိုးခန်းထဲမှာ မှောင်နေတော့ ကြမ်းပြင်ပေါ်က ဖိနပ်ကို တက်နင်းမိတာ ကံကောင်းလို့ ခေါင်းမကွဲတယ်။။ ရောဗတ်က အိပ်ရာပေါ်မှာ လှဲရင်း တံတောင်ကို ထောက်ပြီး စောင်းနေတယ်။ သူ့ မျက်နှာမှာလဲ ဝက်ခြံဆေးတွေ တို့ထားလိုက်တာ ဖွေးနေတာပဲ။ မှောင်ထဲမှာ ထုံးအိုးကြီး မှောက်ထားသလား အောက်မေ့ရတယ်။

'ဘာလုပ်နေတာလဲ'

'ဘာလုပ်ရမှာလဲကွ၊ အိပ်မလို့ပေါ့၊ မင်းတို့ နှစ်ယောက် ဆူနေတာနှင့် အိပ်လို့ မရဘူး၊ ဘာဖြစ်ကြတာလဲ'

'မီးခလုတ်က ဘယ်နားမှာလဲကွ၊ ရှာလို့လဲ မတွေ့ပါလား'

ကျွန်တော်က နံရံကို လျှောက်စမ်းနေတယ်။

'ဘာလုပ်မလို့ မီးဖွင့်တာလဲ၊ မင်းလက်နားမှာ'

မီးခလုတ်ကို စမ်းတွေ့တာနှင့် မီးကို ဖွင့်လိုက်တယ်။ ရောဗတ်က မီးရောင် စူးမှာစိုးလို့ မျက်လုံးကို လက်နှင့် ကာလိုက်တယ်။

'ဟော့ကောင် ဘယ်လို ဖြစ်လာတာလဲ'

ကျွန်တော့်မျက်နှာက သွေးတွေကို မြင်လို့ သူ အော်တယ်။

'စထရက်လေတာနှင့် ဖိုက်လာတာကွ'

ကျွန်တော် ကြမ်းပြင်ပေါ်မှာ ထိုင်လိုက်တယ်။ ဒီကောင်တွေရဲ့ အခန်းမှာ ကုလားထိုင်ရယ်လို့ တစ်ခါမှ မတွေ့ဖူးဘူး။ ကုလားထိုင်ကို ဘာလုပ်ပစ်သလဲ မဆိုနိုင်ဘူး။

'ဟေ့ကောင် ကျား ကစားမလား' လို့ ကျွန်တော်က မေးတယ်။ ဒီကောင်က ကျား ကစားတာကို အင်မတန် ဝါသနာ ပါတာ။

'ဟေ့ကောင် မင်းမျက်နှာမှာ သွေးတွေနှင့် ဆေးလေး ဘာလေး လိမ်းလိုက်ဦး'

'ခဏနေရင် ရပ်သွားမှာပေါ့၊ ဘယ့်နှယ်လဲ၊ ကျားကစားမလား'

'ကြံကြီးစည်ရာကွာ၊ ဒီ အချိန်ကြီးမှာ ကျားကစားဦးမလို့လား'

'ဘယ်အချိန်များ ရှိသေးလို့လဲ၊ အလွန်ဆုံးရှိ ၁၁ နာရီခွဲလောက်ပဲ ရှိဦးမယ်'

'မဖြစ်ဘူးကွ၊ မနက် အစောကြီးထပြီး ဘုရားရှိခိုးကျောင်း တက်ရဦးမှာ၊ မင်းတို့ နှစ်ယောက် ဆူညံနေတာနှင့် ခုထိ တစ်ရေးမှ မအိပ်ရသေးဘူး၊ နေစမ်းပါဦး၊ ဘာဖြစ်လို့ ဖိုက်ကြတာလဲ'

'ပြောရရင်တော့ အရှည်ကြီးပဲကွ၊ နားမထောင်ချင်စမ်းပါနှင့်ကွာ'

ကျွန်တော်က စကားပြတ်အောင် ပြောလိုက်တယ်။ အမှန်ကတော့ ကျွန်တော့ ကိုယ်ရေး ကိုယ်တာ ကိစ္စတွေကို ဒီကောင့်ကို ဘယ်တော့မှ ပြောလေ့ မရှိဘူး။ ဒီကောင်က ငတုံး၊ တုံးလိုက်တာမှ စထရက်လေတာ ထက်တောင် တုံးသေးတယ်။ ဟိုကောင်က သူ့ထက်စာရင် အများကြီး တော်သေးတယ်။

'ဟေ့ ငါ အီလီရဲ့ ခုတင်မှာ အိပ်မယ်ကွာ၊ ဒီနေ့ည ဒီကောင် ပြန်မလာဘူး မဟုတ်လား'

ကျွန်တော်က သိလျက်သားနှင့် မေးလိုက်တယ်။ အမှန်က အီလီဟာ စနေနေ့ဆိုရင် အိမ်ပြန် အိပ်တတ်တာ ကျွန်တော် သိသားပဲ။

'မသိဘူးကွ၊ ဒီအကောင် ဘယ်အချိန် ပြန်လာမလဲ မပြောတတ်ဘူး'

ကျွန်တော် တော်တော် စိတ်တိုသွားတယ်။

'ဘာမသိဘူးလေး ဘာလေး လုပ်မနေစမ်းနှင့်ကွာ၊ ဒီကောင်က စနေနေ့ ဆိုရင် အိမ်ပြန် အိပ်တတ်တာ၊ တနင်္ဂနွေညကျမှ ပြန်လာတာ မဟုတ်လား'

ကျွန်တော်က သူ့အနား သွားပြီး ပခုံးကို ပုတ်လိုက်ရင်း

'ဟေ့ကောင် လုပ်ကွာ၊ ငါ ဒီမှာ အိပ်မယ်၊ ဘယ့်နှယ်လဲ'

'မသိဘူးကွာ၊ သူများ အိပ်ရာပေါ်မှာ အိပ်ပါလို့ ငါ မပြောချင်ဘူး၊ မင်းသဘောပဲ'

'လုပ်ပါ သူငယ်ချင်းရာ၊ မင်းက လူကြီးလူကောင်း စိတ်လဲ ရှိပါတယ်၊ ပြီးတော့ ငါ့ကို စီးကရက်လဲ တိုက်စမ်းကွာ၊ စီးကရက် သောက်ချင်လိုက်တာ'

'ဟင့်အင်း.....ငါ့မှာ မရှိဘူး၊ နေစမ်းပါဦး၊ မင်းတို့ နှစ်ယောက် ဘာဖြစ်လို့ ဖိုက်ကြတာလဲ'

ကျွန်တော် မဖြေဘူး။ သူက ထလာပြီး ပြတင်းပေါက်မှာ သွားရပ်နေတယ်။ ဘာဖြစ်လို့မှန်း မသိဘူး။ ကျွန်တော့် စိတ်ထဲမှာ ဝမ်းနည်းသလိုဘာလိုလိုကြီး ဖြစ်လာတယ်။

'ဘာဖြစ်လို့ ဖိုက်တာလဲ ဟင်'

ဒီကောင်မေးတာ အကြိမ် ငါးဆယ်လောက် ရှိပြီ။ တော်တော် ခက်တဲ့ကောင်ပဲ။ ဘာဖြစ်လို့ ဒီလောက် တဖွဖွ မေးနေရသလဲ မသိဘူး။

'မင်းကြောင့်ပေါ့'

'ဘာ ငါ့ကြောင့် ဟုတ်လား၊ ငါနှင့် ဘာဆိုင်လို့လဲ'

'မင်း အကြောင်းကို မကောင်း ပြောနေတာ မခံချင်လို့ပေါ့၊ မင်းဟာ အလကား ကောင်တဲ့၊ ငါ့ရှေ့မှာ ပြောနေတာ ငါ မခံချင်တော့ဘူးပေါ့'

'ဟုတ်လား၊ ဘယ်လို အလကားကောင်တဲ့လဲ'

ကျွန်တော်က သူ့ကို နောက်ပြောင် ပြောတာ ဖြစ်ကြောင်း ပြောပြီး အီလီရဲ့ အိပ်ရာပေါ်ကို လှဲအိပ်လိုက်တယ်။

'မင်းတို့ အခန်းက သိပ်နံတာပဲကွာ၊ အဝတ်ဟောင်းတွေလဲ မလျှော်ဘူးထင်တယ်၊ ဒိုဘီလေး ဘာလေး ပေးရောပေါ့'

'ဟော့ကောင် မနေနိုင်ရင် မင်း ကောက်လျှော်ပေးခဲ့၊ မီးလဲ ပိတ်လိုက်ဦး'

ကျွန်တော် မီးကို ချက်ချင်း မပိတ်မိသေးဘူး။ အိပ်ရာပေါ်လှဲရင်း ဂျိမ်းအကြောင်း တွေးနေမိတယ်။ ကားထဲမှာ သူတို့နှစ်ယောက် ဘယ် အခြေအနေများ ရောက်ခဲ့ပြီလဲလို့ တွေးလိုက်တိုင်း ကျွန်တော့် ရင်ထဲမှာ ဒေါသတွေ ဆူပွက်လာတယ်။ တွေးတိုင်း ပြတင်းပေါက်ကနေ ခုန်ချချင် စိတ်တွေ ပေါ်လာတယ်။ ကိုယ့်လူက စထရက်လေတာ ဆိုတဲ့ ကောင်အကြောင်း မသိဘူး။ ဒီကောင့် အကြောင်းကို ကျွန်တော် ကောင်းကောင်း သိတာပေါ့။ ရှောဇတ်တို့ ဘယ်သူတို့ ဆိုတဲ့ ကောင်တွေက ဘယ်မိန်းကလေးကို သူတို့ စွံတယ် သူနှင့် ဘာဖြစ်တယ် ဆိုတာ ပါးစပ်သာ ပြောတာ၊ တကယ်တော့ ဘာမှ ဟုတ်တာ

မဟုတ်ဘူး။ ဒါပေမယ် စထရက်လေတာ ဆိုတဲ့ ကောင်ကတော့ သိပ်မပြောဘူး။ လက်တွေ့သမား။ ကောင်မလေး နှစ်ယောက်ကို ဒီလိုပဲ ထုတ်သွားခဲ့ပြီးပြီ။ ကျွန်တော် သိတာပေါ့။

'ဟေ့.....ရောဗတ်၊ မင်း အကြောင်း ပြောစမ်းပါဦး'

'ဟေ့ကောင် မီးကြီးကို မှိတ်လိုက်ပါကွ၊ ငါ မနက် အစောကြီး ဘုရားရှိခိုးကျောင်း တက်ရဦးမှာ'

ဒီကောင် တကျည်ကျည် လုပ်နေတာနှင့် ကျွန်တော် ထပြီး မီးကို ပိတ်လိုက်တယ်။ ပြီးတော့ အီလီရဲ့ အိပ်ရာပေါ်မှာ ပြန်ထိုင်တယ်။

'ဟေ့ကောင် ဘာလဲ၊ မင်းက အီလီရဲ့ အိပ်ရာမှာ အိပ်မလို့လား'

ရောဗတ် ဆိုတဲ့ ကောင်က တော်တော် တိကျတဲ့ကောင်။

'အိပ် အိပ် မအိပ်အိပ်ကွာ၊ မင်းအပူ မဟုတ်ပါဘူး'

'ငါ့အပူတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီကောင် ပြန်ရောက်လာပြီး သူ့ အိပ်ရာပေါ် ဘာဖြစ်လို့ အိပ်ခွင့်ပေးရတာလဲ ဘာလဲ လုပ်နေရင် ငါနှင့် ပြဿနာ ဖြစ်မှာကွ'

'စိတ်အေးအေး ထားစမ်းပါကွာ၊ မအိပ်ပါဘူး၊ မင်း စေတနာကို ငါ အလွဲသုံးစား မလုပ်ပါဘူး'

ခဏကြာတော့ ဒီကောင့် ခုတင်ဆီက ဟောက်သံ ပေါ်လာတယ်။ ကျွန်တော်လဲ မှောင်ကြီးထဲမှာ လှဲရင်း ဂျိမ်းနှင့် စထရက်လေတာတို့ အကြောင်းကို မတွေးမိအောင် ကြိုးစားတယ်။ ဒါပေမယ့် မရပါဘူး။ သူတို့ နှစ်ယောက် အကြောင်းကိုပဲ စိတ်က ရောက်သွားတယ်။ ခက်တာက ကျွန်တော်က ဒီကောင့် နည်းတွေကို အကုန်သိတယ်။ တစ်ခါတုန်းက သူနှင့် ကျွန်တော် အတွဲ ကိုယ်စီ နှင့် ထွက်ဖူးတယ်။ သူက ကားနောက်မှာ သူ့ကောင်မလေးနှင့်။ ကျွန်တော်က ရှေ့ခန်းမှာ ကိုယ့်အတွဲနှင့်။ ဒီကောင့်နည်းက အစမှာတော့ လေပျော့လေးနှင့် ချွဲပျစ်ပျစ်လုပ်တယ်။ ကျွန်တော်က သူ တွတ်ထိုးနေသံ ကြားတော့ အသာ နားစွင့်လိုက်တယ်။ ဟင့်အင်းကွယ်၊ ဒီလိုတော့ မလုပ်နှင့်။ ဟင့်အင်း ဟင့်အင်း နှင့် ငြင်းနေတယ်။ ဒီကောင်ကလဲ တကယ့် အတည်ပေါက်လေမျိုးနှင့် တွတ်ထိုး နေတယ်။ နောက်တော့ ကျွန်တော်တို့ ကားနောက်ခန်းမှာ အတိတ်ဆိတ်ကြီး တိတ်ဆိတ်သွားတော့တာပါပဲ။ သူ့ကောင်မလေးကတော့ ဟင့်အင်း ဟင့်အင်း နှင့်ပဲ ကျွန်တော်ဖြင့် ရှက်လိုက်တာဗျာ။ အဲဒီညက ဒီကောင် အောင်ပွဲတော့ ရလိုက်ဟန် မတူပါဘူး။ ဒါပေမယ် အောင်ပွဲရသလောက်ပဲ ဆိုပါတော့လေ။

ကျွန်တော် ဒါတွေကို စဉ်းစားနေတုန်း စထရက်လေတာဟာ ရေချိုးခန်းထဲက ထွက်လာပြီး ကျွန်တော်တို့ အခန်းထဲ ပြန်ဝင်သွားသံကို ကြားလိုက်ရတယ်။ ပြီးတော့ သူ့ မုတ်ဆိတ်ရိတ် ကိရိယာတွေ ပြန်သိမ်းတဲ့ အသံ၊ ပြတင်းပေါက် ဖွင့်တဲ့ အသံတွေကို ကြားရတယ်။ ဒီကောင်က လေကောင်းလေသန့်တို့ ဘာတို့ ဆိုတာတွေကို သိပ် အစွဲအလမ်းကြီးတဲ့ ကောင်။ ပြီးတော့ မီးခလုတ် ပိတ်လိုက်သံ ကြားရတယ်။ ကျွန်တော် ဘယ်သွားနေသလဲ ဆိုတာကို ထည့် စဉ်းစားမယ့် ကောင်မျိုး မဟုတ်ပါဘူး။

လမ်းမက တိတ်ဆိတ်လို့ ကားတို့ ဘာတို့ ဖြတ်သန်း သွားသံတောင် မကြားရတော့ဘူး။ ကျွန်တော့်စိတ်ထဲမှာ ဟာတာတာကြီး ဖြစ်နေတယ်။ ရောဗတ်ကို နှိုးပြီး စကားပြောရ ကောင်းမလားလို့တောင် စဉ်းစားမိသေးတယ်။

'ဟေ့ ရောဗတ်' လို့ ကျွန်တော်က ရေချိုးခန်းကလေးသာ ခြားနေတဲ့ ကျွန်တော်တို့ အခန်းက စထရက်လေတာ မကြားအောင် ခပ်တိုးတိုး ခေါ်လိုက်တယ်။ ရောဗတ်ဆိုတဲ့ ကောင်က မနိုးဘူး။

'ဟေ့ ရောဗတ်'

ဒီကောင် မနိုးသေးဘူး။ ဒီကောင်က အိပ်ရင် ကျောက်တုံးပဲ။

'ရောဗတ်'

ဒီတစ်ခါတော့ သူ နိုးလာတယ်။

'ဘာလဲကွ၊ အိပ်တာ ကောင်းကောင်း မအိပ်ရဘူး'

'ဟေ့ကောင် ငါ မေးချင်တာ ရှိလို့ပါကွ၊ ဘုန်းကြီး ဝတ်ရင် ဘယ်လို ဝတ်ရသလဲ၊ ဇရင်ဂျီ ဘာသာကို ဝင်ရသလား'

ကျွန်တော် တကယ် မေးတာပါ။ ကျွန်တော့် စိတ်ထဲမှာ ဘုန်းကြီး ဝတ်ရင် ကောင်းမလားလို့ စိတ်ကူး ပေါ်တာနှင့် သူ့ကို မေးကြည့်တယ်။

'ဝင်ရမှာပေါ့ကွ၊ ဒါလေး မေးချင်တာနှင့် ငါ့ကို နှိုးရသလား ချီးမှပဲ'

'ဒါဖြင့်လဲ အိပ်ပါတော့ကွာ၊ မင်းတို့ဘာသာကို မဝင်ရုံပေါ့၊ ခွီးတဲ့မှပဲ'

ကျွန်တော်က ဒီလို ပြောလိုက်တော့ ရောဗတ်ဟာ အိပ်ရာက ငုတ်တုတ် ထထိုင်ပြီး

'ဟေ့ကောင် ငါ့အကြောင်းကို မင်း ဘာပြောပြောကွာ၊ ငါ ခံနိုင်တယ်၊ ဘာသာရေးကိုတော့ မထိနှင့်'

'ဆောရီးကွာ၊ မင်းဘာသာတရားကို နှောက်ပြောင်တာ မဟုတ်ပါဘူး'

အီလီရဲ့ အိပ်ရာပေါ်မှာ ထိုင်နေရာက ကျွန်တော် ထတယ်။ ဒီပတ်ဝန်း

ကျင်မှာ ကျွန်တော် မနေချင်တော့ဘူးလေ။ ငြီးငွေ့လာပြီ။ အခန်းထဲက ထွက် ခါနီးမှာ ရောဗတ်ကို လက်ဆွဲ နှုတ်ဆက်တယ်။ အမှန်ကတော့ စိတ်ပါလှလို့ မဟုတ်ပါဘူး။ ဟန်ဆောင်ပန်ဆောင် လက်ဆွဲနှုတ်ဆက်တာပါ။ ရောဗတ်က သူ့လက်ကို ဆုပ်လိုက်ပြီး

'ဘာသဘောလဲကွ'

'ဘာသဘောမှ မဟုတ်ပါဘူးကွာ၊ မင်း ငါ့ အပေါ်မှာ သဘော ကောင်း တဲ့ အတွက် ငါ ကျေးဇူးတင်တဲ့ အနေနှင့် လက်ဆွဲ နှုတ်ဆက်တာပါ၊ မင်းက တော်ပါတယ်၊ တစ်နေ့မှာ ကြီးပွားမယ့် ကောင်ပါ'

'မင်းလဲ တော်ပါတယ်ကွာ၊ တစ်နေ့ကျရင် မင်းလဲ.....'

ကျွန်တော် သူ့စကားကို ဆုံးအောင် နားမထောင်တော့ဘူး။ တံခါးကို ဆောင့် ပိတ်ပစ်ခဲ့ပြီး ကော်ရစ်ဒါကို ထွက်ခဲ့တယ်။

ကော်ရစ်ဒါမှာလဲ အသွားအလာ တိတ်လို့။ တိတ်မှာပေါ့၊ သီတင်းကုန် ရက်ဆိုတော့ ကျောင်းသား တော်တော်များများ အိမ်ပြန်ကြတာကိုး။ မီလ်နှင့် ဟော့ဖ်မင်းတို့ အခန်းရှေ့မှာ ကိုလီနိုးစ် သွားတိုက်ဆေးဘူး တစ်ဘူး ကျနေတယ်။ သွားတိုက်ဆေးဘူးကို ခြေထောက်နှင့် ခတ်လိုက်ပြီး လှေကားထိပ်ဆီကို လာခဲ့ တယ်။ ဘယ်သွားပြီး ဘာလုပ်ရမလဲ မသိဘူး။ ဘရော့ဆပ် အခန်းကို သွားရ မလားလို့ စိတ်ကူးမိသေးတယ်။ ဒါပေမယ့် စိတ်ပြောင်းသွားတယ်။ ကျွန်တော် လုပ်ရမယ့် အလုပ်ကို ကျွန်တော် သိပြီလေ။ ကျွန်တော် ကျောင်းက ထွက်သွား တော့မယ်။ ဗုဒ္ဓဟူးနေ့ ထိအောင် မစောင့်တော့ဘဲ ခုညပဲ ထွက်သွားတာ ကောင်းတယ်လို့ ထင်တယ်။ ဘယ်ကို သွားမလဲ။ လွယ်ပါတယ်၊ နယူးရော့ မြို့ထဲက ဈေးခပ်ပေါပေါ ဟိုတယ်တစ်ခုမှာ အခန်းတစ်ခန်း ငှားနေလိုက်မယ်။ ဗုဒ္ဓဟူး နေ့အထိ နေမယ်။ ပြီးတော့မှ အိမ်ကို ပြန်မယ်။ ကျွန်တော် ထင်တယ်၊ ဗုဒ္ဓဟူးနေ့လောက်ဆိုရင် ကျောင်းအုပ်ကြီးဆီက ကျွန်တော့်ကို ကျောင်းထုတ် ပစ်လိုက်တဲ့ အကြောင်းကြားစာ ရောက်တော့မှာ။ ဒီတော့ အဲဒီစာ ရောက်လာ ချိန်မှာ ကျွန်တော် အိမ်မှာ မရှိချင်ဘူး။ စိတ်ညစ်တယ်။ အမေ့စိတ်က တိုတို ရယ်။ သည်စာကို ရရင် အော်သည်ရော ငိုသည်ရော လုပ်ဦးမှာ။ အမေက သူ ကျေနပ်ရင်တော့ မဆိုးပါဘူး။ ကျွန်တော့်ကို အလိုလိုက်ပါတယ်။ ဒါပေမယ့် ကျောင်းထုတ်ခံရပြီဆိုတာ သိရင် ကျွန်တော့်ကို ဆူဦးမှာ။ ဒီတော့ ကျွန်တော် အိမ်ကို တိုက်ရိုက် မပြန်ချင်သေးဘူး။ ကျွန်တော် ကိုယ်တိုင်ကလဲ အားလပ်ရက် ကလေး ဘာလေး လိုချင်သေးတယ်။ အေးအေးဆေးဆေး နေချင်သေးတယ်။

ကျွန်တော့် အာရုံကြောတွေကလဲ သိပ်မကောင်းချင်သေးဘူး။

ဒါကြောင့် အိမ်ကို မပြန်သေးဘူးလို့ ကျွန်တော် ဆုံးဖြတ်တာ။ ကျွန်တော့် အခန်းကို ပြန်လာပြီး မီးတွေကို ဖွင့်လိုက်တယ်။ ထုပ်စရာ ပိုးစရာ ရှိတာကို ထုပ်ရ ပိုးရဦးမယ်။ တချို့တလေကတော့ ထုပ်လို့ ပိုးလို့ ပြီးပါပြီ။ စထရက်လေတာကတော့ အိပ်ရာကတောင် မထဘူး။ ကျွန်တော်လဲ စီးကရက်တစ်လိပ် ညှိပြီး အဝ သောက်တယ်။ အဝတ်အစား လဲတယ်။ ကျွန်တော့် ဂလက်စတုန် အိတ်ကြီး နှစ်အိတ်ထဲမှာ ပစ္စည်းတွေကို ထည့်တယ်။ မကြာလိုက်ပါဘူး။ နှစ်မိနစ်လောက်ပဲ ကြာပါတယ်။ ခရီး သွားမလို့ ထုပ်တယ် ပိုးတယ် ဆိုရင် ကျွန်တော်က မြန်တယ်။

အဲ ထုပ်ရာ ပိုးရာမှာ ကျွန်တော် နည်းနည်း စိတ်မကောင်းတာ တစ်ခုတော့ ရှိတယ်။ ကျွန်တော့်မှာ ရေခဲပေါ်မှာ စီးတဲ့ စကိတ် တစ်ရန် ရှိတယ်။ အသစ်စက်စက်ကြီး ရှိသေးတယ်။ အမေ ဝယ်ပြီး ပို့လိုက်တာ ဘာကြာသေးလို့လဲ။ နှစ်ရက်လောက်ပဲ ရှိဦးမယ်။ အဲဒီ စကိတ်ကြီးကို အထုပ်ထဲ ထည့်ရဦးမယ်။ ကျွန်တော် သိတယ်၊ အမေဟာ စပေါလ်ဒင်း စတိုးကို သွားပြီး အရောင်းစာရေးကို အကြိမ် တစ်သန်းလောက် ဟိုမေး သည်မေး မေးပြီးမှ ဒီပစ္စည်းကို သူ့သား အတွက် ဝယ်ပို့လိုက်တာ။ ခုတော့ ကျွန်တော်က ဒီမှာ ကျောင်းထုတ်ခံနေရတယ်။ ပြီးတော့ စကိတ်ကလဲ ကျွန်တော် လိုချင်တဲ့ စကိတ်မျိုး မဟုတ်ဘူး။ ကျွန်တော် လိုချင်တာက ရေခဲပေါ်မှာ အပြေးပြိုင်စကိတ်။ သူ ဝယ်ပေးလိုက်တာက ဟော်ကီ ရိုက်တဲ့ စကိတ်။ ဘယ်လိုပဲဖြစ်ဖြစ်လေ အမေက ကိုယ့်သားလေးဖို့ ဆိုပြီး တခုတ်တရ ဝယ်ပေးလိုက်ခါမှ ကျွန်တော် ကျောင်းထုတ်ခံနေရတယ်။ ဒီတော့ ကျွန်တော် စိတ်မကောင်းဘူးပေါ့။ ပြီတော့ ကျွန်တော်ကလဲ တစ်မျိုးပဲ။ တစ်ယောက်ယောက်က ကျွန်တော့်ကို လက်ဆောင်တို့ ဘာတို့ ဝယ်ပေးရင် စိတ်ထဲမှာ ဝမ်းနည်းသလိုလို ဘာလိုလို ဖြစ်တတ်တယ်။

ပစ္စည်းတွေကို ထုပ်ပိုးပြီးတော့ ကျွန်တော့် လက်ထဲမှာ ပိုက်ဆံ ဘယ်လောက် ရှိသေးသလဲလို့ ကျွန်တော် ရေတွက်ကြည့်တယ်။ ကျွန်တော့်မှာ ဘယ်လောက် ကျန်သလဲ ဆိုတာကိုတော့ ကျွန်တော် ကောင်းကောင်း မမှတ်မိတော့ဘူး။ ဒါပေမယ့် သိပ်တော့ မနည်းပါဘူး။ အရင် တစ်ပတ်ထဲကတင် အဘွားက ကျွန်တော့်ဆီကို ပိုက်ဆံ ပို့လိုက်သေးတာကိုး။ ကျွန်တော့် အဘွားက လက်ဖွာတယ်။ အပေးအကမ်း ရက်ရောတယ်။ အဘွားမှာ သွား တစ်ချောင်းမှ မရှိတော့ဘူး။ မရှိဆို အသက်လဲ ကြီးလှပြီလေ။ နှစ်တိုင်း ကျွန်တော့် မွေးနေ့ဖို့

http://nyisay.com



ဆိုပြီး လက်ဆောင် လေးခါလောက် ပို့တတ်တယ်။ ဒီတော့ ကျွန်တော့်မှာ ထောနေတာပေါ့။ ဒါပေမယ့် ပိုက်ဆံ ပိုသုံးရအောင် ကျွန်တော်ကလဲ အကြံအဖန်တွေ လုပ်တယ်လေ။

အောက်ထပ်က ကျွန်တော့် လက်နိုပ်စက် ငှားထားတဲ့ ဖရက်ရဲ့အခန်းကို လာခဲ့တယ်။ သူ ကျွန်တော့် လက်နိုပ်စက်ကို ဘယ်လောက် ပေးမလဲလို့ မေးတယ်။ ဒီကောင်က တော်တော် ထောတဲ့ကောင်၊ ဘယ်လောက် ပေးရမလဲ သူ မသိဘူးတဲ့။ သူလဲ မဝယ်ချင်ဘူးတဲ့။ နောက်ဆုံးကျတော့ ကျွန်တော်က အတင်း ရောင်းတာနှင့် သူ ဝယ်လိုက်တယ်။ အမှန်က ကျွန်တော့်စက်ဟာ ဒေါ်လာ ကိုးဆယ်လောက် တန်တယ်။ ဒါပေမယ့် ဒီကောင်က နှစ်ဆယ်ပဲ ပေးတယ်။ သူ့ကို နှိုးရပါ့မလားလို့ ဆိုပြီး စိတ်လဲ ဆိုးနေတယ်။

ပစ္စည်းတွေ အားလုံး ထုပ်ပိုးပြီးတော့ ကျွန်တော် လှေကားထိပ်မှာ ရပ်ပြီး ကျွန်တော်တို့ အဆောင်က ကော်ရစ်ဒါကြီးကို နောက်ဆုံးကြည့်ခြင်း အနေနှင့် ကြည့်လိုက်တယ်။ ဘာဖြစ်လို့မှန်းတော့ မသိဘူး၊ စိတ်ထဲမှာ ငိုချင်လာတယ်။ ကျွန်တော့် တောလိုက် ဦးထုပ်ကလေးကို ဆောင်းနေကျ အတိုင်း နောက်ပြန် ဆောင်းလိုက်ပြီး 'ဟေ့ကောင်တွေ အိပ်ထားနှင့်ဟေ့၊ ဝအောင် အိပ်ထားကြ' လို့ အသံကုန် ဟစ်လိုက်တယ်။ ကျွန်တော့် အသံကြောင့် တစ်ထပ်လုံး နိုးကုန်ကြမှာ သေချာတယ်။ လှေကားက ဆင်းလိုက်တော့ ကျွန်တော် လှေကားပေါ်က ချော်ကျသွားတယ်။ ဘယ်ကောင်က မြေပဲခွံတွေ လှေကားပေါ် ပစ်ထားမှန်း မသိဘူး။ ကံကောင်းလို့ လည်ကုပ်မကျိုးတာပေါ့။

၈

ညဥ့်နက်လို့ တက္ကစီတို့ ဘာတို့ ခေါ်လို့ မရတော့ဘူး။ ဒါကြောင့် ဘူတာကို ကျွန်တော် ခြေကျင် လျှောက်လာခဲ့တယ်။ သိပ်တော့ မဝေးလှပါဘူး။ ဒါပေမယ့် သိပ်အေးပြီး နှင်းတွေ သိပ်ကျနေတော့ လမ်းလျှောက်ရတာ မကောင်းဘူး။ ဒီအထဲ ကျွန်တော့် ဂလက်စတုန်အိတ်ကြီးက ခြေထောက်နှင့် လာလာတိုက်တော့ ပိုဆိုးတာပေါ့။ သို့သော် ပြင်ပလေကို ရှူရှိုက်လိုက်ရလို့ ကျွန်တော် သဘော ကျနေတယ်။ အဆိုးဆုံးကတော့ အေးလို့ နှာခေါင်းတွေ ကျဉ်နေပြီး စထရက် လေတာ ထိုးထားလို့ ကွဲနေတဲ့ ကျွန်တော့် အပေါ် နှုတ်ခမ်းက ဒဏ်ရာက စပ်ဖျင်းဖျင်း ဖြစ်နေတာက အဆိုးဆုံးပဲ။ ဒီကောင် ထိုးလိုက်တာ ကျွန်တော့် အပေါ် နှုတ်ခမ်း ကွဲသွားပြီး နာနေတယ်။ နားရွက်တွေ ဘာတွေကတော့ ကောင်းပါတယ်။ နွေးနေတာပဲ။ ကျွန်တော် ဝယ်ထားတဲ့ ဦးထုပ်မှာ ပါးအကာ၊ နားအကာတို့ ပါတော့ ဟန်ကျတာပေါ့။ ပါးအကာ၊ နားအကာကို အပြင် ထုတ်ပြီး ဖုံးထားလိုက်တယ်လေ။ လူပုံပန်းကတော့ ဘယ်လိုနေမယ် မသိဘူး။ ဒါတွေကို ဂရုစိုက် မနေနိုင်ဘူးလေ။ ဒီ အချိန်ကြီးမှာ လူသွား လူလာကလဲ မရှိပါဘူး။ အားလုံး အိပ်နေကြပြီပဲ။

ဘူတာ ရောက်တော့ ကံကောင်းတယ် ပြောရမလား မသိဘူး။ သိပ် မစောင့်လိုက်ရဘူး။

ရထား စောင့်တုန်း နှင်းတစ်ဆုပ်ကို ယူပြီး မျက်နှာသစ်လိုက်တယ်။ ကျွန်တော့် မျက်နှာမှာ သွေးစ သွေးနတွေ ပေနေတယ် မဟုတ်လား။

ထုံးစံအတိုင်း ဆိုရင်တော့ ရထား စီးရတာကို ကျွန်တော် သဘော ကျတယ်။ အထူးသဖြင့် ညရထား စီးရတာကို သဘောကျတယ်။ ရထား

တစ်တွဲလုံး မီးတွေက ထိန်ပြီး ပြတင်းပေါက်တွေ ပိတ်လို့။ ကော်ဖီတို့ သတင်းစာတို့ မဂ္ဂဇင်းတို့ ရောင်းတဲ့ ကောင်လေးတွေက တွဲပေါ်တက်ပြီး ရောင်းကြတယ်။ ရထားပေါ်မှာဆိုရင် ဝက်ပေါင်ခြောက် ဆင်းဒွစ်နှင့် မဂ္ဂဇင်း လေးစောင်လောက် ဝယ်လေ့ရှိတယ်။ ရထားပေါ်မှာဆိုရင် မဂ္ဂဇင်းတွေထဲက အညံ့ဆုံး ဝတ္ထုတွေကိုတောင် ကျွန်တော် ဖတ်လို့ရတယ်။ ဝတ္ထုထဲက မေးရိုးကြီးကြီး ဒေးဗစ်ဆိုတဲ့ ဇာတ်လိုက် ကောင်လေးနှင့် မာစီယာတို့ လင်ဒါတို့ ဆိုတဲ့ ကောင်မလေးတွေနှင့် တွေ့၊ ကောင်မလေးတွေက ဒေးဗစ်ရဲ့ ဆေးတံကို မီးညှိပေးတာတို့ ဘာတို့ပေါ့ဗျာ။ ညရထားနှင့် ခရီးသွားရင်း ဖတ်ရတာ မပျင်းဘူး။ ဒါပေမယ့် ဒီတစ်ခါကျတော့ တစ်မျိုးပဲ။ ဖတ်လို့ မရဘူး။ ရထားပေါ်မှာ ငူငူကြီး ထိုင်လိုက်လာမိတယ်။ ရထားပေါ် ရောက်တာနှင့် ခေါင်းမှာ ဆောင်းထားတဲ့ တောလိုက် ဦးထုပ်ကလေးကို ချွတ်ပြီး အိတ်ထဲ ထည့်လိုက်တယ်။

ဒီတုန်းမှာ ထရင်တန် ဘူတာက တက်လိုက်လာတဲ့ အမျိုးသမီး တစ်ယောက် ကျွန်တော့် ဘေးမှာ လာထိုင်တယ်။ ရထားတွဲထဲမှာ လူမရှိသလောက်ပဲ။ အချိန်မတော်ကြီး ဆိုတော့ ခရီးသွား ခရီးလာတို့ ဘာတို့ သိပ် မရှိဘူးလေ။ ရထားတွဲထဲမှာ ထိုင်ခုံတွေ အများကြီးပဲ။ ဒီလောက်များတဲ့ အထဲက ကျွန်တော့်ဘေးက ခုံကို ရွေးပြီး လာထိုင်တယ်။ သူ့ သားရေ လက်ဆွဲအိတ်ကြီးကလဲ အကြီးကြီး ခင်ဗျ။ ကျွန်တော်က ရှေ့ခုံမှာ ထိုင်နေတော့ လက်ဆွဲအိတ်ချစရာ နေရာတွေကလဲ အများကြီးပါ။ ဒါပေမယ့် အမျိုးသမီးက သူ့ လက်ဆွဲအိတ်ကို လူသွားလမ်းပေါ်မှာ ချထားတယ်။ ရထား လက်မှတ်စစ်တို့ ခရီးသွားတို့ ဘာတို့ လာရင် သူ့ အိတ်ကြီးကို ဝင်တိုက်မိမှာ။ သူ့ခေါင်းမှာလဲ သစ်ခက်ကျိုးတိုး ကျဲတဲ ပန်ထားတယ်။ ပါတီတို့ ဘာတို့က ပြန်လာတယ် ထင်ရတာပဲ။ အမျိုးသမီးက သိပ်တော့ မငယ်တော့ပါဘူး။ အသက် လေးဆယ်၊ လေးဆယ့်ငါးလောက်တော့ ရှိရောပေါ့။ ဒါပေသိ ခုထိ ချောတုန်းပဲ ခင်ဗျ။ ကျွန်တော်ဆိုတဲ့ ကောင်ကလဲ ကျွန်တော်ပဲ။ မိန်းမ မြင်ရင် စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ ကျွန်တော်ဟာ မိန်းမကိစ္စမှာ ဝါသနာကြီးလို့တော့ မဟုတ်ပါဘူး။ မိန်းမမြင်ရင် ကျွန်တော် သဘောကျတာချည်းပဲ။ မိန်းမတွေကို ကျွန်တော် သတိထား ကြည့်တယ်။ သူတို့ လက်ဆွဲအိတ်တွေကို စင်ပေါ်တို့ ဘာတို့ကို ဘယ်တော့မှ မတင်ဘူး။ လူသွားလမ်းမှာ ချထားတတ်ကြတယ်။

ဒီလိုနှင့် ကျွန်တော်တို့ နှစ်ယောက် ထိုင်လိုက်လာတုန်းမှာ အမျိုးသမီးက စကား စတယ် ခင်ဗျ။

'ခွင့်လွှတ်နော် ငါ့တူ၊ ဟောဟိုဟာက ပင်ဆေကျောင်းတံဆိပ် မဟုတ်လား'

အမျိုးသမီးကြီးက စင်ပေါ်မှာ တင်ထားတဲ့ ကျွန်တော့် ဂလက်စတုန် လက်ဆွဲအိတ်မှာ ကပ်ထားတဲ့ တံဆိပ်ကို လက်ညှိုးထိုးပြီး မေးတယ်။

'ဟုတ်ပါတယ်' လို့ ကျွန်တော်က ပြောလိုက်တယ်။ ဟုတ်သားပဲ၊ ကျွန်တော့် ဂလက်စတုန် လက်ဆွဲအိတ်ပေါ်မှာ ပင်ဆေကျောင်း တံဆိပ်ကြီး ကပ်ထားတာကိုး။ နည်းနည်းတော့ ကြောင်တာပေါ့ဗျာ။ ကျွန်တော် ဝန်ခံပါတယ်။

'ဩော်၊ ဒါဖြင့် ငါ့တူလဲ ပင်ဆေကျောင်းသားကိုး'

အမျိုးသမီးကြီးရဲ့ အသံကလဲ တော်တော် ကောင်းတယ်ဗျ။ တယ်လီဖုန်းနှင့် ပြောရင် တော်တော် နားထောင်လို့ ကောင်းမယ့် အသံမျိုး။ ခရီးသွားရင် အမျိုးသမီးကြီးရဲ့ လည်ပင်းမှာ တယ်လီဖုန်းလေး တစ်လုံးလောက်တောင် ဆွဲထားဖို့ ကောင်းတယ်။

'ဟုတ်ပါတယ်'

'အို ဟုတ်လား၊ ဟန်ကျတာပဲကွယ်၊ အန်တီရဲ့သားလဲ ပင်ဆေမှာပဲ ကျောင်းတက်နေတယ်လေ၊ နာမည်က အားနက်စ် မောရီးတဲ့'

'ဟုတ်ကဲ့ သိပါတယ် အန်တီ၊ ကျွန်တော်နှင့် တစ်တန်းတည်းပါ'

အမှန်ပြောရရင်တော့ ကျွန်တော်တို့ ပင်ဆေကျောင်းရဲ့ သမိုင်းမှာ သူ့သားလောက် တုံးတဲ့ကောင် တစ်ယောက်မှ မရှိဘူး ထင်တယ် ခင်ဗျ။ ကျောင်းဆောင်မှာ ရေချိုးခန်းက ထွက်လာတယ်ဆိုရင် မျက်နှာသုတ်ပဝါ အစိုကြီးနှင့် ကော်ရစ်ဒါမှာ လျှောက်သွားပြီး ဟိုလူလိုက်ရိုက် ဒီလူလိုက်ရိုက်နှင့် တော်တော် ကမြင်းကြော ထတဲ့ကောင်။

'ဟန်ကျလိုက်တာကွယ်၊ သားကို တွေ့ရင် မင်းနှင့် တွေ့ခဲ့တဲ့ အကြောင်း ပြောပြရဦးမယ်၊ မင်းနာမည်က ဘယ်သူ'

'ရူးဒေါ့ ရှမစ်ပါ'

ဘာဖြစ်လို့လဲ မသိဘူး။ ကျွန်တော့် အကြောင်းကို သူ့ မသိစေချင်ဘူး။ ဒါကြောင့် ကျွန်တော် လိမ်ပြောလိုက်တယ်။ ရူးဒေါ့ ရှမစ် ဆိုတာက ကျွန်တော်တို့ အဆောင်က သန့်ရှင်းရေးသမား နာမည်လေ။

'ဘယ့်နှယ်လဲ၊ ပင်ဆေကျောင်းကို တက်ရတာ သဘောကျရဲ့လား'

'ဟုတ်ကဲ့ မဆိုးပါဘူး အန်တီ၊ နတ်ဘုံနတ်နန်းကြီးတော့ မဟုတ်ဘူးပေါ့၊

ဒါပေမယ့် ကောင်းပါတယ်၊ တချို့ဌာနတွေကလဲ စာသင်တာ တော်တော် ဂရုစိုက်ပါတယ်'

'အန်တီ့သားကလဲ တော်တော် သဘောကျနေတယ်'

'ဟုတ်ကဲ့ သဘောကျမှာပါ၊ ပြီးတော့ အန်တီ့သားက အပေါင်းအသင်းတို့ ဘာတို့ ဆုံပါတယ်၊ အနေအထိုင်လဲ တော်ပါတယ်'

အမှန်ကတော့ ဒီလောက် မဟုတ်ပါဘူး။ ဒါပေမယ့် ထုံးစံအတိုင်း ရှိုး ရတာပေါ့ဗျာ။

အမျိုးသမီးကြီးကို ကြည့်ရတာ သူ့သားအကြောင်း တော်တော် စိတ် ဝင်စားနေပုံ ရတယ်။

'ဟုတ်လား'

အမျိုးသမီးကြီးက ပြောရင်း စွပ်ထားတဲ့ လက်အိတ်ကို ချွတ်လိုက်တယ်။ လက်ကတော့ မလှဘူးဗျ၊ လက်သည်းတွေက ပဲ့ရွဲ့လို့။

'ရထားပေါ်က လိမ့်ကျပြီး အန်တီ့လက်သည်းတွေ ပဲ့သွားတယ်ကွယ်' လို့ ကျွန်တော့်ကို လှမ်းကြည့်ရင်း ပြုံးလိုက်တယ်။ သူပြုံးတာ ကြည့်လို့ ကောင်း လိုက်တာဗျာ။ အရမ်းလှတာပဲ။ တကယ်ပြောတာ။ အများအားဖြင့် လူတွေဟာ မပြုံးတတ်ကြဘူး။ ပြုံးရင်လဲ ကြည့်လို့ ကောင်းတဲ့ လူခပ်ရှားရှားရယ်။

'သူ့အဖေနှင့် အန်တီကတော့ သူ့အတွက်ပဲ စိတ်ပူနေရတာပဲကွယ်၊ တစ်ခါတလေကျတော့ ကိုယ့်သားဟာ အပေါင်းအသင်းဆုံရဲ့လား၊ လူတောမှ တိုးရဲရဲ့လားလို့တောင် တွေးမိတယ်'

'ခင်ဗျာ ဘာဖြစ်လို့'

'အားနက်စ်က သိပ်အရေပါးတာကွယ့်၊ ဒီတော့ သူနှင့် ရွယ်တူ သူငယ် ချင်းတွေနှင့် တည့်အောင်မှ ပေါင်းတတ်ပါ့မလားလို့ စိတ်ပူတာပေါ့၊ နောက် တာပေမယ့် သူက အတည်ယူပြီး အလေးအနက် ထားချင်ထားနေတာ၊ အမှန် ကတော့ ဒီလို အရွယ်မှာ ဒီလောက် လေးနက်ဖို့ မကောင်းဘူးပေါ့'

ဟုတ်တယ် ခင်ဗျ။ ဒီကောင်က တော်တော် အရေ ပါးတဲ့ ကောင်။ ကျွန်တော်ကလဲ ဒါမျိုးဆိုရင် သိပ်မုန်း။ အားနက်စ်ဆိုတဲ့ ကောင်ကလဲ ဘယ် လောက်များ အရေပါးသလဲ ဆိုရင် အိမ်သာထိုင်တဲ့ ကြွေအိုးခုံ ကျနေတာပဲ၊ ဆတ်ဆတ်ထိ မခံဘူး။

အမျိုးသမီးကို ကျွန်တော် သေသေချာချာ ကြည့်လိုက်တယ်။ အမျိုး သမီးကြီးကို ကြည့်ရတာ ပါးပါးနပ်နပ် ထက်ထက်မြက်မြက်ထဲကပဲ။ သူ့သား

http://nyisay.com



အကြောင်းကို သူ ကောင်းကောင်း သိပုံရတယ်။ ဒါပေမယ့် သူ့သား မကောင်းကြောင်း ညံ့ကြောင်းကို သူ့အမေကို သွားပြောလို့ ဘယ်ဖြစ်ပါ့မလဲ။ ဒီတော့ ကြည့်ကောင်းအောင် ပြောရတာပေါ့။ အမေ ဆိုတာ သားသမီးတွေ အတွက် ဆိုရင် ရူးတတ်တယ် မဟုတ်လား။ ပြီးတော့ အမျိုးသမီးကြီးကိုလဲ ကျွန်တော် နည်းနည်း သဘောကျတယ်လေ။ သူ့ ကြည့်ရတာ ပါးပါးနပ်နပ်ပဲ။

'စီးကရက် သောက်ပါဦးလား အန်တီ'

အမျိုးသမီးကြီးက ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်ပြီး.....

'ဒီအခန်းက ဆေးလိပ်သောက်ခန်း မဟုတ်ဘူး ထင်တယ် ရူးဒေါ့'

'သူတို့ လာပြောတော့လဲ လွှင့်ပစ်လိုက်တာပေါ့ အန်တီရယ်'

သူက ကျွန်တော် လှမ်းပေးတဲ့ စီးကရက်ဘူးထဲက တစ်လိပ်ကို ထုတ်ယူလိုက်တယ်။ ကျွန်တော်က သူ့ကို မီးညှိပေးလိုက်တယ်။

အံ့မယ် အမျိုးသမီးကြီးက ဆေးလိပ် ကောင်းကောင်း သောက်တတ်တယ် ခင်ဗျ။ ဆေးလိပ်ကို ရှိုက်လိုက်ပြီး သူတို့ အရွယ် အမျိုးသမီးကြီးတွေလို မီးခိုးတွေကို မှုတ်ထုတ်မပစ်ဘူး။ ဆေးလိပ် သောက်တာကိုက တော်တော် ကြည့်လို့ လှတယ်။ ရှင်းရှင်း ပြောရရင်တော့ ဆွဲဆောင်မှု ရှိတယ်လို့ ပြောရမလားပဲ ။

အမျိုးသမီးကြီးက ကျွန်တော့်ကို သေသေချာချာ စိုက်ကြည့်နေတယ်။ ပြီးတော့မှ....

'ကလေးရယ် မင်းနှာခေါင်းက ဘာဖြစ်လာတာလဲ၊ သွေးတွေများ ပေနေ သလားလို့'

ကျွန်တော်က ခေါင်းညိတ် ပြလိုက်ပြီး လက်ကိုင်ပဝါကို ထုတ်သုတ်ပစ်လိုက်တယ်။

'ဟုတ်တယ် အန်တီ၊ နှင်းခဲမှန်လာလို့၊ အေးလိုက်တဲ့ နှင်းခဲကြီး မပြောပါနှင့်တော့'

ကျွန်တော် သူ့ကို အမှန်ပြောနိုင်ပါတယ်။ ဒါပေမယ့် ပြောရရင် အရှည်ကြီး မဟုတ်လား။ ပြီးတော့လဲ ကျွန်တော့် နာမည်ကို လိမ်ပြောလိုက်မိတဲ့ အတွက် စိတ်မကောင်း ဖြစ်သလိုလိုပဲ။

'အားနက်စ်က ကျွန်တော်တို့ ကျောင်းမှာတော့ တော်တော်လေး ပေါ်ပြူလာ ဖြစ်တယ် အန်တီ၊ ဒါတော့ အန်တီ ကြားမှာပေါ့'

'ဟင့်အင်း အန်တီ မကြားဘူး'

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။ ဟုတ်မှာပဲ။ ဒီကောင့် အကြောင်းကို သိဖို့ ဆိုတာ တော်တော် မလွယ်ဘူး။ တော်တော် ပေါင်းသင်းပြီး ကြာတော့မှ ဒီကောင့် အကြောင်းကို သိရတာ။ ဒီကောင်က ဟားရတယ်။ ကြောင်တောင် တောင်နှင့်။ ဘယ်လို ပြောရမလဲ မသိဘူး။ ဥပမာ ကျွန်တော်နှင့် တွေ့စတုန်းက ဆိုပါတော့။ သူနှင့် တွေ့တော့ ဒီကောင်ဟာ ခပ်ကြွားကြွား ခပ်ဝါဝါ ဟန်များ များလို့ ကျွန်တော် ထင်ခဲ့တယ်။ ဒါက ကျွန်တော့် အထင်လေ။ ဒါပေမယ့် ဒီလို မဟုတ်ဘူး ခင်ဗျ။ သေသေချာချာ ပေါင်းကြည့်တဲ့ အခါကျမှ ဒီကောင့်ရဲ့ ပင်ကိုစရိုက်ကို သိလာရတာ။

အမျိုးသမီးကြီးက ဘာမှ မပြောတော့ဘူး။ ဒါ ပေ မယ့် ခင်ဗျားတို့ မြင်စေချင်တယ်ဗျာ။ အဘွားကြီး ကျွန်တော့်အနားက မခွာနိုင်တော့ဘူးလေ။ အမေဆိုတာ သူတို့ သားသမီးတွေ ဘယ်လောက် တော်ကြောင်း၊ ဘယ်လောက် ဟော့ရှော့ ဖြစ်ကြောင်းကို သိပ်ကြွားချင်ကြတယ် မဟုတ်လား။ ကျွန်တော်ကလဲ သူ့ အကြိုက်တွေကိုချည်း ပြောတာပေါ့။

'အန်တီ ရွေးကောက်ပွဲအကြောင်း မကြားသေးဘူး ထင်တယ်၊ ကျွန်တော် တို့ အတန်းက ရွေးကောက်ပွဲလေ'

သူက ခေါင်းယမ်းပြတယ်။ ကျွန်တော် သူ့ကို အမိဖမ်းထားပြီလေ။

'ကျွန်တော်တို့ အတန်းမှာ ခေါင်းဆောင်ရွေးကြတော့ တစ်တန်းလုံးက သူ့ကို သဘောကျ ကြတယ် ထင်တယ်၊ တကယ်ကတော့ အတန်း ခေါင်း ဆောင်နှင့် သင့်တော်တာလဲ သူတစ်ယောက်ပဲ ရှိတာပါလေ၊ ဒီနေရာမျိုးကို သူပဲ လုပ်နိုင်တာပါ၊ ဒါပေမယ့် သူ အရွေးမခံရဘူး ခင်ဗျ၊ ဟယ်ရီဖင်းဇား ဆိုတဲ့ အတန်းသား အရွေးခံရတယ်၊ အရွေးခံရမှာပေါ့၊ အန်တီ့သားက သူ့ကို ရွေးကောက်မယ် လုပ်တော့ သူ့ကို မရွေးပါနှင့်တဲ့၊ သူ လက်မခံဘူးတဲ့၊ အန် တီ့သားက အရှက်အကြောက်ကလဲ ကြီး၊ ကိုယ့်ကိုယ်ကိုယ်လဲ သိပ်နှိမ့်ချတတ် တာကိုး အန်တီရဲ့၊ အန်တီ့သားက သိပ်ရှက်တတ်တာပဲ အန်တီ၊ အန်တီ့ကို ဒီအကြောင်း ပြောမပြဘူး ထင်တယ်'

'ဟင့်အင်း တစ်လုံးမှ မပြောဖူးဘူး'

'အဲဒါသာ ကြည့်တော့ အန်တီ၊ အန်တီ့သားက ဘယ်လောက် ရှက် တတ်သလဲ၊ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချလိုက်တာကလဲ မပြောပါနှင့်တော့၊ အန်တီ တို့ကလဲ တစ်ခါတလေ သူ ကြိုက်သလို နေပါစေ၊ သိပ်လဲ မကွပ်ညှပ်ပါနှင့်'

ဒီတုန်းမှာ လက်မှတ်စစ် ရောက်လာပြီး မစ္စစ်မောရီး လက်မှတ်ကို

စစ်နေတဲ့ အတွက် ကျွန်တော်လဲ သူ့သားအကြောင်း အကောင်း ပြောနေတာ တွေကို ရပ်လိုက်ရလို့ ဝမ်းသာသွားတယ်။ စဉ်းစားကြည့်လေ။ သူ့သားကဖြင့် ရေချိုးခန်းက ထွက်လာတယ် ဆိုရင် မျက်နှာသုတ်ပဝါ ရေစိုကြီးနှင့် ဟိုလူ့ လျှောက်ရိုက်၊ ဒီလူ့လျှောက်ရိုက် လုပ်နေတဲ့ ကောင်။ ငယ်ငယ်က သူများ အပေါ်မှာ ညစ်ကျယ်ကျယ် လုပ်ချင်တဲ့ ကောင်မျိုးဟာ ဘယ်တော့မှ အချိုး မပြောင်းဘူး။ တစ်သက်လုံး ဒီလိုပဲ နေသွားမှာပဲ။ ဒါပေမယ့် အဘွားကြီးကတော့ သူ့ သားအကြောင်း ကျွန်တော် ပြောတာတွေ အဟုတ်မှတ်ပြီး အတန်းခေါင်း ဆောင် အရွေးမခံတဲ့ သူ့သား၊ အရှက်အကြောက်ကြီးတဲ့ သူ့သား၊ ကိုယ့်ကိုယ် ကိုယ် နှိမ့်ချတတ်တဲ့ သူ့သားကို မြင်နေမှာပဲ။ ဟုတ်တယ်လေ၊ အမေ ဆိုတာ ကိုယ့်သားသမီးကို အကောင်းချည်း ထင်တတ်ကြတယ် မဟုတ်လား။

စကားပြောနေတုန်းမှာ ကျွန်တော် ကော့တေးလ် သောက်ချင်လာတယ်။

'အန်တီ....ကော့တေးလ် သောက်ပါလား၊ စားသောက်တွဲမှာ ရတယ်၊ သောက်မလား အန်တီ'

'ကလေးရယ် မင်းတို့ အရွယ်ကို အရက် ရောင်းပါ့မလား'

အမျိုးသမီးကြီးက မေးတယ်။

'အသက်အရ ကြည့်ရင်တော့ ကျွန်တော်တို့ ဝင်ခွင့်မရသေးဘူး အန်တီ၊ ဒါပေမယ့် ကျွန်တော့် အရပ်က မြင့်တော့ ကျွန်တော့်ကို လူကြီးထင်ပြီး ဝင်ခွင့် ပြုနေကြတာ၊ အန်တီ ကြည့်ပါလား၊ ကျွန်တော့် ခေါင်းမှာ ဆံပင်ဖြူ ကလေး တောင် ကျိုးတိုးကျဲတဲ ပေါက်နေပြီပဲ'

ကျွန်တော်က နားပန်းဆံနားမှာ ပေါက်စပြုနေတဲ့ ငွေရောင် ဆံပင် ကလေးတွေကို လှည့်ပြလိုက်တယ်။

'လာပါ....အန်တီ၊ လိုက်သောက်လှည့်ပါ'

ကျွန်တော် သူနှင့် စကားပြောရတာ ပျော်တယ်လေ။ ဒါကြောင့် သူ့ကို ခေါ်တာ။

'နေပါစေတော့ကွယ်၊ မသောက်တော့ပါဘူး၊ ကျေးဇူးတင်ပါတယ်၊ မင်း စားသောက်တွဲကလဲ ဒီအချိန်ဆိုရင် ပိတ်ရောပေါ့၊ တော်တော် ညဉ့်နက်နေပြီပဲ'

ဟုတ်တာပေါ့။ ကျွန်တော်က အချိန်ကို သတိမထားမိဘဲကိုး။

အမျိုးသမီးကြီးဟာ ကျွန်တော့်ကို သေသေချာချာ ကြည့်ပြီး ကျွန်တော် ကြောက်တဲ့ မေးခွန်းကို ကောက်မေးလိုက်တယ်။

'အားနက်စ်က စာရေးလိုက်တော့ သူတို့ကျောင်း နာတာလူး ကျောင်း

ပိတ်ရက်က ဗုဒ္ဓဟူးနေ့ကျမှ စမယ်တဲ့၊ အဲဒီနေ့ကျမှ အိမ်ကို ပြန်ရောက်မယ်လို့ စာရေးလိုက်တယ်၊ မင်းက ဘာဖြစ်လို့ အစောကြီး အိမ်ပြန်လာတာလဲ၊ အိမ်သူအိမ်သားထဲက နေထိုင်မကောင်း ဖြစ်လို့တော့ မဟုတ်ပါဘူးနော်'

အမျိုးသမီးကြီးက စပ်စုတာတော့ မဟုတ်ပါဘူး။ ကျွန်တော် သိပါတယ်၊ တကယ် စိုးရိမ်လို့ မေးတာပါ။

'အိမ်မှာတော့ အားလုံး နေထိုင်ကောင်းပါတယ် အန်တီ၊ နေထိုင်မကောင်းတာက ကျွန်တော်ပါ၊ ကျွန်တော်က ခွဲစိတ် ကုသခံရမှာမို့လို့ ပြန်လာတာပါ'

'အို ဖြစ်မှ ဖြစ်ရလေကွယ်' လို့ သူက ပြောတယ်။ သူ့ ကြည့်ရတာ တကယ် စိတ်မကောင်း ဖြစ်သွားတဲ့ပုံပဲ။ ကျွန်တော်ကလဲ လိမ်ပြောလိုက်မိတဲ့အတွက် စိတ်မကောင်း ဖြစ်သွားတယ်လေ။ ဒါပေမယ့် မတတ်နိုင်ဘူး၊ နောက်ကျသွားပြီ။

'သိပ်တော့ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ ဦးနှောက်ထဲက အကျိတ်ကလေး တစ်ခု ခွဲထုတ်ရုံပါ'

'ဟင်' ဆိုပြီး သူ့ ပါးစပ်ကို လက်နှင့် ပိတ်လိုက်တယ်။

'ကိစ္စမရှိပါဘူး အန်တီရဲ့၊ ခဏနေရင် ကောင်းသွားမှာပါ၊ အကျိတ်ရှိတာကလဲ အပေါ်ယံ ကလေးတင်ပါ၊ နှစ်မိနစ်လောက် ခွဲထုတ်လိုက်ရင် ပြီးနိုင်ပါတယ်တဲ့'

ကျွန်တော်လဲ ခပ်တည်တည် လိမ့်နေရင် ဇာတိ ပေါ်ရချည်ရဲ့ ဆိုပြီး မီးရထား အချိန်စာရင်းကို ကောက်ဖတ်နေလိုက်တယ်။ မီးရထား အချိန်စာရင်းက ကျွန်တော့် အိတ်ထဲမှာ အဆင်သင့် ပါလာတယ်လေ။ ကျွန်တော် ဆိုတဲ့အကောင်ကလဲ ဒါမျိုးကျတော့ အလိမ့်တွေ၊ အဖြန်းတွေ ကောင်းတယ် မဟုတ်လား။ အရှိန်ရပြီ ဆိုရင်တော့ ဘာပြောကောင်းမလဲ၊ ဟာစ်နာရီ ပြောရမလား၊ နှစ်နာရီ ပြောရမလား၊ တကယ်။

ဒီနောက်တော့ ကျွန်တော်တို့ နှစ်ယောက် စကား မဆက်ဖြစ်ကြတော့ပါဘူး။ သူကလဲ ပါလာတဲ့ မဂ္ဂဇင်းကို ဖတ်ပြီး ခဏကြာတော့ မီးရထားပြတင်းက အပြင်ကို ငေးလိုက်လာတယ်။ တီးဘူတာရောက်တော့ သူ ဆင်းသွားတယ်။ ကျွန်တော် ခွဲစိတ်ကုသမှု လုပ်ရင်လဲ ကံကောင်းပါစေလို့ ဆုတောင်းသွားတယ်။ ကျွန်တော့် နာမည်ကိုတော့ ရှူးဒေါ့လို့ပဲ မှတ်သွားတော့တာပါ။ နွေကျောင်းပိတ်လို့ ရှိရင် ဂလောက်ဆက်စတာမှာ ရှိတဲ့ သူတို့ အိမ်ကို လာလည်ဦးတဲ့၊

အားနက်စ်လဲ ရှိတယ်တဲ့။

သူတို့ အိမ်က ပင်လယ် ကမ်းနားမှာတဲ့။ တင်းနစ်ကုတ်တို့ ဘာတို့လဲ ရှိတယ်တဲ့။ ကျွန်တော်က သူ့ကို ကျေးဇူးတင်ကြောင်း ပြောပြီး နွေရာသီမှာ ကျွန်တော့် အဘွားနှင့်အတူ တောင်အမေရိက တိုက်ကို သွားလည်ဖို့ အစီအစဉ် ရှိတဲ့အကြောင်း ပြောပြလိုက်တယ်။ တကယ်ကတော့ ဘယ်ဟုတ်လိမ့်မတုံး။ နွေရာသီဆိုရင် ပူလွန်းလို့ ကျွန်တော့်အဘွားက အိမ်ထဲက တစ်ဖဝါးမှတောင် ထွက်တာ မဟုတ်ဘူး။ တစ်ခါတလေ ဇာတ်ပွဲလေး ဘာလေး ကောင်းကောင်း လာရင်တော့ သွားကြည့်တတ်ရဲ့။ သူတို့ဆီကို သွား မလည်နိုင်ပါဘူးဗျာ၊ ကြံကြီးစည်ရာ။

# ၉

ပင်းဘူတာကို ရောက်ရောက်ချင်း ကျွန်တော် တယ်လီဖုန်းရုံကို ဝင်တယ်။ တစ်ယောက်ယောက်ကို ဖုန်းဆက်ရင် ကောင်းမယ်လို့ ကျွန်တော် ထင်တယ်လေ။ ဒါကြောင့် ကျွန်တော် လက်ဆွဲအိတ်ကို ဖုန်းရုံအဝမှာ ထားပစ်ခဲ့ပြီး တယ်လီဖုန်းရုံထဲကို ကျွန်တော် ဝင်လာခဲ့တယ်။ အထဲရောက်တော့ ဘယ်သူ့ဆီကို ဆက်ရမှန်း စဉ်းစားလို့ မရဘူး။ ကျွန်တော့်အစ်ကို ဒီဘီကလဲ ဟောလီဝုဒ်ကို ရောက်နေတယ်။ ကျွန်တော့် ညီမငယ် ဖီဘီ ဆိုရင်လဲ ကိုးနာရီ ထိုးတယ် ဆိုရင် အိပ်ရာထဲ ရောက်နေပြီ။ သူ့ဆီကို မဆက်တော့ဘူး။ သူ့ဆီကို ဆက်ရင်လဲ သူက အိပ်ရာက ထပြီး ကောက်ကိုင်မှာ မဟုတ်ဘူး။ ဒီတော့ တယ်လီဖုန်းကို လာကိုင်ရင် ကျွန်တော့် အဖေနှင့် အမေပဲ လာကိုင်မှာပဲ။ ဒီတော့ ကျွန်တော့်အိမ်ကို မဆက်တော့ဘူး။ ဂျိမ်းရဲ့ အမေကြီးဆီကို ကောက်ဆက်ပြီး ဂျိမ်းတို့ကျောင်း ဘယ်တော့ ပိတ်မလဲလို့ မေးရရင် ကောင်းမလားလို့ စိတ်ကူးမိတယ်။ ဒါပေမယ့် သူတို့ ဆီကိုလဲ ကျွန်တော်  တယ်လီဖုန်း မဆက်ချင်ဘူး။ ပြီးတော့ တော်တော်လဲ ညဉ့်နက်နေပြီလေ။ ဒီ အချိန်ကျမှ သူများကို သွားဖုန်းဆက်လို့ သိပ်မကောင်းတော့ဘူး။ ဒီတော့ ကျွန်တော် မကြာခဏ သွားလည်နေတဲ့ ဆယ်လီဟေးဆိုတဲ့ ကောင်မလေးဆီကို ဆက်ရမလားလို့ စိတ်ကူးကြည့်ပြန်တယ်။ ဒီအချိန်ဆိုရင် သူ အိမ်ပြန်ရောက်လောက်ပြီ။ သူတို့ နာတာလူး ကျောင်းပိတ်ရက်ကို ကျွန်တော် သိထားတာကိုး။ ကျွန်တော့်ကို စာ အရှည်ကြီး ရေးပြီး နာတာလူး ပွဲတော် ထင်းရှူးပင် ပြင်ရင် သူ့ကို လာကူပါဦးလို့ ခေါ်ထားတယ်။ ဒါပေမယ့် သူ့ တယ်လီဖုန်းကို သူကိုယ်တိုင် ကောက်ကိုင်ရင် အကြောင်း မဟုတ်ဘူး။ သူ့ အမေကြီး ကောက်ကိုင်ရင် ပြဿနာ။ သူ့အမေကြီးက ကျွန်တော့် အမေနှင့်

သိတော့ ကျွန်တော့် အကြောင်းကို အမေ့ဆီ ဖုန်းဆက်မှာ သေချာတယ်။ ကျွန်တော် ကျောင်းမှာ မရှိဘဲ နယူးရော့မှာ ရောက်နေတယ်၊ ဘာဖြစ်တယ် စသည်ဖြင့် ဆက်ပြောမှာပဲ။ ပြီးတော့ ဒီအဘွားကြီးကိုလဲ တယ်လီဖုန်းနှင့် စကား မပြောချင်ဘူး။

ဒီအဘွားကြီးဆီကို တယ်လီဖုန်း မဆက်ချင်တာကတော့ တစ်ခါတုန်းက ကျွန်တော်ဟာ ရိုင်းတယ်လို့ သူ့သမီး ဆယ်လီကို ပြောဖူးတယ်။ ကျွန်တော်ဟာ ရိုင်းတယ်တဲ့၊ ဘဝမှာ ဘာရည်မှန်းချက်မှ မရှိဘူးတဲ့။ ဒါနှင့် ဟူတန်ကျောင်းကို သွားတဲ့ ကားလ်လုစ် ဆိုတဲ့ ကောင်ဆီကို ဖုန်းဆက် ရမလားလို့လဲ ကျွန်တော် စိတ်ကူးသေးတယ်။ သူ့ကိုလဲ ကျွန်တော် သိပ်မကြိုက်ဘူး။ ဒါနှင့် ကျွန်တော် ဘယ်သူ့ဆီကိုမှ ဖုန်း မဆက်ဖြစ်တော့ဘူး။ မိနစ် နှစ်ဆယ်လောက်ကြာတော့ တယ်လီဖုန်း ရုံထဲက ထွက်၊ အပြင်မှာ ချထားတဲ့ ကျွန်တော့် အိတ်တွေကို ကောက်ယူပြီး တက္ကစီ စတင်းကို လာပြီး တက္ကစီ တစ်စင်း ခေါ်ခဲ့တယ်။

ကျွန်တော်ဟာ တော်တော် သတိမေ့တတ်တဲ့ ကောင်ပါလား။ အကျင့် ပါနေလို့လား မသိဘူး။ ဒရိုင်ဘာကို ကျွန်တော့်အိမ်လိပ်စာကို ပြောလိုက်မိ တယ်။ အမှန်က ကျွန်တော် အိမ်မှ မပြန်သေးဘဲ။ ဟိုတယ် တစ်ခုမှာ နေဦးမယ် ဆိုပြီး လာခဲ့တာ မဟုတ်လား။ ကျောင်းပိတ်ရက်ကျမှ အိမ်ကို ပြန်မယ်ဆိုပြီး စောစောစီးစီး ထွက်လာခဲ့တာ မဟုတ်လား။ လမ်းတစ်ဝက် ရောက်တော့မှ ဒါကို သတိရမိတယ်။ ဒါနှင့် ကျွန်တော်က 'ဗျို့ ဒရိုင်ဘာ၊ ကွေ့လို့ ရတဲ့ နေရာကို ရောက်ရင် ပြန်ကွေ့ပေးပါ၊ ကျွန်တော် ပြောတဲ့ လိပ်စာက မှားပြော မိတာ၊ ကျွန်တော် မြို့ထဲကို သွားမှာ' လို့ လှမ်းပြောလိုက်တယ်။

ဒရိုင်ဘာကလဲ သဘော ကောင်းရှာပါတယ်။

'ညီလေးရဲ့ ဒီကနေ ပြန်ကွေ့လို့ မရတော့ဘူးကွ၊ ဒီနေရာက တစ်လမ်း မောင်းလမ်း၊ လမ်း ၉၀ ရောက်မှ ပြန်ကွေ့ပေးမယ်'

ကျွန်တော်လဲ သူနှင့် ငြင်းခုံ မနေချင်တော့တာနှင့် 'အိုကေ' လို့ ပြော ပြီး လိုက်လာခဲ့တယ်။ ဒီတုန်းမှာ ကျွန်တော့် ခေါင်းထဲ စိတ်ကူး တစ်ခု ပေါ် လာတယ်။

'ဒီမှာ ကားဆရာကြီး၊ ဗဟို ပန်းခြံနားက ရေကန်ကလေး သိတယ် မဟုတ်လား၊ ကန်သေးသေးကလေးရယ်လေဗျာ၊ အဲဒီကန်ထဲမှာ ဘဲလေးတွေ ရှိတယ် မဟုတ်လား၊ အဲဒီကန်ထဲမှာ ရေတွေ ခဲတော့ ဘဲတွေ ဘယ်ကို ပျံ သွားသလဲ မသိဘူးနော်၊ ခင်ဗျားများ မြင်မိသလား'

အမှန်ကတော့ ဘယ်မြင်မလဲ။ မြင်ဖို့ အခွင့်အရေးဟာ အပုံတစ်သန်းပုံ တစ်ပုံတောင် ရှိမှာ မဟုတ်ဘူး။

ဒရိုင်ဘာဟာ ကားမောင်းနေရာက နောက်ကို လှည့်လိုက်ပြီး အရူး တစ်ယောက်ကို ကြည့်သလို ကျွန်တော့်ကို ကြည့်လိုက်တယ်။

'ဘာဖြစ်လို့ မေးတာလဲ ညီလေး၊ နောက်တာလား'

'ဘာကြောင့်မှ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က စိတ်ဝင်စားလို့ မေးကြည့် တာပါ'

သူက နောက်ထပ် ဘာမှ မပြောတော့ဘူး။ ကျွန်တော်ကလဲ ဘာမှ ဆက် မမေးတော့ဘူး။ ပန်းခြံထဲက ထွက်လာတော့ ကျွန်တော်တို့ ကားလဲ လမ်း ၉၀ ကို ရောက်လာတယ်။

'ဆို ညီလေး၊ ဘယ်ကို မောင်းရမလဲ'

'အရှေ့ဘက်ခြမ်းက ဟိုတယ်တွေကို ကျွန်တော် မတည်းချင်ဘူးဗျာ၊ အဲဒီ အနားတစ်ဝိုက်မှာ တည်းရင် အသိအကျွမ်းတွေနှင့် တွေ့နေမှာ၊ ကျွန်တော် က လူမသိ သူမသိ ခရီးသွားချင်တာ'

လူမသိ သူမသိ ခရီးသွားတာတို့ ဘာတို့ ဆိုတဲ့ စကားတွေကို ပြောရ တာကို ကျွန်တော် သိပ်မုန်းတယ်။ ဒါပေမယ့် ဒီလို ကြီးကြီးကျယ်ကျယ် ပြောမှ အထင်ကြီးတဲ့ လူမျိုးနှင့် တွေ့ရင် အဲဒါမျိုးတွေကို လိုင်လိုင် ပြောပစ် လိုက်တာပဲ။

'နေပါဦးဗျ၊ တဖ်ဟိုတယ်တို့ နယူးရော့ကား ဟိုတယ်တို့မှာ ဘယ်သူ့ တီးဝိုင်းတွေ တီးနေသလဲ၊ နောင်ကြီးများ မသိဘူးလား'

'မပြောတတ်ဘူးကွ'

'ဒါဖြင့် ကျွန်တော့်ကို အက်ဒမွန် ဟိုတယ်ကို ပို့ပေးဗျာ၊ လမ်းမှာ တစ်ခွက် တစ်ဖလားလောက် ချပါဦးလား၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့၊ ကျွန်တော်က အရှိန်ကလေး ရလာလို့ဗျ'

'တော်ပြီကွ၊ သောက်လို့ မဖြစ်ဘူး'

ဒရိုင်ဘာကြီးက တော်ရှာပါတယ်။ သဘောလဲ ကောင်းတယ်။ စိတ်လဲ ရှည်တယ်။

ဟိုတယ် ရောက်တော့ ကျွန်တော်လဲ အခန်း တစ်ခန်း ယူလိုက်တယ်။ ကားပေါ်မှာတုန်းကတော့ တောလိုက် ဦးထုပ်နီကလေးကို ဆောင်းလာခဲ့ သေးတယ်။ ဒါပေမယ့် ဟိုတယ်ထဲကို ရောက်တော့ ဦးထုပ်လေးကို ချွတ်

ပစ်လိုက်တယ်။ ဟိုတယ်ထဲမှာ အခြောက်နှင့် မတူချင်ဘူးလေ။ ဖြစ်ပုံများ အခြောက်နှင့် မတူချင်ပါဘူး ဆိုကာမှ ဟိုတယ်ထဲမှာ အခြောက်တွေချည်းပဲ ဖြစ်နေတယ် ခင်ဗျ။ အဲဒီ ဟိုတယ်က အခြောက် အလွန်ပေါတဲ့ ဟိုတယ်ဆိုကိုး။

ဟိုတယ်မှာ ကျွန်တော်ရတဲ့ အခန်းက ခပ်ညှံ့ညှံ့ရယ်။ ပြတင်းပေါက်က နေ လှမ်းကြည့်လိုက်ရင် ရှုခင်းတို့ ဘာတို့ကို မမြင်ရဘူး။ နောက်ဖေးဆောင် တိုးချဲ့ထားတဲ့ ဟိုတယ် နံရံကြီးကိုပဲ မြင်ရတယ်။ ဒါတွေကိုလဲ ကျွန်တော် သိပ်ဂရုစိုက် မနေနိုင်တော့ဘူး။ စိတ်က ခပ်ညစ်ညစ်ဆိုတော့ ရှုခင်းတွေ ဘာ တွေကိုလဲ ဂရုမစိုက်နိုင်တော့ဘူး။ ကျွန်တော့်ကို အခန်း လိုက်ပြတဲ့ ဟိုတယ် ခန်းစောင့်ကလဲ အသက်ကြီးကြီး အဘိုးကြီးရယ်။ ကြီးဆို ခြောက်ဆယ့်ငါးနှစ် လောက်တောင် ရှိနေပြီ။ သူ့ကို ကြည့်ရတာက အခန်းကို မြင်ရတာထက်တောင် စိတ်ပျက်စရာ ကောင်းသေးတယ်။ တချို့ ထိပ်ပြောင်တဲ့ အဘိုးကြီးတွေများ ရှိစုမဲ့စု ဆံပင်ကလေးကို အကုန်လှန်ဖြီးပြီး ထိပ်ပြောင်တာကို ဖုံးတတ်ကြတယ် မဟုတ်လား။ အဘိုးကြီး ဆံပင် ဖြီးတာကလဲ ဒီအတိုင်းပဲဗျ။ သူ့ထိပ်ပြောင် ကလေးကို ဖုံးဖိမိအောင် ဆံပင်ကို လှန်ဖြီးထားတယ်။ မကောင်းပါဘူးဗျာ။ ကျွန်တော်သာဆိုရင် ဒီလိုတော့ ဖုံးမနေတော့ဘူး။ ထိပ်ပြောင်ကို ဒီအတိုင်းပဲ ထားလိုက်တော့မယ်။ ဘာပဲဖြစ်ဖြစ် သူ့လို အသက် ခြောက်ဆယ် အဘိုးကြီး အနေနှင့်ကတော့ ခုအလုပ်ကလေးကလဲ မဆိုးပါဘူး။ ကိုက်ပါတယ်။ သူများ လက်ဆွဲ သေတ္တာတွေကို လိုက်ဆွဲပေး၊ ဘောက်ဆူးလေး ဘာလေး ရမလားလို့ တဝဲလည်လည် လုပ်ရတာကတော့ သိပ်မနိပ်လှဘူးပေါ့။ အဘိုးကြီးက စာတတ် ပေတတ်ထဲကတော့ မဟုတ်ဘူး။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အဘိုးကြီးတွေ လုပ်တာကတော့ ကြည့်မကောင်းဘူးပေါ့။

အခန်းထဲက သူ ပြန်သွားတော့ ကျွန်တော်လဲ ကုတ်အင်္ကျီတွေ ဘာတွေ မချွတ်ဘဲ ပြတင်းပေါက် အပြင်ကို လှမ်းကြည့်နေတယ်။ တခြားလဲ ဘာမှ လုပ်စရာ မရှိဘူးလေ။ တိုးချဲ့ဆောင်က အခန်း တစ်ခန်းမှာ ဘာတွေ လုပ်နေ တယ် ဆိုတာကို ပြောပြရင် ခင်ဗျားတို့ အံ့အားသင့်နေမလား မပြောတတ်ဘူး။ အခန်းထဲမှာ အမျိုးသားကြီး တစ်ယောက်ရယ်ဗျ။ ဆံပင်တောင် တော်တော် ဖြူနေပြီ။ လူပုံကတော့ ခပ်သန့်သန့်ပဲ။ အဲ သူက ဘောင်းဘီတိုကလေးပဲ ဝတ်ထားတယ်။ သူ့ လက်ဆွဲသေတ္တာကို ခုတင်ပေါ် တင်ပြီး အဲဒီ အထဲက အမျိုးသမီး အဝတ်အစားတွေကို ထုတ်နေတယ်။ ပြီးတော့ အဲဒီ အဝတ်အစား တွေကို ဝတ်နေတယ်။ အဝတ်အစားတွေ အားလုံးက အမျိုးသမီးတွေ ဝတ်တဲ့

အဝတ်အစားတွေချည်းပဲဗျ။ ပိုး ခြေအိတ်ရှည်၊ ဒေါက်မြင့် ဖိနပ်၊ ဘရာဇီယာ၊ ပြီးတော့ အောက်ပိုင်းနှင့် တွဲဝတ်ရတဲ့ ကော့ဆက်လဲ ပါသေးတယ်။ အဲဒီပေါ်ကမှ အမျိုးသမီးတွေ ညနေမှာ ဝတ်တဲ့ အနက်ရောင် ဝတ်စုံ ခပ်ကျပ်ကျပ်ကို ထပ်ဝတ်လိုက်တယ်။ ဘုရားစူးရပါစေရဲ့ဗျာ။ ပြီးတော့မှ အမျိုးသမီးတွေ လမ်းသွားသလို ခြေလှမ်း စိပ်စိပ်ကလေးတွေနှင့် အခန်းထဲမှာ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေတယ်။ ပြီးတော့ စီးကရက် တစ်လိပ်ကို ဖွာပြီး မှန်ကြည့်နေတယ်။ တစ်ယောက်တော့ တစ်ယောက်တည်းပဲဗျ။ ရေချိုးခန်းထဲမှာ ဒိပြင် လူတို့ ဘာတို့ ရှိနေရင်တော့ မပြောတတ်ဘူးပေါ့လေ။ ကျွန်တော် မြင်ရတာကတော့ တစ်ယောက်တည်းပဲ။ သူ့အခန်း အပေါ်ထပ် အခန်းက ပြတင်းပေါက်မှာတော့ အမျိုးသား တစ်ယောက်နှင့် အမျိုးသမီး တစ်ယောက် ဘာလုပ် နေကြတယ် ထင်သလဲ။ တစ်ယောက် မျက်နှာကို တစ်ယောက် ပလုတ်ရေတွေနှင့် ထွေးနေကြတယ်ဗျ။ ရေ ဟုတ်ချင်မှလဲ ဟုတ်မယ်။ သူတို့ ဖန်ခွက်ထဲမှာ ဘာတွေ ရှိမှန်းတော့ မသိဘူး။ ပထမ အမျိုးသားက ရေကို ငုံလိုက်ပြီး အမျိုးသမီးကို လျှောက်ထွေးတယ်။ နောက်တစ်လှည့်ကျတော့ အမျိုးသမီးက ရေတွေကို ငုံပြီး အမျိုးသား ကိုယ်ပေါ်ကို ထွေးတယ်။ ဒီလိုနှင့် တစ်ယောက် တစ်လှည့်စီ ထွေးနေကြတယ်ဗျာ။ ဘုရားစူးရပါစေရဲ့။ ခင်ဗျားတို့ မြင်စေချင်တယ်။ သူတို့ နှစ်ယောက် မြူးနေလိုက်ကြတာဗျာ။ ကမ္ဘာပေါ်မှာ ဒီထက် ပျော်စရာ ကောင်းတဲ့ ကစားနည်း မရှိတော့တဲ့ အတိုင်းပဲ။ တကယ် ပြောတာ။ ကျွန်တော် သွားတည်းတဲ့ ဟိုတယ်က အဲဒီလို ပုံမမှန်တဲ့ လူတွေချည်းပဲ။ ဟိုတယ် တစ်ခုလုံးမှာ ပုံမှန်တဲ့လူ ဆိုလို့ ကျွန်တော် တစ်ယောက်ပဲ ရှိမယ် ထင်တယ်။ ဒါတောင်မှ ပြောလို့ မရသေးဘူး။ ကျွန်တော်တောင် နယူးရောကို လိုက်လာခဲ့ဖို့ စထရက်လေတာကို ကြေးနန်းရိုက်ရ ကောင်းမလားလို့ စိတ်ကူးမိသေးတယ်။ ဒီကောင်သာ ရောက်လာရင်တော့ ဟိုတယ်မှာ သူ ဘုရင် ဖြစ်မှာပဲ။

ခက်တာက ဒီလို ပုံမမှန်တာမျိုးကို ကိုယ်ကိုယ်တိုင် မလုပ်ချင်ပေမယ့် ကြည့်လို့ သိပ်ကောင်းတယ်လေ။ ဥပမာ ဆိုပါတော့ဗျာ၊ စောစောက ကျွန်တော် ပြောတဲ့ ပလုတ်ရေတွေနှင့် အထွေးခံရတဲ့ ကောင်မလေး ဆိုရင် တော်တော် ကြည့်လို့ ကောင်းတယ်။ နိပ်တယ်ပေါ့ဗျာ။ အဲ့ဒါ ဒုက္ခ ရောက်တာ၊ ကျွန်တော် ဆိုတဲ့ ကောင်ကလဲ တစ်ခါတလေမှာ မဟုတ်တရုတ်တွေကို လုပ်ချင်တတ်တယ်။ ခုနေ အဲဒီလို ကောင်မလေး တစ်ယောက်ယောက် ခေါ်ထုတ်၊ နှစ်ယောက်စလုံး အရက်တွေ မူးအောင် သောက်ပြီး မျက်နှာကို တစ်ယောက်တစ်လှည့် ပလုတ်ရေ

တွေနှင့် ထွေးနေရရင် ဘယ်လောက် ကောင်းမလဲလို့ စိတ်ထဲမှာ ပေါ်လာသေးတယ်။

ဒီ ပြတင်းပေါက်မှာ သူတို့ နှစ်ယောက်ကို ရပ်ကြည့်ရင်း ဂျိမ်းဆီကို တယ်လီဖုန်း ဆက်ခေါ်ရ ကောင်းမလားလို့ ကျွန်တော် စိတ်ကူးရလာတယ်။ အမှန်ကတော့ ကျောင်းသား ကျောင်းသူတွေ အချင်းချင်း ဆိုရင် ညဥ့်နက်သန်းခေါင် အချိန်မတော်မှာ တယ်လီဖုန်း မဆက်ရဘူး။ ဒါပေမယ့် ကျွန်တော် စဥ်းစားပြီးသားပါ။ တယ်လီဖုန်း ဘယ်သူ လာကိုင်ကိုင် ကိစ္စ မရှိပါဘူး။ အရေး မကြီးပါဘူး။ တယ်လီဖုန်းကို တစ်ယောက်ယောက် လာကိုင်ရင် ကျွန်တော်ဟာ သူ့ဦးလေး ဖြစ်တဲ့ အကြောင်း၊ သူ့အဒေါ် ကားတိုက်မှု ဖြစ်လို့ ဆုံးသွားတဲ့ အကြောင်း၊ ဒါကြောင့် သူနှင့် ချက်ချင်း စကားပြောချင်တဲ့ အကြောင်း ပြောမှာပေါ့။ ဒီအတိုင်း အကွက်ဆင်ရင် သေချာပါတယ်။ ဒါပေမယ့် ကျွန်တော် ဒီလို သိပ်မလုပ်ချင်ဘူး။ စိတ်ထဲမှာ ခပ်ဆိုင်းဆိုင်း ဖြစ်နေတယ်။ ဒီလို လံကြုတ် ဇာတ်လမ်း ခင်းတယ် ဆိုတာ တကယ် စိတ်ပါမှ ကောင်းတာ။ တကယ် စိတ် ပါရင် ဒီလို လံကြုတ်က လွယ်လွယ်လေးရယ်။

ခဏနေတော့ ကုလားထိုင်မှာ ထိုင်ပြီး စီးကရက် နှစ်လိပ်လောက် ဖွာပစ်လိုက်တယ်။ ကျွန်တော် တော်တော် စိတ်တိုနေတယ်။ ဒီတုန်းမှာ ကျွန်တော် စိတ်ကူးတစ်ခု ရလာတယ်။ ကျွန်တော့် သားရေအိတ်ကို ထုတ်ပြီး လိပ်စာ တစ်ခုကို ရှာတယ်။ ပရင့်စတန် ကောလိပ်ကို သွားတဲ့ ကျွန်တော့် အသိ တစ်ယောက်က ပေးခဲ့တဲ့ လိပ်စာ။ နောက်ဆုံးကျတော့ သူ့လိပ်စာကို သားရေ အိတ်ထဲက ရှာတွေ့တယ် ခင်ဗျ။ စာရွက်က ကျွန်တော့် သားရေအိတ်က အရောင်ကြောင့် တော်တော် ပျက်နေပြီ။ ဒါပေမယ့် ဖတ်လို့တော့ ရပါသေး တယ်။ ကောင်မလေးက 'ကြက်' မဟုတ်ဘူး။ ခပ်ပျက်ပျက်လေး လောက် တင်ပါ။ တစ်ခါတလေတော့လဲ ဒီလို ခပ်ပျက်ပျက်ကလေးတွေနှင့် တွဲရတာ မဆိုးပါဘူး။ ပျော်စရာ ကောင်းပါတယ်။ ပရင့်စတန်ကို ရောက်သွားတဲ့ ကျွန်တော့် သူငယ်ချင်းကတော့ ကောင်းကောင်း ထောက်ခံသွားတာပဲ။ တစ်ခါတုန်းက ကျွန်တော့် သူငယ်ချင်းက ကောင်မလေးကို ပါတီ တစ်ခုကို ခေါ်သွားတယ်။ ဒါမျိုးကို ခေါ်လာရမလား ဆိုပြီး မောင်းထုတ်လို့ ပြန်လာခဲ့ရဖူးတယ်တဲ့။ ကောင်မလေးက ခုနစ်လွှာ ကပွဲတို့ ဘာတို့မှာ ကဖူးလို့တဲ့။

ဘာပဲဖြစ်ဖြစ်လေ၊ ဒါက အကြောင်း မဟုတ်ဘူး။ ပြောနေ ကြာတယ်။ ကျွန်တော် ကောင်မလေးဆီကို ဖုန်းကောက်ဆက်လိုက်တယ်။ သူ့နာမည်က

http://nyisay.com



ဖေ့ ကာဗင်းဒစ်တဲ့။ ၆၅ လမ်းနှင့် ဘရော့ဒ်ဝေး လမ်းထောင့်က စတင်းဖို့ ဟို တယ်မှာ နေတယ်။ ခပ်စုတ်စုတ် ဟိုတယ် ဖြစ်မှာပေါ့။

အခန်းမှာ ကောင်မလေး ရှိ မရှိ မသိဘူး။ တယ်လီဖုန်းကို တော်တော်နှင့် ကောက် မကိုင်ဘူး။ အတော်ကြီး ကြာတော့မှ တယ်လီဖုန်း ကိုင်တယ်။

ကျွန်တော်က ကျွန်တော့် အသက်ကို ခန့်မှန်းလို့ မရအောင် အသံ ခပ်ကြီးကြီး ဖြစ်အောင် လုပ်ပြီး 'ဟယ်လို' လို့ လှမ်းပြောလိုက်တယ်။ ဘယ် ဆိုးလို့တုံး။ ကျွန်တော့် အသံက လူကြီးသံနှင့် တူသားပဲ။

'ဟယ်လို' လို့ တစ်ဖက်က မိန်းမသံက ပြန်ထူးတယ်။ သူ့အသံက သိပ်ပြီး ဖော်ရွေပျူငှာ မရှိလှဘူး။ ခပ်ပြတ်ပြတ်ရယ်။

'ခပြောတာ ဖေ့လား ခင်ဗျာ'

'ခပြောနေတာ ဘယ်သူလဲ၊ အချိန်မတော်ကြီးမှာ ဘာကိစ္စ ရှိလို့လဲ'

သူ့ အသံကြောင့် ကျွန်တော် နည်းနည်း ဖြုံသွားတယ်။ ကျွန်တော်က လေသံ ခပ်အေးအေးနှင့်

'ဟုတ်ပါတယ်၊ နည်းနည်း ညဉ့်နက်သွားပါတယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါ၊ ဖေ့နှင့် တွေ့ချင်လို့ ကောက်ပြီး ဖုန်းဆက်တာပါ'

အံမယ်လေး၊ ချိုလိုက်တဲ့ ကျွန်တော့် အသံ ခင်ဗျ။ ဘယ်ဆိုးလို့တုံး။

'ခု စကားပြောနေတာ ဘယ်သူလဲ'

'ဖေ့ကတော့ ကျွန်တော့်ကို သိမှာ မဟုတ်ပါဘူး၊ ကျွန်တော်က အယ်ဒီရဲ့ သူငယ်ချင်းပါ၊ မြို့ထဲကို ရောက်ရင် ဖေ့ကို ခေါ်ပြီး ကော့တေးလေး ဘာလေး သောက်ပါလားလို့ မှာလိုက်လို့ ဖေ့ဆီကို ဖုန်းဆက်ကြည့်တာပါ'

'ဘယ်သူ၊ ရှင်ပြောတာ ဘယ်သူ'

တော်တော် လျှာရှည်တဲ့ ကောင်မ ကိုယ့်လူရေ။ တယ်လီဖုန်းထဲက ပြောလိုက်တာကလဲ အကျယ်ကြီးပဲ။ ကုန်းအော်နေသလား အောက်မေ့ရတယ်။

'အက်ဒမွန် ဘားဆဲပါ၊ အယ်ဒီ ဘားဆဲလေ'

ကျွန်တော်ကလဲ အော်ပြောတယ်။ အမှန်ကတော့ သူ့ နာမည်က အက် ဒမွန်လား အက်ဒွပ်လား၊ ကျွန်တော် ကောင်းကောင်း မသိဘူး။ ကျွန်တော်တို့ ကတော့ အယ်ဒီလို့ပဲ ခေါ်ကြတာပဲ။ ပါတီ တစ်ခုမှာ တစ်ခါပဲ တွေ့ဖူးတာ။

'ဟင့်အင်း ကျွန်မ အသိတွေထဲမှာ ဒီနာမည်မျိုး တစ်ယောက်မှ မရှိဘူး၊ အချိန်မတော် ညကြီးသန်းခေါင်မှာ နှိုးတာကတော့....'

'အယ်ဒီ ဘားဆဲလေ၊ ပရင့်စတန်ကလေ'

အမျိုးသမီးက ပြန်စဉ်းစားနေပုံရတယ်။

'အယ်ဒီ....အယ်ဒီ ဘားဆဲ၊ ပရင့်စတန်က တဲ့၊ ဘာလဲ ပရင့်စတန် ကောလိပ်ကလား'

'ဟုတ်ပါတယ်'

'ရှင်ကကော ပရင့်စတန် ကောလိပ်ကလား'

'ဆိုပါတော့'

'ဟုတ်လား၊ အယ်ဒီကော နေထိုင်ကောင်းတယ်နော်၊ ဒါပေမယ့် ဒီ အချိန်ကြီး ခေါ်ရသလား ရှင်၊ ဒုက္ခပါပဲ'

'နေလို့ကောင်းပါတယ်၊ သူက နယူးရောက်ကို ရောက်ရင် သူ့ ကိုယ်စား နှုတ်ဆက်လိုက်ပါလို့ ပြောလို့ပါ'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မက နှုတ်ဆက်လိုက်ကြောင်း လဲ ပြောပြလိုက်ပါ၊ အယ်ဒီက သဘောကောင်းပါတယ်၊ ခု သူကော ဘာတွေ လုပ်နေသလဲ'

အမျိုးသမီးက လေသံ ပြောင်းသွားတယ်ဗျ။ ချက်ချင်းပဲ ဖော်ဖော်ရွေရွေ ဖြစ်လာတယ်။

'သူကတော့ ခါတိုင်းလိုပဲပေါ့'

သူ ဘာလုပ်နေတယ် ဆိုတာ ကျွန်တော် ဘယ့်နှယ်လုပ် သိပါ့မလဲ။ ကျွန်တော်နှင့်လဲ သိပ်ရင်းနှီးတာမှ မဟုတ်တာ။ ခုလောက်ဆိုရင် ပရင့်စတန် ကောလိပ်မှာတောင် ရှိသေးရဲ့လား မပြောတတ်ဘူး။

'ဒီမှာ ကျွန်တော်နှင့် တစ်နေရာရာ သွားပြီး တစ်ခုခု စားကြရအောင် လေ၊ ဘယ့်နှယ်လဲ'

'ဒီအချိန်ကျမှ ဘယ်သွားဦးမှာလဲ၊ နေစမ်းပါဦး၊ ရှင့်နာမည်ကကော၊ ရှင့်အသံ နားထောင်ရတာ ခပ်ငယ်ငယ်ပဲ ရှိသေးတယ် ထင်တယ်'

ကျွန်တော်က ရယ်လိုက်မိတယ်။

'ဟဲဟဲ ဘာစားမလဲ၊ ကျွန်တော့် နာမည်က ဟိုလ်ဒင် ကောဖီးပါ' လို့ ကျွန်တော်က လေသံ အချိုဆုံးထားပြီး ပြောလိုက်တယ်။ အမှန်ကတော့ တခြား နာမည် တစ်ခုကို ကောက်ပြောလိုက်ဖို့ ကောင်းတာ။ ဒါပေမယ့် ရုတ်တရက် စဉ်းစားလို့ မရဘူးလေ။

'ဪ ဟုတ်လား၊ မစ္စတာ ကောဖီးရေ ကျွန်မက ညကြီးသန်းခေါင်မှာ ချိန်းလေ့ချိန်းထ မရှိဘူးရှင့်၊ မနက်ကျရင် အလုပ် ဆင်းရဦးမယ်လေ'

'မနက်ဖြန် တနင်္ဂနွေနေ့ မဟုတ်လား'

'တနင်္ဂနွေ နေ့လယ်မှာ ဆိုရင် ကျွန်မ ဂျူတီစလိယူပြီး အနားယူ တတ်တယ်၊ ရှင်လဲ သိမှာပေါ့'

'အပြင်ထွက်ပြီး တစ်ခုခု သွားသောက်ရအောင်ပါ၊ သိပ် ညဥ့် မနက် သေးပါဘူး'

'ရှင်က တော်တော် အပြောကောင်းတယ်နော်၊ ခု ဘယ်က စကားပြော နေတာလဲ၊ ဘယ် ရောက်နေတာလဲ'

'ကျွန်တော် တယ်လီဖုန်းရုံ တစ်ခုထဲက ပြောနေတာ'

'ဟုတ်လား' ဆိုပြီး သူ့ဘက်က အတော်ကြာအောင် တိတ်သွားတယ်။ ပြီးတော့မှ....

'ရှင်နှင့် သိပ်လိုက်ချင်ပါတယ်၊ ဒါပေမယ့် ခုတော့ မဟုတ်ဘူး၊ နောက် တစ်ချိန်ချိန်ပေါ့၊ ရှင့်အသံကို နားထောင် ကြည့်ရတာတော့ ရှင်လဲ တော်တော် ချောတယ် ထင်တယ်၊ ဒါပေမယ့် ခုတော့ သိပ်ညဥ့်နက်နေပြီလေ'

'ခင်ဗျားဆီကို ကျွန်တော် လာခေါ်မယ်လေ'

'ကောင်းတော့ ကောင်းတာပေါ့ရှင်၊ ကျွန်မကလဲ ရှင်နှင့် အတူလိုက် ချင်ပါတယ်၊ ဒါပေမယ့် ကျွန်မ အခန်းဖော်က နေမကောင်း ဖြစ်နေတယ်၊ တစ်ညလုံး တစ်ရေးမှ မအိပ်ရသေးဘူး၊ ခုလေးတင် အိပ်ပျော်သွားတာ'

'ဟာ ဒုက္ခပဲ'

'ရှင် ဘယ်မှာ တည်းနေသလဲ၊ မနက်ဖြန်မှ ဆိုရင် မကောင်းဘူးလား'

'ကျွန်တော်က မနက်ဖြန်ထိအောင် မစောင့်နိုင်ဘူး၊ ဒီနေ့ တစ်နေ့ပဲ အချိန်ရတာ၊ ကျွန်တော့်ကိုက ညံ့တာပါလေ၊ စောစောက မပြောမိဘူး'

'ဒီလိုဆိုရင်တော့ ဝမ်းနည်းပါတယ်ရှင်'

'ဖေ့အစား အယ်ဒီကို နှုတ်ဆက်လိုက်မယ်လေ'

'ဟုတ်ကဲ့ ပြောလိုက်ပါ၊ ဖေ့က နှုတ်ဆက်လိုက်တယ်လို့၊ နယူးရော့မှာ နေရတာ ပျော်တယ် မဟုတ်လား၊ နယူးရော့က သိပ်ပျော်စရာကောင်းတယ်နော်'

'ဟုတ်ကဲ့ ပျော်စရာ ကောင်းပါတယ်၊ ကျေးဇူးပဲ ဂွတ်နိုက်နော်'

တယ်လီဖုန်းကို ချလိုက်တယ်။ စိတ်ညစ်လိုက်တာ ကိုယ့်လူရာ၊ တကယ် ဆို ကောင်မလေးနှင့် တွဲခုတ်ပြီး ကော့တေးလေး ဘာလေး လျှောက်သောက် ရရင် ဘယ်လောက် ပျော်စရာ ကောင်းလိုက်လေမလဲ။

## ၁၀

အချိန်က တော်တော် စောနေသေးတယ်။ ဘယ်အချိန်မှန်းတော့ ကျွန်တော် မသိဘူး။ ဒါပေမယ့် သိပ်တော့ ညဥ့်မနက်သေးဘူး။ ကျွန်တော်က နည်းနည်းလေး ပင်ပန်းပြီး အိပ်ချင်လာမှ အိပ်ရာထဲ ဝင်ချင်တဲ့ ကောင်မျိုး။ ဒါနှင့် ကျွန်တော့် လက်ဆွဲအိတ်ကို ဖွင့်ပြီး ရှပ်အင်္ကျီ အသစ် တစ်ထည်ကို ထုတ်တယ်။ ရေချိုး ခန်းထဲဝင် ကိုယ်လက် သန့်စင်ပြီး အင်္ကျီလဲတယ်။ ဘာလုပ်ရမလဲလို့လဲ စဉ်းစား နေတယ်။ ဟိုတယ် အောက်ထပ်က လာဗင်ဒါခန်းထဲ ဝင်ပြီး လျှောက်ကြည့် ရမလားလို့လဲ စိတ်ကူးကြည့်သေးတယ်။ ဟိုတယ်မှာ လာဗင်ဒါခန်း ဆိုတာ ရှိတယ်။ အဲဒီ အခန်းက ညကလပ် ရှိတယ်လေ။

အဝတ်အစား လဲရင်း ညီမလေး ဖီဘီဆီကို တယ်လီဖုန်း ဆက်ပြီး စကားပြောရမလားလို့ သတိရပြန်တယ်။ ညီမလေးကို တယ်လီဖုန်း ဆက်ပြီး စကားပြောရတာ ပျော်စရာကောင်းတယ်လေ။ ဒါပေမယ့် ခက်တာက ကျွန်တော့် ညီမက ကလေး ဆိုတော့ ဒီအချိန်ဆိုရင် သိုးနေအောင် အိပ်ပျော် နေတော့ မှာ။ တယ်လီဖုန်း နားမှာတောင် ရှိမှာ မဟုတ်တော့ဘူး။ အဖေတို့ အမေတို့ ကောက်ကိုင်ရင် ဒုက္ခ။ တွေ့ရင်လဲ ကြည့်ပြီး ချွှီးမယ်ပေါ့။ ဒါပေမယ့် ခက်တာက သူတို့က ကျွန်တော့် အသံကို မမှတ်မိဘဲ နေမတဲ့လား။ အသံကြားရင် အမေက ကျွန်တော့် အသံကို ချက်ချင်း တန်းသိမှာပေါ့။ အမေက သိပ်ပါးတာ။ ခုနေ ညီမလေးနှင့် အန်စာပစ်တမ်း ကစားရရင် ဘယ်လောက် ကောင်းမလဲဗျာ။ သိပ်ပျော်စရာ ကောင်းမှာ။

ကျွန်တော့် ညီမလေးကို ခင်ဗျားတို့ မြင်စေချင်တယ်။ ကျွန်တော့် ညီမလေးလောက် ချောပြီး ဉာဏ်ကောင်းတာ ရှိမယ်လို့တောင် မထင်ဘူး။

ကျောင်းမှာ ဆိုရင်လဲ စာသိပ်တော်တာ။ တစ်အိမ်လုံးမှာ ခပ်ထိုင်းထိုင်းဆိုလို့ ကျွန်တော် တစ်ယောက်ပဲ ရှိတယ်။ ကျွန်တော့်အစ်ကို ဒီဘီဆိုရင်လဲ စာရေးဆရာဗျာ။ ကျွန်တော့် ညီလေး အယ်လီ ဆိုတာတော့ မပြောနိုင်တော့။ အဘက်ဘက်က တော်တဲ့ကောင်။ အယ်လီ အကြောင်းကို ကျွန်တော် ခင်ဗျားတို့ကို ပြောခဲ့ဖူးပြီလေ။ ငတုံးဆိုလို့ ကျွန်တော် တစ်ယောက်ပဲ ရှိတယ်။ ညီမလေး ဖီဘီကို ခင်ဗျားတို့ မြင်စေချင်တယ်။ ဆံပင်တွေကလဲ ဆုံးသွားတဲ့ ညီလေး အယ်လီလိုပဲ နီရဲလို့။ နွေမှာဆိုရင် ညီမလေးက ဆံပင်ကို တိုတိုလေးပဲ ထားတယ်။ ရှိတဲ့ ဆံပင်လေးကိုလဲ နားနောက်မှာ ညှပ်ထားတယ်။ သူ့နားရွက်လေးတွေကလဲ တော်တော် ကြည့်လို့ ကောင်းတယ်ဗျ။ ဆောင်းတွင်းဆိုရင်တော့ ဆံပင်ရှည် ထားတယ်။ တစ်ခါတလေကျတော့ အမေက ဆံပင်လေးကို ဖွတ်မြီး ထိုးပေးတတ်တယ်။ တစ်ခါတလေမှာလဲ ဒီအတိုင်းပဲ ထားတယ်။ ဘယ်လိုပဲ ထားထား ကြည့်လို့ ကောင်းတာတော့ အမှန်ပဲ။ ညီမလေးက ဆယ်နှစ်ပဲ ရှိသေးတာ။ ကျွန်တော့်လို ခပ်ပိန်ပိန်ပဲ။ ဒါပေမယ့် သူ ပိန်တာက အရုပ် မဆိုးဘူးဗျ။ ကြည့်လို့ ကောင်းတယ်။ စကိတ်စီးတာ ကြည့်လို့ ကောင်းရဲ့ ပိန်ပိန်ကလေးပဲ။ တစ်ခါတုန်းက ပန်းခြံထဲမှာ သူ စကိတ် စီးနေတာကို ကျွန်တော် ပြတင်းပေါက်က လှမ်းကြည့်ဖူးတယ်။ ပိန်ပိန်ပါးပါးနှင့် ကြည့်လို့ ကောင်းလိုက်တာဗျာ။ ကျွန်တော့် ညီမလေးကို ခင်ဗျားတို့လဲ သဘောကျမှာပါ။ ပြောလိုက်ရင်လဲ ချက်ခနဲဆို သူ နားမလည်တာ မရှိဘူး။ သိပ် အကင်းပါးတဲ့ ကောင်မလေး။ ခင်ဗျားက သိပ်မကောင်းတဲ့ ရုပ်ရှင် တစ်ခုကို ခေါ်သွားတယ် ဆိုပါစို့။ အဲဒီ ရုပ်ရှင် မကောင်းဘူး ဆိုတာ ချက်ချင်း သိတယ်။ ရုပ်ရှင် ကောင်းကောင်းကို ခေါ်သွားရင်လဲ ရုပ်ရှင်ကား ကောင်းမှန်း ချက်ချင်း သိတယ်။ တစ်ခါတုန်းက ကျွန်တော်နှင့် ဒီဘီက သူ့ကို ပြင်သစ် ရုပ်ရှင်ကား တစ်ကားဖြစ်တဲ့ 'မုန့်ဖုတ်သမား မယား' ဆိုတဲ့ ဇာတ်ကားကို ခေါ်သွားကြတယ်။ အဲဒီ ကားမျိုးကို သူ မကြိုက်ဘူး။ သူ အကြိုက်ဆုံးကတော့ 'ပန်းမြို့တော်သို့ ခြေလှမ်းသုံးဆယ်' ဆိုတဲ့ ကားပဲ။ အဲဒီ ကားမှာ ရောဗတ် · ဒိုးနတ်က သရုပ်ဆောင်တယ်လေ။ အဲဒီကားကို ကျွန်တော် သူ့ခေါ်သွားတယ်။ ဆယ်ကြိမ်လောက် ရှိနေတော့ ကားတစ်ကားလုံးလောက်ကို အလွတ်နီးပါး ရနေတယ်။ ဥပမာအားဖြင့် ဒိုးနတ်ကို ပုလိပ်လိုက်လို့ ထွက်ပြေးရတဲ့ အခန်းက စကားတွေ၊ စကော့ လယ်သမား တစ်ယောက်ရဲ့ လယ်တဲကလေး ရောက်လာတော့ ပြောတဲ့ စကားတွေကို သူ အားလုံးလောက် အလွတ်ရနေတယ်။ ဇာတ်ကားထဲမှာ ဂျာမန်စပိုင် လုပ်တဲ့

ပါမောက္ခကြီးက ဒိုးနတ်ကို လက်ဆစ် ကျိုးနေတဲ့ လက်ခလယ်နှင့် ထောင်ပြတဲ့ အခန်းကျတော့လဲ ညီမလေးဟာ ရုပ်ရှင်ကြည့်နေရင်းက သူ့လက်သန်းလေး တစ်ဖက်နှင့် ကျွန်တော့် မျက်နှာရှေ့ကို ထောင်ပြတယ်။ ကျွန်တော့် ညီမလေးက ကောင်းပါတယ်။ ခင်ဗျား သဘောကျမှာပါ။ ဒါပေမယ့် တစ်ခုပဲ ရှိတယ်။ ညီမလေးက ကလေးနှင့် မလိုက်အောင် စိတ်ကူးယဉ် တတ်တယ်။ ပြီးတော့ ညီမလေးက ဝတ္ထုတို့ ဘာတို့လဲ ရေးလိုက်သေးတယ်ဗျ။ ဒါပေမယ့် တစ်ပုဒ်မှတော့ ပြီးအောင် မရေးပါဘူး။ အကုန် တစ်ပိုင်းတစ်စချည်းပဲ။ သူ့ဇာတ်လိုက် မင်းသမီးက ဟေဇယ် ဝဲသားဖီးတဲ့။ စုံထောက်မတဲ့လေ။ ဟေဇယ်က မိဘမဲ့ ကောင်မလေးတဲ့။ သူ့ ဇာတ်လိုက်က 'အသက် နှစ်ဆယ် အရွယ်ရှိ ခံ့ညား ချောမောတဲ့ လူကြီး လူကောင်း တစ်ယောက်' တဲ့ဗျ။ တော်တော် ရယ်ရတယ်။ ခင်ဗျားလဲ ကျွန်တော့် ညီမလေးကို သဘောကျမှာပါ။ သေချာပါတယ်။ ညီမလေးက ငယ်ငယ် ကတည်းက ထက်တာ။ တနင်္ဂနွေတို့ ဘာတို့ ဆိုရင် ကျွန်တော်နှင့် အယ်လီက ညီမလေးကို ပန်းခြံထဲကို ခေါ်သွားတတ်ကြတယ်။ အယ်လီမှာ ကစားစရာစွက်လှေကလေး တစ်စီးရှိလို့ တနင်္ဂနွေ ဆိုရင် ပန်းခြံက ရေကန်မှာ သွားပြီး လှေလွှတ်တမ်း ကစားတတ်တယ်။ ဒီတော့ ကျွန်တော်တို့ သွားရင် ညီမလေးကို အမြဲ ခေါ်သွားရတာပေါ့။ ပန်းခြံထဲ လိုက်လာပြီ ဆိုရင် တကယ့် အပျိုကြီးတွေ အတိုင်း လက်အိတ်တို့ ဘာတို့ကို အကျစွပ်ပြီး ကျွန်တော်တို့ နှစ်ယောက်ကြားက လိုက်လာတတ်တယ်။ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက် တောင်ရောက် မြောက်ရောက် စကား ပြောရင်လဲ ညီမလေးက နားထောင်တာပဲ။ တစ်ခါတလေမှာ ကျွန်တော်တို့ နှစ်ယောက် စကား ကောင်း နေကြတော့ သူ့ကို မေ့နေကြတာပေါ့။ အံ့မယ် သူက ဒီလိုကျတော့လဲ မရဘူးဗျ။ ဟိုဟာ ဝင်မေး ဒီဟာ ဝင်မေးနှင့်။ ဘယ်သူက ပြောတာလဲ၊ အမျိုးသမီးက ပြောတာလား၊ ဘော်ဘီက ပြောတာလား ဘာလားနှင့် ဝင် ဝင် မေးတော့တာပဲ။ ကျွန်တော်တို့က ဖြေလိုက်တော့မှ ဟုတ်လား ဆိုပြီး ငြိမ်နားထောင်နေပြန်တယ်။ အယ်လီက ဆိုရင် သူ့ညီမလေးကို သိပ်ချစ်တာပဲ။ ခုဆိုရင် ညီမလေးက ဆယ်နှစ် ရှိပြီလေ။ သိပ် မငယ်တော့ဘူးပေါ့။ ဒါပေမယ့် လူတိုင်းက သူ့ကို ချစ်ကြတုန်းပဲ။

ဘယ်လိုပဲ ဖြစ်ဖြစ်လေ၊ ကျွန်တော့် ညီမလေးနှင့် တယ်လီဖုန်းထဲက စကား ပြောတာ တော်တော် ပျော်စရာ ကောင်းတယ်။ ဒါပေမယ့် ခက်တာက ကျွန်တော်က ဖုန်းဆက်လိုက်လို့ အဘိုးကြီး ဖြစ်ဖြစ် အဘွားကြီး ဖြစ်ဖြစ်

ကောက်ကိုင်လိုက်ပြီး ကျွန်တော် ကျောင်းထုတ်ခံရတာ၊ နယူးရော့မှာ ရောက်နေတာကို သိသွားရင် ဒုက္ခ။ ဒါနှင့် ကျွန်တော်လဲ ရုပ်အင်္ကျီကို ဝတ်ပြီး ခတ်လေ့ကားနှင့် ဟိုတယ် အောက်ထပ်ကို ဆင်းလာခဲ့တယ်။

ဧည့်ခန်းထဲမှာ လူသူရှင်းလို့။ ခေါင်းဂိုက် ပေါက်နေတဲ့ လူတချို့နှင့် ကြက်ရုပ် ပေါက်နေတဲ့ ကောင်မလေး တချို့ပဲ ရှိတယ်။ လာဗင်ဒါခန်းထဲက တီးဝိုင်းသံ ကြားတာနှင့် ကျွန်တော်လဲ အဲဒီဘက်ကို လာခဲ့တယ်။ လူတော့ မများပါဘူး။ ဒါပေမယ့် စားပွဲထိုးက ကျွန်တော့်ကို ချောင်ကျကျ စားပွဲတစ်လုံးကို ခေါ်သွားတယ်။ ဟိုးနောက်ထဲမှာ။ အမှန်ကတော့ စားပွဲထိုးမျက်နှာရှေ့မှာ ဒေါ်လာ တစ်ပြားလောက် ထုတ်ပြလိုက်ဖို့ ကောင်းတာ။ ကိုယ့်လူရေ ဒါက နယူးရော့လေ။ နယူးရော့မှာ ငွေက သိပ် စကားပြောတယ်။ တကယ် ပြောတာ။

တီးဝိုင်းကလဲ တော်တော် စိတ်ပျက်စရာ ကောင်းတယ်။ အဆိုတော်က ယောက်ျားလေးရယ်ဗျ။ ရှိုးက ခပ်ကောင်းကောင်းရယ်။ ဒါပေမယ့် သူ ရှိုးထုတ်ပုံက သိပ် အထက်တန်း မကျပါဘူး။ ခပ်တုံးတုံးပါ။ ကျွန်တော့်လို ရွယ်တူကောင်လေးတွေကို သိပ် မတွေ့ရဘူး။ အမှန်က ကျွန်တော့် အရွယ် မရှိသလောက်ပဲ။ ကျွန်တော့်ထက် ခပ်ကြီးကြီးတွေချည်းပဲ။ ရှိုးကောင်းကောင်းအတွဲကိုယ်စီနှင့်။ အတွဲ မရှိတဲ့ စားပွဲ ဆိုလို့ ကျွန်တော် ညာဘက်က စားပွဲတစ်လုံးပဲ ရှိတယ်။ ကျွန်တော့် ညာဘက်က စားပွဲမှာ သုံးဆယ် တစ်ဝိုက်အမျိုးသမီး သုံးယောက် ရှိတယ်။ သုံးယောက်စလုံးက ရုပ် ခပ်ဆိုးဆိုးတွေချည်းပဲ။ သူတို့ ဆောင်းထားတဲ့ ဦးထုပ်ကို ကြည့်လိုက်ရုံနှင့် နယူးရော့က မဟုတ်မှန်း သိတယ်။ အဲ တစ်ယောက်ကတော့ အသားဖြူဖြူဗျ။ သူကတော့ သိပ်မဆိုးလှဘူး။ ကိုယ်လုံး ကိုယ်ပေါက်ကလဲ သေးသေးသွယ်သွယ်ပဲ။ ကျွန်တော်လဲ မျက်လုံးတွေ ဘာတွေ ကစား ပစ်လိုက်တာပေါ့။ ဘာရမလဲ။ သည်တုန်းမှာ စားပွဲထိုး ရောက်လာပြီး ဘာစားမလဲ ဘာသောက်မလဲ ဆိုပြီး လာမေးတယ်။ ကျွန်တော်က စကော့ ဝီစကီနှင့် ဆိုဒါ ယူလာဖို့၊ သတ်သတ်စီ ယူလာဖို့၊ မြန်မြန် ယူလာဖို့ ခပ်တည်တည် မှာလိုက်တယ်။ သူတို့ကို လန့်သလို ကြောက်သလို မရဲတရဲ လုပ်နေလို့ မရဘူး။ ဒီလိုလုပ်နေရင် အသက် နှစ်ဆယ့်တစ်နှစ် အောက်လို့ ထင်သွားပြီး အရက် မရောင်းဘဲ နေလိမ့်မယ်။ ဒါတောင် သိပ်မလွယ်ဘူး ခင်ဗျ။ ပြဿနာ တက်နေသေးတယ်။

'ဝမ်းနည်းပါတယ် ညီလေးရာ၊ ညီလေး အသက် အထောက်အထားကို

ပြနိုင်တဲ့ မှတ်ပုံတင်တို့ ကားလိုင်စင်တို့ မပါဘူးလား’

ကျွန်တော့်ကို စော်ကားတဲ့ မေးခွန်း ဖြစ်တဲ့ ပုံမျိုးနှင့် ကျွန်တော်က သူ့ကို ခပ်တည်တည် စိုက်ကြည့်လိုက်ပြီး....

‘ဒီလောက် ကိုယ်လုံးကိုယ်ထည်ကြီးကိုတောင် နှစ်ဆယ့်တစ်နှစ်အောက် လို့ ထင်နေတုန်းပဲလားဗျ’ လို့ မေးလိုက်တယ်။

‘ဝမ်းနည်းပါတယ် ညီလေးရာ၊ တို့ဆိုင်မှာ....’

‘ရပါတယ်၊ ရပါတယ်၊ ဒီလိုဆိုရင်လဲ ကိုကာကိုလာပဲ ယူခဲ့ပါ’

သူ ထွက်သွားတော့ ကျွန်တော် လှမ်းပြီး ‘ရမ်လေး ဘာလေး တစ်ပက် လောက် ထည့်ခဲ့ဗျာ၊ ဒီလောက် ဆူညံနေတဲ့ နေရာကြီးမှာ ကျွန်တော်က ဘာမှ မသောက်ဘဲ ဒီအတိုင်း ငုတ်တုတ်ကြီး ထိုင်နေရမှာလား၊ တစ်ပက် လောက်တော့ ထည့်ခဲ့ပါ’ လို့ လှမ်းအော်လိုက်တယ်။

‘ဝမ်းနည်းပါတယ် ညီလေး’ ဆိုပြီး သူက ငြင်းတယ်။ မတတ်နိုင်ဘူး လေ၊ ကျွန်တော့်လို အရွယ် မရောက်သေးတဲ့ မြီးကောင်ပေါက်ကို အရက် ရောင်းတာ တွေ့သွားရင် သူတို့ခမျာမှာလဲ အလုပ်ပြုတ်မှာကိုး၊ ကျွန်တော်က မြီးကောင်ပေါက်ကိုး။

ကျွန်တော်လဲ ပျင်းပျင်း ရှိတာနှင့် ညာဘက်စားပွဲမှာ ထိုင်နေတဲ့ ဆော် သုံးပွေကို မျက်လုံး ကစားနေတယ်။ အထူးသဖြင့် အသားဖြူဖြူ ဆံပင်ဝှေ ရောင်နှင့် အမျိုးသမီးကို စိုက်ကြည့်တာပေါ့။ ကျန်တဲ့ နှစ်ယောက်ကိုတော့ ဘာရယ်လို့ မဟုတ်ပါဘူး၊ ထုံးစံအတိုင်း ကြည့်လိုက်တာပါပဲ။ ဒါပေမယ့် ကျွန်တော် ကြည့်ပုံက ဒီလောက်လဲ အငမ်းမရ မဟုတ်ပါဘူး။ မသိမသာလေး ကြည့်တာပါ။ သူတို့ သုံးယောက်ကတော့ အခြောက်တွေလို တခစ်ခစ် ရယ်နေ တယ် ခင်ဗျ။ ကြည့်ရတာကတော့ ကျွန်တော့်လို ချာတိတ်က သူတို့ကို ငမ်းရ ပါမို့လား ဆိုတဲ့ သဘောပေါ့။ ကျွန်တော်လဲ နည်းနည်းတော့ ထောင်းခနဲ ဖြစ်သွားတာပေါ့။ ခင်ဗျားတို့ကလဲ သူတို့လိုပဲ ကျွန်တော့်ကို ကူလီကူမာ ထင်ကောင်း ထင်ကြမှာပဲ။ အမှန်ကတော့ ဟိုစိတ် ဒီစိတ်နှင့် ကြည့်တာ မဟုတ်ပါဘူး။ ကျွန်တော် ကချင်တာနှင့် သူတို့ကို လှမ်းကြည့်တာပါ။ ကျွန်တော် က တစ်ခါတလေ ကချင်တယ်လေ။ အဲဒီတုန်းကလဲ ကချင်စိတ် ပေါက်နေတုန်း မို့ပါ။ ဒါနှင့် ကျွန်တော်လဲ သူတို့ဘက်ကို လှည့်ပြီး ‘အစ်မတို့အထဲက ကချင်တဲ့ သူများ မရှိဘူးလား၊ ကမလား’ လို့ လှမ်းမေးလိုက်တယ်။ ဒါတောင် ရိုင်းရိုင်း ခိုင်းစိုင်း မေးတာ မဟုတ်ပါဘူး။ အလွန်ကို ချိုတဲ့ အသံလေးနှင့် မေးလိုက်တာ။

ဒါလဲ သူတို့က ရယ်စရာ အောက်မေ့နေသလား မသိဘူး။ တခစ်ခစ်နှင့် ရယ်နေကြပြန်ရော။ တကယ်ဗျာ အခြောက်တွေ အတိုင်းပါပဲ။ တခစ်ခစ် ရယ်နေတော့တာပဲ။

'ဘယ့်နှယ်လဲ အစ်မ၊ တစ်ယောက် တစ်လှည့်စီ ကျွန်တော်နှင့် ကမယ်လေ၊ ကမလား' လို့ ကျွန်တော်က ထပ်မေးတယ်။ ကျွန်တော်ကလဲ တကယ့်ကို ကချင်ပြီ။

နောက်ဆုံးတော့ အသားဖြူဖြူ အမျိုးသမီးက ထလာတယ်။ သူ့ကို ရည်ရွယ် ပြောနေမှန်း သူ သိတာပေါ့။ ကျွန်တော်တို့ နှစ်ယောက်က ပွဲဘက်ကို ထွက်လာခဲ့ကြတယ်။ ကျန်တဲ့ နှစ်ယောက်ကတော့ ကျွန်တော်တို့ကို အားကျပြီး ကျန်ရစ်ခဲ့ကြလေရဲ့။ ကျွန်တော်ကတော့ သူတို့ နှစ်ယောက်ကို စာရင်းထဲတောင် မထည့်တော့ဘူးပေါ့။

ကျွန်တော်နှင့် တွဲကတဲ့ အမျိုးသမီးက မဆိုးဘူး။ ကောင်းကောင်းကတတ်တယ်။ ကတတ်ဆို ကျွန်တော် တွဲကဖူးသမျှတွေထဲမှာတော့ အကောင်းဆုံးပဲ။ တကယ် ပြောတာ။ တချို့ အမျိုးသမီးတွေ ကျတော့ ကရတာ သိပ်စိတ်ပျက်စရာ ကောင်းတာပဲ။ ကရင်း ကြမ်းပေါ်တင် လဲသေပစ်လိုက်ချင်တယ်။ ကိုယ်နှင့် တွဲဖက်က အက ကောင်းတယ် ဆိုရင် ကြမ်းပြင်ပေါ်မှာ သူပဲ ခေါင်းဆောင် ကသွားတာပဲ။ အဲ အက မကောင်းဘူး ဆိုရင်တော့ စားပွဲမှာ ထိုင်ပြီး မူးအောင်သာ သောက်ပစ်လိုက်ဖို့ပဲ ကောင်းတယ်။

'အစ်မ တော်တော် အက ကောင်းတယ်နော်၊ အစ်မက အက သင်တန်းကျောင်းဆင်း ထင်တယ်၊ သင်တန်းကျောင်းဆင်း တစ်ယောက်နှင့် ကျွန်တော်ကဖူးတယ်၊ အစ်မက သူ့ထက်တောင် တော်သေးတယ်၊ အစ်မ မာကိုနှင့် မီရန်ဒါတို့ အကြောင်းကို ကြားဖူးတယ် မဟုတ်လား'

'ဘာ'

အမျိုးသမီးက ကျွန်တော် ပြောတာတွေကို တစ်လုံးမှ ကြားပုံ မရဘူး။ ကျွန်တော်နှင့် ကရင်း ဟိုငေး သည်ငေး လုပ်နေတယ်။

'ဩော် မာကိုနှင့် မီရန်ဒါတို့ အကြောင်းကို သိတယ် မဟုတ်လားလို့ မေးတာပါ'

'ဟင့်အင်း၊ မသိဘူး'

'ကချေသည်တွေလေ၊ မီရန်ဒါက တော်တော် အကကောင်းတယ်ဆိုပဲ၊ ကတာများ သိပ်ညက်ညောတာပဲတဲ့၊ တွဲကပြီဆိုရင် သူကချည်း ခေါင်းဆောင်

http://nyisay.com



သွားတာပဲတဲ့၊ ဒါပေမယ့် သိပ်လဲ မကြမ်းဘူးတဲ့၊ မိန်းကလေး တစ်ယောက်ဟာ ဘယ်အချိန်မှာ အက အကောင်းဆုံး ထင်ရသလဲဟင်'

'ဘာပြောတယ်' ဆိုပြီး သူကတော့ ကျွန်တော့် စကားကို နားမထောင်ဘဲ ပတ်ဝန်းကျင်ကိုပဲ လျှောက်ကြည့်နေတယ်။

'မိန်းမ တစ်ယောက် အက ကောင်းတယ် ဆိုတာ ဘယ်လို နေသလဲ ဆိုတာ သိသလားလို့ မေးတာပါ'

'အင်း'

'ခုလို ကျွန်တော်က အစ်မ ခါးကို ဖက်ထားလိုက်ရော ဆိုပါတော့၊ အဲဒီလို လက်နှင့် ကိုင်ထားပေမယ့် ဘာမှ ကိုင်မထားရသလို ဖြစ်နေရင် ခြေထောက်တို့ ပေါင်တံတို့ကိုလဲ ထိတွေ့တယ်လို့ မခံစားရတော့ဘူး၊ အဲဒီလို အလိုက်သင့် နေတတ်ပြီ ဆိုရင် အက ကောင်းတယ်လို့ ခေါ်နိုင်တယ်'

ဒါပေမယ့် အမျိုးသမီးက ကျွန်တော် ပြောတာတွေကို တစ်လုံးမှ ကြားပုံ မရဘူး။ ကပွဲခန်းမ ပတ်ပတ်လည်ကိုသာ လျှောက်ကြည့်နေတာပဲ။ ဒီလောက် ထုံတဲ့ အတဲ့ မိန်းမကများ ကတတ်ရသေးသလားဗျာ။ ဘတ်ဒီ ဆင်းဂါးနှင့် သူ့တီးဝိုင်းကလဲ 'တစ်ခုသာ လိုချင်သည်' ဆိုတဲ့ သီချင်းကို ဆူဆူညံညံ တီးမှုတ်နေတယ်။ ဒီလောက် ညံ့တဲ့ တီးဝိုင်းက တီးတာတောင် ဒီ သီချင်းက နားထောင်လို့ ကောင်းနေသေးတယ်ဗျာ၊ အံ့ရော။ တော်တော် ကောင်းတဲ့ သီချင်းပဲ။ ကျွန်တော်ကတော့ တီးချက် အတိုင်း လိုက်မကတော့ပါဘူး။ ရိုးရိုးပဲ ကတော့တယ်။ တီးဝိုင်းမှာ တီးချက်တွေ ကွန့်ပြီး ဟိုတီး သည်တီး တီးရင် ကျွန်တော် အဲဒီ တီးဝိုင်းဆရာ ငနဲမျိုးကို သိပ်မုန်းတာပဲ။ ကျွန်တော်လဲ ချာချာလှည့်ပြီးပဲ ကနေတယ်။ အမျိုးသမီးကလဲ ကျွန်တော် ခေါ်ရာကို အသာပဲ လိုက်လာတယ်။ ကျွန်တော် ကချင်သလို ကနေပေမယ့် အမျိုးသမီးကတော့ တော်တော် ပျော်နေပုံရတယ်။ ဒီတုန်းမှာ အမျိုးသမီးဆီက ကျွန်တော် မမျှော်လင့်တဲ့ စကား တစ်ခွန်း ထွက်လာတယ်။

'မနေ့က တို့တစ်တွေ လျှောက်လည်တော့ ဇာတ်လိုက်မင်းသား ပီတာ လိုရေးကို လူကိုယ်တိုင် မြင်လိုက်ရတယ်၊ တော်တော် ချောတယ်နော်၊ သူက သတင်းစာ ဝယ်နေတာ'

'ဒီလိုဆို အစ်မတို့ သိပ်ကံကောင်းတာပေါ့'

အမျိုးသမီးဟာ တော်တော်တုံးတဲ့ အမျိုးသမီးဗျ။ ကျွန်တော် ရွဲ့ပြောတာကို အဟုတ်ထင်ပြီး ကျေနပ်နေတယ်။ ဒါပေမယ့် အကကတော့ ကောင်းပါ

တယ်။ ဒါနှင့် ကျွန်တော်လဲ ကျေနပ်သွားတာနှင့် သူ့ နဖူးကို ငုံ့နမ်းပစ်လိုက်တယ်။ နမ်းတော့ သူ စိတ်ဆိုးသွားဟန် တူတယ်။

'ဒါက ဘာလုပ်တာလဲ'

'ဘာမှ မလုပ်ပါဘူး၊ အစ်မက အက ကောင်းလို့ပါ၊ ကျွန်တော့်မှာ ညီမလေး တစ်ယောက် ရှိတယ်၊ ခုမှ လေးတန်းပဲ ရှိသေးတယ်၊ အစ်မက ကျွန်တော့် ညီမလေးလိုပဲ သိပ်အကကောင်းတာပဲ၊ ကျွန်တော့် စိတ်ထဲမှာတော့ ညီမလေးလို့ အကကောင်းသူ တစ်ယောက်မှ မရှိဘူးလို့ ထင်တာပဲ၊ ရှင်တဲ့ လူထဲမှာလဲ မရှိဘူး၊ သေတဲ့ လူထဲမှာလဲ မရှိဘူး'

'စကားပြောရင် ကြည့်ပြောနော်'

အံမယ် ကိုယ့်လူရေ။ ဒီလိုကျတော့လဲ သူက အပါးကြီးဗျ။

'အစ်မတို့က ဘယ်မြို့ကလဲ ဟင်'

အမျိုးသမီးက ကျွန်တော် ပြောတာကို မဖြေဘူး။ ကပွဲခန်းဆောင်ထဲမှာ ဟိုကြည့် သည်ကြည့် လုပ်နေတုန်းပဲ။ ပီတာ လိုရေးကို လျှောက်ရှာနေတာများ လား မသိဘူး။

'အစ်မတို့က ဘယ်မြို့ကလဲ' လို့ ကျွန်တော်က တစ်ခါ ထပ်မေးတယ်။

'ဘာရယ်.....'

'ဩော် အစ်မတို့က ဘယ်မြို့ကလဲလို့ မေးတာပါ၊ အစ်မ မဖြေချင်ရင် ရပါတယ်'

'တို့က ဆီအက်တယ်က' လို့ ကျွန်တော့်ကို အထူး အခွင့်အရေး ပေးတဲ့ အနေနှင့် ဖြေတယ်။

'အစ်မက တော်တော် စကားပြော ကောင်းတယ်နော်၊ သိတယ် မဟုတ်လား' လို့ ကျွန်တော်က တမင် အရွဲ့တိုက်ပြီး ပြောလိုက်တယ်။

'ဘာရယ်'

ကျွန်တော် ဆက်မပြောတော့ဘူး။ သူ့ကို အရွဲ့တိုက်ပြီး ပြောတာလဲ ပြောမှန်း သိပုံမရဘူး။

'နောက်တစ်ခါ တီးဝိုင်းတီးရင် အစ်မနှင့် ကျွန်တော် တစ်ခါလောက် ဝိုင်းကြီးပတ်ပတ် ကရအောင်လေ၊ သိပ်လဲ အမြန်ကြီး မဟုတ်ဘူးပေါ့၊ အမြန် တီးရင် တချို့က လိုက်မကနိုင်တော့ ထွက်ထိုင်ကြရော၊ ဒီတော့ နေရာလဲ ကျယ်သွားတယ်၊ ဘယ့်နှယ်လဲ၊ ကမလား'

'ဒါတွေက သိပ် အရေးမကြီးပါဘူးကွယ်၊ နေစမ်းပါဦး၊ မောင်လေးက

http://nyisay.com



အသက် ဘယ်လောက် ရှိပြီလဲ'

ဘာဖြစ်လို့မှန်း မသိဘူး၊ ဒီစကားကြောင့် ကျွန်တော် အောင့်သွားတယ်။

'ဒါက အရေးမကြီးပါဘူး အစ်မရယ်၊ ကျွန်တော့် အသက်က ဆယ့်နှစ်နှစ်ပဲ ရှိသေးတယ်၊ လူကောင်က ကြီးနေလို့ပါ'

'တို့ကို ဒီလို မပြောနှင့်နော်၊ ဒီလိုဆိုရင် မင်းနှင့် မကတော့ဘဲ ဟိုမှာ သွားထိုင်တော့မယ် သိလား'

ဒီအချိန်မှာ တီးဝိုင်းက အသွက် တီးနေပြီလေ။ ဒါကြောင့် ကျွန်တော် သူ့ကို ပြန်ချော့ရတယ်။ အမျိုးသမီးလဲ ကျွန်တော်နှင့်အတူ ဝိုင်းကြီးပတ်ပတ် ကတယ်။ ကောင်းပါတယ်၊ သက်သက်သာသာပဲပေါ့။ ဒီလောက် ပုံပျက် ပန်းပျက်ကြီး မဟုတ်ပါဘူး။ တော်တော့်ကို အက ကောင်းတယ်လို့ ပြောရမယ် ထင်တယ်။ သူ့ကို ထိလိုက်တာနှင့် အမျိုးသမီးဟာ ခပ်သွက်သွက် ကနေတယ်။ ကိုယ်ကို ချာလပတ် လည်လိုက်တဲ့ အခါမှာ လှပတဲ့ သူ့တင်သားတွေဟာ လုပ်လှဲ့ လုပ်လီ ဖြစ်နေတယ်။ ကပုံက ကျွန်တော့်ထက်တောင် သာသွားပြီလေ။ တီးလုံးပြီးလို့ စားပွဲပြန်ထိုင်ကြတော့ ကျွန်တော် သူ့ကို ချစ်သလိုလိုတောင် ဖြစ်လာပြီ။ မိန်းမဆိုတာ ဒီလိုပဲ ထင်ပါရဲ့။ စဉ်းစားဉာဏ် သိပ်မရှိသည့်တိုင်၊ ရုပ် အချောကြီး မဟုတ်သည့်တိုင် တစ်ခုခု လှလှပပ လုပ်လိုက်ပြီ ဆိုရင် သူတို့ကို ချစ်ချင်သလိုလို ဖြစ်လာတော့တာပဲ။ ကိုယ့်ကိုယ်ကိုယ်တောင် သိပ် သတိမရချင်တော့ဘူး။ ဩော် မိန်းမ မိန်းမ၊ မိန်းမများဟာ ယောကျ်ားတွေကို ချာချာလည်လည်အောင် တတ်နိုင်ကြပါကလား။

စားပွဲနားရောက်တော့ သူတို့က သူတို့ စားပွဲမှာ ဝင်ထိုင်ဖို့ ကျွန်တော့်ကို မဖိတ်ကြဘူးလေ။ ဘာရယ်လို့တော့ မဟုတ်ပါဘူး။ ဖိတ်ရကောင်းမှန်း မသိကြ လို့ပါ။ ကျွန်တော်ကလဲ ဘာရမလဲ၊ သူတို့ မဖိတ်ပေမယ့် ဝင်ထိုင်လိုက်တာပေါ့။ ကျွန်တော် တွဲကတဲ့ အမျိုးသမီး နာမည်က ဘားနစ်တဲ့ဗျ။ ရုပ် ခပ်ဆိုးဆိုး နှစ်ယောက်ရဲ့ နာမည်ကတော့ မာတီနှင့် လာဗန်းတဲ့။ ကျွန်တော်ကလဲ ကျွန်တော့် နာမည်ဟာ ဂျင်စတီလို့ ပြောလိုက်တာပေါ့။ ကျွန်တော်လဲ သူတို့ သုံးယောက်နှင့် အဓိပ္ပာယ်ရှိတဲ့ စကားလေး ဘာလေး ပြောဖို့ ကြိုးစားကြည့်တယ်။ မရပါဘူးဗျာ၊ ဘာဆို ဘာမှ ပြောလို့ မရဘူး။ အတင်း အဖျင်းလောက်ပဲ ပြောလို့ ရတယ်။ ဒီလောက်တောင် တုံးရသလား ဆိုပြီး လက်လိမ် ချိုးပစ်ဖို့ပဲ ကောင်းတယ်။ သုံးယောက်စလုံး ခပ်တုံးတုံးတွေချည်းပဲ။ တစ်ချိန်လုံး ကပွဲခန်း ပတ်ပတ်လည် ကိုပဲ လှမ်းကြည့်နေတော့တာပဲ။ သူတို့ မျှော်လင့်နေတဲ့ ရုပ်ရှင် မင်းသားတို့

http://nyisay.com



ဘာတို့များ လာမယ် ထင်လို့လားတော့ မပြောတတ်ဘူး။ ရုပ်ရှင် မင်းသားတို့ ဘာတို့ နယူးရော့ကို လာရင် လာဗင်ဒါ ခန်းမတို့ ဘာတို့လာပြီး ကတတ်တယ်လို့ ထင်နေကြဟန် တူပါရဲ့။ နာရီဝက်လောက် ကြာတော့မှ သူတို့ သုံးယောက်စလုံး ဆီအက်တယ်မှာ နေတဲ့ အကြောင်း၊ ဘယ်မှာ အလုပ် လုပ်တဲ့ အကြောင်းကို သိရတော့တယ်။ သူတို့ သုံးယောက်စလုံးက အာမခံရုံးမှာ အလုပ် လုပ်နေကြတာ။ ကျွန်တော်က အလုပ်အကိုင် ဘယ့်နှယ် နေသလဲ ဘာလဲ စသည်ဖြင့် မေးကြည့်သေးတယ်။ ဒါပေမယ့် ဒီ ခပ်တုံးတုံး အမျိုးသမီး သုံးယောက်ဆီက အဓိပ္ပာယ်ရှိတဲ့ အဖြေ ထွက်လာလိမ့်မယ်များ ထင်သလား။ အဝေးကြီး။ အရုပ်ဆိုးဆိုး နှစ်ယောက် ဖြစ်တဲ့ မာတီနှင့် လာဗန်းက ညီအစ်မ ထင်တယ်လို့ ကျွန်တော် မေးတော့ သူတို့ နှစ်ယောက်စလုံးက စိတ်ဆိုးလိုက်တာ မပြောပါနှင့်တော့။ သူတို့ နှစ်ယောက်စလုံးက တစ်ယောက်နှင့် တစ်ယောက် ရုပ်ချင်း တူချင်ကြတာမှ မဟုတ်ဘဲကိုး၊ စိတ်ဆိုးတာပေါ့။ ဒါလဲ သူတို့ကိုတော့ အပြစ် မဆိုသာဘူးပေါ့။ ဘာပဲဖြစ်ဖြစ် ဟားတော့ ဟားရတယ်ဗျာ။

ကျွန်တော်လဲ သူတို့ သုံးယောက်လုံးနှင့် တစ်ယောက် တစ်ချီစီ ကပစ်လိုက်တယ်။ အရုပ်ဆိုးမ တစ်ယောက် ဖြစ်တဲ့ လာဗန်းကတော့ အက သိပ်မဆိုးလှပါဘူး။ ဒါပေမယ့် တခြား အရုပ်ဆိုးမ တစ်ယောက် ဖြစ်တဲ့ မာတီကတော့ အော့ကြောလန်ရောဗျို့။ သူနှင့် တွဲကရတာ လစ်ဘာတီ ကျောက်ရုပ်ကြီးကို ချီကရတဲ့ အတိုင်းပဲ။ လေးလိုက်တာ မပြောပါနှင့်တော့။ ဒီတော့ သူ့ကိုယ်ကြီးကို တွဲကရတာ သက်သာအောင်ဆိုပြီး ကိုယ့်ဘာသာကိုယ် ကြံဖန်ပြီး ပျော်စရာ ရှာရတယ်။ ကျွန်တော်က တွဲကနေရင်း

'ကပွဲ ဟိုဘက်ထောင့်မှာ ရုပ်ရှင်မင်းသား ဂယ်ရီ ကူးပါး ရှိတယ်' လို့ ပြောလိုက်တယ်။ ဒီတော့ သူက အလန့်တကြားနှင့် 'ဘယ်မှာလဲ ဟင်' လို့ မေးတယ်ဗျ။

'ဟာ.....ချက်ချင်းမှ လှည့်မကြည့်လိုက်ဘဲကိုး၊ ခုလေးတင် အပြင်ဘက်ကို ထွက်သွားပြီ'

မချောက မကတော့ဘဲ ခြေဖျား ထောက်ပြီး ဟိုဟိုဒီဒီကို မျှော်ကြည့်နေပြန်တယ်။

'နာလိုက်တာဟယ်' လို့ မချောက ညည်းနေတယ်။ အဟုတ်ထင်ပြီး တော်တော်လေးကို ဝမ်းနည်းသွားပုံပဲ။ ကျွန်တော်လဲ သူ့ကို ကြည့်ပြီး စိတ်မကောင်း ဖြစ်သွားတယ်။ ငါ နောက်တာ လွန်သွားပြီလို့လဲ ကိုယ့် ဘာသာ

http://nyisay.com



ကိုယ် အပြစ်တင်နေမိတယ်။ တချို့ လူတွေဟာ နောက်စရာပြောင်စရာ ဖြစ်ပေမယ့် နောက်ဖို့ မကောင်းဘူးဗျာ၊ သူတို့က နောက်တာကို အဟုတ်ထင်ချင်ထင်နေတာ။

ပိုပြီး ရယ်စရာ ကောင်းတာ ရှိသေးတယ်။ ကျွန်တော်တို့ နှစ်ယောက်ကပြီး စားပွဲကို ပြန်ရောက်တော့ ကျွန်တော်နှင့် တွဲကတဲ့ မာတီက ခုလေးတင် ဂယ်ရီ ကူးပါး အခန်းထဲက ထွက်သွားတဲ့ အကြောင်း ကျန်နှစ်ယောက်ကို ပြောပြတယ်။ ဒီတော့ ကျန်ရစ်ခဲ့တဲ့ ဘားနစ်နှင့် လာဗန်းတို့ နှစ်ယောက် ဖြစ်နေလိုက်ပုံဟာဗျာ၊ ကိုယ့်လူ မြင်စေ့ချင်တယ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေကြတော့မယ့် အတိုင်းပဲ။ ဒီတင် သူတို့ ပျာပျာသလဲ ဖြစ်ပြီး သူကိုယ်တိုင် မြင်လိုက်ရသလားလို့ မာတီကို ဝိုင်းမေးကြတယ်။ မာတီကလဲ ရိပ်ခနဲ မြင်လိုက်တယ်လို့ ပြောတယ်။ ကျွန်တော်ဖြင့် ဟားလိုက်ရတာဗျာ။ အူတက်ပြီး သေမတတ်ပဲ။

ညဥ့်နက်လာလို့ ဘားက ပိတ်တော့မယ်။ ဒါနှင့် ကျွန်တော်က ဘားမပိတ်ခင်မှာ သောက်စရာ နှစ်ခွက်စီ ယူပေးတယ်။ ကျွန်တော့် အတွက်လဲ ကိုကာကိုလာ မှာလိုက်တယ်။ အရုပ်ဆိုးမ လာဗန်းက ကိုကာကိုလာ သောက်ရမလား ဆိုပြီး ကျွန်တော့်ကို လှောင်တယ်လေ။ သူက အလာကြီးဗျ။ ရယ်စရာ မောစရာ ပြောတတ်သား။ သူနှင့် မာတီကတော့ ဒီဇင်ဘာ လလယ်ကြီးမှာ တွမ်ကောလင်း ဘီလပ်ရည်ကို သောက်နေကြတယ်လေ။ ဒီထက် ကောင်းတာလဲ သူတို့ မသိတော့ဘဲကိုး။ အသားဖြူမ ဘားနစ်က ဘာဘွန်း ဝီစကီနှင့် ရေကို ရောသောက်နေလေရဲ့။ သူတို့ သုံးယောက်စလုံး ကျီးကန်းတောင်းမှောက် မျက်လုံးမျိုးနှင့် ရုပ်ရှင်မင်းသားကို တစ်ချိန်လုံး လိုက်ရှာနေကြတာပဲ။ တစ်ယောက်နှင့် တစ်ယောက်တောင် စကားမပြောမိကြဘူး။ သူတို့အထဲမှာ စကားအပြောဆုံးကတော့ မာတီပဲ။ ဒါပေမယ့် သူပြောတဲ့ စကားတွေက ပျင်းစရာကောင်းလိုက်တာဗျာ။ ကိုကာကိုလာ ထည့်တဲ့ သံဘူးလေးတွေကိုလဲ 'သံဘူးပေါက်စနလေးတွေ' လို့ ခေါ်တယ်ဗျ။ ဘတ်ဒီဆင်းဂါးရဲ့ အဖွဲ့ထဲက ကလဲရယ်နက် မှုတ်တဲ့ လူကြီးကိုလဲ အမှုတ်ကောင်းတယ် ဆိုပြီး သဘောကျနေတယ်။ ပြီးတော့ ကလဲရယ်နက်ကိုလဲ 'ပဲမြစ်တောင့်ကြီး' တဲ့ဗျ။ ကဲ စိတ်ပျက်စရာ မကောင်းဘူးလားဗျာ။ တခြား အရုပ်ဆိုးမ တစ်ယောက် ဖြစ်တဲ့ လာဗန်းကတော့ သူ့ကိုယ်သူ ရယ်စရာ မောစရာ ပြောတတ်တယ်လို့ ထင်နေတယ်ဗျ။ သူက ကျွန်တော့် အဖေ့ဆီကို ဖုန်းမဆက်ဘူးလားတဲ့။ ခုနေ ဘာလုပ်နေ

http://nyisay.com



သလဲ ဆိုတာ သိရအောင် ဖုန်းဆက် ကြည့်ပါလားတဲ့။ ကျွန်တော့် အဖေမှာ 'စမောတို့ ဘာတို့ ရှိသလား' ဆိုတာလဲ မေးသေးတယ်ဗျ။ အဲဒီ မေးခွန်းကို လေးခါလောက် မေးတယ်ဗျ။ အသားဖြူဖြူနှင့် ဘားနစ်ကတော့ သိပ်စကား မပြောဘူး။ ကျွန်တော်က သူ့ကို တစ်ခုခု မေးလိုက်တိုင်း 'ဘာရယ် ဘာရယ်' နှင့် တဘာတည်း ဘာတော့တာပဲ။ ဘာရယ် ဆိုတဲ့ စကားကြီး ကြားရတာ စိတ်ပျက်စရာ ကောင်းလိုက်တာဗျာ။

သူတို့လဲ ယမကာ သောက်ပြီးရော သူတို့ သုံးယောက်စလုံး ထရပ်လိုက်ပြီး သူတို့ ပြန်တော့မယ်၊ မနက်ဖြန် မနက်ကျရင် ရေဒီယို စီးတီး ဂီတ ဇာတ်ရုံမှာ မနက် ပွဲကြည့်ဖို့ အိပ်ရာက စောစော ထရမယ်တဲ့။ ကျွန်တော်က တားပေမယ့် မရဘူးဗျ။ ဒါနှင့် ကျွန်တော်တို့လဲ လူချင်း ခွဲရတာပေါ့။ ဆီအက်တယ်ကို ရောက်ရင် သူတို့ဆီကို ဝင်မယ်ပေါ့။ ဒါပေမယ့် ရောက်စရာ အကြောင်း မရှိပါဘူး။ ဒီတော့ သူတို့နှင့်လဲ ဘယ်တွေ့ရတော့မလဲ။

စီးကရက်ဖိုးတွေရော ဘာတွေရော ပေါင်းလိုက်ရင် အားလုံး ဆယ့်သုံး ဒေါ်လာလောက် ကျတယ်။ တကယ်ကတော့ ကျွန်တော် မရောက်ခင် ကတည်းက သူတို့ သောက်နေကြတာ။ ဒီတော့ ကျွန်တော် မရောက်ခင် သူတို့ဘာသာ သူတို့ သောက်နေတဲ့ ယမကာ အတွက် သူတို့ ထုတ်ပေးသင့်တာပေါ့။ ဒီတော့မှ နေပါစေ ဘာညာဆိုပြီး ကျွန်တော်က ထုတ်ပေးရင် ကောင်းတာပေါ့။ ထားပါလေ၊ ဒါက အရေးမကြီးပါဘူး။ အားလုံး ကျွန်တော်ကပဲ ပေးလိုက်ပါတယ်။ တိုက်ဂေါတွေ ဆိုတော့ ဒါတွေကို ဘယ်နားလည်ပါ့မလဲ။ သူတို့ နားလည်တာက မြို့ရောက်ရင် ဖက်ရှင် ဦးထုပ်လှလှလေးတွေ ဆောင်းပြီး လျှောက်လည်မယ် ဆိုတာလောက်ပဲ သိတာကိုး။ မနက် အစောကြီး ထပြီး ရေဒီယို စီးတီးက ဂီတပွဲကို သွား နားထောင်ရတာကိုလဲ ကျွန်တော် သိပ် စိတ်ပျက်တယ်ဗျာ၊ တကယ်ပဲ။ တိုက်ဂေါမတွေကလဲ မြို့ရောက်လာရင် ဖက်ရှင် ဦးထုပ်ဆောင်းပြီး ရေဒီယို စီးတီးက ဂီတပွဲတော်ကို သွားနားထောင်ရရင် သူတို့မှာ သိပ်ဟုတ်လှပြီ မှတ်နေတာ။ သူတို့က ဂီတပွဲတော်မှာ သွားနားထောင်မယ် ဆိုကတည်းက ဒီ ကောင်က တော်တော် စိတ်ဓာတ်ကျနေပြီ။ တကယ်လို့သာ ဒီစကား မပြော မိရင် သူတို့ ကြိုက်သလောက် တိုက်လွှတ်လိုက်ပါသေးတယ်။

သူတို့ ပြန်သွားပြီး မကြာခင်မှာပဲ ကျွန်တော်လဲ လာဗင်ဒါခန်းဆောင်က ပြန်ထွက်လာခဲ့တယ်။ မပြန်လို့လဲ မရတော့ဘူးလေ၊ ကပွဲရုံက ပိတ်တော့မယ်။ တေးဂီတဝိုင်းတောင် သိမ်းသွားတာ ကြာလှပြီ။ ဒီလို နေရာမျိုးက တစ်ယောက်

တည်း လာဖို့ နည်းနည်းမှ မကောင်းဘူး။ ဒီနေရာမျိုးကို လာချင်ရင် ကောင်း ကောင်း ကတတ်တဲ့ အတွဲလေးရင်လဲ ပါရမယ်။ ဒါ မှ မ ဟုတ် ရင် ကိုယ် သောက်ချင်သလောက် စားပွဲထိုးက မှာပေးတာမျိုးရင်လဲ ဖြစ်ရမယ်။ ခုတော့ ဗျာ ကျွန်တော့်ကို အသက် မပြည့်သေးဘူး ဆိုပြီး ယမကာ မရောင်းဘဲ ကိုကာ ကိုလာကိုပဲ ရောင်းတယ် ဆိုတော့ ဒီနေရာမှာ ဆက်နေလို့လဲ ဘာလုပ်တော့ မှာလဲ။ ဒါမှ မဟုတ်ရင် ကိုယ်ကြိုက်တဲ့ ကောင်မလေးတို့ ဘာတို့ ပါလာမယ် ဆိုရင်လဲ တော်သေးတာပေါ့။

# ၁၁

ကပွဲခန်းဆောင်ထဲက ထွက်လာပြီး ဧည့်ခန်းထဲ ရောက်တော့ ဂျိမ်းကို ချက်ချင်း သတိရ လာတယ်။ ဘာဖြစ်လို့လဲ မသိဘူး။ ကျွန်တော့် စိတ်ထဲမှာ ဂျိမ်းကို ဖျောက်ဖျက်လို့ မရဘဲ ဖြစ်နေတယ်။ ဒါနှင့် အန်ချင်စရာကောင်းလောက်အောင် ညစ်ပတ်နေတဲ့ ဟိုတယ် ဧည့်ခန်းထဲက ကုလားထိုင် တစ်လုံးပေါ် ဝင်ထိုင်ရင်း သူ့အကြောင်းကို တွေးနေမိတယ်။ ဆရာဘန်ကီရဲ့ ကားကြီးပေါ်မှာ ခွေးမသား စထရက်လေတာနှင့် ပါသွားတာကို ကျွန်တော် တွေးနေမိတယ်။ ကျွန်တော် ကောင်းကောင်း သိပါတယ်။ စထရက်လေတာဆိုတဲ့ကောင် မစွံပါဘူး။ ဂျိမ်းကို ကျွန်တော့် ခေါင်းထဲက ဖျောက်လို့ မရဘဲ ဖြစ်နေတယ်ဗျာ။ ကျွန်တော် သူ့အကြောင်းကို စာအုပ် တစ်အုပ်လို ကောင်းကောင်းသိတာပေါ့။ တကယ်ပါ။ ဂျိမ်းဟာ စစ်တုရင်ကို ဝါသနာကြီးတဲ့ အပြင် ကစား ခုန်စားတို့ ဘာတို့မှာလဲ ဝါသနာ ပါတယ်ဗျ။ ကျွန်တော်နှင့် သိပြီး မကြာခင်မှာ ကျွန်တော်တို့ နှစ်ယောက် တစ်နွေလုံး တင်းနစ် ကစားဖူးခဲ့ကြတယ်။ မနက်တိုင်း တင်းနစ်ရိုက် ညနေတိုင်း ဂေါက်သီးရိုက် ဆိုတော့ ကျွန်တော် သူ့ အကြောင်း ကောင်းကောင်း သိတာပေါ့။ ကောင်းကောင်း သိတယ် ဆိုတာ တခြား ကိစ္စတွေကို ပြောတာ မဟုတ်ပါဘူး။ တစ်နွေလုံး မနက်ရော ညနေရော တွေ့ခဲ့ကြတာကို ပြောတာပါ။ မိန်းကလေး တစ်ယောက်နှင့် တကယ် ရင်းရင်းနှီးနှီး သိချင်တယ် ဆိုရင် သိပ်ပြီး 'ဘူး' ကျနေလို့ မရဘူးလေ။

သူနှင့် ကျွန်တော် စပြီး သိပုံက ဒီလိုဗျ။ တစ်ခါတော့ သူ့ဒိုဘာမင်း ခွေးကြီးက ကျွန်တော်တို့ အိမ်ရှေ့က မြက်ခင်းပေါ်လာပြီး ချေးပါတယ်။ ကျွန်တော့်အမေ စိတ်ဆိုးလိုက်တာ ဘာပြောကောင်းမလဲ။ ဒါနှင့် အမေက ဂျိမ်း

အမေကို သွားတိုင်တာပေါ့။ အမေကလဲ ဒါမျိုးဆိုရင် နည်းနည်းလေးမှ သည်းခံ တတ်တာ မဟုတ်ဘူး။ နောက် နှစ်ရက်လောက် ကြာတော့ ဂျိမ်းဟာ သူတို့ အိမ်ဘေးမှာ ရှိတဲ့ ရေကူးကန်ထဲမှာ ဝမ်းလျားမှောက်ပြီး နေဆာလှုံနေတယ်။ ကျွန်တော်က ဟယ်လိုလို့ လှမ်းပြီး နှုတ်ဆက်လိုက်တယ်။ ကျွန်တော်တို့ နှစ် ယောက်က အိမ်နီးချင်းပေမယ့် တစ်ခါမှ စကား မပြောဖူးကြသေးဘူး။ ကျွန်တော် က နှုတ်ဆက်ပေမယ့် သူက ခပ်တည်တည် လုပ်နေတယ်ဗျ။ နောက်တော့ ကျွန်တော်က သူ့ခွေးကြီး ဘယ်မှာပဲ ချေးပါပါ ကျွန်တော် ဘယ်လိုမှ မအောက် မေ့တဲ့ အကြောင်း၊ ဧည့်ခန်းထဲ ဝင်ပါရင်လဲ ကျွန်တော့်အတွက် အရေးမကြီးတဲ့ အကြောင်း သူ သဘောပေါက်အောင် သွယ်ဝိုက် ပြောရတယ်။ ဒီနောက်တော့ ကျွန်တော် သူနှင့် တော်တော် ရင်းနှီးသွားကြတယ်။ အဲဒီနေ့ညနေမှာပဲ သူနှင့် ကျွန်တော် ဂေါက်သီးကစားကြတယ်။ အဲဒီညနေက သူ ဂေါက်သီး ရှစ်လုံးတောင် ပျောက်သွားတယ်။ တကယ်ပြောတာ။ ကျွန်တော်က ဂေါက်သီးကို ရိုက်တော့မယ် ဆိုရင် ကိုယ်ကို ဘယ်လို လွှဲရကြောင်း ဘာကြောင်း ညာကြောင်းကို သူ့ကို သင်ပေးလိုက်တယ်လေ။ နောက်ဆုံးတော့ သူ့ကို ဂေါက်သီး ကောင်းကောင်း ရိုက်တတ်အောင် ကျွန်တော်ပဲ သင်ပေးလိုက်တယ် ဆိုပါတော့။ ကျွန်တော်ကလဲ ဂေါက်သီး အရိုက်ကောင်းတဲ့ ကောင်ကိုး။ ကျွန်တော် ဘယ်လောက် အရိုက် ကောင်းတယ် ဆိုတာကို ပြောရင် ခင်ဗျားတို့ ယုံမှာတောင် မဟုတ်ဘူး။ တစ် ခါတုန်းက ဂေါက်သီး ရိုက်တဲ့ ရုပ်ရှင်ကားတိုကလေး တစ်ခုထဲမှာတောင် ကျွန်တော် ပါတော့မလို ဖြစ်ဖူးသေးတယ်။ ကား ရိုက်ခါနီးတော့မှ မရိုက် တော့ဘူးလို့ ကျွန်တော် ငြင်းလိုက်လို့ မပါတာ။ တချို့က ရုပ်ရှင်တို့ ဘာတို့ကို မကြိုက်ကြဘူး မဟုတ်လား။ ဒီတော့ ရုပ်ရှင်ထဲ ပါနေရင် ကျွန်တော့်ကိုလဲ အခြောက်တိုက် ဟန်ရေးပြတာလို့ ထင်မှာ စိုးတာနှင့် ကားထဲမှာ မပါတော့တာ။

ဂျိမ်းဟာ တော်တော်တော့ ရယ်စရာကောင်းတယ်။ သူ့ကို လှတယ်လို့ တော့ ကျွန်တော် မပြောချင်ပါဘူး။ ဒါပေမယ့် ကျွန်တော်ကတော့ တော်တော် လေးကို သဘောကျတယ်။ ပါးစပ်က ခပ်ပြဲပြဲရယ်။ တစ်ခုခု ပြောလို့ သူ စိတ်ပါလာပြီ ဆိုရင် သူ့ပါးစပ်က မဲ့ရွဲ့ပြီး ကျကျနန ပြောတော့တာပဲ။ မဲ့လိုက် ရွဲ့လိုက်တာကလဲ အရပ် ရှစ်မျက်နှာတင် မကတော့ဘူး။ အရပ် ဆယ်မျက်နှာ လောက်တောင် ရှိမယ် ထင်တယ်။ အဲဒါကို ကျွန်တော် စိတ်ပျက်တယ်။ သူ့ ပါးစပ်ဟာ ဘယ်တော့မှ ပိတ်တယ် မရှိဘူး။ အထူးသဖြင့် ဂေါက်သီး ရိုက်မယ် လို့ ချိန်ပြီ ဆိုရင် ဒါမှမဟုတ်လဲ စာအုပ်တို့ ဘာတို့ ဖတ်နေရင် ပါးစပ်က

အမြဲ မဲ့နေတော့တာပဲ။ သူက ကဗျာတို့ ဘာတို့လဲ ဝါသနာ ပါတယ်လေ။ ကျွန်တော့်ညီ အယ်လီရဲ့ ကဗျာတွေကို အိမ်သူ အိမ်သားက လွဲပြီး သူတစ်ယောက်ကိုပဲ ကျွန်တော် ပြဖူးသေးတယ်။ အယ်လီကိုတော့ သူ မတွေ့လိုက်ရဘူးလေ။ သူ ရောက်လာတာက အဲဒီ နွေရာသီကမှ ရောက်လာတာကိုး။ ကျွန်တော်က အယ်လီ့ အကြောင်းကို ပြောပြတယ်။ သူကလဲ ဒါမျိုးဆိုရင် သိပ်စိတ်ဝင်စားတယ်။

ကျွန်တော့် အမေကတော့ သူ့ကို သိပ်သဘောမကျဘူး။ သူတို့ သားအမိက သူ့ကို နည်းနည်း အထက်စီး ဆက်ဆံတယ်လို့ ထင်နေတယ်။ အထူးသဖြင့် သူတို့က စပြီး နှုတ်မဆက်ရင် အမေက တယ်ပြီး မကြိုက်ချင်ဘူး။ သူတို့ သားအမိနှင့် အမေဟာ ရွာထဲမှာ မကြာခဏ တွေ့ကြတယ်။ ဂျိမ်းက သူတို့ရဲ့ လာဆေးလ် အမိုးဖွင့်ကားကို မောင်းပြီး ဈေးဝယ်သွားရင် အမေနှင့် မကြာခဏ တွေ့လေ့ ရှိတယ်။ ပြီးတော့ ဂျိမ်းဟာ ချစ်စရာ ကောင်းတယ်ဆိုတာတောင် အမေက သိပ်လက်မခံချင်ဘူး။ ကျွန်တော်ကတော့ သဘောကျတယ်လေ။ ကျွန်တော့် စိတ်ထဲမှာတော့ သူ့ လှုပ်ရှားမှုလေးတွေကိုက ချစ်စရာကောင်းတယ်လို့ ထင်နေတယ်။

တစ်ညနေကို ကျွန်တော် အမှတ်ရနေသေးတယ်။ အဲဒီတုန်းက ကျွန်တော် သူ့ကို နမ်းမလို့တောင် လုပ်ခဲ့မိသေးတယ်။ ဒီတစ်ခါပါပဲ။ အဲဒီနေ့က စနေနေ့ဗျ။ မိုးတွေကလဲ ရွာလိုက်တာ တဝုန်းဝုန်းနေတာပဲ။ အဲဒီအချိန်က ကျွန်တော်ကလဲ သူ့အိမ်ရောက်နေတယ်။ သူတို့ အိမ်က လိုက်ကာ ကာထားတဲ့ ဆင်ဝင်ထဲမှာ ကျွန်တော်နှင့် သူ နှစ်ယောက်ထိုင်ပြီး ကျားထိုးနေကြတယ်။ တစ်ခါတော့ သူက သူ့ကင်းတွေကို ရွှေ့မထုတ်ဘဲ နောက်က ချောင်ထဲမှာချည်း ထားတော့ သူ့ကို စဖူးတယ်။ ဒါပေမယ့် ဒီတစ်ခါတော့ ကျွန်တော်က သူ့ကို မစတော့ပါဘူး။ ဂျိမ်းကို ကျွန်တော် မစချင်ဘူးလေ။ ကောင်မလေးတွေကို စိတ်ဆိုးအောင် စရတာကို ကျွန်တော် သိပ်ပျော်တာပဲ။ ရယ်ရတယ် မဟုတ်လား။ ဒါပေမယ့် ကိုယ် ကြိုက်နေတဲ့ ကောင်မလေးကျတော့ ကျွန်တော် မစချင်ဘူးဗျာ။ တချို့ ကောင်မလေးတွေ ကျတော့လဲ အဲဒီလိုကို အစခံချင်နေကြတယ်။ သူတို့နှင့် သိတာလဲ ကြာပြီ၊ အဲဒီမှာ စတာ ပြောင်တာတို့လဲ မလုပ်ဘဲ ခပ်တည်တည်ကြီးနေရင် တချို့ ကောင်မလေးတွေက မကြိုက်ချင်ကြဘူး။ သူတို့ကိုက ညိုမြလုပ်နေကြတာ။ ထားပါတော့လေ။ ကျွန်တော် ပြောချင်တာက အဲဒီ တစ်ညနေတုန်းက ကျွန်တော် သူ့ကို နမ်းမလို့ လုပ်ခဲ့တဲ့ အကြောင်းကို ပြောချင်တာပါ။

အဲဒီအချိန်မှာ မိုးတွေကလဲ သဲသဲမဲမဲ ရွာလို့၊ ကျွန်တော်တို့ နှစ်ယောက်က ဆင်ဝင်ထဲမှာ ကျားထိုးနေကြတုန်း သူ့အမေရဲ့ ယောက်ျား (သူ့ပထွေးပေါ့ဗျာ) အရက်သမားကြီး ထွက်လာပြီး အိမ်ထဲမှာ စီးကရက် ရှိလားလို့ မေးတယ်။ ကျွန်တော် သူ့ အကြောင်းကို သိပ်တော့ မသိပါဘူး။ ဒါပေမယ့် လူကြီးကို ကြည့်ရတာက သူများဆီက တစ်ခုခု မရရင် တစ်ဖက်သားကို မတူသလို မတန်သလိုနှင့်။ ပုံကလဲ ဆိုးသလား မမေးနှင့်။ ဘာဖြစ်လို့လဲ မသိဘူး။ အိမ်မှာ စီးကရက် ရှိသလားလို့ မေးတော့ ဂျိမ်းကလဲ မဖြေဘူး။ ဒါနှင့် လူကြီး က နောက်တစ်ခါ ထပ်မေးတယ်။ ဂျိမ်းကလဲ မဖြေဘူး။ ကျားထိုးတာကိုပဲ စိတ်ဝင်စားတဲ့ ပုံမျိုး လုပ်နေတယ်။ ဒီလိုနေရင်း မျက်ရည်ပေါက် တစ်ပေါက် ကျားကွက်ပေါ်ကို ကျလာတယ်။ တကယ်ပြောတာ ကိုယ့်လူ။ သူ့ မျက်ရည် ပေါက်က အညိုကွက်ပေါ်ကို ကျလာတာဗျ။ ခုထက်ထိ ကျွန်တော့် မျက်စိထဲမှာ မြင်ယောင် နေသေးတယ်။ ဂျိမ်းက ကျားကွက်ပေါ် ကျလာတဲ့ မျက်ရည်ကို လက်နှင့် သုတ်နေတယ်။ ဘာဖြစ်လို့မှန်းတော့ မသိဘူး။ သူ မျက်ရည်ကျတာ မြင်တော့ ကျွန်တော် စိတ်ထိခိုက်သွားတယ်။ ဒါနှင့် ကျွန်တော်က သူ့ဘေးမှာ ထိုင်ရင်း ကျားကွက်ကို ရွှေ့ပေးလိုက်တယ်။ ကျွန်တော့် တစ်ကိုယ်လုံးဟာ သူ့ရင်ခွင်ထဲကို ရောက်သွားတော့မတတ်ပဲ။ အဲဒီတော့မှ မချောက ကြုံကြုံပါ အောင် ငိုတော့တာကိုးဗျ။ နောက်တော့ ကျွန်တော်လဲ ဘယ်လို ဖြစ်သွားမှန်း မသိတော့ဘူး။ သူ့ကို ဖက်နမ်းနေတာကိုပဲ သတိရတော့တယ်။ သူ့ မျက်လုံး၊ သူ့နှာတံ၊ သူ့ ပါးပြင်၊ သူ့နဖူး၊ အို အကုန် လျှောက်နမ်းနေမိတယ် ဆိုပါတော့။ အဲ နှုတ်ခမ်းကို မနမ်းရုံတစ်မည်ပဲ ကျန်တော့တယ်။ ဘာပဲဖြစ်ဖြစ် သူနှင့် ကျွန်တော် ရင်းရင်းနှီးနှီး ဖြစ်သွားကြတာဟာ ဒီတစ်ကြိမ်မှာ အနီးကပ်ဆုံးပဲ။ ခဏ ကြာတော့ သူလဲ အိမ်ထဲကို ဝင်သွားပြီး ကျွန်တော် ကြိုက်တဲ့ ဆွယ်တာ အနီရောင်လေးကို ဝတ်ထွက်လာတယ်။ ကျွန်တော်တို့ နှစ်ယောက် ရုပ်ရှင်ရုံကို ထွက်လာခဲ့ကြတယ်။ လမ်းကျတော့ ကျွန်တော်က သူ့ပထွေးကြီးက သူ့ကို နှိပ်စက်သလား၊ ကောင်းကောင်းမွန်မွန် ဆက်ဆံရဲ့လား ဘာလားလို့ လျှောက် မေးမိတယ်။ ဂျိမ်းဟာ ငယ်ငယ် လုလုကလေးရယ်။ ဒါပေမယ့် သူ့စိတ်ထဲမှာ ဒီလူကြီးကို ကြောက်နေရဟန် တူတယ်။ ဒီလိုကျတော့လဲ သူက ကောင်းကောင်း မွန်မွန် ဆက်ဆံပါတယ်တဲ့။ သူ့ကို ဘာအန္တရာယ်မှ မပေးပါဘူးတဲ့။ ကြည့်စမ်း ဗျာ တချို့ မိန်းကလေးတွေဟာ တော်တော် အကဲခတ်ရ ခက်ပါကလား။ အဲဒီ တုန်းက ဘာဖြစ်လို့ သူ ငိုသလဲ ဆိုတာ မေးလို့ကို မရဘူး။ တချို့ မိန်းကလေး

တွေဟာ ဒီလိုပဲ ထင်ပါရဲ့။

ဂျိမ်းဟာ ရေခဲတုံးကြီးလို အေးစက်စက် မထုံတက်သေးလဲ မဟုတ်ဘူးဗျ။ ကျွန်တော်တို့ နှစ်ယောက် ဒီထက်ပိုပြီး ကျူးကျူးလွန်လွန် မဖြစ်ကြတဲ့အတွက် သူက ခပ်ဖယ်ဖယ် လုပ်နေသလားလို့ ခင်ဗျားတို့က ထင်ကောင်း ထင်ကြလိမ့်မယ်။ ဒီလိုလဲ မဟုတ်ဘူး။ ဥပမာ ဆိုပါတော့၊ ကျွန်တော်နှင့်သူ ရုပ်ရှင်သွားတော့ ကျွန်တော်က သူ့လက်ကို ကိုင်ထားတယ်။ ဒီ လက်ကလေး ကိုင်တာ ဘာများ ဆန်းလို့လဲဗျာ။ ဒါပေမယ့် သူကတော့ ယောကျ်ားလေးတွေနှင့် လက်ချင်းတွဲ လမ်းလျှောက်ရမှာကို ရှက်သတဲ့လေ။ တချို့ ကောင်မလေးတွေကျတော့ လက်ချင်း တွဲကိုင်လိုက်ရင် လူသေကောင် လက်ကြီးကိုင် လမ်းလျှောက်ရသလိုပဲ။ လက်ထဲမှာ အေးအေးစက်စက်ကြီးနှင့် ပါလာတယ်။ လှုပ်လဲ မလှုပ်ဘူး။ တချို့ ကျတော့လဲ ကိုယ့်လက်ကို ကိုင်ထားတဲ့ ယောကျ်ားလေးက ငြီးငွေ့ပြီး လွှတ်ချ ပစ်လိုက်မှာ စိုးလို့လား မသိဘူး။ အမြဲတမ်း လက်က ဝက်မြီး ခတ်သလို တယမ်းယမ်း လှုပ်နေတတ်တယ်။ ဒါပေမယ့် ဂျိမ်းကတော့ ဒီလို မဟုတ်ဘူးဗျ။ ရုပ်ရှင်တို့ ဘာတို့ သွား ကြည့် လို့ ရုံထဲ ရောက်တာနှင့် ကျွန်တော်တို့ နှစ်ယောက်ဟာ တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ထားကြတယ်။ လွှတ်ကို မလွှတ်တော့ဘူး။ ရုပ်ရှင်ပြီးမှပဲ လက်ချင်း ဖြုတ်လိုက်ကြတယ်။ တစ်ယောက် လက်ကို တစ်ယောက် ဆုပ်ထားလိုက်ကြတာ လှုပ်လဲ မလှုပ်ဘူး။ ဒီအနေအထား အတိုင်းပဲ။ ဂျိမ်းလက်နှင့် ဆုပ်ထားရရင် တစ်မျိုးပဲဗျာ။ ချွေးပြန်တယ် ဆိုတာလဲ မသိတော့ဘူး။ လက်ဆီ ထွက်တယ် ဆိုတာလဲ မသိတော့ဘူး။ ကြည်နူးနေတာ ကိုပဲ သိတော့တယ်။ တကယ် ပြောတာ။

ဂျိမ်းနှင့် ပတ်သက်လို့ နောက်တစ်ခု မှတ်မိတာ ရှိသေးတယ်။ ရုပ်ရှင် ရုံထဲ ရောက်တော့ ဂျိမ်း လုပ်လိုက်တဲ့ အပြုအမူ တစ်ခုကြောင့် ကျွန်တော် အကြီးအကျယ် အံ့အားသင့်သွားတယ်။ အဲဒီတုန်းက သတင်းကား ပြနေတုန်း လား ဘာလား မသိဘူး။ အဲဒီတုန်းမှာ ကျွန်တော့် လည်ကုပ်ပေါ် လက်တစ်ဖက် ရောက်လာတယ်။ ကြည့်လိုက်တော့ ဂျိမ်းရဲ့ လက်ရယ်။ တော်တော် ရယ်စရာ ကောင်းတယ်ဗျ။ ဂျိမ်းဟာ အပျိုလေး ရှိသေးတယ်။ ခုတော့ ကျွန်တော့်လည်ပင်း ကို သိုင်းဖက်ထားတယ်။ အမှန်ကတော့ ဒါမျိုး လုပ်တယ်ဆိုတာ ခပ်ရွယ်ရွယ် အမျိုးသမီးတွေ၊ ဆိုပါတော့ အသက် နှစ်ဆယ်ကျော် အစိတ်ပိုင်း ရောက်နေတဲ့ မိန်းမတွေ လုပ်လေ့ရှိတယ်။ ကိုယ့် ယောကျ်ားကို ဖြစ်ဖြစ်၊ ကိုယ့်သားသမီးကို ဖြစ်ဖြစ် ဒီလို လည်ပင်း သိုင်းဖက်လေ့ ရှိတယ်။ ကျွန်တော်ဆိုရင် ညီမလေး

ဖီဘီကို ဒီလိုပဲ လည်ပင်းကို သိုင်းဖက်လေ့ ရှိတယ်။ ဒါပေမယ့် ကိုယ်လို ရွယ်တူ အမျိုးသမီး တစ်ယောက်က ဒီလို ကိုယ့်လည်ပင်းလာပြီး သိုင်းဖက်တယ် ဆိုရင်တော့ သိပ် သဘောကျတာပေါ့ဗျာ။

ဒီအကြောင်းတွေကို ကျွန်တော် တွေး နေ တယ်။ ဩော် ဂျိမ်းရယ်၊ စထရက်လေတာနှင့်အတူ ဆရာဘန်ကီရဲ့ ကားကြီးနှင့် ပါသွားတယ် ဆိုတာကို တွေးလိုက်မိတိုင်း ကျွန်တော့် ရင်ထဲမှာ မုန်တိုင်းကြီး တိုက်သလို ဖြစ်နေတယ်။ ဂျိမ်းဟာ ထိကပါးရိကပါး လုပ်တာကို ခံမှာ မဟုတ်ဘူး ဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ဒီ အကြောင်းကို တွေးလိုက်မိတိုင်း ကျွန်တော့် စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတယ်ဗျာ။ အမှန် ပြောရရင်တော့ ဒီအကြောင်းကို ပြောတောင် မပြောချင်ဘူး။

ဟိုတယ် ဧည့်ခန်းဆောင်ထဲမှာ လူတော်တော် ရှင်းနေပြီ။ အသားဖြူဖြူ နှင့် ကြက်လိုလို ဘာလိုလို ဟာတွေတောင် မရှိကြတော့ဘူး။ ဒီတုန်းမှာ ကျွန်တော် ဟိုတယ်က ထွက်သွားချင်စိတ် ပေါက်လာတယ်။ ဒီအထဲမှာ နေရတာ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်လာတယ်။ အိပ်လဲ မအိပ်ချင်သေးဘူး။ ဒါ နှင့် ကျွန်တော့် အခန်းကို ပြန်တက်လာခဲ့ပြီး ကုတ်အင်္ကျီကို ကောက်ဝတ် လိုက်တယ်။ အခန်း ပြတင်းပေါက်က နေပြီး ခပ်စောစောက မြင်ခဲ့ရတဲ့ 'ပုံမမှန်' တဲ့ ရှုခင်းတွေကို တွေ့ရဦးမလားလို့ ကျွန်တော် လှမ်းကြည့်လိုက်တယ်။ ဒါပေမယ့် ဘာမှ မမြင်ရတော့ဘူးဗျ။ မီးတွေ ငြိမ်းကုန်ပြီ။ ဓာတ်လှေကားနှင့် ဆင်းလာပြီး တက္ကစီ တစ်စီးကို လှမ်းခေါ်ပြီးတော့ အာနီကို မောင်းဖို့ ပြော လိုက်တယ်။ အာနီ ဆိုတာက ဂရင်းနစ် ရွာနားမှာ ရှိတဲ့ ညကလပ် တစ်ခုဗျ။ ကျွန်တော့်အစ်ကို ဒီဘီ ဟောလီဝုဒ်ကို မသွားခင်တုန်း အဲဒီကလပ်ကို မကြာခဏ သွားလေ့ရှိတယ်။ တစ်ခါတလေ ကျွန်တော့်ကိုတောင် ခေါ်ခေါ်သွားတတ်တယ်။ အာနီ ဆိုတာက ခပ်ဖိုင့်ဖိုင့် ခပ်ဝဝ နီဂရိုးကြီးဗျ။ စန္ဒရားတို့ ဘာတို့လဲ တီး ပြတတ်တယ်။ လူကလဲ တော်တော် ဘဝင်မြင့်တဲ့ ငနဲကြီး။ အကောင် ကြီးကြီး တို့ ဘာတို့ မဟုတ်ရင် စကားတောင် ဟက်ဟက်ပက်ပက် ပြောချင်တာ မဟုတ် ဘူး။ စန္ဒရားတော့ တော်တော် အတီးကောင်းတယ်။ စန္ဒရားလက်သံ ကောင်း လိုက်ပုံတော့ မပြောနှင့်။ တော်တော့်ကို ကောင်းတာ။ ဘယ်လို ကောင်းသလဲ လို့ ဆိုတော့ ကျွန်တော်လဲ မပြောတတ်ဘူး။ ကောင်းတယ် ဆိုတာပဲ သိတယ်။ ဘယ်လောက် ကောင်းသလဲ ဆိုရင် အကောင်ကြီးကြီးတို့ ဘာတို့ မဟုတ်ရင် အဖက်လုပ် စကားမပြောဘူးကွ ဆိုတဲ့ ပုံမျိုး ထွက်အောင် ကောင်းတယ်။

# ၁၂

ကျွန်တော် ငှားစီးလာတဲ့ ကားက ကားစုတ်ကြီးဗျ။ စုတ်လိုက်သမှ ကားထဲမှာ တစ်ယောက်ယောက်ကများ မုန့်ကျိုး မုန့်ပဲ့တွေ ထားပစ်ခဲ့သလား အောက်မေ့ရတယ်။ တစ်ကားလုံးကို နံစော်လို့။ အချိန်မတော် ကားငှားပြီဆိုရင် ကျွန်တော်ကလဲ ဒီလို ကားစုတ်တွေကိုမှ ငှားစီးလေ့ ရှိတယ်။ ပိုပြီး ဆိုးတာက စနေနေ့ည ဆိုပေမယ့် လမ်းတစ်လျှောက်မှာ လူသူ ကင်းရှင်းပြီး တိတ်ဆိတ်နေတယ်။ လမ်းမပေါ်မှာ လူသူဆိုလို့ တစ်ယောက်မှ မတွေ့ဘူးဗျာ။ အံ့ရော။ တစ်ခါတလေကျတော့ ယောကျ်ား တစ်ယောက်နှင့် ကောင်မလေး တစ်ယောက် တစ်ယောက်ခါးကို တစ်ယောက်ဖက်ပြီး လမ်းဖြတ် ကူးသွားတာတို့ ဘာတို့ မြင်လိုက်ရတယ်။ တစ်ခါတလေကျတော့လဲ လူမိုက်လိုလို ကောင်တွေနှင့် သူတို့ အတွဲတွေ ဟေးလားဝါးလားနှင့် ရယ်မောသွားတာကို တွေ့လိုက်ရတယ်။ သူတို့ ရယ်သံတွေက ခွေးအ အူသံတွေ လိုပဲလို့ ကျွန်တော့် စိတ်ထဲမှာ ထင်နေမိတယ်။ ပျော်စရာ မကောင်းဘူး။ လူခြေတိတ်ချိန် လမ်းမပေါ်မှာ ရယ်သံကို ကြားရင် နယူးရော့မြို့ကြီးဟာ ကြောက်စရာကြီးလို့ ကျွန်တော့် စိတ်ထဲမှာ ထင်နေမိတယ်။ ရယ်သံတွေကို အဝေးကြီးက ကြားရတယ်။ အဲဒီ ရယ်သံတွေကို ကြားရတိုင်း ကျွန်တော့် စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ စိတ်ညစ်ရမလိုလို ဘာလိုလိုနှင့်။ ကျွန်တော် အိမ်ပြန်ချင်ပြီ။ ကျွန်တော့် ညီမလေးနှင့် ကစားချင်လှပြီ။ ဒီလိုနှင့် ကျွန်တော် မြို့ထဲမှာ ကားလျှောက်စီးရင်း ဒရိုင်ဘာနှင့် ကျွန်တော် စကားလက်ဆုံကျသွားကြတယ်။ သူ့နာမည်က ဟိုးဝစ်တဲ့။ ကျွန်တော် တွေ့ဖူးသမျှ ဒရိုင်ဘာတွေထဲမှာတော့ တော်တော် မွန်မွန်ရည်ရည် ရှိတဲ့ လူတစ်ယောက်ပဲ။ ဘာပဲဖြစ်ဖြစ် ဒီလူဟာ ဘဲတွေ အကြောင်းများ သိသလား မသိဘူး။

'ဒီမှာဗျ နောင်ကြီး၊ ခင်ဗျား ဗဟိုပန်းခြံကြီးနားက ကန်တော်ကြီးနားကို ရောက်ဖူးသလား၊ ပန်းခြံ တောင်ဘက်ပိုင်းက ကန်တော်ကြီးကိုလေ'

'ဘယ်ကို'

'ပန်းခြံ တောင်ဘက်နားက ကန်ဗျာ၊ ဘဲကလေးတွေ ဘာတွေလဲ ရှိတယ်လေ၊ အဲဒီကန်ကို သိတယ် မဟုတ်လား'

'သိသားပဲ၊ ဘာဖြစ်လို့လဲ'

'အဲဒီ ကန်ထဲမှာ ဘဲလေးတွေ ရေကူး နေတတ်တယ်လေ၊ နွေရာသီတို့ ဘာတို့ ဆိုရင်ပေါ့လေ၊ အဲဒီ ဘဲလေးတွေ ဆောင်းတွင်းကျတော့ ဘယ်ကိုများ ပျံသွားကြသလဲ မသိဘူးနော်၊ အဲဒါ ခင်ဗျားများ သိသလား'

'ဘယ်သူလဲ၊ ဘယ်သူ့ကို ပြောတာလဲ'

'ဘဲကလေးတွေလေ၊ ဆောင်းတွင်း ရေတွေ ခဲတော့ ဆိုင်ရာက ဘဲလေးတွေကို ထရပ်ကားကြီးနှင့်ပဲ တင်ခေါ်သွားသလား၊ ဒါမှမဟုတ် သူတို့ဘာသာ ပျံသွားသလား၊ ပျံသွားတယ် ထင်ရင်လဲ ဘယ်ဘက်ကိုလဲ၊ တောင်ဘက်ကိုလား၊ မြောက်ဘက်ကိုလား'

ကားဆရာက ကားမောင်းနေရာက ကျွန်တော့် မျက်နှာကို လှမ်းကြည့်နေတယ်။ သူ့ကို ကြည့်ရတာ လူတော်လူကောင်းပါပဲ။ ဒါပေမယ့် တော်တော်စိတ်တိုတတ်ပုံရတယ်။

'ဒါတော့ ငါ ဘယ်သိမလဲကွ၊ ကြံကြံဖန်ဖန်ကွာ၊ ဘဲတွေ ဘယ်ကို ပျံသွားတယ်လို့ ဘယ်သိပါ့မလဲ'

'စိတ်မရှိပါနှင့်ဗျာ' လို့ ကျွန်တော်က ပြောပေမယ့် စိတ်တိုနေပုံပဲ။

'မရှိပါဘူးကွာ၊ ဘာဖြစ်လို့ စိတ်ရှိရမှာလဲ'

ဒီလောက်ကလေး မေးတာကိုတောင် စိတ်တိုနေတော့ ကျွန်တော်လဲ သူနှင့် စကား ဆက်မပြောဖြစ်တော့ဘူး။ ဒါပေမယ့် သူကပဲ စပြောတယ်ဗျ။

'ငါးတွေကတော့ ဘယ်ကိုမှ မသွားဘူး ထင်တာပဲကွ၊ ငါးတွေကတော့ အဲဒီ ကန်ထဲမှာပဲ နေတာပဲ'

'ငါးကတော့ ဟုတ်ချင် ဟုတ်မှာပေါ့၊ ကျွန်တော် သိချင်တာက ဘဲတွေ ဘယ်ကို သွားသလဲဆိုတာ သိချင်တာ'

'အတူတူပေါ့ကွ၊ ငါးတွေနှင့် ဘဲတွေလဲ အတူတူပဲပေါ့၊ ငါးက ပိုတောင် ဆိုးလိမ့်ဦးမယ်၊ ဆောင်းတွင်းကြီးမှာ ကန်ထဲ နေရတာ ပိုဆိုးတာပေါ့၊ ဘဲတောင် နေရတာ ခက်ရင် ရေထဲနေတဲ့ ငါးကျတော့ ပိုဆိုးမှာပေါ့၊ တောက်တီး တောက်

တဲ့ကွာ’

ဒရိုင်ဘာကြီးဟာ တစ်ခုခုကို စိတ်တိုနေပုံ ရတယ်။ ကျွန်တော်လဲ တော်တော်ကြာ ဘာမှ မပြောဘဲ ငြိမ်လိုက်လာခဲ့တယ်။

‘ဒါဖြင့် ကန်ထဲမှာ ရေတွေ ခဲလို့ လူတွေက စကိတ်တွေ ဘာတွေ စီးကြတော့ အဲဒီ ငါးလေးတွေ ဘဲလေးတွေ ဘာလုပ်နေကြသလဲ မသိဘူးနော်’

ကားဆရာက ကျွန်တော့်ဘက် လှည့်ပြီး

‘ဟ ကောင်လေးရ ဘာလုပ် နေရမှာလဲကွ၊ အဲဒီ ကန်ထဲမှာ ဒီလိုပဲ နေကြမှာပေါ့’

‘ဒီလောက် ရေတွေ ခဲနေတဲ့ အထဲမှာ ဒီအတိုင်းတော့ မနေနိုင်ဘူး ထင်တယ်ဗျ၊ ရေခဲတွေကို မရှိသလို နေလို့ ဘယ့်နှယ်လုပ် ဖြစ်မလဲ’

‘ဘယ်သူက ဒီအတိုင်း မနေမှာလဲ၊ ရေထဲမှာ ဒီအတိုင်းပဲ နေမှာပေါ့၊ ဒါ သူတို့ သဘာဝပဲ၊ ဆောင်းတွင်းမှာ သူတို့လဲ ရေခဲ ဖြစ်နေမှာပေါ့’

ကားဆရာဟာ တော်တော် စိတ်တိုလာတယ် ထင်တယ်။ မော်တော်ကားကို မီးတိုင်နှင့် ဝင်ဆောင့်တော့မလို ကားကို အပြင်းမောင်းနေတယ်။

‘ဒါဖြင့် သူတို့ ဘာစားပြီး အသက်ရှင် နေကြသလဲဗျာ၊ ဆောင်းတွင်းကြီးမှာ ရေခဲတုံးကြီးလို ဖြစ်နေတော့ သွားလို့လာလို့လဲ မရဘူး မဟုတ်လား၊ ဒီတော့ ဘယ့်နှယ် လုပ်ပြီး အစာရှာ စားကြမလဲ’

‘ဟ ဘာဖြစ်လို့ အစာရှာလို့ မရရမှာလဲ၊ သူတို့က ရေမှော်တွေ ငါးနုပ်ငါးဖွဲလေးတွေကို စားပြီး အာဟာရဓာတ် ရနေကြတာပေါ့၊ တစ်ဆောင်းတွင်းလုံး ပါးဟက်တွေကို ဟထားကြမှာပေါ့၊ ဒါ သူတို့ သဘာဝပဲ’

ကားဆရာဟာ ကျွန်တော့်ကို လှည့်ကြည့်ပြန်တယ်။ ကားတော့ တစ်ခုခုနှင့် ဝင်ဆောင့်တော့မှာပဲလို့ တွေးပြီး ကျွန်တော် ကြောက်လာတယ်။ ဒီလူက စိတ်တိုတဲ့ လူ ဆိုတော့ သူနှင့် ဆက်ပြီး စကားပြောလို့ ဖြစ်မှာ မဟုတ်ဘူးလို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။

‘တစ်နေရာရာမှာ ရပ်ပြီး တစ်ခုခု သောက်ကြရအောင်ဗျာ’

သူက ဘာမှ မဖြေဘူးဗျ။ ကျွန်တော်နှင့် လိုက်ရ ကောင်းမလားလို့ စဉ်းစားနေပုံရတယ်။ ဒါနှင့် ကျွန်တော်က ထပ်မေးတယ်။ လူက သဘောတော့ ကောင်းပါတယ်။ ရယ်လဲ ရယ်ရတယ်။

‘မဖြစ်ပါဘူးကွာ၊ ငါ့မှာ အရက်သောက်ဖို့ အချိန် မရှိပါဘူး၊ နေပါဦး ငါ့ညီက အသက် ဘယ်လောက် ရှိပြီလဲ၊ ဘာဖြစ်လို့ အိမ်မပြန်သေးတာလဲ’

'မအိပ်ချင်သေးလို့ပေါ့ဗျ'

အာနီရဲ့ ညကလပ်ကို ရောက်လို့ ကျွန်တော်က ပိုက်ဆံထုတ်ပေးတော့ ကားဆရာဟာ ငါး ပြဿနာကို ပြန်ဆက်တယ် ခင်ဗျ။

'ငါ ပြောမယ်ကွ၊ မင်းသာ ငါး ဆိုရင် သဘာဝ မိခင်ကြီးက မင်းကို စောင့်ရှောက်ပေးမှာပေါ့၊ မဟုတ်ဘူးလား၊ ဒီတော့ ဆောင်းတွင်း ရောက်တာနှင့် ငါးကလေးတွေ ဘယ့်နှယ်လုပ် သေကုန်တော့မလဲ၊ မဟုတ်ဘူးလား'

'ကျွန်တော် ပြောတာက.....'

'ဟုတ်ပါတယ်၊ မင်း ပြောသလို မသေနိုင်ပါဘူး'

ကားဆရာဟာ ကားကို မောင်းပြီး လင်းနို့ တစ်ကောင်လို ဝူးခနဲ ထွက်သွားတယ်။ တော်တော် စိတ်တိုတဲ့လူဗျာ။ ဒီလောက် စိတ်တိုတဲ့ လူကို တစ်ခါမှ မတွေ့ဖူးသေးဘူး။

တော်တော် ညဉ့်နက်နေပေမယ့် အာနီရဲ့ ညကလပ်မှာတော့ လူတွေ ကျိတ်ကျိတ်တိုး စည်ကားနေတုန်းပဲ။ အများအားဖြင့်တော့ အထက်တန်း ကျောင်းသားတွေနှင့် ကောလိပ် ကျောင်းသားတွေပဲ။ ကျောင်းတကာ့ ကျောင်းတွေထဲမှာ နာတာလူးပွဲအတွက် အားလပ်ရက် ပိတ်တဲ့ ကျောင်းဟာ ကျွန်တော်တို့ ကျောင်း နောက်ဆုံးပဲ ထင်တယ်။ တခြား ကျောင်းတွေက နာတာလူး ပွဲတော် အားလပ်ရက် အတွက် အစောကြီး ပိတ်ကုန်ကြပြီ။ ကျွန်တော်တို့ ကျောင်းတစ်ကျောင်း တည်းပဲ ကျန်တော့တယ်။ လူတွေ များလွန်းလို့ ကိုယ့်ကုတ်အင်္ကျီကို အထား မမှားအောင် သတိထားရတယ်။ လူများပေမယ့် အာနီက စန္ဒရား တီးနေလို့ အားလုံး ငြိမ်သက်နေတယ် ခင်ဗျ။ အာနီ စန္ဒရားခုံမှာ ဝင်ထိုင်လိုက်တာနှင့် လူတွေဟာ ဘုရားရှိခိုး ကျောင်းထဲ ရောက်သွားသလို ငြိမ်ကျသွားတယ်။ သူ့လောက် စန္ဒရားတီး ကောင်းတာ တစ်ယောက်မှ မရှိဘူးလို့ ထင်တာပဲ။ ကျွန်တော့် အနားက အတွဲ သုံးတွဲ ဆိုရင် စားပွဲ မရသေးတာနှင့် မတ်တတ် ရပ်စောင့်နေရင်းက အာနီ စန္ဒရား တီးတာကို မြင်ရအောင် ဆိုပြီး ရှေ့ကို အတင်း တိုးနေကြတယ်။ စန္ဒရားခုံ ရှေ့မှာ ကိုယ်လုံးပေါ် မှန်ကြီး ထောင်ထားပြီး သူ့ကိုယ်ပေါ်ကိုလဲ မီးမောင်းကြီး ထိုးပေးထားလို့ သူ စန္ဒရား တီးနေတာကို လူတိုင်း မြင်နေရတယ်။ လက်ချောင်းလေးတွေ လှုပ်ရှားနေတာကိုတော့ မမြင်ရဘူးပေါ့။ သူ့မျက်နှာကြီးကိုပဲ မြင်နေရတာ။ ကျွန်တော် ဝင်လာတုန်းက သူ ဘာသီချင်း တီးနေတယ် ဆိုတာကို ကျွန်တော် ကောင်းကောင်း မသိဘူး။ ဒါပေမယ့် နားထောင်လို့ ကောင်းတာကတော့ အမှန်ပဲ။ စန္ဒရား အဖျားလုံးလေး

http://nyisay.com



တွေကို ခပ်ဖွဖွလေး တို့သွားပြီး ဘယ်ဘက် ရောက်တော့ ဘယ်သံကြိုးတွေကို တီးသွားလိုက်ပုံများဗျာ၊ မြီးညှောင့်ရိုးထဲကို အောင့်သွားတာပဲ။ သီချင်းလဲ ဆုံးသွားရော ဩဘာ လက်ခုပ်သံတွေဟာ မစဲတော့ဘူး။ ခင်ဗျား ကြားစေ့ချင်တယ်ဗျာ၊ သီချင်းလဲ ဆုံးသွားရော ဩဘာသံက တော်တော်နှင့် မဆုံးတော့ဘူး။ ခင်ဗျား စိတ်တောင်ညစ်မယ်။ နားထောင်နေတဲ့ လူတွေဟာ အရူးတွေ အတိုင်းပဲ။ စောစောက တွေ့ခဲ့တဲ့ ခွေးအလို ရယ်တဲ့ လူလေ လူလွင့်တွေလိုပဲ။ တကယ်လို့များ ကျွန်တော်သာ မင်းသား ဖြစ်ဖြစ် စန္ဒရားဆရာ ဖြစ်ဖြစ် ဖြစ်ခဲ့ရင် ဒါမျိုး ဩဘာ ပေးတာကိုတော့ ကျွန်တော် မလိုချင်ဘူး။ ကျွန်တော့် အတွက် လက်ခုပ်မတီးစေချင်ဘူး။ ခက်တယ်ဗျ။ လူတွေဟာ ဘာမဟုတ်တဲ့ အရာတွေ အတွက် လက်ခုပ်တီးချင် တီးတတ်ကြတာ။ ကျွန်တော်သာ စန္ဒရား ဆရာ ဆိုရင်တော့ အခန်းကလေးထဲမှာပဲ တီးမှာပဲ။ လူတွေက လက်ခုပ် တီးနေကြတုန်းမှာ အာနီဟာ ထိုင်ခုံကလေးပေါ်က နောက်ပြန်လှည့်ပြီး လူတွေကို ဝတ်ကျေတမ်းကျေ ဦးညွှတ်ပြလိုက်တယ်။ သူဟာ ပရိသတ်ကို ရိုသေ လေးစားပါတယ် ဆိုတဲ့ သဘောပေါ့ဗျာ။ အမှန်တော့ ဒီငနဲကြီးက အင်မတန် ဘဝင်မြင့်ပြီး တစ်ဖက်သားကို အထင်သေးတတ်တဲ့ ငနဲကြီး။ သက်သက်မဲ့ ဟန်ရေးပြနေတာ။ ဘာဖြစ်လို့မှန်း မသိဘူး။ သူလဲ စန္ဒရား တီးပြီးသွားရော ကျွန်တော် သူ့အတွက် စိတ်မကောင်း ဖြစ်နေတယ်။ သူ တီးခဲ့တာတွေဟာ ဟုတ်မှ ဟုတ်ရဲ့လား ဆိုတာ သူ့ဘာသာသူတောင် သိမှ သိရဲ့လားလို့ ကျွန်တော် ထင်တယ်လေ။ အမှန်ကတော့လဲ သူ့ အပြစ် မဟုတ်ပါဘူး။ သူ့ကို ဝိုင်းပြီး လက်ခုပ် တီးပေးနေကြတဲ့ ဆေးသမားတွေကြောင့် ဒီလို ဖြစ်နေတာပါ။ ဒီကောင်တွေဟာ အခွင့်အရေး မရလိုက်နှင့်၊ ရလိုက်တာနှင့် တစ်ပြိုင်နက် ဝင်ရှုပ်တော့တာပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဒီမှာ နေရတာ စိတ်ပျက်လာတယ်။ ဒါနှင့် ကျွန်တော့် ကုတ်အင်္ကျီကို ပြန်ယူပြီး ဟိုတယ်ကို ပြန်တော့မလို့ စိတ်ကူးမိတယ်။ ဒါပေမယ့် စောနေသေးတော့ အိပ်လဲ မအိပ်ချင်သေးဘူးလေ။

နောက်ဆုံးတော့ နံရံဘေးမှာ ခပ်ချောင်ကျကျ စားပွဲတစ်လုံး ရတယ်။ ရှေ့မှာ တိုင်ကြီးက ကွယ်လိုက်သေးတယ်။ ဘာမှ ကောင်းကောင်း မမြင်ရဘူး။ စားပွဲကလဲ ဘယ်လောက် ချောင်ကျသလဲ ဆိုရင် အဲဒီကို ရောက်အောင် သွားဖို့တောင် ခပ်ခက်ခက်ရယ်။ အနားက လူတွေက နေရာဖယ် မပေးရင် ဘယ့်နှယ်မှ ဘယ်တော့မှ အဲဒီနေရာကို ရောက်ဖို့ မလွယ်ဘူး။ သိတဲ့အတိုင်း အဲဒီစားပွဲက ငနဲတွေကလဲ ဘယ်တော့မှ အလိုက်တသိ ဖယ်မပေးဘူး။ ဒီတော့

ဘာလုပ်ရသလဲ။ ကိုယ့် ကုလားထိုင်ကို လေးဖက်ထောက် တက်ရတာပေါ့။ စားပွဲမှာ ထိုင်မိတော့ ကျွန်တော့်အကြိုက် ဖြစ်တဲ့ စကော့ ဝီစကီနှင့် ဆိုဒါကို မှာလိုက်တယ်။ ရေခဲစိမ်ထားတဲ့ ဒိုင်ကွီရီ ပြီးရင် စကော့နှင့် ဆိုဒါကို ကျွန်တော် အကြိုက်ဆုံး။ အာနီရဲ့ ညကလပ်မှာ တစ်ခု ကောင်းတာက ခြောက်နှစ်သား လောက် ဆိုရင် အရက် မှာသောက်လို့ ရတဲ့ အချက်ပဲ။ ကလပ်က မှောင်လဲ မှောင်တော့ ဘာကိုမှလဲ သတိမထားမိကြဘူး။ ပြီးတော့ ခင်ဗျားဘာသာ အသက် ဘယ်လောက်ပဲ ရှိနေနေ ဘယ်သူကမှ အလေးဂရု ပြုနေကြတာ မဟုတ်ဘူး။ တတ်နိုင်လို့ ခင်ဗျားဟာ ဆေးသမား ဖြစ်နေရင်တောင် အရေး မကြီးဘူး။ ရတယ်။

ကျွန်တော့် ဘေးပတ်လည်မှာ ငတုံးတွေချည်းပဲ။ တကယ် ပြောတာ။ ကျွန်တော့် ဝဲဘက် စားပွဲသေးသေးလေးမှာ ခပ်တုံးတုံးကောင် တစ်ကောင်နှင့် ခပ်တုံးတုံး ကောင်မလေး တစ်ယောက် ရှိတယ်။ အသက်ကတော့ ကျွန်တော့် လောက်ပါပဲ။ နည်းနည်း ကြီးချင်ကြီးမပေါ့။ တော်တော်တော့ ဟားရတယ်ဗျာ။ သူတို့ နှစ်ယောက်က အရက် သောက်ရေး မသောက်ရေး ကိစ္စကို ရေးကြီး ခွင့်ကျယ် လုပ်ပြီး ပြောနေကြတယ်။ ကျွန်တော်လဲ ဘာမှ လုပ်စရာ မရှိတာနှင့် သူတို့ပြောတဲ့ စကားတွေကို အသာ နားထောင်နေတယ်။ ငနဲက ဒီနေ့ ညနေ ပိုင်းတုန်းက သူကြည့်ခဲ့ရတဲ့ ကျောင်းဘောပွဲ အကြောင်းကို ပြောနေတယ်။ ဘောလုံးပွဲမှာ ဘယ်သူက ဘယ်လို ကန်တဲ့ အကြောင်း၊ ဘယ်အလုံးက ဘယ်လို လွဲသွားတဲ့ အကြောင်း ပြောလိုက်တာ စုံနေတာပဲ။ တကယ် ပြောတာ။ စကား ဝိုင်းတွေကို ကျွန်တော် နားထောင်ခဲ့ဖူးပေါင်း များလှပြီ။ ဒီလောက် တုံးတဲ့ ကောင်မျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး။ ဘောလုံးပွဲ အကြောင်း ဒီလောက်တောင် ပြောနေရင် ဘယ်ကောင်မလေးက သူ့ကို စိတ်ဝင်စားတော့မလဲဗျ။ ဒါပေမယ့် သူ့ကောင်မလေးကလဲ ဒါကို အဟုတ်ကြီး လုပ်ပြီး နားထောင်တယ်ဗျို့။ တန် တော့ ကောင်မလေးကိုက ပိုတုံးလို့ ဒီလောက် နားထောင်နေတာပဲလို့ ကျွန်တော် အောက်မေ့လိုက်မိတယ်။ ဒါကြောင့်မို့ ဒီလောက်တုံးတဲ့ ငနဲရဲ့ စကားတွေကို နားထောင် နေတာပေါ့ဗျ။ အရုပ်ဆိုးတဲ့ ကောင်မလေးများဟာ တော်တော် သဘောကောင်းတယ် ထင်တယ်။ ကျွန်တော် သူတို့ကို မြင်ရင် သိပ်သနားတာပဲ။ တစ်ခါတလေ ကျွန်တော် သူတို့ကို မကြည့်ရက်ဘူး။ အထူးသဖြင့် ခုလို ခပ် တုံးတုံး ဆေးသမားလို ကောင်က ဘာမဟုတ်တဲ့ ဘောလုံးပွဲ အကြောင်း ဒီ လောက် ပုံကြီးချဲ့ ပြောနေတာမျိုး ဆိုရင် ကျွန်တော် ကောင်မလေးကို သိပ်

သနားတာပဲ။ အဲ ညာဘက် စားပွဲကို လှမ်းနားစွင့်လိုက်တော့ သူတို့ထက်တောင် ဆိုးသေးတယ်။ အဲဒီ စားပွဲမှာ ယေးလ်တက္ကသိုလ်က အပြာရောင် ဖလန်နယ် အင်္ကျီကို ဝတ်ထားတဲ့ ယေးလ် တက္ကသိုလ် ကျောင်းသားလို ကောင်တစ်ကောင် ထိုင်နေတယ်။ နောက်တစ်ကောင်က တက်တာဆယ် စပို့ရှပ် အင်္ကျီ ခပ်ကျပ် ကျပ်ကို ဝတ်လို့။ ဒီ တက္ကသိုလ် ကျောင်းသား ဆိုတဲ့ ငနဲတွေဟာ ဝတ်လိုက်ရင် ဒီအချိုးချည်းပဲဗျ။ အဖေကတော့ ကျွန်တော့်ကို ယေးလ်ကို ဖြစ်ဖြစ် ပရင့်စတန် တက္ကသိုလ်ကိုပဲ ဖြစ်ဖြစ် သွားစေချင်တယ်။ ဒါပေမယ့် သေချင် သေပေ့စေဗျာ။ ဒီ တက္ကသိုလ်တွေကိုတော့ ကျွန်တော် မသွားချင်ဘူး။ ဒါ ပေ မယ့် ယေးလ် တက္ကသိုလ် ကျောင်းသားလို ငနဲရဲ့ဘေးမှာ ပါလာတဲ့ အတွဲကတော့ တော်တော် ဖြောင့်တယ်ဗျာ။ ဖြောင့်ဆို တော်တော့်ကို ဖြောင့်တာ ကိုယ့်လူ။ သူတို့ ပြောနေ တဲ့ စကားကို ခင်ဗျားတို့ ကြားစေချင်တယ်။ နှစ်ယောက်စလုံးလဲ တော်တော် လေး အရှိန်ရနေပြီ ထင်တယ်။ ငနဲက လက်ကမြင်း နေသလား ဘာလား မသိဘူး။ စားပွဲအောက်ကို လက်လျှိုထားတယ်။ ပါးစပ်ကတော့ သူတို့ အဆောင် သား တစ်ယောက် အက်စပရင်တွေ တစ်ပုလင်းလုံး သောက်ပြီး သတ်သေဖို့ လုပ်တဲ့ အကြောင်းကို ပြောနေတယ်။ အတွဲကတော့ ပါးစပ်ကလေး အဟောင်း သားနှင့် ‘ဟင် ဖြစ်မှ ဖြစ်ရလေ၊ ကြောက်စရာကြီးကွာ၊ ဒါတွေကို လာမပြော စမ်းပါနှင့်၊ ဘာညာ’ ဆိုပြီး ပြောနေတယ်။ စဉ်းစားကြည့်လေ၊ ငနဲက စားပွဲ အောက် လက်လျှို ကမြင်းပြီးတော့ ပါးစပ်ကတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေ မလို့ လုပ်တဲ့ ငနဲတစ်ကောင် အကြောင်း ပြောနေတယ်။ အံ့ရောဗျာ။

ကျွန်တော်လဲ သူတို့အနားထိုင်ပြီး မဟုတ်တရုတ် စကားတွေကို နား ထောင်နေရတာ ကြာတော့ ငြီးငွေ့လာတယ်။ တခြားလဲ ဘာမှ လုပ်စရာ မရှိ ဘူးလေ။ ထိုင်ပြီး အရက်ကလေး သောက်လိုက် ဆေးလိပ်ကလေး ဖွာလိုက် လုပ်နေရုံပဲ ရှိတော့တာကိုး။ ဒါနှင့် စားပွဲထိုးကို ခေါ်ပြီး ကျွန်တော်နှင့်အတူ အရက်လေး ဘာလေး လာသောက်ဖို့ အာနီကို ခေါ်ပေးပါလားလို့ စားပွဲထိုး တစ်ယောက်ကို ပြောလိုက်တယ်။ ကျွန်တော်ဟာ စာရေးဆရာ ဒီဘီရဲ့ ညီ ဖြစ်ကြောင်းလဲ ပြောပြဖို့ ခိုင်းလိုက်တယ်။ ဒါပေမယ့် ဒီစားပွဲထိုးဆိုတဲ့ ကောင် တွေဟာ ဘယ်တုန်းက ဒီလို အရေးတယူ လုပ်ပြီး ပြောပေးရိုး ထုံးစံ ရှိလို့လဲ။ ဒီကောင်တွေကို ခိုင်းလိုက်ရင် ဒီအတိုင်းပဲ မဟုတ်လား။

ဒီတုန်းမှာ ကျွန်တော့်အနားကို အမျိုးသမီး တစ်ယောက် ရောက်လာပြီး ‘နင် ဟိုလ်ဒင် ကောဖီး မဟုတ်လား’ လို့ မေးတယ်။ ကြည့်လိုက်တော့ လီလီ

ယန်ရယ်။ လီလီယန် ဆိုတာက တစ်ခါတုန်းက ကျွန်တော့်အစ်ကို ဒီဘီနှင့် တွဲဖူးတယ်လေ။ သူ့ပစ္စည်းက တော်တော်လေး ကြီးတယ်ဗျ။

'ဟုတ်တယ်' လို့ ပြောပြီး ကျွန်တော်က ထိုင်ရာက ထလိုက်တယ်။ ဒါပေမယ့် ဒီလိုနေရာမျိုးမှာ မတ်တတ် ထရပ်ဖို့ ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူးလေ။ အမျိုးသမီးနှင့်အတူ ရေတပ် အရာရှိ တစ်ယောက်လဲ ပါလာတယ်ဗျ။ သူ့ကြည့်ရတာ ဖင်ထဲ တီကောင်ဝင်သလို မျက်နှာက မဲ့ခွက်ခွက်နှင့်။

'တွေ့ရတာ ဝမ်းသာလိုက်တာဟယ်' တဲ့။ အမှန်ကတော့ အလကား ပြောတာဗျ။

'နေစမ်းပါဦး၊ နင့်အစ်ကိုကြီးကော'

အမှန်က သူ သိချင်တာက အစ်ကို့အကြောင်းကို သိချင်တာ။

'ကောင်းပါတယ်၊ ခု ဟောလီဝုဒ်မှာ ရောက်နေတယ်'

'ဘာ ဟောလီဝုဒ်မှာ ဟုတ်လား၊ ဟန်ကျလိုက်တာဟယ်၊ ခု ဘာလုပ်နေသလဲ'

'မသိဘူးဗျ၊ ဇာတ်ညွှန်းတို့ ဘာတို့ ရေးနေတယ်'

ကျွန်တော် ခပ်တိုတိုပဲ ပြောလိုက်တယ်။ ဒီအကြောင်းတွေကို သိပ်ပြော မနေချင်ဘူးလေ။ သူကတော့ ဟောလီဝုဒ် ရောက်တာကို အဟုတ်ကြီး ထင်ပြီး အထင်ကြီးချင် ကြီးနေမှာ။ သူတင် မဟုတ်ပါဘူးလေ၊ လူတိုင်းကလဲ အထင်ကြီးကြမှာပဲ။ အထူးသဖြင့် သူ့ဝတ္ထုတွေကို မဖတ်ဖူးတဲ့ လူတွေ ဆိုရင် ပိုပြီး အထင်ကြီးကြမှာပေါ့။ စိတ်ဓာတ်ပဲဗျာ။

'ဟန်ကျတာပေါ့ဟာ' လို့ပြောပြီး လီလီယန်က သူနှင့် ပါလာတဲ့ ရေတပ်ဗိုလ်နှင့် ကျွန်တော့်ကို မိတ်ဆက်ပေးတယ်။ သူ့နာမည်က ရေတပ်ဗိုလ်ကြီး ဘလော့တဲ့ဗျ။ ဘယ် ရေတပ်က ဆိုလား ဘာဆိုလား။ လူကြည့်လိုက်တော့ အခြောက်လိုလို ဘာလိုလို။ လက်ဆွဲ နှုတ်ဆက်လိုက်လို့ ကိုယ့်လက်တွေ အချောင်း လေးဆယ်လောက် ကျိုးသွားတော့မှ အံမယ် ဘယ်ဆိုးလို့တုံးလို့ သိရတဲ့လူမျိုး။ ကျွန်တော်ကလဲ ဒီလို ငနဲမျိုးဆိုရင် နည်းနည်းလေးမှ အကြော တည့်တာ မဟုတ်ဘူး။

'နင်တစ်ယောက်တည်းလား' လို့ လီလီယန်က မေးတယ်။ လမ်းကျဉ်းလေးမှာ ပိတ်ရပ်ပြီး မေးနေတော့ ကျွန်တော်လဲ ဘယ်မှ သွားလို့ မရတော့ဘူး ပေါ့။ ကျွန်တော်တင် မဟုတ်ဘူး၊ တခြား လူတွေလဲ ဘယ်မှ သွားလို့ မရဘဲ ပိတ်နေတယ်။ အမျိုးသမီးကို ကြည့်ရတာ သူ့ကြောင့် တခြားလူတွေ ကိုးရိုး

http://nyisay.com



ကားရား ဖြစ်နေတာကို သဘောကျပုံရတယ်။ စားပွဲထိုးကလဲ သူ့ကို လမ်းဖယ်ပေးဖို့ ပြောမလို့ ခပ်လှမ်းလှမ်းက စောင့်နေတယ်။ ဒါပေမယ့် မချောကတော့ စားပွဲထိုးကို ဂရုတောင် မစိုက်ဘူး။ ဟားရတယ်ဗျာ။ ဒီတော့ စားပွဲထိုးကလဲ ဘယ်ကြည်တော့မလဲဗျ။ စားပွဲထိုးတင် မဟုတ်ဘူး။ သူ့ကို တွဲလာတဲ့ ရေတပ်ဗိုလ်ကလဲ သိပ်ကြည်ပုံ မရတော့ဘူး။ ဘယ်သူကမှလဲ မကြည်ဘူး။

'နင့်မှာ အတွဲလေး ဘာလေး မပါဘဲကိုး'

ကျွန်တော်ကလဲ မတ်တတ် ရပ်လျက်ကြီး ထိုင်ပါလို့ မ ပြော ဘူး။ အမျိုးသမီးက သူ့ကြောင့် ဒီလို မတ်တပ် ရပ်နေရတာကို ကြည့်ပြီး သဘောကျနေတဲ့ ပုံမျိုး။ ပြီးတော့မှ ရေတပ်ဗိုလ်ဘက်ကို လှည့်ပြီး.....

'ကောင်လေးက မချောဘူးလား၊ နင်က အလျင်ကထက် ပိုချောလာတယ်' လို့ ကျွန်တော့်ဘက်ကိုလဲ လှည့်ပြီး ပြောလိုက်သေးတယ်။

'ကောဖီးရေ၊ တို့စားပွဲကို လာပါလား၊ နင့်ခွက်လဲ ယူခဲ့'

'မလာတော့ဘူး၊ ကျွန်တော်ပြန်မလို့ လုပ်နေတာ၊ ချိန်းထားတာလေး ရှိလို့'

အမျိုးသမီးက ကျွန်တော့်ကို တော်တော် အရေးပေး နေတယ်ဗျ။ ဒီအကြောင်းကို အစ်ကိုကိုတော့ ပြန်ပြောရဦးမယ်။

'ကဲ ဒီလိုဆိုရင် ကိုယ်တော်လေး သဘောပါပဲတဲ့ရှင်၊ နင့်အစ်ကိုနှင့် တွေ့ရင်တော့ ပြောလိုက်စမ်းပါ၊ ငါ မုန်းတယ်လို့'

သူ ထွက်သွားတော့ ကျွန်တော်နှင့် ရေတပ်ဗိုလ်လဲ တစ်ယောက်နှင့် တစ်ယောက် တွေ့ရတဲ့ အတွက် ဝမ်းသာကြောင်း ဘာကြောင်း လျှောက်ပြောရတာပေါ့ဗျ။ ဒီလို အပိုဆာဒါးတွေ ပြောရတာ ကျွန်တော် သိပ်စိတ်ကုန်တာပဲ။ လူတွေ့တိုင်း 'တွေ့ရတာ ဝမ်းသာပါတယ်' လုပ်နေရတာ။ အမှန်ကတော့ တွေ့ရတာ ဘယ်ဝမ်းသာမလဲ။ တွေ့ချင်သူရော၊ မတွေ့ချင်သူရော လူပေါင်းစုံနှင့် တွေ့ရတာ ဘယ်ဝမ်းသာ နိုင်ပါ့မလဲဗျာ။ ဒါပေမယ့် ခက်သားပဲ။ ဒီလို လောကဝတ် စကားကို ပြောရတော့တာပေါ့။ ဒီလို မပြောဘဲ အမှန်အတိုင်း ပြောရင် ပြဿနာ။

တစ်ယောက်နှင့် ချိန်းထားတာလေးရှိလို့ ပြောလိုက်မိတော့ ဆက်နေလို့ မဖြစ်တော့ဘူးလေ။ ပြန်မှ ဖြစ်မှာ။ အာနီကြီးရဲ့ နောက်ထပ် စန္ဒရား လက်သံကလေးကိုတောင် နားထောင်ချိန် မရတော့ဘူး။ အမှန်ကတော့ သူတို့အတွဲနှင့် သွားထိုင်ရမှာ ပျင်းလို့ လွယ်လွယ် ပြောလွတ်လိုက်တာ။ ဒီတော့ ကျွန်တော်

လေလွင့်သူ

ကလပ်ထဲက ထွက်လာခဲ့ရတာပေါ့။ ကုတ်အင်္ကျီကို ပြန်ဝတ်ရင်း စိတ်ဓာတ်ကျ လိုက်တာဗျာ။ တကယ်ပဲ။ လူတွေဟာ သူများ အရေး ကောင်းနေပြီ ဆိုရင် ဒိန်းဒေါင်း ဝင်ဖျက်ချင်ကြတယ်။

# ၁၃

ဟိုတယ်ကို ခြေကျင် ပြန်လျှောက်လာခဲ့တယ်။ လေးဆယ့်တစ်လမ်းလောက် ကျော်လာခဲ့ရတယ်။ လမ်းလျှောက်ချင်လှလို့တော့ မဟုတ်ပါဘူး။ နောက်ထပ် တက္ကစီတွေ ဘာတွေ ငှားမနေချင်တော့တာနှင့် လာခဲ့တာ။ ဓာတ်လှေကားကြီး နှင့် တက်ရ ဆင်းရတာကို စိတ်ပျက်သလိုပေါ့။ တက္ကစီ စီးရတာကိုလဲ ငြီးငွေ့ နေပြီ။ ဒီတော့ ဘယ်လောက်ပဲ ဝေးဝေး ခြေကျင်ပဲ သွားပစ်လိုက်တော့တယ်။ ဘယ်လောက်ပဲ မြင့်မြင့် ခြေကျင်ပဲ တက်ပစ်လိုက်တော့တယ်။ ကျွန်တော် ချာတိတ် ဘဝတုန်းကဆိုရင် ဆယ့်နှစ်ထပ်မှာ ရှိတဲ့ ကျွန်တော်တို့ အခန်းကို ခြေကျင် မကြာခဏ တက်လေ့ ရှိတယ်။

အပြင်မှာ နှင်းတွေကျနေတာ မသိလိုက်ဘူး။ လမ်းဘေး ပလက်ဖောင်း ပေါ်မှာလဲ နှင်းပွင့် တစ်ပွင့်မှ မရှိဘူး။ ဒါပေမယ့် အေးသလား မမေးနှင့်။ ရေခဲတော့မတတ်ပဲ။ တောလိုက် ဦးထုပ်နီကလေးကို ခေါင်းပေါ်မှာ ဆောင်းလိုက် တယ်။ ဘယ်သူတွေက ဘာနှင့်တူတယ်လို့ ပြောပြော ကျွန်တော် ဂရုမစိုက် ပါဘူး။ ချမ်းလွန်းတာနှင့် ဘေးမှာ ပါလာတဲ့ ပါးအကာ နားအကာလေးတွေ ကိုတောင် ချထားလိုက်ရသေးတယ်။ လက်တွေ ရေခဲမတတ် အေးနေတော့မှ ကျောင်းမှာ ကျွန်တော့် လက်အိတ်ကို ခိုးသွားတဲ့ ကောင်ကို စိတ်ဆိုးလိုက်တာ မပြောပါနှင့်တော့။ ခိုးသွားတဲ့ ကောင်ကို သိတော့ကော ဘာလုပ်မှာလဲလို့ မမေးနှင့်။ ဘာမှ မလုပ်ဘူး။ ကျွန်တော်က သတ္တိ သိပ်ရှိတဲ့ကောင် မဟုတ်ဘူး။ သတ္တိ မရှိဘူး ဆိုတာတော့ မပြောဘူးပေါ့ဗျာ။ ဒါပေမယ့် မရှိတာကတော့ အမှန်ပဲ။ ဥပမာ ဆိုပါတော့ ကျောင်းမှာ ကျွန်တော့် လက်အိတ်ကို ခိုးသွားတဲ့ ငနဲကို ကျွန်တော် သိပြီ ဆိုပါတော့။ သူ့အခန်းကို ကျွန်တော် သွားမယ်။ ကဲ ကိုယ့်လူ

http://nyisay.com



ကိုယ့်လက်အိတ်ကို ပြန်ပေးပါလို့ တောင်းမယ်။ ကျွန်တော့် လက်အိတ်ကို တိုသွားတဲ့ ငနဲက ဘယ်လက်အိတ်လဲ ဘာလဲ စသည်ဖြင့် မသိချင်ယောင်ဆောင်ပြီး ခပ်တည်တည် လုပ်မယ်။ ဒီတော့ ကျွန်တော်က သူ့ဗီရိုထဲကို ဖွင့်ပြီး ကျွန်တော့် လက်အိတ်ကို ဆွဲပြမယ်။ တစ်နေရာရာမှာ ဒီကောင် ဝှက်ထားမှာကိုး။ တွေ့တော့ ကျွန်တော်က လက်အိတ်ကို ဆွဲထုတ်ပြီး 'ဒါ မင့်လက်အိတ်လားကွ' လို့ မေးမယ်။ ဒီတော့ ငနဲက သူ ဘာမှ မသိတဲ့ ပုံမျိုးနှင့် 'ဩော် ဒါ မင်းလက်အိတ်လား၊ ငါ့ အခန်းထဲ ဘယ့်နှယ်လုပ် ရောက်နေသလဲ မသိပါဘူးကွာ၊ မင်း လက်အိတ် ဆိုရင်လဲ ပြန်ယူသွားပေါ့၊ ငါကတော့ လက်အိတ်တို့ ဘာတို့ကို သိပ်သုံးတဲ့ကောင် မဟုတ်ဘူး' စသဖြင့် ပြန်ပြောမယ်။ ဒီတော့ ကျွန်တော်က သူ့အခန်းဝမှာ အတန်ကြာ ရပ်ကောင်း ရပ်နေမယ်။ ကျွန်တော့် လက်အိတ်ကိုတော့ ပြန်ရနေပြီလေ။ ဒါပေမယ့် ဒီကောင်ကို မျက်နှာ တစ်ချက်လောက် ပိတ်ထိုးပစ်ချင်တယ်။ မေးရိုး ကျိုးသွားအောင် ဆော်ထည့်လိုက်ချင်တယ်။ ဒါပေမယ့် ခက်တာက ကျွန်တော် မလုပ်ရဲဘူး။ ဒီတော့ ခပ်တည်တည်နှင့် ဒီကောင့် အခန်းရှေ့မှာ ရပ်နေမယ်။ လက်သီးနှင့် မထိုးရဲတော့ ဒီကောင်ကို ဘာဖြစ်တယ် ညာဖြစ်တယ် စသဖြင့် ခပ်နာနာကလေး ပြောမယ်။ ဒီတော့ ငနဲကလဲ ထလာပြီး 'ဟေ့ကောင် မင်း ငါ့ကို သူခိုးလို့ စွပ်စွဲတယ်ပေါ့၊ ဟုတ်လား' လို့ မေးမယ်။ ဒီတော့ ကျွန်တော်ကလဲ 'အေး ဟုတ်တယ်၊ ငါ့ လက်အိတ်ကို မင်း ခိုးတာပဲ' ဘာညာ စသည်ဖြင့် ပြောမယ်လို့ ခင်ဗျားတို့ ထင်သလား။ ဘယ်ပြောမလဲ။ 'ငါ မင်းကို ဘာပြောလို့လဲကွ၊ ငါ့လက်အိတ် မင်း ဗီရိုထဲမှာ ရောက်နေတယ်လို့ပဲ ပြောတာ' လို့ ပြောမယ်။ ဒီတော့ ငနဲကလဲ သူ့ကို မထိုးရဲမှန်း သိတော့ ရှေ့တိုးလာပြီး 'ဟေ့ကောင် အူကြောင်ကြောင် လုပ်မနေနှင့်၊ မင်း ငါ့ကို သူခိုးလို့ ပြောချင်တာ မဟုတ်လား' လို့ ပြန်ပြောမယ်။ ကျွန်တော်ကလဲ 'မင်းကို ဘယ်သူက ခိုးတယ်လို့ ပြောလို့လဲ၊ ငါ့ လက်အိတ် မင်း ဗီရိုထဲမှာ ရောက်နေတယ်လို့ ပြောတာပဲ' လို့ ပြောမယ်။ ဒီလိုနှင့် ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်တစ်ပြန် ပြောနေကြမယ်။ နောက်တော့ ဒီကောင်ကို ဘာမှ မလုပ်ရဲဘဲနှင့် ကျွန်တော် ပြန်ထွက်လာမယ်။ ကင်တင်းကို ဆင်းလာပြီး စီးကရက်ကို အားရပါးရ ဖွာရင်း ကျွန်တော့်ကိုယ် ကျွန်တော် ဒေါသ ထွက်နေတာကို မှန်ထဲမှာ ပြန်ကြည့်နေမယ်။ ဒါပဲ။ ကျွန်တော် ဒါပဲ လုပ်မှာပဲ။ ကျွန်တော်ဟာ ဟိုတယ်ကို လမ်းလျှောက် ပြန်လာရင်း တွေးမိတွေးရာ တွေးလာတယ်။ ကျွန်တော်ဟာ ဒီလောက် သတ္တိ နည်းတယ်လို့တော့ မထင်

ပါဘူး။ မသိဘူးလေ၊ သတ္တိနည်းတာလား၊ လက်အိတ်လေး တစ်စုံ ပျောက်တာကို ဘာမှ အရေးတကြီး သဘောမထားလိုလို့ပဲလား ဆိုတာကိုတော့ ကျွန်တော် မတွေးတတ်ဘူး။ ကျွန်တော့် အကျင့် တစ်ခုကတော့ ပစ္စည်းတို့ ဘာတို့ တစ်ခုခု ပျောက်တယ်ဆိုရင် ဒီ အမှုမဲ့ အမှတ်မဲ့ နေလိုက်တတ်တဲ့ အကျင့်ပဲ။ ကျွန်တော် ငယ်ငယ်တုန်းက ပစ္စည်း ပျောက်ရင် အမေကတော့ တဖျစ်တောက်တောက် ပေါ့လေ။ တချို့ ကောင်တွေကျတော့ ပစ္စည်းလေး တစ်ခု ပျောက်တယ်ဆိုရင် သုံးလေးငါးရက် ရှာလို့ မပြီးတော့ဘူး။ ကျွန်တော့်မှာတော့ ပျောက်ရင် နှမြောရလောက်အောင် အဖိုးတန်တဲ့ ပစ္စည်းမျိုး ရှိတယ်လို့ မထင်ဘူး။ မပြောတတ်ဘူးလေ၊ ဒါကိုက ကျွန်တော့် အကျင့်လားမှ မသိတာ။ တကယ်တော့ ဒီလို ပေါ့တီးပေါ့ဆ ဘယ်နေသင့်မလဲ။ ကိုယ့်ပစ္စည်း ခိုးသွားလို့ ဒီကောင်ကို ထိုးပစ်စရာ ရှိရင် ထိုးပစ်လိုက်ရမှာပေါ့။ ဒါပေမယ့် ကျွန်တော်က ရန်ဖြစ်တာတို့ ဘာတို့ကို ဝါသနာ မပါဘူးဗျာ။ တကယ်....ထိုးတာ ကြိတ်တာလဲ ဝါသနာ မပါဘူး။ တကယ့်ကို စိတ်ဆိုးလာရင် ဒီကောင်ကို ပြတင်းပေါက်ကနေ မြေကြီးပေါ်ကို ကိုင်ပေါက် ပစ်ချချင် ပစ်ချမယ်။ ဒါမှ မဟုတ်ရင်လဲ ခေါင်းကို ဖြတ်ချင် ဖြတ်ပစ်မယ်။ ဒါပေမယ့် ဒီလို လက်သီးနှင့် ထိုးတာတွေ ဘာတွေကို လုပ်မနေချင်ဘူး။ ကျွန်တော်ဟာ သိပ်တော့ မကြောက်တတ်ပါဘူး။ လက်သီးနှင့် ထိုးမယ် ဆိုရင်လဲ ထိုးတော့ ထိုးရဲပါတယ်။ ဒါပေမယ့် လူတစ်ယောက် မျက်နှာကို လက်သီးနှင့် ထိုးရမှာကိုတော့ အကြောက်ဆုံးပဲ။ ခက်တာက ကျွန်တော် ဆိုတဲ့ ကောင်က လူတစ်ယောက်ရဲ့ မျက်နှာကို စေ့စေ့ ကြည့်ရဲတာ မဟုတ်ဘူး။ အဲ နှစ်ယောက်စလုံး မျက်နှာကို အဝတ်နှင့် စည်းပြီး လက်သီးချင်း ထိုးခိုင်းမယ် ဆိုရင်တော့ ထိုးဖြစ်မလား မသိဘူး။ အမှန်ကတော့ သတ္တိနည်းတာပါပဲဗျာ။ ဘာပြောပြော သတ္တိ မရှိတာကို ပြတာပေါ့။ ရယ်တော့ ရယ်ရတယ်ဗျာ။

လက်အိတ် အကြောင်းနှင့် ကျွန်တော် သတ္တိ နည်းတဲ့ အကြောင်းကို တွေးမိလေလေ ကျွန်တော့် စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်လာလေလေပဲ။ ဒါနှင့် တစ်နေရာ ဝင်ပြီး တစ်ခုခုတော့ ဝင်သောက်ဦးမှပဲလို့ စိတ်ကူး ရလာတယ်။ အာနီရဲ့ ကလပ်မှာ ကျွန်တော် သုံးခွက်ပဲ သောက်ခဲ့ရသေးတယ်။ သုံးခွက်မှာလဲ နောက်ဆုံးခွက်က ဘယ်မှာ ကုန်အောင် သောက်ခဲ့ရလို့လဲ။ စုစုပေါင်းလိုက်ရင် တစ်ခွက် ကောင်းကောင်းလောက်ပဲ ရှိမယ်။ ကျွန်တော် ဆိုတဲ့ ကောင်ကလဲ စိတ်ရှိရင် တစ်ညလုံး သောက်မလား သောက်နိုင်တယ်။ မမူးစေရဘူး။ ကျောင်း

တုန်းက ကျွန်တော်ရယ် ရေမွန် ဆိုတဲ့ ကောင်ရယ် ဝီစကီပိုင့် တစ်ပုလင်း ဝယ်ပြီး ဘုရားရှိခိုးကျောင်းထဲသွား၊ တစ်ညလုံး သောက်ခဲ့ကြဖူးတယ်။ အဲဒီမှာ ဆိုတော့ ဘယ်သူမှလဲ မမြင်ရဘူးပေါ့ဗျာ။ သုံး လေးခွက်လောက်လဲ ဝင်ရော၊ ငနဲ တော်တော်လေး မူးလာတယ်။ ကျွန်တော်ကတော့ ဘာမှ မဖြစ်ဘူး။ တစ်ပုလင်းသာ ကုန်သွားရော နည်းနည်းလေးမှ ဣန္ဒြေ မပျက်ဘူး။ ကျောင်း ဆောင်ကို ပြန်ရောက်တော့ မအိပ်ချင်သေးတာနှင့် အတင်း အိပ်ယူရတယ်။

ဟိုတယ်ကို မရောက်ခင် ခပ်စုတ်စုတ် အရက်ဆိုင်ကလေး တစ်ဆိုင် တွေ့တာနှင့် သောက်မယ် ဆိုပြီး ဆိုင်ထဲကို လာခဲ့တယ်။ ဆိုင်နားရောက်တော့ တော်တော် မူးနေပုံရတဲ့ ငနဲနှစ်ယောက် ထွက်လာပြီး မြေအောက် ဘူတာရုံ ဘယ်နားမှာလဲလို့ မေးတယ်။ သူတို့ အထဲက တစ်ယောက်ကတော့ မုတ်ဆိတ် မွေးတွေနှင့် ကျူးဘန်း လူမျိုးလိုလို ဘာလိုလိုနှင့်။ ကျွန်တော်က သူတို့ကို လမ်းညွှန် ပြောပြနေတုန်းမှာ အဲဒီ ကျူးဘန်းကောင်က ကျွန်တော့်အနား လာပြီး တရှူးရှူးနှင့် အသက်ရှူနေတယ်။ သူ့ ပါးစပ်ကလဲ အရက်နံ့ ထောင်းထောင်း ထလို့။ ဒါနှင့် ကျွန်တော်လဲ အရက်သောက်ချင်စိတ် ကုန်သွားပြီး ဆိုင်ထဲကို မဝင်တော့ဘဲ ဟိုတယ်ကို ပြန်လာခဲ့တယ်။

ဟိုတယ် ဧည့်ခန်းဆောင် တစ်ခုလုံး လူသူ ရှင်းလို့။ အခန်းကလဲ ဆေးလိပ်တိုပေါင်း သန်းငါးဆယ်လောက်များ ပစ်ထားသလား မသိဘူး။ နံစော် နေတာပဲ။ တကယ် ပြောတာ။ ကျွန်တော် အိပ်လဲ မအိပ်ချင်သေးဘူး။ ဒါနှင့် ဟိုတယ်ထဲမှာ နေရတာကိုတော့ တော်တော် စိတ်ပျက်နေပြီ။ အဲဒီတုန်းက စိတ်ပျက်သလား မမေးနှင့်၊ သေတောင် ပစ်လိုက်ချင်တယ်။

အဲဒီတုန်းမှာ ပြဿနာ တက်တာပဲ။

အပေါ်ထပ်ကို တက်မယ် ဆိုပြီး ဓာတ်လှေကားနှင့် တက်လာတော့ ဓာတ်လှေကား မောင်းတဲ့လူက 'ဟေ့ကောင်လေး မင်း ပျော်ရဲ့လားကွ၊ တော် တော်တောင် ညဥ့်နက်နေပြီ' လို့ မေးတယ်။

'ဗျာ' လို့ ကျွန်တော် တစ်ခွန်းတည်း ဖြေလိုက်တယ်။ သူ ဘာပြောချင် သလဲဆိုတာ ကျွန်တော် မသိဘူးလေ။

'မင်း ပွေလာတာလား'

'ဗျာ' လို့ ကျွန်တော် ထပ်မေးလိုက်တယ်။ အမှန်ကတော့ ကျွန်တော့် အမေးကလဲ တော်တော် တုံးတဲ့ မေးခွန်းပဲ။ ဒါပေမယ့် သူကလဲ ပေါ်တင်ကြီး မေးတော့ ခက်တာပေါ့။ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပေါ့။ ဒီလို ပေါ်တင်ကြီး

မေးရင် ဘယ့်နှယ်လုပ် ဖြေမလဲ။

'ညီလေး အသက် ဘယ်လောက် ရှိပြီလဲ'

'၂၂ နှစ်ဗျ၊ ဘာဖြစ်လို့လဲ'

'ဘယ်လိုလဲကွ၊ ယူမလား၊ ငါးဒေါ်လာတည်းပါကွ'

သူက သူ့လက်ပတ်နာရီကို ငုံ့ကြည့်လိုက်တယ်။

'အိုကေ' လို့ ကျွန်တော်က ပြောလိုက်တယ်။ အမှန်ကတော့ ကျွန်တော် ဒါမျိုးတွေကို သိပ်ဝါသနာ မပါပါဘူး။ ဒါပေမယ့် စိတ်က ခပ်ထွေထွေ ဖြစ်နေတယ် မဟုတ်လား။ စိတ်ထွေနေပြီ ဆိုရင် ဘာကိုမှ မစဉ်းစားတော့ဘူးလေ။ ဒီကိစ္စက တော်တော် ခက်တယ်။ ခင်ဗျားလဲ ဒီလိုပဲ နေမှာပဲ။ လူဟာ စိတ်ထွေနေပြီ ဆိုရင် စဉ်းစားတာတို့ ဘာတို့ မရှိတော့ဘူး။

'အိုကေ မင်း အခန်း နံပါတ်က ဘယ်လောက်လဲ'

ကျွန်တော်က ကျွန်တော့် လက်ထဲမှာ ကိုင်ထားတဲ့ သော့တွဲပြားလေးပေါ်မှာ နံပါတ်ကို ငုံ့ ကြည့်လိုက်ရင်း....

'၁၀၂၂' လို့ ပြောလိုက်တယ်။ ပြဿနာတော့ ဖော်မိပြီ ဆိုပြီး ကျွန်တော် နည်းနည်း စိတ်ညစ်သွားတယ်။ ဒါပေမယ့် မတတ်နိုင်ဘူးလေ။ လွန်သွားပြီ။

'အိုကေ ဒီလိုဆိုရင် ဆယ့်ငါးမိနစ် အတွင်းမှာ ကောင်မ တစ်ယောက် လွှတ်လိုက်မယ်' ဆိုပြီး သူက ဓာတ်လှေကား တံခါးကို ဖွင့်ပေးတာနှင့် ကျွန်တော်လဲ ထွက်လာခဲ့တယ်။

ကျွန်တော်လဲ အခန်းထဲဝင်လာပြီး ကျွန်တော့် ဆံပင်ကို ရေဆွတ်တယ်။ ဒါပေမယ့် ခရုကက် ညှပ်ထားတဲ့ တိုနံ့နံ့ ဆံပင်လေးကို ဘယ့်နှယ်လုပ် ဖြီးလို့ ရမလဲ။ ပြီးတော့ ကျွန်တော့် ပါးစပ်က စီးကရက်နံ့တို့ ဝီစကီနံ့တို့ ထွက်သလားလို့ ကိုယ့်ဘာသာကိုယ် ပြန်စစ်ဆေးကြည့်တယ်။ ပါးစပ်နှင့် နှာခေါင်းကို လက်နှင့် အုပ်ပြီး ဟားဆို မှုတ်ထုတ် ကြည့်လိုက်တယ်။ သိပ်တော့ မနံဘူး။ ဒါပေမယ့် သွားတိုက်ရင် ကောင်းမယ် ဆိုပြီး ကျွန်တော် သွား သွားတိုက်တယ်။ ပြီးတော့ ရှပ်အင်္ကျီ အသစ် တစ်ထည်ကို လဲတယ်။ ကြက်ပဲကွာ ဒီလောက် အရေးတကြီး လုပ်နေရသလားလို့ ခင်ဗျားတို့က ထင်ကောင်း ထင်မယ်။ ဒါပေမယ့် မတတ်နိုင်ဘူးလေ။ သန့်သန့်ရှင်းရှင်း နေချင်တယ်။ ကျွန်တော့် စိတ်ထဲမှာလဲ တစ်မျိုးကြီး ဖြစ်နေတယ်။ ကတုန်ကယင် ဖြစ်သလိုလို ဘာလိုလိုနှင့်။ ရှင်းရှင်း ပြောရရင်တော့ ကျွန်တော်က လူပျိုအစစ် ရှိသေးတယ်။

တကယ် ပြောတာပါ။ အခွင့်အရေးတွေတော့ အများကြီး ရခဲ့ပါရဲ့။ ဒါပေမယ့် ကျွန်တော် အဲဒီ အခွင့်အရေးတွေကို တစ်ခါမှ မသုံးခဲ့ဖူးသေးဘူး။ အခွင့်အရေးကို သုံးတော့မယ် ဆိုတာနှင့် တစ်ခုခုတော့ ဖြစ်လာတာချည်းပါပဲ။ ဆိုပါစို့ဗျာ၊ ကောင်မလေးနှင့် သူ့အိမ်မှာ ချိန်းတွေ့ကြတယ်။ နှစ်ယောက်သား လွတ်လွတ်လပ်လပ် နေမယ်ဆိုပြီး တွေ့တယ်။ လူကြီးတွေ ပြန်လာတာနှင့်၊ ပြန်မလာသေးရင်လဲ ပြန်လာလို့ တွေ့သွားရင်တော့ ဒုက္ခ ဆိုတာမျိုးနှင့်ချည်း ကြုံခဲ့ရတယ်။ ဒါမှ မဟုတ်ရင်လဲ ကိုယ်နှင့် ကောင်မလေးနှင့် ကားနောက်ပိုင်းမှာ ရှိလို့ ရှိရင် ကားရှေ့ခန်းမှာ အတွဲ တစ်တွဲက ရှိနေတော့ မလွတ်လပ်ပြန်ဘူး။ ရှေ့ကလဲ နောက်အတွဲ ဘယ်လို နေသလဲဆိုပြီး လှမ်းလှမ်း အကဲခတ်တတ်တာကိုး။ တချို့ကောင်မလေးတွေ ဆိုရင် ကားနောက်ပိုင်းကိုချည့် လှည့်ကြည့် လှည့်ကြည့် လုပ်နေလို့ သိပ်စိတ်ညစ်ရတယ်။ ဒီလိုနှင့် အနှောင့်အယှက်တွေနှင့်ချည်း တွေ့ရတော့ အခွင့်အရေးကို ကောင်းကောင်း မရခဲ့ဘူး။ အခွင့်အရေးကို အသုံး ချမယ်ဆိုပြီး နှစ်ခါလောက် ကြုံခဲ့ဖူးတယ်။ တစ်ကြိမ်ကိုတော့ ကျွန်တော် ကောင်းကောင်း မှတ်မိတယ်။ ဒါပေမယ့် ဘာမှ မလုပ်ဖြစ်ပါဘူး။ ခက်တာက ကောင်မလေးတွေဟာ (ကောင်မလေးတွေ ဆိုတာ မိန်းကလေး အကောင်းတွေကို ပြောတာပါ) သူတို့ကို ချစ်တင်းနှောတော့မယ် ဆိုရင် အတင်း တောင်းပန်ပြီး ငြင်းတော့တာပဲ။ ကျွန်တော်ကလဲ ကျွန်တော်ပဲ။ သူတို့က ငြင်းပြီ တောင်းပန်ပြီ ဆိုရင် အလျှော့ပေးလိုက်တယ်။ အများအားဖြင့်တော့ ကျွန်တော့် သူငယ်ချင်းတွေကတော့ ဇွတ်နသားပါယားတာပဲ။ ကျွန်တော်က ဒီလိုလဲ မဖြစ်ချင်ဘူးလေ။ သူတို့ ငြင်းတာက တကယ်ပဲ ငြင်းတာလား၊ ဒါမှမဟုတ် ဟန်ဆောင် ပန်ဆောင် ငြင်းတာလား၊ ဒါမှမဟုတ်လဲ ဒီအထဲက ဇွတ်တိုးရင် ကိုယ့်အပေါ်ကို တာဝန်ပုံကျချင်လို့ ငြင်းတာလား ဆိုတာကို ကျွန်တော် ဝေခွဲလို့ မရဘူး။ ဘယ်လိုပဲ ဖြစ်ဖြစ် သူတို့ ငြင်းပြီဆိုရင် ကျွန်တော်လဲ ရှေ့ မဆက်တော့ဘူး။ သူတို့ အဲဒီလို ငြင်းရင် ကျွန်တော် သနားသွားတယ်။ အဲဒါ ကျွန်တော့်မှာ ပြဿနာပဲ။ မိန်းကလေး တော်တော်များများဟာ တော်တော်ကို ဉာဏ်နည်းတယ်။ သူတို့ကို ပွတ်သီးပွတ်သပ် လုပ်လိုက်တာနှင့် တစ်ပြိုင်နက် ဘာမှ စဉ်းစားဉာဏ် မရှိတော့ဘူး။ မိန်းကလေး တစ်ယောက် ညွတ်လာပြီ ဆိုရင် သူတို့ ဘာမှ မစဉ်းစားတော့ဘူး။ ဘာဖြစ်လို့မှန်းတော့ မသိဘူးဗျာ၊ သူတို့က ဟင့်အင်း မလုပ်နှင့် ကြောက်တယ် ဘာညာလို့ ငြင်းရင် ကျွန်တော်ကလဲ လက်လျှော့လိုက်တော့တာ။ သူတို့ကို အိမ်ပြန်ပို့တော့မှ ငါ

http://nyisay.com



အလျှော့ ပေးလိုက်မိတာ မှားပြီလို့ စဉ်းစားမိလာတယ်။ ဒါပေမယ့် ကျွန်တော် ဘယ်တော့မှ ဇွတ်အတင်း မတိုးပါဘူး။

ရှပ်အင်္ကျီ လဲရင်း ဒီတစ်ခါတော့ အခွင့်အရေးကို အဆုံးအရှုံး မခံတော့ဘူးလို့ ကျွန်တော် စိတ်ပိုင်းဖြတ်လိုက်တယ်။ ဟုတ်တယ်လေ၊ သူက ကြေးစားပဲ။ ကျွန်တော် ဘာဖြစ်လို့ ဒီအခွင့်အရေးကို အဆုံးခံတော့မှာလဲ။ ဒါမျိုး ဆိုတာက လက်မထပ်ခင်မှာ အတွေ့အကြုံ ရှိထား သင့်တယ်လို့လဲ ကျွန်တော် ထင်နေတယ်။

ဒီလိုနှင့် တောင်တွေး မြောက်တွေး အခန်းထဲ လမ်းလျှောက်နေရင်းက သူ့ကို စောင့်နေတယ်။ အမျိုးသမီးဟာ လှရမယ်။ သိပ်အလှကြီး မဟုတ်တောင် ကြည့်ပျော် ရှုပျော် ရှိရမယ်ပေါ့။

ဒီတုန်းမှာ တံခါးခေါက်သံ ပေါ်လာတယ်။ ဒါနှင့် ကျွန်တော် တံခါးဆီကို သွားတယ်။ အခန်းဝမှာ ကျွန်တော်က လက်ဆွဲအိတ်ကြီး ချထားခဲ့တာကို မေ့ပြီး အလောတကြီးနှင့် သွားဖွင့်လိုက်တာ လက်ဆွဲအိတ်ကြီး တိုက်မိပြီး လဲသွားတယ်လေ။ နာလိုက်တာဗျာ၊ မပြောပါနှင့်တော့။ ဒူးကို မနည်းပွတ်နေပြီးတော့မှ ထလို့ရတယ်။ ကျွန်တော်ဆိုတဲ့ ကောင်က ဒီလိုပဲ လမ်းသွားရင် ဟိုဟာနှင့်တိုက် ဒီဟာနှင့်တိုက် ခဏ ခဏ ဖြစ်တတ်တယ်။

တံခါး ဖွင့်လိုက်တော့ မချောက အပေါက်ဝမှာ ရပ်နေတယ်ဗျ။ ပိုလိုရိုက်တဲ့ ဝတ်ရုံ အင်္ကျီလေး ဝတ်ထားတယ်။ ဦးထုပ်တော့ ဆောင်းမထားဘူး။ အသားဖြူဖြူ ဆံပင်က ငွေရောင်နှင့်။ ဒါပေမယ့် သူ့ဆံပင် ဆေးဆိုးထားမှန်းကို ကျွန်တော် သိလိုက်တယ်။ အစုတ်ပလုပ်ထဲကတော့ မဟုတ်ဘူးဗျ။ ပစ္စည်းကတော့ ကောင်းတယ်။

'နေကောင်းတယ်နော်' လို့ ကျွန်တော်က နှုတ်ဆက်လိုက်တယ်။ ကိုယ့်လူရေ ကျွန်တော့် အသံက ချိုနေလိုက်တာ ကိုယ့်အသံတောင်မှ ဟုတ်ရဲ့လားလို့တောင် ထင်လိုက် မိသေးတယ်။

'မောရစ် ပြောလိုက်တာ အစ်ကိုလား'

'ဘယ်သူလဲ၊ ဓာတ်လှေကား မောင်းတဲ့ အစ်ကိုကြီးလား'

'ဟုတ်တယ်'

'ဟုတ်ပါတယ်၊ အထဲကို ဝင်လေ'

ကျွန်တော်လဲ တဖြည်းဖြည်း ရဲလာတယ်။

အမျိုးသမီးက သူ ဝတ်လာတဲ့ ပိုလိုရိုက် အင်္ကျီလေးကို ချွတ်လိုက်ပြီး

ခုတင်ပေါ်ကို ပစ်တင်လိုက်တယ်။ သူ့ ကိုယ်ပေါ်မှာ အစိမ်းရောင် ဝတ်စုံလေး ဝတ်လို့။ ပြီးတော့ အမျိုးသမီးဟာ စားပွဲနားမှာ ရှိတဲ့ ကုလားထိုင် တစ်လုံးပေါ် ဝင်ထိုင်လိုက်ပြီး ခြေထောက်ကို လှုပ်နေတယ်။ ပြည့်တန်ဆာမ တစ်ယောက် အနေနှင့် ပြောရရင် အမျိုးသမီးကို ကြည့်ရတာ နည်းနည်း ရှက်သလိုလို ရွံ့သလိုလို ဖြစ်နေတယ်။ တကယ် ပြောတာ။ ခပ်ငယ်ငယ်မို့လို့ ရှက်သလိုလို ဖြစ်နေဟန် တူပါရဲ့။ သူက ကျွန်တော့် အသက်နှင့် မတိမ်းမယိမ်းလောက်ပဲ ရှိသေးတာကိုး။ ကျွန်တော်က သူ့ဘေးနားမှာ ရှိတဲ့ ကုလားထိုင်ကြီးပေါ် ဝင်ထိုင်လိုက်ပြီး သူ့ကို စီးကရက် တစ်လိပ် လှမ်းပေးလိုက်တယ်။ 'ဟင့်အင်း၊ တို့က မသောက်တတ်ဘူး' လို့ ပြောတယ်။ သူ့အသံက ခပ်နွဲ့နွဲ့ကလေးရယ်။ တိုးတိုးကလေး ပြောတော့ မနည်း နားထောင်ယူရတယ်။ သူ့ကို တစ်ခုခု ပေးရင် ကျေးဇူး တင်ပါတယ်လို့ ဘာတို့ ဆိုတာလဲ သိပ်မပြောဘူးဗျ။

'ကိုယ့်နာမည်က ဂျင်စတီးပါ' လို့ ကျွန်တော်က ခပ်တည်တည် လိမ့်တယ်။

သူကတော့ ကျွန်တော့် နာမည်တွေ ဘာတွေကို သိပ် အရေးတကြီး ထားပုံ မပေါ်ဘူး။

'အသက်ကော ဘယ်လောက် ရှိပြီလဲ'

'၂၂ နှစ် ရှိပြီ'

'အစ်ကို့ကို ကြည့်ရတာ ရယ်ရတယ်နော်' တဲ့။

အမှန်ကတော့ ပြည့်တန်ဆာတို့ ဘာတို့ဆိုတာ ဒီလို ပြောလေ့ ပြောထ မရှိဘူး။ 'တော်စမ်းပါ၊ ဘယ်လို ဟာကြီးလဲ မသိဘူး' တို့ ဘာတို့ ဆိုတဲ့ စကားမျိုးကို ပြောလေ့ ရှိကြတယ်။

'ညီမကော ဘယ်နှစ်နှစ် ရှိပြီလဲ'

'အံမယ်လေး အသက် စေ့ပါပြီရှင့်' လို့ ပြောတယ်။ အမျိုးသမီးက ဟာသတော့ အရှိသား။

'အစ်ကို့မှာ နာရီ မပါဘူးလား' လို့ မေးပြီး အမျိုးသမီးက မတ်တတ် ထပြီး သူ့ ကိုယ်ပေါ်က ဝတ်စုံကို ခေါင်းကနေ ချွတ်ချလိုက်တယ်။

သူ အင်္ကျီချွတ်နေတုန်းမှာ ကျွန်တော့် စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတယ်။ သူက ဆိုင်းမဆင့် ဗုံမဆင့် အဝတ်အစားတွေကို ကောက်ချွတ်လိုက်တာကိုး။ တချို့ကတော့ ဒီလို ကိုယ့်ရှေ့မှာ အဝတ်အစားတွေ ဘာတွေ ချွတ် နေရင် တစ်မျိုး ဖြစ်လာကောင်း ဖြစ်လာကြမှာပဲ။ ကျွန်တော်ကတော့ ဒီလို

http://nyisay.com



မဟုတ်ဘူးဗျ။ စိတ်ညစ်သွားတယ်။

'အစ်ကို့မှာ နာရီ မပါဘူးလား'

'ဟင့်အင်း မပါဘူး၊ နေပါဦး၊ ညီမ နာမည်က ဘယ်လို ခေါ်သလဲ' လို့ ကျွန်တော်က မေးတယ်။ သူ့တစ်ကိုယ်လုံးမှာ အတွင်းခံ အင်္ကျီလေးနှင့် အတွင်းခံ ဘောင်းဘီလေးပဲ ကျန်တော့တယ်။ ကျွန်တော် မျက်စိရှက်တယ်ဗျာ။

'တို့ နာမည်က အင်နီတဲ့၊ ကဲ အချိန် မရှိဘူးကွာ'

'နေပါဦး၊ စကားလေး ဘာလေး ပြောရအောင်ပါ၊ ဘာဖြစ်လို့ ဒီလောက် အရေးတကြီး ဖြစ်နေတာလဲ' လို့ ကျွန်တော်က မေးတယ်။ သူက ကျွန်တော့်ကို အရူး တစ်ယောက်ကို ကြည့်သလို လှမ်းကြည့်လိုက်ရင်း

'ဘာတွေ ပြောမှာလဲ'

'ဘာရယ်လို့ မဟုတ်ပါဘူး၊ ဒီလိုပေါ့၊ အေးအေးဆေးဆေး စကားလေး ဘာလေး ပြောမနေချင်ဘူးလား'

အမျိုးသမီးက စားပွဲနားက ကုလားထိုင်ပေါ်ကို ပြန်ထိုင်လိုက်တယ်။ သူ့ ကြည့်ရတာ ဒီလို အချိန်ဖြုန်း မနေချင်ဘူး ထင်တယ်။ ပေါင်နှစ်လုံးကို ထပ်ပြီး ခြေထောက်ကို လှုပ်နေတယ်။ ကြည့်ရတာ တော်တော် ရှက်ရွံ့ရွံ့ ဖြစ်နေတဲ့ပုံပဲ။

'စီးကရက်လေး ဘာလေး သောက်ပါဦးလား'

ကျွန်တော် သူ ဆေးလိပ် မသောက်တာကို မေ့ပြီး ဆေးလိပ် တည် နေပြန်တယ်။

'ဟင့်အင်း၊ မသောက်ပါဘူးလို့ ဆိုနေ၊ ကဲပါ ပြောစရာ ရှိတယ်ဆို ဘာတွေ ပြောမှာလဲ၊ အချိန် မရှိဘူး'

ကျွန်တော် ဘာပြောလို့ ပြောရမှန်း မသိတော့ဘူး။ အမှန်ကတော့ သူ ပြည့်တန်ဆာ ဘဝကို ဘယ်လို ရောက်လာသလဲ ဘာလဲ ဆိုတာမျိုးတွေကို မေးချင်တာ။ ဒါပေမယ့် ကျွန်တော် မမေးရဲဘူး။ သူကလဲ ပြောချင်မှ ပြောမှာ။

'ညီမက နယူးရော့က မဟုတ်ဘူး ထင်တယ်' လို့ ကျွန်တော် ပါးစပ် ထဲမှာ တွေ့ကရာကို ကောက်ပြောလိုက်တယ်။

'မဟုတ်ပါဘူးရှင်၊ ဟောလီဝုဒ်က' လို့ ပြောပြီး ခုတင်ပေါ်မှာ ပစ် တင်ထားတဲ့ အဝတ်နားမှာ သွားထိုင်နေတယ်။

'အခန်းထဲမှာ အင်္ကျီချိတ်တို့ ဘာတို့ မရှိဘူးလား၊ တို့က အင်္ကျီတို့ ဘာတို့ ကြေနေရင် မဝတ်တတ်ဘူး၊ အင်္ကျီက အသစ်တွေ'

'ရှိပါတယ်' လို့ ပြောပြီး ကျွန်တော်ကလဲ သူ့ အဝတ်ကို ကောက်ယူပြီး ဗီရိုထဲက အင်္ကျီချိတ်မှာ သွားချိတ် ပေးလိုက်တယ်။ လုပ်စရာ တစ်ခုခု ရသွားလို့ ကျွန်တော်လဲ စိတ်ထဲမှာ နည်းနည်း နေသာထိုင်သာ ရှိသွားတယ်။ အင်္ကျီတွေကို ချိတ်ပေးရင်း ကျွန်တော့်စိတ်ထဲမှာ ဝမ်းနည်းသလိုလို ဘာလိုလို ဖြစ်နေတယ်။ ဒီအင်္ကျီက သူ စတိုးဆိုင် တစ်ဆိုင်က ဝယ်ခဲ့မှာပဲ။ စတိုးဆိုင်ကလဲ သူ့ကို ပြည့်တန်ဆာမှန်း ဘာမှန်း သိမှာ မဟုတ်ဘူး။ ဆိုင်က အရောင်းစာရေးက သူ့ကို မိန်းကလေး အကောင်းပဲ ထင်နေမှာလို့ တွေးရင်း ကျွန်တော် စိတ်မကောင်း ဖြစ်မိတယ်။ ဘာဖြစ်လို့မှန်းတော့ မသိဘူး။

ကျွန်တော်လဲ ပြန်ထိုင်ရင်း ပြောလက်စ စကားကို ဆက်ပြောတယ်။ အမျိုးသမီးက သိပ် စကားပြောချင်ပုံ မရဘူး။

'ညီမမှာ ညတိုင်း အလုပ် ရှိတာပေါ့' လို့ ကျွန်တော်က မေးတယ်။ မေးပြီးမှ ကိုယ်မေးတဲ့ မေးခွန်းက တော်တော် အူကြောင်ကြောင်နိုင်တဲ့ မေးခွန်းမှန်း သိလိုက်တယ်။

'ဒါပေါ့' လို့ ပြောပြီး အခန်းထဲမှာ လျှောက်ရင်း စားပွဲပေါ်က အစားအသောက် စာရင်း ကတ်ပြားလေးကို ကောက်ကြည့်နေတယ်။

'နေ့လယ်ကျတော့ကော ဘာလုပ်သေးသလဲ'

သူက ပခုံးတွန့် ပြတယ်။ ကိုယ်လုံး ကိုယ်ပေါက်ကတော့ ပိန်ပိန်ပါးပါးပဲ။

'နေ့လယ်ကျတော့ အိပ်တာပေါ့၊ မအိပ်ရင်လဲ ရုပ်ရှင်တို့ ဘာတို့ ကြည့်တာပေါ့၊ ကဲ အချိန် မရှိဘူးကွာ၊ ပိုက်ဆံလဲ တစ်ပြားမှ....'

'ဒီမှာ ကိုယ်ပြောမယ်၊ ဒီနေ့ည ကိုယ် စိတ်မပါဘူး၊ တစ်ညလုံး ပင်ပန်းနေတာ၊ တကယ် ပြောတာပါ၊ ဒါပေမယ့် ညီမကို ကိုယ် ပိုက်ဆံ ပေးလိုက်မယ်၊ ဘယ်လိုမှ မအောက်မေ့နှင့်၊ ဟုတ်လား'

ခက်တာက ကျွန်တော်ကလဲ စိတ်ကို လုံးလုံး မပါဘူး။ ဒီတော့ သူက ကျွန်တော့် အနားကို လျှောက်လာပြီး ကျွန်တော့်ကို မယုံကြည်နိုင်တဲ့ အကြည့်မျိုးနှင့် ကြည့်ရင်း

'ဟင် ဘာဖြစ်လို့လဲ'

ကျွန်တော်လဲ စိတ်ထဲမှာ ဘယ်လို ဖြစ်လာတယ် မသိဘူး။ တစ်မျိုးကြီး ဖြစ်နေတယ်။

'ဘာမှ မဖြစ်ပါဘူး၊ ကိုယ်က မကြာခင်ကမှ ခွဲစိတ်ကုသမှု ခံထားရလို့ပါ'

'ဟုတ်လား၊ ဘယ်မှာလဲ'

'ကျောရိုးကို ခွဲထားတယ်၊ ကျောရိုးကနေ ခါးအထိ ဆိုပါတော့'

'ဟုတ်လား' လို့ ပြောပြီး ကျွန်တော့် ရင်ခွင်ထဲ တိုးဝင်ပြီး 'အစ်ကိုက သိပ်ချစ်စရာ ကောင်းတာ' လို့ ပြောနေတယ်။

ကျွန်တော်လဲ ရှက်ရှက်နှင့် ဆက်လိုမ့် နေရတာပေါ့။

'ကိုယ်က ခုမှ နာလန်ထစပဲ ရှိသေးတာ'

'အစ်ကိုက ရုပ်ရှင်မင်းသားနှင့် တူတယ်နော်၊ ရုပ်ရှင်မင်းသား ဟိုဒင်း လေ၊ ဘယ်သူလဲ၊ သူ့နာမည်ကို မေ့နေတယ်'

'အို ဘယ်သိမလဲ'

'အစ်ကို သိပါတယ်၊ မယ်လ်ဗင် ဒက်ဂလတ်စ်နှင့် အတူတူ ပါဖူးတယ် လေ၊ ရုပ်ရှင်ထဲမှာ မယ်ဗင် ဒက်ဂလတ်စ်ရဲ့ ညီလုပ်တယ်လေ၊ ရုပ်ရှင်ထဲမှာ လှေပေါ်က လိမ့်ကျတာလေ၊ အစ်ကို သိပါတယ်ကွာ'

'ဟင့်အင်း၊ ကိုယ်မသိဘူး၊ ကိုယ်က ရုပ်ရှင်တို့ ဘာတို့ကို တစ်ခါ တလေမှ ကြည့်တာ'

အမျိုးသမီးက ကျွန်တော့် ရင်ခွင်ထဲ အတင်း ဝင်ထိုင်ပြီး ပွတ်သီးပွတ်သပ် လုပ်နေတယ်။ ကျွန်တော်က

'မလုပ်နှင့်ကွာ၊ ကိုယ် စိတ်မပါဘူး၊ မကြာခင်ကမှ ခါးကျောရိုးနားက အကြောကို ခွဲစိတ်ထားတာ'

အမျိုးသမီးက ကျွန်တော့်ကို မကျေနပ်တဲ့ အကြည့်နှင့် ကြည့်ပြီး

'ဒီမှာ အစ်ကို၊ မောရစ် လာခေါ်တော့ တို့အိပ်နေပြီ၊ အိပ်ရာက ထ လိုက်လာရတာ၊ တကယ်လို့ အစ်ကို သဘော မကျရင်လဲ'

'မင်းကို ပိုက်ဆံ ပေးပါမယ်လို့ ကိုယ် ပြောပြီးပြီပဲ၊ တကယ် ပေးမှာ ပေါ့၊ ခုတော့ ကိုယ်ကလဲ ကောင်းကောင်း နေလို့ ထိုင်လို့ မကောင်းသေးတော့'

'ဒါဖြင့်ရင်လဲ မောရစ်ကို ဘာဖြစ်လို့ အရှာခိုင်းလိုက် သေးသလဲ၊ နေ ထိုင် မကောင်းဘူး ဆိုရင်လဲ ကိုယ့်ဘာသာကိုယ် အသာနေပါလား'

'အစတုန်းကတော့ နေကောင်းတယ် ထင်လို့ပေါ့၊ ကိုယ့်ကိုယ်ကိုယ် နေထိုင် ကောင်းတယ် မကောင်းဘူး ဆိုတာကို ကောင်းကောင်း ခွဲခြား သိ တတ်သေးတာမှ မဟုတ်တာ၊ ကဲ ထကွာ ပိုက်ဆံ သွားယူပေးမယ်'

သူက တော်တော် စိတ်ဆိုးနေပုံရတယ်။ ဒါပေမယ့် ကျွန်တော့် ရင် ခွင်ထဲက ထလိုက်တယ်။ ကျွန်တော်လဲ အိပ်ရာဆီ သွားပြီး ခေါင်းအုံးအောက်

သားရေအိတ်ထဲက ငါးဒေါ်လာတန် တစ်ရွက်ကို ထုတ်ပေးလိုက်တယ်။

'ဒါက ငါးဒေါ်လာတန်ပဲ၊ ဆယ်ဒေါ်လာ ကျတယ်'

တော်တော် ရယ်ရတယ်။ အစကတည်းက ဒီလို ဖြစ်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပြီးသား။

'မသိဘူးကွာ၊ မောရစ်က ငါးဒေါ်လာလို့ပဲ ပြောတယ်၊ ငါ့မှာလဲ နောက်ထပ် ပိုက်ဆံ မရှိတော့ဘူး၊ ဒါပဲ ရှိတော့တယ်'

အမျိုးသမီးက ခပ်စောစောကလို ပခုံးကို တွန့်ပြလိုက်ပြီး

'ဒီလိုဆိုရင် တို့ အင်္ကျီကို ဗီရိုထဲက ယူပေးပါ၊ ခိုင်းတယ် လို့တော့ မအောက်မေ့နှင့်နော်'

ကောင်မက အလာကြီးဗျ။ ကျွန်တော်လဲ ဘာမှ မပြောတော့ပါဘူး။ ဗီရိုထဲမှာ ချိတ်ထားတဲ့ သူ့ အင်္ကျီကို ယူပေးလိုက်တယ်။

အမျိုးသမီးဟာ အင်္ကျီကို ဝတ်ပြီး ခုတင်ပေါ်မှာ တင်ထားတဲ့ ပိုလို ရိုက်တဲ့ ကုတ်အင်္ကျီလေးကို ထပ်ဝတ်တယ်။

'ကဲ သွားမယ်နော် ဘုရားဖြစ်မယ့် အုတ်ခဲကြီး' တဲ့။

'ကောင်းပြီ' လို့ ကျွန်တော် တစ်ခွန်း လှမ်းပြောလိုက်တယ်။ ကျေးဇူး တင်ကြောင်း ဘာကြောင်းတောင် မပြောလိုက်မိဘူး။ မပြောလိုက်မိတဲ့ အတွက် ကျွန်တော် ဝမ်းသာတယ်။

## ၁၄

အင်နီ ထွက်သွားတဲ့နောက် ကျွန်တော်လဲ ကုလားထိုင်ပေါ်မှာ ငူငူကြီး ထိုင်ရင်း စီးကရက် နှစ်လိပ်ကို ဆက်တိုက် ဖွာပစ်လိုက်တယ်။ အပြင်မှာ အလင်းရောင် ပြေးစပြုနေပြီ။ စိတ်ညစ်တယ် ကိုယ့်လူရာ၊ ဘာဖြစ်လို့မှန်း မသိဘူး။ စိတ်ထဲမှာ ထွေနေတယ်။ ဒါနှင့် စိတ်ညစ်ညစ် ရှိတာနှင့် ကျွန်တော့် ညီလေး အယ်လီကို သတိရပြီး သူ့ကို အသံထွက်ပြီး ပြောနေမိတယ်။ ကျွန်တော် စိတ်ညစ်လာလို့ ရှိရင် ဒီလိုပဲ ညီလေး အယ်လီနှင့် စကားပြောသလိုလုပ်ပြီး အသံထွက်အောင် ညည်းတတ်တယ်။ အိမ်ပြန်ပြီးတော့ သူ့ ဘိုင်စကယ်လေးနှင့် ကျွန်တော့်ကို ဘော်ဘီ ဖော်လုံတို့ အိမ်ရှေ့ကို လာကြိုဖို့ ပြောနေမိတယ်။ ဘော်ဘီ ဖော်လုံတို့ အိမ်က မိန်းမှာ။ ကျွန်တော်တို့ နေခဲ့စဉ်က ကျွန်တော့် အိမ်နီးချင်းလေ။ အဲဒီ တုန်းက အဖြစ်အပျက် တစ်ခုကို ကျွန်တော် သတိရသေးတယ်။ တစ်ခါတော့ ဘော်ဘီရယ် ကျွန်တော်ရယ် ဘိုင်စကယ် တစ်စင်းစီနှင့် ဆီဒီဘီဂိုးကန်ကြီးကို သွားကြတယ်။ ဟိုမှာ နေ့လယ်စာ စားမယ်ဆိုပြီး ထမင်းဘူးလေးတွေ ကိုင်လို့။ လေသေနတ် တစ်လက်စီနှင့်။ အဲဒီတုန်းက ကျွန်တော်တို့က တကယ့် ချာတိတ် လေးတွေကိုး။ ဟိုရောက်ရင် လေသေနတ်နှင့် ငှက်တို့ ဘာတို့ ပစ်မယ်ပေါ့။ ကျွန်တော်တို့ နှစ်ယောက် တိုင်ပင်နေကြတာကို ညီလေး အယ်လီက ကြားတော့ သူလဲ လိုက်ချင်တယ်တဲ့။ ဒါပေမယ့် ကျွန်တော်က မခေါ်ချင်ဘူး။ မင်းက ကလေးပဲ ရှိသေးတယ်၊ လိုက်လို့ ဘယ်ဖြစ်မလဲ ဆိုပြီး သူ့ကို ချော့ပြီး ထား ပစ်ခဲ့တယ်။ ဒါကြောင့် ခု ကျွန်တော် စိတ်ညစ်လာရင် 'ညီလေးရေ၊ အိမ်ပြန်ပြီး မင်း ဘိုင်စကယ်လေးကို ယူပြီး ဘော်ဘီတို့ အိမ်ရှေ့က စောင့်' လို့ ကျွန် တော် မကြာ မကြာ ပြောတတ်တယ်။ ခါတိုင်းတော့ ကျွန်တော် သွားလေရာ

http://nyisay.com



မှာ ကျွန်တော့် ညီလေးကို ခေါ်သွားတတ်တယ်လေ။ အဲဒီ နေ့တုန်းကတော့ ညီလေးကို မခေါ်ခဲ့မိဘူး။ ညီလေးကတော့ စိတ်မဆိုးပါဘူး။ ညီလေးဟာ ဘယ်တော့မှ စိတ်မဆိုးတတ်ဘူး။ ဒါကြောင့် ကျွန်တော် စိတ်ညစ်ညစ် ရှိလာရင် အဲဒီ အကြောင်းကို တွေးတွေးပြီး စိတ်မကောင်း ဖြစ်နေတတ်တယ်။

နောက်ဆုံးတော့ အဝတ်အစားတွေ ဘာတွေလဲပြီး ကျွန်တော် အိပ်ရာထဲ လှဲအိပ်လိုက်တယ်။ ဘာဖြစ်လို့လဲ မသိဘူး၊ အိပ်ရာထဲ ရောက်ရင် ဘုရားရှိခိုးချင်စိတ် ပေါ်ပေါ် လာတတ်တယ်။ ဒါပေမယ့် ကျွန်တော် ရှိမခိုးမိပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်က ဘုရားတရားတို့ ဘာတို့ကို သိပ်ကိုင်းရှိုင်းတတ်တာမှ မဟုတ်တာ။ ကျွန်တော်ဟာ ခရစ်တော်ကိုတော့ ကြည်ညိုပါတယ်။ ဒါပေမယ့် သမ္မာကျမ်းစာထဲမှာ ပါတဲ့ တခြား အကြောင်းအရာတွေကိုတော့ သိပ်မယုံဘူးလေ။ ဥပမာ ခရစ်တော်ရဲ့ သာဝကတွေကိုပဲ ကြည့်။ ခရစ်တော် ကားစင်တင် ခံရပြီးတဲ့ နောက်မှာတော့ အဲဒီ သာဝကတွေဟာ ကောင်းပါတယ်။ ဘာမှ ပြောစရာ မရှိပါဘူး။ ဒါပေမယ့် ခရစ်တော် အသက် ထင်ရှား ရှိနေတုန်းမှာတော့ သူတို့ဟာ ပိုနေတာပဲဗျ။ သူတို့ကြောင့် ခရစ်တော်မှာတောင် ဒုက္ခများနေရသေးတယ်။ သမ္မာကျမ်းစာထဲမှာ တခြားလူတွေကိုတော့ ကျွန်တော် သဘောကျပါတယ်။ ဥပမာ အဲဒီအထဲက စိတ်မနှံ့တဲ့သူ ဆိုပါတော့။ နေတော့လဲ သင်္ချိုင်းဂူကြီးထဲမှာ နေတယ်ဗျာ။ သူ့ကိုယ်သူ ကျောက်တုံးတွေနှင့် ထုပြီး ခရစ်တော်ရဲ့ အကျင့်ကို ကျင့်တဲ့ လူလေ။ ကျွန်တော် သူ့ကို သိပ် သဘောကျတာပဲ။ ဒီ အကြောင်းနှင့် ပတ်သက်လို့ ကျောင်းမှာတုန်းက ကျွန်တော်တို့ အဆောင် အောက်ထပ်မှာ နေတဲ့ အာသာ ဆိုတဲ့ ကောင်နှင့်တောင် ဆွေးနွေးမိကြသေးတယ်။ အာသာက ကွေကာ အသင်းဝင်ဆိုတော့ တစ်ချိန်လုံး သမ္မာကျမ်းစာကိုပဲ ဖတ်နေတာပဲ။ အာသာဟာ လူကောင်း တစ်ယောက်ပါပဲ။ ကျွန်တော်ကလဲ သူ့ကို ခင်ပါတယ်။ ဒါပေမယ့် သမ္မာကျမ်းစာကို ဆွေးနွေးပြီ ဆိုရင် ကျွန်တော် သူ့မျက်နှာကို စေ့စေ့ မကြည့်ရဲဘဲ ဖြစ်နေတယ်။ သူက ကျွန်တော်ဟာ သာဝကတွေကို မကြည်ညိုဘူး ဆိုရင် ခရစ်တော်ကို ကြည်ညိုတယ် ဆိုတာလဲ မဖြစ်နိုင်ဘူးတဲ့။ သာဝကတွေဟာ ခရစ်တော် ကိုယ်တိုင်က ရွေးချယ်ထားတဲ့ သာဝကတွေ ဖြစ်တဲ့အတွက် သူတို့ကိုလဲ ကြည်ညိုရမှာပဲတဲ့။ ကျွန်တော်က ခရစ်တော် ကိုယ်တိုင် ရွေးချယ်ထားတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ခရစ်တော်ဟာ သေသေချာချာ ရွေးချယ်ထားတာ မဟုတ်ဘူး၊ ကြုံသလို ရွေးသွားတာလို့ ပြောလိုက်တယ်။ ခရစ်တော်မှာ လူတစ်ယောက်စီကို

စဉ်းစား ဆုံးဖြတ်ပြီး ရွေးနေဖို့လဲ အချိန် မရှိဘူး။ ဒီလို ပြောတဲ့ အတွက် ခရစ်တော်ကို အပြစ်တင်နေတာ မဟုတ်ပါဘူး။ စဉ်းစားပြီး မရွေးခဲ့လို့ သူ့ သာဝကထဲမှာ ယုဒလို သစ္စာဖောက် ပေါ်ခဲ့တာ မဟုတ်လား။ ယုဒဟာ ကိုယ့် ကိုယ်ကိုယ် အဆုံး စီရင်ပြီးတဲ့နောက် ငရဲကို သွားရတာပဲ မဟုတ်လားလို့ ကျွန်တော်က ပြောတယ်။ ဒီမှာတင် သူနှင့် ကျွန်တော်နှင့် သဘောကွဲတော့ တာပဲ။ သူက ကျွန်တော်ဟာ ဘုရား ရှိခိုးကျောင်းကို မှန်မှန် မတက်လို့ ဒီလို တိတ္ထိ အတွေးအခေါ်တွေ ရှိနေတာလို့ ပြောတယ်။ ဟုတ်ပါတယ်။ ကျွန်တော် ဟာ ဘုရား ရှိခိုးကျောင်းကို မှန်မှန် မတက်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော့် မိဘတွေက တစ်ယောက်နှင့် တစ်ယောက် ဘာသာ ကိုးကွယ်မှုချင်း တူမှ မတူကြဘဲကိုး။ ဒီတော့ ကျွန်တော်တို့ တစ်တွေလဲ တိတ္ထိလေးတွေ ဖြစ် ကုန်တာပေါ့။ ကုန်ကုန် ပြောရရင် ဘုရား ရှိခိုးကျောင်းမှာ ဘုန်းကြီးတွေက တမင်လုပ်ပြီး ထားတဲ့ အသံနှင့် တရား ဟောတာက အစ မကြိုက်ဘူး။ ရိုးရိုး အသံနှင့် ပြောပါ ဟောပါလား၊ ခုတော့ တရား ဟောရာမှာ တမင် လုပ်ထားတဲ့ အသံတွေနှင့် ဆိုတော့ ဘာတွေမှန်းလဲ မသိဘူး။

အိပ်ရာထဲ ရောက်တော့ ကျွန်တော် ဘုရား ရှိခိုးချင်တယ်။ ဒါပေမယ့် ရှိခိုးလို့ မရဘူး။ ရှိခိုးမလို့ ထိုင်လိုက်တိုင်း 'ဘုရားဖြစ်မယ့် အုတ်ခဲလေး' လို့ ပြောသွားတဲ့ အင်နီရဲ့ အသံကို ကြားနေတယ်။ ဒါနှင့် ကျွန်တော်လဲ အိပ်ရာပေါ် ထထိုင်ပြီး စီးကရက် တစ်လိပ်ကို ကောက်ဖွာတယ်။ သောက်လို့လဲ မကောင်း ပါဘူးဗျာ။ တစ်မျိုးကြီးပဲ။ ကျောင်းက ထွက်လာ ကတည်းက ကျွန်တော် သောက်တာ စီးကရက် နှစ်ဘူးလောက် ကုန်ပြီ။

အိပ်ရာပေါ် လှဲပြီး စီးကရက် သောက်နေတုန်းမှာ တံခါး ခေါက်သံ ပေါ်လာတယ်။ ကျွန်တော့် တံခါးကို ခေါက်တာ မဟုတ်ဘဲ တခြား အခန်းကို ခေါက်တာများလားလို့ ကျွန်တော် နားစွင့်နေတယ်။ တခြား အခန်း မဟုတ်ဘူး ဗျ။ ကျွန်တော့် အခန်းကို ခေါက်တာ။

'ဘယ်သူလဲ' လို့ ကျွန်တော်က မေးလိုက်တယ်။ ကျွန်တော်က ဒါမျိုး ဆိုရင် ကြောက်တတ်တယ်။

နောက်တစ်ခါ တံခါးခေါက်သံ ခပ်ကျယ်ကျယ် ပေါ်လာပြန်တယ်။

ကျွန်တော်လဲ ညဝတ်အင်္ကျီနှင့်ပဲ အိပ်ရာက ထလာပြီး တံခါးကို ဖွင့် ပေးလိုက်တယ်။ မီးခလုတ်ကိုတောင် ဖွင့်စရာ မလိုတော့ပါဘူး။ တော်တော် လင်းနေပါပြီ။ အပေါက်ဝမှာ အင်နီရယ်၊ ဓာတ်လှေကား မောင်းသမား မော

http://nyisay.com



ရစ်ရယ် ရပ်နေကြတယ်။

'ဘာလဲ၊ ဘာလုပ် မလို့လဲ' လို့ ကျွန်တော်က မေးတယ်။ ကိုယ့်လူရေ၊ ကျွန်တော့် အသံဟာ တုန်နေတယ့်။ 'ဘာမှ မဟုတ်ပါဘူး၊ ငါးဒေါ်လာ ကျန်သေးလို့ လာတောင်းတာ' လို့ မောရစ်က ပြောတယ်။ အင်နီကတော့ ဘာမှ မပြောဘူး။

'ဘာလဲ ငါးဒေါ်လာ ပေးလိုက်ပြီးပြီလေ၊ သူ့ မေးကြည့်ပါလား'

ကိုယ့်လူရေ၊ ကျွန်တော့် အသံက ပိုပြီး တုန်လာတယ်ဗျ။

'ဒီမှာ ညီလေး၊ မင်းကို ဆယ်ဒေါ်လာနှင့် ပြောလိုက်တာလေ'

'ဘယ်ကလာ ဟုတ်ရမှာလဲ၊ ငါးဒေါ်လာလို့ ခင်ဗျားပဲ ပြောတာပဲ၊ ကျွန်တော်ကတောင် ထပ်မေးလိုက်သေးလို့ ခင်ဗျားကပဲ.....'

'သိပ် စကား မများနှင့်ကွာ ဖယ်'

'ဘာဖြစ်လို့ ဖယ်ရမှာလဲဗျ'

ကျွန်တော့် နှလုံး ခုန်နေပုံတော့ မပြောနှင့်တော့၊ ရင်ဘတ်ထဲကတင် မကဘဲ အခန်းထဲကပါ ခုန်ထွက်သွားမလား အောက်မေ့ရတယ်။ ကျွန်တော့် ကိုယ်မှာ အဝတ်အစားတို့ ဘာတို့ ကျကျနန ဝတ်ထားရင်တော့ တော်သေးတာပေါ့။ ခုတော့ ညဝတ်အင်္ကျီပဲ ရှိတယ်။ ညဝတ်အင်္ကျီကြီး ဝတ်ပြီး ဒီကိစ္စမျိုးနှင့် ပတ်သက်လို့ စကားများရတယ် ဆိုတာ ဘယ် ကောင်းမလဲဗျာ။

'ကိုယ့်လူ ဖယ်လို့ ပြောနေ' ဆိုပြီး မောရစ်က သူ့ လက်ကြမ်းကြီးနှင့် ကျွန်တော့်ကို တွန်းပစ်လိုက်တယ်။ ကံကောင်းလို့ အခန်းထောင့်က အမှိုက်တောင်းပေါ်ကို မလဲတာပေါ့။ ငနဲက ကျွန်တော့်ထက်လဲ ဗလကောင်းတယ်။ ဒီနောက်တော့ သူတို့ နှစ်ယောက်စလုံး ကျွန်တော့် အခန်းထဲ ရောက်လာကြတယ်။ ကျွန်တော့် အခန်းကို သူတို့ အခန်း ကျနေတာပဲ။ ပိုင်စိုးပိုင်နင်း လုပ်နေလိုက်ကြတာ။ အင်နီ ဆိုတဲ့ ကောင်မက ပြတင်းပေါင်ပေါ်မှာ တက်ထိုင်လို့။ မောရစ် ဆိုတဲ့ ငနဲကလဲ ကုလားထိုင်ပေါ် အခန့်သား ထိုင်ရင်း သူ့ လည်စည်းကို ဖြေနေတယ်။ သူ့ ကိုယ်ပေါ်မှာ ဟိုတယ် ဓာတ်လှေကား မောင်းတဲ့ ယူနီဖောင်း ဝတ်ထားတယ်။ ကိုယ့်လူရေ ကြောက်သလား မမေးနှင့်၊ ကြောက်လိုက်ပုံတော့ မပြောပါနှင့်တော့ဗျာ။

'ကဲ ပေးကွာ၊ ငါ အလုပ် ပြန်ဝင်ရဦးမှာ'

'ခင်ဗျားကို ဘယ်နှစ်ခါ ပြောရဦးမှာလဲဗျ၊ သူ့ကို ငါးဒေါ်လာ ပေးပြီးပြီပဲ၊ ဘာဖြစ်လို့.....'

'စကား မများနှင့်၊ ပေးမှာသာ ပေး'

'ဘာဖြစ်လို့ ပေးရမှာလဲ၊ ဘာလဲ၊ ခင်ဗျားက ကျုပ်ကို အချဉ်ဖမ်းတာလား'

ကျွန်တော့် အသံတွေ တုန်နေတယ်။

မောရစ်ဟာ အပေါ်က သူ့ ယူနီဖောင်း ကုတ်အင်္ကျီ ကြယ်သီးတွေကို ဖြုတ်လိုက်တယ်။ အောက်မှာ ရှပ်အင်္ကျီကော်လာ တပ်ထားပေမယ့် ရှပ်အင်္ကျီ မပါဘူးဗျ။ ကော်လာလေးပဲ တပ်ထားတာ။ သူ့ ရင်ဘတ်ကြီးကလဲ အမွေးတွေ မည်းမှောင်လို့။

'မင်းကို ဘာမှ အချဉ်ဖမ်းစရာ မလိုဘူး၊ ရစရာ ရှိတာကို တောင်းတာ၊ ကဲ ပေး'

'မပေးဘူးဗျာ'

မောရစ်ဟာ ကျွန်တော့်ဆီကို ထလာတယ်။ သူ့ကို ကြည့်ရတာ တော်တော် စိတ်တိုနေတဲ့ပုံ၊ တော်တော် ပင်ပန်းနေတဲ့ ပုံပဲ။ ကျွန်တော်လဲ လန့်နေတာပေါ့။ ညဝတ်အင်္ကျီကြီး ဖိုးရိုးဖားရားနှင့် ဆိုတော့ ဒုက္ခ ရောက်နေတာပေါ့။

'ကဲ ပေးကွာ' တဲ့။ ကျွန်တော့် အနားကို ရောက်လာတယ်။ ပါးစပ်က တဖွဖွ တောင်းရုံပဲ တောင်းနေတယ်။ သူ ကျွန်တော့်ကို ဘာမှ လုပ်ရဲပုံ မပေါ်ဘူး။

'မပေးဘူးဗျာ'

'ဒီမှာ ငါ မင်းကို ကောင်းကောင်း ပြောနေတယ်နော်၊ မကြမ်းချင်ဘူး၊ ခုတော့ မင်းကို အကြောင်း ပြရတော့မယ် ထင်တယ်၊ မင်းဆီက ငါးဒေါ်လာ ရစရာ ရှိတယ်၊ ဒါပဲ'

'တစ်ပြားမှ မရှိဘူးဗျာ၊ ခင်ဗျား ကြမ်းရင် ကျွန်တော် အော်မှာပဲ၊ ဟိုတယ် တစ်ခုလုံး ကြားအောင် အော်မှာပဲ၊ ပုလိပ်ကိုလဲ တိုင်မယ်'

ကျွန်တော့်အသံ တုန်နေလိုက်ပုံကတော့ ဘယ်ပြောကောင်းမလဲ။

'အေး အော်ချင်ရင် အော်ပေါ့၊ ဟိုတယ်မှာ ကြက်နှင့် အိပ်ခဲ့တယ် ဆိုတာ မင်းမိဘတွေ သိစေချင်ရင် လုပ်ပေါ့၊ မင်းလိုကောင် ဒီလို ဘယ်အသိ ခံရဲမှာလဲ'

တော်တော်ပါးတဲ့ ငနဲဗျာ။ သူပြောတာလဲ ဟုတ်တော့ ဟုတ်ပါတယ်။

'သွားဗျာ မပေးနိုင်ဘူး၊ ဆယ်ဒေါ်လာ ဆိုရင် အစကတည်းက ရှင်းရှင်း

http://nyisay.com



ပြောပါလား၊ ခုတော့ ငါးဒေါ်လာလို့ ပြောထားပြီး'

'မင်း တကယ် မပေးဘူးလား' ဆိုပြီး မောရစ်ဟာ ကျွန်တော့်ကို တံခါးနှင့် ညှပ်ထားတယ်။ သူ့ကိုယ်လုံး အကြီးကြီးကြောင့် ကျွန်တော်ဟာ တံခါးကြားထဲ ရောက်နေတယ်။ ရင်ဘတ်ကလဲ အမွေးတွေ မည်းလို့။

'သွားဗျာ၊ မပေးနိုင်ဘူး၊ ခု အခန်းထဲက ထွက်သွား' လို့ ကျွန်တော်က ပြန်အော်တယ်။ အံမယ် ဒီလိုကျတော့လဲ ကျွန်တော်က ဘယ်ဆိုးလို့တုံး။

ဒီတုန်းမှာ စကား တစ်လုံးမှ မပြောသေးတဲ့ အင်နီ ဆိုတဲ့ ကောင်မက စပြောတယ်။

'မောရစ် ဟောဒီမှာ သူ့သားရေအိတ် ရှိတယ်၊ သားရေအိတ်ကို ယူထားလိုက်ရမလား'

'ယူလိုက်'

'ဟေ့ ငါ့သားရေအိတ်ကို ဘာလို့ ယူတာလဲ'

အင်နီက ငါးဒေါ်လာတန် တစ်ရွက်ကို ထောင်ပြပြီး

'ဟောဒီမှာ ယူလိုက်ပြီ၊ တို့က နင့်ပိုက်ဆံကို အလကား ယူတာ မဟုတ်ဘူး၊ တို့ ရစရာရှိတဲ့ ငါးဒေါ်လာပဲ ယူတာ'

မတတ်နိုင်တော့ဘူး။ ကျွန်တော် ငိုပစ်လိုက်တယ်။ မငိုမိအောင် ဘာ ပေးရ ပေးရ ပေးပါတယ်ဗျာ။ ခုတော့ မတတ်နိုင်ဘူး။ ငိုမိပြီ။

'ခင်ဗျားတို့ ကျုပ်ပိုက်ဆံကို လုတာ လုတာ'

'ဟေ့ကောင်လေး ပါးစပ် ပိတ်ထားစမ်း' ဆိုပြီး မောရစ်က ကျွန်တော့်ကို တွန်းပစ်လိုက်တယ်။

'ကဲ သွားရအောင်၊ ကျွန်မတို့ လိုချင်ရတာ ရပြီပဲ၊ ကျွန်မတို့ ပိုက်ဆံ ကျွန်မတို့ရရင် တော်ရောပေါ့' လို့ အင်နီက ပြောတယ်။

'အေး သွားမယ်' လို့ ပြောပေမယ့် မောရစ် ဆိုတဲ့ ငနဲက မသွား သေးဘူးဗျ။

'မောရစ်ရယ် လာစမ်းပါ' လို့ အင်နီက ထပ်ခေါ်တယ်။

'ဟေ့ ချာတိတ် ငိုမနေနှင့်၊ မင်းကို ဘယ်သူကမှ ဘာမှ မလုပ်ရသေး ဘူး' လို့ သူ့မှာ အပြစ်မရှိတဲ့ ပုံမျိုးနှင့် ပြောတယ်။

ကျွန်တော်ကတော့ ငိုနေတုန်းပဲ။ စိတ်လဲဆိုး၊ ရှက်လဲရှက်ပေါ့ဗျာ။

'ခင်ဗျား ကျွန်တော့်ကို သက်သက် အနိုင်ကျင့်တာ၊ နောက် နှစ်နှစ် လောက် ဆိုရင် လမ်းမှာ တောင်းစား ရမယ့် လူကြီး၊ အလကား လူကြီး၊

http://nyisay.com



သေပါစေ၊ သူတောင်းစား ဖြစ်ပါစေ’

ကျွန်တော်က မေတ္တာတွေ ပို့နေတုန်းမှာ မောရစ်က ကျွန်တော့် ဗိုက်ကို လက်သီးနှင့် တစ်ချက် ထိုးပြီး ထွက်သွားတယ်။ ဗိုက်ကို အောင့်သွားတာပဲဗျာ။ လူလဲ ကြမ်းပြင်ပေါ် ပုံလဲသွားတယ်။

သတိတော့ မမေ့ပါဘူး။ ဒါပေမယ့် လဲနေရာက လှမ်းကြည့်လိုက်တော့ သူတို့ နှစ်ယောက် တံခါးပိတ်ပြီး ထွက်သွားကြတယ်။ ကျွန်တော်လဲ တော်တော်နှင့် မထသေးဘဲ ကြမ်းပြင်ပေါ်မှာ လှဲနေတယ်။ သေချင်တယ်ဗျာ။ စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ ရေနစ်နေသလို လူလဲ အသက်ရှူလို့ မရအောင် ဖြစ်နေတယ်။ တော်တော်ကြာတော့မှ ဗိုက်ကို နှိပ်ပြီး ရေချိုးခန်းဆီကို ကျွန်တော် ထလာခဲ့တယ်။

ဒါပေမယ့် ကျွန်တော် သိပ်ခံပြင်းတယ်ဗျာ။ တကယ်ပဲ။ ရေချိုးခန်းနား ရောက်တော့ ကျွန်တော့် စိတ်ထဲမှာ ဗိုက်ကို ကျည်ဆန် မှန်ထား သလားလို့တောင် ထင်မိတယ်။ မောရစ် ဆိုတဲ့ကောင် ကျွန်တော့် ဗိုက်ကို လက်သီးနှင့် တစ်ချက် ပစ်သွင်းထားတာလေ။ ရေချိုးခန်းထဲမှာ ဘာဘွန်း ဝီစကီ တစ်လုံး ရှိတယ်။ အဲဒီမှာ စိတ်တွေ ငြိမ်သွားအောင် တစ်ခွက် တစ်ဖလားလောက် မော့မယ်။ ပြီးတော့ ဒီငနဲကို ကျွန်တော် လက်စားချေရမယ်။ ရေချိုးခန်းက ထွက်လာတော့ အရှိန်ကလေးလဲ ရလာပြီ။ လက်ထဲမှာ သေနတ်နှင့်။ ဓာတ်လှေကား က မဆင်းဘဲ လှေကားအတိုင်း ဆင်းသွားမယ်။ ပါးစပ်က သွေးတွေ စီးကျနေရင်း လှေကား လက်ရန်းကို ကိုင်ရပ်ပြီး အောက်ကို ငုံ့ကြည့်လိုက်မယ်။ အောက်အထပ်တွေ အထိ ဆင်းသွားမယ်။ သွေးတွေကလဲ ဒလဟော ထွက်လို့။ ဗိုက်ကို လက်နှင့် ပိတ်ဆို့ထားပြီး ဓာတ်လှေကား ခေါင်းလောင်းကို ခပ်ပြင်းပြင်း နှိပ်လိုက်မယ်။ ဓာတ်လှေကား တံခါးကို ဖွင့်လိုက်တာနှင့် မောရစ် ဆိုတဲ့ ငနဲ ကျွန်တော့်ကို မြင်မယ်။ ကျွန်တော့် လက်ထဲမှာ သေနတ်နှင့်။ ငနဲက လန့်ဖျပ်ပြီး အော်မယ်။ ဒါပေမယ့် ဘယ်ရမလဲ။ ကျွန်တော့်ကို တောင်းပန်မယ်။ ဒါပေမယ့် ဘယ်ရမလဲ။ ဒီကောင့် ဗိုက်ကြီး ဖောင်းဖောင်းထဲကို ကျည်ဆန် ခြောက်တောင့်စလုံး ပစ်သွင်း လိုက်မယ်။ ပြီးတော့ ခြောက်လုံးပြူးက လက်ရာတွေကို ပွတ်တိုက် ဖျက်ပစ်လိုက်ပြီး သေနတ်ကို ဓာတ်လှေကားအိမ်ကြီးထဲကို ပစ်ချလိုက်မယ်။ ပြီးတော့ အခန်းကို ပြန်လာပြီး ဂျိမ်းဆီကို တယ်လီဖုန်းနှင့် လှမ်းခေါ်၊ ကျွန်တော့် ဒဏ်ရာကို ပတ်တီးစည်း ခိုင်း၊ ကျွန်တော့်ကို ပတ်တီးစည်းပေးနေတုန်းမှာ ဂျိမ်းက ကျွန်တော့်ကို စီးကရက် တစ်လိပ် မီးညှိ ပေး၊

လေလွင့်သူ

ကျွန်တော်က ဖိမ်နှင့် သောက်။

အဲဒါက ကျွန်တော့် စိတ်ကူးတွေ။

ရုပ်ရှင်တွေ ကြည့်ပြီး ရုပ်ရှင်ထဲက ပုံမျိုး ကျွန်တော့်ကိုယ် ကျွန်တော် စဉ်းစားကြည့်တာ။ ဒီ ရုပ်ရှင်တွေဟာ တော်တော် လူကို ဖျက်ဆီးတယ်ဗျ။ တကယ် ပြောတာ။

တကယ်ကျတော့ ကျွန်တော် ဘာလုပ်သလဲ။ ရေချိုးခန်းထဲမှာ နာရီဝက်လောက် ရေချိုး ပစ်လိုက်တယ်။ ပြီးတော့ အိပ်ရာပေါ် တက်လှဲတယ်။ ရုတ်တရက် အိပ်လို့ မရဘူး။ အတော်ကြာမှ အိပ်ပျော်သွားတယ်။ တကယ် ကျွန်တော် လုပ်ချင်တာက ကိုယ့်ကိုယ်ကိုယ် သတ်သေချင်တာ။ ပြတင်းပေါက်ကနေ အောက်ကို ခုန်ချလိုက်ချင်တာ။

အောက်ရောက်လို့ တစ်ယောက်ယောက်က လာပွေ့မှာ သေချာရင်တော့ တကယ့်ကို ခုန်ချ ပစ်လိုက်ချင်တာ။ မြေကြီးပေါ် သွေးတွေ အလိမ်းလိမ်းနှင့် စန့်စန့်ကြီး လဲနေတုန်းမှာ မီးသတ်သမားတွေ ငုံ့ကြည့်နေတာမျိုး ဆိုရင်တော့ မလုပ်ချင်ဘူးဗျာ။

## ၁၅

ကျွန်တော် ကြာကြာ အိပ်မပျော်ပါဘူး။ နိုးလာလို့ ကြည့်လိုက်တော့ ဆယ်နာရီလောက် ရှိနေပြီ။ စီးကရက် တစ်လိပ် ကောက်ညှိ လိုက်တော့ ဗိုက်ထဲက တော်တော်လေး ဆာလာတယ်။ ကျွန်တော် နောက်ဆုံး စားခဲ့တာက ရောဗတ်တို့နှင့် ရုပ်ရှင် သွားကြည့်တုန်းက စားခဲ့တဲ့ ဟမ်ဘာဂါး နှစ်ခုပဲ ရှိတယ်။ ဒါကလဲ တော်တော် ကြာပြီ။ ကြာဆို အနှစ် လေးငါးဆယ် လောက်တောင် ရှိပြီလား မသိဘူး။ ကျွန်တော့် ဘေးမှာ တယ်လီဖုန်း ရှိတာနှင့် အောက်ထပ်ကို မနက်စာ မှာလိုက်ရမလားလို့ စိတ်ကူးမိသေးတယ်။ ဒါပေမယ့် မောရစ် ဆိုတဲ့ ငနဲကြီးကို အပို့ ခိုင်းလိုက်ရင် ပြဿနာပဲ။ ဒီငနဲကြီးကို မကြည့်ချင်တော့ဘူးဗျာ။ ဒီလိုနှင့် အိပ်ရာထဲမှာ ဟိုလိုမှ် ဒီလိုမှ် လုပ်ရင်း နောက်ထပ် စီးကရက် တစ်လိပ် ထပ်သောက်တယ်။ ဂျိမ်းဆီကို တယ်လီဖုန်း ဆက်ရမလားလို့ စိတ်ကူးကြည့်သေးတယ်။ နောက်တော့ အိမ်မှာ ရှိချင်မှ ရှိမှာလေ ဆိုပြီး မဆက်ဖြစ်တော့ဘူး။

ဒါနှင့် ကျွန်တော် ဆယ်လီဆီကို ဖုန်း ကောက်ဆက်တယ်။ လွန်ခဲ့တဲ့ နှစ်ရက်လောက်တုန်းကတင် သူ့ဆီက စာရထားတော့ ဒီလောက်ဆိုရင် သူလဲ အိမ်မှာပဲ ရှိမှာ ဆိုပြီး ကောက်ဆက်တာ။ အမှန်ကတော့ ကျွန်တော် ဆယ်လီကို ဒီလောက် စွဲစွဲလမ်းလမ်းကြီး မဟုတ်ဘူး။ ဒါပေမယ့် သူ့ကို ကျွန်တော်သိတာ တော်တော်ကြာပြီ။ ဆယ်လီဟာ တော်တော် အကင်းပါးတဲ့ မိန်းကလေး တစ်ယောက်လို့ ကျွန်တော် ထင်တယ်။ စာတတ်ပေတတ်လို့လဲ ကျွန်တော် ထင်တယ်။ ထင်တဲ့ အကြောင်းကတော့ ဆယ်လီဟာ ဇာတ်သဘင် အကြောင်းတို့ ပြဇာတ် အကြောင်းတို့ စာပေ အကြောင်းတို့ တော်တော် နှံ့နှံ့စပ်စပ် သိတယ်။ အဲဒီလို

စာပေတို့ အနုပညာတို့ကို သိတဲ့ လူတစ်ယောက်ကို အကဲခတ်ရတာ တော်တော် ခက်တယ်ဗျ။ သူဟာ ထက်မြက်တဲ့ အထဲကလား ခပ်တုံးတုံးထဲကလား ဆိုတာ ချက်ချင်း အကဲခတ်လို့ မရတတ်ဘူး။ ဆယ်လီဆိုရင် ဒီအတိုင်းပဲ။ နှစ်ပေါင်း တော်တော်လေး ကြာမှ သူ့ကို အကဲခတ်လို့ ရတယ်။ ဒီအထဲမှာ သူနှင့် ကျွန် တော်ကလဲ အတွဲ ဖြစ်သွားကြတော့ မှန်မှန်ကန်ကန် အကဲခတ်ဖို့ မလွယ်ဘူး။ ခက်တာက ကျွန်တော်ဆိုတဲ့ ကောင်ကလဲ ကိုယ်နှင့် ကြိုက်နေတဲ့ မိန်းကလေး တစ်ယောက်ဟာ အမြဲတမ်း အကင်းပါးတယ် တော်တယ် ထက်တယ် လို့ ထင်တတ်တဲ့ ကောင်မျိုး။ ဘာမှတော့ မဆိုင်ဘူးပေါ့ဗျာ၊ ဒါပေမယ့် ကျွန်တော့် စိတ်ထဲမှာတော့ ဒီလိုပဲ ထင်နေတာပဲ။

ဒါနှင့် ကျွန်တော် ဆယ်လီ့ဆီကို ကောက် ဖုန်းဆက်တယ်။ ပထမ အိမ်ဖော် မိန်းမကြီး ကိုင်တယ်။ နောက် သူ့အဘိုးကြီး ကိုင်တယ်။ နောက်ဆုံးမှ ဆယ်လီ ကောက်ကိုင်တယ်။

'ဆယ်လီလား'

'ဟုတ်တယ်၊ ဘယ်သူ စကားပြောနေတာလဲ'

'ကိုယ်ပါ၊ ဟိုလ်ဒင် ကောဖီးလေ၊ နေကောင်းတယ်နော် ဆယ်လီ'

'အို ဟုတ်လား၊ ကြည့်စမ်း၊ နေကောင်းတယ်၊ အစ်ကိုကော'

'ကောင်းတယ်၊ ဒီမှာ ဆယ်လီ၊ ဘယ့်နှယ်လဲ၊ ကိုယ်ပြောတာက ကျောင်း စာကို ပြောတာပါ'

'လိုက်နိုင်ပါတယ်၊ အစ်ကိုကလဲ သိသားနှင့်'

'ဆယ်လီကို ဒီနေ့ သိပ်အမှတ်ရနေတယ်၊ ဒီနေ့ဆိုရင် ဆယ်လီ အလုပ် တွေ များနေသလား မသိဘူးလို့ စဉ်းစားနေတယ်၊ ဒီနေ့ တနင်္ဂနွေနေ့ ဆိုရင် ရုပ်ရှင်ကား အသစ် သုံးလေးကားတော့ အမြဲ ဝင်တယ်၊ ဆယ်လီ လိုက်မလား ဟင်'

'ကောင်းသားပဲ၊ သိပ်မိုက် အပြတ်မိုက်'

အဲဒီစကားလုံးကို ကျွန်တော် သိပ်မုန်းတာပဲ။ အပြတ်မိုက် ဆိုတဲ့ စကား လုံးလေ။ ဘာမှန်းလဲ မသိဘူး။ ဆယ်လီက သူ့ အကြောင်းတွေ ပြောနေတာနှင့် ကျွန်တော်လဲ ပြောမယ့် စကား ရှေ့မဆက်ဖြစ်ပြန်ဘူး။ ဆယ်လီက ဟားဗတ်က ငနဲတစ်ကောင် အကြောင်းကို ကျွန်တော့်ကို ပြောပြနေတာလေ။ ကြည့်ရတာ ကတော့ ဒီနှစ်မှ ရောက်တဲ့ လူသစ် ဖြစ်ဟန် တူပါတယ်။ ဒါပေမယ့် သူက လူသစ်လို့ မပြောဘူး။ အဲဒီငနဲက သူ့ဆီကို နေ့ရော ညရော လာနေတယ်တဲ့။

http://nyisay.com



နေ့ရော ညရော ဆိုပါကလား။ အံ့မယ်လေးဗျာ သေပါတော့။ ပြီးတော့ သူ့ဆီကို ဝက်စပ္ပိုင့်က ဗိုလ်လောင်း တစ်ယောက်လဲ လာနေတယ်လို့ ပြောသေးတယ်။ သူ့ကို စွဲစွဲလမ်းလမ်း ဖြစ်နေတယ်ပေါ့ဗျာ။ ကောင်းပါတယ်၊ ကောင်းပါတယ်၊ ကျွန်တော်က ဘောလ်မိုး နာရီစင်ကြီး အောက်ကို နှစ်နာရီထိုး အရောက် လာဖို့ ချိန်းလိုက်တယ်။ နောက်ကျလို့ မဖြစ်ဘူး။ စောစောလာမှ ဖြစ်မှာ။ ရုပ်ရှင်က နှစ်နာရီခွဲတိတိမှာ ပြမှာ။ ထုံးစံအတိုင်း ဆယ်လီက နောက်ကျတတ်တယ်လေ။ ပြီးတော့ ကျွန်တော် တယ်လီဖုန်းကို ချလိုက်တယ်။ ဆယ်လီက ချောတော့ ကျွန်တော့်စိတ်ထဲမှာ သူနှင့် ချိန်းသာ ချိန်းရတယ်၊ သိပ် စိတ်ချတာ မဟုတ်ဘူး။ ဒါပေမယ့် ဆယ်လီက ချောတယ်ဗျာ၊ တကယ်ပဲ။

ဆယ်လီနှင့် ချိန်းပြီးတော့ ကျွန်တော် အိပ်ရာက လူးလဲထ၊ အဝတ်အစား လဲပြီး ကျွန်တော့် ပစ္စည်းတွေကို လက်ဆွဲအိတ်ထဲ ထည့်တယ်။ မသွားခင် ပြတင်းပေါက်ကို ဖွင့်ပြီး ဟိုတစ်နေ့က တွေ့ရတဲ့ ပုံမမှန်တဲ့ ငနဲ တွေ ဘာတွေ လုပ်နေသလဲဆိုတာ သိရအောင် လှမ်းကြည့်လိုက်သေးတယ်။ ဒါပေမယ့် ခန်းဆီး တွေ ကြိုချထားလို့ ဘာမှ မမြင်ရဘူး။ ပြီးတော့ ကျွန်တော်လဲ ဓာတ်လှေကားနှင့် ဆင်းလာပြီး ဟိုတယ်အခန်းခတွေကို ရှင်းလိုက်တယ်။ မောရစ်ကို လှမ်းကြည့် သေးပေမယ့် မတွေ့ဘူးဗျ။ ဒီကောင်ကို မတွေ့ရလဲ နေပေါ့။ ဒီကောင့်မျိုးကို ဘာဖြစ်လို့ ကုပ်ညှောင်းခံပြီး လှည့်ကြည့် နေရဦးမှာလဲ။

ဟိုတယ် အပြင်ဘက်ကို ရောက်တော့ တက္ကစီ တစ်စင်းကို ခေါ်လိုက် တယ်။ ဒါပေမယ့် ဘယ်ကို အလျင် သွားရမယ်ဆိုတာ စဉ်းစားလို့ မရသေးဘူး။ ဘယ်မှလဲ သွားစရာ မရှိဘူး။ ဒီနေ့မှ တနင်္ဂနွေနေ့ ရှိသေးတော့ အိမ်ကိုလဲ ပြန်လို့ မဖြစ်သေးဘူး။ ဗုဒ္ဓဟူးနေ့ကျမှ အိမ်ပြန်လို့ ဖြစ်မှာ။ အစောဆုံး ပြန်ရင် တောင် အင်္ဂါနေ့လောက် ပြန်မှ ဖြစ်မှာ။ နောက်ထပ် ဟိုတယ် တစ်ခုလဲ ပြောင်းမနေချင်တော့ဘူး။ ဒါနှင့် ဘူတာကြီးကို မောင်းဖို့ ဒရိုင်ဘာကို ပြော လိုက်တယ်။ ဘူတာရုံက ကျွန်တော်နှင့် ဆယ်လီ ချိန်းထားတဲ့ ဘောလ်မိုး နာရီစင်ကြီး နားတင်ပဲ။ ဘူတာကြီးနား ရောက်ရင် ဆင်းမယ်။ ဆင်းပြီး အငှား သိမ်းပေးတဲ့ ဆိုင်တွေမှာ သေတ္တာတွေ အထုပ်အပိုးတွေကို အပ်ပစ်ခဲ့မယ်။ ပြီးရင် မနက်စာ ထွက်စားမယ်လို့ စိတ်ကူးလာခဲ့တယ်။ ဆာလဲ ဆာလှပြီလေ။

တက္ကစီထဲ ထိုင်လိုက်လာရင်း ကျွန်တော့် ပိုက်ဆံအိတ်ကို ထုတ်ပြီး ပိုက်ဆံကို ရေကြည့်တယ်။ ဘယ်လောက် ကျန်သလဲဆိုတာ။ ကျွန်တော် ကောင်း ကောင်း မမှတ်မိတော့ဘူး။ သိပ်တော့ မကျန်တော့ဘူး ဆိုတာ သေချာတယ်။

နှစ်ပတ် အတွင်း ကျွန်တော် အတော် သုံးပစ်ခဲ့တာကိုး။ ဘယ်မှာ ကျန်ပါတော့မလဲ။ အမှန်ကတော့ ကျွန်တော်ဟာ တော်တော် နှမြောတတ်တဲ့ကောင်။ ခုတော့ ကျွန်တော် သုံးပစ်ခဲ့တာ မဟုတ်ဘူး။ ဖြုန်းပစ်ခဲ့တာ။ မကုန်လို့ ဘယ်မှာ ခံနိုင်ပါ့မလဲ။ ဟိုတယ်တွေ ရောက်လို့ ရှိရင် ကျွန်တော် ဆိုတဲ့ကောင်က အကြွေတို့ ဘာတို့ အမ်းတာကို ပြန်ယူတော့တာ မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော့်မိဘတွေက ကျွန်တော့်ကို ခဏ ခဏ ဆူတာ။ သူတို့ကိုလဲ အပြစ်တင်လို့ မရဘူးလေ။ ကျွန်တော့် အဖေဟာ ပိုက်ဆံ တော်တော်လေး ရှိပါတယ်။ ဘယ်လိုကြောင့် ရှိတယ် ဆိုတာကိုတော့ ကျွန်တော်လဲ မသိဘူး။ အဖေကလဲ ကျွန်တော့်ကို ဒီအကြောင်းနှင့် ပတ်သက်လို့ တစ်ခါမှ မပြောပြဖူးဘူး။ အဖေက ကုမ္ပဏီကြီးတစ်ခုရဲ့ ဥပဒေ အကြံပေး အရာရှိရယ်။ ကျွန်တော့် အဖေ ဘာကြောင့် ထောသလဲ ဆိုတာကို သိရတဲ့ နောက်အကြောင်း တစ်ခုကတော့ အဖေဟာ ဘရော့ဒ်ဝေးတို့ ဘာတို့က ပြဇာတ်တွေကို အမြဲလိုလို ကန်ထရိုက် ဆွဲတယ်။ သိကြတဲ့အတိုင်း ပြဇာတ် ဆိုတာ ရှုံးတာချည်းပဲ မဟုတ်လား။ အမေကတော့ ပြဇာတ်ကန်ထရိုက် ဆွဲပြီ ဆိုရင် ဆူတော့တာပဲ။ ဒါပေမယ့် အဖေ့ကို ပြောလို့ မရပါဘူး။ အမေကလဲ ကျွန်တော့် ညီလေး အယ်လီ ဆုံးပြီးတဲ့နောက်မှာ ကောင်းကောင်း ကျန်းမာတော့တာ မဟုတ်ဘူး။ စိတ်ထိခိုက်လွယ်တယ်။ ဒါကြောင့် ကျွန်တော် စာမေးပွဲကျတာ၊ ကျောင်းထုတ်ခံရတာကို အမေ မသိစေချင်တာပေါ့။

ဘူတာရုံမှာ ရှိတဲ့ အငှားဆိုင်မှာ ကျွန်တော့် ပစ္စည်းတွေကို အပ်ပြီးတော့ ပျော်ပွဲစားရုံလေး တစ်ခု သွားပြီး မနက်စာ စားတယ်။ ကျွန်တော့် အဖို့တော့ တော်တော် စားပစ်လိုက်တာပဲ။ လိမ္မော်ရည် တစ်ခွက်၊ ဝက်ပေါင်ခြောက်နှင့် ကြက်ဥ၊ ပေါင်မုန့် ထောပတ်သုတ်နှင့် ကော်ဖီ။ ထုံးစံအတိုင်း ဆိုရင်တော့ မနက်ဆို လိမ္မော်ရည် တစ်ခွက်လောက်နှင့်ပဲ ကိစ္စပြီးတတ်တယ်။ ကျွန်တော်က အစား နည်းတဲ့ကောင် မဟုတ်လား။ တကယ် ပြောတာ။ ဒါကြောင့် ကျွန်တော် ပိန်နေတာပေါ့။ အလေးချိန် တိုးအောင်လို့ ကဆီတို့ အသားတို့ စားရမယ်ဆိုပေမယ့် ကျွန်တော် ဘယ်တော့မှ စားလေ့ မရှိဘူး။ ဘယ် ရောက်ရောက် ဆွစ်ချိစ် ညှပ်ထားတဲ့ ဆင်းဒွစ် တစ်ခု နှစ်ခုလောက်ရယ်၊ နို့တစ်ခွက်လောက်ရယ်ပဲ ကျွန်တော် သောက်တတ်တာ။ နည်းတော့ နည်းတာပေါ့ဗျာ။ ဒါပေမယ့် နို့ထဲမှာ ဗိုက်တာမင် တော်တော်များများ ပါပြီးသားပဲ မဟုတ်လား။ ဒါကြောင့် ကျွန်တော့်ကို ဗိုက်တာမင် ကောဖီးလို့တောင် ခေါ်ကြတယ် မဟုတ်လား။

ကြက်ဥကြော် စားနေတုန်းမှာ ကျွန်တော့်အနားက ကောင်တာကို မယ်

## လေလွင့်သူ

သီလရှင် နှစ်ပါး ရောက်လာတယ်။ သူတို့မှာလဲ အထုပ်တွေ အပိုးတွေနှင့်။ တခြား သီလရှင်ကျောင်း တစ်ကျောင်းကို ပြောင်းဖို့ ရထားစောင့်နေကြတယ် ထင်တာပဲ။ သီလရှင်နှစ်ပါးက လက်ဆွဲအိတ်တွေ မနိုင့်တနိုင် ဆိုတော့ ကျွန်တော်လဲ သူတို့ အိတ်တွေကို ကူသယ်ပေးလိုက်ပါတယ်။ လက်ဆွဲအိတ်တွေကလဲ ခပ်ညံ့ညံ့တွေ။ သားရေ အစစ်နှင့် လုပ်ထားတာ မဟုတ်ဘူး။ ထားပါလေ။ ဒါက အရေးမကြီးပါဘူး။ ကျွန်တော် ပြောချင်တာက လက်ဆွဲအိတ် အပေါစား အညံ့စား ကိုင်တဲ့လူဆိုရင် ကျွန်တော်က သိပ်မုန်းပဲ။ ပြောရတာတော့ မကောင်းဘူးပေါ့ဗျာ။ ဘာမှလဲ ဆိုင်တော့ မဆိုင်ဘူး။ ဒါပေမယ့် လက်ဆွဲအိတ် အပေါစားကို ကိုင်ရင် ဘာဖြစ်လို့မှန်း မသိဘူး၊ ကျွန်တော် လက်ဆွဲအိတ်ကိုလဲ မုန်း၊ လူကိုလဲ မုန်းတယ်။ တစ်ခါတုန်းကလဲ ဒါကြောင့် ပြဿနာ ဖြစ်ခဲ့ဖူးသေးတယ်။ ကျွန်တော် အက်တန်ကျောင်းမှာ နေခဲ့တုန်းကပေါ့။ ကျွန်တော်နှင့် အခန်းဖော် ဒစ်မှာ အညံ့စား လက်ဆွဲအိတ်တွေ ရှိတယ်။ သူ့အိတ်တွေက ညံ့တော့ စင်ပေါ်မှာ ကျွန်တော့် အိတ်တွေနှင့် ယှဉ်မထားဘူး။ လူမြင်မှာ စိုးလို့ ထင်ပါရဲ့။ ခုတင်အောက်မှာ ထိုးထားတယ်။ ကျွန်တော်လဲ သူ့ လက်ဆွဲအိတ်ကြီးတွေ မြင်ပြီး သိပ်စိတ်ညစ်တာပဲ။ ကျွန်တော့် အိတ်တွေကိုပဲ လွှင့်ပစ်လိုက်ရမလား၊ ဒါမှမဟုတ် သူ့အိတ်တွေနှင့်ပဲ လဲလိုက်ရမလားလို့ ကျွန်တော် စဉ်းစားမိသေးတယ်။ ကျွန်တော့် လက်ဆွဲအိတ်တွေက မတ်ကရော့က လုပ်တဲ့ အကောင်းစား အိတ်တွေ။ နွားကလေး သားရေအစစ်နှင့် လုပ်ထားတာ။ တန်ဖိုးကိုက နည်းတာ မဟုတ်ဘူး။ ဒါပေမယ့် ဟားတော့ ဟားရတယ်ဗျို့။ ကျွန်တော် ဘာလုပ်တယ် ထင်သလဲ။ သူ့မျက်နှာငယ်မှာ စိုးလို့ ကျွန်တော့် သားရေအိတ်တွေကိုလဲ ခုတင်အောက်မှာ ထိုးထားလိုက်တယ်။ ဒီတော့ သူ ဘာလုပ်တယ် ထင်သလဲ။ ကျွန်တော့် အိတ်တွေကို ခုတင်အောက် ထိုးပြီး နောက်တစ်နေ့ကျတော့ သူ့လက်ဆွဲအိတ်တွေကို ခုတင်အောက်က ပြန်ထုတ်ပြီး စင်ပေါ်မှာ ပြန်တင်ထားတယ်ဗျ။ လက်စသတ်တော့ ကိုယ့်လူက စင်ပေါ်မှာ တင်ထားတဲ့ သူ့အိတ်တွေကို ကျွန်တော့်အိတ် ထင်အောင် လုပ်ထားပြီး ခုတင်အောက်မှာ ထားတဲ့ ကျွန်တော့် အိတ်တွေကိုတော့ သူ့အိတ်ထင်အောင် လုပ်ထားတာကိုး။ ဒီလို လုပ်ထားမှန်းကို နောက်ကျမှပဲ ကျွန်တော်လဲ သိရတော့တယ်။ တော်တော် ဟားရတဲ့ ငနဲဗျာ။ တကယ်ပဲ။ ပြီးတော့ ကျွန်တော့် အိတ်တွေကို မကောင်းပြောလိုက်သေးတယ်ဗျ။ ဒါမျိုးတွေ ဆိုတာ ဘူဇွာဆန်တယ်တဲ့။ ကျောင်းသားအဖို့ သိပ်ကောင်းလွန်းတယ်တဲ့။ ဘူဇွာ ဆန်တယ် ဆိုတဲ့ စကားလုံးကိုတော့

http://nyisay.com



ရေလဲနှင့် သုံးနေတာပဲ။ ဒီစကားလုံးကို လူပြော သူပြော ကြားဖူးသလား၊ စာအုပ်တွေထဲမှာ တွေ့ဖူးသလားတော့ မပြောတတ်ဘူး။ ကျွန်တော့်မှာ ရှိတဲ့ ပစ္စည်းတွေကို ကြည့်ပြီး ဘူဇွာ ဆန်တယ်လို့ပဲ ပြောနေတော့တာပဲ။ ကျွန်တော့် ဖောင်တိန်တောင် ဘူဇွာဆန်တယ်တဲ့။ ဘူဇွာဆန်တယ်သာ ပြောတာ၊ ကျွန်တော့် ဖောင်တိန်ကို သူပဲ ငှားသုံးနေတာပဲ။ ကျွန်တော်တို့ နှစ်ယောက် နှစ်လလောက်ပဲ တစ်ခန်းတည်း နေလိုက်ရတယ်။ နောက်တော့ နှစ်ယောက်စလုံးကပဲ အခန်း ပြောင်းပေးဖို့ တောင်းဆိုကြတယ်။ ဒါပေမယ့် ရယ်စရာ ကောင်းတာက အခန်း ပြောင်းပြီးလို့ လူချင်းလဲ ကွဲသွားကြရော၊ ကျွန်တော် သူ့ကို အမှတ်ရနေတယ် ဗျာ။ ဒီကောင်က ပျော်ပျော် နေတတ်ပြီး ရယ်စရာ မောစရာ ပြောတတ်တော့ သူ ရှိရင် အပျင်းပြေတာကိုး။ သူကလဲ ကျွန်တော့်ကို အမှတ်ရမှာပါပဲ။ ပထမ တော့ ကျွန်တော့်ကို ဘူဇွာဆန်တယ် ဘာဖြစ်တယ်လို့ ပြောတာဟာ နောက်နေ တာပဲလို့ ကျွန်တော် ထင်ခဲ့သေးတယ်။ ကျွန်တော်ကလဲ သူပြောတာကို ဒီလောက် အရေးစိုက်နေတာမှ မဟုတ်ဘဲ။ ဒါပေမယ့် နောက်ကျတော့ မဟုတ်ဘူး ခင်ဗျ။ ကျွန်တော့်ကို သူ တကယ် ပြောနေတာ။ တကယ်တော့ ဒီငနဲက သူ့ လက်ဆွဲ အိတ်တွေက အညံ့စားတွေ ဖြစ်ပြီး ကျွန်တော့် အိတ်တွေက အကောင်းစား ဖြစ်နေတော့ မနာလို တိုရှည် ဖြစ်နေတာကိုး။ အမှန်ကတော့ဗျာ၊ တကယ်သာ ဒီကောင် ထက်ထက်မြက်မြက် ရှိတယ်၊ ဟာသ ရှိတယ် ဆိုရင် ဒါတွေကို သိပ် အရေးထားနေစရာ မဟုတ်ပါဘူး။ သူများ လက်ဆွဲအိတ်တွေက ကိုယ့်ထက် ကောင်းတော့ကော ဘာဖြစ်သေးသလဲ။ ဒီလိုနှင့် ကျွန်တော် စထရက်လေတာ ဆိုတဲ့ ကောင်မျိုးနှင့် လာပြီး တစ်ခန်းတည်း လာကျနေတာပေါ့။ ဒီကောင့် လက်ဆွဲအိတ်တွေကတော့ ကျွန်တော့်လိုပဲ အကောင်းစားတွေဗျ။

ဒီလိုနှင့် ဆင်းဒွစ်ဘားထဲမှာ ထိုင်ရင်း ကျွန်တော့် အနားကို ရောက်လာ တဲ့ သီလရှင် နှစ်ပါးနှင့် စကားလက်ဆုံ ကျသွားတယ်။ ကျွန်တော့် အနားမှာ ကပ်လျက် ထိုင်နေတဲ့ သီလရှင် လက်ထဲမှာ မြက်ခြင်းတောင်းလေး တစ်လုံး ကိုင်ထားတယ်။ နာတာလူး ပွဲတော်ရက်တို့ ဘာတို့မှာ သီလရှင်တွေနှင့် ကယ် တင်ခြင်းတပ် ကလေးတွေ အလှူခံ ထွက်ရာမှာ ကိုင်လေ့ရှိတဲ့ ခြင်းတောင်းမျိုး။ ပဉ္စမရိပ်သာ လမ်းမကြီးထောင့်က ကုန်တိုက်ကြီးတွေမှာ အဲဒီလို ခြင်းတောင်း လေးတွေ ရောင်းတာ ခင်ဗျားတို့လဲ တွေ့ဖူးမှာပါ။ ဒီတုန်းမှာ ခြင်းတောင်း လေးဟာ သီလရှင် လက်ထဲက လွတ်ကျသွားတော့ ကျွန်တော်က ကောက်ပေး လိုက်တယ်။ ပြီးတော့ အလှူခံ ထွက်လာတာလား ဘာလားလို့ ကျွန်တော်က

http://nyisay.com



မေးတယ်။ ဒီတော့ သူက မဟုတ်ပါဘူးတဲ့။ ခြင်းတောင်းလေးကို လက်ဆွဲအိတ်ထဲ ထည့်တာ မဆံ့လို့ လက်က ကိုင်လာတာပါတဲ့။ မယ်သီလရှင် ပြုံးတာက သိပ်ကြည့်လို့ ကောင်းတာပဲဗျာ။ နှာခေါင်းက နည်းနည်းကြီးပြီး သံမဏိကိုင်းတပ်တဲ့ မျက်မှန်ကလဲ တပ်ထားတော့ ရုပ်ကတော့ မလှပါဘူး။ ဒါပေမယ့် သူ့မျက်နှာဟာ ကြင်နာ သနားတတ်တဲ့ မျက်နှာမျိုး။ ဒီတော့ ကျွန်တော်ကလဲ ဆရာလေး အလှူခံမယ် ဆိုရင် ကျွန်တော် နည်းနည်းပါးပါး တတ်နိုင်သလောက်လေး လှူပါရစေလို့ ပြောလိုက်တယ်။

ဒီတော့ သူက 'သာဓုပါရှင် သာဓုပါ သာဓုပါ' လို့ ပြောတယ်။ သူ့အဖော် သီလရှင်ကတော့ ကျွန်တော့်ကို လှမ်းကြည့်လိုက်တယ်။ သူ ကော်ဖီသောက်ရင်း လက်ထဲမှာ စာအုပ်နက်လေး တစ်အုပ်ကို ကိုင်ဖတ်နေတယ်။ သမ္မာကျမ်းစာနှင့် တူတာပဲ။ ဒါပေမယ့် စာအုပ်က ပါးပါးလေးရယ်။ သမ္မာကျမ်းစာလို စာအုပ်မျိုးပဲ ဖြစ်မှာပါ။ သူတို့ နှစ်ယောက် မနက်စာကလဲ ဘာမှ ဖွယ်ဖွယ်ရာရာ မရှိရှာပါဘူး။ ကော်ဖီနှင့် ပေါင်မုန့်ကလေးပဲ ပါတယ်။ ကျွန်တော် သူတို့ကို ကြည့်ပြီး စိတ်မကောင်း ဖြစ်သွားတယ်။ ကျွန်တော်က ဒီလိုပဲ။ ကိုယ်က ကြက်ဥတို့ ဝက်ပေါင်ခြောက်တို့နှင့် စားနေတုန်းမှာ တခြားလူက ကော်ဖီလေး တစ်ခွက် ပေါင်မုန့်လေး တစ်ယှက်နှင့် မနက်စာ စားနေတာ မြင်ရရင် မျိုလို့ မကျချင်ဘူး။ သူတို့က လက်ခံတာနှင့် ကျွန်တော် ဆယ်ဒေါ်လာ လှူလိုက်ပါတယ်။ ကျွန်တော့်မှာ ငွေကြေး ပြည့်စုံရဲ့လား၊ သူတို့ကို လှူလိုက်လို့ အခက်အခဲများ ရှိနေမှာလား၊ ဘာလားနှင့် ကျွန်တော့်ကို မေးနေကြသေးတယ်။ ကျွန်တော်က ကျွန်တော့်မှာ ပိုက်ဆံ ရှိသေးတဲ့ အကြောင်း၊ လုံလောက်တဲ့ အကြောင်း ပြောပေမယ့် ကျွန်တော့် စကားကို သိပ်ယုံကြည်ပုံ မပေါ်ဘူး။ နောက်ဆုံးတော့ ကျွန်တော် လှူတဲ့ ငွေကို လက်ခံသွားကြပါတယ်။ သူတို့က ကျွန်တော့်ကို ကျေးဇူးတင်တဲ့ အကြောင်း တဖွဖွ ပြောနေလို့ ကျွန်တော့်မှာ အနေရ ခက်လိုက်တာဗျာ။ ဒါနှင့် ကျွန်တော် စကားလမ်းလွှဲတဲ့ အနေနှင့် သူတို့ ဘယ်ကို သွားမှာလဲ ဘာလဲ စသည်ဖြင့် လျှောက်မေးကြည့်တယ်။ သူတို့က ရှီကာဂိုက လာတာတဲ့။ ကျောင်းဆရာမတွေတဲ့။ နယူးရော့မှာ ရှိတဲ့ အမှတ် ၃၆၈ လမ်းလား၊ ၃၈၆ လမ်းလား မသိဘူး၊ အဲဒီလမ်းမှာ ရှိတဲ့ သီလရှင် ကျောင်းကို စာသွားသင်ရမှာတဲ့။ ကျွန်တော်နှင့် ကပ်လျက် ထိုင်နေတဲ့ သံမဏိ မျက်မှန်ကိုင်းနှင့် သီလရှင်က အင်္ဂလိပ်စာပြ ဆရာမတဲ့။ တခြားတစ်ဦးကတော့ သမိုင်းနှင့် အမေရိကန် အုပ်ချုပ်ရေးစနစ် အကြောင်းကို သင်တဲ့

ဆရာမတဲ့။ ဒီတင် ကျွန်တော်ကလဲ မအူမလည်နှင့် အင်္ဂလိပ်စာ သင်တဲ့ စာအုပ်တွေကို ဘယ်လို သဘောရသလဲလို့ မေးမိတယ်။ အထူးသဖြင့် တချို့ စာအုပ်တွေမှာ ဖိုမ ဆက်ဆံရေး ကိစ္စတွေ မပါပေမယ့် အချစ် အကြောင်းတို့ ဘာတို့ ပါတယ် မဟုတ်လား။ ဒီတော့ သီလရှင် တစ်ပါး အနေနှင့် ဘယ်လို မြင်သလဲ ဆိုတာ သိချင်လို့ မေးကြည့်တာပါ။ ဥပမာ ဆိုပါတော့ တောမတ်စ် ဟာဒီရဲ့ 'ကိုယ့် ဇာတိသို့ အပြန်' ဆိုတဲ့ ဝတ္ထုထဲက ဇာတ်လိုက်မ ယူစတာစီယာ ဗိုင်း ဆိုပါတော့။ အမှန်ကတော့၊ ယူစတာစီယာဟာ ဟော့ဟော့ရမ်းရမ်း မိန်းမ တစ်ယောက်တော့ မဟုတ်ဘူး။ ဒါပေမယ့် ဘယ်လိုပဲ ဖြစ်ဖြစ် သူ့ အကြောင်းကို ဖတ်တဲ့အခါမှာ သီလရှင်တစ်ပါး အနေနှင့် ဘယ်လိုများ မြင်သလဲ ဆိုတာ ကျွန်တော် သိချင်တယ်လေ။ ကျွန်တော့် ထင်မြင်ချက်ကိုတော့ မပြောပါဘူး။ ကျွန်တော်ဟာ အင်္ဂလိပ်စာမှာ အမှတ် များများနှင့် အောင်တဲ့ အကြောင်း လောက်ကိုပဲ ပြောလိုက်ပါတယ်။

အင်္ဂလိပ်စာသင်တဲ့ သီလရှင်က.....

'အို အင်္ဂလိပ်စာ တော်သလား၊ ဝမ်းသာလိုက်တာကွယ်၊ ဒီနှစ် မင်းတို့ အတန်းမှာ ဘာတွေ ဖတ်ရသလဲ၊ ဆရာလေး သိချင်လိုက်တာ' လို့ ပြောပါ တယ်။ သီလရှင်ဆရာလေးဟာ တော်တော်လဲ သဘောကောင်းပါတယ်။

'အများအားဖြင့်တော့ အင်္ဂလိဆက်ဖုံ စာပေတွေကိုပဲ ဖတ်ရပါတယ်၊ ဗီယိုဝါ့တို့၊ ဂရန်ဒယ်တို့၊ လော့ဒ်ရန်ဒယ်တို့ စာတွေပါ၊ ဒါပေမယ့် အပြင် စာတွေကိုလဲ ဖတ်ရပါတယ်၊ တောမတ်စ်ဟာဒီရဲ့ ကိုယ့်ဇာတိသို့ အပြန်တို့၊ ရိုမီယိုနှင့် ဂျူးလီယက်တို့၊ ပြီးတော့'

'အို ရိုမီယိုနှင့် ဂျူးလီယက်ကို ဖတ်ရသလား၊ ဟန်ကျလိုက်တာကွယ်၊ ဘယ့်နှယ်လဲ၊ သဘောကျရဲ့လား' တဲ့။ သူ မေးပုံက ဒီလိုကျတော့လဲ သီလရှင် နှင့် မတူတော့ဘဲ ဆရာမ တစ်ယောက်နှင့် တူနေတယ်။

'ဟုတ်ကဲ့၊ သဘောကျပါတယ်၊ နည်းနည်းပါးပါး မကြိုက်တာတွေတော့ ရှိတာပေါ့၊ ဒါပေမယ့် တစ်ခုလုံး အနေနှင့် ခြုံကြည့်ရင်တော့ သဘောကျပါတယ်'

အမှန်ပြောရရင် သီလရှင် တစ်ပါးနှင့် ထိုင်ပြီး 'ရိုမီယိုနှင့် ဂျူးလီယက်' အကြောင်း ပြောရတာ တော်တော်လေး ခွကျတာပေါ့။ ဒီပြဇာတ်ရဲ့ တချို့အခန်း တွေဟာ လိင် ကိစ္စတွေ နည်းနည်းပါးပါး ပါတယ် မဟုတ်လား။ ဒီတော့ ဗရင်ဂျီ မယ်သီလရှင် တစ်ပါးနှင့် ဒီစာအုပ် အကြောင်း ဆွေးနွေးနေရတော့ ကျွန်တော့် စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ ဒါပေမယ့် မတတ်နိုင်ဘူးလေ။ သူက

မေးနေတော့ ပြောရတော့တာပေါ့။

'ရိုမီယိုနှင့် ဂျူးလိယက် ပြဇာတ်ကို ကျွန်တော် ကြိုက်တော့ ကြိုက်ပါတယ်၊ အကြိုက်ကြီးတော့လဲ မဟုတ်ပါဘူး၊ ဘာဖြစ်လို့မှန်းတော့ မသိဘူး၊ တစ်ခါတလေကျတော့ သူတို့ နှစ်ယောက်ကို တယ်ပြီး မကျေနပ်ချင်ဘူး၊ ရိုမီယိုနှင့် ဂျူးလိယက် သေသွားတာထက် မာကျူတီယို အသတ်ခံရတာကို ကျွန်တော် ပိုပြီး စိတ်မကောင်း ဖြစ်နေတယ်၊ ဂျူးလိယက်ရဲ့ အစ်ကို ဝမ်းကွဲဖြစ်တဲ့ လူက မာကျူတီယိုကို ဓားနှင့် ထိုးသတ်လိုက်တဲ့နောက် ကျွန်တော် ရိုမီယိုကို သိပ် မသနားချင်တော့ဘူး၊ မာကျူတီယိုကိုပဲ သနားနေတယ်၊ သူ့ကို သတ်လိုက်တာ ဘယ်သူ'

'ဟိုင်းဘော့လေ'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဟိုင်းဘော့'

ဒီဇာတ်ဆောင်ရဲ့ နာမည်ကို ကျွန်တော် အမြဲ မေ့မေ့နေတတ်တယ်။

'မာကျူတီယို အသတ်ခံရတာ ရိုမီယိုရဲ့ အပြစ်ကြောင့် အသတ်ခံရတာ မဟုတ်လား၊ ဒီတော့ အဲဒီ ပြဇာတ်ထဲမှာ ကျွန်တော် သဘော အကျဆုံးကတော့ မာကျူတီယိုပဲ၊ အဲဒီထဲက မွန်တေဂူမျိုးတွေနှင့် ကက်ပျူလက်မျိုးတွေကလဲ ကောင်းတော့ ကောင်းပါတယ်၊ အထူးသဖြင့် ဂျူးလိယက် ဆိုပါတော့၊ ဒါပေမယ့် အကောင်းဆုံးကတော့ မာကျူတီယိုပဲ၊ ဘာဖြစ်လို့မှန်းတော့ မသိဘူးလေ၊ မာကျူတီယိုက ထက်လဲ ထက်တယ်၊ သူ့စရိုက်က ပျော်စရာလဲ ကောင်းတယ်၊ ဝတ္ထုတို့ ဘာတို့ထဲမှာ တစ်ယောက်ယောက် အသတ်ခံရရင် ကျွန်တော့် စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ အထူးသဖြင့် ထက်ထက်မြက်မြက် သဘောကောင်းတဲ့ လူတွေ အသတ်ခံလိုက်ရတယ် ဆိုရင် ကျွန်တော့် စိတ်ထဲမှာ တော်တော် ခံစားရတယ်၊ ပြီးတော့ သူ သေသွားရတာဟာလဲ သူ့အပြစ်ကြောင့် မဟုတ်ဘူး၊ တခြားလူကြောင့် သေရတာ၊ ရိုမီယိုနှင့် ဂျူးလိယက် သေရတာကတော့ သူတို့ အပြစ်နှင့် သူတို့ သေရတာပဲ'

'မင်း ဘယ်ကျောင်းမှာ တက်နေသလဲ'

ဆရာလေးဟာ ရိုမီယိုနှင့် ဂျူးလိယက် အကြောင်းကို လမ်းလွှဲချင်တဲ့ သဘောနှင့် ကျွန်တော့်ကို ကြားဖြတ်မေးလိုက်တယ်။

ကျွန်တော်က ပင်ဆေကျောင်းမှာ တက်တဲ့ အကြောင်း ပြောတယ်။ သူ ကြားဖူးတယ်၊ တော်တော်ကောင်းတဲ့ ကျောင်းတဲ့။ ကျွန်တော်ကလဲ အသာပဲ နေလိုက်တယ်။ ဒီတင် သမိုင်းသင်တဲ့ သီလရှင် ဆရာလေးက သွားကြမယ်လို့

http://nyisay.com



ပြောတယ်။ ကျွန်တော်က သူတို့ ကော်ဖီဖိုးနှင့် မုန့်ဖိုးကို ပေးပေမယ့် သူတို့က လက်မခံဘူး။ ကျွန်တော်က သူတို့ အထုပ်အပိုးတွေကို သယ်ပေးမယ် လုပ်တော့လဲ သူတို့က လက်မခံဘူး။ မျက်မှန်နှင့် သီလရှင်ကဆိုရင် သူ့ပစ္စည်းကို သူ့ကို ပြန်ပေးဖို့ ပြောနေလို့ ကျွန်တော် ပြန်ပေးလိုက်ရတယ်။

'မင်းက သဘော သိပ်ကောင်းတာကိုး၊ သိပ်ချစ်စရာ ကောင်းတဲ့ သူငယ်ပဲ' လို့ ပြောတယ်။ သူလဲ သဘောကောင်းပါတယ်။ သူ့ကို မြင်တော့ ရထားပေါ်မှာ တွေ့ခဲ့တဲ့ အားနက်စ်ရဲ့ အမေကို ကျွန်တော် သွား သတိရသေးတယ်။ အမြဲ ပြုံးနေတာပဲ။

'မင်းနှင့် စကားပြောရတာ သိပ်ကောင်းတာပဲကွယ်' တဲ့။

ကျွန်တော်ကလဲ သူတို့နှင့် စကား ပြောရတာ ပျော်တဲ့ အကြောင်း ပြန်ပြောလိုက်တယ်။ တကယ်ပါ။ အဲ သူတို့နှင့် စကားပြောနေတုန်း ကျွန်တော် ကြောက်တာ တစ်ခုပဲ ရှိတယ်။ စကားပြောရင်း ကိုယ့်ကို ဗရင်ဂျီ ဘာသာဝင်လား ဘာလားလို့ မေးမှာကိုတော့ ကျွန်တော် ကြောက်တယ်။ ဗရင်ဂျီဘာသာဝင်များဟာ လူတွေ့ရင် ဗရင်ဂျီလား ဘာလား ဆိုတာကို အလွန် မေးတတ်ကြတာကိုး။ ဒီအထဲမှာ ကျွန်တော့် အဆုံးနာမည်က အိုင်းရစ်နာမည်။ အိုင်းရစ်ဆိုတာ အများအားဖြင့် ဗရင်ဂျီတွေ များတယ် မဟုတ်လား။ အမှန်ကတော့ ကျွန်တော့် အဖေဟာ ဗရင်ဂျီဘာသာဝင် တစ်ယောက်ပါ။ ဒါပေမယ့် ကျွန်တော့် အမေနှင့် လက်ထပ်တော့ ဗရင်ဂျီဘာသာထဲက ထွက်လိုက်တယ်။ ဒါပေမယ့် ဗရင်ဂျီ ဘာသာဝင်များဟာ ကိုယ့်နောက်ဆုံး နာမည်ကို မသိသည့်တိုင် လူတွေ့ရင် ဗရင်ဂျီလား ဘာလား ဆိုတာကို မေးတတ် ကြတာတော့ အမှန်ပဲ။ ဟူတန်ကျောင်းမှာ နေတုန်းက လူဝီရှန်နီ ဆိုတဲ့ ဗရင်ဂျီ ဘာသာဝင် သူငယ်ချင်း တစ်ယောက်ကို တွေ့ဖူးတယ်။ ဟူတန်မှာ ကျွန်တော်နှင့် ပထမဆုံး စသိတဲ့ သူငယ်ချင်းပေါ့။ ကျောင်းစဖွင့်တဲ့ နေ့မှာ ကျွန်တော်တို့ တစ်တွေ ကာယ လေ့ကျင့်ခန်း လုပ်ခါနီးတော့ သူနှင့် ကျွန်တော် ကုလားထိုင်ချင်း ကပ်လျက် ကျနေတယ်။ ဒီတင် စကား စပ်မိသွားကြပြီး တင်းနစ် ရိုက်တဲ့ အကြောင်းကို ပြောကြတယ်။ သူကလဲ တင်းနစ် ဝါသနာပါသူ၊ ကျွန်တော်ကလဲ ဝါသနာ ပါသူ ဆိုတော့ လေမိနေတာပေါ့။ သူက နွေကျောင်းပိတ် ဆိုရင် သစ်တောကုန်းက တင်းနစ်ကျောင်းကို သွားပြီး တင်းနစ် အရိုက် ကျင့်တဲ့ အကြောင်း ပြောလို့ ကျွန်တော်ကလဲ ကျွန်တော် တင်းနစ်ရိုက် ကျင့်တဲ့ အကြောင်း ပြောရင်းက ကျွန်တော်တို့ နှစ်ယောက် ဟော့ရှော့ ဖြစ်တဲ့ တင်းနစ်

http://nyisay.com



ချန်ပီယံတွေ အကြောင်း ပြောကြတယ်။ သူ့အစွယ်နှင့်သူ ဆိုရင် တင်းနစ် အကြောင်းကို သူ တော်တော် နားလည်တာပဲ။ ဒီလို စကား ပြောနေရင်း သူက ကြားဖြတ်ပြီး 'ဒီမြို့မှာ ဗရင်ဂျီ ဘုရားကျောင်း ရှိသလား၊ ဘယ်နားမှာ လဲ' လို့ ကောက်မေးလိုက်တယ်။

သူ မေးလိုက်ကတည်းက ကျွန်တော် သိလိုက်ပါပြီ။ ကျွန်တော့်ကို ဗရင်ဂျီ ဘာသာဝင် ဟုတ်မဟုတ် သွယ်ဝိုက် စုံစမ်းလိုက်တာ။ တခြားဘာသာဝင် တစ်ယောက်ကို အထင်သေးလို့ ဘာလို့တော့ မဟုတ်ပါဘူး၊ သိချင်လို့ မေး တာ သက်သက်ပါ။ သူ ကျွန်တော်နှင့် တင်းနစ် အကြောင်းတွေကို ပြောရတာ တော်တော် သဘောကျသားပဲ။ ဒါပေမယ့် ကျွန်တော်သာ ဗရင်ဂျီဘာသာဝင် တစ်ယောက် ဖြစ်ရင် တင်းနစ် အကြောင်း ပြောရတာ ဒီထက် ပိုပြီး အရသာ ရှိမယ်လို့ ထင်တယ်လေ။ ကျွန်တော် တော်တော်လေး စိတ်ပျက်သွားတယ်ဗျာ။ သူက ဗရင်ဂျီဘာသာဝင် ဟုတ်မဟုတ် ကောက်မေးလို့ ကျွန်တော်တို့ စကား ဝိုင်း ပျက်တော့ ပျက်မသွားပါဘူး။ ဒါပေမယ့် ဘာမဆိုင် ညာမဆိုင်ဗျာ။ ဘာဖြစ်လို့ မေးရတာလဲ။ ဗရင်ဂျီဘာသာဝင် တစ်ယောက် မဟုတ်တော့ကော တင်းနစ် အကြောင်း ပြောတော့ ဘာဖြစ်သလဲ။ ပြောလို့ မရတော့ဘူးတဲ့လား။ ဒါကြောင့်မို့ စောစောက သီလရှင် နှစ်ပါးက ကျွန်တော့်ကို ဗရင်ဂျီဘာသာဝင် ဟုတ်မဟုတ် မမေးလို့ တော်တော် ဝမ်းသာသွားတယ်။ မမေးလို့ တော်သေးတာ ပေါ့ဗျာ။ မေးလိုက်ရင် ကျွန်တော်တို့ စကားဝိုင်းလေး ပျက်သွားမှာ။ ကျွန်တော် ဗရင်ဂျီတွေကို အပြစ် ပြောနေတာ မဟုတ်ပါဘူး။ ကျွန်တော်သာ ဗရင်ဂျီ ဘာသာဝင် ဆိုရင်လဲ ဒီလိုပဲ ဖြစ်မှာပဲ။ စောစောက ကျွန်တော် ပြောခဲ့တဲ့ လက်ဆွဲအိတ်တွေလို ဖြစ်မှာပေါ့။ ကျွန်တော် ပြောချင်တာက စကား ဆိုတာ လွတ်လွတ်လပ်လပ် ပြောရမှ ကောင်းတာ။ အခံကလေးတွေနှင့် ပြောနေရရင် သိပ်မကောင်းတော့ဘူး။

သီလရှင် နှစ်ပါး သွားကာနီးတော့ ကျွန်တော် တော်တော် ခွကျတဲ့ အလုပ်တစ်ခုကို လုပ်လိုက်မိတယ်။ သူတို့ကို နှုတ်ဆက်ဖို့ ထလိုက်တော့ ကျွန် တော့် လက်ထဲမှာ စီးကရက်ကို ကိုင်လို့။ ကိုင်ရုံတင် မကဘူး၊ စီးကရက် မီး ခိုးတွေကို သူတို့ဘက်ကိုတောင် လှည့်မှုတ်လိုက်သေးတယ်။ တမင် လုပ်တာ မဟုတ်ပါဘူး။ သတိမေ့ပြီး လုပ်လိုက်မိတာပါ။ ကျွန်တော် ပျာပျာသလဲ တောင်း ပန်တော့ သူတို့ကလဲ 'ရပါတယ်၊ ကိစ္စမရှိပါဘူး' လို့ ပြောကြတယ်။ ဒါပေမယ့် ဘယ်ကောင်းမလဲဗျာ။

လေလွင့်သူ

သူတို့ ထွက်သွားတော့ ဆယ်ဒေါ်လာလောက်ပဲ လျှူလိုက်ရလို့ ကျွန်တော် စိတ်မကောင်း ဖြစ်နေတယ်။ ဒါပေမယ့် ကျွန်တော့်မှာလဲ ဆယ်လီနှင့် ရုပ်ရှင်သွားဖို့ ချိန်းထားပြီးသား ဖြစ်နေတယ်။ လက်မှတ်ဖိုး သွားရေစာဖိုးတို့ ဘာတို့ ချန်ရဦးမယ် မဟုတ်လား။ ကျွန်တော် စိတ် မကောင်းဘူးဗျာ။ ခက်တာက ပိုက်ဆံက သိပ်အရေးကြီးနေတယ်။ ပိုက်ဆံ အကြောင်း တွေးလိုက်မိရင် လူကို မောမောသွားတာပဲ။

## ၁၆

မနက်စာ စားပြီးတော့ မွန်းတည့်ရုံပဲ ရှိသေးတယ်။ ဆယ်လီနှင့် ချိန်းထားတာက နှစ်နာရီမှ။ ဒါနှင့် ကျွန်တော်လဲ လမ်းလျှောက်ထွက်လာခဲ့တယ်။ လမ်းလျှောက်ရင်းလဲ သီလရှင် နှစ်ပါး အကြောင်းကိုပဲ တွေးနေမိတယ်။ သီလရှင်နှစ်ပါးဟာ စာမသင်ရတဲ့ အခါမှာ မြက်ခြင်းတောင်းကလေးနှင့် အလှူခံရရှာတယ်။ ကျွန်တော့် အမေ ဒါမှမဟုတ် ကျွန်တော့် ဒေါ်လေး၊ ဒါမှ မဟုတ်သေးရင်လဲ ဆယ်လီရဲ့အမေ၊ တစ်ယောက်ယောက်ပေါ့ဗျာ။ အဲဒီလို ကုန်ပဒေသာတိုက် တစ်တိုက်ရှေ့မှာ မြက်ခြင်းလေး ကိုင်ပြီး မရှိဆင်းရဲသားတွေ အတွက်အလှူခံပေးနေရင် ဘယ်လိုများ နေမလဲလို့ ကျွန်တော် စဉ်းစားကြည့်တယ်။ စဉ်းစားလို့ မရဘူးဗျာ။ ကျွန်တော့် အမေတင် မကဘူး၊ တခြား နှစ်ယောက်ကိုလဲ ဒီပုံပန်းသဏ္ဌာန်နှင့် စဉ်းစားလို့ မရဘူး။ အဲ ကျွန်တော့် ဒေါ်လေးကတော့ အလှူအတန်းတို့ ဘာတို့ကို ငါသနာပါတယ်။ သူက ကြက်ခြေနီတို့ ဘာတို့မှာတောင် လုပ်ခဲ့တယ်။ ဒါပေမယ့် သူ ဝတ်ပုံ စားပုံက ရှီးကျလွန်းနေတယ်။ မျက်နှာတို့ ဘာတို့မှာလဲ မိတ်ကပ်တွေ နှုတ်ခမ်းနီဆိုးဆေးတွေ လိမ်းတတ်သေးတယ်။ ဒီတော့ ဒီပုံနှင့် အလှူခံလို့ ဘယ်ဖြစ်မလဲ။ သီလရှင်များလို ဝတ်ရုံအနက်ကြီး ခြုံပြီး သူ့ကို အလှူခံ ခိုင်းကြည့်တယ်။ ကျွန်တော့် မျက်စိထဲမှာပေါ်မလာဘူး။ ဆယ်လီရဲ့ အမေ ဆိုတာတော့ မပြောနှင့်တော့။ လှူ မယ့်ပုဂ္ဂိုလ်က လှူပါရစေ လှူပါရစေလို့ လိုက်ပြောရင်တောင် ဒီလို မြက်ခြင်းတောင်းအစုတ်ကလေး ဆွဲပြီး အလှူခံတာမျိုးကို လုပ်မှာ မဟုတ်ဘူး။ လှူတဲ့ ပုဂ္ဂိုလ်တွေက သူတို့ သဒ္ဓါသလောက် လှူပြီး ဘာစကားမှ မပြောဘဲ ထွက်သွားရင်စကား မပြောရလို့ ပျင်းတာနှင့်ပဲ လဲတောင် သေလိမ့်ဦးမယ်။ ဗိုက်ဆာတာတို့

ဘာတို့လဲ ခံနိုင်မှာ မဟုတ်ဘူး။ ဆာလာရင် အလှူခံတဲ့ ခြင်းကြီး လက်က ကိုင်ပြီး အစားအသောက် ကောင်းကောင်းရှိတဲ့ ဆိုင်ကို သွားစားဦးမှာ။ ခု ကျွန်တော် တွေ့လိုက်တဲ့ သီလရှင် နှစ်ပါးကတော့ ရသမျှလေးနှင့် ခြိုးခြံနေတယ်။ လတ်ယား လတ်ယား မလုပ်ဘူး။ ဒါကို ကြည့်ပြီး ကျွန်တော့်စိတ်ထဲမှာ သီလရှင် နှစ်ပါးကို သနားနေတယ်။

ကျွန်တော်လဲ ဘရော့ဒ်ဝေး ရပ်ကွက်ဘက်ကို လျှောက်လာခဲ့တယ်။ ဘာ ရည်ရွယ်ချက်မှတော့ မရှိပါဘူး။ ဘရော့ဒ်ဝေးဘက်ကို မရောက်တာ နှစ်နှစ်လောက်တောင် ရှိတော့မယ် ထင်တယ်။ ပြီးတော့ အဲဒီနားက တနင်္ဂနွေနေ့ ဖွင့်တဲ့ ဓာတ်ပြားဆိုင်ကိုလဲ ဝင်ချင်တယ်။ အဲဒီမှာ ကျွန်တော့် ညီမလေး ဖီဘီ အတွက် ဓာတ်ပြား တစ်ပြား ဝယ်ချင်တယ်။ ဓာတ်ပြားက 'ရှာလီဘင်း' ဆိုတဲ့ သီချင်းဓာတ်ပြား။ တော်တော် ရှားတယ်။ သီချင်းက ကောင်မလေး တစ်ယောက် ရှေ့သွားလေး နှစ်ချောင်း ကျိုးနေလို့ ရှက်တာနှင့် အိမ်ထဲက မထွက်ရဲတဲ့ အကြောင်း စပ်ထားတဲ့ သီချင်း။ ပင်ဆေကျောင်းမှာ နေခဲ့တုန်းက ကျွန်တော် ကြားဖူးခဲ့တယ်။ အပေါ်ထပ်က ကောင်ဆီမှာရှိလို့ 'ဒီဓာတ်ပြား ငါ့ကို ရောင်းပါ' လို့ ပြောသေးတယ်။ ဒါပေမယ့် ငနဲက မရောင်းဘူးတဲ့။ ဓာတ်ပြားက ဓာတ်ပြား ဟောင်းကြီးပါ။ လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်တုန်းက လူမည်း အမျိုးသမီး အဆိုကျော် အက်စတဲ့ ဖလက်ချာ ဆိုထားတာ။ အဆိုကလဲ ပိုင်သလား မမေးနှင့်။ ကပွဲလီသံပြာပြာနှင့် ဆိုထားတာ။ လူဖြူတွေ ဆိုရင် သူ့လောက် ကောင်းမှာ မဟုတ်ဘူး။ ဒါပေမယ့် ဖလက်ချာကတော့ တေးသွားရဲ့ သဘောကို သိတယ်လေ။ ဒီတော့ ကောင်းလိုက်တဲ့ အဆို။ ကျွန်တော် ကြားဖူးတဲ့ သီချင်းတွေထဲမှာတော့ အကောင်းဆုံး တေးတစ်ပုဒ်ပဲ။ ကျွန်တော် စိတ်ကူးတာက တနင်္ဂနွေနေ့မှာ ဖွင့်တဲ့ ဆိုင်တစ်ဆိုင်ကနေ ဒီဓာတ်ပြားကို ဝယ်သွားမယ်။ ပြီးတော့ ပန်းခြံကို သွားမယ်။ ဒီနေ့ဆိုရင် ပန်းခြံထဲမှာ ကျွန်တော့် ညီမလေး ဖီဘီ စကိတ်စီး ကျင့်မှာပဲ။

ဒီနေ့က မနေ့ကလောက်တော့ မအေးဘူး။ ဒါပေမယ့် နေကောင်းကောင်း မထွက်တော့ လမ်းလျှောက်လို့ သိပ်မကောင်းဘူး။ တစ်ခု ကောင်းတာတော့ ရှိတယ်။ ကျွန်တော့် ရှေ့မှာ ဘုရား ရှိခိုးကျောင်းက ပြန်လာဟန်တူတဲ့ မိသားစု တစ်စု ရှိတယ်။ အဖေရယ် အမေရယ် ခြောက်နှစ်လောက် ရှိတဲ့ သမီးလေး တစ်ယောက်ရယ်။ ကြည့်ရတာကတော့ ဆင်းဆင်းရဲရဲထဲကပါပဲ။ အဖေက မီးခိုးရောင် ဦးထုပ် တစ်လုံးကို အကောင်းထားပြီး ဆောင်းလို့။ လင်မယား

နှစ်ယောက် စကားတပြောပြောနှင့် လျှောက်လာကြတယ်။ ကလေးလေးကို သူတို့ သိပ်သတိမထားကြဘူး။ ချာတိတ်မလေးက ချစ်စရာလေး။ ပလက်ဖောင်းပေါ်က မလျှောက်ဘဲ လမ်းပေါ်မှာ လျှောက်နေတယ်။ သိပ်တော့ မဝေးပါဘူး။ ကလေးထုံးစံအတိုင်း တန်းတန်းမတ်မတ် လျှောက်တယ်ဆိုတဲ့ ပုံမျိုးနှင့် ဘယ်ကိုမှ မကြည့်ဘဲ ရှေ့တည့်တည့်ကို လျှောက်နေတယ်။ သီချင်းက ဆိုလိုက်သေးတယ်။ ဒါနှင့် သူဆိုနေတာ ဘာသီချင်းဆိုတာ သိချင်တာနှင့် ကျွန်တော် သူ့အနားက လိုက်သွားတယ်။ သူဆိုနေတဲ့ သီချင်းက 'တောလယ် မောတယ် အပြောကျယ် သဘောလွယ်ရင် မှားတတ်တယ်' ဆိုတဲ့ သီချင်းလေးဗျ။ အသံကလဲ သိပ်မဆိုးလှဘူး။ အမှန်ကတော့ ကလေးက ပါးစပ်ထဲ တွေ့ရာ ကောက်ဆိုလိုက်တာပါ။ ကားတွေ တဝီဝီ ဖြစ်နေတယ်။ ကလေးကို တိုက်မိမှာ စိုးလို့ ကျွီကနဲ ဗရိတ်အုပ်သံတွေ ပေါ်လာတယ်။ ဒါပေမယ့် အဖေနှင့် အမေကတော့ ဂရုတောင် မစိုက်ဘူး။ ကလေးကလဲ 'တောလယ် မောတယ် အပြောကျယ်' ဆိုတဲ့ သီချင်းကိုပဲ ဆက်ဆို နေတယ်။ သူ့ သီချင်းကို ကြားလိုက်ရတော့ ကျွန်တော် ပျော်သွားတယ်ဗျာ။ စောစောကလို စိတ်ညစ်တာတွေ ဘာတွေ မရှိတော့ဘူး။

ဘုရော့ဒ်ဝေး ရက်ကွက်ဟာ လူတွေ ပြည့်ပြီး ရှုပ်ယှက်ခတ်နေတယ်။ တနင်္ဂနွေနေ့ နေ့လယ် ဆယ့်နှစ်နာရီကျော်ပဲ ရှိဦးမယ်။ ဒါပေမယ့် လူတွေကတော့ တစ်လမ်းလုံး ပြည့်ကျပ်နေပြီ။ ရုပ်ရှင်ကို သွားနေကြတာလေ။ အဲဒီမှာ ပါရာမောင့် ရုပ်ရှင်ရုံ ရှိတယ်။ အက်စတာ ရှိတယ်။ စထရင်း ရှိတယ်။ ကက်ပီတော် ရှိတယ်။ အို ရုပ်ရှင်ရုံတွေ အများကြီးပဲ။ တနင်္ဂနွေနေ့ ဆိုတော့ လူတွေကို ကြည့်လိုက်ရင် ဝတ်ကောင်းစားလှတွေနှင့်ချည်းပဲ။ အဲဒါကြောင့် ဆိုးတာပေါ့။ အဆိုးဆုံးကတော့ သူတို့ အားလုံး ရုပ်ရှင်ကို ကြည့်ချင်နေကြတာပဲ။ ကျွန်တော် သူတို့ကို ကြည့်ပြီး စိတ်ပျက်နေတယ်။ ရုပ်ရှင်သွားတယ်ဆိုတာ တခြား ဘာမှ လုပ်စရာ ကိုင်စရာ မရှိလို့ အပျင်းပြေ သွားကြတာလို့ ကျွန်တော် နားလည်ထားတယ်။ ဒါပေမယ့် ဒီလူတွေကတော့ မဟုတ်ဘူးဗျ။ ရုပ်ရှင်ကို ကြည့်ချင်လို့ကို သွားတာ။ သွားတာတောင်မှ ဖြည်းဖြည်းဆေးဆေး သွားတာ မဟုတ်ဘူး။ နောက်က ကျားလိုက်လာသလို ဒရောသောပါး သွားနေကြတာ။ သူတို့ကို ကြည့်ပြီး စိတ်ပျက်လိုက်တာဗျာ။ အထူးသဖြင့် နေရာလေး ဘစ်နေရာ ရဖို့ အရေး လမ်းမ တစ်လျှောက်မှာ တန်းစီနေကြတာကို မြင်တော့ ကျွန်တော် သာပြီးတောင် စိတ်ပျက်သေးတယ်။ ကိုယ့်လူရေ ကျွန်တော်ဆိုရင်

ဒီလောက် အပင်ပန်းခံပြီး တန်းစီ မနေနိုင်ဘူးဗျ။ မကြည့်ရရင်လဲ နေပေ့စေ တော့။ ဒါပေမယ့် ကျွန်တော် ကံကောင်းပါတယ်။ ဓာတ်ပြား ရောင်းတဲ့ ဆိုင် တစ်ဆိုင်ကို ဝင်လိုက်တော့ ပထမဆုံး ဝင်လိုက်တဲ့ ဆိုင်မှာပဲ ကျွန်တော် လို ချင်တဲ့ 'ရှာလီဘင်း' ဓာတ်ပြားကို အဆင်သင့် သွားတွေ့တယ်။ ရှားလို့ ဆိုပြီး ငါးဒေါ်လာ ပေးခဲ့ရတယ်။ ကိစ္စမရှိပါဘူး။ ကျွန်တော် ပေးခဲ့ပါတယ်။ ကိုယ်လို ချင်တဲ့ ဓာတ်ပြားကို ရတော့ ဝမ်းသာအားရလွန်းလို့ မစောင့်နိုင်တော့ဘူး။ ညီမလေး ဖီဘီကို ပေးဖို့ ပန်းခြံဘက်ကို ထွက်လာခဲ့တယ်။

ဓာတ်ပြားဆိုင်ထဲက ထွက်လာတော့ ဆေးဆိုင် တစ်ဆိုင်ကို တွေ့တာနှင့် ဆိုင်ထဲကို ဝင်လာခဲ့တယ်။ ကျွန်တော့် စိတ်ထဲမှာ ဂျိမ်းဆီကို ဖုန်းဆက်ချင်တာ နှင့် တယ်လီဖုန်းကို ကောက်ကိုင်လိုက်တယ်။ ဒီအချိန်ဆို ကျောင်းလဲ ပိတ် လောက်ပြီ ဆိုတော့ ဂျိမ်းလဲ အိမ်ပြန် ရောက်လောက်ပြီပေါ့။ ကျွန်တော် ဖုန်း ကောက်ဆက်တော့ အဘွားကြီးက ဖုန်းကိုင်တယ်။ ဒါနှင့် ကျွန်တော်လဲ တယ် လီဖုန်းကို အသာ ပြန်ချထားလိုက်တယ်။ အဘွားကြီးနှင့် တွေ့ရင် စကားကြော တွေ ရှည်နေဦးမှာ။ ကျွန်တော်က ကောင်မလေးတွေရဲ့ အမေကြီးတွေနှင့် တယ်လီဖုန်းထဲကနေ စကား မပြောချင်ဘူးဗျာ။ တကယ်တော့ အိမ်မှာ ဂျိမ်း ရှိသလား ဘာလားလို့တော့ မေးဖို့ ကောင်းတာ။ ဒါပေမယ့် မမေးချင်တော့ဘူး ဗျာ။ အဘွားကြီးတွေနှင့် စကားပြောရတာ တကယ် စိတ်ကုန်လို့ ကောင်းတယ်။ စိတ်လက်ကြည်သာ ရှိနေတုန်းမှ သူတို့နှင့် စကားပြောလို့ ကောင်းတာ။

ကျွန်တော့်မှာ လက်မှတ် မဝယ်ရသေးဘူး။ ဒါနှင့် သတင်းစာ တစ် စောင်ကို ကောက်ဝယ်ပြီး ဒီနေ့ ဘယ်ရုံမှာ ဘာတွေ ပြနေသလဲ ဆိုတာကို လိုက်ကြည့်တယ်။ တနင်္ဂနွေနေ့ဆိုတော့ ရုံတိုင်းမှာ သုံးပွဲပဲ ပြတယ်။ ဒါနှင့် ကျွန်တော် 'ကိုယ့်အချစ်ကို သိတယ်' ဆိုတဲ့ ပြဇာတ်ကတဲ့ ရုံမှာ အထက် တန်း လက်မှတ် နှစ်စောင် ဝယ်လိုက်တယ်။ ပွဲက အလှူပွဲတို့ ရန်ပုံငွေပွဲတို့ လိုဟာမျိုးဗျ။ ကျွန်တော်က သိပ်တော့ မကြည့်ချင်ဘူး။ ပကာသနတွေကို သဘောကျတဲ့ ဆယ်လီကတော့ ကျွန်တော်က ပြဇာတ်လက်မှတ် ယူထားပြီ လို့ ပြောတာနှင့် သဘောတွေ ကျနေပြီ။ ပြီးတော့ ပြဇာတ်ကလဲ သူ့ အကြိုက် မင်းသား မင်းသမီးတွေကိုး။ ဆယ်လီက ပျင်းစရာကောင်းတဲ့ ပြဇာတ်တွေ၊ အဆင့်အတန်း မြင့်တယ်လို့ ပြောတဲ့ ပြဇာတ်မျိုးတွေကို ကြိုက်တတ်တယ်လေ။ ကျွန်တော်ကတော့ ပြဇာတ်တွေ ဘာတွေကို သိပ်မကြိုက်လှပါဘူး။ ပြဇာတ်တွေ ဟာ ရုပ်ရှင်တွေလောက်တော့ မဆိုးပါဘူး။ ဒါပေမယ့် မက်စရာတော့ တစ်ကွက်မှ

မရှိပါဘူးဗျာ။ ပထမ အချက်က ပြဇာတ်မင်းသား မင်းသမီးတွေကို ကျွန်တော် မကြိုက်ဘူး။ သူတို့ သရုပ်ဆောင်တာက တကယ့်လူတွေနှင့် မတူဘူး။ သူတို့ ကတော့ သူတို့ သရုပ်ဆောင်ချက်တွေဟာ လူတွေနှင့် တူတယ်လို့ ထင်ကောင်း ထင်မှာပေါ့လေ။ တချို့ တော်တဲ့ ပြဇာတ်မင်းသား မင်းသမီးများကျတော့လဲ တကယ့်လူတွေနှင့် နည်းနည်းပါးပါးတော့ တူပါတယ်။ ဒါပေမယ့် ဘယ် လောက်ပဲ ကောင်းကောင်း အပင်ပန်းခံ ကြည့်ရလောက်အောင်တော့ မကောင်း ပါဘူး။ တချို့ ဇာတ်ဆောင်များကျတော့လဲ တကယ်ကို ကောင်းပါတယ်။ သူတို့ ကောင်းတာလဲ သူတို့ ဘာသာ သူတို့ သိတယ်။ အဲဒီလို သူတို့ကောင်း တာကို သူတို့ ဘာသာ သူတို့ သိရင် အဲဒီ သရုပ်ဆောင်ဟာလဲ ပျက်စီးတော့ တာပဲ။ တခြား မကြည့်နှင့်၊ ဆာ လောရင့်စ် အော်လီဗီယာကိုပဲ ကြည့်လေ။ 'ဟင်းမလက်' ရုပ်ရှင်ကားထဲမှာ သူ သရုပ်ဆောင်တာကို ကျွန်တော် ကြည့်ဖူး တယ်။ ကျွန်တော့် အစ်ကို ဒီဘီက ကျွန်တော်နှင့် ညီမလေး ဖီဘီကို မနှစ်က အဲဒီ ပြဇာတ်ကို ခေါ်သွားလို့ ကြည့်ခဲ့ရတာ။ ကျွန်တော်တို့ကို နေ့လယ်စာ ကျွေးပြီး ရုပ်ရှင်ရုံထဲကို ခေါ်သွားတယ်။ အစ်ကိုက ဒီရုပ်ရှင်ကို ကြည့်ပြီးသား။ အော်လီဗီယာ ဘယ်လောက် စကားပြော ကောင်းတယ် ဆိုတာကိုလဲ ကျွန် တော်တို့ကို နေ့လယ်စာ စားရင်း ပြောပြတယ်။ ကျွန်တော်လဲ အဲဒီကားကို သိပ်ကြည့်ချင်တာပေါ့။ ဒါပေမယ့် တကယ် ကြည့်လိုက်တော့ ကျွန်တော် သိပ် မကြိုက်ဘူး။ ဆာ လောရင့်စ် အော်လီဗီယာ ဘာဖြစ်လို့ ဒီလောက် နာ မည် ကြီးသလဲ ဆိုတာ ကျွန်တော် စဉ်းစားလို့ မရဘူး။ ဟုတ်ပါတယ်၊ အော်လီ ဗီယာဟာ အသံသြဇာလဲ ကောင်းတယ်၊ ရုပ်လဲ ချောတယ်၊ ဓားချင်း ယှဉ်ခုတ် တာတို့ ဘာတို့ လမ်းလျှောက်တာတို့လဲ ကြည့်လို့ ကောင်းပါတယ်။ ဒါပေမယ့် အစ်ကို ပြောတဲ့ ဟင်းမလက် မင်းသား ဂိုက်မျိုး မဟုတ်ဘူးလို့ ကျွန်တော့် စိတ်ထဲမှာ ထင်နေတယ်။ အမှန်က ဟင်းမလက်ဆိုတဲ့ လူက သိပ်လေးနက်ပြီး သုန်သုန်မှုန်မှုန် နေတတ်တဲ့လူ။ လောရင့်စ် အော်လီဗီယာ သရုပ်ဆောင်ပုံက စစ်ဗိုလ်ချုပ်ကြီး တစ်ယောက် အဖြစ် သရုပ်ဆောင်တာနှင့် တူနေတယ်။ ရုပ် ရှင်ထဲမှာ အကောင်းဆုံး အခန်းကတော့ အော်ဖီလီယာရဲ့ မောင် ခရီး ထွက် ခါနီးမှာ သူ့ အဖေက သူ့ကို အကြံပေး ဆုံးမနေတဲ့ အခန်းပဲ။ အဲဒီ လူက နောက်ဆုံးမှာ ဟင်းမလက်နှင့် နှစ်ယောက်ချင်း ယှဉ်ပြီး ဓားချင်း ခုတ်ရမယ် မဟုတ်လား။ ဒီတုန်းမှာ နှမလုပ်တဲ့ အော်ဖီလီယာကလဲ အစ်ကို အနားမှာ နောက်ပြောင် ကျီစယ်နေပြီး သူ့ဓားအိမ်ထဲက ဓားကို ချွတ်နုတ်ယူထားလိုက်တဲ့

အခန်းလေ။ အစ်ကိုလုပ်တဲ့ သူကလဲ အဖေက ကျွဲရိုင်းကြီးကို ပစ်မလို့ ချိန်နေတုန်း ဆိုတော့ သူ့အဖေ ပြောတာတွေကို စိတ်ဝင်စားဟန် ဆောင်နေရတဲ့ အခန်း။ အဲဒီ အခန်းကတော့ တော်တော်လေးကို ကောင်းတယ်။ ကျွန်တော်ဖြင့် ဒီအခန်းကို စွဲသွားတာပဲ။ ဒီလို အခန်းမျိုးကလဲ သိပ်ပါတာ မဟုတ်ဘူး။ တစ်ခန်းလောက်ပဲ ပါတယ်။ ညီမလး ဖီဘီကတော့ ဟင်းမလက်က သူ့ခွေးကြီးကို ခေါင်းကိုင်ပြီး ပွတ်သပ်နေတဲ့ အခန်းကို အကြိုက်ဆုံးတဲ့။ ဟုတ်လဲ ဟုတ်တယ်။ သူ့ခွေးကြီးကို ပွတ်သပ်နေပုံက တော်တော့်ကို ကြည့်လို့ကောင်းတယ်။ ဒါနှင့် ကျွန်တော်လဲ ပြဇာတ်ကို ပြန်ဖတ်ရတော့တာပေါ့။ ခက်တာက ကျွန်တော်ကလဲ ဒီလို ပြဇာတ်မျိုးတွေကို တစ်ယောက်တည်း ဖတ်ရမှ သဘောကျတာ။ ဇာတ်လိုက်က ထွက်ပြီး စကားလုံးတွေကို ရွတ်နေရင် ကျွန်တော် နားကို မထောင်ဘူး။ သူတို့ ပြောတာတွေက တမင်လုပ်ပြီး ပြောမှန်း သိပ်သိသာတော့ နားထောင်ရတာ တစ်မျိုးကြီး။

ပြဇာတ်ရုံထဲက လက်မှတ် နှစ်စောင် ဝယ်၊ တက္ကစီ တစ်စင်း ခေါ်ပြီး ပန်းခြံဘက်ကို လာခဲ့တယ်။ အမှန်ကတော မြေအောက်ရထားနှင့် လာခဲ့ဖို့ ကောင်းတာ။ ကျွန်တော့်မှာ ပိုက်ဆံ သိပ်ကျန်တော့တာ မဟုတ်ဘူး။ ဒါပေမယ့် ကျွန်တော့် စိတ်ထဲမှာ ဒီ ဘရော့ဒ်ဝေး ဆိုတဲ့ နေရာက မြန်နိုင်သမျှ မြန်မြန် ဝေးချင်တယ်။ ဒါကြောင့်မို့ တက္ကစီနှင့် လာခဲ့တာ။

ပန်းခြံထဲမှာလဲ ညစ်ပတ်နေတာပဲ။ နေကောင်းကောင်း မပွင့်သေးပေမယ့် သိပ်တော့လဲ အအေးကြီး မဟုတ်လှဘူး။ ပန်းခြံထဲမှာ လူသူ သိပ်မရှိလှဘူး။ ခွေးလေ ခွေးလွင့်တွေရယ်၊ အဘိုးကြီးတွေ ထွေးထားတဲ့ တံတွေးကွက်တွေရယ်နှင့် ဆေးပြင်းလိပ်တိုတွေလောက်ပဲ ရှိတယ်။ ခုံတွေကို ကြည့်ရတာကလဲ နှင်းတွေ စိုရွှဲလို့။ ထိုင်ချလိုက်ရင် ဘောင်းဘီမှာ ပေရေကုန်မှာပဲ။ ကြည့်ရတာကိုက စိတ်ပျက်စရာကြီး။ ဘာဖြစ်လို့မှန်းတော့ မသိဘူး။ ပန်းခြံထဲမှာ လမ်းလျှောက်နေရင်း ကျွန်တော်ဖြင့် ကြက်သီးတွေ ထနေတယ်။ နာတာလူး ပွဲတော် အကြိုနှင့် နည်းနည်းမှ မတူဘူး။ ကျွန်တော်လဲ ပန်းခြံ မုခ်ဦး ဘက်ဆီကို လျှောက်လာခဲ့တယ်။ ညီမလေး ဖီဘီဟာ ပန်းခြံထဲကို လာရင် ဒီနားတစ်ဝိုက်မှာ စကိတ် စီးနေကျ။ သူက ဒီနေရာတစ်ဝိုက်မှာ စကိတ် စီးရတာကို တော်တော် သဘောကျတယ်။ ရယ်စရာတော့ ကောင်းတယ်ဗျာ။ ကျွန်တော် ငယ်ငယ်တုန်းကလဲ စကိတ်စီးရင် ဒီနေရာလေးမှာ လာပြီး စကိတ် စီးတတ်တယ်။

အဲဒီနား ရောက်တော့ ညီမလေးကို ရှာကြည့်တယ်။ အရိပ်အယောင်

တောင် မတွေ့ရဘူး။ စကိတ် စီးနေတဲ့ ကောင်လေး တချို့ကို တွေ့တယ်။ ပြီးတော့ စွန်လွှတ်နေတဲ့ ကောင်လေး နှစ်ယောက် သုံးယောက်ကိုလဲ တွေ့တယ်။ ဒါပေမယ့် ညီမလေး ဖီဘီကိုတော့ မတွေ့ရဘူးဗျ။ သူနှင့် ရွယ်တူ ကောင်မလေး တစ်ယောက် ခုံပေါ်မှာ ထိုင်ပြီး သူ့စကိတ်ကို ပြင်နေတာကို ကျွန်တော် မြင်လိုက်ရတယ်။ ညီမလေးကို သိများ သိမလား၊ ညီမလေး လာ မလာ သူ့ကို မေးရင် ကောင်းမယ်လို့ စိတ်ကူးရတယ်။ ဒါနှင့် ကျွန်တော် သူ့အနားကို ဝင်ထိုင်လိုက်ပြီး.....

'ဒီမှာ ညီမလေး၊ ဖီဘီ ကောဖီးကိုများ သိသလား'

'ဘယ်သူ'

ကောင်မလေးက ဂျင်းဘောင်းဘီနှင့် ဆွယ်တာကို ဝတ်ထားတယ်။ ကြည့်ရတာကတော့ အမေတွေက ဆင်ပေးထားတယ် ထင်တာပဲ။ သူတို့ကို ကြည့်လိုက်ရင် အပျိုကြီးဂိုက် ပေါက်နေတယ်။

'ဖီဘီ ကောဖီးလေ၊ ၇၁ လမ်းမှာ နေတယ်၊ ပြီးတော့ လေးတန်းမှာ'

'ဘာလဲ၊ အစ်ကိုက ဖီဘီနှင့် သိသလား'

'သိတယ်လေ၊ ငါက သူ့အစ်ကိုပဲ၊ ဖီဘီလာတာ တွေ့သလား'

'သူက ဆရာမ ကယ်လန်ရဲ့ အတန်းကလေ၊ ဟုတ်တယ် မဟုတ်လား'

'အဲဒါတော့ ငါမသိဘူးကွ၊ ဟုတ်မှာပေါ့'

'ဒီနေ့ ပြတိုက်ကိုများ သွားမလား မသိဘူး၊ ဟိုတစ်နေ့ကတော့ ပြတိုက် သွားတာပဲ'

'ဘယ်ပြတိုက်လဲ'

ကောင်မလေးက ဘယ်သိမလဲ ဆိုတဲ့ အပေါက်မျိုးနှင့် ပခုံးတွန့်ပြလိုက်ပြီး 'ပြတိုက်လို့ပဲ သိတာပဲ' လို့ ဖြေတယ်။

'ပြတိုက်သွားမှန်းတော့ ငါသိပါတယ်၊ ငါပြောတာက အရုပ်ကားတွေ ချိတ်တဲ့ ပြတိုက်ကိုလား၊ ဒါမှ မဟုတ် အိန္ဒိယ လူနီတွေ အကြောင်း ပြတဲ့ ပြတိုက်လားလို့ မေးတာ'

'အိန္ဒိယ လူနီတွေ ပြတဲ့ ပြတိုက်မှာ'

'အေး ကျေးဇူးပဲ' လို့ ပြောပြီး ကျွန်တော် ထိုင်ရာက ထတယ်။ ဒီ တုန်းမှာ တနင်္ဂနွေနေ့ ဖြစ်ကြောင်းကို ကျွန်တော် သတိရတာနှင့် 'ဒီနေ့ တနင်္ဂနွေလေ၊ ပြတိုက် ပိတ်မှာပေါ့' လို့ ပြောတယ်။

'ဟုတ်လား၊ ဒီလိုဆိုရင် ပြတိုက်မှာ ဘယ်ရှိမလဲ' တဲ့။

ကောင်မလေးက သူ့စကိတ်ဘီးလေးတွေကို တပ်ရင်း အလုပ် များနေတယ်။ သူ့လက်မှာ လက်အိတ် စွပ်မထားတော့ လက်တွေ အေးလို့ ထင်ပါရဲ့၊ နီရဲနေတာပဲ။ ဒါနှင့် ကျွန်တော်က သူ့စကိတ်ကို ကူတပ်ပေးတယ်။ ဒါပေမယ့် ကျွန်တော်က စကိတ်ကို မကိုင်တာ ကြာလှပြီလေ။ ဘယ်လိုပဲဖြစ်ဖြစ် နောက်နှစ်ပေါင်း ငါးဆယ်ကြာလို့ ကျွန်တော့်ကို စကိတ်ဘီး လာပြီး တပ်ခိုင်းရင်လဲ မှောင်ကြီးထဲမှာတောင် တပ်နိုင်ပါတယ်။ သူ့ကို စကိတ်ဘီး တပ်ပေးတဲ့အတွက် သူက ကျေးဇူးတင်ကြောင်း ပြောတယ်။ ကောင်မလေးက ယဉ်ယဉ်ကျေးကျေး၊ သဘောကလဲ ကောင်းရှာပါတယ်။ အမှန်က ဒီအရွယ်လေးတွေပဲ ချစ်စရာကောင်းတာ။ ကျွန်တော်က ကျွန်တော်နှင့် အတူလိုက်ပြီး ချောကလက် ပူပူလေး တစ်ခွက်လောက်ဖြစ်ဖြစ် လိုက်သောက်ပါလားလို့ ပြောတော့ 'တော်ပြီ ကျေးဇူးတင်ပါတယ်' တဲ့။ သူ့မှာ သူငယ်ချင်းနှင့် တွေ့ဖို့ ချိန်းထားတယ်တဲ့။ သူတို့အရွယ်လေးတွေဟာ သူငယ်ချင်းတို့ ဘာတို့ကိုလဲ တော်တော် ခုံမင်ပုံရတယ်။

တနင်္ဂနွေနေ့မို့ ဖီဘီ မလာတော့ပေမယ့် ပန်းခြံထဲမှာလဲ ညစ်ပတ်ပြီး အေးနေတာကြောင့် ကျွန်တော်လဲ ပျင်းပျင်း ရှိတာနှင့် သဘာဝသမိုင်း ပြတိုက်ဘက်ကို လျှောက်လာခဲ့တယ်။ ကောင်မလေး ပြောလိုက်တာ ဒီပြတိုက်ပဲ ဖြစ်မှာပဲ။ ညီမလေးဟာ ကျွန်တော် ငယ်ငယ်က နေခဲ့တဲ့ ကျောင်းမှာပဲ နေတာ။ ကျွန်တော်တို့ ငယ်ငယ်တုန်းကလဲ သဘာဝသမိုင်း ပြတိုက်ကို မကြာခဏ သွားခဲ့ကြရတာပဲ။ ပြီးတော့ အတန်းဆရာမကလဲ ကျွန်တော်တို့တုန်းက ဆရာမဖြစ်တဲ့ မစ္စလက်တင်းဂါးပဲ ဖြစ်မှာပဲ။ သူဆိုရင် ကလေးတွေကို သဘာဝသမိုင်း ပြတိုက်ကိုပဲ ခေါ်မှာပဲ။ တစ်ခါတစ်ရံတော့လဲ ကျွန်တော်တို့ တစ်တွေ တိရစ္ဆာန်တွေကို လျှောက်ကြည့်ကြတယ်။ တစ်ခါတစ်ရံကျတော့လဲ ရှေးတုန်းက အိန္ဒိယ လူနီတွေ လုပ်တဲ့ ပစ္စည်းတွေကို လျှောက်ကြည့်ကြတယ်။ သူတို့ လုပ်ခဲ့တဲ့ အိုးခွက် ပန်းကန်တို့ သူတို့ ရက်ခဲ့တဲ့ မြက်ခြင်းတောင်းတို့ ဘာတို့ပေါ့ဗျာ။ အဲဒီ ပစ္စည်းလေးတွေကို ကြည့်ရတာ အဲဒီတုန်းကတော့ သိပ်ပျော်တာပဲဗျာ။ အဲဒီတုန်းကတင် မဟုတ်ပါဘူးလေ၊ ခုတောင်မှ ဒီ ပစ္စည်းလေးတွေကို ကြည့်ခဲ့ရတာကို ပြန်စဉ်းစားရင် စိတ်ထဲမှာ ကြည်နူးသလိုလို ဘာလိုလိုနှင့် တစ်မျိုးပဲ။ ကျွန်တော်တို့တုန်းကတော့ အဲဒီ ပြတိုက်မှာ ရှိတဲ့ ကိုလံဗတ်ဆိုတဲ့ ခန်းမဆောင်ကြီးထဲမှာ ရုပ်ရှင်တို့ ဘာတို့ သွားပြီး ကြည့်လေ့ရှိတယ်။ အဲဒီကို ရောက်ရင် ကိုလံဗတ် အကြောင်း ရုပ်ရှင်ကတော့ အမြဲလိုလို ပြနေတာပဲ။ ကိုလံဗတ် အမေရိကတိုက်ကို တွေ့ပုံတို့ ဘာတို့ပေါ့ဗျာ။ သူ့ကို စွန့်စား ရှာဖွေဖို့

လွှတ်လိုက်တဲ့ စပိန်ဘုရင် ဖာဒီနန်နှင့် မိဖုရား အစ္စဘယ်လာတို့က သူ့ကို စရိတ်တွေ ပေးလိုက်ပုံ၊ ရွက်သင်္ဘောကြီးတွေ ပေးလိုက်ပုံ၊ သင်္ဘောပေါ်မှာ သင်္ဘောသားတွေ သူပုန်ထပုံ စသည်ပေါ့ဗျာ။ ဒါပေမယ့် ကျွန်တော်တို့က ကိုလံဗတ်တွေ ဘာတွေကို သိပ်ဂရုစိုက်တာ မဟုတ်ပါဘူး။ အဲဒီအခန်းထဲ ရောက်ရင် သကြားလုံးနှင့် ချူးအင်းဂမ်း ဝေလေ့ ရှိတော့ ဝေမယ့် အချိန်ကို စောင့်နေတာပဲ။ အခန်းထဲက အနံ့ကလဲ တစ်မျိုးပဲဗျ။ သင်းနေတာပဲ။ ရုတ်တရက် ကြည့်လိုက်ရင်တော့ အပြင်မှာ မိုးတွေ ရွာပြီး မိုးနံ့လေး မွှေးနေသလိုလို ဘာလိုလိုပဲ။ အမှန်ကတော့ မိုးတစ်စက်မှ ရွာတာ မဟုတ်ဘူး။ အခန်းထဲမှာသာ မိုးနံ့လေး မွှေးပြီး နွေးနွေးလေး ဖြစ်နေတာ။ အဲဒီ ပြတိုက်ကို ကျွန်တော် သိပ် သဘောကျတာပဲ။ ကပွဲခန်းမဆောင်ကြီးကို သွားချင်ရင် အိန္ဒိယ လူနီတွေရဲ့ ပြတိုက်ကို ဖြတ်သွားရတယ်။ ခန်းမဆောင်ကြီးကလဲ အကျယ်ကြီးဗျ။ အထဲကို ရောက်ရင် စကားကျယ်ကျယ် မပြောရဘူး။ တိုးတိုးပဲ ပြောရတယ်။ ပထမ အထဲကို ဆရာမက အလျင် ဝင်သွားရတယ်။ နောက်တော့မှ အတန်းသားတွေ လိုက်သွားရတယ်။ ကျွန်တော်တို့ အတန်းသားတွေက နှစ်ယောက် တစ်တွဲ ဝင်ရတယ်။ အများအားဖြင့် မိန်းကလေးနှင့် ယောက်ျားလေး နှစ်ယောက် တစ်တွဲ စီတန်းပြီး ဝင်သွားရတယ်။ အဲဒီတုန်းက ကျွန်တော်ရဲ့ အဖော်က လီဗိုင်း ဆိုတဲ့ ကောင်မလေးရယ်။ လီဗိုင်း ဆိုတဲ့ ကောင်မလေးက အမြဲ သူများလက်ကို ဆွဲလိုက်တတ်တယ်။ သူ့လက်က ချွေးလား၊ အဆီ ပြန်တာလား မသိဘူး။ အမြဲတမ်း စေးကပ်ကပ်နှင့်။ အောက်က ကြမ်းပြင်ကလဲ ကျောက် ဖြူသား ကြမ်းခင်းကြီးတွေဗျ။ ပြောင်ချောနေတာပဲ။ ကိုယ့်လက်ထဲမှာ ကျောက်ခဲ တစ်လုံးတလေ ပါလာလို့ ကြမ်းပေါ်ကို လွှတ်ချလိုက်ရင် အဝေးကြီး အထိ လိမ့်ပြေးတတ်တယ်။ ကျောက်ခဲက ကြမ်းပြင် လိမ့်ပြေးတော့ ဒေါက် ဒေါက် ဒေါက်နှင့် ဆူသွားတာပဲ။ ဒီလိုဖြစ်ရင် ဆရာမကြီးက နောက်ပြန် လှည့်လာပြီး အတန်းထဲက ဘယ်သူ ဘာဖြစ်တာလဲ ဘာလုပ်လိုက်တာလဲလို့ စစ်တော့ တာပဲ။ ဒါပေမယ့် ဆရာမကြီးက သဘောကောင်းတော့ ဘယ်တော့မှ မဆူဘူးဗျ။ ပထမ အိန္ဒိယ လူနီတွေ စီးတဲ့ သစ်ထွင်း လှေတွေကို ပြထားတဲ့ ပြခန်းကို ဖြတ်ရတယ်။ သစ်ထွင်းလှေ တစ်စင်းက ကာဒီလက်ကားကြီး သုံးစင်း ဆက် ထားတာလောက် ရှိတယ်။ သစ်ထွင်းလှေတွေပေါ်မှာ အိန္ဒိယ လူနီတွေက သူတို့ စစ်တိုက်ရင် ဆိုးတဲ့ ဆေးနီတွေကို မျက်နှာမှာ ဆိုးလို့။ တချို့က လှော်၊ တချို့က ထိုင်၊ တချို့က မတ်တတ်ကြီးတွေ ရပ်လို့။ သူတို့ ကြည့်ရတာ

ကိုက ကြောက်စရာကြီးတွေ။ အဲဒီလေ့ နောက်ဆုံးမှာ မျက်နှာဖုံး တပ်ထားတဲ့ လူနီကြီး တစ်ယောက်လဲ ပါလာတယ်။ သူက ဆေးဆရာလေ။ သူတို့ခေတ်တုန်းကတော့ မှော်ဆရာပေါ့ဗျာ။ မှော်ဆရာကြီးကို ကြည့်ရင်း ကျွန်တော်ဖြင့် ကြက်သီးတွေ ထ ထသွားတာပဲ။ ဒါပေမယ့် ဘာဖြစ်လို့မှန်း မသိဘူး၊ အဲဒီ မှော်ဆရာကြီးကိုပဲ ကျွန်တော်က သဘောကျနေတယ်။ အဲဒီလို လျှောက်ကြည့်နေတုန်း ကိုယ်က လေ့တို့ ဘာတို့ကို လက်နှင့် ကိုင်ကြည့်ရင် အစောင့်က 'ဟေ့ ကလေးတွေ၊ လက်နှင့် မကိုင်နှင့်၊ လက်နှင့် မကိုင်နှင့်' လို့ ပြောတတ်သေးတယ်။ ဒါပေမယ့် သူ ပြောတာက ချိုချိုသာသာပါ။ ဟိုပုလိပ်ဆိုတဲ့ ငနဲတွေလို မဟုတ်ပါဘူး။ အဲဒီက လွန်တော့ မှန်တွေ ကာထားတဲ့ အခန်းကြီးထဲမှာ အိန္ဒိယလူနီတွေရယ်။ တချို့က တုတ်ချောင်းကို ပွတ်ရင်း မီးပွတ်နေကြတယ်။ တချို့က စောင်ရက်လို့။ အိန္ဒိယ လူနီ အမျိုးသမီးကြီးတွေက ငုံ့ပြီး စောင်ရက်နေတော့ သူတို့ ရင်အုံဟာ အောက်ကို တွဲကျနေတယ်။ ကျွန်တော်တို့ ကောင်လေးတွေက အဲဒီ လူနီမကြီးရဲ့ ရင်အုံကို သွားသွားပြီး ချောင်းကြည့်ရတာလဲ အမောပဲ။ ကျွန်တော်တို့တင် မဟုတ်ပါဘူးလေ။ ကောင်မလေးတွေလဲ သွားသွားပြီး ချောင်းကြည့်ကြတာပဲ။ အဲဒီတုန်းက ကျွန်တော်တို့ တစ်တွေက ကလေးတွေ ဆိုတော့ ကောင်မလေးတွေ ရင်အုံလေးတွေကလဲ ယောကျာ်းလေးတွေနှင့် အတူတူပဲ ဖြစ်နေကြတာကိုး။ ဒီတော့ သူတို့အဖို့လဲ ဆန်းနေတာပေါ့။ အဲဒီကနေ နောက်တစ်ခန်းကို ရောက်တဲ့ အခါကျတော့ အက်စကီမို လူမျိုးတွေရဲ့ ပြခန်းကို ရောက်သွားတယ်။ အက်စကီမိုကြီးက ရေခဲပြင်ကြီးထဲက ကျင်းပေါက်ကြီး တစ်ခုနား ထိုင်ပြီး ငါးမျှားနေတယ်။ အနားမှာလဲ သူ ဖမ်းလို့ မိထားတဲ့ ငါး နှစ်ကောင် ချထားတယ်။ ကိုယ့်လူရေ အဲဒီ ပြတိုက်ကတော့ တစ်ခန်းလုံး မှန်ခန်းတွေချည်းပဲဗျ။ ပြီးတော့ အပေါ်ထပ်တွေလဲ ရှိသေးတယ်။ အဲဒီ အထပ်တွေမှာ သမင်တွေက ရေအိုင်တွေနားမှာ ရေသောက်လို့။ ငှက်တွေက ဆောင်းရှောင်ဖို့ အတွက် တောင်ဘက်ကို ပျံသန်းလို့။ ကိုယ့် အနားမှာ ရှိတဲ့ ငှက်ကို သေသေချာချာ ကြည့်လိုက်တော့ ရုပ်လုံး သွင်းထားတဲ့ ငှက်ကလေးဗျ။ ဝါယာကြိုးပေါ်မှာ ချိတ်ထားတာ။ ဟိုနောက်နားက မြင်ရတဲ့ ငှက်တွေက နံရံမှာ ပန်းချီ ရေးထားတာ။ ဒါပေမယ့် တကယ်ပဲဗျာ၊ အဝေးကနေ ကြည့်ရင် ငှက်ကလေးတွေ ပျံနေတာနှင့် သိပ်တူတာပဲ။ အဲဒီ ပြတိုက်မှာ ကောင်းတာက ပြတိုက်ထဲမှာ ရှိတဲ့ အရာဝတ္ထုတွေ အားလုံး ငြိမ်သက်နေတာပဲ။ ဘယ်ပစ္စည်းမှ လှုပ်ရှားတာရယ်လို့ မရှိဘူး။ တတ်နိုင်လို့ ခင်ဗျား အကြိမ် တစ်ထောင် သွား

ကြည့်ရင်လဲ အက်စကီမိုတွေက ငါးမျှား နေတုန်းပဲ။ ငှက်လေးတွေကလဲ တောင်ဆီကို ပျံနေတုန်းပဲ။ သမင်လေးတွေကလဲ ရေအိုင်ထဲက ရေကို သောက်ကြတုန်းပဲ။ ဦးချိုတွေနှင့် ခြေထောက်လေးတွေက လှပါဘိသနှင့်။ အိန္ဒိယလူနီမကြီးကလဲ နို့ပျင်းကျကြီးတွေနှင့် ရက်ကန်း ရက်တုန်းပဲ။ ဘယ်သူမှ ပြောင်းလဲခြင်း မရှိဘူး။ အလျင်က အတိုင်းပဲ။ အဲ ပြောင်းလဲတဲ့ သူကတော့ ကိုယ်ပဲ။ အသက် ကြီးသွားလို့ ပြောင်းလဲတာမျိုးကို ကျွန်တော် ပြောတာ မဟုတ်ပါဘူး။ အလျင် တစ်ခါကနှင့် မတူတော့တာကို ပြောတာပါ။ အလျင် တစ်ခါတုန်းက ခင်ဗျားမှာ ကုတ်အင်္ကျီ မပါပေမယ့် ဒီတစ်ခါကျတော့ ကုတ်အင်္ကျီကြီးနှင့် ဖြစ်ချင် ဖြစ်နေမယ်။ ဒါမှ မဟုတ်ရင်လဲ အလျင် တစ်ပတ်တုန်းက ကိုယ်နှင့်အတူ တန်းစီခဲ့တဲ့ ချာတိတ်ဟာ သွေးလွန်တုပ်ကွေး ဖြစ်လို့ အိပ်ရာထဲ လဲပြီး ဒီတစ်ခါကျတော့ ဒိုပြင် ချာတိတ်တစ်ယောက်နှင့် ကပ်လျက် ဖြစ်ချင် ဖြစ်နေမယ်။ ဒီတစ်ခေါက်မှာ အိတ်တယ်လင်းဂါး ဆိုတဲ့ ကောင်မလေးနှင့် သွားခဲ့ပေမယ့် နောက် တစ်ခေါက်ကျတော့ အတန်းသားတွေနှင့် ဖြစ်ချင် ဖြစ်နေမယ်။ ကိုယ် ထွက်လာကာနီးမှာ အဖေနှင့် အမေက ရေချိုးခန်းထဲမှာ ရန်ဖြစ်ချင် ဖြစ်နေမယ်။ ဒါမှမဟုတ်သေးရင်လဲ ရေထဲမှာ ဓာတ်ဆီ သက်တန့်ရောင်တွေ သန်းနေတဲ့ ရေအိုင် ကလေးတွေကို ကျော်လာချင် လာခဲ့ရမယ်။ ကျွန်တော် ပြောချင်တာက နောက် တစ်ခေါက်ဟာ အလျင် တစ်ခေါက်နှင့် မတူဘူးဗျာ။ ဘယ်လို ပြောရမလဲတော့ မသိဘူးဗျာ။ ကျွန်တော်က နားလည်အောင် ပြောချင်မှ ပြောတတ်မှာ။ ပြောနိုင်သည့်တိုင်အောင်လဲ ကျွန်တော် ဆိုလိုတဲ့ သဘောကို ရောက်မှ ရောက်ပါ့မလား မဆိုနိုင်ဘူး။

လမ်းလျှောက်လာရင်း အိတ်ထဲက တောလိုက် ဦးထုပ်လေးကို ထုတ်ပြီး ဆောင်းလိုက်တယ်။ ကျွန်တော့် အသိတွေနှင့် တွေ့မှာ မဟုတ်ပါဘူး။ ကျွန်တော် သိပါတယ်။ အပြင်မှာ တော်တော်လေး အေးနေတယ်။ ကျွန်တော်လဲ ရှေ့ဆက်ပြီး လျှောက်လာရင်း ကျွန်တော့် ညီမလေး ဖီဘီလဲ စနေနေ့တို့ ဘာတို့ ဆိုရင် ကျွန်တော့်လိုပဲ ပြတိုက်တို့ ဘာတို့ကို သွားမှာပဲလို့ တွေးလာခဲ့တယ်။ ကျွန်တော် မြင်ခဲ့တဲ့ အတိုင်း ပြတိုက်ထဲက ပစ္စည်းတွေ မြင်ရင် ဘယ်လိုနေမလဲ။ အဲဒီ ပြတိုက်ကို သွားတိုင်း သူလဲ ဘယ်လိုများ ပြောင်းလဲသွားမလဲလို့ ကျွန်တော် တွေးနေတယ်။ ဒါတွေကို တွေးလိုက်တော့ ကျွန်တော့် စိတ်ထဲမှာ ဝမ်းနည်းလဲ မသွားဘူး။ ပျော်လဲ မပျော်ဘူး။ တချို့ပစ္စည်းတွေကျတော့လဲ ပြောင်းလဲခြင်း မရှိ၊ ဒီအတိုင်း ရှိနေတာ ကောင်းပါလားလို့ ဆိုတဲ့ အသိကို ကျွန်တော်

ရလာတယ်။ ဟုတ်တယ်ဗျာ၊ လောကကြီးထဲက တချို့ ပစ္စည်းတွေကိုလဲ ဒီအတိုင်းပဲ မှန်ဗီရိုကြီးတွေနှင့် ထည့်၊ ဘာမှလဲ ပြောင်းလဲခြင်း မရှိအောင် ထားနိုင်တယ် ဆိုရင် တော်တော် ကောင်းမှာပဲနော်။ မဖြစ်နိုင်မှန်းတော့ သိပါတယ်ဗျာ။ ဒါပေမယ့် ဒီလို ပြောင်းလဲသွားတာကတော့ ဘယ်ကောင်းမလဲဗျာ။ မဟုတ်ဘူးလား။ ဘယ်လိုပဲ ဖြစ်ဖြစ် ကျွန်တော်ကတော့ လမ်းလျှောက်လာရင်း ဒီအကြောင်းကို တွေးနေမိတယ်။

ဒီလိုနှင့် ပန်းခြံနား ရောက်တော့ ကျွန်တော် ရပ်ပြီး လှမ်းကြည့်နေမိတယ်။ ပန်းခြံထဲက ဆီးဆော အပေါ်မှာ ချာတိတ်ကလေး နှစ်ယောက် ဆီးဆော စီးနေကြတယ်။ တစ်ယောက်က ဝဝ ကလေး။ တစ်ယောက်က ပိန်ပိန်လေးရယ်။ ကျွန်တော်က ဆီးဆော ခုံကြီး ညီသွားအောင် ပိန်ပိန် ချာတိတ်ရဲ့ ဘက်က ခုံစွန်းကို လက်နှင့် အသာကလေး ထိန်းပေးထားလိုက်တယ်။ ဒါပေမယ့် သူတို့က သူတို့ အနားမှာ ကျွန်တော် လာရပ်နေတာကို သိပ်သဘောကျပုံ မရဘူး။ ဒါနှင့် ကျွန်တော်လဲ ဆက်လျှောက်လာခဲ့တယ်။

ဒီတုန်းမှာ ရယ်စရာကောင်းတဲ့ ကိစ္စတစ်ခု ပေါ်လာတယ်။ ပြတိုက်နားကို ရောက်တော့ ပြတိုက်ကြီးထဲကို ကျွန်တော် ဝင်ကြည့်ချင်စိတ် ပျောက်သွားတယ်။ ဘာဖြစ်လို့မှန်းတော့ မသိဘူး၊ ကျွန်တော့်ကို သိပ်မဆွဲဆောင်နိုင်တော့ဘူး ထင်ပါရဲ့။ ဒါနှင့် ပန်းခြံထဲမှာ လျှောက်ပြီး မယောင်မလည် လုပ်နေတယ်။ ဖီဘီကိုလဲ တွေ့လိုတွေ့ငြားပေါ့လေ။ ဒါပေမယ့် မတွေ့ပါဘူး။ ဒါနှင့် ပြတိုက်နားလဲ ရောက်ရော ကျွန်တော်လဲ တက္ကစီ တစ်စင်းကို ခေါ်ပြီး ဘီလ်မိုးကို ထွက်လာခဲ့တယ်။ ပြဇာတ် မကြည့်ချင်တော့ဘူးလေ။ ဆယ်လီနှင့် ချိန်းပြီး လျှောက်လည်ရရင် ကောင်းမှာပဲလို့ စိတ်ကူး ရလာတယ်။

# ၁၇

ကျွန်တော် ရောက်သွားတော့ အစောကြီး ရှိသေးတယ်။ ဒါနှင့် ကျွန်တော်လဲ ညေ့်ခန်းထဲက နာရီကြီးနားက သားရေ အုပ်ထားတဲ့ ထိုင်ဖုံကြီး တစ်လုံးပေါ်မှာ ဝင်ထိုင်ရင်း ကောင်မလေးတွေကို ကြည့်နေတယ်။ ကျောင်းပိတ်ရက်ဆိုတော့ ဟိုတယ် တစ်ခုလုံး ကျောင်းသူ ကျောင်းသားတွေ ပြည့်နေတာပဲ။ ကောင်မလေး တွေ ဆိုတာကတော့ မပြောနှင့်တော့။ တချို့က ထိုင်လို့။ တချို့က ရပ်လို့။ ကိုယ်နှင့် ချိန်းထားတဲ့ အဆက်တွေကို စောင့်နေကြတာလေ။ ပေါင်နှစ်လုံး ထပ်ပြီး ထိုင်နေတဲ့ ကောင်မလေးတွေ၊ ပေါင်နှစ်လုံးကို မထပ်ဘဲ ထိုင်နေတဲ့ ကောင်မလေးတွေ၊ ခြေထောက် တုတ်တုတ်ကြီးတွေနှင့် ကောင်မလေးတွေ၊ ခြေတံ သေးသေး သွယ်သွယ်နှင့် ကောင်မလေးတွေ၊ တချို့လဲ သိပ်မှည့်တဲ့ ကောင်မလေးတွေ၊ တချို့လဲ ခပ်ဟော့ဟော့ ကောင်မလေးတွေ။ တကယ်ပဲဗျာ၊ ပြခန်းကြီး တစ်ခုထဲကို ရောက်နေသလိုပဲ။ သူတို့ကို ကြည့်ရင်း ကျွန်တော် နည်းနည်း ဝမ်းနည်း သလိုလို ဖြစ်လာတယ်။ ခင်ဗျား စဉ်းစားကြည့်လေ။ တစ်နေ့ကျရင် ဒီကောင်မလေးတွေ ဘာတွေ ဖြစ်ကုန်ကြမလဲ မသိဘူး။ အဲဒါကို တွေးမိတော့ စိတ်ထဲမှာ ဝမ်းနည်း သလိုလိုပဲ။ သူတို့ ကျောင်းက ထွက်ပြီးတဲ့ အချိန်ကို ကျွန်တော် မှန်းဆ ကြည့်တာပါ။ ခင်ဗျား တွေးကြည့်စမ်း။ ဘယ်လို ကောင်မျိုးတွေနှင့်များ ရကုန်ကြမလဲ မသိဘူး။ တချို့ကျတော့လဲ ငါ့ကားက ဆီတစ်ဂါလန်ကို ဘယ်နှစ်မိုင် ရတယ်ကွလို့ အကြွားသန်မယ့် ကောင်မျိုးတွေ၊ တချို့ကျတော့လဲ ဂေါက်သီး ရိုက်တာ ရှုံးရင် တရှူးရှူး တရှုံ့ရှုံ့နှင့် ကလေးဆန်တဲ့ ကောင်မျိုးတွေ၊ တချို့ကျတော့ ကောင်ရှုပ်တွေ၊ တချို့ကျတော့ စာအုပ်ဆိုလို့ ဘာစာအုပ်မှ မဖတ်ဖူးတဲ့ ကောင်မျိုးတွေ၊ တချို့ တော်တော် ငြီးငွေ့စရာကောင်းတဲ့

http://nyisay.com



ကောင်မျိုးတွေ။ အဲ ငြီးငွေ့စရာ ကောင်းတဲ့ ကောင်တွေဆိုလို့ ပြောလိုက်ရဦးမယ်။ ကျွန်တော့် စိတ်ထဲမှာ တချို့ ကောင်တွေဟာ တော်တော် ငြီးငွေ့စရာကောင်းတယ်လို့ ထင်တယ်လေ။ အဲဒီလို ကောင်မျိုးတွေ ဆိုရင် ကျွန်တော် ဘယ်လို ပေါင်းရမှန်းကို မသိဘူး။ တကယ်ဗျ။ ကျွန်တော် အက်တန် ကျောင်းမှာ နေခဲ့ရတုန်းက ဆိုရင် အဲဒီလို ကောင်မျိုးနှင့် နှစ်လလောက် တစ်ခန်းထဲ နေခဲ့ရဖူးတယ်။ ဒီကောင့် နာမည်က ဟဲရစ်တဲ့။ ဉာဏ်တို့ ဘာတို့တော့ ကောင်းပါရဲ့။ ဒါပေမယ့် တော်တော် ငြီးငွေ့စရာကောင်းတဲ့ ကောင်ဗျာ။ အသံက ပျာတာတာနှင့်။ ပြောလိုက်တဲ့ စကားကလဲ မပြောပါနှင့်တော့။ တချိန်လုံး ပြောနေတော့တာပဲ။ သူ ပြောတဲ့ စကားတွေထဲမှာ ကိုယ် နားထောင်ချင်တဲ့ စကားမျိုးဆိုလို့ တစ်လုံးမှ မပါတော့ တော်တော်ကို စိတ်ပျက်စရာ ကောင်းတာပဲ။ ဒါပေမယ့် ဒီကောင် တော်တာ တစ်ခုတော့ ရှိတယ်ဗျ။ တော်တော် လေချွန်ကောင်းတယ်။ အိပ်ရာ ခင်းနေတုန်း၊ အဝတ်အစားတွေကို ဗီရိုထဲမှာ ချိတ်နေတုန်း၊ အဝတ်အစားကလဲ တစ်နေ့ တစ်နေ့ကို ဗီရိုထဲမှာ ဘယ်နှစ်ခါ တောင် ချိတ်သလဲ မသိဘူး၊ ခဏ ခဏပဲ။ အဲဒီလို အလုပ် လုပ်နေတုန်းဆိုရင် ဒီကောင်က လေကလေး တချွန်ချွန်နှင့်။ စကား ပြောရင်ပြော မပြောရရင် ဒီကောင်ဟာ လေချွန် နေတာချည်းပဲ။ ဒီကောင်က သီချင်းကြီးတွေ ဘာတွေကိုလဲ လေချွန်တတ်တယ်။ အများအားဖြင့် ဂျက်ဇ် သီချင်းတွေကို လေချွန်တတ်တယ်။ ဥပမာ 'အပြာရောင်အမိုး' ဆိုတဲ့ သီချင်းတို့ ဘာတို့ကို လေချွန်တယ်ဆိုရင် အရမ်းကို နားထောင် ကောင်းတာပဲဗျာ။ ကျွန်တော်ကလဲ သူ လေချွန်ကောင်းတာကို တမင် မပြောဘူး။ ထုတ်ပြီးပြောရင် ဒီကောင် ဘဝင် ကိုင်သွားမှာ စိုးလို့ တမင် မပြောဘဲနေတာ။ ဒါတော့ ခင်ဗျားလဲ ပြောမှာ မဟုတ်ဘူး။ 'ဟေ့ကောင် မင်း လေချွန်တာ အရမ်း ကောင်းတာပဲကွာ' လို့တော့ ဘယ်ပေါ် တင်ကြီး ပြောပါ့မလဲ။ ဒါပေမယ့် ဒီကောင်နှင့် နှစ်လလောက် နေခဲ့တုန်းကတော့ ဒီကောင် စကားများလွန်းလို့ ကျွန်တော့်မှာ နှစ်လလောက် ဝဋ်ခံလိုက်ရတာဗျာ။ မပြောပါနှင့်တော့။ စကားများပြီး ငြီးငွေ့စရာ ကောင်းတဲ့ကောင်တွေ အကြောင်းကို ကျွန်တော် သိပ်တော့ မသိပါဘူး။ ဘယ်လိုပဲ ဖြစ်ဖြစ်ဗျာ၊ ကောင်မ ချောချောလှလှကလေးတွေ အဲဒီလို ကောင်တွေနှင့် ရမှာကိုတော့ ကျွန်တော် သိပ်နှမြောတာပဲ။ ဒီကောင်မျိုးတွေက ဘယ်သူ့ကိုမှတော့ အန္တရာယ် မပေးတတ်ပါဘူး။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ကောင်မချောချော ကလေးတွေ ဒီလို ကောင်မျိုးတွေနှင့် ရဖို့တော့ မကောင်းဘူးပေါ့။ မဟုတ်ဘူးလား။

လေလွင့်သူ

ခဏကြာတော့ ဆယ်လီရယ်၊ လှေကားပေါ်က တက် လာ တယ် ဗျ။ ကျွန်တော်လဲ အောက်ကို ဆင်းကြိုပါတယ်။ လှလိုက်တာဗျာ။ သိပ်မိုက်တာပဲ။ တကယ် ပြောတာ။ ဝတ်စုံ အနက်လေးကို ဝတ်ပြီး ခေါင်းမှာ ဦးထုပ် နက်ကလေးကို ဆောင်းလို့။ ဆယ်လီဟာ ဦးထုပ်တို့ ဘာတို့ကို သိပ်ဆောင်းလေ့ ရှိတာ မဟုတ်ဘူးဗျ။ ဒါပေမယ့် ဘယ်ရီကက်လေးနှင့် ကျတော့ သိပ်ကြည့်ကောင်းတာပဲဗျာ။ ကျွန်တော်တော့ သူ့ကို မြင်မြင်ချင်း တစ်ခါတည်းကို လက်ထပ်ချင် စိတ်တွေ ပေါက်သွားတာပဲ။ ကျွန်တော်ဆိုတဲ့ ကောင်ကလဲ တော်တော် ရူးတဲ့ ကောင်။ တကယ်က ကျွန်တော်ဟာ သူ့ကို ဒီလောက် ကြိုက်လှတာ မဟုတ်ဘူး။ ဒါပေမယ့် ခုတော့ မြင်လိုက်တာနှင့်ကို တစ်ခါတည်း အိမ်ထောင်ကျချင်စိတ် ပေါက်သွားတာပဲ။ တကယ်ပါဗျာ။ ဘုရားပေးပေး ကျမ်းပေးပေးပါ။ ကျွန်တော် ကိုန်ပြောရဲပါတယ်။

'ကောဖီးရေ၊ တွေ့ရတာ ဝမ်းသာလိုက်တာဟာ၊ မတွေ့ရတာ တော်တော်ကို ကြာလှပြီ' လို့ သူက ပြောတယ်။ ဆယ်လီဟာ ဒီလိုပဲ တွေ့ရင် အသံလေး ခပ်ကျယ်ကျယ်နှင့် ပြောတတ်တယ်။ သူ့ အသံကို ကျွန်တော် သိပ်တော့ မကြိုက်ဘူးဗျ။ ဒါပေမယ့်ဗျာ၊ ရုပ်ချောတော့ ဒါတွေ ဘာတွေကို သိပ်မစဉ်းစားမိတော့ပါဘူး။

'တွေ့ရတာ ဝမ်းသာတယ်ဟာ၊ နင်ကော နေထိုင်ကောင်းတယ်နော်'

'ကောင်းပါတယ်၊ ဘာလဲ ကိုယ် လာတာ နောက်ကျသွားသလား'

'နောက်မကျပါဘူး' လို့ ကျွန်တော်က ဖြေလိုက်တယ်။ အမှန်ကတော့ ဆယ်မိနစ်လောက် နောက်ကျနေတယ်။ ဒါ အရေးမကြီးပါဘူးဗျာ။ တနင်္ဂနွေ သတင်းစာက ရုပ်ပြတွေ ဘာတွေထဲမှာ ကိုယ့်အဆက် မလာလို့ လမ်းထောင့်မှာ ရုပ်စောင့်ရင်း ဒေါတွေ ဘာတွေ  ပွနေတဲ့ အရုပ်တွေကို မြင်ဖူးတယ် မဟုတ်လား။ ဒါပေမယ့် ဒါတွေက အလကားပါဗျာ။ တကယ်ကျတော့ ဒီလို မဟုတ်ပါဘူး။ ရောက်လာလို့ ကိုယ်ကြိုက်တဲ့ ကောင်မလေး ချောချောလှလှကို မြင်လိုက်တယ် ဆိုရင် နောက်ကျတာတွေ ဘာတွေကို ဘယ်သူ သတိရနေမှာလဲ။ ဘယ်သူမှ သတိရတာ မဟုတ်ပါဘူး။

'လာ၊ ခပ်သုတ်သုတ် သွားကြရအောင်၊ ပြဇာတ်က နှစ်နာရီ မိနစ်လေးဆယ်မှာ စမှာ'

ကျွန်တော်တို့လဲ လှေကားအတိုင်း ဆင်းလာပြီး တက္ကစီတွေ ရပ်ထားတဲ့ နေရာကို လာခဲ့ကြတယ်။

http://nyisay.com



'တို့ ဘာပြဇာတ် ကြည့်မှာလဲ'

'ဘာပြဇာတ်မှန်းတော့ မသိဘူး၊ လန့်ရဲ့ ပြဇာတ်ပဲ၊ လက်မှတ်ကလဲ ဒီပြဇာတ် အတွက်ပဲ ဝယ်လို့ ရတော့တယ်'

'ဟုတ်လား၊ သိပ်ကောင်းတာပေါ့ဟာ'

ကျွန်တော် ပြောတယ် မဟုတ်လား။ ဒီပြဇာတ်ဆိုရင် သူ သဘောကျမှာပါလို့။

ပြဇာတ်ရုံကို သွားရင်း တက္ကစီပေါ်မှာ ကျွန်တော်တို့ နှစ်ယောက် နည်းနည်းပါးပါး ပွတ်သီးပွတ်သပ် လုပ်ကြတယ်။ အစတုန်းကတော့ သူက ငြင်းတယ်။ သူ့ နှုတ်ခမ်းဆိုး ဆေးတွေ ပျက်ကုန်လိမ့်မယ်တဲ့။ ဒါပေမယ့် ဘာရမလဲ။ ကျွန်တော်က နသားပါယား လုပ်တော့ သူက လိုက်လျောရတာ ပေါ့လေ။ လမ်းမီးပွိုင့်ရောက်လို့ ကား နှစ်ခါ ထိုးရပ်ရသေးတယ်။ တစ်ခါတော့ ကံကောင်းလို့။ ကျွန်တော် ထိုင်ခုံပေါ်က အောက်ကို ကျသွားတော့မလို့။ ဒရိုင်ဘာဆိုတဲ့ ဘဲတွေဟာ တော်တော် စိတ်ပျက်ဖို့ ကောင်းတယ်ဗျာ။ ကား ကောင်းရင် အရမ်း မောင်းတာပဲ။ ကားပေါ်က ဆင်းလာတော့ ကျွန်တော်က သူ့ကို ဘယ်လောက် ချစ်နေကြောင်း ဘာညာ စသည်ဖြင့် ပြောလိုက်တယ်။ အမှန်ကတော့ ရူးနေတာဗျ။ ဒါပေမယ့် ပြောလိုက်တုန်းကတော့ တကယ် စိတ်ပါလက်ပါ ပြောလိုက်တာပါဗျာ။ ဘုရားစူးပါ။

'ကိုယ်ကလဲ ချစ်နေတာ' လို့ သူက ပြန်ပြောတယ်။ ပြီးတော့မှ တစ်ဆက်တည်း လေသံလေးနှင့် သူ့ ဆံပင်ကလဲ ရှည်ရှည် ထားစမ်းပါ၊ ဆံပင်တိုကြီးနှင့် ကြည့်ရတာ သိပ်အောက်တာပဲ၊ ဆံပင်လေးတွေက သိပ်ချစ်စရာ ကောင်းတာ' တဲ့။

ချစ်စရာ ကောင်းတယ်တဲ့။

ကျွန်တော် ကြည့်ဖူးတဲ့ ပြဇာတ်တွေထဲမှာ ဒီပြဇာတ်ကတော့ သိပ် မဆိုးလှပါဘူး။ နည်းနည်းတော့ အပေါစား ဆန်တယ်ပေါ့ဗျာ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးထောင်လောက် ကတည်းက ကခဲ့တဲ့ ပြဇာတ်မျိုးပါ။ အဘိုးကြီး အဘွားကြီး ဇနီးမောင်နှံတို့ရဲ့ အနှစ် ငါးထောင်လောက်ကြာတဲ့ ဇာတ်လမ်းမျိုး ဆိုပါတော့ဗျာ။ ငယ်ငယ်တုန်းက သူတို့ နှစ်ယောက် သိပ်ချစ်ကြတယ်။ ကောင်မလေး မိဘတွေက ကောင်လေးနှင့် သဘောမတူဘူး။ ဒါပေမယ့် ကောင်မလေးက ကောင်လေးနှင့် လက်ထပ်လိုက်တယ်။ ဒီလိုနှင့် သူတို့ ဇနီးမောင်နှံ အသက်တွေ ကြီးလာကြတယ်။ ယောက်ျားက စစ်မြေပြင်ကို ထွက်သွားရ

တယ်။ သူ့ဇနီးမှာ အရက်သမား လူဆိုး လူပေ မောင်တစ်ယောက် ရှိတယ်။ အမှန်တော့ ဇာတ်လမ်းက ပျင်းစရာကြီးပါဗျာ။ ကျွန်တော်တော့ နည်းနည်းလေးမှ စိတ်မဝင်စားဘူး။ မောင်က အရက်သမား ဖြစ်တော့ ဘာဖြစ်သလဲဗျ။ ကျွန်တော် ဆိုရင် ကိုယ့် မိသားစုထဲမှာ ဘယ်သူဘာဖြစ်ဖြစ် ဒီလောက် စိတ်မထိခိုက်လှ ပါဘူး။ သေသွားတော့ကော ဘာဖြစ်သလဲ။ တကယ်တော့ ဇာတ်ထဲမှာ သရုပ် ဆောင်နေတဲ့ ကိစ္စပဲ။ လင်နှင့် မယား သရုပ်ဆောင်ပုံကလဲ ကောင်းပါတယ်။ ရယ်လဲ ရယ်ရတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ သိပ်ပြီး စိတ် မဝင်စား လှပါဘူး။ တစ်ဇာတ်လုံး လင်မယား နှစ်ယောက်က လက်ဖက်ရည်ပဲ သောက် နေကြတာပဲ။ ကန့်လန့်ကာ မဖွင့်နှင့်၊ ဖွင့်လိုက်တာနှင့် တစ်ပြိုင်နက် အိမ်ဖော် က လက်ဖက်ရည် ဗန်းကိုရင်လဲ လာချမယ်။ ဒါမှမဟုတ် မယားကရင်လဲ တစ်ယောက်ယောက် အတွက် လက်ဖက်ရည် ငှဲ့ပေးနေမယ်။ ပြီးတော့ တစ် ယောက် ဝင်လာလိုက် တစ်ယောက်က ထွက်သွားလိုက်နှင့် မျက်စိကို နောက် နေတာပဲ။ ပြဇာတ်ထဲမှာ လင်နှင့်မယား အဖြစ် သရုပ်ဆောင်တာက အယ်လ် ဖရက်လန့်နှင့် လင်းဖောင်တန်က သရုပ်ဆောင်ကြတယ်။ သူတို့ သရုပ်ဆောင် တာလဲ သိပ်တော့ မဆိုးလှပါဘူး။ ကျွန်တော်တော့ မကြိုက်ဘူး။ တစ်မျိုးပဲ။ အေးလေ တစ်မျိုးလို့ပဲ ပြောရမှာပဲ။ သူတို့ကို ကြည့်ရတာ အပြင်က တကယ့် လူတွေနှင့် မတူဘူး။ တကယ့် လူတွေနှင့် မတူလို့ သရုပ်ဆောင်တွေလို သရုပ် ဆောင်သလား ဆိုတော့ ဒီလိုလဲ မဟုတ်ဘူး။ ဘယ်လို ပြောရမလဲ မသိဘူးဗျာ။ သူတို့ သရုပ်ဆောင်နေပုံက ဘာနှင့် တူသလဲ ဆိုတော့ တို့ဟာ နာမည်ကျော် မင်းသား မင်းသမီးတွေ၊ ဒီတော့ နာမည်ကျော်တွေ သရုပ်ဆောင်သလိုပဲ ဆောင် မယ်ဆိုတဲ့ ပုံမျိုး ဖြစ်နေတယ်။ သရုပ်ဆောင်တာလဲ ကောင်းတော့ ကောင်း ပါတယ်။ ဒါပေမယ့် သိပ်ကောင်းလွန်း နေတယ်လေ။ တစ်ယောက်ယောက် စကားပြောလို့ ပြီးသွားရင် နောက်တစ်ယောက်ကလဲ စဉ်းစားမနေဘူး၊ နောက် ကနေ ဒေါက်ဒေါက် ဒေါက်ဒေါက်နှင့် ပြောသွားတာပဲ။ သူတို့က အပြင်မှာ တကယ့်လူတွေ စကားပြောသလို တစ်ယောက် မပြီးခင် တစ်ယောက် ဖြတ် ပြော၊ တစ်ယောက် ပြောမယ် လုပ်တုန်းမှာ တစ်ယောက်က လုပြော၊ ဒီလိုပဲ အပြင်က သရုပ်နှင့် တူအောင်တော့ လုပ်တာပဲ။ ဒါပေမယ့် သိပ်တူလွန်းနေ တယ်။

သူတို့ စကား ပြောခန်းတွေက အာနီ စန္ဒရား တီးသလို ဟန်များ လွန်းနေတယ်။ သိပ်ပြီး ကောင်းတာကို လုပ်နေရင် တကယ်လုပ်တာနှင့် မတူ

တော့ဘူး။ ရှိုးထုတ်နေတာနှင့် တူနေတယ်။ အဲဒီလို ရှိုးထုတ်တာနှင့် တူနေတယ် ဆိုရင် ဘယ်လောက်ပဲ ကောင်းအောင် လုပ်လုပ် မကောင်းတော့ဘူး။ ခက်တာက ဇာတ်တစ်ဇာတ်လုံးကလဲ သူတို့ နှစ်ယောက်တည်းပဲ သယ်သွားတာပဲ။ တော်တော်တော့ ကောင်းပါတယ်။ ဒါကိုတော့ ကျွန်တော် မငြင်းလိုပါဘူး။

တစ်ခန်းပြီးတော့ ကျွန်တော်တို့လဲ တခြားလူတွေနှင့် အတူ ဆေးလိပ်တို့ ဘာတို့ သောက်ဖို့ အပြင်ကို ထွက်လာခဲ့ကြတယ်။ တော်တော် စိတ်ပျက်စရာ ကောင်းတယ်ဗျ။ အဲဒီတော့မှ လူတွေဟာ ဟန်ဆောင် ပန်ဆောင်တွေ သိပ်များပါကလား ဆိုတာ သိရတယ်။ လူတွေက ဆေးလိပ်သောက်ရင်း ပြဇာတ် ဘယ်လောက် ကောင်းတဲ့ အကြောင်း၊ သရုပ်ဆောင်တွေ ဘယ်လောက် တော်တဲ့ အကြောင်း အော်ကျယ် အော်ကျယ်နှင့် ပြောနေလိုက်ကြတာ။ အမှန်ကတော့ ပြဇာတ် အကြောင်းကို ဒီလောက် ပြောချင်လှလို့ မဟုတ်ပါဘူး၊ သူတို့ ဘယ်လောက် တော်တဲ့ အကြောင်းကို ကြွားချင်လို့ ပြောနေကြတာပါ။ ကျွန်တော်တို့ အနားမှာ ရုပ်ရှင် ဇာတ်ရန်တစ်ယောက် ရပ်ပြီး ဆေးလိပ်သောက်နေတယ်။ သူ့နာမည်ကိုတော့ ကျွန်တော် မေ့တော့ ဖြစ်နေပြီ။ ဝါကျင် ဟောင်းနွမ်းသွားတဲ့ စစ်ကားတွေ ဘာတွေထဲမှာ ပါဖူးတယ်။ သူ့ ဘေးမှာလဲ ကောင်မလေး ချောချော တစ်ယောက်နှင့်။ သူတို့ လုပ်နေပုံက သူတို့အဖို့ ဒါမျိုးတွေ ရိုးနေပြီ ဆိုတဲ့ အချိုးမျိုးလေ။ သူတို့ကို လူတွေက ဝိုင်းကြည့်တာကိုပဲ မသိတဲ့ ပုံမျိုး။ တကယ့်ကို သေသေဝပ်ဝပ်ကလေးတွေ။ ကျွန်တော် သူတို့ကို ကြည့်ပြီး စိတ်ပျက်လိုက်တာဗျာ။ ဆယ်လီကတော့ ဘာမှ သိပ်စကားမပြောဘူး။ ဇာတ်လိုက် မင်းသားကို တော်တော် သဘောကျနေဟန် တူတယ်။ သူ့ ကိုယ်သူ ပေါင်ဒါပြင်ဖို့ အလုပ်ပြင်ရင်းနှင့် အလုပ်များ နေတယ်။ ဒီတုန်းမှာ အခန်းအစွန်မှာ သူနှင့် အသိတစ်ယောက်ကို သွားမြင်လိုက်တယ်။ မီးခိုးရောင် ဖလန်နယ် ဝတ်စုံ အင်္ကျီနှင့်။ ရုပ်အင်္ကျီက အပြောက် အပြောက်လေးတွေနှင့်။ အိုင်ဗီလီ ဆိုတဲ့ ငနဲရယ်လေ။ လူကတော့ တကယ့်ကို ရှိုးချည်းပဲဗျ။ နံရံကို မှီပြီး စီးကရက် တစ်လိပ်ကို ဖွာနေတယ်။ ဆယ်လီက 'ဒီလူကို တစ်နေရာရာမှာ မြင်ဖူးသလိုပဲ'လို့ ပြောတယ်။ သူကတော့ ဘာဖြစ်ဖြစ် သိလိုက်တာချည်းပါပဲ။ နေရာ တစ်ခုခုကို ခေါ်သွားရင်လဲ သူရောက်ဖူးသလိုလို ဘာလိုလို အမြဲ ပြောတာပဲ။ သူက အဲဒီငနဲကို သိတယ် သိတယ်နှင့် တဖွဖွ ပြောနေတော့ ကျွန်တော်လဲ ချဉ်ချဉ်ရှိတာနှင့် 'သိရင်လဲ သွားနှုတ်ဆက်ပြီး နမ်းပစ်လိုက်ပါလား၊ ဒီလိုဆို

ဒီငနဲ သိပ်သဘော ကျသွားမှာပဲ' လို့ ပြောလိုက်တယ်။ ကျွန်တော်က ဒီလို ပြောလိုက်တော့ ဆယ်လီ စိတ်ကောက်သွားတယ်။ နောက်ဆုံးတော့ ငနဲကလဲ သူ့ကို မြင်သွားလို့ ကျွန်တော်တို့ ဘက်ကို ကူးလာပြီး နှုတ်ဆက်တယ်။ တစ်ယောက်နှင့် တစ်ယောက် နှုတ်ဆက်နေလိုက်ကြတာဗျာ၊ မတွေ့ရတာ နှစ်ပေါင်း နှစ်ဆယ်လောက်များ ကြာပြီလား မသိဘူး။ ပြီးတော့ သူတို့ နှစ်ယောက် စကား ပြောနေပုံကလဲ တကယ့် ငယ်ပေါင်း ကြီးဖော်တွေ ကျနေတာပဲ။ ငယ်ငယ်တုန်းက ရေချိုးခန်း ဇလုံထဲမှာ နှစ်ယောက်ပူး ရေချိုး ခဲ့ကြရတဲ့ ငယ်သူငယ်ချင်းများလား အောက်မေ့ရတယ်။ တော်တော် ဟားရတယ်။ အမှန်ကတော့ သူတို့ နှစ်ယောက်ဟာ ပါတီတစ်ခုမှာ တစ်ခါလောက်ပဲ တွေ့ဖူးကြတာ။ သူတို့ နှစ်ယောက်သား စကားတွေ ဗလစ် ဗလစ် ပြောပြီးတော့မှ ဆယ်လီက ကျွန်တော့်ဘက် လှည့်ပြီး ကျွန်တော်နှင့် မိတ်ဆက်ပေးတယ်။ သူ့နာမည်က ဂျော့ ဆိုလား ဘာလား၊ ကျွန်တော် ကောင်းကောင်းတောင် မမှတ်မိတော့ဘူး။ သူက အင်ဒိုဗာမှာ ကျောင်း တက်နေတယ်တဲ့။ ဘော်စာထဲကပဲနှင့် တူတယ်။ ဆယ်လီက ပြဇာတ် ဘယ့်နှယ် နေသလဲ၊ ကောင်းရဲ့လားလို့ မေးတော့ ငနဲကို ခင်ဗျားတို့ မြင်စေချင်တယ်ဗျာ။ ငနဲက တော်တော် ဟန်များတဲ့ကောင်။ ဒီမေးခွန်းလေး ဖြေတာများ ကြီးကြီးကျယ်ကျယ် လုပ်ပြီး ရှေ့တိုးလိုက် နောက်ဆုတ်လိုက် လုပ်လိုက်သေးတယ်။ ဒါလေး ဖြေဖို့အတွက် သူ့ကို အခန်းကျယ်ကြီး တစ်ခန်း ပေးထားရမယ့်ပုံ။ ငနဲက နောက်ဆုတ်လိုက်တော့ နောက်က အမျိုးသမီး တစ်ယောက်ရဲ့ ခြေထောက်ကို တက်နင်းတာပေါ့ဗျ။ မကျိုးသွားရင် ကံကောင်းတယ် မှတ်။ ငနဲက ပြဇာတ်ကတော့ အကောင်းကြီး မဟုတ်ပါဘူးတဲ့။ ဒါပေမယ့် ဇာတ်လိုက် မင်းသား သရုပ်ဆောင်တာကတော့ သိပ်ကောင်းတာပဲတဲ့။ တမန်တော် တစ်ပါးလား အောက်မေ့ရတယ်တဲ့။ ဘာတမန်တော်လဲဗျ။ ကျွန်တော်ဖြင့် သူ ပြောတဲ့ စကားလုံးကို ကြားရတာ နားကြားပြင်း ကတ်လိုက်တာ။ ပြီးတော့ သူတို့ နှစ်ယောက်ဟာ သူတို့ သိတဲ့ မိတ်ဆွေတွေ အကြောင်း ပြောနေကြတယ်ဗျ။ လူချင်း တွေ့ရင် ဒီလို ကိုယ့်မိတ်ဆွေတွေ အကြောင်းကို ပြန်ပြောတာလောက် ရယ်စရာ ကောင်းတာ လောကမှာ ရှိမယ် မထင်ဘူး။ သူတို့ ရောက်ဖူးတဲ့ နေရာတွေ အကြောင်းကို ပြန်စဉ်းစားလိုက်ကြ၊ ပြီးတော့ အဲဒီနေရာမှာ ရှိတဲ့ သူတို့ မိတ်ဆွေတွေ အကြောင်းကို အမှတ်ရလိုက်ကြ ပြောလိုက်ကြနှင့်။ တကယ် စိတ်ပျက်စရာ ကောင်းတယ်ဗျာ။ ဒီလိုနေတုန်း ပြဇာတ် နောက်တစ်ခန်းက လာတော့မှာမို့ သူတို့လဲ စကားပြတ်သွားကြတယ်။

ပြဇာတ် တစ်ခန်း ထွက်လာပြန်တော့လဲ သူတို့ နှစ်ယောက် ခပ်စောစောကလိုပဲ သူတို့ သိတဲ့ မိတ်ဆွေရဲ့ နာမည်ကို ပြန်စဉ်းစားလိုက် ပြောလိုက် လုပ်နေကြပြန်တယ်။ ပိုဆိုးတာက ငနဲရဲ့ အသံကလဲ အခြောက်သံဗျ။ ခွေးမသား ကျွန်တော် ထုတ်လာတဲ့ ကောင်မလေးကို သက်သက်မဲ့ လာရိုက်နေတာ။ ပြဇာတ် ပြီးတော့လဲ ကျွန်တော်တို့နှင့် နှစ်ပြလောက် အထိ လမ်းလျှောက် လိုက်လာသေးတယ်။ တက္ကစီ ခေါ်ပြီး ပြန်ရင် တက္ကစီပေါ်မှာများ တက်လိုက်လာဦးမလား မဆိုနိုင်ဘူး။ ဒါပေမယ့် သူ့မှာ သူငယ်ချင်းတွေနှင့် ချိန်းထားတာ ရှိသေးတယ် ဆိုပြီး ခွဲသွားလို့ တော်သေးတာပေါ့။ နို့မဟုတ်ရင် ပြဿနာပဲ။ ခုလောက်ဆို အရက်ဆိုင် တစ်ဆိုင်ဆိုင်မှာ ထိုင်ပြီး အရက်လေးသောက်ရင်း မိန်းမ အကြောင်း စာအုပ် အကြောင်း ပြဇာတ် အကြောင်း ပြောပြီး ဝေဖန်နေဦးမှာ မြင်ယောင်သေးတယ်။ ဒီက ကောင်ကလဲ ဒါမျိုးတွေဆိုရင် သိပ်မုန်းပဲ။

တက္ကစီပေါ် ရောက်တော့ အင်ဒိဗာက ကျောင်းသားနှင့် ဆယ်နာရီလောက် စကား ပြောခဲ့ရပါမလား ဆိုပြီး ဆယ်လီကိုတောင် ကျွန်တော် မုန်းသလိုလို ဖြစ်နေတယ်။ သူ့ကိုလဲ အိမ်ကိုပဲ ပြန်ပို့တာ ကောင်းတယ် ဆိုပြီး အိမ်ကို ပြန်ပို့မလို့ စိတ်ကူးနေတယ်။ ဒီတုန်းမှာ ဆယ်လီက.....

'ဟေး ကိုယ့်မှာ သိပ်ကောင်းတဲ့ စိတ်ကူး တစ်ခု ရှိတယ် သိလား၊ ယူတို့ အိမ်မှာ ဘယ်အချိန်လောက် ညစာ ပြန်စားရမှာလဲ၊ သိပ် အရေးတကြီး သွားစရာ ရှိသလား၊ ဒါမှမဟုတ် အိမ်ကို ဘယ်အချိန် ပြန်ရောက်ရမယ်ဆိုတဲ့ သတ်မှတ်ချက် ရှိသလား' လို့ မေးတယ်။

'သတ်မှတ် ထားတာရယ်လို့တော့ မရှိပါဘူး၊ ဘာဖြစ်လို့လဲ'

ကျွန်တော်တို့ ကောင်တွေဟာ ဘယ်တော့များ အမှန်ကို ပြောဖူးလို့လဲ၊ မဟုတ်ဘူးလား ကိုယ့်လူရာ။

'ဒီလိုဆိုရင် ရေဒီယို စီးတီးဘက်ကို သွားပြီး စကိတ် စီးရအောင်လေ'

ဆယ်လီဆိုတဲ့ ကောင်မလေးက ဒီလို ကောင်မလေးမျိုးဗျ။ တော်တော်ခက်တယ်။

'ဘာလဲ ခုသွားပြီး စီးမှာလား'

'ဒါပေါ့၊ တစ်နာရီ နှစ်နာရီလောက်ပေါ့၊ မစီးချင်ဘူးလားဟင်၊ မစီးချင်ရင်လဲ.....'

'ဘယ်သူက မစီးချင်ဘူး ပြောသေးလို့လဲ၊ ယူ စီးချင်ရင် သွားပေါ့'

'စိတ်မပါဘဲနှင့်တော့ မပြောနှင့်နော်၊ ယူ မသွားချင်ရင်လဲ ကိုယ်က

http://nyisay.com



အတင်း မတိုက်တွန်းပါဘူး၊ ရပါတယ်'

ဟုတ်ပါတယ်။ သူကတော့ ပြောမှာပေါ့။

'ဟိုရောက်ရင် စကိတ်စီးတဲ့ အင်္ကျီတွေလဲ ငှားဝတ်လို့ ရတယ် ဆရာ၊ ဟိုနေ့ကတောင် ဂျင်းနက် ဝတ်ပြီး စီးခဲ့သေးတယ်'

လက်စသတ်တော့ မချောက စကိတ်စီးတဲ့ အင်္ကျီတိုတိုလေး ဝတ်ပြီး သူ့အလှကို ပြချင်တာကိုး။

ဒါနှင့် ကျွန်တော်တို့ နှစ်ယောက်လဲ စကိတ်စီးတဲ့ ကွင်းကို လာခဲ့ကြတယ်။ ဟို ရောက်လို့ ကျွန်တော်တို့လဲ စကိတ်တွေကို ထုတ်လာရော သူတို့က အပြာရောင် စကိတ် စီးတဲ့ အင်္ကျီတိုတိုလေးကို ထုတ်ပေးတယ်။ ဟုတ်တယ်ဗျာ။ အဲဒီ စကိတ်စီးတဲ့ အင်္ကျီလေးနှင့် သူနှင့် တော်တော့်ကို လိုက်တာပဲ။ ဒါကိုတော့ ကျွန်တော် ဝန်ခံရမယ်။

သူကတော့ ဘယ်သိမလဲလေ။ သူက ရှေ့ကစီး ကျွန်တော်က နောက်ကလိုက်တော့ သူ့ တင်ပါးလုံးလုံးလေးကို ကြည့်ရတာ အရသာ။ လှလဲ လှတယ်၊ တကယ်ပဲ။

ဒါပေမယ့် ခက်တာက စကိတ် တစ်ကွင်းလုံးမှာ စကိတ် စီးနေကြတဲ့ ကောင်လေးတွေ ကောင်မလေးတွေ အားလုံးက စကိတ် ကောင်းကောင်း စီးတတ်တယ်။ ကျွန်တော်တို့ နှစ်ယောက်ကတော့ မစီးတတ် စီးတတ်နှင့် စီးနေကြတာ။ မစီးတတ် စီးတတ်ဆို မစီးတတ် သလောက်ပါပဲ။ ဆယ်လီ ဆိုရင် ခြေထောက်က ရေခဲထဲကို ကျွံကျတော့မယ့်အတိုင်း ခွင်ခွင်ကြီး ဖြစ်နေတယ်။ မလှရုံမကဘူး။ ဘယ်လောက် နာလိုက်မလဲ မပြောတတ်ဘူး။ ကျွန်တော်လဲ ဒီအတိုင်းပဲပေါ့။ နာလိုက်တာမှ မပြောပါနှင့်တော့။ ကျွန်တော်တို့ နှစ်ယောက်ကတော့ ပုံပျက် ပန်းပျက် ဖြစ်မှာ သေချာတယ်။ ပိုဆိုးတာက သူများတွေ ကိုးရိုးကားရား ဖြစ်တာကို ရပ်ကြည့်နေတဲ့ ငနဲ တွေကလဲ ရှိသေးတယ်ဗျ။

'အထဲဝင်ပြီး တစ်ခုခု သောက်ကြရင် မကောင်းဘူးလား' လို့ ကျွန်တော်က မေးမိတယ်။

'သိပ်ကောင်းတာပေါ့'

ဟုတ်တယ်။ သူလဲ ခြေထောက် တော်တော် နာနေပြီ ထင်တယ်။ စိတ်တော့ မကောင်းဘူးပေါ့ဗျာ။

ဒါနှင့် ကျွန်တော်တို့လဲ စကိတ်တွေကို ချွတ်ပြီး ဘားထဲကို ဝင်လာခဲ့ကြတယ်။ ဘားထဲမှာ တစ်ခုခု သောက်ရင်း သူများတွေ စကိတ် စီးတာကို

http://nyisay.com



ထိုင်ကြည့်လို့လဲ ရတယ်လေ။ ကုလားထိုင်ပေါ် ထိုင်တာနှင့် ဆယ်လီက သူ့လက်အိတ်ကို ချွတ်လိုက်တယ်။ ကျွန်တော်က သူ့ကို စီးကရက် တစ်လိပ် လှမ်းပေးလိုက်တယ်။ သူ့ ကြည့်ရတာ သိပ်ပျော်ပုံ မရဘူး။ စားပွဲထိုး ရောက်လာတော့ ကျွန်တော်က သူ့အတွက် ကိုကာကိုလာ တစ်ပုလင်း မှာလိုက်တယ်။ ကျွန်တော့်အတွက် ဝီစကီ တစ်ခွက်နှင့် ဆိုဒါ ယူလာခဲ့ဖို့ ပြောလိုက်တယ်။ ဒါပေမယ့် စားပွဲထိုးက ယူမလာဘူးဗျ။ ဒါနှင့် ကျွန်တော်လဲ ကိုကာကိုလာကိုပဲ သောက်ရတော့တာပေါ့။ ကျွန်တော်လဲ မီးခြစ်ဆံ တစ်ချောင်းပြီး တစ်ချောင်း ခြစ်လိုက် လက်ကို မီးလောင်တော့မတတ် တိုသွားတော့မှ လွှတ်ချလိုက် နောက် တစ်ချောင်း ခြစ်လိုက်နှင့် လုပ်နေတယ်။ ဒါက ကျွန်တော့်အကျင့်ပဲ။ ဂနာမငြိမ်တဲ့ သဘောတွေပေါ့ဗျာ။ ဒီတုန်းမှာ ဆယ်လီက ရုတ်တရက် အမှတ်ရလာတဲ့ ပုံမျိုး။

'သြော် ကြည့်စမ်း၊ ယူ့ကို ပြောဖို့ မေ့နေတယ်၊ နာတာလူး အကြိုနေ့မှာ နာတာလူး သစ်ပင်ကို အလှပြင်မလို့ ကိုယ့်ကို လာပြီး ကူလုပ် ပေးနိုင်မလားဟင်၊ ဘယ့်နှယ်လဲ လုပ်ပေးမလား'

'လုပ်ပေးမယ်လို့ ကိုယ် စာရေးထားသားပဲ၊ ကိုယ့်ဆီ ဒီအကြောင်း စာရေးတာကို အခါ နှစ်ဆယ်လောက် ရှိတော့မယ်၊ လုပ်ပေးမှာပေါ့'

'ကိုယ်က သိချင်လို့ မေးတာပါ' လို့ ပြောပြီး ဆယ်လီက အခန်း ပတ်ပတ်လည်ကို လှမ်းကြည့်နေတယ်။

ကျွန်တော်လဲ မီးခြစ်ဆံတွေ ခြစ်နေရာက ရပ်လိုက်ပြီး စားပွဲကို ကျော်ပြီး သူ့မျက်နှာနား ကပ်လိုက်တယ်။ ကျွန်တော် ပြောစရာ စကား တစ်ခုကို သတိရလာလို့ပါ။

'ဒီမှာ ဆယ်လီ'

'ဘာလဲ' လို့ ပြောရင်း ဆယ်လီက အခန်း တစ်ဖက် အစွန်မှာ ရှိတဲ့ ကောင်မလေး တစ်ယောက်ကို လှမ်းကြည့်နေတယ်။

'ယူ မငြီးငွေ့ဘူးလားဟင်၊ ကိုယ် ပြောတာက ဒီလိုပါ၊ တစ်ခုခုကို မလုပ်ရရင် ပျင်းခြောက်ခြောက်ကြီး ဖြစ်မနေဘူးလား၊ ဥပမာ ကျောင်းတို့ ဘာတို့ တက်နေရတာမျိုး ဆိုပါတော့'

'တော်စမ်းပါ၊ စိတ်ပျက်လွန်းလို့'

'မဟုတ်ဘူးလေ၊ ကိုယ် ပြောတာက ကျောင်းနေရတာကို စိတ်မကုန်ဘူးလား၊ ငြီးငွေ့တယ် ဆိုတာတော့ ဟုတ်တာပေါ့၊ ဒါပေမယ့် စိတ်ကုန်တဲ့ထိ

မဖြစ်ဘူးလား’

‘စိတ်တော့ မကုန်ပါဘူး၊ ဘာဖြစ်လို့ ကုန်ရမှာလဲ၊ တစ်ခုတော့ ရှိတာပေါ့လေ’

‘ကိုယ်ကတော့ စိတ်ကုန်တယ်၊ စိတ်ကုန်တာကတော့ ကျောင်းနေရတာတောင် မကဘူး၊ အားလုံးကို စိတ်ကုန်တယ်၊ နယူးရော့မှာ နေရတာကိုလဲ စိတ်ကုန်တယ်၊ တက္ကစီတွေ စီးရတာကိုလဲ စိတ်ကုန်တယ်၊ ဘတ်စ်ကား စီးရတာကတော့ မပြောနှင့်တော့၊ နောက်ပေါက်က မဆင်းလို့ ဒရိုင်ဘာက ငေါက်စပယ်ယာက ဟောက်သနှင့်၊ ပြီးတော့ ပြဇာတ် မင်းသားတွေကို တမန်တော်လို့ ခေါ်တဲ့ ကောင်မျိုးတွေနှင့် အသိအကျွမ်း ဖြစ်ရတာကိုလဲ စိတ်ကုန်တယ်၊ ဓာတ်လှေကား စီးရတာကိုလဲ စိတ်ကုန်တယ်၊ ပြီး စက်ဆိုင်သွားလို့ အပ်ချုပ်သမားတွေက ကိုယ်ကို ဟိုတိုင်း ဒီတိုင်း လုပ်တာကိုလဲ စိတ်ကုန်တယ်၊ ပြီးတော့.....’

‘သိပ်မအော်ပါနှင့်၊ တိုးတိုး ပြောစမ်းပါ’

တော်တော် ရယ်စရာ ကောင်းတယ်ဗျ။ ကျွန်တော် ဘယ်မှာ အော်လို့လဲ။ တိုးတိုး ပြောနေတာပဲ။ ကျွန်တော်က လေသံကို နည်းနည်း နှိမ့်လိုက်ပြီး

‘မော်တော်ကားတွေ မြင်ရတာကိုလဲ စိတ်ကုန်တယ်၊ တချို့လူတွေဆိုရင် ကားရူး ရူးလိုက်ကြတာ၊ ကားပိုင် ရှိပြီ ဆိုရင်လဲ သူတို့ ကားလေးကို နည်းနည်းလေး ခြစ်မိရင်ပဲ သောက်ကျိုးနည်း ဖြစ်နေလိုက်ကြတာ၊ ပြောလိုက်ရင်လဲ သူတို့ ကားက တစ်ဂါလန်ကို ဘယ်နှစ်မိုင် မောင်းလို့ရတဲ့ အကြောင်း၊ ဘယ်သူ့ကားက ဘယ်နှစ်မိုင်ပဲ ရတဲ့အကြောင်း ပြောလို့ပဲ မဆုံးနိုင်တော့ဘူး၊ ကားသစ် တစ်စင်း ဝယ်လဲပြီးရော နောက်ဆုံးပေါ် ကားသစ် တစ်စင်း လိုချင်ပြန်ရော၊ ကိုယ်ကတော့ ကားသစ်လဲ မကြိုက်ဘူး၊ ကားဟောင်းလဲ မကြိုက်ဘူး၊ အေးလေ သူတို့ကလဲ ကိုယ့်ကို စိတ်ဝင်စားကြမှာမှ မဟုတ်တာ၊ ကားအစား မြင်းတစ်ကောင်ကို ပိုင်လိုက်ချင်သေးတယ်၊ မြင်းက အနည်းဆုံး လူဆန်သေးတယ် မဟုတ်လား၊ မြင်း ဆိုရင်.....’

‘တော်စမ်းပါ ဘာတွေ လျှောက်ပြောနေမှန်းလဲ မသိဘူး၊ ဟိုရောက်လိုက် ဒီရောက်လိုက်နှင့်’

‘ယူ သိပါတယ် ဆယ်လီ၊ အမှန်ကတော့ ကိုယ် နယူးရော့ကို စိတ်ကုန်နေပြီ၊ နယူးရော့မှာ ကိုယ် ခုထိ နေတာဟာ တခြားကြောင့် မဟုတ်ဘူး၊ ယူ့ကြောင့်၊ နယူးရော့တင် မဟုတ်ဘူး၊ ဘယ်မှာပဲ နေနေ ကိုယ် အသက်ရှင်နေ

တာဟာ ယူ့ကြောင့် အသက်ရှင် နေနေတာ၊ ယူသာ မရှိရင် ကိုယ်ဟာ ဒီလောက် ဆိုရင် ငရဲကိုရင်လဲ ရောက်နေပြီ၊ ဒါမှမဟုတ် တခြား တစ်နေရာရာကိုရင်လဲ ရောက်နေတာ ကြာပြီ၊ ကိုယ် ဒီမှာ ရှိနေတာဟာ ယူ့ကြောင့် ရှိနေတာ သိရဲ့လား'

'ဒီလိုဆိုတော့လဲ ဘယ်ဆိုးလို့တုံး' တဲ့။ ဒါပေမယ့် ဆယ်လီဟာ ကျွန်တော့် စကားကို တခြား လွဲပစ်နေမှန်း ကျွန်တော် သိပါတယ်။

'ယူလေ ယောက်ျားလေးကျောင်းတို့ ဘာတို့ကို နေဖူး စေချင်တယ်၊ အဲဒီမှာ အလကား ကောင်တွေချည်းပဲ၊ ဟိုကောင်ကို ကြည့်လိုက် စာကုန်းကျက်လိုက် ဒီကောင်ကို ကြည့်လိုက် စာကုန်းကျက်လိုက်နှင့် အားလုံး တစ်နေ့ကျရင် ကာဒီလက် ကားသစ်ကြီး တစ်စီး ဝယ်စီးနိုင်တဲ့ အခြေအနေကို ရောက်အောင် ကြိုးစားမယ် ဆိုပြီး စာကို ကုန်းကျက်နေတဲ့ ကောင်ချည်းပဲ၊ သူတို့ကို ကြည့်လိုက်ရင်တော့ ကိုယ့်ကျောင်း ဘောအသင်း ဆုံးရှုံးလာရင် တကယ့်ကို ဝမ်းနည်းတဲ့ပုံ၊ တကယ့်ကို မခံမရပ်နိုင် ဖြစ်နေတဲ့ပုံ၊ အမှန်ကတော့ ဘာဘောလုံးမှ စိတ်ဝင်စားတာ မဟုတ်ဘူး၊ သူတို့ ဘာလုပ်မလဲ၊ ကောင်မလေးတွေ အကြောင်း ပြောမယ်၊ အရက် အကြောင်း ပြောမယ်၊ ပြီး မဟုတ်တရုတ်တွေ လျှောက်ပြောမယ်၊ ဒါပဲ သူတို့ သိတယ်၊ ပြီးတော့ ခက်တာက ဘယ်ကြည့်လိုက်ကြည့်လိုက် ကိုယ့်အစုလေးတွေနှင့် ကိုယ် ဖြစ်နေကြတယ်၊ ဘတ်စကတ်ဘောဝါသနာပါတဲ့ ကောင်ကလဲ သူတို့ အစုလေးနှင့် သူတို့၊ ဗရင်ဂျီ ဘာသာဝင်တွေကလဲ သူတို့ အစုလေးနှင့် သူတို့၊ စာကြမ်းပိုးတွေကလဲ သူတို့ အစုလေးနှင့် သူတို့၊ ဖဲချတဲ့ ကောင်တွေကလဲ သူတို့ အစုကလေးနှင့် သူတို့၊ ဒိပြင်ကောင်မပြောနှင့်၊ ဒီလ အကောင်းဆုံး စာအုပ် အသင်းဝင်တွေကလဲ သူ့ အစုလေးနှင့် သူ၊ ကိုယ့်မှာ အသိဉာဏ်ရယ်လို့ ရှိရင်.....'

'ဒီမှာ ကိုယ်ပြောမယ်၊ ကျောင်းသားတိုင်း ဒီလိုချည်း မဟုတ်ပါဘူး၊ တော်တဲ့ ကောင်တွေလဲ ရှိပါသေးတယ်'

'ဟုတ်ပါတယ်၊ တော်တဲ့ကောင် ရှိတော့ ရှိပါတယ်၊ ဒါကို ကိုယ်မငြင်းပါဘူး၊ ဒါပေမယ့် ကိုယ့် အဖို့တော့ ကျောင်းက ဒါတွေပဲ ရခဲ့တယ်၊ ကိုယ် ပြောချင်တာ ဒါပဲ၊ ကျောင်းသွားနေလို့ ကိုယ့်မှာ ဘာမှ မရခဲ့ဘူး၊ မရတဲ့အပြင် လူတောင် ပျက်လာသေးတယ်၊ ခုဆိုရင် ပုံပျက်ပန်းပျက် ဖြစ်နေပြီ'

'ဟုတ်မှာပေါ့'

ပြောရင်းဆိုရင်း ကျွန်တော် စိတ်ကူး တစ်ခု ရလာတယ်။

လေလွင့်သူ

'ဒီမှာ ဆယ်လီ၊ ကိုယ် အကြံတစ်ခု ရတယ်၊ ဒီနေ့ကစပြီး တစ်နေရာရာကို ခရီးသွားရရင် မကောင်းဘူးလား၊ ဂရင်းဝတ်မှာ ကိုယ့်သူငယ်ချင်း တစ်ယောက် ရှိတယ်၊ သူ့ကားကို တစ်ပတ် နှစ်ပတ်တော့ ငှားလို့ရတယ်၊ သူက ကိုယ်နှင့် တစ်ကျောင်းတည်း အတူတူ နေခဲ့တာ၊ ကိုယ့်အကြွေးတောင် တစ်ဆယ် ရှိသေးတယ်၊ ဒီတော့ သူ့ကားကို ကိုယ်တို့ ခဏ ငှားသွားပြီး မက်ဆာချူးဆက်တို့ ဗားမောင့်တို့ကို လျှောက်လည်မယ်၊ ဟိုမှာ ရှုခင်းတွေကို လျှောက်ကြည့်မယ်၊ ရှုခင်းတွေက သိပ်လှတာပဲ'

ပြောရင်း ဆိုရင်း ကျွန်တော် တကယ် စိတ်ပါလာတယ်။ စိတ်ကူးရင်း သဘောကျလာတာနှင့် ကျွန်တော် ဆယ်လီရဲ့ လက်ကို လှမ်းကိုင်လိုက်တယ်။ ကျွန်တော်ဆိုတဲ့ ကောင်က အဲဒီလောက် ကြောင်တဲ့ ကောင်။

'တကယ်ပြောတာ ဆယ်လီ၊ ကိုယ့်မှာ ဘဏ်မှာ စုထားတဲ့ ငွေတစ်ရာ့ရှစ်ဆယ် ရှိတယ်၊ မနက်ဖြန် မနက် ဘဏ်ဖွင့်ရင် သွားထုတ်လိုက်ရုံပဲ၊ ပြီးတော့ ဒီကောင့်ဆီက မော်တော်ကား သွားငှားမယ်၊ ပြီးတော့ ကားနှင့် လျှောက်လည်မယ်၊ တောင်ပေါ်က သစ်လုံးတဲလေးတွေထဲမှာ စခန်းချမယ်၊ ပိုက်ဆံကုန်တော့ ပြန်လာကြတာပေါ့၊ ပြီးတော့ ကိုယ်လဲ အလုပ် ရှာလို့ ရမှာပါ၊ အဲဒီတော့ အတူတူ နေကြတာပေါ့၊ နောက်ကျတော့ လက်ထပ် လိုက်ကြရုံပေါ့၊ ဆောင်းတွင်းတို့ ဘာတို့မှာ ဆိုရင်လဲ ကိုယ် ထင်းတို့ ဘာတို့ ခုတ်နိုင်ပါတယ်၊ ဘယ့်နယ်လဲ၊ ဘယ်လောက် ပျော်စရာ ကောင်းမလဲဟင်၊ ဆယ်လီကော ဘယ်လို သဘောရသလဲ၊ ကိုယ်နှင့် အတူ လိုက်နေနိုင်မလားဟင်'

'အို တောက်တီး တောက်တဲ့ ဘာတွေ ပြောနေမှန်းလဲ မသိဘူး' လို့ ဆယ်လီက အော်လိုက်တယ်။

တော်တော်လဲ စိတ်ဆိုးသွားပုံ ရတယ်။

'တကယ်ပြောတာပါ၊ ဘာဖြစ်လို့လဲ'

'သိပ် မအော်ပါနှင့်၊ တိုးတိုးပြောပါ'

အမှန်ကတော့ အော်နေတာက သူ၊ ကျွန်တော် မဟုတ်ဘူး။ ကျွန်တော် ပြောတာက ခပ်တိုးတိုးရယ်။

'ဘာလို့ မဖြစ်ရမှာလဲ ဟင်'

'ဘယ်ဖြစ်မှာလဲ၊ ကိုယ်တို့က ကလေးတွေပဲ ရှိသေးတာ၊ ပြီးတော့ ပိုက်ဆံကလေး ကုန်ပါပြီတဲ့၊ ဘာလုပ်စားမှာလဲ၊ ငတ်သေရမှာလား၊ မဖြစ်နိုင်တာတွေ လျှောက်ပြောနေတယ်'

'ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ ကိုယ် အလုပ်တစ်ခုကို ရအောင် ရှာမယ်၊ ဒါအတွက်တော့ ဘာမှ စိတ်ထဲမှာ အနှောင့်အယှက် မဖြစ်နှင့်၊ ဘာဖြစ်လို့လဲဟင်၊ ကိုယ်နှင့်အတူ မနေချင်ဘူးလား၊ မနေချင်ဘူး ဆိုရင်လဲ ရှင်းရှင်း ပြောပါ'

'မနေချင်လို့ မဟုတ်ပါဘူး၊ ဒါနှင့် ဘာမှ မဆိုင်ပါဘူး၊ ကိုယ်တို့မှာ စဉ်းစားဖို့ အချိန်တွေ အများကြီး ရှိသေးတယ်၊ ယူ ကောလိပ်ကို တက်ရဦးမယ်၊ ကိုယ့်ကို လက်ထပ်ချင်တယ် ဆိုရင် ကျောင်းပြီးအောင်တော့ တက်ဦးမှပေါ့၊ လက်ထပ်ပြီးတယ် ဆိုရင်လဲ အဲဒီနေရာတွေကို သွားမှ မဟုတ်ပါဘူး၊ သွားစရာတွေက တစ်ပုံကြီးပါ'

'အချိန် သိပ်မရှိဘူး၊ သွားစရာတွေလဲ သိပ်မရှိဘူး၊ အဲဒီတော့မှ ဆိုရင် တစ်မျိုး ဖြစ်သွားမှာ'

ကျွန်တော် စိတ်ဓာတ် ကျလာတယ်။

'ဘာဖြစ်နေတာလဲ၊ ကျယ်ကျယ် ပြော စမ်း ပါ၊ စောစောကတော့လဲ အော်ကြီးဟစ်ကျယ်နှင့်၊ ခုတော့လဲ သူ ပြောတာ ဘာမှ မကြားရဘူး'

'ကိုယ်ပြောတာက ကောလိပ်တက်ပြီးမှဆိုရင် သွားစရာရယ်လို့ သိပ်ရှိတော့မှာ မဟုတ်ဘူးလို့ ပြောတာ၊ ပျော်စရာ ကောင်းတော့မှာ မဟုတ်တော့ဘူးလို့ ပြောတာ၊ သေသေချာချာ နားထောင်၊ အဲဒီတော့မှ ဆိုရင် ပျော်စရာကောင်းတော့မှာ မဟုတ်တော့ဘူး၊ သားရေအိတ်ကြီးတွေ ဆွဲ၊ ဓာတ်လှေကားက ဆင်း၊ ဟိုလူကို လှမ်းပြီး တယ်လီဖုန်းနှင့် နှုတ်ဆက်ရ၊ ဒီလူကို သွားပြီး နှုတ်ဆက်ရ၊ ဟိုတယ်တွေကို ရောက်ရင် ပို့စကဒ်တွေ ဝယ်ပို့ရနှင့်၊ အဲဒီအခါကျရင် ကိုယ်ကလဲ ရုံးကြီး တစ်ရုံးမှာ အလုပ် လုပ်နေရတော့မယ်၊ လခတွေလဲ ကောင်းကောင်း ရနေတော့မယ်၊ ရုံးသွားရင်လဲ ကားနှင့် သွား၊ ဒါမှမဟုတ် ဘတ်စ်ကားရင်လဲ စီး၊ သတင်းစာတွေဖတ်၊ မိတ်ဆွေတွေနှင့် ချိန်းပြီး ဖဲကစား၊ ရုပ်ရှင်သွား၊ ရုပ်ရှင် မပြခင် မကောင်းတဲ့ နမူနာကားတွေ ကြည့်၊ သတင်းကားတွေ ကြည့်၊ အံမယ်လေး စိတ်ပျက်စရာ ကောင်းလိုက်တာ၊ သတင်းကားဆိုလို့လဲ ဘာမှ ထူးထူးခြားခြား ပါတာ မဟုတ်ဘူး၊ ရှန်ပိန်ပုလင်းကို ခွဲလိုက်တာရယ်၊ မျောက်ဝံကြီးက ဘောင်းဘီ ဝတ်ပြီး ဘိုင်စကယ် စီးပြတာရယ်၊ ဒါတွေပဲ ကြည့်ရမှာ၊ ဘာထူးလို့လဲ၊ ကိုယ်ပြောတာ သဘောပေါက်တယ် မဟုတ်လား'

'ယူက သဘောမပေါက်တာလား၊ ကိုယ်က သဘောမပေါက်တာလားတော့ မသိဘူး'

ခုချိန်မှာ ဆယ်လီနှင့် ကျွန်တော်ဟာ တစ်ယောက်ကို တစ်ယောက် သဘော မပေါက်နိုင်လို့ စိတ်တိုနေကြပြီ။ သူနှင့် ဒီလို အဓိပ္ပာယ်ရှိတဲ့ စကား တွေ ပြောနေလို့လဲ အလကားပဲ ဆိုတာ ခင်ဗျား မြင်ပြီ မဟုတ်လား။ ကျွန် တော်လဲ သူ့ကို ဒီလို စကားမျိုးတွေ သွားပြောမိတာ မှားသွားပြီ ဆိုပြီး စိတ် တော်တော် ညစ်သွားတယ်။

'လာ သွားကြစို့၊ ဒီက အကောင်းပြောတာ၊ နောက်တော့သာ မပြော မရှိနှင့်'

ကိုယ့်လူရေ အဲဒီလို ပြောလိုက်တော့ ပိုပြီး ဆိုးသွားတယ်ဗျို့။ အမှန် ကတော့ ပြောဖို့တော့ မကောင်းဘူးပေါ့ဗျာ။ သာမန်ဆိုရင်တော့ ကျွန်တော်လဲ ပြောမိမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ခုတော့ သူလုပ်နေပုံကို ချဉ်တင်တင် ရှိ တာနှင့် ပြောချလိုက်မိတာ။ တကယ်ပါ။ သာမန်အားဖြင့်ဆိုရင် မိန်းကလေး တစ်ယောက်ကို ကျွန်တော် ဒီလို ခပ်ရိုင်းရိုင်း မပြောတတ်ပါဘူး။ ခုတော့ အမျိုးသမီးက တော်တော့်ကို စိတ်ဆိုးနေပြီ ကိုယ့်လူရေ။ ကျွန်တော်လဲ သူ့ကို ပျာပျာသလဲ တောင်းပန်ရတာပေါ့။ ဒါပေမယ့် တောင်းပန်လို့ ချော့လို့ မရ တော့ဘူး။ အမျိုးသမီးက ငိုတောင်နေပြီ။ ကျွန်တော်လဲ နည်းနည်းတော့ လန့် သွားတာပေါ့။ အိမ်ပြန်ရောက်လို့ သူ့အဖေကြီးကို တိုင်ရင် ပြဿနာပဲ။ ကျွန် တော်က သူ့ကို နာနာကြည်းကြည်း ပြောလိုက်မိပြီ။ သူ့အဘိုးကြီးက ဗလက ခပ်ကောင်းကောင်း။ ပြီးတော့ ရှူးရှူးဒိုင်းဒိုင်း သိပ်လုပ်တတ်တဲ့ လူကြီး။ ကျွန် တော့်ကိုလဲ နဂိုကတည်းက သိပ်ကြည်တာ မဟုတ်ဘူး။ တစ်ခါတုန်းက ဆိုရင် ဒီကောင်ကို ငါကြည့်လို့ကို မရဘူးလို့တောင် ဆယ်လီကို ပြောဖူးသေးသတဲ့။

'တကယ်ပါကွာ၊ ကိုယ် တောင်းပန်ပါတယ်' လို့ ကျွန်တော်က ချော့ တယ်။

'ဘာ ဆောရီးလဲ၊ တစ်ခါလာ ဆောရီး၊ တစ်ခါလာ ဆောရီးနှင့် သူများ ကိုတော့ ပြောချင်တိုင်း ပြောပြီး'

အမျိုးသမီးက ငိုလို့ မပြီးသေးဘူး ခင်ဗျ။ ကျွန်တော်လဲ သူ့ကို ပြော လိုက်မိတဲ့ အတွက် တကယ် စိတ်မကောင်းပါဘူး။

'ကဲပါ ကိုယ် လိုက်ပို့ပါ့မယ်၊ စိတ်မဆိုးပါနှင့်'

'မလိုပါဘူး၊ ကိုယ့်ဘာသာကိုယ် ပြန်တတ်ပါတယ်၊ ယူပို့တာကို လိုက် မယ်လို့ မထင်လိုက်ပါနှင့်၊ ကိုယ့်တစ်သက်မှာ ဘယ်ယောကျာ်းလေးကမှ ဒီလို အပြောမခံရဖူးဘူး'

## လေလွင့်သူ

ဖြစ်နေပုံကတော့ တွေးကြည့်လိုက်တိုင်း ရယ်စရာ တော်တော် ကောင်းတယ်ဗျ။ ဒီတုန်းမှာ ကျွန်တော်ကလဲ ကျွန်တော် မလုပ်သင့်တာ တစ်ခုကို လုပ်လိုက်မိတယ်။ ကျွန်တော် သူ့ကို ကြည့်ပြီး ရယ်လိုက်တယ်လေ။ ကျွန်တော် ရယ်ရင်လဲ သူများလို တိုးတိုးသက်သာ ရယ်တာ မဟုတ်ဘူး။ အားရပါးရ ခွက်ထိုးခွက်လန် ရယ်တတ်တဲ့ကောင်။ ကျွန်တော် ရယ်တော့ ဆယ်လီ ပိုပြီး စိတ်ဆိုးတာပေါ့။

ကျွန်တော်လဲ ကျွန်တော့်ကို ခွင့်လွှတ်ဖို့ အကြောင်း တဖွဖွ တောင်းပန်တာပဲ။ ဒါပေမယ့် အမျိုးသမီးက မရဘူးဗျ။ ကျွန်တော့်ကို တွင်တွင်သာ နှင်လွှတ်နေတော့တာပဲ။ ဒါနှင့် နောက်ဆုံးတော့ ကျွန်တော်လဲ ရုံကလေးထဲကို ဝင်လာခဲ့ပြီး ဖိနပ်ကို ပြန်စီးတယ်။ အဝတ်အစားတွေကို လဲတယ်။ ပြီးတော့ ကျွန်တော် တစ်ယောက်တည်း ထွက်လာခဲ့တယ်။ အမှန်ကတော့ ဒီလို လုပ်ဖို့တော့ မကောင်းဘူးပေါ့ဗျာ။ ဒါပေမယ့် အဲဒီ အချိန်လောက်ကျတော့ ကျွန်တော်လဲ တော်တော်လေး ငြီးငွေ့သွားပြီလေ။

ပြန်စဉ်းစားကြည့်တော့ ကျွန်တော့်ကိုယ် ကျွန်တော် ဘာဖြစ်လို့ ဒီလို စကားမျိုးတွေ သွားပြောသလဲဆိုတာ စဉ်းစားလို့ မရဘူး။ မက်ဆာချူးဆက်တို့ ဗားမောင့်တို့ကို သွားမယ်၊ နှစ်ယောက်တည်း နေမယ် ဆိုတဲ့ စကားတွေကို ဘယ်လိုကနေ ဘယ်လို သွားပြောလိုက်မိမှန်း မသိဘူး။ တကယ် သူက လိုက်မယ်ဆိုသည့်တိုင် ကျွန်တော်က ခေါ်ဖြစ်ချင်မှ ခေါ်ဖြစ်မှာ။ ပြောတုန်းကတော့ တကယ်ကို စိတ်ကူး ရှိလို့ ပြောလိုက်တာပဲ။ ကျွန်တော်ဆိုတဲ့ ကောင်ကလဲ တော်တော် ရူးတဲ့ကောင်။

## ၁၈

စကိတ်ကွင်းက ထွက်လာတော့ ကျွန်တော် တော်တော်လေး ဆာနေပြီ။ ဒါနှင့် လမ်းဘေးက စတိုးဆိုင်ကလေး တစ်ဆိုင်ထဲ ဝင်ပြီး ဆွစ်ဒိန်ခဲနှင့် ညှပ်ထားတဲ့ ဆင်းဒွစ် တစ်ထုပ် ဝယ်တယ်။ ပြီးတော့ တယ်လီဖုန်းရုံ တစ်ခုထဲကို ဝင်ခဲ့တယ်။ ဂျိမ်းကို တယ်လီဖုန်း ဆက်ရမလားလို့ စိတ်ကူး ရလို့ပါ။ သူ အိမ်ပြန်ရောက်ပြီလား မရောက်သေးဘူးလားလို့ မေးမယ်ပေါ့။ ကျွန်တော့်မှာ တစ်ညနေလုံး ဘာမှ လုပ်စရာ မရှိဘူးလေ။ စိတ်ကူးကတော့ သူအိမ်မှာရှိရင် သူ့ကို ချိန်းပြီး တစ်နေရာရာ သွားကြမယ်လို့ စိတ်ကူးတာပဲ။ ကျွန်တော် သူနှင့် တစ်ခါမှ မကဖူးသေးဘူး။ အဲ သူ ကတာကိုတော့ တစ်ခါ မြင်ဖူးရဲ့။ အကတော့ တော်တော်လေး ကောင်းမယ့်ပုံပဲ။ ဇူလိုင်လ ၄ ရက် လွတ်လပ်ရေးနေ့မှာ ကလပ်မှာ တစ်ခါ ကတာကိုတော့ မြင်ဖူးတယ်။ အဲဒီတုန်းက သူနှင့် ကျွန်တော် ကောင်းကောင်း မသိကြသေးဘူး။ ဒီတော့ ဘုမသိဘမသိနှင့် ဒိတ်လုပ်ဖို့ မကောင်းဘူးလို့ ကျွန်တော် ထင်တယ်လေ။ အဲဒီတုန်းက သူနှင့်က တက္ကသိုလ်ကျောင်းကို ရောက်သွားတဲ့ အယ်ပိုက် ဆိုတဲ့ ကောင်နှင့် ဒိတ်လုပ်နေတယ်။ အဲဒီကောင်ကိုလဲ ကျွန်တော် ကောင်းကောင်း မသိဘူး။ ဒါပေမယ့် ဒီကောင်ကို ရေကူးကန်နားမှာတော့ မကြာခဏ တွေ့မိသား။ အဲဒီတုန်းက ဒီကောင်က လတ်စတက် ရေကူးဝတ်စုံလို ဟာမျိုးနှင့် အဖြူရောင် ဝတ်စုံကို ဝတ်ထားတယ်။ ဒိုင်ဗင် စင်ကြီးပေါ် တက်ပြီး အမြင့်ကနေ ဒိုင်ဗင် ထိုးပြတယ်။ ဒီလိုနှင့် ဒီငနဲဟာ ဒိုင်ဗင်စင်ကြီးပေါ် တက်ပြီး တစ်နေကုန် ဒိုင်ဗင် ထိုးပြနေတာပဲ။ သူ ထိုးပြတဲ့ ဒိုင်ဗင်ကလဲ ပုံစံ တစ်မျိုးတည်းရယ်။ သို့သော်လဲ သူ့ကိုယ်သူတော့ အလွန် ဟော့တယ်လို့ ထင်မှာပေါ့လေ။ ဒီကောင့်မှာ ကြွက်သားပဲ ရှိတယ်။ ဦးနှောက်

မရှိပါဘူး။ ဒါပေမယ့် ဘာပြောပြော ဒီနေ့ညတော့ ဂျိမ်းက ဒီကောင်နှင့် ဒိတ်လုပ်သွားပြီ။ ဘာများ သဘောကျလို့လဲ မသိဘူးဗျာ။ တကယ်ပဲ။ ကျွန်တော်ဖြင့် နားမလည်နိုင်ဘူး။ သူနှင့် ကျွန်တော် နည်းနည်း ရင်းနီးလာတော့ အယ်ပိုက်လို ရှိုးများတဲ့ ကောင်မျိုးနှင့် ဘာဖြစ်လို့များ ဒိတ်လုပ်သလဲလို့ ဂျိမ်းကို မေးကြည့်တယ်။ ဂျိမ်းက သူက ရှိုးမများပါဘူးတဲ့၊ သိမ်ငယ်စိတ် ဝင်နေတာတဲ့။ အံမယ် မချောက တကယ်ပဲ သူ့အတွက် စိတ်မကောင်းနေသလား မသိဘူးဗျာ။ ဟုတ်တယ်၊ ဒီကောင့် အကြောင်း ကျွန်တော် ပြောတော့ သူ့ဘက်ကလိုက်ပြီး ကာကွယ်နေတယ်။ မိန်းကလေးတွေဟာ တော်တော် ဟားရတယ်ဗျ။ ဘဝင်မြင့်တဲ့ ကောင်တို့ လေခပ်ထွားထွား ကောင်တို့ အကြောင်းကို သူတို့ ရှေ့မှာ သွားပြောမိရင် ဒီလို မဟုတ်ရပါဘူးတဲ့၊ သူတို့မှာ သိမ်ငယ်စိတ် ဝင်နေတာပါတဲ့၊ ကာကွယ်တတ်တယ် ခင်ဗျ။ သိမ်ငယ်စိတ်တော့ ရှိချင်ရှိမှာပေါ့ဗျာ၊ ဒါပေမယ့် ကြွားဟာ ကြွားပဲပေါ့။ ရှိုးများတဲ့ ကောင်ဟာ ရှိုးများတယ်ပေါ့။ ကောင်မလေးတွေဟာ တော်တော် ဆန်းတယ်ဗျ။ ဘယ်လိုများ စဉ်းစား တွေးခေါ်ကြသလဲ မသိဘူး။ တစ်ခါတုန်းက အဲဒီလို ကောင်မလေးမျိုး တစ်ယောက်ကို ကျွန်တော် တွေ့ဖူးတယ်။ တစ်ခါကျတော့ ကျွန်တော်နှင့် ရော်ဘာတာက တစ်တွဲ၊ သူ့ သူငယ်ချင်း တစ်ယောက်နှင့် ကောင်တစ်ကောင်နှင့်က တစ်တွဲ ဒိတ်လုပ်ကြတယ်။ အဲဒီကောင် နာမည်က ရောဗတ်ဆန်တဲ့။ ဒီကောင်ကတော့ တကယ့်ကို သိမ်ငယ်စိတ် ဝင်နေတဲ့ကောင်။ ဒီကောင်ဟာ ဘယ်လောက်များ ရှက်တတ် ကြောက်တတ်သလဲ ဆိုရင် အဖေ အမေ ရှေ့မှာလဲ အရှက် အကြောက် ကြီး၊ အပေါင်းအသင်းတွေ ရှေ့မှာလဲ အရှက် အကြောက် ကြီးတယ်။ မိဘတွေ အတွက်လဲ ရှက်တယ်။ သူ့မိဘတွေက စကား ပြောရင် သဒ္ဒါ ဝါကျမှန်အောင် မပြောနိုင်လို့တဲ့လေ။ ပြီးတော့ သူတို့က နည်းနည်းလဲ နွမ်းပါးကြတယ်။ အမှန်ကတော့ ဒီကောင်က သိပ်မဆိုးပါဘူး။ ဒါပေမယ့် ရော်ဘာတာရဲ့ အခန်းဖော်ကတော့ အဲဒီ ငနဲကို သိပ်သဘော မတွေ့လှဘူး။ ဒီကောင်ဟာ သိပ်ဘဝင်မြင့်တယ်တဲ့။ ဘာဖြစ်လို့ ဘဝင်မြင့်တယ် ထင်တာလဲလို့ မေးတော့ သူ့ကိုယ်သူ စကားရည်လုပွဲမှာ ခေါင်းဆောင်လို့ ပြောလို့တဲ့။ ဟိုကောင်ကလဲ ကြုံလို့ ပြောတာနေမှာပေါ့ဗျာ။ ဒါပေမယ့် ကောင်မလေးကတော့ အဲဒါလေး ပြောမိတာနှင့် သူ့ကို ဘဝင်မြင့်တယ်လို့ ထင်သတဲ့ဗျာ။ မခက်ဘူးလား။ မိန်းကလေးများဟာ တော်တော် ခက်တယ်ဗျ။ သူတို့ သဘောကျမိပြီ ဆိုရင် ဘယ်လောက် အသုံးမကျတဲ့ ကောင်ပဲ ဖြစ်ဖြစ် သူက သိမ်ငယ်စိတ် ဝင်တာပါ ဘာညာနှင့် ပြော

တတ်တယ်။ အဲ သူတို့ မကြိုက်ဘူးဆိုရင် ဘယ်လောက်ပဲ တော်တဲ့ ကောင်ပဲ ဖြစ်ဖြစ် အလကားကောင် ဘဝင်မြင့်နေတာလို့ ပြောတတ်တယ်။ မိန်းကလေး တွေထဲမှာ တော်တော် ထက်တဲ့ မိန်းကလေးတွေတောင် ဒီလိုပဲ ပြောတတ် ကြတယ်။

ကျွန်တော် ဂျိမ်းဆီကို တယ်လီဖုန်း ဆက်လိုက်တယ်။ ဒါပေမယ့် ဖုန်းက ပြန်မထူးဘူးဗျ။ ဒါနှင့် ဖုန်းကို ပြန်ချိတ်ထားလိုက်တယ်။ ပြီးတော့ ကျွန်တော့် မှတ်တမ်းစာအုပ်ကို လှန်ပြီး ဒီနေ့ ညနေမှာ ဘယ်ကောင်မလေးများ အားမလဲလို့ ကျွန်တော် လှောက်ကြည့်တယ်။ ခက်တာက ကျွန်တော့် မှတ်စု စာအုပ်ထဲမှာ တယ်လီဖုန်း နံပါတ်ဆိုလို့ သုံးခုပဲ ပါတယ်။ တစ်ခုက ဂျိမ်းရဲ့ တယ်လီဖုန်း နံပါတ်။ နောက်တစ်ခုက မစ္စတာ အန်တိုလီနီရဲ့ ဖုန်းနံပါတ်။ မစ္စတာ အန်တိုလီနီ ဆိုတာက အက်တန် ကျောင်းတုန်းက ကျွန်တော့် အတန်း ဆရာ။ ပြီးတော့ ကျွန်တော့်အဖေရဲ့ ရုံးဖုန်းနံပါတ်။ ဒါပဲ ပါတယ်။ ကျွန်တော် ဆိုတဲ့ ကောင်ကလဲ တယ်လီဖုန်း နံပါတ်ကိုသာ မှတ်ထားလိုက်တာ။ နံပါတ်နှင့် နာမည်နှင့် တွဲပြီး ရေးမထားလိုက်မိဘူး။ ဒါနှင့် နောက်ဆုံးတော့ ကျွန်တော့် စိတ်ထဲမှာ အလွတ်ရနေတဲ့ ကားလ်လုစ်ရဲ့ တယ်လီဖုန်း နံပါတ်ကို ကောက် လှည့်လိုက်တယ်။ လုစ်က ကျွန်တော် ဟူတန်ကျောင်းက ထွက်လာပြီးတော့မှ အဲဒီကျောင်းက အောင်လာတာ။ ကျွန်တော့်ထက် အသက် လေးနှစ်လောက် ကြီးမယ် ထင်တယ်။ အမှန်ကတော့ ဒီကောင်ကို ကျွန်တော် သိပ်မကြိုက်ဘူး။ ဒါပေမယ့် ဒီကောင်က ဉာဏ်ကောင်းတယ်။ ဟူတန် ကျောင်းတုန်းက ဆိုရင် အိုင်ကျူ ကောင်းကောင်း အဆင့် ရှိတယ်။ ဘာပဲပြောပြော သူ့ကို ခေါ်ပြီး အတူ ညစာစားရင် ကောင်းမလားလို့ ကျွန်တော် တွေးမိတယ်။ စာကြောင်း ပေကြောင်းလေးတွေလဲ ပြောရတာပေါ့။ ဒီကောင်နှင့် စကားပြောရတာက တစ်ခါ တလေမှာ အကျိုး ရှိပါတယ်။ ဗဟုသုတ ရပါတယ်။

ဒါနှင့် ကျွန်တော် ဒီကောင့်ဆီကို ကောက်ပြီး တယ်လီဖုန်း ဆက်လိုက် တယ်။ ဒီကောင်က ကိုလံဘီယာ တက္ကသိုလ်မှာ တက်နေတယ်။ ဒါပေမယ့် ခုလောက်ဆိုရင် ကျောင်းပိတ်လို့ အိမ်ပြန်ရောက်လောက်ပြီ။ နေတော့ ၆၅ လမ်းမှာ နေတယ်။ တယ်လီဖုန်း ဆက်ကြည့်တော့ ကျွန်တော်နှင့် အတူ လိုက်ပြီး ညစာ မစားနိုင်ဘူးတဲ့။ ဒါပေမယ့် ည ဆယ်နာရီ ထိုးရင်တော့ ၅၄ လမ်းထိပ်မှာ လာပြီး ကျွန်တော်နှင့် အတူ ယမကာလေး ဘာလေး လာ သောက်မယ်တဲ့။

ဒီကောင် ကျွန်တော် ဖုန်းဆက်တော့ အံ့ဩနေမှာပဲ။ တစ်ခါတုန်းက ကျွန်တော်က ဒီကောင့်ကို ဖင်ခေါင်းကျယ်တယ်လို့ ပြောခဲ့ဖူးတာကိုး။

ဆယ်နာရီ ထိအောင် နေရမှာ ဆိုတော့ ကျွန်တော့်မှာ အချိန်တွေ အများကြီး ပိုနေတယ်။ ဒါနှင့် ကျွန်တော် ရေဒီယိုစီးတီးကို လာပြီး ရုပ်ရှင်ကြည့်တယ်။ အမှန်ကတော့ ရုပ်ရှင်သွားဖို့ မကောင်းဘူး။ ဒါပေမယ့် ဘယ်တတ်နိုင်မလဲ။ အချိန်ကလဲ လို ကျွန်တော် ချိန်းထားတဲ့ နေရာနှင့်လဲ နီးတော့ အဲဒီကိုပဲ သွားရတော့တာပေါ့။

ရုပ်ရှင်ရုံထဲကို ကျွန်တော် ဝင်သွားတော့ စတိတ်ရှိုးတွေ စပြစပဲ ရှိသေးတယ်။ ရောကက် အဖွဲ့က ခေါင်းလှုပ်လိုက် ခြေမြှောက်လိုက် ကနေတယ်။ သူတို့ ပြီးတော့ ပရိသတ်က ဩဘာ ပေးလိုက်ကြတာ ဆူညံနေတာပဲ။ ကျွန်တော့် နောက်ဆုံး ခုံတန်းက ငနဲတစ်ယောက်ကတော့ 'ကြည့်စမ်း၊ သိပ်ကောင်းတာပဲ၊ ကကွက်တွေက တော်တော် တိကျတယ်' လို့ သူ့မိန်းမကို ပြောနေတယ်။ တော်တော် စိတ်ပျက်ဖို့ကောင်းတဲ့ ကောင်ဗျ။ နောက်တစ်ခန်းကျတော့ မက္ကစီကို ဦးထုပ်ပြားကြီး ဆောင်းပြီး စကိတ် စီးတဲ့ လူတစ်ယောက် ထွက်လာတယ်။ စားပွဲကြီ စားပွဲကြားမှာ လျှောက်ပြီး စကိတ် စီးပြတယ်။ ပြက်လုံးတွေ ပြောနေတယ်။ မဆိုးပါဘူး။ စကိတ်စီးတော့ ကောင်းပါတယ်။ ကြည့်ရတာ တစ်မျိုးပဲဗျာ။ ဇာတ်ခုံပေါ် တက်လာပြီး စကိတ်စီး သင်နေတဲ့ လူတစ်ယောက်လို့ ကျွန်တော့် စိတ်ထဲမှာ မြင်နေတယ်။ သိပ်မကောင်းဘူး။ ဒါကို ထောက်ရင် ကျွန်တော့် စိတ်တွေ တစ်မျိုး ဖြစ်ပြီး နည်းနည်း ဖောက်နေတယ် ဆိုတာ ကျွန်တော့် ဘာသာ သိတယ်။ နောက် တစ်ခန်းကျတော့ ရေဒီယို စီးတီးမှာ ထုံးစံအတိုင်း လုပ်နေကျ နာတာလူးပွဲတော် ပြကွက်ပေါ့ဗျာ။ တမန်တော်တွေက သေတ္တာတွေထဲက ထွက်လာပြီး အမျိုးသားတွေက လက်ဝါးကပ်တိုင်ကြီးတွေ ကိုင်ပြီး ကကြတာပေါ့။ သီချင်း ဆိုကြတာပေါ့။ ဇာတ်ခုံပေါ်မှာ လူတွေ ထောင်ချီပြီး ရှိမယ် ထင်တာပဲ။ ကြည့်လို့ ကောင်းပါတယ်။ လှပါတယ်။ ဘာသာရေးစော် နံတယ်။ ဒါပေမယ့် ခက်တာက ကျွန်တော်ဆိုတဲ့ ကောင်ကလဲ တစ်မျိုး။ လှတာဆိုရင် သိပ်မကြိုက်ဘူး။ ဘာသာရေးစော် နံရင်လဲ သိပ်မကြိုက်ဘူး။ ဘယ့်နှယ်ဗျာ၊ ဇာတ်ခုံကြီး တစ်ခုံလုံးမှာ လက်ဝါးကပ်တိုင်တွေ ကိုင်ထားတဲ့ ဇာတ်သူ ဇာတ်သားတွေကို ချည်းပဲ မြင်နေရတာ၊ ဘယ်ကြည့်လို့ ကောင်းပါတော့မလဲ။ သူတို့ အခန်း ပြီးသွားတော့ အပြင် ပြေးထွက်သွားပြီး ဆေးလိပ်တို့ ဘာတို့ သောက်စားနေကြမှာပေါ့။ ဒီအခန်းကို တစ်နှစ်တုန်းက

ကျွန်တော်နှင့် ဆယ်လီ အတူသွားပြီး ကြည့်ခဲ့ဖူးတယ်လေ။ အဲဒီတုန်းကတော့ ဆယ်လီက သဘော ကျလွန်းလို့ အဝတ်အစားတွေ ဘယ်လောက် လှတဲ့ အကြောင်း ဘယ်လောက် ကြည့်လို့ ကောင်းတဲ့ အကြောင်းကို တဖွဖွ ပြောနေ တော့တာပဲ။ ကျွန်တော်က ယေရှုသခင်သာ မြင်ရင် ဘယ် ကိုယ့်ကိုယ်ကိုယ် သတ်သေချင်မှာလဲလို့ ပြောလိုက်တယ်။ ဘယ့်နှယ်ဗျာ၊ ကိုး ရိုး ကား ရား အဝတ်အစားတွေ ဝတ်ထားတာ ဘယ်မှာ ကြည့်လို့ ကောင်းပါ့မလဲ။ ဒီတော့ ဆယ်လီက ကျွန်တော်ဟာ ဘုရား တရား မရှိတဲ့သူတဲ့။ ဓမ္မန္တရယ်တဲ့။ မပြော တတ်ဘူးလေ၊ ဟုတ်ချင်လဲ ဟုတ်မှာပေါ့။ အမှန်ကတော့ တီးဝိုင်းထဲက ဒရမ် တီးတဲ့ လူကြီးဆိုရင် ဘုရား ကြိုက်မှာပဲ။ အဲဒီလူ ဒရမ်တီးတာကို ကျွန်တော် ငယ်ငယ် ကလေးဘဝ ကတည်းက မြင်ခဲ့ဖူးတာ။ ကျွန်တော်နှင့် ကျွန်တော့်ညီ အယ်လီ ဆိုရင် နေရာက ထသွားပြီး အဲဒီလူကြီး ဒရမ် တီးတာကိုပဲ သွား ကြည့်နေကြတာပဲ။ ဒရမ်တီးတာကတော့ တကယ် ကျွမ်းတယ်ဗျာ။ ဒီလောက် ကျွမ်းတဲ့ ဒရမ်သမားမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး။ အမှန်ကတော့ တစ်ပွဲလုံး မှာမှ သူ ဒရမ် တီးရတဲ့ အခန်းဟာ သိပ်မများပါဘူး။ နည်းနည်းကလေးပါ။ ၄၊ ၅၊ ၆ ချက်လောက်ပဲ တီးလိုက်ရတာပါ။ ဒါပေမယ့် သူ ဒရမ် မတီးရတဲ့ အခါမှာလဲ သူ့ကို ကြည့်ရတာ ပျင်းရိ ငြီးငွေ့နေတဲ့ပုံ မပေါ်ဘူးဗျ။ အဲ သူ တီးရတဲ့ အလှည့်ရောက်လို့ တီးလိုက်ရင်လဲ စိတ်ပါ လက်ပါ တီးတာပဲ။ ဒရမ်ကလဲ ကောင်းသလား မမေးနှင့်၊ ဘယ်လို ကောင်းမှန်း မသိဘူး။ သူ့ မျက်နှာကလဲ တကယ့်ကို ခံစားချက်နှင့် တီးနေတဲ့ မျက်နှာမျိုး။ တစ်ခါတုန်း က ဆိုရင် ကျွန်တော်တို့ ညီအစ်ကို အဖေနှင့် အတူ ဝါရှင်တန်ကို လိုက်သွား တော့ ကျွန်တော့်ညီ အယ်လီက သူ့ကို အမှတ် ရလို့တဲ့၊ ပို့စကတ်ကလေး တစ်ခုတောင် ပို့လိုက်သေးတယ်။ ဒါပေမယ့် အဲဒီ ပို့စကတ်ကိုလဲ သူ ရမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့က သူ့လိပ်စာကို ဘယ်လို တပ်ရမှန်းမှ မသိတာ။ ဒီတော့ နားလည်သလိုပဲ တပ်လိုက်တာကိုး။

နာတာလူး ပြကွက်ပြီးတော့ ရုပ်ရှင် စပြတယ်။ ဇာတ်ကားကလဲ သိပ် မကောင်းပါဘူးဗျာ။ ဇာတ်လမ်းက အင်္ဂလိပ် တစ်ယောက်ဗျ။ အဲလက် ဆိုလား ဘာလား၊ အဲဒီလူက စစ်ထဲ ပါသွား၊ ကျည်ဆန်ထိတော့ ဆေးရုံ တစ်ရုံမှာ တက်၊ မှတ်ဉာဏ် မရှိတော့ဘဲ အတိတ်ကို မေ့သွား၊ ဆေးရုံက ဆင်းတော့ ကြိမ်တုတ်ကလေး တစ်ချောင်း ကိုင်ပြီး လန်ဒန် တစ်မြို့လုံး အနှံ့ လျှောက်သွား၊ သူ့ ကိုယ်သူ ဘယ်သူ ဆိုတာကိုလဲ မသိ၊ အမှန်ကတော့ သူက မြို့စား တစ်

ယောက်ဗျ၊ ဒါပေမယ့် သူ့ ကိုယ်သူ မမှတ်မိတော့ဘူးလေ၊ တစ်နေ့ကျတော့ ဘတ်စ်ကားပေါ်မှာ သဘောကောင်းတဲ့ ကောင်မလေး တစ်ယောက်နှင့် တွေ့၊ ဘတ်စ်ကားပေါ် အတက်မှာ ကောင်မလေးက ဦးထုပ် ပြုတ်ကျလို့ ဦးထုပ် ကောက်ပေးရာက အသိဖြစ်၊ အတူတူ ဘတ်စ်ကား စီး၊ ဘတ်စ်ကားပေါ် ရောက်တော့ စာရေးဆရာ ချားဒစ်ကင်း အကြောင်းပြော၊ သူတို့ နှစ်ယောက် စလုံးက ဒစ်ကင်းရဲ့ စာဖတ် ပရိသတ်တွေ၊ သူ့လက်ထဲမှာလဲ ဒစ်ကင်းရဲ့ အော်လီဗာတွစ် ဝတ္ထုစာအုပ် ပါလာ၊ ဒါနှင့် နောက်ဆုံးတော့ ဒစ်ကင်းရဲ့ စာ ဖတ်ပရိသတ်တွေ ဖြစ်နေတာကို အကြောင်းပြုပြီး သူတို့ နှစ်ယောက် ချစ်ကြိုက် သွား၊ အဲဒီ လူက ကောင်မလေးရဲ့ ထုတ်ဝေရေး လုပ်ငန်းကို ကူ၊ ကောင်မလေး က ထုတ်ဝေသူလေ၊ ဒါပေမယ့် သိပ်တော့ မအောင်မြင်ရှာသေးဘူး၊ ကောင် မလေး ရှာလို့ ရတဲ့ ပိုက်ဆံကို သူ့ အစ်ကိုက ယူ သုံးဖြုန်းပစ်တယ်၊ သူ့ အစ်ကိုက အရက်သမားကြီး၊ အဲဒီလူကလဲ တော်တော်ဆိုးတယ်၊ လောကကြီး ကို စိတ်နာနေတဲ့လူ၊ အစတုန်းက သူက စစ်တပ် ခွဲစိတ်ဆရာဝန်ရယ်၊ နောက် တော့ စစ်ထဲမှာ ဒဏ်ရာရပြီး အာရုံကြောကို ထိခိုက်သွားတာနှင့် ဘာမှ လုပ် ကိုင်စားလို့ မရတော့တာနှင့် အရက်ကို ဖိသောက်နေတာ၊ နောက်တော့ အဲ လက် ဆိုတဲ့ လူက စာအုပ်တစ်အုပ် ရေး၊ ကောင်မလေးက ထုတ်ဝေ၊ အောင် မြင်တော့ ပိုက်ဆံတွေရ၊ ဒါနှင့် သူတို့ နှစ်ယောက် လက်ထပ်မယ်လို့ စီစဉ်၊ အဲဒီတုန်းမှာ မာစီယား ဆိုတဲ့ မိန်းမ တစ်ယောက် ပေါ်လာတယ်၊ အဲဒီ မာ စီယားက အဲလက် အတိတ်ကို မမေ့ခင်တုန်းက အဲလက်ရဲ့ ချစ်သူ၊ စေ့စပ် ကြောင်းလမ်းပြီးသား၊ တစ်နေ့တော့ ဆိုင်ထဲမှာ စာအုပ်တွေကို စာရေးဆရာက လက်မှတ်ထိုးပြီး လက်ဆောင် ပေးနေတုန်းမှာ မာစီယားက မြင်သွားပြီး သူ့ကို မှတ်မိသွား၊ မာစီယားက အဲလက်ဟာ မြို့စား တစ်ယောက် ဖြစ်တဲ့ အကြောင်း ကို ပြောပြ၊ ဒါပေမယ့် အဲလက်က သူ့စကားကို မယုံကြည်၊ သူ့အမေဆီ ခေါ်တာကိုလဲ မလိုက်ဘူး၊ သူ့အမေကြီးကလဲ မျက်စိကွယ်နေပြီ၊ ဒါပေမယ့် ဇာတ်လိုက်လုပ်တဲ့ ထုတ်ဝေသူမလေးက အဲလက်ကို အမေ့ဆီကို လိုက်သွား ဖို့ တိုက်တွန်းတယ်၊ စိတ်သဘောထား ကြီးတယ်ပေါ့ဗျာ၊ ဒါနှင့် အမေဆီကို လိုက်သွားတယ်၊ ဒါပေမယ့် သူ့ အတိတ်မေ့ရောဂါက မပျောက်ဘူး၊ သူ မွေး ထားတဲ့ ခွေးကြီးက သူ့ရင်ခွင်ပေါ် တက်ထိုင်တာကို သူ ဘာမှ သတိမရဘူး၊ အမေက မျက်စိ ကွယ်နေတော့ သူ့မျက်နှာကို လက်နှင့် လျှောက်စမ်းကြည့်တယ်၊ သူ ငယ်ငယ်တုန်းက သူ ကစားခဲ့တဲ့ တက်ဒီ ဝက်ဝံ ရုပ်ကလေးကို ပြတယ်၊

ဒါပေမယ့် သူ မမှတ်မိဘူး၊ တစ်နေ့မှာ ကလေးတွေက မြက် ခင်း ပေါ် မှာ ခရစ်ကက် ကစားနေကြတယ်၊ ဒီတင် ခရစ်ကက် ဘောလုံးက သူရဲ့ ခေါင်းကို ထိမှန်သွားတယ်၊ ဒီတင် သူလဲ သတိပြန်ရသွားပြီး အမေ့ဆီကို ပြန်သွား၊ အမေ့ကို ပွေ့ဖက်နမ်း၊ သူလဲ မြို့စား ပြန်ဖြစ်သွား၊ မြို့စား ပြန်ဖြစ်တော့ ထုတ်ဝေသူ ကောင်မလေးကို သတိမရတော့ဘူးပေါ့။ ခင်ဗျားတို့ကို ဘယ်လို ဇာတ်သိမ်း သွားသလဲဆိုတာ ပြောချင်တာပါ။ ဒါပေမယ့် မပြောတော့ပါဘူးဗျာ၊ ပြောရင် အရသာ ပျက်သွားလိမ့်မယ်။ ဇာတ်က ရိုးရိုးကြီး ဆိုတော့ ပြောလဲ မထူးပါဘူး။ အရသာတော့ မပျက်ပါဘူး။ ဒါပေမယ့် ပြောရတာ စိတ်ကုန်တယ်။ ပြောရင်လဲ ဘာမှ မထူးပါဘူး။ ဒါနှင့် နောက်ဆုံးတော့ အဲလက်နှင့် ထုတ်ဝေသူ ကောင်မလေးနှင့် လက်ထပ် သွားကြတယ်။ ယောက်ဖ လုပ်တဲ့ အရက်သမား ဆရာဝန်ကြီးကလဲ ပြန်ကောင်းသွားလို့ အဲလက်ရဲ့ အမေရဲ့ မျက်စိကို ခွဲစိတ် ကုသပေးတယ်။ အမေ့ရဲ့ မျက်စိ ပြန်ကောင်းသွားတယ်။ အရက်သမား ဖြစ်ခဲ့တဲ့ အစ်ကို ဆရာဝန်နှင့် မာစီယားနှင့် ရတယ်။ နောက်ဆုံးတော့ ထမင်းစားပွဲမှာ မိသားစု ထိုင်စကား ပြောနေတုန်းမှာ အဲလက်ရဲ့ ချွေးကြီးကလဲ သူ့ သားသမီး တွေနှင့် အတူ အခန်းထဲကို ဝင်လာတယ်။ လက်စသတ်တော့ ချွေးကြီးက ချွေးမကြီး ဖြစ်နေတာကိုး။ ဒီလိုနှင့် ပျော်ပျော်ရွှင်ရွှင် အဆုံး သတ်သွားတယ်။ အဲဒီတော့ ကျွန်တော် ပြောချင်တာက ကိုယ့်ကိုယ်ကိုယ် မညှဉ်းဆဲချင်ရင် အဲဒီကားကို သွားမကြည့်ပါနှင့်လို့ပဲ ပြောချင်တယ်။

ပိုပြီး ဆိုးတာက ကျွန်တော့် ထိုင်ခုံနှင့် ကပ်လျက် အမျိုးသမီး တစ် ယောက်က တစ်ချိန်လုံး ငိုနေတယ်ဗျာ။ ဇာတ်လမ်းက ယုတ္တိမရှိဘဲ တမင် လုပ်ထားလေလေ အမျိုးသမီးကလဲ ငိုလေလေပဲ။ အမျိုးသမီး အနားမှာ ကလေး လေး တစ်ယောက်လဲ ပါတယ်။ ကလေးကတော့ ပျင်းလွန်းလို့ ထင်ပါရဲ့၊ အိမ်သာကို ခဏ ခဏ ထွက်နေတယ်။ အမျိုးသမီးက လိုက်မပို့ဘူးဗျ။ ငြိမ် ငြိမ်လေး ထိုင်ကြည့်ဖို့ပဲ ပြောနေတယ်။ ကြင်နာတတ်တဲ့ နှလုံးသားရှိတဲ့ ဝံပုလွေ ဆိုတာ ဒါမျိုးပဲ နေမှာပဲလို့ ကျွန်တော် အောက်မေ့မိသေးတယ်။ လူတွေဟာ တော်တော် ခက်တယ်ဗျ။ ရုပ်ရှင်တွေထဲမှာ အတုအယောင် လုပ်နေတာတွေကို အဟုတ်မှတ်ပြီး သူတို့မှာ ငိုလိုက်ကြရတာ။ အဲဒီ ငိုတဲ့ အမျိုးသမီး ဆယ် ယောက် အနက် ကိုးယောက်ဟာ တော်တော် နှလုံးသား ကင်းမဲ့တဲ့ မိန်းမ တွေချည်းပဲဗျ။ တကယ် ပြောတာ။

ရုပ်ရှင် ပြီးတော့ ကျွန်တော်လဲ လုစ်နှင့် ချိန်းထားတဲ့ ဝစ်ကား ပျော်ပွဲ

စားရုံကို လာခဲ့တယ်။ လမ်းလျှောက်လာရင်း စစ် အကြောင်းကို ကျွန်တော် တွေးလာခဲ့မိတယ်။ စစ်ကားတွေ ကြည့်ပြီးရင် ဒီလိုပဲ။ ကျွန်တော် စစ်အကြောင်းကို သွားသွား သတိရတတ်တယ်။ ကျွန်တော်သာ စစ်ထဲ လိုက်ရမယ် ဆိုရင်တော့ သေလိမ့်မယ် ထင်တယ်ဗျာ။ ကျွန်တော်တော့ စစ်တပ်တို့ ဘာတို့ အထဲကို နည်းနည်းလေးမှ မဝင်ချင်ဘူး။ စစ်တပ်ထဲမှာလဲ အကြာကြီး မနေနိုင်ဘူး။ ကျွန်တော့် အစ်ကို ဒီဘီဆိုရင် တပ်ထဲမှာ လေးနှစ်လုံးလုံး နေခဲ့ရတယ်။ ရှေ့တန်း စစ်မျက်နှာကိုလဲ သွားခဲ့ရတယ်။ ဒီဒေးတုန်းက ပြင်သစ် ကမ်းခြေကို တက်တဲ့ အထဲမှာ သူလဲ ပါတာပေါ့။ အဲဒီတုန်းက ကျွန်တော်က တကယ့် ချာတိတ်လေးပဲ ရှိသေးတယ်။ အားလပ်ရက်တွေမှာ သူ ပြန်လာတာကို ကျွန်တော် ကောင်းကောင်း မှတ်မိနေသေးတယ်။ အိမ်ပြန်လာတော့ ကျွန်တော့် အစ်ကို ဒီဘီဟာ ဘာမှ မလုပ်ဘူး။ အိပ်ရာပေါ်မှာ စန့်စန့်ကြီး လှဲနေတာနဲ့ပဲ အချိန်ကုန်တာ။ ဧည့်ခန်းထဲတောင် လာထိုင်လေ့ မရှိဘူး။ ခွင့်စေ့တော့ သူ စစ်မြေပြင်ကို ပြန်သွားရတယ်။ ဒဏ်ရာတို့ ဘာတို့လဲ မရခဲ့ပါဘူး။ ဘယ်သူ့ကိုမှလဲ ပစ်ခဲ့ ခတ်ခဲ့ရဟန် မတူပါဘူး။ တပ်ထဲရောက်တော့ သူ လုပ်ရတဲ့ အလုပ်က ဗိုလ်ချုပ် တစ်ယောက်ရဲ့ ကားဒရိုင်ဘာ လုပ်ရတယ်။ တစ်နေကုန် စစ်ဦးစီးရုံးက ကားပေါ်မှာ ဗိုလ်ချုပ်ကို တင်ပြီး မောင်းပို့နေတာနဲ့ပဲ အချိန်ကုန်တာပဲ။ ပစ်ဖို့ ခတ်ဖို့ အမိန့်ပေးရင်တောင် ဘယ်ကို လှမ်းပစ်ရမယ် ဆိုတာ သိမှာ မဟုတ်ဘူးတဲ့၊ အယ်လီနှင့် ကျွန်တော့်ကို ပြောပြဖူးတယ်။

တစ်ခါတော့ ကျွန်တော့်ညီ အယ်လီက အစ်ကိုက စာရေးဆရာ ဆိုတော့ စစ်ထဲ လိုက်သွားရင် စစ်ကိုယ်တွေ့ဝတ္ထုတွေ ရေးစရာ မရဘူးလားလို့ မေးတယ်။ ဒီတော့ ကျွန်တော့် အစ်ကို ဒီဘီက အယ်လီကို ဘေ့စ်ဘော ရိုက်တံကို အယူလွှတ်လိုက်ပြီး ပြန်လာတော့မှ စစ်ကဗျာ စာဆိုတွေ အနက် ဘယ်သူ့ကို အကြိုက်ဆုံးလဲလို့ ကျွန်တော့်ကို မေးတယ်။ ရူးပတ် ဘရွတ်ကို ကြိုက်သလား။ အယ်မလီ ဒစ်ကင်ဆန်ကို ကြိုက်သလားပေါ့လေ။ ဒီတော့ အယ်လီက အယ်မလီ ဒစ်ကင်ဆန်ကို ကြိုက်တယ်လို့ ဖြေတယ်။ ကျွန်တော်ကတော့ ကဗျာတို့ ဘာတို့ကို သိပ်ဖတ်လေ့ မရှိတော့ ဘယ်သူက ပိုကောင်းတယ် ဆိုတာ ကျွန်တော် မသိဘူး။ ဒါပေမယ့် စထရက်လေတာတို့လို အက်ကလေတို့လို ကောင်မျိုးတွေနှင့် စစ်တပ်ထဲ အတူ လိုက်သွားရမယ် ဆိုရင်တော့ ကျွန်တော် ရူးလိမ့်မယ် ထင်တယ်ဗျာ။ ကျွန်တော် စကောက်ထဲကို တစ်ပတ်လောက် လိုက်ဖူးတယ်။ ကျွန်တော့် ရှေ့မှာ တန်းစီနေတဲ့ ကောင်ရဲ့ ကုပ်ကို ကြည့်ရတာ သိပ် စိတ်ပျက်

တာပဲဗျာ။ တန်းစီရင် ကိုယ်ရှေ့က ကောင်ရဲ့ ကုပ်ကို တည့်တည့် ကြည့်ရမယ်လို့ ပြောတယ် မဟုတ်လား။ နောက်တစ်ခါ စစ်ကြီးများ ဖြစ်လို့ ရှိရင်တော့ ကျွန်တော့်ကို စစ်ထဲတော့ မခေါ်ပါနှင့်ဗျာ။ ကျွန်တော့် အစ်ကို ဒီဘီကလဲ တစ်မျိုးပဲဗျ။ သူက ပါးစပ်ကသာ စစ်ကို မုန်းတယ် စိတ်ပျက်တယ်လို့သာ ပြောတာ။ ကျွန်တော့်ကို ကျတော့ ဖဲယားဝဲလ်စ် တူ အမ်း ဆိုတဲ့ စာအုပ်ကို ဖတ်ခိုင်းတယ်။ သိပ်ကောင်းတဲ့ စာအုပ်တဲ့။ ဘာကြီးမှန်းလဲ မသိပါဘူးဗျာ။ အဲဒီထဲက ဇာတ်လိုက်က စစ်ဗိုလ်လေး လက်ဖတင်နင် ဟင်နရီတဲ့ဗျ။ ကျွန်တော့် အစ်ကို ဒီဘီဟာ သူကိုယ်တိုင်ကျတော့ စစ်ကို မုန်းတယ်၊ စစ်မတိုက်ချင်ဘူးလို့သာ ပြောတယ်၊ ကျွန်တော့်ကိုကျတော့ ဒီလို အဓိပ္ပာယ် မရှိတဲ့ စာအုပ်တွေကို အဖတ်ခိုင်းပြန်ရော။ ပြီးတော့ အစ်ကိုဟာ ရင်းလာနားရဲ့ စာအုပ်တို့ သည် ဂရိတ် ဂက်စ်ဘီ ဆိုတဲ့ စာအုပ်တို့ ကျပြန်တော့လဲ သိပ်ကြိုက်နေပြန်ရော။ ကျွန်တော်က သူ့ကို ဒီလို ပြောပြပြီး ကျွန်တော်က ငယ်သေးလို့ ဒီလို စာအုပ်မျိုးတွေ သိပ် မကြိုက်တတ်သေးဘူးလို့ ပြောတော့ အစ်ကို စိတ်ဆိုးတယ်ဗျ။ တကယ်ကတော့ ဘာ စိတ်ဆိုးစရာ ရှိသလဲဗျာ။ ဒါနှင့် နောက်ဆုံးတော့ ကြိုက်ပါတယ်လို့ပဲ ပြောလိုက်ရတာပေါ့။ အမှန်ကတော့ ဘယ်ကြိုက်မလဲဗျာ။ ပျင်းစရာကြီး။ ရှေးခေတ်ဟောင်းက ဝတ္ထုကြီးတွေ။ သိပ်စိတ်ပျက်ဖို့ကောင်းတာ။ ဘာဖြစ်ဖြစ်ဗျာ ခု အဏုမြူဗုံး ပေါ်လာတာကိုတော့ ကျွန်တော် သိပ်သဘောကျတယ်။ တကယ်လို့ နောက်ထပ် စစ်ကြီး တစ်ခု ဖြစ်လာရင်တော့ ကျွန်တော်တော့ အဏုမြူဗုံးကြီးပေါ် ထိုင်လိုက်သွားချင်တာပဲ။ တကယ် ပြောတာပါဗျ။ အဏုမြူဗုံး ချရင် အဲဒီဗုံးကြီးနှင့် ကျွန်တော် လိုက်သွားမယ် ဆိုတာ ကျွန်တော် စာရင်း ပေးလိုက်ချင်ပါတယ်။

## ၁၉

နယူးရော့မှာ နေတဲ့လူ မဟုတ်ရင်တော့ အဲဒီ ဝစ်ကား ပျော်ပွဲစားရုံဟာ တော်တော် စိတ်ပျက်ဖို့ ကောင်းတဲ့ ပျော်ပွဲစားရုံဗျ။ ပျော်ပွဲစားရုံက ဆီတန် ဟိုတယ် အောက်ထပ်မှာ ရှိတယ်။ အလျင်တုန်းက မကြာခဏ ရောက်ဖူးတာပဲ။ ခု မရောက်တာ တော်တော် ကြာသွားပါပြီ။ တဖြည်းဖြည်း ရှောင်လိုက်တယ် ဆိုပါတော့ဗျာ။ အဲဒီ ပျော်ပွဲစားရုံက တော်တော် ကိန်းကြီး ခန်းကြီး နိုင်တဲ့ ပျော်ပွဲစားရုံဗျ။ အတုအယောင် ဟန်ဆောင်ပန်ဆောင်တွေကလဲ သိပ်များတာပဲ။ သူတို့ ပျော်ပွဲစားရုံမှာ ပြင်သစ်မလေး နှစ်ယောက်လဲ ရှိတယ်။ ကတီနာနှင့် ဂျေနင်းတဲ့။ ညတိုင်း သူတို့က သုံးကြိမ်လောက် ထွက်ထွက် သီချင်း ဆိုပြတယ်။ စန္ဒရား တီးပြတယ်။ စန္ဒရားလက်သံက ညံ့သလား မမေးနှင့်။ သီချင်းတွေကလဲ ညစ်ညမ်းတဲ့ သီချင်းတွေဗျ။ ဆိုတော့လဲ ပြင်သစ်လို ဆိုတာ။ သီချင်း ဆိုတဲ့ ဂျေနင်းက သီချင်း မဆိုခင်မှာ အသံလွှင့်ခွက်နား ကပ်ပြီး ခပ်တိုးတိုးလေး ပဏာမ စကား ပြောသေးတယ်။ 'ခု အချိန်ကစပြီး ပြင်သစ် သီချင်းကို ဆိုပြပါ့မယ်ရှင်၊ သီချင်းက ပြင်သစ်မလေး တစ်ယောက် နယူးရော့လို မြို့ကြီး တစ်မြို့ကို ရောက်လာပြီး ဘရွတ်ကလင်က မြို့သားလေး တစ်ယောက်နှင့် ချစ်ကြိုက်မိတဲ့ အကြောင်းပါ၊ သောတရှင်တို့ နှစ်သက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်ရှင်' လို့ ပြောတယ်။ အဲဒီလို ပြောပြီး သီချင်းကို ပြင်သစ်လို တစ်ဝက် အင်္ဂလိပ်လို တစ်ဝက် နှာသံလေးနှင့် ဆိုတယ်။ ဒီတင် ကြွလာတဲ့ အစ်ကို ကာလသားတွေကတော့ သဘောတွေကျလို့ပေါ့လေ။ လာတဲ့ ငနဲတွေကလဲ ဘာမသိ ညာမသိနှင့် လက်ခုပ်တွေ ဩဘာတွေ ပေးကြတာပေါ့ဗျာ။ သူတို့ လက်ခုပ် ဩဘာသံတွေကို ခင်ဗျား နားထောင်ရရင် လောကကြီးမှာ ရှိသမျှ

တွေကို မုန်းတောင် လာလိမ့်မယ်။ အရက်ကောင်တာက ငနဲကလဲ တော်တော် စိတ်ညစ်ဖို့ ကောင်းတယ်ဗျ။ ငနဲကြီးက အရမ်း ဟန်များတဲ့ ငနဲကြီး။ ပြီးတော့ တော်တော်လဲ ဘဝင်မြင့်တယ်။ ခင်ဗျားက အကောင် ကြီးကြီး မဟုတ်ရင် ခင်ဗျားကို အဖက် လုပ်ပြီး စကားပြောမယ် ထင်သလား၊ ဝေးသေး။ အဲ ခင်ဗျားက အကောင်ကြီးကြီး ဖြစ်ရင်လဲဖြစ် ဒါမှမဟုတ် နာမည်ကြီး ဖြစ်ရင် တော့ ခယဝယ လုပ်လိုက်ပုံများ မပြောပါနှင့်တော့။ အန်ချင်စရာ သိပ်ကောင်း တယ်။ အဲဒီလိုဆိုရင် ငနဲကြီးဟာ ခင်ဗျား အနားမှာ သွားကြီးဖြဲဖြဲနှင့် ကပ်လာ ပြီး ကော်နက်တီကတ်မှာ ဘယ့်နှယ်နေသလဲ၊ ဖလော်ရီဒါမှာ နေလို့ ထိုင်လို့ အဆင်ပြေရဲ့လား၊ ဘာလားနှင့် လာပြီး ရွှီးတော့တာပဲ။ တော်တော် စိတ်ပျက်ဖို့ ကောင်းတဲ့ ပျော်ပွဲစားရုံဗျာ။ တကယ်ပြောတာ။ ကျွန်တော် အဲဒီ မသွားတာ ကြာပြီ။

ကျွန်တော် ရောက်သွားတော့ တော်တော် စောနေသေးတယ်။ ကျွန်တော် လဲ အရက်ကောင်တာမှာ သွားထိုင်ပြီး လုစ် မလာခင် စကော့ဝီစကီ တစ်ခွက် နှင့် ဆိုဒါကို မှာလိုက်တယ်။ အရက် မှာတုန်းမှာ ကျွန်တော်ဟာ ချာတိတ် မဟုတ်ဘူး ဆိုတာကို သိအောင် အရပ်ကြီး မားမား ဖြစ်အောင် ရပ်နေရသေး တယ်။ ကျွန်တော်လဲ အရက် သောက်ရင်း ငနဲတွေကို ကြည့်နေတယ်။ ငနဲ တချို့ကတော့ သူ့အနား ရောက်နေတဲ့ ဟိုတယ်မယ်လေးကို ကပ်ပြီး ဘာတွေ နူးနှပ်နေမှန်း မသိဘူး။ ကောင်မလေး လက်ကို ကိုင်ပြီး လက်က တကယ့် မင်းကတော် စိုးကတော် လက်မျိုးပဲ နော် ဘာညာဆိုပြီး ရွှီးနေတယ်။ တစ်ဖက် အစွန်မှာတော့ အခြောက်လို ကောင်တွေဗျ။ ဆံပင်ကတော့ ဒီလောက် မရှည် လှပါဘူး။ ဒါပေမယ့် ကြည့်လိုက်ရုံနှင့် အခြောက်မှန်း သိသာပါတယ်။ နောက် ဆုံးတော့ လုစ် ရောက်လာတယ်ဗျ။

လုစ် ဆိုတဲ့ကောင်က တစ်မျိုးဗျ။ ကျောင်းတုန်းကတော့ သူက ကျွန် တော်တို့ရဲ့ ဆရာကြီးပေါ့ဗျာ။ ဒါပေမယ့် သူပြောတာကတော့ ဖိုမ ကိစ္စတွေ ကိုပဲ အများအားဖြင့် ပြောတာပါပဲ။ ညညဆိုရင် သူ့အခန်းမှာ လာစုနေတဲ့ ကျောင်းသားတွေကို အဲဒီ ဖိုမ ကိစ္စကို ပို့ချတော့တာပဲ။ ငနဲက ဖိုမ ကိစ္စကို တော်တော် သိတယ်ဗျ။ အထူးသဖြင့် အခြောက်တွေ အကြောင်းတို့ ဘာတို့ကို တော်တော် သိတယ်။ ပြီးတော့ လိင်ကိစ္စမှာ ဖောက်လွဲဖောက်ပြန် ထူးထူး ဆန်းဆန်း ကိစ္စတွေကိုလဲ ပြောပြတတ်တယ်။ တချို့ ငနဲတွေဟာ သိုးတွေနှင့် ကိုးရိုးကားရား လုပ်တဲ့ အကြောင်း၊ တချို့ ငနဲတွေကျတော့ ကောင်မလေးတွေရဲ့

အတွင်းခံ ဘောင်းဘီကို ဦးထုပ်မှာ အတွင်း နားပတ် လုပ်တဲ့ အကြောင်း၊ အခြောက်တွေ အကြောင်း အို စုံလို့ပဲ။ လုစ်ဆိုတဲ့ ကောင်ဟာ အမေရိကန် ပြည်ထောင်စု တစ်ခုလုံးမှာ ရှိတဲ့ အခြောက်တွေ အားလုံးကိုများ သိနေသလား မပြောတတ်ဘူး။ လူတစ်ယောက် အကြောင်းကို ခင်ဗျား မပြောလိုက်နှင့်၊ ပြောတာနှင့် အဲဒီငနဲဟာ အခြောက် ဟုတ်သလား မဟုတ်ဘူးလား ဆိုတာကို တန်း ပြောတော့တာပဲ။ တစ်ခါတလေမှာ ဟုတ်မှ ဟုတ်ရဲ့လားလို့တောင် ကျွန်တော် ထင်မိတယ်။ ဘယ် ရုပ်ရှင်မင်းသားက အခြောက် ဖြစ်ကြောင်း၊ ဘယ်သူကဖြင့် အခြောက် ဖြစ်ကြောင်း အို လျှောက်ပြောတော့တာပဲ။ တချို့ သူပြောတဲ့ အခြောက်ဆိုတဲ့ လူတွေကလဲ မိန်းမနှင့် လူတွေပါဗျာ။ ဘာဂျီဘလိုး ဆိုတဲ့ လူက အခြောက်လား။ လူကြီး ကြည့်တော့ သန်သန်မာမာ တောင့်တောင့် တင်းတင်းကြီး။ ရုပ်ရှင်တွေထဲမှာ ဆိုရင်လဲ အမြဲတမ်း ကောင်းဘွိုင်တို့ လူဆိုး တို့မှာ ပါတာ၊ သူက အခြောက် ဖြစ်နိုင်ပါ့မလားလို့ မေးရင် သူက 'သိပ်သေချာ တာပေါ့' လို့ ပြောတတ်တယ်။ လုစ်ဟာ 'သိပ်သေချာတာပေါ့' ဆိုတဲ့ စကား ကို အမြဲ ပြောတတ်တယ်။ သူကတော့ မိန်းမ ရှိတာ မရှိတာက အကြောင်း မဟုတ်ဘူးတဲ့၊ ကမ္ဘာပေါ်မှာ ရှိတဲ့ အိမ်ထောင်ရှင် ယောကျ်ားတွေ အနက် တစ်ဝက်ဟာ အခြောက်တွေတဲ့။ သူတို့ ကိုယ်တိုင်ကတော့ သိချင်မှ သိကြမယ် တဲ့။ လူတစ်ယောက်ဟာ အခြောက်စရိုက်လေးတွေ နည်းနည်း ရှိရင် အချိန် မရွေး အခြောက် ဖြစ်သွားနိုင်တယ်တဲ့။ သောက်ကျိုးနည်း သူ ပြောပုံ အတိုင်း ဆိုရင် ကြောက်စရာကြီးပါလားဗျာ။ ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်နေ့မှာ အခြောက် ဖြစ်သွားမလဲလို့ လန့်နေရပါကလား။ ခက်တာက သူကသာ ပြော တယ်။ သူကိုယ်တိုင်ကလဲ အခြောက်လိုလို ဘာလိုလိုလို့ ကျွန်တော့် စိတ်ထဲ မှာ ထင်နေတယ်။ အထက်တန်းကျောင်းမှာတုန်းက ဒီလိုပဲ တကယ့် အခြောက် တွေနှင့် ကျွန်တော် တွေ့ဖူးတယ်။ သူ့လိုပဲ ခင်ဗျ။ ဒါကြောင့် လုစ်ဟာ အခြောက်လား ဘာလားလို့ ကျွန်တော် စိတ်ထဲမှာ အမြဲတမ်း သံသယ ဖြစ် နေတယ်။ ဒါပေမယ့် ဒီကောင်က စာနှင့် ပေနှင့်တော့ နီးစပ်ပါတယ်။

လုစ်ဟာ လူ တစ်ယောက်ကို တွေ့ရင် 'ဟယ်လို' တို့ ဘာတို့နှင့် ဘယ် တော့မှ နှုတ်ဆက်လေ့ မရှိဘူး။ တွေ့တွေ့ချင်း သူ့မှာ သိပ် အချိန်မရဘူး၊ ခဏပဲ နေနိုင်မယ်လို့ ပြောလေ့ရှိတယ်။ သူ့မှာ ဒိတ်လုပ်ထားတာ ရှိတယ် တဲ့။ ပြီးတော့ ဒရိုင်း မာတီနီ တစ်ခွက်ကို မှာလိုက်တယ်။ ဘာမှ မရောနှင့်တဲ့။ ဒရိုင်းပဲ ပေးလို့ ဘားကောင်တာ အရက် စားပွဲထိုးကို လှမ်းပြောလိုက်တယ်။

'ဟော့ကောင် မင်းဖို့ အခြောက် တစ်ယောက် တွေ့ထားတယ်၊ ဟောဟို အခန်းက စားပွဲ အစွန်မှာ ထိုင်နေတယ်၊ ခု လှည့်မကြည့်နှင့်ဦး၊ မင်းအတွက် ပြောထားပြီးသား'

'တော်တော် နောက်တဲ့ကောင်၊ မင်းဟာ အလျှင်တုန်းကလို ပါပဲလား၊ နေပါဦး၊ မင်း ဘယ်ကျောင်းမှာ ဆက်နေမလို့ စိတ်ကူးသလဲ'

ကျွန်တော်ဟာ ဒီကောင့်အတွက် ပျင်းရိ ငြီးငွေ့စရာ ကောင်းချင် ကောင်း နေမှာပဲ။ တကယ်ပါ။ ဒါပေမယ့် ကျွန်တော်ကတော့ ဒီကောင်နှင့် နေရတာ ကို ပျော်တယ်လေ။ ဒီကောင်မျိုးနှင့် စကားပြောရတာ တော်တော် ပျော်စရာ ကောင်းတယ်။

'နေစမ်းပါဦး၊ မင်း ဖိုမ ကိစ္စကကော ဘယ်လိုလဲကွ' လို့ ကျွန်တော်က မေးလိုက်တယ်။ ဒီကောင်က သူ့ကို ဒါမျိုး မေးရင် မကြိုက်ဘူးလေ။

'နေစမ်းပါကွာ၊ အေးအေးဆေးဆေး ထိုင်သောက်စမ်းပါ'

'အေးဆေးပါတယ်၊ ကိုလံဘီယာ တက္ကသိုလ်က ဘယ့်နှယ် နေသလဲ၊ သဘော ကျရဲ့လား'

'ကျပါတယ်၊ မကြိုက်ရင် ဒီကျောင်းကို ဘာဖြစ်လို့ သွားတက်နေမှာလဲ ကွ'

'မင်း ဘာအဓိက ယူသလဲ၊ အခြောက်ဘာသာရပ်လား'

'ဟော့ကောင် စကားပြောမှာဖြင့် ကောင်းကောင်း ပြောစမ်း'

'နောက်တာပါ သူငယ်ချင်းရာ၊ ဒီမှာ သူငယ်ချင်း မင်းက စာတို့ ပေ တို့လဲ ဝါသနာ ပါတယ်၊ မင်း အကြံဉာဏ်ကို လိုချင်တယ်ကွာ၊ ငါ့မှာ ပြဿနာ.....'

'ဒီမှာ ကောဖီး၊ ဒီမှာ အရက် ထိုင်သောက်ပြီး အေးအေးဆေးဆေး စကား ပြောချင်ရင်'

'ကောင်းပြီ မောင်ရာ၊ ကောင်းပါပြီ၊ နေပါ့မယ်'

ဒီကောင်က ခုလောလောဆယ်မှာ ကျွန်တော်နှင့် လေးလေးနက်နက် စကားတွေကို ပြောချင်ပုံ မရဘူး။ နည်းနည်းပါးပါး စာတို့ ပေတို့နှင့် နီးစပ် တဲ့ ကောင်တွေဟာ ဒီလိုပဲ ထင်ပါရဲ့။ သူတို့က သူတို့ စိတ်မပါရင် လေးလေး နက်နက် အကြောင်းတွေကို သိပ်မဆွေးနွေးချင်ကြဘူး။ ဒီတော့ ကျွန်တော်လဲ သူနှင့် တွေ့ရာ စကားတွေကို ကောက်ပြော နေရတော့တာပေါ့။

'တကယ်ပြောတာပါကွ၊ မင်း ဖိုမ ကိစ္စ ဘယ်လိုနေသလဲ၊ အလျှင်က

http://nyisay.com



ကောင်မလေးနှင့်ပဲ တွဲနေတုန်းပဲလား၊ ဟူတန်တုန်းက ကောင်မလေးလေ၊ ဟို.....'

'ဟင့်အင်း၊ မတွဲတော့ပါဘူး'

'ဟ ဘယ်လို ဖြစ်သွားကြတာလဲ၊ သူကကော ဘယ်သူနှင့် တွဲနေသလဲ'

'ဒါတော့ ငါဘယ်သိမလဲကွ၊ ဒီလောက်ဆိုရင် ကြက်ဖြစ်ချင်လဲ ဖြစ်နေတော့မှာပေါ့'

'ကိုယ်ချစ်ခဲ့တဲ့ ကောင်မလေး တစ်ယောက် အကြောင်းကို ဒီလိုတော့ မပြောသင့်ပါဘူး၊ ဟုတ်ရင်တော့ ကိစ္စမရှိဘူး၊ မဟုတ်ရင်'

'ဩော် ကောဖီး ဆိုတဲ့ကောင် တော်တော် ခက်ပါလား၊ မင်းမှာ ဒီအကြောင်းပဲ ပြောစရာ ရှိတော့သလား'

'မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီလို ပြောတာတော့ ဘယ်ကောင်းမလဲကွာ၊ ကောင်မလေးက မင်းကိုလဲ ချစ်တယ်၊ သူကလဲ ကောင်းကောင်းမွန်မွန်ထဲက ဆိုရင် ဒီလို ပြောလို့ ဘယ်ကောင်းမလဲ'

'ဘာလဲ၊ ငါ့ကိုလဲ မင်းလို ကြောင်တောင်တောင် ဖြစ်စေချင်လို့လား'

ကျွန်တော် ဘာမှ မပြောတော့ပါဘူး။ ကျွန်တော် ဆက်ပြောနေရင် ဒီကောင် ထပြန်သွားမှာကို ကျွန်တော် စိုးရိမ်တယ်လေ။ ဒါနှင့် ကျွန်တော်လဲ နောက် တစ်ခွက် ထပ် မှာလိုက်တယ်။ ဒီနေ့ညတော့ နည်းနည်း မူးအောင် သောက်ပစ်လိုက်ချင်တယ်။

'ဒါဖြင့် မင်း ခု ဘယ်သူနှင့် တွဲနေသလဲ၊ ငါ့ကို မပြောနိုင်ဘူးလား'

'မင်းသိတဲ့ အထဲက မဟုတ်ပါဘူးကွာ'

'ဘယ်သူလဲ၊ သိချင် သိမှာပေါ့'

'ခု သူက ဗီးလိတ် ရပ်ကွက်ကကွ၊ ပန်းပုဆရာမ၊ မင်း သိသလား'

'တကယ် ပြောတာလား၊ နောက်တာလား၊ နောက်တာ မဟုတ်ဘူးနော်၊ အသက် ဘယ်လောက် ရှိပြီလဲ'

'ဟင့်အင်း၊ ငါ တစ်ခါမှ မမေးဖူးဘူး'

'ခန့်မှန်းခြေပေါ့ကွာ'

'သုံးဆယ်နီးပါးလောက်တော့ ရှိရောပေါ့'

'ဘာ သုံးဆယ်နီးပါး ရှိနေပြီ ဟုတ်လား၊ ဒါကြီးများ ကြိုက်နေရသေးလားကွာ၊ ကြီးလှပါပြီ'

ကျွန်တော် သူ့ကို ဒါတွေ မေးနေရတာက တခြားကြောင့် မဟုတ်ဘူး

ဗျ။ ဒီကောင်က မိန်းမကျမ်း ကြေတယ်။ ဒီအရွယ်မှာ ဒီလောက် မိန်းမကျမ်း ကြေတဲ့ကောင် ခပ်ရှားရှား မဟုတ်လား။

တခြား မကြည့်နှင့်လေ၊ ဆယ့်လေးနှစ်သားလောက် ကတည်းက ဒီကောင်က လူပျို မဟုတ်တော့ဘူး။

'ငါက ရင့်ကျက်တဲ့ မိန်းမမျိုးကိုမှ သဘောကျတာကွ၊ တကယ် ပြောတာ'

'ဟုတ်လား၊ ဘာဖြစ်လို့လဲ၊ သူတို့က ဖိုမ ဆက်ဆံရေးမှာ သာလို့လား'

'ဒီမှာ ကောဖီး၊ ဒီနေ့ည မင်း မေးခွန်းတွေကို ငါမဖြေတော့ဘူးကွာ၊ မင်းဟာ ဘယ်လိုကောင်မှန်း မသိဘူး'

'ဒီမှာ ကိုယ့်လူ၊ မင်း အဲဒီ အမျိုးသမီးနှင့်တွဲတာ ဘယ်လောက် ကြာပြီလဲ၊ အဲဒီ ပန်းပု ဆရာမနှင့်လေ၊ ဘယ်တုန်းက စသိတာလဲ၊ ဟူတန်ကျောင်းမှာ နေကတည်းက သိတာလား'

ကျွန်တော်ကလဲ တကယ် စိတ်ဝင်စားနေတော့ မေးမိတယ်။

'ဘယ်က ဟုတ်ရမှာလဲကွ၊ သူ တို့တိုင်းပြည် ရောက်လာတာတောင် သိပ်မကြာသေးဘူး၊ လပိုင်းလောက်ပဲ ရှိသေးတယ်'

'ဟုတ်လား၊ ဒါဖြင့် သူက ဘယ်ကလဲ'

'ရှန်ဟဲက'

'ဘာ၊ ဒီလိုဆိုရင် တရုတ်ပေါ့'

'ဒါပေါ့'

'ဟော့ကောင် တကယ် ပြောနေတာလား၊ မင်း တရုတ်မကို ကြိုက်သလား'

'ကြိုက်လို့ပေါ့ကွ'

'ဘာဖြစ်လို့ ကြိုက်တာလဲ၊ ငါ တကယ် သိချင်လို့ မေးတာပါကွ'

'အရှေ့တိုင်း ဒဿနကို အနောက်တိုင်း ဒဿနထက် ပိုပြီး ကြိုက်လို့ ပေါ့ကွ၊ ဒါ မင်းမေးလို့ ငါ ဖြေတာနော်'

'ဘာလဲကွ ဒဿနဆိုတာ၊ ဖိုမကိစ္စကို ပြောတာလား၊ တရုတ်ပြည်မှာ ပိုပြီး ကောင်းလို့လား၊ ဘာ အဓိပ္ပာယ်နှင့် ပြောတာလဲ'

'တရုတ်ပြည်ရယ်လို့ ပြောတာ မဟုတ်ပါဘူး၊ အရှေ့တိုင်းကို ပြောတာ ပါ၊ တော်ပြီကွာ၊ ဒီ အကြောင်းတွေ ပြောမနေပါနှင့်တော့'

'မဟုတ်ပါဘူးကွ၊ ငါ တကယ် အလေးအနက် ပြောနေတာပါ၊ အရှေ့တိုင်းက ဘာကြောင့် ကောင်းတာလဲ'

'မင်း တော်တော် စပ်စုတဲ့ကောင်ကွာ၊ အရှေ့တိုင်းက ဖိုမ ကိစ္စဟာ

ခန္ဓာကိုယ် ကိစ္စသက်သက် မကဘူး၊ စိတ်ပိုင်းဆိုင်ရာ ကိစ္စတစ်ခုလို့လဲ ယူဆလို့ပေါ့၊ ငါကတော့.....'

'အေးကွ မင်းပြောတာ မှန်တယ်၊ ငါလဲ အဲဒါကို.....ဘာခေါ်မလဲ၊ ခန္ဓာကိုယ်ပိုင်း ဆိုင်ရာ ကိစ္စ တစ်ခုတင် မကဘဲ စိတ်ပိုင်းဆိုင်ရာ ကိစ္စတစ်ခုလို့ ယူဆတယ်၊ ဒါပေမယ့် ခက်တာက အဲဒါက ကိုယ်နှင့် ဆက်ဆံတဲ့ အမျိုးသမီးဟာ ဘယ်လို အမျိုးသမီးလဲ ဆိုတဲ့ အချက်ပေါ်မှာ တည်နေတယ်ကွ၊ တကယ်လို့ ကိုယ်နှင့် ဆက်ဆံတဲ့ အမျိုးသမီးက.....'

'ဟေ့ကောင် တိုးတိုး ပြောပါကွ၊ တော်ပြီကွာ၊ အော်ကျယ် ဟစ်ကျယ် မပြောချင်ဘူး'

'အေးပါကွာ၊ တိုးတိုး ပြောပါ့မယ်'

ဟုတ်တယ်၊ ကျွန်တော်ကလဲ စိတ်ဝင်စားသွားတော့ အသံကျယ်ကျယ်လေး ပြောလိုက်မိတယ်။ ကျွန်တော် စိတ်ပါလာပြီဆိုရင် ဒီလိုပဲ ကျယ်ကျယ်ပြောတတ်တယ်။

'ဟုတ်ပါတယ်၊ မင်းပြောသလို ဖိုမကိစ္စဟာ ခန္ဓာကိုယ်နှင့် ဆိုင်တဲ့ ကိစ္စတင် မကဘူး၊ စိတ်ပိုင်းနှင့် ဆိုင်တဲ့ ကိစ္စ ဆိုတာ ငါ သဘော ပေါက်ပါတယ်၊ ဒါပေမယ့် အဲဒါက ကိုယ်နှင့် ဆက်ဆံတဲ့ အမျိုးသမီးက ဘယ်လို အမျိုးသမီးလဲ ဆိုတဲ့ အချက်ပေါ်မှာလဲ တည်နေတယ်ကွ၊ အမျိုးသမီးတိုင်းမှာ ဒီလို ခံယူချက်မျိုး မရှိဘူး၊ မင်းနှင့် ကြိုက်တဲ့ ကောင်မလေးတိုင်းကို ဒီခံယူချက်မျိုး ရှိအောင် မင်း လုပ်နိုင်ပါ့မလား'

'ဟေ့ကောင် တော်ပြီကွာ၊ ဒီအကြောင်းကို မပြောနှင့်တော့'

'အေးပါကွာ၊ တော်ပါ့မယ်၊ ဒါပေမယ့် တစ်ခုတော့ မေးစမ်းပါရစေဦး၊ မင်းနှင့် ကြိုက်တဲ့ အဲဒီ တရုတ်မကကော ဒီလို ခံယူချက်မျိုး ရှိလို့လား'

'ဟေ့ကောင် တော်တော့လို့ ဆိုနေ'

ကျွန်တော် မေးတာက နည်းနည်းတော့ စပ်စုရာ ကျနေတယ်။ ဒါကို ကျွန်တော်ကလဲ သိပါတယ်။ ဒါပေမယ့် လုစ်ဆိုတဲ့ကောင် အကျင့်က ဒီအတိုင်းပဲဗျ။ ဟူတန် ကျောင်းမှာတုန်းက ဆိုရင် ဒီကောင်က သူများ ကိစ္စတွေကိုသာ လိုက်စပ်စုတတ်တာ၊ သူ့ အကြောင်း စပ်စုလာပြီ ဆိုရင် သိပ်မကြိုက်ချင်ဘူး။ စာလေးပေလေး ဖတ်တဲ့ ကောင်တွေဟာ ဒီလိုချည်းပဲ။ သူတို့ကချည်း ပြောနေရမှ။ သူတို့ ပြောချင်တာ မပြောရဘဲ သူများတွေ သိချင်တာကို မေးလာရင် သိပ် မကြိုက်ချင်တော့ဘူး။ သူတို့ စကား မပြောချင်တော့ဘူးဆိုရင် သူများ

ကိုလဲ စကား မပြောစေချင်ဘူး။ သူတို့ အခန်းကို ပြန်ချင်ပြီဆိုရင် သူများတွေကိုလဲ ပြန်မှ ကြိုက်တယ်။ ဟူတန်မှာတုန်းက ဆိုရင် ဒီအတိုင်းပဲ။ သူက ဖိုမကိစ္စတွေပြော ပြောလဲပြီးရော ပြန်ကြဆိုပြီး ကျွန်တော်တို့ကို နှင်ထုတ်တော့တာပဲ။ မေးတာ သိပ်မကြိုက်ဘူး။ ဒီတော့ ကျွန်တော်တို့မှာ အခန်းပြန်လာပြီး ကျွန်တော်တို့ အချင်းချင်းပဲ လျှောက်ပြောနေကြရတော့တာပေါ့။ တစ်ယောက်ယောက် အခန်းမှာ စုပြီး ကျွန်တော်နှင့် ကျွန်တော့် အဖော်တွေချည်းပဲ ပြောရတော့တာပေါ့။ လုစ်ဆိုတဲ့ ကောင်ဟာ ဒီလိုချည်းပဲ။ သူက ဆရာကြီး လုပ်ပြီး ပြောရော၊ ပြောလဲပြီးလို့ သူလဲ ဆရာကြီး လုပ်စရာ မရှိတော့ရင် တခြားလူတွေကို ကိုယ့်အခန်းကိုယ် ပြန်ကြဆိုပြီး နှင်ထုတ်တော့တာပဲ။ တခြား တစ်ယောက်ယောက်က သူ ပြောတာထက် ပိုပြီးသာအောင် ပြောနိုင်သွားမှာကို စိုးရိမ်တယ်လေ။ တော်တော် ဟားရတဲ့ ကောင်ဗျာ။

'ငါလဲ တရုတ်ပြည်ကို သွားဦးမှ ထင်ပါရဲ့ကွာ၊ ဒီမှာ ဖိုမကိစ္စက ပျင်းစရာကြီးနော်'

'ပျင်းစရာ ကောင်းမှာပေါ့ကွ၊ မင်းက မရင့်မှ မရင့်ကျက်သေးဘဲကိုး'

'အေး ဟုတ်မှာပဲ၊ ငါဟာ မရင့်ကျက်သေးဘူးလို့လဲ ငါ့ကိုယ်ငါ ထင်တယ်၊ ငါက ဖိုမ ကိစ္စကို သိပ် စိတ်မဝင်စားဘူး ဖြစ်နေတယ်၊ ဆိုလိုတာက ကောင်မလေး တစ်ယောက်ကို ကြိုက်တယ်ဆိုရင် နှစ်နှစ်ကာကာ မဖြစ်ဘူး၊ အပေါ်ယံလောက်ပဲ ဖြစ်နေတယ်၊ ငါ့ ဖိုမ ဆက်ဆံရေး ကိစ္စက တော်တော် စိတ်ပျက်စရာ ကောင်းတယ်'

'ဟုတ်မှာပေါ့၊ အလျင်တစ်ခေါက် မင်းနှင့် တွေ့တုန်းကတည်းက ငါ ပြောသားပဲ'

'ဘာလဲ၊ စိတ်ကုဆရာဝန်ဆီ သွားပြဖို့ ပြောတာလား'

ဟုတ်တယ်၊ အဲဒီတုန်းက ဒီကောင်က ကျွန်တော့်ကို စိတ်ကု ဆရာဝန်ဆီကို သွားပြဖို့ ပြောဖူးတယ်။ သူ့ အဖေက စိတ်ကု ဆရာဝန်လေ။

'အေးလေ ငါ ပြောသားပဲ၊ ပြဖို့ မပြဖို့ကတော့ မင်း သဘောပေါ့၊ တကယ်တော့ မင်းဘာသာမင်း ဘာဖြစ်နေနေ ငါက အနေသာကြီးပါ'

ကျွန်တော် ဘာမှ ပြန်မပြောမိဘဲ အတန်ကြာအောင် တွေးနေတယ်။

'မင်း အဖေဆီကို သွားပြရင် ဘယ့်နှယ်နေမလဲ၊ မင်းအဖေက ဘာလုပ်ပေးမယ် ထင်သလဲ'

'ဟ ဘာလုပ်ပေးရမှာလဲကွ၊ မင်းက သူ့ကို အကျိုး အကြောင်း ပြော

http://nyisay.com



ပြမယ်၊ သူက မင်း ဘာလုပ်ရမယ် ဆိုတာကို ပြောပြမှာပေါ့၊ အနည်းဆုံး မင်းရဲ့ စိတ်သန္တာန်ကို မင်းဘာသာ သိအောင် လုပ်ဖို့တော့ ပြောပြမှာပေါ့'

'ဘာကွ၊ ဘာဖြစ်တယ်'

'မင်းရဲ့ စိတ်သန္တာန်က.....မင်းစိတ်....ဟာ တော်တော် ခက်ပါကလား ကွ၊ ငါက မင်းကို စိတ် သရုပ်ခွဲသင်တန်း ပို့ချရမလို ဖြစ်နေပြီ၊ မင်း လုပ်ချင်တယ် ဆိုရင် သူ့ဆီကို တယ်လီဖုန်း ဆက်ပြီး တွေ့ချိန်တောင်းပေါ့၊ စိတ်မဝင်စားဘူး ဆိုရင် မတွေ့နှင့်ပေါ့၊ ငါနှင့် ဘာဆိုင်တာ မှတ်လို့'

ကျွန်တော်က သူ့ ပခုံးပေါ် လက်တင်လိုက်တယ်။ ကိုယ့်လူက တကယ် ဟားရတယ်။

'မင်းက ငါ့ သူငယ်ချင်း အစစ်ပါကွာ၊ မင်း သိပါတယ်'

သူက ထိုင်ရာကထ စားပွဲထိုးကိုခေါ်ပြီး သူ့အတွက် ဘီလ်ရှင်းဖို့ ပြောလိုက်တယ်။

'ဟော့ကောင် မင်းအဖေက မင်းကိုကော စိတ်သရုပ်ခွဲပြဖူးသလား'

'ငါ့ကို၊ ဘာဖြစ်လို့ မေးတာလဲ'

'ဘာမှ မဖြစ်ပါဘူး၊ လုပ်ပြဖူးသလားလို့ မေးကြည့်တာပါ'

'ဟင့်အင်း မလုပ်ဖူးပါဘူး၊ ဒါပေမယ့် ငါ့ကိုယ်ငါ ပတ်ဝန်းကျင်နှင့် နေတတ် ထိုင်တတ် သွားအောင်တော့ နည်းနည်းပါးပါး ပြောပြတာတော့ ရှိတာပေါ့၊ ဒါပေမယ့် လူနာကို ကြည့်သလို သေသေချာချာတော့ မကြည့်ဖူးပါဘူး၊ ဘာဖြစ်လို့ မေးတာလဲ'

'ဘာမှ မဖြစ်ပါဘူး၊ သိချင်လို့ မေးကြည့်တာပါ'

'ကဲ ဒါဖြင့်လဲ ပြီးရောပေါ့ကွာ'

လုစ်ဟာ ဘောက်ဆူးကို စားပွဲပေါ်မှာ ထားပစ်ခဲ့ပြီး အပြင်ထွက်မလို့ ဟန်ပြင်လိုက်တယ်။

'ဟော့ကောင် တစ်ခွက်လောက် ထပ်ချဦးကွာ၊ ငါ တစ်ယောက်တည်း ပျင်းလို့ပါ၊ တကယ် ပြောတာပါ'

သူက မသောက်နိုင်တော့ဘူးတဲ့၊ မိုးချုပ်နေပြီတဲ့။ ခဏ ကြာတော့ သူ ပြန်သွားတယ်။ တော်တော်ခက်တဲ့ ကောင်ပဲ။ သူက ဘာမှတော့ အသုံးမကျပါဘူး။ ဒါပေမယ့် ဒီကောင်က စကားလုံး တော်တော် ကြွယ်တဲ့ကောင်။ ဟူတန် ကျောင်းကို ကျွန်တော် ရောက်သွားတုန်းကဆိုရင် ဒီကောင်ဟာ စကားလုံး အကြွယ်ဆုံးကောင်ပေါ့။

## ၂၀

ကျွန်တော် တော်တော်မူးနေပြီ။ ပြင်သစ်မ နှစ်ယောက် သီချင်းဆိုတာကို နားထောင်ဦးမယ် ဆိုပြီး မူးမူးနှင့် ထိုင်နေတယ်။ ဒါပေမယ့် ပြင်သစ်မ နှစ်ယောက် ဒီနေ့ မလာဘူးဗျ။ ဆံပင်ကောက်ကောက်နှင့် အခြောက်လို ငနဲတစ်ကောင် ထွက်လာပြီး စန္ဒရားခုံမှာ ဝင်ထိုင်ပြီး စန္ဒရားတီးတယ်။ ပြီးတော့ အဆိုတော် အသစ်တစ်ယောက် ထွက်လာတယ်။ ဗယ်လင်စီယာတဲ့။ သူထွက်လာပြီး သီချင်းဆိုတယ်။ အဆိုကတော့ သိပ်မကောင်းလှပါဘူး။ အလျင် ပြင်သစ်မ နှစ်ယောက် ထက်တော့ ကောင်းတယ်။ ပြီးတော့ ဆိုတဲ့ သီချင်းတွေကလဲ တော်တော်လေး ကောင်းတယ်။ စန္ဒရားက ကျွန်တော် ထိုင်နေတဲ့ အရက်ကောင်တာရဲ့ ဘေးမှာ တင် ဆိုတော့ ကျွန်တော်နှင့် နီးနီးလေးရယ်။ ဗယ်လင်စီယာကလဲ အဲဒီနားမှာ ရပ်ဆိုနေတော့ ကျွန်တော်နှင့် သိပ်မကွာဘူးပေါ့။ ကျွန်တော်ကလဲ ဘာရမလဲ၊ သူ့ကို စိုက်ကြည့်နေလိုက်တာပေါ့။ အံမယ် အမျိုးသမီးက ကျွန်တော် ကြည့်တာကို ဂရုမစိုက်တဲ့ အပြင် ကျွန်တော့်ကိုတောင် မမြင်ယောင် ဆောင်နေလိုက်သေးတယ်ဗျ။ အမှန်က မူးနေလို့ ကျွန်တော် ကြည့်မိတာပါ။ ဒီလိုလုပ်ဖို့တော့ ဘယ်ကောင်းမလဲ။ သီချင်းလဲဆုံးရော အမျိုးသမီးက အခန်းထဲက ခပ်သုတ်သုတ် ပြန်ထွက်သွားတယ်။ ယမကာလေး တစ်ခွက်လောက် သောက်ဖို့တောင် ဖိတ်ချိန် မရလိုက်ဘူး။ ဒါနှင့် ကျွန်တော် စားပွဲထိုးချုပ်ကို ခေါ်ပြီး အဆိုကျော် ဗယ်လင်စီယာကို ကျွန်တော်က ယမကာသောက် ဖိတ်ပါတယ်လို့ ပြောပေးပါလို့ အပြောခိုင်းလိုက်တယ်။ သူက ကောင်းပြီလို့တော့ ပြောပါရဲ့။ ဒါပေမယ့် ငနဲကြီးက ကျွန်တော် ပါးလိုက်တဲ့ စကားကို ပြန်ပြောမှာ မဟုတ်ပါဘူး။ လူတွေဟာ ဒီလိုပဲဗျ။ ကိုယ်က လူကြုံလို့ စကားလေး တစ်ခွန်းလောက် တစ်

ယောက်ယောက်ကို ပြောပေးပါဆိုရင် ဘယ်တော့မှ ပြောပေးလေ့ မရှိကြဘူး။

ကိုယ့်လူရေ ကျွန်တော် ပျော်ပွဲစားရုံထဲမှာ ထိုင်လိုက်တာ နာရီပြန် တစ်ချက် သာသာလောက်တော့ ရှိပြီ ထင်တယ်။ လူကလဲ တော်တော်မူးနေပြီ။ မျက်လုံးကလဲ ကောင်းကောင်း မမြင်တော့ဘူး။ ဝါးကုန်ပြီ။ အရက်ဆိုင်ထဲမှာ ဆူဆူညံညံ မလုပ်မိအောင်တော့ ကျွန်တော် သတိထားတယ်။ ဆူဆူညံညံ လုပ်မိလို့ အသက် ဘယ်လောက် ရှိပြီလဲ ဘာလဲနှင့် မေးရင် ပြဿနာပေါ်မယ် မဟုတ်လား။ ဒါပေမယ့် ကိုယ့်လူရေ မျက်စိကတော့ တော်တော်ကလေးကို ဝါးနေပြီ။ ဂျိမ်းဆီကို ဖုန်းဆက်ကြည့်ရမလားလို့ ကျွန်တော် စိတ်ကူးရတယ်။ ဒါနှင့် ဘီလ်ကို ရှင်းပြီး ဘားထဲက ထွက်လာခဲ့တယ်။ ပြီးတော့ ဟိုတယ်ထဲက တယ်လီဖုန်းရုံတွေ ရှိတဲ့ဘက်ကို လျှောက်လာခဲ့တယ်။ တယ်လီဖုန်းရုံထဲ ရောက်တော့ သိပ်မူးနေလို့ ဂျိမ်းဆီကို ဆက်ရင် မကောင်းဘူး ဆိုတာ သတိရ တာနှင့် ဆယ်လီ့ဆီကို ဆက်လိုက်တယ်။

မျက်လုံးကလဲ ဘာမှ မမြင်ရတော့ဘူးဗျ။ ဆယ်လီရဲ့ ဖုန်းနံပါတ်ကို လှည့်တာ အခါ နှစ်ဆယ်လောက် လှည့်ယူရတယ်။

တယ်လီဖုန်းကို တစ်ဖက်က ကောက်ကိုင်တာနှင့် 'ဟယ်လို' လို့ အော် လိုက်တယ်။ အမှန်ကတော့ တိုးတိုးပြောတာပဲလေ။ ဒါပေမယ့် မူးနေတော့ အသံက အနားကပ်ပြီး အော်သလို ဖြစ်နေတာပေါ့။

'ဘယ်သူလဲ' လို့ တစ်ဖက်က ပြန်မေးတယ်။ အဘွားကြီးရဲ့ အေးစက် စက် အသံဗျ။

'ကျွန်တော်ပါ၊ ကောဖီးပါ၊ ဆယ်လီနှင့် စကားပြောချင်လို့ပါ'

'ဆယ်လီ အိပ်နေပြီ၊ ခု ပြောနေတာက ဆယ်လီ့ရဲ့ အဘွား၊ ဒီအချိန်ကြီး ကျမှ ဘာကိစ္စ ဖုန်းဆက်ရတာလဲ၊ ဘယ်အချိန် ရှိပြီ ထင်နေသလဲ'

'သိပါတယ်၊ ဆယ်လီနှင့် စကားပြောချင်လို့ပါ၊ အရေးကြီးတဲ့ ကိစ္စ ရှိလို့ပါ၊ နှိုးပေးပါ'

'အိပ်နေပြီ သူငယ်၊ ပြောစရာရှိရင် မနက်ဖြန်မှ ပြောပါ၊ ဂွတ်နိုက်'

'နှိုးပေးပါ အမေကြီးရယ်၊ ကိစ္စရှိလို့ပါ၊ ခဏကလေးပါ'

တယ်လီဖုန်းက အသံသစ် တစ်ခု ပေါ်လာတယ်။

'ကောဖီးလား၊ ကိုယ်ပါ၊ ဘာကိစ္စလဲ၊ ညကြီးသန်းခေါင်'

ဆယ်လီရဲ့ အသံလေး။

'ဘယ်သူလဲ၊ ဆယ်လီလား'

'ဟုတ်ပါတယ်၊ ဘာဖြစ်လို့ ဒီလောက် အော်နေရတာလဲ၊ မူးနေသလား'

'ဟော့ ဆယ်လီ၊ ကိုယ် နာတာလူးနေ့ အကြိုနေ့ကျရင် လာခဲ့မယ်၊ နာတာလူး သစ်ပင် တစ်ပင်လဲ ယူခဲ့မယ်၊ လာခဲ့မယ်နော် ဟုတ်လား'

'နင် သိပ်မူးနေတယ် ထင်တယ်၊ အိပ်ပါတော့၊ မအိပ်သေးဘူးလား၊ ခု ဘယ်က စကားပြောနေတာလဲ၊ နင် တစ်ယောက်တည်းလား'

'ဒီမှာ ဆယ်လီ၊ နာတာလူး အကြိုညကျရင် ငါလာမယ်နော်၊ နာတာလူး သစ်ပင် တစ်ပင်လဲ ယူခဲ့မယ် ဟုတ်လား'

'အေးပါ၊ အိပ်တော့၊ ခု နင် ဘယ်ကနေ ပြောနေတာလဲ၊ ဘယ်သူပါသေးလဲ'

'ဘယ်သူမှ မပါဘူး၊ ငါ တစ်ယောက်တည်းရယ်၊ တစ်ကိုယ်တော် ဘုန်းမောင့် တစ်ယောက်တည်း'

ကိုယ့်လူရေ၊ မူးလိုက်တာကတော့ မူးသလား မမေးနှင့်။

'ဒီမှာ ဆယ်လီ၊ ငါ့ကို ရော့ကီနှင့် လူတွေက ဝိုင်းဆော်လွှတ်လိုက်ကြလို့၊ နင် အသိနော်၊ ဟုတ်လား နင်သိတယ် မဟုတ်လား'

'နင် ပြောတာ ဘာမှ မကြားရဘူး၊ အိပ်တော့လို့ ပြောနေတယ်၊ ငါ ဖုန်းချလိုက်တော့မယ်၊ မနက်ဖြန်မှ ဆက်'

'နေပါဦး ဆယ်လီ၊ နင့်ဖို့ နာတာလူး သစ်ပင် တစ်ပင် ရှာခဲ့ရမယ်ဆို၊ နာတာလူး သစ်ပင် လိုချင်တယ်ဆို'

'အေး ယူမယ်၊ အိမ်ပြန်ပြီး အိပ်တော့'

ဆယ်လီက တယ်လီဖုန်းကို ချသွားတယ်။

'ဂွတ်နိုက် ဆယ်လီ၊ ဂွတ်နိုက် ဘေဘီ၊ ဂွတ်နိုက် ဆယ်လီ ဆွီတီ အချစ်'

တယ်လီဖုန်းထဲကို ကျွန်တော် အော်နေတယ်။ ဒီလောက်ဆိုရင် ကျွန်တော် ဘယ်လောက် မူးနေပြီလဲဆိုတာ သိလောက်ရောပေါ့။ ကျွန်တော်လဲ တယ်လီဖုန်းကို ချလိုက်တယ်။ ဆယ်လီဟာ အချိန်းအချက် လုပ်ပြီး အပြင်ထွက်ရာကနေ ပြန်ရောက်ကာစပဲ ရှိသေးတယ် ထင်တယ်။ သူ ဘယ်သူနှင့် အချိန်းအချက် လုပ်မလဲ။ လန့်တို့တစ်တွေ အင်ဒိုဗာတို့တစ်တွေနှင့် ဖြစ်မှာပေါ့။ လက်ဖက်ရည် ဝိုင်းသောက်ပြီး စကားကြီး စကားကျယ်တွေ ပြောနေ ဟန်ဆောင်ပန်ဆောင်တွေ လုပ်နေကြမှာကို ကျွန်တော် မြင်ယောင်နေတယ်။ ဆယ်လီကို ဖုန်းမဆက်မိရင် အကောင်းသား။ ကျွန်တော်ဆိုတဲ့ ကောင်ကလဲ မူးရင် အရူးကြီး တစ်ပိုင်းပဲ။

တယ်လီဖုန်း ရုံထဲမှာ အချိန် တော်တော်ကြာ ကျွန်တော် ရပ်နေတယ်။ လဲကျသွားပြီး မှောက်သွားမစိုးလို့ တယ်လီဖုန်းကို ကိုင်ထားရတယ်။ အမှန် ပြောရရင်တော့ ကျွန်တော့် အခြေအနေက သိပ်မကောင်းဘူး။ နောက်ဆုံးတော့ ကျွန်တော် ယောက်ျားသွားရန် အခန်းထဲကို ဝင်လာပြီး လက်ဆေး ကြွေဇလုံကို ပိတ်ပြီး ရေပိုက်ကို ဖွင့်လိုက်တယ်။ ရေပြည့်သွားပြီ ဆိုတော့မှ ရေအေးအေးထဲကို ခေါင်းစိုက် နှစ်ထားလိုက်တယ်။ ခေါင်းက ရေတွေ ဘာတွေကိုလဲ မသုတ်တော့ဘူး။ ရေတွေက မျက်နှာပေါ်ကို တစ်စက်စက်ကျလို့။ ပြီးတော့ အခန်းထောင့်မှာ ရှိတဲ့ အပူပေးတဲ့ စက်သေတ္တာပေါ်မှာ ထိုင်နေလိုက်တယ်။ နွေးသွားတာပဲဗျာ။ ကောင်းသလား မမေးနှင့်။ ကျွန်တော့် တစ်ကိုယ်လုံး ခိုက်ခိုက် တုန်နေရာက အပူငွေ့လေး ရသွားတော့ ဟန်ကျသွားတာပေါ့။ တော်တော်တော့ ရယ်စရာ ကောင်းတယ်ဗျ။ ကျွန်တော်ဆိုတဲ့ ကောင်က မူးပြီဆိုရင် တစ်ကိုယ်လုံး ခိုက်ခိုက် တုန်လာတတ်တယ်။

ကျွန်တော့်မှာ တခြား ဘာမှ လုပ်စရာ မရှိတော့ဘူးလေ။ အပူငွေ့ပေးတဲ့ သေတ္တာကြီးပေါ် ထိုင်ရင်း ကြမ်းပြင်ပေါ်က အဖြူလေးထောင့်ကွက် ကလေးတွေကို ထိုင်ရေတွက်နေမိတယ်။ ကျွန်တော့် တစ်ကိုယ်လုံး ရေ ရွှဲရွှဲ စိုနေပြီ။ ကျွန်တော့် ခေါင်းပေါ်က တစ်ဂါလန်လောက် ရှိတဲ့ ရေတွေ စီးလာလို့ ကော်လာမှာရော အင်္ကျီမှာရော ဘောင်းဘီမှာရော တစ်ကိုယ်လုံး ရွှဲရွှဲစိုနေပြီ။ ဒါပေမယ့် ကျွန်တော် ဂရုမစိုက်ပါဘူး။ သိပ်မူးနေတော့ ဂရုလဲ မစိုက်နိုင်တော့ဘူးလေ။ ဒီတုန်းမှာ ဆံပင် လှိုင်းတွန့်လေးတွေနှင့် အခြောက်လိုလို စန္ဒရားဆရာက ဝင်လာပြီး မှန်ရှေ့မှာ ရပ်ရင်း သူ့ခေါင်းက ဆံပင်ကောက်လေးတွေကို ဖြီးနေတယ်။ သူ ခေါင်းဖြီးရင်း ကျွန်တော်တို့ နှစ်ယောက် စကား ပြောကြတယ်။ ဒါပေမယ့် ဒီငနဲကို ကြည့်ရတာက သိပ်ဖော်ဖော်ရွေရွေ မရှိလှဘူး။

'ဒီမှာဗျ အစ်ကိုကြီး၊ ခင်ဗျား ပျော်ပွဲစားရုံထဲ ပြန်ဝင်တော့ သီချင်းဆိုတဲ့ ဗယ်လင်စီယာ ဆိုတဲ့ အစ်မကြီးနှင့် ပြန်တွေ့ဦးမှာလား'

'အင်း တွေ့မယ် ထင်တယ်' တဲ့။ ငနဲက ခပ်ဖယ်ဖယ် ဖြေတယ်။ တစ်ညလုံး ခပ်ဖယ်ဖယ် လုပ်တဲ့ ငနဲတွေချည်း တွေ့ရပါကလား။

'တွေ့ရင် ကျွန်တော် သူ့ သီချင်းတွေကို သိပ်ကြိုက်တယ်ဆိုတာ ပြောလိုက်စမ်းပါဗျာ၊ စားပွဲထိုးကို ပြောလိုက်ပေမယ့် ဒီငနဲက ပြောမှာ မဟုတ်ပါဘူး'

'ညီလေး အိမ်ပြန်ပါတော့လား၊ မင်း အသက် ဘယ်လောက် ရှိပြီလဲ'

'၈၆ နှစ်ဗျ၊ သူ့ သီချင်းတွေကို သိပ်ကြိုက်တယ်ဆိုတာ ပြောလိုက်ပါ

နော်၊ ပြောလိုက်မယ် မဟုတ်လား’

‘ငါ့ညီ အိမ်ပြန်ဖို့ ကောင်းပြီ ထင်တယ်’

‘ရပါတယ်ဗျ၊ အစ်ကိုကြီး တီးတဲ့ စန္ဒရား လက်သံကလဲ ကောင်းမှ ကောင်းဗျာ’

အမှန်ကတော့ ကျွန်တော် ဒီငနဲကို မြှောက်ပြောလိုက်တာ။ တကယ်က တော့ သူ့ စန္ဒရား လက်သံက ချာသလား မမေးနှင့်။

‘ခင်ဗျားက ရုပ်လဲ ဖြောင့်တယ်၊ စန္ဒရားတီးလဲ ကောင်းတယ်ဗျ၊ ရုပ်ရှင် ထဲကို ဝင်ဖို့ ကောင်းတယ်၊ ခင်ဗျား ဆံပင်မျိုးကလဲ ခပ်ရှားရှားရယ်၊ မန်နေ ဂျာလေး ဘာလေး မလိုဘူးလား’

‘ညီလေး အိမ်ပြန်တော့လေကွာ’

‘ပြန်စရာ အိမ် မရှိဘူးဗျ၊ တကယ် ပြောတာပါ၊ ခင်ဗျားမှာ မန်နေဂျာတို့ ဘာတို့ မလိုဘူးလား’

ကျွန်တော့်ကို သူ ဘာမှ မဖြေတော့ဘူး။ ငနဲက အပြင်ထွက်သွားတယ်။ ဆံပင်ကို လက်ကလေးနှင့် တသသ လုပ်ပြီး ထွက်သွားလေရဲ့။ စထရက်လေ တာနှင့် တူလိုက်တာ။ ရုပ်ဖြောင့်ဖြောင့် ငနဲတွေဟာ ဒီလိုချည်းပဲ ထင်ပါရဲ့။ သူတို့ ကြည့်လိုက်ရင် ဆံပင်လေးကို သနေတာချည်းပဲ။ ကျွန်တော်ကလဲ ဒါမျိုး ဆိုရင် အလွန်မုန်းပဲ။

အပူငွေ့ သေတ္တာကြီးပေါ်က ဆင်းပြီး ဦးထုပ်တွေ ထားတဲ့ အခန်း လေးထဲကို ကျွန်တော် ဝင်လာခဲ့တယ်။ အလို ကျွန်တော် ငိုနေပါလား။ ဘာဖြစ် လို့မှန်းတော့ မသိဘူးဗျ။ ဒါပေမယ့် စိတ်ညစ်ပြီး တစ်ယောက်တည်း အထီးကျန် ဖြစ်နေလို့ ထင်တာပဲ။ ဦးထုပ်တွေ အင်္ကျီတွေထားတဲ့ အခန်းထဲ ရောက်တော့ ကျွန်တော့် အိတ်ထဲက နံပါတ် ကတ်ပြားကို ရှာကြည့်တယ်၊ မရှိတော့ဘူး။ ဒါပေမယ့် အင်္ကျီတွေထားတဲ့ အခန်းက ကောင်မလေးက သဘောကောင်းပါ တယ်။ ကျွန်တော် ထားပစ်ခဲ့တဲ့ အင်္ကျီရော ကျွန်တော် ဝယ်လာတဲ့ ‘ရှာလီဘင်း’ ရဲ့ ဓာတ်ပြားရော ပြန်တွေ့တယ်။ ကောင်မလေးက သဘောကောင်းတာနှင့် ကျွန်တော် သူ့ကို တစ်ဒေါ်လာ ဘောက်ဆူးပေးတယ်။ ဒါပေမယ့် ကောင်မလေး က မယူဘူးဗျ။ အိမ်ပြန်ပြီး အိပ်ဖို့ ပြောနေတယ်။ ကျွန်တော်က အားတဲ့ နေ့မှာ သူနှင့် တွေ့ဖို့ ချိန်းတယ်။ ဒါပေမယ့် သူက လက်မခံဘူး။ သူက ကျွန်တော့် အမေလောက် ရှိပြီတဲ့လေ။ ဒီတော့ ကျွန်တော်ကလဲ ခေါင်းမှာ ပေါက်နေတဲ့ ဆံပင်ဖြူကို ပြပြီး ကျွန်တော့်အသက် လေးဆယ့်နှစ်နှစ် ရှိပြီလို့

ပြောလိုက်တယ်။ အစ်မကြီးက သဘော ကောင်းရှာပါတယ်။ ကျွန်တော့် ဦးထုပ် အနီလေးကိုလဲ ကျွန်တော့် ခေါင်းပေါ်မှာ ဆောင်းပေးလိုက်တယ်။ ဦးထုပ် လေးကို သဘောကျသတဲ့လေ။ ကျွန်တော့် ဆံပင်မှာ ရေတွေ စိုနေတော့ မြင် မကောင်းလို့ ထင်ပါရဲ့။ ကျွန်တော့် ခေါင်းပေါ်ကို ဆောင်းပေးလိုက်တယ်။ အစ်မကြီးက မဆိုးရှာပါဘူး။

အပြင်ရောက်တော့ ဘယ်လို ဖြစ်သွားသလဲ မသိဘူး။ တော်တော်လေး အမူးပြေသွားတယ်။ ဒါပေမယ့် အေးသလား မမေးနှင့်ဗျို့။ ချမ်းလိုက် အေးလိုက် တာ သွားတွေ မေးတွေ ခိုက်ခိုက်တုန်နေတာပဲ။ မေးတွေ တုန်ပြီး သွားချင်းရိုက် နေတယ်။ မေးချင်း မရိုက်အောင် လုပ်ပေမယ့် မရဘူး။ မေဒီဆန် ရိပ်သာ လမ်းမဘက်ကို ထွက်လာပြီး ဘတ်စ်ကား စောင့်တယ်။ မစောင့်လို့ မရဘူးလေ။ ကျွန်တော့်မှာ ပိုက်ဆံ သိပ် မကျန်တော့ဘူး။ တက္ကစီတို့ ဘာတို့ကို မစီးနိုင်တော့ ဘူး။ ဒါပေမယ့် ဒီသောက်ဘတ်စ်ကားကိုတော့ သိပ် မစီးချင်ဘူးဗျာ။ ပြီးတော့ ခက်တာက ဘယ်သွားရမလဲ ဆိုတာလဲ ကျွန်တော် မသိဘူး။ ဒါနှင့် ကျွန်တော်လဲ ပန်းခြံဘက်ကို ခြေကျင် လျှောက်လာခဲ့တယ်။ ပန်းခြံထဲကို သွားမယ်။ ပန်းခြံ ရောက်ရင် ဒီအချိန်မှာ ဘဲကလေးတွေ ဘာလုပ်နေသလဲ ဆိုတာ ကြည့်မယ်။ ဒီနားတစ်ဝိုက်မှာ ရှိသေးသလားဆိုတာ လျှောက်ရှာမယ်။ ပန်းခြံက သိပ်တော့ မဝေးပါဘူး။ အေးလေ တခြားကို သွားစရာ မရှိတော့ဘူးလေ။ ဒီနေ့ည ဘယ်မှာ အိပ်ရမယ် ဆိုတာလဲ မသိသေးဘူး။ ဒီတော့ ပန်းခြံဘက်ကိုပဲ လျှောက်လာခဲ့ရ တာပေါ့။ မောတော့ မမောပါဘူး။ ဒါပေမယ့် ချမ်းလိုက်တာကတော့ မပြော နှင့်တော့။

ပန်းခြံထဲကို ရောက်တော့ ပြဿနာ တက်တော့တာပါပဲ။ ညီမလေး ဖီဘီဖို့ ဝယ်လာတဲ့ ဓာတ်ပြားက အစိတ် ငါးဆယ်လောက် ကွဲသွားတယ်။ ဓာတ်ပြားကတော့ စက္ကူအိတ်ကြီးထဲမှာ ထည့်ထားတာပဲ။ ဒါပေမယ့် ဘာဖြစ်လို့ ကွဲသွားလဲ မသိဘူး။ ကျွန်တော် ငိုချင်လိုက်တာဗျာ။ သေသေချာချာ လက်က ကိုင်လာခဲ့တာ။ ဘာဖြစ်လို့ ကွဲသလဲ မသိဘူး။ ဒါနှင့် ကျွန်တော် ဓာတ်ပြား ကွဲတွေကို စက္ကူအိတ်ထဲက ထုတ်ပြီး ကျွန်တော့် ကုတ်အင်္ကျီ အိတ်ထောင်ထဲကို ထည့်လိုက်တယ်။ ဓာတ်ပြားကွဲတွေဟာ ဘာမှတော့ အသုံးမကျတော့ပါဘူး။ ဒါပေမယ့် လွှင့်မပစ်ချင်ဘူးဗျာ။ ကျွန်တော် ပန်းခြံထဲကို ဝင်လာခဲ့တယ်။ ကိုယ့်လူရေ ပန်းခြံထဲမှာ မှောင်မည်းလို့ဗျ။

ကျွန်တော်ဟာ နယူးရော့မှာ မွေးလာတာပါ။ မြို့လယ် ပန်းခြံကြီးကို

ကျွန်တော့် လက်ဖမိုးကို သိသလို ကျွန်တော် ကောင်းကောင်း သိတာပေါ့။ ကျွန်တော် ငယ်ငယ်တုန်းက စကိတ်စီးနေကျ၊ ဘိုင်စကယ် စီးနေကျ။ ဒါပေမယ့် အဲဒီညတုန်းက ကန်ကလေးကို ရှာလို့ မရဘူးဗျို့။ ဘယ်နေရာမှာ ရှိတယ် ဆိုတာ ကျွန်တော် ကောင်းကောင်း သိပါတယ်။ ပန်းခြံရဲ့ တောင်ဘက်ပိုင်းမှာ ရှိတာပေါ့။ ကျွန်တော် သိပ်သိတာပေါ့။ ဒါပေမယ့် လုံးလုံး ရှာလို့ မရဘဲ ဖြစ်နေတယ်။ ကျွန်တော် ထင်တာထက် မှုးနေပြီ ထင်တယ်။ ကျွန်တော်လဲ ပန်းခြံထဲမှာ ဆက်လျှောက်နေတယ်။ ညက မှောင်သထက် မှောင်လာပြီး လူကလဲ ရှင်းသထက် ရှင်းလာတယ်။ ရှင်းဆို ပန်းခြံထဲ ရောက်မှ လူရယ်လို့ တစ်ယောက်မှကို မတွေ့ရတော့ဘူး။ လူရှင်းတော့ ဝမ်းသာလိုက်တာဗျာ။ ဝမ်းသာလိုက်သမှ ဖြစ်နိုင်ရင် မိုးပေါ်ကို တစ်မိုင်လောက် မြင့်သွားအောင် ထ ခုန်လိုက်ချင်တယ်။ နောက်ဆုံးတော့ ကန်လေးကို တွေ့တယ်ဗျ။ ရေကန်ထဲမှာ ရေခဲတဲ့ အပိုင်းက ခဲနေပြီး ရေမခဲတဲ့ အပိုင်းက ကျန်နေသေးတယ်။ သို့သော် ကန်ဘေးမှာ ဘဲကလေးတွေကိုတော့ မတွေ့ရတော့ဘူး။ ရှာလိုက်ရတာ တစ်ကောင်မှ မတွေ့ရတော့ဘူး။ ရေစပ်နားမှာ အိပ်နေကြသလား၊ မြက်တောထဲမှာပဲ အိပ်နေကြသလားတော့ မသိဘူး။ ဒီလို လျှောက်ရှာရင်း ခလုတ် တိုက်ပြီး လဲမလို ဖြစ်တာ။

နောက်ဆုံးတော့ သိပ်မမှောင်တဲ့ နေရာက ခုံရှည်လေး တစ်လုံးပေါ်မှာ ကျွန်တော် ထိုင်ချလိုက်တယ်။ ကိုယ့်လူရေ ချမ်းလိုက်တာမှ ခိုက်ခိုက်ကို တုန်နေတာပဲ။ ခေါင်းမှာ ဦးထုပ်ကလေး ဆောင်းထားပေမယ့် ဦးထုပ်နှင့် လွတ်တဲ့ နောက်စေ့က ဆံပင်ကလေးတွေမှာ ရေတွေ တင်ပြီး ခဲနေသလားလို့ တောင် ထင်မိတယ်။ ဒီမှာတင် ကျွန်တော် တော်တော် စိတ်ဓာတ်ကျသွားတယ်။ ငါတော့ နမိုးနီးယား ဖြစ်ပြီး သေတော့မှာပဲလို့ ထင်လိုက်မိတယ်။ ကျွန်တော့် အသုဘကို လူတွေ အများကြီး လာကြမှာပဲလို့ ကျွန်တော် စိတ်ကူး ကြည့်နေတယ်။ ဘတ်စ်ကား စီးလာရင် လမ်း နံပါတ်တွေကို အသံထွက် ဖတ်လာတတ်လေ့ရှိတဲ့ ဒက်ထရွိုက်က ကျွန်တော့် အဘိုးလဲ လာမှာပဲ။ ကျွန်တော့် ဒေါ်လေးတွေလဲ လာမှာပဲ။ ကျွန်တော့် ဒေါ်လေးတွေကလဲ အများကြီးဗျ။ ငါးဆယ် လောက် ရှိမယ်။ ပြီးတော့ တော်တော် စိတ်ပျက်ဖို့ ကောင်းတဲ့ ကျွန်တော့် ဝမ်းကွဲ ညီအစ်ကို မောင်နှမတွေလဲ လာကြမှာ။ နည်းတဲ့ ဆွေတွေ မျိုးတွေ မဟုတ်ဘူး။ ညီလေး အယ်လီ ဆုံးတုန်းကလဲ သူတို့ လာကြတယ်လေ။ လာဆို ရှိသမျှ ဆွေမျိုးကို ကုန်ပါရော။ အဲဒီတုန်းက ပါးစပ်က အာပုပ်နံ့

ထွက်တဲ့ ရောဂါ ရနေတဲ့ ကျွန်တော့် အဒေါ်လဲ လာတယ်ဗျ။ ညီလေး အလောင်းကို ကြည့်ပြီး သူသေပုံက အေးချမ်းလိုက်တာ၊ အိပ်ပျော်နေသလိုပဲလို့ ပြောတာလဲ ကြားရသေးတယ်။ ဒါကတော့ ကျွန်တော့် အစ်ကို ဒီဘီက ပြန်ပြောလို့ သိရတာပေါ့။ အဲဒီတုန်းက ကျွန်တော်က ဒီအိမ်မှာ မရှိဘူး။ ဆေးရုံပေါ်မှာပဲ ရှိသေးတယ်။ လက်ကျိုးလို့ ဆေးရုံတက်နေရတာလေ။ ဘာပဲဖြစ်ဖြစ် ကျွန်တော့် ခေါင်းပေါ်မှာ ရေတွေ သီးရာက ခဲနေတော့ နမိုးနီးယားတို့ ဘာတို့ ဖြစ်ပြီး သေမှာကို ကြောက်နေတယ်။ အဖေနှင့် အမေကိုလဲ သနားနေတယ်။ အထူးသဖြင့် အမေ့ကို ပိုပြီး သနားတယ်။ အမေဟာ အယ်လီ ဆုံးလို့ သောက ဖြစ်ရ ပူရတဲ့ အထဲမှာ တစ်ပူပေါ် နှစ်ပူဆင့် ဖြစ်နေရှာမှာပေါ့။ အမေဟာ ကျွန်တော့် အဝတ်အစားလေးတွေ၊ ကျွန်တော့် အားကစား ပစ္စည်းလေးတွေကို ဘာလုပ်ရမှန်း မသိဘဲ ယောင်ချာချာ ဖြစ်နေမှာကို မြင်ယောင်နေတယ်။ တစ်ခုတော့ သေချာတာက အမေဟာ ကျွန်တော့် အသုဘကို ညီမလေး ဖီဘီ လာခွင့်ပြုမှာ မဟုတ်ဘူး။ ညီမလေးက ငယ်ငယ်လေး ရှိသေးတာကိုး။ ကျွန်တော့်မှာ ဖြေစရာ ဆိုလို့ ဒီတစ်ချက်ပဲ ရှိတယ်။ ကျွန်တော့် ဆွေမျိုးတွေဟာ ကျွန်တော့် အသုဘကို လိုက်ပို့ကြမယ်။ သချိုင်း ရောက်ရင် လက်ဝါးကပ်တိုင် ပေါ်မှာ ကျွန်တော့် အမည်ကို ထိုးမယ်။ ကျွန်တော့်အေးမှာလဲ သူသေတွေချည်းပါပဲလား။ ဟုတ်တယ် ကိုယ့်လူ၊ ခင်ဗျား သေရင်လဲ ဒီလိုပဲ လူတွေက အလောင်းကို လှလှလေး ပြင်ပေးကြမှာ။ ကျွန်တော်ကတော့ ဒါတွေကို သိပ် မလိုချင်ဘူးဗျာ။ ကျွန်တော် သေရင် မြစ်ထဲသာ မျှောပစ်လိုက်၊ ဒါမှမဟုတ် တစ်နေရာရာမှာ မြှုပ်ပစ်လိုက်ရင် ကောင်းမယ်လို့ ထင်တာပဲ။ သချိုင်းကြီးထဲမှာတော့ မမြှုပ်စေချင်ဘူး။ ရက်လည်တဲ့နေ့ ကျရင် လူတွေလာပြီး ကျွန်တော့် ရင်ဘတ်ပေါ်မှာ ပန်းစည်းတွေ ပန်းခွေတွေ တင်ဦးမယ်။ သေပြီးမှတော့ ဒီပန်းတွေကို ဘယ်သူက လိုချင်တော့မှာလဲဗျ။ ဘယ်သူမှ လိုချင်မှာ မဟုတ်ဘူး။

ရာသီဥတု သာယာတဲ့ နေ့တွေမှာဆိုရင် အဖေနှင့် အမေဟာ ညီလေး အယ်လီရဲ့ အုတ်ဂူကို သွားပြီး ပန်းစည်းတွေ ပန်းခိုင်တွေ ချလေ့ ရှိတယ်။ ကျွန်တော်လဲ အဖေတို့ အမေတို့နှင့်အတူ နှစ်ခေါက်လောက်တော့ လိုက်သွားဖူးတယ်။ ဒါပေမယ့် နောက်တော့ မလိုက်တော့ဘူးဗျာ။ ဒီ သင်္ချိုင်းကြီးထဲမှာ ကျွန်တော့် ညီလေး လဲလျောင်းနေတာကို ကျွန်တော် မြင်ရတာ စိတ်မချမ်းသာဘူး။ အေးမှာ လူသေတွေ့ အုတ်ဂူတွေ ပတ်လည်ဝိုင်းလို့။ နေသာတဲ့ နေ့တွေမှာ ဆိုရင် တော်ပါသေးရဲ့။ ဒါပေမယ့် မိုးရွာနေရင်တော့ တော်တော် ဆိုးတယ်။

သချိုင်း သွားတုန်း မိုးရွာတာကို ကျွန်တော် နှစ်ခါ ကြုံဖူးတယ်၊ မိုးပေါက်တွေက သူ့ အုတ်ဂူလေးပေါ်ကို ကျလို့။ သူ့ရဲ့ မြေပေါ်မှာ ပေါက်နေတဲ့ မြက်ပင်တွေကို ကျလို့။ အို သချိုင်းတစ်ခုလုံး မိုးရေတွေ စိုလို့။ သင်္ချိုင်းကို လာကြည့်တဲ့ လူတွေကလဲ မိုးရွာတော့ ကားတွေဆီကို ဒရောသောပါး ပြေးကြတာပေါ့။ အဲဒီ ရှုခင်းကို မြင်ရတော့ ကျွန်တော် သိပ်စိတ်ဆိုးတယ်ဗျာ။ မိုးရွာလာတော့ ကားတွေပေါ်တက်၊ ကားထဲမှာ ပါလာတဲ့ ရေဒီယိုကို ဖွင့်ပြီး တစ်နေရာရာကို ညစာစား ထွက်သွားကြတာ။ ကျန်ရစ်ခဲ့တဲ့သူ ဆိုလို့ ကျွန်တော့် ညီလေး အယ်လီ တစ်ယောက်တည်း ရှိတယ်။ ဒီ ရှုခင်းကို ကျွန်တော် မကြည့်ချင်ဘူး။ ကျွန်တော့် ညီလေး အယ်လီဟာ ခန္ဓာကိုယ်ကသာ မြေပုံထဲမှာ ရှိပြီး သူ့ ဝိညာဉ်ကတော့ ကောင်းကင်ဘုံမှာ ရှိတယ်ဆို။ ဘာဖြစ်တယ် ညာဖြစ်တယ် ဆိုတဲ့ စကားတွေကို ကျွန်တော် သိပါတယ်။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ညီလေးကို ဒီလို ပစ်ထားတာကိုတော့ ကျွန်တော် မကြည့်ရက်ဘူးဗျာ။ ညီလေး ဒီမှာ မရှိရင် သိပ်ကောင်းမှာ။ ခင်ဗျားကတော့ ကျွန်တော့် ညီလေးကို သိမှာ မဟုတ်ဘူး။ ဒါပေမယ့် သိရင် ခင်ဗျားလဲ ကျွန်တော့်လိုပဲ ခံစားရမှာပါ။ နေသာတဲ့ နေ့တွေ ဆိုရင် ဒီလောက် မဆိုးလှပါဘူး။ မိုးရွာတဲ့နေ့ ဆိုရင် သိပ်ဆိုးတာပဲ။ ခက်တာက နေမင်းကလဲ သူ သာချင်တဲ့နေ့ကျမှ တိမ်ကြားထဲက ထွက်ပြီး သာတတ်တာမျိုး။

ခဏာ နေတော့ ကျွန်တော် နမိုးနီးယား ဖြစ်မှာ၊ ညီလေးကို မိုးရေထဲ ပစ်ထား ရတာတွေကို မေ့ပျောက်သွားအောင် ဆိုပြီး ကျွန်တော့်မှာ ကျန်တဲ့ ပိုက်ဆံကို ရေတွက် နေမိတယ်။ လမ်းပေါ်က မှုန်မှုန်ရီရီ အလင်းရောင်ထဲမှာ ကျွန်တော့် ပိုက်ဆံတွေကို ထုတ်ပြီး ရေတွက်နေမိတယ်။ ကျွန်တော့်မှာ ဒေါ်လာ သုံးပြားရယ်၊ မတ်စေ့ ငါးစေ့ရယ်၊ ဆယ်ပြားစေ့ တစ်စေ့ရယ်ပဲ ကျန်တော့တယ်။ ကိုယ့်လူရေ ပင်ဆေကျောင်းက ထွက်လာခဲ့ကတည်းက ကျွန်တော်ဟာ စည်းစိမ် တစ်ခုလုံးကို ကုန်အောင် သုံးဖြုန်းပစ်ခဲ့ပါပကော။ ရေခဲနေတဲ့ ရေကန်လေးနား ထလာပြီး ကျွန်တော့် လက်ထဲမှာ ကျန်တဲ့ မတ်စေ့ ငါးစေ့ရယ်၊ ဆယ်ပြားစေ့ တစ်စေ့ရယ်ကို ကန်ထဲကို ပစ်ချလိုက်တယ်။ ဘာကြောင့်မှန်းတော့ မသိဘူး။ ပစ်တော့ ချလိုက်တာပဲ။ ကျွန်တော့် စိတ်ထဲမှာ နမိုးနီးယား ဖြစ်မှာ သေမှာကို ကြောက်ပြီး အဲဒီစိတ်တွေ ပျောက်သွားအောင် ပစ်ချ လိုက်မိသလားတော့ မပြောတတ်ဘူး။ ဒါပေမယ့် အဲဒီ စိတ်တွေလဲ ပျောက် မသွားပါဘူးဗျာ။

ကျွန်တော်သာ နမိုးနီးယား ဖြစ်ပြီးသေရင် ညီမလေး ဖီဘီ တစ်ယောက်

ဘယ်လိုများ နေမလဲ မသိဘူး။ ဒီလို တွေးတာဟာ ကလေးတော့ ဆန်တာပေါ့လေ။ ဒါပေမယ့် မတတ်နိုင်ဘူး။ ဒီလိုသာ ဖြစ်လာရင် ကျွန်တော့် ညီမလေးဟာ တော်တော် ဆွေးမှာ။ ညီမလေးက ကျွန်တော့်ကို သိပ်ချစ်တာ။ ကျွန်တော့်ကို သိပ်သံယောဇဉ် ကြီးရှာတာ။ ဘာဖြစ်လို့မှန်း မသိဘူး၊ အဲဒီ အတွေးဟာ ခေါင်းထဲက ဖျောက်လို့ မရဘဲ ဖြစ်နေတယ်။ အကောင်းဆုံးကတော့ အိမ်ကို အသာလေး ပြန်ပြီး ညီမလေးနှင့် သွားတွေ့ရရင် ကောင်းမယ် ထင်တယ်။ အိမ်ကို တိတ်တိတ်လေး ပြန်သွားမယ်။ ပြီးတော့ ညီမလေးနှင့် တွေ့ပြီး အဲဒီ အကြောင်းကို ပြောမယ်။ ဒါပေမယ့် ခက်တာက ကျွန်တော်တို့ အိမ်ရှေ့တံခါးမကြီးက အသံ သိပ်မြည်တယ်။ တိုက်က တိုက်ဟောင်းကြီး မဟုတ်လား။ အိမ်ငှားဌာနက ကြီးကြပ်ရေးမှူးကလဲ ငပျင်းကြီး။ တစ်အိမ်လုံး ကျိုးကျိုးကျွဲကျွဲ မြည်နေတာပဲ။ တံခါးကြီး မြည်လို့ အဖေတို့ အမေတို့ နိုးလာရင် ဘယ့်နှယ် လုပ်မလဲ။ မတတ်နိုင်ဘူးလေ၊ အိမ်ကို ပြန်မယ်လို့ပဲ ဆုံးဖြတ်လိုက်တယ်။

ဒါနှင့် ကျွန်တော် ပန်းခြံထဲက ထွက်ပြီး အိမ်ဘက်ကို လျှောက်လာခဲ့တယ်။ ခြေကျင် လျှောက်ရတာပေါ့။ ဝေးတော့ မဝေးပါဘူး။ ကျွန်တော်ကလဲ မမောသေးပါဘူး။ မူးလဲ မမူးတော့ဘူး။ ချမ်းတော့ သိပ်ချမ်းတာပဲဗျာ။ လမ်းမပေါ်မှာလဲ လူသူဆိုလို့ တစ်ယောက်မှ မရှိတော့ဘူး။

# ၂၁

ဒီတစ်ခါ ကျောင်းက ပြန်လာရတာ အပျော်ဆုံးပဲဗျာ။ အိမ်ကို ပြန်ရောက်တော့ ကျွန်တော်တို့ တိုက်တန်းလျားမှာ ဓာတ်လှေကား မောင်းတဲ့ ကောင်လေးကို မတွေ့ရတော့ဘူးဗျ။ ခါတိုင်းဆို သူ့ကို ဓာတ်လှေကားထဲမှာ တွေ့နေကျ။ ခုတော့ ကျွန်တော် တစ်ခါမှ မမြင်ဖူးတဲ့ လူသစ်ရယ်။ တကယ်လို့ ကျွန်တော် ပြန်လာတာကို အဖေတို့ အမေတို့ သိမသွားဘူး ဆိုရင် ကျွန်တော့် ညီမလေး ဖီဘီကို နှုတ်ဆက်ပြီးရင် ပြန်လာမယ်လို့ စိတ်ကူးထားတယ်။ ဒီလို ဆိုရင် ကျွန်တော် အိမ်ပြန်လာတာကိုလဲ ဘယ်သူမှ သိတော့မှာ မဟုတ်ဘူး။ ဒီတစ်ခေါက် အိမ်ပြန်ရတာ တကယ် ပျော်စရာကြီးဗျာ။ ပိုပြီး ကောင်းတာက ဓာတ်လှေကား မောင်းတဲ့ ငနဲက ထူတူတူ အတတ ဆိုရင်တော့ ပိုကောင်းတာပေါ့။ ဒါနှင့် ကျွန်တော်က ဒစ်စတိန်းတို့ အခန်းကို သွားချင်တယ်လို့ ခပ်တည်တည် ပြောလိုက်တယ်။ ဒစ်စတိန်း ဆိုတာ ကျွန်တော်တို့ အထပ်မှာ နေတဲ့ အခန်း တစ်ခန်းက ကောင်။ ပြီးတော့ ကျွန်တော့်ကို သင်္ကာမကင်း မဖြစ်အောင်ဆိုပြီး ခေါင်းမှာ ဆောင်းထားတဲ့ တောလိုက် ဦးထုပ်နီလေးကိုလဲ ချွတ်ထား လိုက်တယ်။ ကျွန်တော်က အရေးတကြီး ဖြစ်လာတဲ့ ပုံမျိုးနှင့် ဓာတ်လှေကားထဲ ကို ဝင်လိုက်တယ်။

ဓာတ်လှေကား မောင်းတဲ့ ငနဲက ဓာတ်လှေကား တံခါးတွေကို ပိတ်ပြီး အထက်ကို တက်တော့မယ် လုပ်ပြီးမှ ကျွန်တော့်ကို လှည့်ကြည့်ရင်း.....

'ဒိနေ့ သူတို့ အိမ်သားတွေ မရှိဘူးကွ၊ ဆယ့်လေးထပ်က ညေ့ခံပွဲ တစ်ခုကို သွားနေကြတယ်'

'ကိစ္စမရှိဘူးလေ၊ စောင့်ရမှာပေါ့၊ ကျွန်တော်က သူတို့တူပါ'

သူက ကျွန်တော့်ကို မသင်္ကာတဲ့ အကြည့်နှင့် ကြည့်လိုက်ပြီး.....

'စောင့်မယ့်အတူတူ အောက်ထပ် ဧည့်ခန်းထဲက စောင့်ပါလားကွ'

'အောက်ထပ်ကတော့ စောင့်ချင်တာပေါ့ဗျာ၊ ဒါပေမယ့် ကျွန်တော့် ခြေထောက်က သိပ်မကောင်းဘူး၊ ခြေထောက်ကို မြှောက်ပြီး ထိုင်မှ ရတာ၊ အောက်ကို ချထားလို့ မရဘူး၊ သူတို့ အခန်းရှေ့က ကုလားထိုင်ပေါ်မှာ ကျွန်တော် ထိုင်စောင့်နေမယ်လေ'

ကျွန်တော် ပြောတာတွေကို သူ ကောင်းကောင်း နားမလည်ဘူး။ ဒါနှင့် 'အို ဟုတ်လား' ဆိုပြီး ကျွန်တော့်ကို အပေါ်ထပ်ကို လိုက်ပို့တယ်။ ဘယ်ဆိုး လို့လဲ ကိုယ့်လူရ။ ဟားတော့ ဟားရတယ်။ လူတွေက ဒီလိုပဲဗျ။ သူတို့ နား မလည်တာတွေကို များများသာ ပြောပေး၊ အဲဒီလို ပြောပေးရင် ကိုယ် လုပ် ချင်တာတွေကို အကုန် လုပ်ပေးတော့တာပဲ။

ကျွန်တော်တို့ အထပ် ရောက်တော့ ကျွန်တော့်မှာ ခြေတစ်ဖက် ထော့ နင်း ထော့နင်း လုပ်ပြီး လျှောက်တယ်။ ဒစ်စတိန်းတို့ အခန်းဘက်ကို လျှောက် သွားရတယ်။ ဓာတ်လှေကား တံခါး ပိတ်သံကို ကြားလိုက်တော့မှ ကျွန်တော်တို့ အခန်းဘက်ကို ပြန်လှည့်လာခဲ့တယ်။ အခြေအနေ ကောင်းပါတယ်။ မူးတာ တွေ ဘာတွေလဲ မရှိတော့ဘူး။ ကျွန်တော့် အိတ်ထဲမှာ ပါလာတဲ့ အခန်းတံခါး ကြီးက သော့ကို ထုတ်ပြီး ကျွန်တော်တို့ အိမ်တံခါးကို ဖွင့်လိုက်တယ်။ ဖြည်း ဖြည်းလေး ဖွင့်တယ်။ ပြီးတော့ အထဲကို သတိထားပြီး အသံ မကြားရအောင် ဝင်ခဲ့ပြီး တံခါးကို ပိတ်တယ်။ အမှန်ကတော့ ကျွန်တော် သူခိုး လုပ်ဖို့တောင် ကောင်းတာ။

အိမ်ရှေ့ခန်းထဲမှာ မှောင်လို့ဗျ။ အေးလေ၊ မှောင်ဆို ကျွန်တော်က မီး မှ မဖွင့်ရဲဘဲကိုး။ မှောင်မှာပေါ့။ အရေးထဲမှာ ဟိုဟာ ဝင်တိုက်မိ သည်ဟာ ဝင်တိုက်မိမှာလဲ စိုးသေးတယ်။ ဝုန်းဒိုင်း သံတွေ မြည်ကုန်မှဖြင့် ဒုက္ခ။ ကိုယ့် အိမ်ပဲလေ ဒီလောက်တော့လဲ သိပါတယ်။ ကျွန်တော်တို့ အိမ်ရှေ့ခန်းက အနံ့က တစ်မျိုးဗျ။ ဒီအနံ့မျိုး ဘယ်အိမ်မှာမှ ရှိမယ် မထင်ဘူး။ ပန်းနံ့လဲ မဟုတ်ဘူး။ ရေမွှေးနံ့လဲ မဟုတ်ဘူး။ ဘာနံ့မှန်းတော့ မသိဘူး။ ဒါပေမယ့် အဲဒီ အနံ့ကို ရလိုက်ပြီ ဆိုရင် အိမ်ကို ပြန်ရောက်ပြီ ဆိုတာ ကျွန်တော် သိတယ်။ အပေါ်က ကုတ်အင်္ကျီကို ချွတ်ပြီး အိမ်ရှေ့ခန်းက ကုတ်အင်္ကျီ ချိတ်တဲ့ ဗီရိုထဲမှာ ချိတ် မယ်ဆိုပြီး ဗီရိုကို ဖွင့်လိုက်တယ်။ ဒါပေမယ့် အဲဒီအထဲက အင်္ကျီချိတ်တွေက အများကြီး ဆိုတော့ တချောက်ချောက် မြည်နေတာနှင့် ကျွန်တော် မချိတ်

တော့ဘူး။ ပြီးတော့ ညီမလေး ဖိဘီရဲ့ အိပ်ခန်းဆီကို ကျွန်တော် ဖြည်းဖြည်းလေး လျှောက်လာတယ်။ ကျွန်တော့် ခြေသံကို အိမ်ဖော် မိန်းမကြီးတော့ ကြားမှာ မဟုတ်ဘူး။ ဘယ်ကြားမလဲ၊ မိန်းမကြီးက နားတစ်ဖက် လေးနေတာကိုး။ သူ ငယ်ငယ်တုန်းက သူ့ အစ်ကိုက နားထဲကို ကောက်ရိုး တစ်ချောင်း ထည့်ပြီး မွှေလို့ နားပင်းသွားတာလို့ ကျွန်တော့်ကို ပြောဖူးတယ်။ နားလေးသလားတော့ မမေးနှင့်။ အမေနှင့် အဖေကိုလဲ သတိ ထားရသေးတယ်။ အထူးသဖြင့် အမေ့ကို သတိထားရတယ်။ အမေက အမဲလိုက် ခွေးများရဲ့ နားလိုပဲ သိပ်ပါးတာ။ ချက်ခနဲဆို သူသိလိုက်တော့တာပဲ။ သူတို့ အခန်းကို လွန်ပြီ ဆိုရင်တော့ ကျွန်တော့်အဖို့ သိပ်မစိုးရိမ်ရတော့ပါဘူး။ အီးဇီး ဖြစ်သွားပါပြီ။ သူတို့ အခန်းရှေ့ကို ဖြတ်တုန်းကတော့ တော်တော့်ကို သတိထားရတယ်ဗျ။ အသက်ကိုတောင် ရဲရဲ မရှူရဲဘူး။ ကျွန်တော့် အဖေကတော့ ခေါင်းကို ကုလားထိုင်နှင့် ဝင်ရိုက်တောင် မနိုးဘူး။ ဒါပေမယ့် အမေကတော့ ဆိုက်ဗေးရီးယားက လှမ်းပြီး ချောင်းဆိုးတာကိုတောင် ကြားလိမ့်မယ် ထင်တယ်။ အမေက အာရုံကြော အားနည်းတော့ သိပ်ပြီး အအိပ်ဆတ်တာ။ တစ်ခါတလေ ဆိုရင် ညဥ့်သန်းခေါင်ကျော်လောက် ထပြီး စီးကရက် သောက်ရင်း မိုးအလင်း ထိုင်ချင် ထိုင်နေတတ်တာ။

တစ်နာရီလောက် သွားမိတော့မှ ညီမလေး ဖိဘီရဲ့ အခန်းကို ရောက်တယ်။ လက်စသတ်တော့ ညီမလေးက သူ့ အခန်းထဲမှာ မအိပ်ဘဲကိုး။ ကျွန်တော့် အစ်ကို ဒီဘီ ဟောလီဝုဒ်ကို သွားရင် ညီမလေးဟာ ကျွန်တော့် အစ်ကို အခန်းမှာပဲ အိပ်လေ့ ရှိတယ်။ အစ်ကို့ အခန်းက တစ်အိမ်လုံးမှာ အကြီးဆုံး အကျယ်ဆုံး ဆိုတော့ အဲဒီ အခန်းကိုမှ ကြိုက်သတဲ့လေ။ အခန်းထဲမှာ ဖီလာဒဲဖီးယားက အရက်အိုး မိန်းမ တစ်ယောက်ဆီက အချောင်နှင့် ရလာတဲ့ စားပွဲကြီး တစ်လုံး ရှိတယ်။ ပြီးတော့ အလျား ဆယ်မိုင် အနံ ဆယ်မိုင်လောက် ရှိတဲ့ ခုတင်ကြီး တစ်လုံးလဲ ရှိတယ်။ ဒီခုတင်ကြီးကတော့ ဘယ်က ဝယ်လာမှန်း ကျွန်တော် မသိဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ညီမလေး ဖိဘီကတော့ ကျွန်တော့် အစ်ကို ဒီဘီ မရှိရင် သူ့အခန်းကို ဝင်အိပ်တာပဲ။ အစ်ကိုကလဲ အိပ်ခွင့်ပေးတယ်။ အဲဒီ စားပွဲကြီးမှာ သူ့အိမ်စာကို လုပ်သတဲ့လေ။ စားပွဲကြီးက ခုတင်ကြီး တစ်လုံးလောက် ရှိနေတော့ ဖိဘီ ထိုင်ပြီး အိမ်စာ လုပ်ပြီ ဆိုရင် လူတစ်ကိုယ်လုံး ပျောက်နေတယ်။ သူက ဒီလို စားပွဲမျိုးမှ ကြိုက်သတဲ့။ သူ့အခန်းက စားပွဲက ငယ်ငယ်လေးမို့လို့ မကြိုက်ဘူးတဲ့။

## လေလွင့်သူ

ကျွန်တော်လဲ အစ်ကို ဒီဘီရဲ့ အခန်းထဲ အသာလေး ဝင်လာပြီး စားပွဲကြီးပေါ်က မှန်အိမ်ကို မီးဇာ မြှင့်လိုက်တယ်။ ဖီဘီက မနိုးဘူးဗျ။ မီးရောင်ထဲမှာ သူ့ကို ကျွန်တော် အတော် ကြာအောင် ကြည့်နေမိတယ်။ မျက်နှာတစ်ခြမ်းကို ခေါင်းအုံးပေါ်မှာ ဖိပြီး တစောင်းအိပ်လို့။ သူ့ ပါးစပ်က ဟလို့။ ရယ်ရတယ်။ လူကြီးတွေဟာ အိပ်ပျော်ရင် ပါးစပ်က ဟနေတတ်ကြတယ်။ ကလေးတွေကတော့ ပါးစပ် မဟဘူး။ သွားရည်တွေ ခေါင်းအုံးပေါ် ကျချင်ကျမယ်။ ဒါပေမယ့် ပါးစပ်ကတော့ အမြဲတမ်း ပိတ်ထားကြတယ်။ ခု ဖီဘီကတော့ ဒီလို မဟုတ်ဘူး။ လူကြီးလေး တစ်ယောက် အတိုင်းပဲ။

ကျွန်တော်လဲ အခန်းထဲမှာ ဟိုလျှောက် ဒီလျှောက် လုပ်ရင်း ပတ်ပတ်လည်ကို ကြည့်နေတယ်။ ကျွန်တော့် စိတ်ထဲမှာ အပြောင်းအလဲ တစ်ခုကို လုပ်ချင်နေတယ်။ စောစောတုန်းကလို နမိုးနီးယား ဖြစ်မှာတို့ ဘာတို့ကိုလဲ တွေးမပူတော့ဘူး။ ညီမလေး ဖီဘီရဲ့ အဝတ်အစားတွေက ခုတင်ဘေးက ကုလားထိုင်ပေါ်မှာ ခေါက်လျက် တင်ထားတယ်။ ညီမလေးက သပ်သပ်ရပ်ရပ်နေတတ်တယ်။ ဒိပြင် ကလေးတွေလို အဝတ်အစားကို တွေ့ရာ နေရာမှာ ပုံထားခဲ့တာ မဟုတ်ဘူး။ အမေ ကနေဒါသွားတုန်း ဝယ်လာခဲ့တဲ့ အညိုရောင် ကုတ်အင်္ကျီလေးကို ကုလားထိုင် နောက်မှီမှာ ချိတ်ထားတယ်။ ပြီးတော့ ဘလောက်စ် အင်္ကျီနှင့် ဘောင်းဘီကို ကုလားထိုင်ပေါ်မှာ တင်ထားတယ်။ ဖိနပ်နှင့် ခြေအိတ်က ကြမ်းပြင်ပေါ်မှာ။ အံ့မယ် သူ့ ဖိနပ်ကို ကျွန်တော် တစ်ခါမှ မမြင်ဖူးသေးဘူး။ ဖိနပ်က အသစ်ကလေးဗျ။ အညိုရောင်လေး။ အမေ ကနေဒါက ဝယ်လာတဲ့ ကုတ်အင်္ကျီလေးနှင့်ဆိုရင် အတော်ပဲ။ အမေက သူ့ သမီးလေးကို ကောင်းကောင်း ဆင်ပေး တတ်တယ်လေ။ အမေက အကောင်းအသန့်ကိုလဲ ကြိုက်တယ်။ စကိတ်တို့ ဘာတို့ ဝယ်ရင်တော့ အမေ့ကို သွားပြီး အဝယ်မခိုင်းနှင့်၊ အလကားပဲ။ ဒါပေမယ့် အဝတ်အစားတို့ ဘာတို့ ဆိုရင်တော့ အမေက ကောင်းကောင်း ရွေးတတ်တယ်။ ကျွန်တော် ဆိုလိုတာက ဖီဘီဟာ အမေ့ကျေးဇူးကြောင့် အဝတ်အစား ကောင်းကောင်းကို အမြဲ ဝတ်ရတယ်လို့ ဆိုချင်တာ။ တချို့ ကလေးတွေများ မိဘတွေက ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ သူတို့ ဝတ်စားထားတာတွေက တော်တော် အကြည့်ရဆိုးတယ်။ ညီမလေး ဖီဘီကို အမေ ကနေဒါက ဝယ်လာတဲ့ ဝတ်စုံနှင့် မြင်စမ်းစေချင်တယ်ဗျာ။ တကယ် ပြောတာ။

ကျွန်တော်ဟာ အစ်ကိုရဲ့ စားပွဲကြီးမှာ ဝင်ထိုင်လိုက်ရင်း စားပွဲပေါ်က

http://nyisay.com



စာအုပ်တွေကို လျှောက်ကြည့်နေမိတယ်။ ညီမလေးရဲ့ ကျောင်းစာအုပ်တွေ ချည်းပါပဲ။ ထိပ်ဆုံးက စာအုပ်က 'ဂဏန်းသင်္ချာ မခက်ပါ' ဆိုတဲ့ စာအုပ်။ စာအုပ်ကို ကောက်လှန်ပြီး ပထမဆုံး စာမျက်နှာကို ကြည့်လိုက်တယ်။ စာရွက်ပေါ်မှာ ဖိဘီ ဒီလို ရေးထားတယ်။

ဖိဘီ ဝဲသာဖီး ကောဖီး

စတုတ္ထတန်း ဘီ (၁)

ကျွန်တော် ဦးနှောက် ခြောက်သွားတယ်။ အမှန်က သူ့အလယ် နာမည်က ဂျိုးဆက်ဖင်းရယ်။ ဘယ်ကလာ ဝယ်သာဖီး ဟုတ်ရမှာလဲ။ သူက ဂျိုးဆက်ဖင်း ဆိုတဲ့ နာမည်ကို မကြိုက်ဘူး။ ကျွန်တော် ကျောင်းက ပြန်လာတိုင်း သူတစ်ခါ အလယ်က နာမည်ကို ပြောင်းပြောင်းထားတာ တွေ့ရတယ်။

သင်္ချာ စာအုပ်အောက်က ပထဝီ စာအုပ်။ အဲဒီအောက်က စာအုပ်ကတော့ သတ်ပုံ စာအုပ်။ ညီမလေးဟာ စာလုံးပေါင်း သတ်ပုံမှာ တော်တော်တော်တယ်။ အဲဒီ အောက်မှာမှ မှတ်စု လေ့ကျင့်ခန်း စာအုပ်တွေ။ သူ့ လေ့ကျင့်ခန်း စာအုပ်ကလဲ များသလား မမေးနှင့်။ တစ်ထောင်လောက်တောင် ရှိမယ် ထင်တယ်။ ဒီလောက် လေ့ကျင့်ခန်း စာအုပ်တွေများတဲ့ ကလေးမျိုး ကျွန်တော် တစ်ခါမှ မမြင်ဖူးသေးဘူး။ လေ့ကျင့်ခန်း စာအုပ် တစ်အုပ်ကို ကောက်ကိုင်ပြီး ပထမ စာမျက်နှာကို လှန်ကြည့်လိုက်တယ်။

'မုန့်စားကျောင်း ဆင်းသည့်အခါတွင် ဘားနစ်နှင့် တွေ့သည်၊ သူက အရေးကြီးသည့် စကား ပြောစရာ ရှိသည်ဟု ပြောသည်'

အဲဒီစာမျက်နှာတော့ ဒီလောက်ပဲရေးထားတယ်။ နောက် စာမျက်နှာမှာတော့ ဒီလို ရေးထားတယ်။

အာလာစကားပြည်နယ် အရှေ့တောင်ပိုင်းတွင် အဘယ်ကြောင့် စည်သွတ် စက်ရုံများ ပေါများ ရသနည်း။

ဆော်လမွန် ငါးများ ပေါသောကြောင့် ဖြစ်ပါသည်။

အဘယ်ကြောင့် ထိုဒေသတွင် သစ်တောများ ရှိသနည်း။

ကောင်းသော ရာသီဥတု ရှိသောကြောင့် ဖြစ်ပါသည်။

အာလာစကာကျွန်းရှိ အက်စကီမို လူမျိုးများ တိုးတက်ရေး အတွက် အစိုးရက မည်သို့ ဆောင်ရွက်ပေးသနည်း။

မနက်ဖြန် အတွက် ကြည့်ပါ။

ဖိဘီ ဝဲသာဖီး ကောဖီး

ဖီဘီ ဝဲသာဖီး ကောဖီး
ဖီဘီ ဝဲသာဖီး ကောဖီး
ဖီဘီ ဒဗလျူ ကောဖီး
ဖီဘီ ဝဲသာဖီး ကောဖီး အက်စ်ကွိုင်းယား
ရှာလီကို ပေးရန်။
ရှာလီ မင်းက ပြောတော့ မင်းဟာ စိတြွနက္ခတ်ဖွားဆို
ခုတော့ မင်းက ရောဟဏီဖွားမို့လို့ စကိတ်ပဲ ရတာပေါ့။
ကိုယ်တို့အိမ်ကို ဘယ်တော့ အလည်လာမှာလဲ။

အစ်ကိုရဲ့ စားပွဲမှာ ထိုင်ပြီး သူ့လေ့ကျင့်ခန်း စာအုပ် တစ်အုပ်လုံးကို ကျွန်တော် လျှောက်ဖတ်နေမိတယ်။ သိပ်တော့ မကြာလိုက်ပါဘူး။ ကလေးတွေရဲ့ လေ့ကျင့်ခန်း စာအုပ်တွေ ဖတ်ကြည့်လိုက်ရင် ဒီလို ဟိုရေး ဒီရေး လျှောက်ရေး ထားကြတာပဲ။ ဘယ်ကလေးရဲ့ လေ့ကျင့်ခန်း စာအုပ်ကိုပဲ ကြည့်ကြည့်၊ ဒီအတိုင်းပါပဲ။ ကလေးတွေရဲ့ လေ့ကျင့်ခန်း စာအုပ်တွေကို ကြည့်ရတာ တော်တော် စိတ်ပျက်ဖို့ ကောင်းတယ်။ ကျွန်တော်လဲ နောက်ထပ် စီးကရက် တစ်လိပ် မီးညှိပြီး ဖွာနေတယ်။ အဲဒီနေ့က စီးကရက် ဘယ်လောက် သောက်သလဲ မမေးနှင့်။ သုံးကာတွန်းလောက် ရှိမယ်ထင်တယ်။ ကျွန်တော် ထိုင်ရာက ထလိုက်တယ်။ ဒီကုလားထိုင်ကြီးပေါ်မှာ တစ်သက်လုံး ထိုင်နေလို့ မဖြစ်ဘူး။ တော်တော်ကြာ အဖေတို့ အမေတို့ နိုးလာရင် ပြဿနာ။ သူတို့ မနိုးခင် ဖီဘီကို နှုတ်ဆက်ရဦးမယ်။ ဒါကြောင့် ကျွန်တော် သူ့ကို နှိုးလိုက်တယ်။ ချက်ချင်းပဲ နိုးလာပါတယ်။ ဆိုလိုတာက သူ့ နားနားကို ကပ်ပြီး ကုန်းအော်မနေရဘူး။ ခုတင်ပေါ် ဝင်ထိုင်လိုက်ပြီး 'ညီမလေး ညီမလေး' လို့ နှိုးလိုက်ရုံပဲ။

'ဟင် ကိုကို' လို့ပြောပြီး သူက ကျွန်တော့် လည်ပင်းကို ဖက်ထားတယ်။ ကျွန်တော့် ညီမလေးက သိပ်ချစ်တတ် ခင်တတ်တာ။ ကလေး တစ်ယောက် အနေနှင့်ဆိုရင် ချစ်တတ်လွန်းနေတယ်။ 'ကိုကို ဘယ်တုန်းက ရောက်လာတာလဲ' လို့ မေးတယ်။ သူ့ ကြည့်ရတာ တော်တော် ဝမ်းသာနေပုံပဲ။

'တိုးတိုး တိုးတိုး ညီမလေး နေကောင်းတယ်နော်'

'ကောင်းတာပေါ့၊ ညီမလေး ပေးလိုက်တဲ့ စာ ရသလား ဟင်၊ ငါး မျက်နှာတောင် ရှိတယ်'

'ရပါတယ်၊ တိုးတိုး တိုးတိုး'

ကျွန်တော့်ဆီကို စာတစ်စောင် ရေးလိုက်တယ်လေ။ ကျွန်တော် သူ့

ဆီကို စာပြန်ချိန် မရခဲ့ဘူး။ စာထဲမှာ သူ ပါရတဲ့ ကျောင်းကပွဲ အကြောင်းကို ရေးထားတယ်။ ကျောင်းမှာ ဒိတ်မလုပ်ဖို့၊ သောကြာနေ့တိုင်း အိမ်ပြန်လာဖို့ ရေးထားတယ်။

'ပြဇာတ်နာမည်က ကောင်းရဲ့လား၊ နာမည်က ဘာတဲ့လဲ'

'အမေရိကန်တို့၏ နာတာလူး ပွဲတော်တဲ့၊ ပြဇာတ်ကတော့ သိပ် မကောင်းပါဘူး၊ ဒါပေမယ် ညီမလေးက ဘယ်နဲဒစ် အဖြစ် သရုပ်ဆောင် ရတယ်၊ ညီမလေးပဲ အများဆုံး သရုပ်ဆောင်ရတာပဲ'

ကိုယ့်လူရေ ညီမလေးဟာ ဒီအကြောင်းမျိုးကို ပြောရမယ် ဆိုရင် အိပ် တောင် အိပ်မှာ မဟုတ်ဘူး။

'စစချင်း ဘယ်နဲဒစ် လုပ်တဲ့ ညီမလေး သေရတဲ့ အခန်းက စရတာ ကိုကိုရဲ့၊ သေခါနီးတော့ တစ္ဆေကြီးက ဝင်လာပြီး ကိုယ့်တိုင်းပြည်ကို သစ္စာ ဖောက်ပြီး သေရတာ မရှက်ဘူးလား ဘာလားနှင့် မေးတာပေါ့ ကိုကိုရာ၊ ကိုကို အဲဒီဇာတ်လမ်းကို သိတယ်နော်၊ အဲဒီ အကြောင်းတွေကို ထည့်ရေးလိုက် တာပဲ၊ ကိုကို နားလည်တယ်နော်'

'နားလည်ပါတယ်ကွာ'

'အဲဒီ ကျောင်းကပွဲတုန်းက ဖေဖေ မလာနိုင်ဘူးလေ၊ ကိစ္စရှိလို့ ကာလီ ဖိုးနီးယားကို လေယာဉ်နှင့် ထွက်သွားရတယ်'

ကြည့်စမ်းဗျာ၊ ကျွန်တော့် ညီမလေးဟာ နှစ်မိနစ်လောက် အတွင်းမှာ လုံးလုံး အိပ်ငွေ့တွေ ပြယ်သွားပြီး လန်းနေတာပဲ။ အိပ်ရာပေါ်မှာ ထိုင်ရင်း ကျွန်တော့် လက်ကို ကိုင်ထားတယ်။

'မေမေက ပြောတော့ ဗုဒ္ဓဟူးနေ့မှ ကိုကို ပြန်ရောက်မှာတဲ့'

'ဟုတ်တယ်၊ ခု စောစော ပြန်လာတာ၊ တိုးတိုး ပြောပါ၊ တော်တော်ကြာ ဖေဖေတို့ မေမေတို့ နိုးကုန်လိမ့်မယ်'

ဘယ်အချိန် ရှိပြီလဲ ဟင်၊ မေမေက ပြောတော့ သူတို့ ဒီနေ့ည တော်တော် ညဥ့်နက်မယ်တဲ့၊ ကန်နက်တီကတ်မှာ ညေ့်ခံပွဲတစ်ခု ရှိလို့တဲ့၊ ဒီနေ့ ညနေ ညီမလေး ဘာလုပ်သလဲ သိလား၊ ဘာရုပ်ရှင် ကြည့်သလဲ၊ ကိုကို သိ သလား'

'ဘယ်သိမလဲ၊ နေပါဦး၊ ဖေဖေတို့က ဘယ်အချိန် ပြန်လာမယ်လို့ ပြောသွားသလဲ'

'ဇာတ်ကားက ဆရာဝန် ဆိုတဲ့ ဇာတ်ကား ကိုကိုရဲ့၊ လစ်စတာ ဖောင်

ဒေးရှင်းက အထူး ပြတဲ့ ရုပ်ရှင်ကား၊ ဒီနေ့ တစ်နေ့တည်း ရလို့ အထူးပွဲ အနေနှင့် ပြတာတဲ့၊ ကင်တပ်ကီ ပြည်နယ်က ဆရာဝန်တစ်ယောက် အကြောင်းကို ရိုက်ပြထားတာ၊ ကလေး တစ်ယောက်ရဲ့ ဘဝ ဆိုပါတော့ ကိုကိုရယ်၊ အဲဒီ ကလေးက မစွမ်းမသန်လေး မွေးလာတာ၊ ဒီတင် ဆရာဝန်က အဲဒီ ကလေးကို မကြည့်ရက်တာနှင့် စောင်နှင့် အုပ်ပြီး မွန်းသေအောင် လုပ်လိုက်ရော၊ ဒါနှင့် သူ့ကို လူသတ်မှုနှင့် ထောင်ထဲ ပို့လိုက်ကြတယ်၊ အရမ်းကောင်းတာပဲ ကိုကိုရာ'

'နေစမ်းပါဦး၊ မေမေတို့က ဘယ်အချိန် ပြန်ရောက်မယ်လို့ ပြောသွားသေးသလဲ'

'အဲဒီ ကလေးလေး အဖြစ်ကို မြင်တော့ ဆရာဝန်က သိပ်သနားသွားတာကိုး၊ ဒါနှင့် အဲဒီ ဆရာဝန်က ကလေးရဲ့ မျက်နှာပေါ်မှာ စောင်နှင့် အုပ်ထားလိုက်တော့ ကလေးလေးက မွန်းပြီး သေမလို ဖြစ်ရော၊ ဒီတင် သူ့ကို ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချလိုက်တယ်၊ ဒါနှင့် ကလေးလေးကတော့ သူ ထောင်ထဲ ရောက်နေတုန်းမှာ လာလာပြီး သူ့ကို ထောင်ဝင်စာ တွေ့တယ်၊ သူ့ကိုလဲ ကျေးဇူးတင်နေတာပေါ့လေ၊ ဆရာဝန်က ကလေးရဲ့ ဒုက္ခကို မကြည့်ရက်လို့ သတ်ပစ်မလို့ လုပ်တာကိုး ကိုကိုရဲ့၊ အမှန်ကတော့ ဘုရားသခင် အလိုတော် အတိုင်း ဖြစ်ရတာပဲ၊ ဆရာဝန်က သူ ဘာလုပ်ပိုင်ခွင့် ရှိတာ မှတ်လို့နော်၊ ဒီတော့ ဆရာဝန်ကလဲ သူဟာ ထောင်ဒဏ် ကျခံသင့်တယ်ဆိုတာ သူ့ဘာသာသူ သိတယ်၊ ညီမလေးတို့ အတန်းထဲက သူငယ်ချင်းရဲ့ အမေက ခေါ်သွားတာလေ၊ သူငယ်ချင်း နာမည်က အဲလစ်တဲ့၊ ညီမလေးရဲ့ အချစ်ဆုံး သူငယ်ချင်း၊ အတန်း တစ်တန်းလုံးမှာ သူတစ်ယောက်ပဲ.....'

'ဒီမှာ ကိုကို ပြောတာ နားထောင်စမ်းပါဦး၊ ဖေဖေတို့ ဘယ်အချိန် အိမ်ကို ပြန်ရောက်မယ်လို့ ပြောသွားသေးလဲ၊ ဘယ်လို ပြောသွားသလဲ'

'ညဥ့်နက်မှာ ရောက်မယ်လို့ ပြောသွားတာပဲ၊ ကားကို ဖေဖေကိုယ်တိုင် မောင်းသွားတယ်၊ ရထားတို့ ဘာတို့နှင့် ပြန်ရင် ရထားချိန်တွေ ဘာတွေ စောင့်နေရမှာ စိုးလို့တဲ့၊ ခု ညီမလေးတို့ အိမ်က ကားမှာ ရေဒီယို တပ်ပြီးပြီ သိလား၊ လမ်းပေါ်မှာ ကားတွေ သိပ်ကျပ်နေတုန်း ဆိုရင်တော့ ရေဒီယိုကို ဖမ်းလို့ မရဘူးလို့ မေမေက ပြောတယ်'

ကျွန်တော် စိတ်တုံးတုံး ချလိုက်တယ်။ ဆိုလိုတာက ကျွန်တော် အိမ်ကို ပြန်လာတာ သိသိ မသိသိ ကျွန်တော် မပူတော့ဘူး။ သိတော့ကော ဘာဖြစ်

သလဲ၊ သိပေါ့။

ညီမလေးကို ခင်ဗျား မြင်စေချင်တယ်ဗျာ။ သူ့ညဝတ်အင်္ကျီက ကော်လာမှာ ဆင်ရုပ် နီနီလေးနှင့်။ ဆင်ရုပ်ကလေးတွေက သူ့ကို ဦးကင်းနှင့် ဖေ့နေသလိုပဲ။

'ဒါဖြင့် ရုပ်ရှင်က တော်တော် ကောင်းတာပေါ့'

'အရမ်း ကောင်းတာပဲ၊ ဒါပေမယ့် အဲလစ်က အအေးမိပြီး နှာစေးနေလို့ ခက်တာပေါ့၊ သူ့ သမီး နေလို့ ကောင်းရဲ့လားလို့ သူ့အမေက ခဏခဏ မေးနေတာပဲ၊ ရုပ်ရှင် ကြည့်လို့ ကောင်းပြီ ဆိုရင် သူ့အမေက မေးတော့တာပဲ၊ အဲဒါကတော့ စိတ်ကုန်တယ်'

ကျွန်တော်က သူ့အတွက် ဝယ်ခဲ့တဲ့ ဓာတ်ပြားလေး အကြောင်း ပြောပြလိုက်တယ်။

'ဒီမှာ ညီမလေး၊ ညီမလေးဖို့ ကိုကို ဓာတ်ပြား တစ်ချပ် ဝယ်ခဲ့တယ်၊ ဒါပေမယ့် လမ်းမှာ ကွဲသွားလို့' ဆိုပြီး အိတ်ထဲမှာ ပါလာတဲ့ ဓာတ်ပြားကွဲတွေကို ကျွန်တော်က ထုတ်ပြတယ်။

'ဓာတ်ပြားကွဲတွေကို ညီမလေးကို ပေး' ဆိုပြီး ကျွန်တော့် လက်ထဲက ဓာတ်ပြားကွဲတွေကို ယူပြီး သူ့ခုတင်ဘေးက စားပွဲအံဆွဲလေးထဲ ထည့်လိုက်တယ်။ ကျွန်တော့် ညီမလေးကတော့ စံပါပဲဗျာ။

'နာတာလူး ကျရင် အစ်ကို ပြန်လာဦးမှာပဲလား'

'လာဖြစ်ချင်မှ လာဖြစ်မယ်တဲ့၊ မေမေက ပြောတယ်၊ အခြေအနေအရပဲတဲ့၊ ဟောလီဝုဒ်မှာ နေပြီး အင်နာပိုလစ် အကြောင်း ဇာတ်ညွှန်း တစ်ခု ရေးဖြစ်ချင်လဲ ရေးဖြစ်မယ်တဲ့'

'ဘာ၊ အင်နာပိုလစ် ဟုတ်လား'

'အချစ် ဇာတ်ကားလေ ကိုကိုရဲ့၊ အဲဒီကားမှာ ဘယ်သူတွေ သရုပ်ဆောင်မယ် ထင်သလဲ၊ ကိုကို မှန်းကြည့်စမ်း'

'ကိုကိုတော့ စိတ်မဝင်စားပါဘူး၊ အင်နာပိုလစ် အကြောင်းကို ရိုက်မလို့တဲ့လား၊ နေစမ်းပါဦး၊ ဒီဘီက အင်နာပိုလစ် အကြောင်းကို ဘယ်လောက်များ သိလို့လဲ၊ ဘယ်လို ဇာတ်ညွှန်းမျိုး လျှောက်ရေးနေတာလဲ' လို့ မေးလိုက်တယ်။ တကယ်ပဲ ကိုယ့်လူရေ၊ ဒီ ဟောလီဝုဒ် ရုပ်ရှင် လောကကို ကျွန်တော် တော်တော် စိတ်ကုန်တယ်။

'ညီမလေး လက်မောင်းက ဘာဖြစ်တာလဲ'

http://nyisay.com



သူ့ တံတောင်ဆစ်မှာ ပလာစတာကြီး ကပ်ထားတာ မြင်လို့ ကျွန်တော်က မေးတယ်။ သူ့ ညဝတ်အင်္ကျီက လက်မောင်းမှ မပါဘဲကိုး။ သူ့ လက်မောင်းက ပလာစတာကြီး ကပ်ထားတာကို မြင်နေရတာပေါ့။

'ပန်းခြံထဲက ကျောက်တုံး လှေကားထစ်ကလေးတွေပေါ်မှာ ညီမလေးက ဆင်းလာတုန်း ညီမလေးတို့ အတန်းထဲက ကားတစ် ဆိုတဲ့ ကောင်လေးက တွန်းချလို့၊ ကြည့်မလား' ဆိုပြီး လက်မောင်းက ပလာစတာကို ခွာပြတယ်။

'တော်ပါပြီ၊ မကြည့်ချင်ပါဘူး၊ သူက ဘာဖြစ်လို့ တွန်းချရတာလဲ'

'မပြောတတ်ဘူးလေ၊ ညီမလေးကို မုန်းလို့ ဖြစ်မှာပေါ့၊ သူက ညီမလေးနှင့် ဆယ်လမာ ဆိုတဲ့ ကောင်မလေးကို သိပ်မုန်းတာ၊ ဆယ်လမာက သူ့စာအုပ်ပေါ်ကို မင်တွေ ပက်ထားလို့'

'ဒါတော့ ဘယ်ကောင်းမလဲကွာ၊ အင်း ငါ့ညီမလေးက ကလေးပဲ ရှိသေးတာကိုး'

'အံမယ် ညီမလေးက ကလေးလေး မဟုတ်ပါဘူး၊ ပန်းခြံထဲသွားရင် အဲဒီကောင်က ညီမလေး နောက်က အမြဲ တကောက်ကောက် လိုက်နေတာပဲ၊ ညီမလေး သူ့ကို အရမ်း မုန်းတာပဲ'

'ညီမလေးကို သဘောကျလို့ ဖြစ်မှာပေါ့၊ ကျတော့ကော ဘာဖြစ်လို့ မင်နှင့် ပက်ရမှာလဲ'

'အိုး သူ သဘောကျတာ မခံချင်ပါဘူး' လို့ ပြောပြီး ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ ပြီးတော့မှ.....

'ကိုကို ဘာဖြစ်လို့ အိမ်ကို အစောကြီး ပြန်လာတာလဲ၊ ဗုဒ္ဓဟူးနေ့မှ ပြန်လာမယ်ဆို'

ကိုယ့်လူရေ ညီမလေးက မလွယ်ဘူးဗျ။ သူ့ကို ထုံတုံတုံလေးတော့ မထင်လိုက်နှင့် ခံသွားရမယ်။

'ဘာဖြစ်လို့ ဗုဒ္ဓဟူးနေ့မှ ပြန်မလာဘဲ အစောကြီး ပြန်လာရတာလဲ၊ ကျောင်းကတော့ နှင်ထုတ်လိုက်လို့ မဟုတ်ပါဘူးနော်'

'ပြောပြီးပြီကော၊ ကျောင်းက စောစော ပြန်လွှတ်လိုက်လို့ပါလို့ ပြောနေ၊ တစ်ကျောင်းလုံးကို အစောကြီး ပြန်လွှတ်လိုက်.....'

'ဒါဖြင့် ကျောင်းထုတ်ခံရတာတော့ မဟုတ်ဘူးပေါ့၊ ဟုတ်ပါတယ်၊ ညီမလေးကိုတော့ မလိမ်နှင့်နော်' လို့ပြောပြီး ကျွန်တော့် ပေါင်ကို လက်သီးနှင့် ထုနေတယ်။

'နေပါဦး၊ ကျောင်းထုတ်ခံရတယ်လို့ ညီမလေးကို ဘယ်သူက ပြော လို့လဲ'

'ဘယ်သူ ပြောရမလဲ၊ ကိုကိုပဲ ပြောတာပေါ့၊ ဖေဖေ သိရင်တော့ သတ်မှာ' လို့ ပြောပြီး ကျွန်တော့် ပေါင်ကို လက်သီးနှင့် ထုနေတယ်။ နာ လိုက်တာဗျာ။ ပြီးတော့ ခေါင်းအုံးတွေကိုလဲ လွှင့်ပစ်နေတယ်။

'တော်စမ်းပါကွာ၊ အဓိပ္ပာယ် မရှိတာ၊ ကိုကို့ကိုရော ဖေဖေက ဘာဖြစ် လို့ သတ်ရမှာလဲ၊ ကိုကို့ကို ဘယ်သူကမှ ဘာမှ မလုပ်ပါဘူး'

ဒါပေမယ့် မရဘူးဗျ။ ဒီကောင်မလေးဟာ ဒီလိုချည်းပဲ၊ သူ လုပ်ချင်ပြီ ဆိုရင် ဇွတ်တရွတ်ပဲ။ ခုလဲ ခေါင်းအုံးကြီးကို မျက်နှာပေါ်မှာ ဖိပြီး ငိုနေတယ်။

'ဖေဖေက သတ်မှာ၊ ဖေဖေက သတ်မှာ' လို့လဲ ပြောနေတယ်။

'ကိုကို့ကို ဘယ်သူကမှ မသတ်ပါဘူးဟာ၊ စဉ်းစဉ်းစားစားလဲ ပြော ဦးမှပေါ့၊ ကိုကိုလဲ အိမ်မှာ မနေတော့ဘဲ အလုပ် ထွက်လုပ်မလို့ စိတ်ကူးထား တယ်၊ ပထမတော့ မြင်းမွေးတဲ့ ခြံတစ်ခြံမှာ သွားပြီး အလုပ် လုပ်ရဦးမှာပဲ၊ ကိုကို့ သူငယ်ချင်း တစ်ယောက်ရဲ့ အဘိုးက ကိုလိုရာဒိုမှာ မြင်းခြံ တစ်ခြံ ရှိတယ်၊ အဲဒီမှာ သွားပြီး အလုပ်လုပ်မယ် စိတ်ကူးထားတာပဲ၊ ကိုကို ရောက် ရင်လဲ ညီမလေးနှင့် အဆက်အသွယ် ပြတ်မှာ မဟုတ်ပါဘူး၊ ကဲပါ ခေါင်း အုံးကြီးကို မျက်နှာပေါ်မှာ အုပ်မထားစမ်းပါနှင့်၊ ကဲ ညီမလေးက လိမ္မာသား နှင့်'

ဖီဘီက မျက်နှာကို ခေါင်းအုံးကြီးနှင့် အုပ်မြဲ အုပ်ထားတယ်။ ကျွန်တော် က အတင်း ဆွဲဖြုတ်ပေမယ့် မရဘူးဗျ။ တော်တော် သန်တယ်။ နောက်ဆုံး တော့ ကျွန်တော်ကပဲ အလျှော့ပေးရတာပဲ ကိုယ့်လူရေ။ ညီမလေး ဖီဘီဟာ သူ့မျက်နှာကို ခေါင်းအုံးနှင့် အုပ်ထားချင်ပြီဆိုရင် အတင်း အုပ်တော့တာပဲ။ ဘယ်လို လုပ်လို့မှ မရဘူး။

'ကဲပါ ညီမလေးရယ်၊ ကိုကို သေသေချာချာ ပြောပါ့မယ်၊ လာပါ၊ အပြင်ကို သွားရအောင်'

ဒါပေမယ့် မရဘူး။ ဒီကောင်မလေးကို သဘောပေါက်အောင် ပြောဖို့ မလွယ်ဘူး။ နောက်ဆုံးတော့ ကျွန်တော်လဲ ဧည့်ခန်းထဲ ထွက်လာပြီး စီးကရက် သေတ္တာထဲက စီးကရက် တစ်လိပ်ကို ယူသောက်နေလိုက်တယ်။ တချို့ကိုလဲ ကျွန်တော့်အိတ်ထဲကို ထည့်လိုက်တယ်။

## ၂၂

ကျွန်တော် ပြန်ဝင်လာသည်အထိ သူ့မျက်နှာကို ခေါင်းအုံးကြီးနှင့် အုပ်ထားဦးမှာပဲ၊ အဲဒါ သေချာတယ်။ ကျွန်တော် အနားမှာ ရှိမရှိလဲ သူ ကြည့်မှာမဟုတ်ဘူး။ ကျွန်တော်က ခုတင်နား ပြန်လာပြီး သူ့ဘေး ဝင်ထိုင်လိုက်တော့ ဖီဘီဟာ မျက်နှာကို တစ်ဖက်ကို လှည့်ထားလိုက်တယ်။ ကျွန်တော့်ကို မခေါ်ချင်ဘူး ဆိုတဲ့ သဘောပေါ့လေ။ မြေအောက် ရထားပေါ်မှာ အားကစားပစ္စည်းတွေ မေ့ကျန်ခဲ့လို့ ကျွန်တော့်ကို ပင်ဆေကျောင်းက လှံပစ်အဖွဲ့တစ်ဖွဲ့လုံးက ဝိုင်းပြီး သပိတ်မှောက်ကြသလိုပေါ့။

'ဟေဇယ် ဝဲသားဖီးက အသက် ဘယ်လောက် ရှိပြီလဲ ဟင်၊ ညီမလေး စာထဲမှာ သူ့အကြောင်း ထည့်ရေးလိုက်တယ် မဟုတ်လား၊ အဲဒီ စာတောင် ကိုကို့ သားရေ လက်ဆွဲအိတ်ထဲမှာ ပါလာသေးတယ် ထင်တယ်၊ လက်ဆွဲအိတ်ကတော့ ဘူတာရုံမှာ ထားပစ်ခဲ့တယ်'

'ကိုကို့ကို ဖေဖေက သတ်မှာ'

ကိုယ့်လူရေ ဒီကောင်မလေးဟာ တစ်ခုခုကို စွဲမိပြီဆိုရင် အဲဒီ တစ်ခုခုကိုပဲ စွဲနေတော့တာပဲဗျ။

'သတ်တော့ မသတ်ပါဘူး၊ အလွန်ဆုံး လုပ်ရင် ဆူပူ ကြိမ်းမောင်းပြီး စစ်ကျောင်းကို ပို့လိုက်ရုံပေါ့၊ သူ ဒါပဲ လုပ်မှာပါ၊ ကိုကိုကလဲ ဒီမှာ မနေပါဘူး၊ လစ်မှာပါ၊ ကိုလိုရာဒိုက မြင်းခြံမှာ သွားပြီး အလုပ်လုပ်မှာပါ'

'ဟင်း ရယ်စရာ ကောင်းလိုက်တာ၊ ကိုကိုက မြင်းကျောကုန်းပေါ်ကိုများ တက်နိုင်လို့လား'

'ဘာဖြစ်လို့ မတက်နိုင်ရမှာလဲ၊ တက်နိုင်တာပေါ့၊ မြင်းစီးတာများ

ဘာ ခက်တာလိုက်လို့၊ နှစ်မိနစ်လောက် သင်လိုက်ရင် ရတာပဲ ဉစ္စာ၊ တော်စမ်း ပါကွာ၊ ပလာစတာကြီးကို ခွာမနေစမ်းပါနှင့်'

သူ့လက်မောင်းက ပလာစတာကို ခွာနေတာနှင့် ကျွန်တော်က ပြောလိုက်တယ်။

'ဆံပင်ကကော ဘယ်မှာ ညှပ်လာတာလဲ'

ကျွန်တော် သူ့ဆံပင်ကို ကြည့်လိုက်တယ်။ ဆံပင်က သိပ်တိုလွန်းနေတယ်လေ။

'ဘယ်ဆိုင်က ညှပ်ညှပ် ကိုကို့အပူ မဟုတ်ပါဘူး'

ဒီကောင်မလေးဟာ ဂျစ်တစ်တစ်လေးရယ်ဗျ။

'ခုလဲ ဘာသာတိုင်းမှာ ကျလာပါပြီ၊ ညီမလေး သိပါတယ်'

ဩော် ပြောရင်း ဆိုရင်း ဒီကောင်မလေးဟာ တော်တော် ခက်နေပါကလား။ လူကသာ ကလေး ရှိသေးတယ်၊ လေသံက တကယ့် ကျောင်းဆရာမကြီးရဲ့လေသံမျိုး။

'ဘာသာတိုင်း မကျပါဘူး၊ အင်္ဂလိပ်စာမှာ အောင်ပါတယ်' လို့ ပြောပြီး ကျွန်တော် စိတ်တိုလာတာနှင့် သူ့ကို လိမ်ဆွဲလိုက်တယ်။

'ဒါဖြင့် ကိုကို ဘာဖြစ်လို့ ကျောင်းက စောပြီး ပြန်လာတာလဲ'

ဘာဖြစ်လို့ ကျွန်တော် သုညချည်း ရသလဲလို့ မေးနေတယ်။ သူ ဒီလို မေးတော့ ကျွန်တော် စိတ်ညစ်တယ်ဗျာ။

'ညီမလေး ကိုကို့ကို ဒါတွေ မမေးနှင့်ကွာ၊ ကိုကို မကြိုက်ဘူး၊ ဘာဖြစ်လို့ သုညချည်း ရသလဲ ဆိုတာကတော့ အကြောင်းတွေ အများကြီးပဲ၊ အကြောင်း ပေါင်း တစ်သန်းလောက် ရှိတယ်၊ ပင်ဆေကျောင်းက အညံ့ဆုံး ကျောင်း၊ ကိုကို နေခဲ့သမျှ ကျောင်းတွေထဲမှာ ဒီကျောင်းလောက် ညံ့တာ တစ်ကျောင်းမှ မတွေ့ဖူးသေးဘူး၊ ကျောင်းသားတွေကလဲ ဟန်ချည်းပဲ၊ ပြီးတော့ စရိုက်လဲ မကောင်းဘူး၊ ဒီလောက် စရိုက်ညံ့တဲ့ ကောင်တွေကို တစ်ခါမှ မတွေ့ဖူးဘူး၊ တစ်ယောက်ယောက် အခန်းမှာ စုပြီး အရက်ဝိုင်းတို့ ဘာတို့ ဖွဲ့ရင် ဆေးသမားတို့ ဝက်ခြံထူတဲ့ ကောင်တို့ မလာရဘူး ဆိုပြီး တံခါးတို့ ဘာတို့ ဖွင့်မပေးဘူး၊ သူတို့ အခန်းထဲကို ဝင်မယ်ဆိုရင် အခန်းတံခါးကို အတွင်းက သော့ခတ်ထားတယ်၊ သူတို့က သူတို့ဘာသာ ကျိတ်ဝိုင်းလေးတွေ လုပ်တယ်၊ ကိုကိုကျတော့ မလာရဘူးတဲ့၊ ကိုကို့ သူငယ်ချင်း ဝက်ခြံထူထူနှင့် အက်ကလေ ဆိုတဲ့ကောင် ရှိတယ်၊ အဲဒီကောင်ဆိုရင် သူတို့ ဝိုင်းထဲကို ဝင်ချင်တယ်၊ ဒါပေမယ့် ဝင်ခွင့်

မပေးဘူး၊ အကြောင်းက ဒီကောင်က စကားများလို့တဲ့၊ ဝက်ခြံ ထူလို့တဲ့၊ ကိုယ့်ကျောင်း အကြောင်း မကောင်းပြောရတာ မကောင်းပါဘူးကွာ၊ အလကား ကျောင်းပါ'

ကျွန်တော်က ကျွန်တော်တို့ ပင်ဆေကျောင်း မကောင်းကြောင်း ပြောပြတယ်။ ကျောင်း မကောင်းကြောင်း ပြောရရင် ကျွန်တော် အာသွက်နေတယ်လေ။

'ကိုကိုတို့ကျောင်းမှာ တော်တဲ့ ကျောင်းဆရာ နှစ်ယောက် ရှိတယ်၊ ဒါပေမယ့် အဲဒီ ကျောင်းဆရာတွေကလဲ သိပ် ဂိုက်များတာပဲ၊ ဆရာ စပင်ဆာ ဆိုတဲ့ ဆရာ တစ်ယောက် ရှိတယ်၊ သူ့ မိန်းမကတော့ ကိုကိုတို့ ကျောင်းသားတွေ သွားရင် ချောကလက်တို့ ဘာတို့ ဖျော်တိုက်ပါတယ်၊ သဘောကောင်းတာ ဆိုလို့ သူတို့ လင်မယားလောက်ပဲ ရှိတာ၊ ဒါပေမယ့် သမိုင်းသင်တဲ့ အခန်းထဲကို ကျောင်းအုပ်ကြီး ရောက်လာပြီဆိုရင် မင်း မြင်စေချင်တယ်ကွာ၊ ဆရာကြီးက စာသင်ခန်းနောက်ကို အသာ ဝင်လာပြီး သူ သင်တာတွေကို အကြာကြီး နားထောင်နေတော့တာပဲ၊ တော်တော်နှင့် မပြန်ဘူး၊ လာပြီး ထိုင်နေရုံတင်ဆိုရင် တော်သေးတယ်၊ ဆရာကြီးက အသာလေး မနေဘူး၊ စာသင်နေတဲ့ နေရာကို ဝင်လာပြီး ဆရာ စပင်ဆာ သင်တဲ့ သင်ခန်းစာတွေထဲမှာ ရယ်စရာတွေ များလွန်းတယ်၊ ပြက်လုံးတွေကို မပြောပါနှင့်လို့ ပေါ်တင်ကြီး ဆူတော့တာပဲ၊ အဲဒီအခါကျတော့ ဆရာစပင်စာကလဲ တစ်လုံးမှ ပြန်မပြောရဲဘူးကွ၊ သွားဖြဲလေးနှင့် ရပ်နေတာပဲ၊ ဆရာကြီးက သူ့ကိုယ်သူ မင်းသား ကျနေတာပဲ၊ သောက်အလကားပါကွာ'

'ကိုကိုကလဲ စကားပြောရင် ကောင်းကောင်းပြောပါ၊ ဆဲတဲ့ စကားတွေ မပြောပါနှင့်'

'အဲဒီ ကျောင်းမျိုး သွားနေရရင် မင်းလဲ စိတ်ပျက်မှာပဲ၊ ပြီးတော့ ကျောင်းသားဟောင်းများနေ့ ဆိုတာလဲ ရှိသေးတယ်၊ အဲဒီနေ့ကျရင် ဟိုတုန်းက ပင်ဆေ ကျောင်းသားဟောင်းကြီးတွေ ရောက်လာပြီး သူတို့ သားမယားတွေ သားသမီးတွေ မြေးတွေနှင့် လာတက်ကြည့်တယ်၊ ကျောင်းဝင်း တစ်ဝင်းလုံး သူတို့ချည်းပဲ၊ ကျောင်းသားဟောင်းကြီး တစ်ယောက် ရှိသေးတယ်၊ အသက် ငါးဆယ်လောက် ရှိပြီ၊ တစ်ခါကျတော့ ကိုကိုတို့ အခန်းကို လာတံခါးခေါက်ပြီး အိမ်သာ တက်ပါရစေလို့ ခွင့်တောင်းတယ်ကွ၊ အိမ်သာက ကော်ရစ်ဒါ အဆုံးမှာ ရှိသားပဲ၊ ဘာ ခွင့်တောင်းစရာ လိုသလဲ၊ ဘာဖြစ်လို့ လာခွင့်တောင်းမှန်း

http://nyisay.com



စဉ်းစားလို့ မရဘူး၊ သူက ဘာပြောတယ် ထင်သလဲ၊ အိမ်သာနံရံမှာ သူ့နာမည် ထိုးထားတာ ရှိတယ်တဲ့၊ အဲဒီ နာမည် ထိုးထားတာလေး ရှိသေးသလားလို့ ကြည့်ချင်လို့တဲ့၊ ဒါနှင့် ကိုကိုနှင့် သူငယ်ချင်း တစ်ယောက်က အိမ်သာကို လိုက်ပို့ရပြီး အိမ်သာ တံခါးတွေကို သူကြည့်ပြီး သူ့နာမည် လိုက်ရှာနေတာကို ထိုင်စောင့်နေရတာပေါ့ကွ၊ ကြည့်စမ်းပါဦးကွာ၊ ဒီ အိမ်သာ တံခါးတွေပေါ်မှာ သူ့နာမည် ထိုးထားခဲ့တာ အနှစ် ကိုးဆယ် တစ်ရာလောက် ရှိတော့မယ်၊ ခုမှ ဒါတွေ ရှိသေးသလားလို့ ကြည့်ချင်လို့တဲ့၊ ပြီးတော့ အဘိုးကြီးက သူ့နာမည်ကို လျှောက်ရှာတာ အေးအေး ရှာတာ မဟုတ်ဘူး၊ သူတို့ခေတ်တုန်းက ကျောင်းမှာ ဘယ်လို နေရထိုင်ရတဲ့ အကြောင်း၊ ကျောင်းသား ဘဝဟာ အပျော်ဆုံး ဖြစ်တဲ့ အကြောင်း၊ ကိုကိုတို့လဲ ရှေ့အနာဂတ် အတွက် ကြိုးစားသင့်ကြောင်း၊ ဘာ ကြောင်း ညာကြောင်းနှင့် ရှီးနေလိုက်တာကွာ၊ တော်တော်နှင့် မဆုံးနိုင်တော့ဘူး၊ ကိုကိုဖြင့် စိတ်ညစ်လိုက်တာ၊ အဘိုးကြီးက ဆိုးတော့ မဆိုးပါဘူး၊ မဆိုးပေမယ့် အလိုက် မသိ တစ်ဖက်သားကို လျှောက် လက်ချာတွေ ပေးနေတော့ စိတ်ညစ်တာ ပေါ့ကွ၊ ဆိုးတဲ့လူမှ တစ်ဖက်သားကို စိတ်ဆင်းရဲအောင် လုပ်နိုင်တာ မဟုတ်ဘူး၊ ကောင်းတဲ့ လူတွေလဲ တစ်ဖက်သားကို စိတ် ဆင်းရဲအောင် လုပ်နိုင်တာပဲ၊ ညီမလေး စဉ်းစားကြည့်လေ၊ သူ့ဘာသာသူ အိမ်သာတံခါးတွေပေါ်မှာ ထွင်း ထားတဲ့ နာမည်ကို ရှာချင် ရှာပါလား၊ ခုတော့ လိုက်ပြတဲ့ သူကိုမှ အားမနာ အကြာကြီး ရှီးနေတော့ စိတ်ညစ်တာပေါ့၊ ဒီအထဲမှာ သူက အေးအေး ဆေးဆေး နှင့် ပြောရင် တော်သေးတာပေါ့၊ သူ့မှာဖြင့် အမြင့်ကြီးကို တက်လာရလို့ ဟောဟဲ လိုက်နေပြီ၊ အသက်ကိုတောင် မှန်မှန် မရှူနိုင်တော့ဘူး၊ ဒီကြားထဲက နေပြီး ရှီးနေတော့ ပိုစိတ်ညစ်တာပေါ့ကွ၊ ဒီအထဲမှာ သူ့နှာခေါင်းကလဲ အသက်ရှူရလို့ ပွစိပွစိ ဖြစ်နေသေးတယ်၊ ကိုကိုဖြင့် သောက်ပင်ဆေကျောင်းကို တစ်ခါတည်း စိတ်ပျက်သွားတာပဲ၊ ဒါ ကိုကိုတို့ကို ကျောင်းမနေချင်အောင် လုပ်နေတာကွ၊ ကိုကို မပြောတတ်ဘူးကွာ၊ သောက်ပင်ဆေကျောင်းမှာ နေရ ထိုင်ရတာတွေကို ကိုကို စိတ်ညစ်တယ်၊ ကိုကို မပြောတတ်ဘူး'

ညီမလေးက ဘာပြောလိုက်မှန်း မသိဘူး။ တစ်ခုခုတော့ ပြောလိုက် တယ်။ ဒါပေမယ့် ကျွန်တော် သဲသဲကွဲကွဲ မကြားလိုက်ဘူး။ သူက ခေါင်းအုံး ပေါ်မှာ မျက်နှာကို တစောင်းအပ်ထားရင်း ပြောလိုက်တော့ ဗလုံးဗထွေး ဖြစ် နေတာပေါ့။ ဘယ်ကြားပါ့မလဲ။

'ခေါင်းအုံးကြီး ဖယ်ပြီး သေသေချာချာ ပြောစမ်းပါကွာ၊ ကိုကို ဘာမှ

http://nyisay.com



မကြားရဘူး'

'ဒါဖြင့် ကိုကိုက ပင်ဆေကျောင်းကို မကြိုက်ဘူး ဆိုပါတော့'

သူ ဒီလို ပြောလိုက်တော့ ကျွန်တော်က ပိုပြီး စိတ်ညစ်သွားတယ်။

'ဟုတ်တယ်၊ မကြိုက်ဘူး၊ နည်းနည်းလေးမှ မကြိုက်ဘူး၊ အဲဒီ အကြောင်းတွေ မမေးနှင့်၊ ဘာဖြစ်လို့ လျှောက်မေးနေရတာလဲ'

'ဟုတ်ပါတယ်၊ ကိုကိုကတော့ ဘယ်ကျောင်းကိုမှ ကြိုက်မှာ မဟုတ်ပါဘူး၊ လောကကြီး တစ်ခုလုံးမှာ ကိုကို မကြိုက်တာတွေချည်းပဲ မဟုတ်လား'

'ဟေ ကိုကို ကြိုက်တာ ရှိတယ်ကွ၊ အရမ်း အရမ်းတွေ ပြောမနေနှင့်၊ ကြိုက်တာ ရှိတယ်'

ကိုယ့်လူရာ ဒီကောင်မလေးနှင့် စကားပြောရတာ သိပ်စိတ်ကုန်စရာ ကောင်းတာပဲ။

'ကိုကို မကြိုက်ပါဘူး၊ ကြိုက်တာရှိရင် တစ်ခုပြောလေ'

'ဘာ တစ်ခု ပြော ဟုတ်လား၊ ကိုကိုကြိုက်တာ တစ်ခု ဟုတ်လား၊ ကောင်းပြီ ကိုကို ပြောမယ်'

ဒါပေမယ့် ခက်တာက ဘာကို ပြောရမှန်း မသိဘူး။ တစ်ခါတလေမှာ မွန်ထူနေတော့ ကိုယ်ကြိုက်တာ ဘာလဲ ဆိုတာတောင် မေ့တေ့တေ့ ဖြစ်နေတတ်တယ်။

'ဘာလဲ ကိုကို ကြိုက်တာ ပြောရမယ် ဟုတ်လား'

သူက ဘာမှ ပြန်မပြောဘူး။ အိပ်ရာ အစွန်မှာ ခွေနေတော့ ကျွန်တော်နှင့် မိုင်ပေါင်း များစွာ ဝေးနေတယ်လို့ ထင်ရတယ်။

'ပြောလေ'

'ဘာပြောရမှာလဲ၊ ကိုကို ကြိုက်တာကို ပြောရမှာလား'

'ဟုတ်တယ်၊ ကြိုက်တာ တစ်ခုပြော'

'ကောင်းပြီ ပြောမယ်'

ဒါပေမယ့် ဘာမှ စဉ်းစားလို့ မရဘူးဗျာ။ ကျွန်တော့် ခေါင်းထဲ ပေါ်လာတာကတော့ ကြိမ်ခြင်းတောင်းလေး လက်ဆွဲပြီး အလှူခံနေတဲ့ သီလရှင် နှစ်ပါး။ အထူးသဖြင့် သံမဏိကိုင်း မျက်မှန်ကလေး တပ်ထားတဲ့ သီလရှင်ရယ်။ ပြီးတော့ အက်တန်ကျောင်းတုန်းက ကျွန်တော်နှင့် တစ်တန်းတည်းနေခဲ့တဲ့ ဂျိမ်းကာဆယ် ဆိုတဲ့ ကောင်ရယ်။ သူတို့ နှစ်ယောက်ပဲ ခေါင်းထဲ ပေါ်လာတယ်။ အက်တန်ကျောင်းမှာနေတုန်းက ဂျိမ်းကာဆယ် ဆိုတဲ့ ကျွန်တော့် အတန်းသား တစ်

ယောက် ရှိတယ်။ ဒီကောင်ဟာ ကိုယ်ပြောတဲ့ စကားကို ဘယ်တော့မှ ပြန်မရုပ်သိမ်းဘူး။ အဲဒါ ကျွန်တော် သိပ်သဘောကျတယ်။ တစ်ခါတော့ ကာဆယ်က စတေဘိုင်း ဆိုတဲ့ ကောင်ဟာ ဘဝင်မြင့်တယ်လို့ ပြောမိတယ်။ အဲဒါကို စတေဘိုင်းရဲ့ အောက်တန်းစား အပေါင်းအသင်းတွေက ကြားသွားပြီး သွားပြောတယ်။ အဲဒီတင် စတေဘိုင်းနှင့် သူ့ ကြမ်းပိုးတေလေ အပေါင်းအသင်း ခြောက်ယောက်လောက် ကာဆယ့် အခန်းထဲကို ဝင်သွားပြီး အခန်းတံခါးကို သော့ ပိတ်၊ မင်း ပြောတဲ့ စကားကို ပြန်ရုပ်သိမ်းလို့ အတင်း ပြောကြတယ်။ ကာဆယ်က သူပြောတဲ့ စကားကို မရုပ်သိမ်းဘူး။ ဒီတင် ကာဆယ်ကို ဒီကောင်တွေက အုပ်နှင့် ဝိုင်းထိုးကြတယ်။ ဒီကောင်တွေ မတရားလုပ်ပုံတော့ လွန်တယ်ဗျာ။ ပြောရမှာတောင် ကျွန်တော်ဖြင့် စက်ဆုပ်တယ်။ ဒါပေမယ့် ကာဆယ်ဆိုတဲ့ ကောင်ဟာ တော်တော် သတ္တိကောင်းတဲ့ ကောင်။ သူပြောတာကို နည်းနည်းလေးမှ မတောင်းပန်ဘူး။ တကယ်ကတော့ ကာဆယ်ဟာ ပိန်ပိန်လေးရယ်။ လက်မောင်းက ခဲတံလုံး လောက်ပဲ ရှိတယ်။ ဒီကောင်တွေ ဝိုင်းထိုးတာကို မခံနိုင်တော့ သူပြောတဲ့ စကားကိုတော့ မရုပ်သိမ်းဘူး၊ ပြတင်းပေါက်ကနေ ခုန်ချတယ်။ အဲဒီတုန်းက ကျွန်တော်က ရေချိုးခန်းထဲမှာ ရေချိုးနေတယ်။ ပြတင်းပေါက် အပြင်ဘက်မှာ ဘုတ်ဆိုတဲ့ ကျသံကြီး ကြားလိုက်ရလို့ ကျွန်တော်က ရေဒီယိုတို့ စားပွဲတို့များ ကျလာသလားလို့ ထင်လိုက်မိသေးတယ်။ ဒီလောက် အမြင့်ကြီးက ခုန်ချလိမ့်မယ်လို့ ဘယ်သူ ထင်မလဲဗျ။ ဒီတင် စတေဘိုင်းရဲ့ ကောင်တွေက ကော်ရစ် ဒါအတိုင်း ပြေးလာကြပြီး အောက်ထပ်ကို ဆင်းသွားကြတယ်။ ကျွန်တော်လဲ မျက်နှာသုတ်ပဝါကို ခါးပတ်ပြီး ရေချိုးခန်းထဲကနေ အောက်ထပ်ကို ပြေးဆင်းလာခဲ့တယ်။ ကာဆယ်က အောက်က ကျောက်တုံး လှေကားရင်းမှာ ခွေခွေလေး လဲနေတယ်။ အသက် မရှိတော့ဘူးလေ။ သွားတွေလဲ ကျွတ်ထွက်လို့။ သွေးတွေကလဲ မြင်မကောင်းဘူးဗျာ။ ဘယ်သူမှ သူ့အနားမကပ်ရဲကြဘူး။ သူက လည်ကျပ်ဆွယ်တာလေးကို ဝတ်လို့။ ကျွန်တော် ငှားထားတဲ့ ဆွယ်တာလေး။ ဒီကောင်တွေကို ကျောင်းက ထုတ်ပစ်လိုက်တာပဲ ရှိတယ်။ ထောင်ထဲတို့ ဘာတို့ မပို့ကြဘူး။

ကျွန်တော် စဉ်းစားရင်း ကာဆယ်ကို အမှတ်ရလာတယ်။ ကြိမ်ခြင်းလေးနှင့် အလှူခံနေတဲ့ သီလရှင်လေး နှစ်ပါးနှင့် အက်တန်ကျောင်းတုန်းက တွေ့ခဲ့တဲ့ ကာဆယ်ကို အမှတ် ရလာတယ်။ အမှန်ကတော့ ကာဆယ်ကို ကျွန်တော် ကောင်းကောင်း သိတာ မဟုတ်ဘူး။ ဒီကောင်က စကားလဲ နည်းတယ်။

http://nyisay.com



သင်္ချိုင်းမှာ ကျွန်တော်နှင့် တစ်ခန်းတည်း ကျတယ်။ ဒါပေမယ့် တစ်ယောက်နှင့် တစ်ယောက် အဝေးကြီးပါ။ အတန်းထဲမှာ ထပြီး လက်ညှိုး ထောင်တာတို့ သင်ပုန်းကြီးနား သွားပြီး ထွက်ပြတာတို့ကို တစ်ခါမှ လုပ်တာ မမြင်ဖူးဘူး။ သူနှင့်လဲ ကျွန်တော် တစ်ခါပဲ စကားပြောဖူးတယ်။ အဲဒါကလဲ ကျွန်တော့်မှာ ရှိတဲ့ လည်ကျပ် ဆွယ်တာကလေးကို သူ လာငှားတုန်းက ပြောဖူးတာ။ ကျွန်တော့် ဆီ ဆွယ်တာ လာငှားတော့ ကျွန်တော် အံ့အားသင့်သွားတယ်ဗျာ။ အဲဒီတုန်းက ကျွန်တော်က ရေချိုးခန်းနားမှာ သွားတိုက်နေတယ်။ သူ့အစ်ကို ဝမ်းကွဲ တစ်ယောက်နှင့် မြို့ထဲသွားမှာမို့ ကျွန်တော့် လည်ကျပ် ဆွယ်တာကို ငှားပါတဲ့။ ကျွန်တော့်မှာ ဒီ ဆွယ်တာလေး ရှိတာ သူ ဘယ်နှယ်လုပ်များ သိနေသလဲ မဆိုနိုင်ဘူး။ ကျွန်တော် သိတာကတော့ အတန်းထဲမှာ နာမည်စာရင်း ခေါ်ရင် သူ့နာမည်က ကျွန်တော့် နာမည်ရှေ့ ရောက်နေတာပဲ သိတာ။ ကေဗယ်၊ ကာဆယ်၊ ကောဖီး ဆိုပြီး အက္ခရာစဉ် အလိုက် ခေါ်တာကိုး။ အမှန်ပြောရရင် တော့ သူနှင့် ကျွန်တော်မှ မသိတာ။ ဆွယ်တာကို မငှားဘဲ နေလိုက်ဦးမလို့ပဲ။

ညီမလေးက ဘာတွေ ပြောနေမှန်း မသိဘူး ပြောနေတယ်။ ကျွန်တော် မကြားဘူး။

'ဘာရယ်'

'ကိုကိုကြိုက်တာ တစ်ခုတောင် တွေးလို့ မရတော့ဘူး မဟုတ်လား'

'ရပါတယ်'

'ဒါဖြင့် ကိုကို ကြိုက်တာ တစ်ခုကို ပြောလေ'

'ညီလေး အယ်လီကို ကြိုက်တယ်၊ ပြီးတော့ ခု ကိုကို လုပ်နေသလို လုပ်နေတာမျိုးကို ကြိုက်တယ်၊ ခုလို ညီမလေးနှင့် ထိုင်ပြီး စကားပြောရတာ မျိုးပေါ့ဟာ'

'အယ်လီက ရှိမှ မရှိတော့တာ၊ ကိုကိုက ဒါကိုချည်း ပြောနေတာ၊ မရှိတော့တာကို သွားပြော နေလို့တော့.....'

'ဟုတ်ပါတယ်လေ၊ မရှိတော့ မရှိဘူးပေါ့၊ ငါ သိပါတယ်၊ ဒါပေမယ့် ငါ ခုထိ ညီလေးကို သဘောကျတုန်းပဲ၊ မရှိတော့ကော သဘောမကျရဘူးလား၊ လူတစ်ယောက် သေသွားတာနှင့် သူ့ကို ဆက်ပြီး သဘောမကျရဘူးတဲ့လား၊ ငါဖြင့် နင် ပြောမှပဲ ကြားဖူးတော့တယ်၊ အထူးသဖြင့် သေသွားတဲ့ လူက ခု ရှင်နေတဲ့ လူတွေထက် အများကြီး ကောင်းနေရင် သူ့ကိုပဲ သဘောကျမှာပေါ့'

ညီမလေး ဖီဘီဟာ ဘာမှ ဆက်မပြောတော့ဘူး။ သူ့မှာ နောက်ထပ်

ဘာမှ စဉ်းစားစရာ မရှိတော့ရင် ညီမလေးဟာ ဒီလိုပဲဗျ၊ ဘာမှ ဆက်မပြောတော့ဘူး။

'ပြီးတော့ ခုလို နေရတာကို သဘောကျတယ်၊ ညီမလေးနှင့် ထိုင်ပြီး စကားပြော နေရတာမျိုး ဆိုပါတော့၊ ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောရတာ မျိုးပေါ့ဟာ'

'အို ဒါက တကယ့်ဟာမှ မဟုတ်တာ၊ အလကားဟာတွေ'

'ဒါလဲ တကယ့်ဟာပေါ့ဟ၊ ဘာဖြစ်လို့ အလကားဟာရမှာလဲ၊ လူတွေကကော ဘယ်ဟာကိုများ တကယ့်ဟာလို့ ထင်ကြလို့လဲ၊ ဘယ်ဟာကိုမှ တကယ့်ဟာလို့ ထင်ကြတာ မဟုတ်ပါဘူး၊ ငါကလဲ အဲဒီလို ထင်တာမျိုး ဆိုရင် သိပ် သောက်မြင်ကတ်တယ်'

'တော်စမ်းပါ၊ စကား ပြောရင် ဆဲတဲ့ စကားကလဲ ပါလိုက်ရတာ၊ ကောင်းပြီ၊ ဒါဖြင့် နောက်တစ်ခု ပြောဦး၊ ကိုကို ဖြစ်ချင်တာ တစ်ခုပေါ့၊ ကိုကို ဘာဖြစ်ချင်သလဲ၊ သိပ္ပံပညာရှင်ကြီးလား၊ ဝတ်လုံကြီးလား'

'ငါက သိပ္ပံပညာရှင် ဘယ်တော့မှ ဖြစ်မှာ မဟုတ်ဘူး၊ ငါက သိပ္ပံမှ မတော်တာ'

'ဒါဖြင့် ဖေဖေ့လို ဝတ်လုံကြီးတို့ ဘာတို့ကော'

'ဝတ်လုံကတော့ မဆိုးပါဘူး၊ ဒါပေမယ့် ဝတ်လုံကိုလဲ ငါ ဝါသနာမပါဘူး၊ အပြစ်မရှိတဲ့ လူတွေကို ကာကွယ်ပေးတာမျိုးကတော့ ကောင်းပါတယ်၊ ဒါပေမယ့် အမြဲတမ်း ဝတ်လုံဆိုတာ ဒီလို လုပ်နေရတာမှ မဟုတ်တာ၊ ဝတ်လုံ ဖြစ်လာရင် ဘာလုပ်မလဲ၊ ပိုက်ဆံ ရှာမယ်၊ ဂေါက်သီး ရိုက်မယ်၊ ဗရစ် ကစားမယ်၊ ကား စီးမယ်၊ မာတီနီ သောက်မယ်၊ ဟော့ရှော့ဂိုက် ဖမ်းမယ်၊ ပြီးတော့ အပြစ် မရှိတဲ့ လူတွေကို ကာကွယ်ပေးတယ်ပဲ ထားပါဦး၊ ဒီလို ကာကွယ်ပေးတာဟာ သူတို့ကို စေတနာ ရှိလို့လား၊ ဒါမှမဟုတ် နာမည်ကြီး ချင်လို့လား၊ တရားရုံးက ဆင်းလာတာနှင့် တစ်ပြိုင်နက် လူတွေက ဝိုင်းဝန်း သြဘာပေးတာ ခံချင်လို့လား၊ ဒါမှ မဟုတ်ရင် သောက်မြင်ကတ်စရာ ရုပ်ရှင်တွေထဲကလို တရားရုံးက ဆင်းတာနှင့် တစ်ပြိုင်နက် သတင်းထောက်တွေ ဝိုင်းဝိုင်း လည်နေတာကို ခံချင်လို့လား၊ ဒါတွေကြောင့် ဝတ်လုံ ဖြစ်ချင်တာ မဟုတ်ဘူးလို့ ဘယ်သူ ပြောနိုင်သလဲ၊ ဘယ်သူမှ မပြောနိုင်ဘူး၊ ဟိတ်ထုတ် ချင်လို့ လုပ်နေကြတာ မဟုတ်ဘူးလို့ ဘယ်သူ ပြောနိုင်သလဲ၊ ဘယ်သူမှ မပြောနိုင်ဘူး'

http://nyisay.com



ကျွန်တော် ပြောတာတွေကို ညီမလေး နားလည်သလား မလည်သလား တော့ မသိဘူး။ သူက ကလေးလေးပဲ ရှိသေးတယ် မဟုတ်လား။ နားတော့ ထောင်နေတာပဲ။ ဘာပဲဖြစ်ဖြစ် နားထောင်နေတယ် ဆိုရင် မဆိုးဘူးပေါ့။

'ဖေဖေကတော့ ကိုကို့ကို သတ်မှာ' လို့ သူက ပြောနေတယ်။

ဒါပေမယ့် ကျွန်တော်ကတော့ သူ့စကားတွေကို မကြားတော့ဘူးလေ။ ကျွန်တော် တွေးနေတာက တခြား အကြောင်းကို တွေးနေတာ။

'ကိုကို ဘာဖြစ်ချင်နေသလဲ သိရဲ့လား၊ တကယ်လို့ ကိုကို့မှာ သောက် ကမြင်းကြော ထပြီး ရွေးစရာ ရှိရင်ပေါ့လေ'

'ဆဲတဲ့ စကားတွေ မသုံးပါနဲ့လို့ ပြောနေ'

'ဟိုသီချင်းလေးကို ညီမလေး ရတယ် မဟုတ်လား၊ ဂျုံခင်းထဲကို ဖြတ်လာသူ တစ်ယောက်ကို ဖမ်းမိရင် ဆိုတဲ့ သီချင်းလေးလေ'

'ဂျုံခင်းထဲကို ဖြတ်လာတဲ့ လူတစ်ယောက်ကို ဖမ်းမိရင် မဟုတ်ပါဘူး ကိုကိုရာ၊ ဂျုံခင်းထဲကို ဖြတ်လာတဲ့ လူတစ်ယောက်ကို တွေ့ရင်ပါ၊ သီချင်းလဲ မဟုတ်ပါဘူး၊ ရောဘတ် ဘန်းရဲ့ ကဗျာပါ'

'ဟုတ်ပါတယ်၊ ကဗျာမှန်း ငါ သိပါတယ်'

အမှန်ကတော့ သူ ပြောတာ ဟုတ်တယ်ဗျ။ ဂျုံခင်းထဲကို ဖြတ်လာသူ တစ်ယောက်ကို တွေ့ရင် တဲ့။ သူ ပြောမှပဲ ကျွန်တော်လဲ သိတော့တယ်။

'မသိပါဘူးလေ၊ ငါက ဂျုံခင်းထဲကို ဖြတ်လာတဲ့ လူတစ်ယောက်ကို ဖမ်းမိရင်လို့ပဲ သိထားတာ၊ ထားပါတော့လေ၊ အဲဒီ ကဗျာလေးကို ကိုကို ကြားရတော့ သိပ်ကျယ်တဲ့ ဂျုံခင်းကြီးထဲမှာ ကလေးတွေ ဆော့ကစား နေကြ တာကို ကိုကို မြင်လာတယ်၊ ကလေးတွေမှ အများကြီးပဲ၊ ရာထောင် ချီနေတာ ပေါ့ကွာ၊ အဲဒီ ဂျုံခင်းကြီးထဲမှာ လူကြီး ဆိုလို့ တစ်ယောက်မှ မရှိဘူးတဲ့၊ ကိုကို တစ်ယောက်တည်းပဲ ရှိသတဲ့၊ ကိုကိုက သိပ်မြင့်တဲ့ တောင်ကမ်းပါးယံကြီး အစွန်းမှာ ရပ်နေတယ်၊ ကိုကို့ တာဝန်က အဲဒီ တောင်ကမ်းပါးယံ အစွန်းနားကို လာတဲ့ ကလေးတွေကို သွားဖမ်းဖို့၊ မလာအောင် လုပ်ဖို့၊ ကလေး ဆိုတာ ဟိုလျှောက်ပြေး၊ ဒီလျှောက်ပြေး ပြေးတတ်တယ် မဟုတ်လား၊ အန္တရာယ်တို့ ဘာတို့ကို မသိဘူး မဟုတ်လား၊ ဒီတော့ ကိုကိုက သူတို့ကို လိုက်ဖမ်းရမှာပဲ၊ ဒီလိုနဲ့ ကိုကိုဟာ တောင်ကမ်းပါးယံ အစွန်းနား လာတဲ့ ကလေးတွေကို စောင့်ဖမ်းနေရတာပေါ့၊ ဒါကြောင့် ကိုကို ဘာဖြစ်ချင်သလဲလို့ မေးရင် အဲဒီ ဂျုံခင်းကြီးထဲမှာ ကလေးတွေကို ကမ်းပါးစွန်းနား မသွားအောင် လိုက်ဖမ်းတဲ့

လူပဲ ဖြစ်ချင်တယ်၊ ညီမလေးကတော့ ကိုကို ရူးနေတယ်လို့ ထင်မှာပဲ၊ ဒါပေမယ့် ကိုကို သိပါတယ်၊ ကိုကိုကတော့ အဲဒါမျိုးကိုပဲ လုပ်ချင်တယ်၊ ရူးတယ်လို့ ဆိုချင်လဲ ဆိုပေါ့ကွာ'

ညီမလေးဟာ တော်တော်ကြာကြာ စကား မပြောတော့ဘူး။ ပြောတဲ့ အခါကျတော့လဲ ဘာပြောတယ် ထင်သလဲ။

'ဖေဖေ သိရင် ကိုကို့ကို သတ်မှာ' တဲ့။

'သောက်ဂရုစိုက်လို့ သတ်သတ်ကွာ'

ဒီလို ပြောပြီး ခုတင်စွန်းက ထလိုက်တယ်။ အက်တန် ကျောင်းတုန်းက ကျွန်တော့် အင်္ဂလိပ်စာပြ ဆရာဖြစ်တဲ့ ဆရာ အန်တိုလီနီဆီကို ဖုန်းဆက်ဖို့ စိတ်ကူးရလာတယ်။ ဆရာက အက်တန် ကျောင်းက ထွက်ပြီး ခုတော့ နယူးရော့ ကောလိပ်မှာ လုပ်နေတယ်။

'ငါ ဖုန်းဆက်လိုက်ဦးမယ်၊ ခုချက်ချင်း ပြန်လာခဲ့မယ်၊ မအိပ်နှင့်ဦး'

ကျွန်တော် ဧည့်ခန်းထဲကို သွားနေတုန်း သူ အိပ်မပျော်စေချင်ဘူး။ အိပ်ဦးမှာတော့ မဟုတ်သေးပါဘူး။ ဒါပေမယ့် သေချာအောင် မှာပစ်ခဲ့တယ်။ တံခါးနား ရောက်တော့ ဖီဘီက 'ကိုကို' လို့ လှမ်းခေါ်လို့ ကျွန်တော် လှည့်ကြည့် လိုက်တယ်။ ဖီဘီဟာ အိပ်ရာထဲမှာ ထထိုင်နေတယ်။ ကျွန်တော့် ညီမလေးက ချစ်စရာလေး။

'ညီမလေးလေ ခု လေချဉ် တက်တတ်လာပြီ၊ လေချဉ်တက်တတ်အောင် ဖိလစ် ဆိုတဲ့ ကောင်မလေးက သင်ပေးတာ၊ နားထောင်'

ကျွန်တော်က နားထောင်တယ်။ လေချဉ် တက်သံလိုလို ဘာလိုလို အသံတော့ ကြားလိုက်ရသား။ ဒါပေမယ့် သိပ်အကျယ်ကြီး မဟုတ်ဘူး။ 'ကောင်း တာပေါ့' လို့ ကျွန်တော်က ပြောပြီး ဧည့်ခန်းထဲရောက်တော့ ဆရာ အန်တိုလီနီ ဆီကို တယ်လီဖုန်း ဆက်တယ်။

၂၃

တယ်လီဖုန်းကို ပြောနေတုန်း အဖေတို့ အမေတို့ ရောက်လာမလား ဆိုပြီး လန့်နေလို့ တယ်လီဖုန်းကိုတောင် ရဲရဲမပြောရဲဘူး။ ဒါပေမယ့် ရောက်မလာလို့ တော်သေးတာပေါ့။ ဆရာ အန်တိုလီနီကလဲ ကောင်းရှာပါတယ်။ သူ့ဆီကို လာချင်ရင် လာနိုင်တယ်တဲ့။ ဆရာတို့ လင်မယားဟာ အိပ်ပျော် နေကြပြီ ထင်တယ်။ တော်တော်ကြီးကြာမှ တယ်လီဖုန်းကို ကောက်ကိုင်တယ်။ ပထမဆုံး ကျွန်တော့်မှာ ဘာပြဿနာ ဖြစ်နေသလဲလို့ သူက မေးတယ်။ ကျွန်တော်က ဘာမှ မဖြစ်ပါဘူးလို့ ပြောလိုက်တယ်။ ကျွန်တော် စာမေးပွဲ ကျလာခဲ့ပြီလို့ ပြောလိုက်တော့ 'ဘုရားရေ' လို့ သူ အော်လိုက်တယ်။ ဆရာက ရယ်စရာ မောစရာလဲ ပြောတတ်တယ်လေ။ သူ့ဆီကို လာချင်ရင် လာနိုင်တယ်လို့လဲ ပြောတယ်။

ဆရာတွေထဲမှာ ဆရာ အန်တိုလီနီဟာ အတော်ဆုံးပဲလို့ ကျွန်တော် ထင်တယ်။ အသက်ကလဲ သိပ်မကြီးသေးဘူး။ ကျွန်တော့် အစ်ကို ဒီဘီလောက်ပဲ ရှိဦးမယ်။ လူကလဲ လူချော။ ဆရာနှင့် ဘယ်လောက်ပဲ ရင်းရင်းနှီးနှီး ပေါင်းပေါင်း ဆရာဟာ ခါတိုင်းလိုပဲ အကြည်ညို ပျက်စရာ ဆိုလို့ တစ်ကွက်မှ မရှိဘူး။ စောစောက ပြောခဲ့တဲ့ ပြတင်းပေါက်က ခုန်ချလို့ သေသွားတဲ့ ကာဆယ် ဆို တဲ့ ကောင်လေး ရှိတယ် မဟုတ်လား။ အဲဒီတုန်းက ဘယ်သူမှ အနား မကပ် ရဲကြဘူး။ ကာဆယ်ကို ပထမဆုံး သွားပွေ့တာ ဆရာ သွားပွေ့တာ။ ဆရာက ကာဆယ်ကို သွေးစမ်းကြည့်လိုက်တယ်။ ပြီးတော့ သူ့ကုတ်အင်္ကျီကို ချွတ်၊ ကာဆယ်ပေါ်မှာ ခြုံပေးပြီး ကာဆယ်ကို ဆေးရုံကို ပွေ့လာတယ်။ သူ့ ကုတ် အင်္ကျီ သွေးတွေ ပေနေတာတွေ ဘာတွေကို ဂရုမစိုက်ဘူး။

ဒီဘီရဲ့ အခန်းထဲကို ပြန်ဝင်လာတော့ ဖီဘီက ရေဒီယို ဖွင့်နေတယ်။ သီချင်းက အက သီချင်း။ အိမ်ဖော် မိန်းမကြီး ကြားမှာ စိုးလို့ အဆုံးကို တိုးလိုက်တယ်။ ထိုင်နေပုံလဲ ကြည့်ဦးလေ၊ ခုတင် အလယ်ကောင် တည့်တည့်မှာ ယောဂကျင့်တဲ့ သူများလို တင်ပျဉ်ခွေပြီး အကျထိုင်လို့ဗျ။ သီချင်း နားထောင်နေတယ်။ တော်တော် လာတဲ့ ကောင်မလေး။

'လာ ကမလား' လို့ ကျွန်တော်က မေးတယ်။ သူ ငယ်ငယ်လေး ကတည်းက ကျွန်တော်က အက သင်ပေးခဲ့ပြီးသားလေ။ အံမယ် အကကောင်းတယ် ခင်ဗျ။ အမှန်ကတော့ ကျွန်တော် သင်ပေးတာက သဘောလောက်ရယ်။ ကျန်တာတွေကတော့ သူ့ ဘာသာ ကတတ်သွားတာ။ တကယ် ကတတ်ဖို့ ဆိုတာ သင်ပေးလို့ ရတာမျိုးမှ မဟုတ်တာဗျာ။

'ကိုကိုက ဖိနပ်ကြီးနှင့်'

'ချွတ်ကမှာပေါ့ လာ'

ဖီဘီဟာ အိပ်ရာပေါ်က ခုန်ဆင်းလာတယ်။ ကျွန်တော်က ဖိနပ်ချွတ်ပြီး သူနှင့် ကတယ်။ အကကောင်းတယ် ကိုယ့်လူရေ။ အမှန်ကတော့ ကလေးတွေနှင့် တွဲကတာကို ကျွန်တော် သိပ်မကြိုက်ဘူး။ ဘယ့်နှယ်ဗျာ၊ လူကြီးနှင့် ကလေး တွဲကနေတာ ဘယ်မှာ ကြည့်လို့ ကောင်းပါ့မလဲ။ ပျော်ပွဲစားရုံတို့ ဘာတို့မှာ ပါလာတဲ့ ကလေးတွေနှင့် တွဲကနေတဲ့ လူကြီးတွေကို မြင်ဖူးတယ် မဟုတ်လား။ ကလေးတွေရဲ့ ဂါဝန်ကို တက် နင်းမိရော။ ဒီတော့ ကရတဲ့ ကလေးတွေ ကိုးရိုးကားရားတွေ ဖြစ်ကုန်တာပေါ့။ ကျွန်တော်လဲ လူမြင်ကွင်းမှာဆိုရင် ဖီဘီနှင့် မကပါဘူး။ ခုတော့ သူက ကတတ်လို့ သူနှင့် တွဲကတာပါ။ မောင်နှမ နှစ်ယောက်တည်း အိမ်မှာ ဆော့တဲ့ သဘောပေါ့။ ဖီဘီကလဲ ကောင်းကောင်း ကတတ်တယ်။ ဘယ်လို ကချင်သလဲ၊ ပူးကပ်ပြီး ကချင်သလား၊ ရတယ်။ ကိုယ့်ခြေထောက်က ရှည်နေပေမယ့် ကိစ္စမရှိဘူး၊ သူ လိုက်နိုင်တယ်။ ကိုယ်နှင့် အတူ လိုက်လာနိုင်တယ်။ စိပ်စိပ် ကချင်သလား၊ ကျဲကျဲ ကချင်သလား၊ ဂျစ်တားဘတ် ကချင်သလား၊ အကုန် ရတယ်။ ခင်ဗျား ကသလို လိုက်ကနိုင်တယ်။ တန်ဂို ကချင်ရင်တောင် ရသေးတယ်။

နားနေတုန်းမှာ သူ့ပုံကို ကြည့်ရတာ ရယ်ရတယ်ဗျ။ တကယ့် ကချေသည်ကြီးများလို ခပ်တည်တည် ရပ်လို့ဗျ။ စကားတောင် မပြောဘူး။ နှစ်ယောက်သား ကိုယ့်နေရာမှာ ကိုယ် ရပ်နေကြပြီး တီးလုံးစတာနှင့် တစ်ပြိုင်နက် ကကြတော့တာပဲ။ ရယ်တော့ မရယ်နှင့်ဗျ။

သီချင်း လေးပုဒ်လောက် ကပြီးတော့ ရေဒီယိုကို ပိတ်လိုက်ကြတယ်။ ဖိဘိက ခုတင်ပေါ် ခုန်တက်ပြီး စောင်ခြုံထားရင်းက.....

'ဘယ့်နှယ်လဲ၊ ညီမလေး ကတာ ပိုကောင်း မလာဘူးလား'

'သိပ်ကောင်း'

ကျွန်တော်က ခုတင်စွန်းမှာ ထိုင်လိုက်တယ်။ စီးကရက် သောက်တာများတော့ ကျွန်တော် မောနေတယ်။ စကားတောင် ကောင်းကောင်း မပြောနိုင်ဘူး။ သူကတော့ ဘာမှ မဖြစ်ဘူးဗျ။

'ကိုကို ညီမလေး နဖူးကို စမ်းကြည့်စမ်း' လို့ ရုတ်တရက် ပြောလိုက်တယ်။

'ဘာဖြစ်လို့လဲ'

'စမ်းသာကြည့်စမ်းပါ ကိုကိုရာ'

ကျွန်တော် စမ်းကြည့်တယ်။ ဘာမှ မထူးပါဘူး။

'ဖျားသလို ပူရှိမ်းရှိမ်း ဖြစ်မလာဘူးလား'

'ဟင့်အင်း မဖြစ်ပါဘူး၊ ဘာဖြစ်လို့လဲ၊ ဖျားချင်လို့လား'

'ဖျားကြည့်မလို့၊ စမ်းကြည့်စမ်းပါဦး'

စမ်းကြည့်တော့ ဘာမှ မထူးပါဘူး။ ဒါပေမယ့် ကျွန်တော် သူ ကျေနပ်ပါစေတော့ ဆိုတဲ့ သဘောနှင့်.....

'အေး နည်းနည်း ပူရှိမ်းရှိမ်း ဖြစ်နေသလားတော့ မသိဘူး' လို့ ပြောလိုက်တယ်။

'ဟုတ်တယ်၊ ညီမလေး ဖျားကြည့်တာ၊ ပြဒါးတိုင်နှင့် တိုင်းလိုက်ရင် တဖြည်းဖြည်း ပူလာအောင် ညီမလေး လုပ်တတ်တယ်'

'ကြံကြီးစည်ရာကွယ်၊ ပူအောင် လုပ်နိုင်တယ်လို့ ဘယ်သူက ပြောသလဲ'

'အဲလစ်က လုပ်ပြတယ်၊ မယုံရင် စမ်းကြည့်လေ၊ ကိုကို့ခြေထောက်ကို တင်ပျဉ်ခွေ ထိုင်ပြီး အသက်ကို အောင့်ထား၊ ပြီးတော့ သိပ်ပူတာတွေကို စဉ်းစား၊ အပူငွေ့ ပေးတဲ့ သေတ္တာတို့ ဘာတို့ကို အာရုံစိုက်၊ အဲဒီအခါမှာ ကိုကို့ နဖူးဟာ ပူလာလိမ့်မယ်၊ ပူတာမှ တခြားလူ လာကိုင်ရင် လက်တောင် လောင်ကျွမ်းသွားအောင် ပူနိုင်တယ်'

ဟားရတယ်ဗျာ၊ ကျွန်တော်ကလဲ ပူလို့ အလန့်တကြား ဖြစ်သွားတဲ့ ဟန်မျိုးနှင့် သူ့နဖူးပေါ်မှာ တင်ထားတဲ့ လက်ကို ဖျတ်ခနဲ ရုပ်လိုက်တယ်။

'ပညာတွေ တိုးလို့ ကျေးဇူးတင်ပါတယ်ဗျာ'

'ဒါ ကိုကို့လက်ကို ပူအောင် မလုပ်ရသေးဘူး၊ ညီမလေးက ကိုကို့လက် တင်တာနှင့် တစ်ပြိုင်နက် အာရုံကို ရပ်လိုက်တာ၊ ဘာမှ မဖြစ်တော့ပါဘူး၊ ရှူး.....ရှူး' ဆိုပြီး ညီမလေးဟာ ခုတင်ပေါ်က ထထိုင်လိုက်တယ်။

ကျွန်တော်လဲ ကြောက်ကြောက်လန့်လန့်နှင့် 'ဘာလဲ၊ ဘာလဲ' လို့ မေးလိုက်တယ်။

'အိမ်ရှေ့က တံခါးဖွင့်သံ ကြားတယ်၊ ဖေဖေတို့ မေမေတို့ ပြန်လာပြီ ထင်တယ်'

ကျွန်တော်လဲ စားပွဲဆီကို ထပြေးပြီး မီးအိမ်ကို ငြိမ်းလိုက်တယ်။ စီးကရက်ကိုလဲ ဖိနပ်နှင့် ထိုးခြေငြိမ်းလိုက်ပြီး အိတ်ကပ်ထဲ ထည့်တယ်။ ပြီးတော့ ဆေးလိပ် မီးခိုးငွေ့တွေ လွင့်ကုန်အောင် စောင်နှင့် လိုက်ခတ်ပစ်တယ်။ အမှန်ကတော့ ကျွန်တော် ဆေးလိပ် သောက်ဖို့တောင် မကောင်းဘူး။ ဖိနပ် ကောက်စွပ်ပြီး အိမ်သာထဲဝင် တံခါးပိတ်ထား လိုက်တယ်။ ကိုယ့်လူရေ ကျွန်တော့် နှလုံးတွေ တုန်သလား မမေးနှင့်။

အခန်းထဲ ဝင်လာတဲ့ မေမေ့အသံ ကြားရတယ်။

'ဖီဘီ မအိပ်သေးဘူးလား၊ အခန်းထဲမှာ စောစောက မီးကြီး လင်းလို့ ပါလား'

'ဟုတ်တယ် မေမေ၊ အိပ်လို့ မရသေးလို့၊ ဘယ့်နှယ်လဲ မေမေ၊ ညစ့်ခံ ပွဲမှာ ပျော်ရဲ့လား'

'ပျော်ပါတယ်အေ' လို့ မေမေက ပြောတယ်။ ဒါပေမယ့် မေမေ အလိုက်သင့် ပြောမှန်း ကျွန်တော် သိပါတယ်။ မေမေက အပြင်တို့ ဘာတို့ ထွက်ရတာကို သိပ်ပျော်တတ်တာမှ မဟုတ်တာ။

'ဘာဖြစ်လို့ မအိပ်သေးတာလဲ၊ ချမ်းလို့လား'

'သိပ်တော့ မချမ်းပါဘူး၊ အိပ်လို့ မရလို့ပါ'

'ဒီမှာ အခန်းထဲမှာ ဆေးလိပ်တို့ ဘာတို့ သောက်သလားဟင်၊ မှန်မှန် ပြောပါနော် မမ'

'ဘာ'

'မေမေ ပြောတာ မကြားဘူးလား'

'တစ်စက္ကန့်လောက် ဖွာကြည့်တာပါမေမေ၊ တစ်ဖွာတည်းပါ၊ ပြီးတော့ ပြတင်းပေါက်က လွှင့်ပစ်လိုက်ပါပြီ'

'ပြောစမ်းပါဦး၊ ဘာဖြစ်လို့ သောက်ရတာလဲ'

'အိပ်မပျော်လို့ပါ'

'မကြိုက်ဘူးနော်၊ ဒါမျိုးတွေ မကြိုက်ဘူး၊ နောက်သတိထားပါ၊ စောင်ယူဦးမလား'

'မလိုပါဘူး မေမေ၊ ဂွတ်နိုက်'

ညီမလေးဟာ မေမေ မြန်မြန် ထွက်သွားအောင် လုပ်နေတာဗျ။

'ရုပ်ရှင်ကကော ကောင်းရဲ့လား'

'ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့် အဲလစ်ရဲ့ အမေကြီးက သိပ်ရှုပ်တာပဲ၊ တစ်ချိန်လုံး သူ့ သမီး နေကောင်းရဲ့လားနှင့် တစ်မေးတည်း မေးနေတယ်၊ အပြန်ကျတော့ သမီးတို့ တက္ကစီနှင့် ပြန်လာခဲ့ကြတယ်'

'မှန်းစမ်း နဖူး'

'သမီး အအေး မမိပါဘူး၊ အဲလစ်လဲ ဘာမှ ဖြစ်တာ မဟုတ်ပါဘူး၊ သူ့ အမေကြီးက အဖြစ် သည်းနေတာပါ'

'ကဲ ကဲ အိပ်တော့၊ ထမင်းရော စားလို့ ကောင်းရဲ့လား'

'ထမင်းကတော့ စံပဲ'

'ဘာစံလဲ၊ ဒီစကားလုံးကို သုံးပြန်ပလား၊ မသုံးပါနှင့်လို့ ဖေဖေ ခဏခဏ ပြောတာ မမှတ်မိဘူးလား၊ ဘာဖြစ်လို့ စံရမှာလဲ၊ သိုးသားကြော် ရှိတယ်မဟုတ်လား၊ ငါ ကိုယ်တိုင် လက်ဇီတန် ဈေးသွားပြီးတော့.....'

'သိုးသားကြော်ကတော့ ကောင်းပါတယ်၊ ဒါပေမယ့် ဟင်းတစ်ပွဲ ချပေးတိုင်း အိမ်က အဘွားကြီးက တဆူဆူနှင့် အလကား ဗျစ်တောက် ဗျစ်တောက် လုပ်နေတာပဲ'

'ကဲကဲ၊ အိပ်တော့၊ မေမေ့ကို တစ်ချက်လောက် မွေးဦး၊ ဘုရားတို့ ဘာတို့ ရှိခိုးပြီးပလား'

'ပြီးပါပြီ၊ ဂွတ်နိုက်'

'ဂွတ်နိုက်၊ အိပ်တော့နော်၊ မေမေလဲ ခေါင်းကိုက်လို့'

ဟုတ်တယ်ဗျ၊ အမေက ခေါင်းကိုက်တတ်တယ်၊ မကြာခဏပဲ။

'အက်စပရင် နည်းနည်း သောက်လိုက်ပါလား၊ ကိုကိုလဲ ဗုဒ္ဓဟူးနေ့ဆိုရင် ပြန်ရောက်မှာနော်'

'အေး ရောက်မယ်လို့ ပြောတာပဲ၊ ကဲ ကဲ စောင်ခြုံ အိပ်တော့'

မေမေ အခန်းပြင်ဘက်ကို ထွက်သွားပြီး တံခါးပိတ်သံ ကြားလိုက်ရတယ်။ ကျွန်တော် နှစ်မိနစ်လောက် စောင့်နေတယ်။ အိမ်သာ တံခါးကို ဖွင့်

လိုက်တော့ ကျွန်တော့်ကို ပြောဖို့ အနားကပ် လာတဲ့ ညီမလေးနှင့် လူချင်း တိုက်မိကြတယ်။ အခန်းက မှောင်နေတာကိုး။

ကျွန်တော်က လေသံလေးနှင့် 'ညီမလေး နာသွားလား' လို့ မေးတယ်။

'ကိုကို လစ်မှ ဖြစ်မယ်' လို့ ပြောပြီး ခုတင်စွန်းမှာ ဝင်ထိုင်ရင်း ဖိနပ် စီးတယ်။ ဟုတ်တယ်၊ မြန်မြန် လစ်မှ။ ကျွန်တော် ရင်တွေ ခုန်နေတယ် ဗျာ။ ဒါကိုတော့ ဝန်ခံပါတယ်။

'ခု မသွားနှင့်ဦးလေ၊ အိပ်ပျော်အောင် စောင့်ဦးမှပေါ့'

'မဖြစ်ဘူး၊ ခု သွားမှ ဖြစ်မှာ၊ ဒီအချိန် အကောင်းဆုံးပဲ၊ မေမေက အိမ်သာ ဝင်မယ်၊ ဖေဖေက သတင်းတို့ဘာတို့ကို နားထောင်မယ်၊ ခုသွားမယ်'

ဖိနပ်ကြိုးကို ချည်နေပေမယ့် အပေါက် ထိုးလို့ မရဘူး။ ကျွန်တော် အရမ်း လန့်နေတယ်ဗျာ။ အိမ်ရောက်နေတာ သိသွားရင် သတ်တော့ သတ်မပစ် ဘူးပေါ့။ ဒါပေမယ့် မကောင်းဘူးပေါ့။ သိပ် မှောင်နေတော့ ဘာကိုမှ မမြင်ရဘူး။

'ညီမလေး ဘယ်ကလဲ'

'ဒီမှာလေ'လို့ ကျွန်တော့်ကို ပြောတယ်။ လက်စသတ်တော့ ကျွန်တော့် ဘေးမှာတင် ရပ်နေတာဗျ။ ဒါပေမယ့် ကျွန်တော် မမြင်မိဘူး။

'ကိုကို့ လက်ဆွဲအိတ် ဘူတာရုံမှာ ထားပစ်ခဲ့တယ်၊ ဒီမှာ ညီမလေး၊ ညီမလေးမှာ ပိုက်ဆံ ဘယ်လောက် ရှိသလဲ၊ ကိုကို့မှာ တစ်ပြားမှ မရှိတော့ဘူး'

'နာတာလူးပွဲတော် သုံးဖို့ စုထားတဲ့ ပိုက်ဆံတော့ ရှိတယ်၊ ညီမလေး ဘာမှတောင် မသုံးဘူး'

'ဟုတ်လား'လို့ ပြောလိုက်တယ်။ နာတာလူး ပွဲတော် အတွက် သူ မစားရက်ဘဲ စုထားတဲ့ ပိုက်ဆံလေးကို ကျွန်တော် မလိုချင်ဘူးလေ။

'ကိုကို နည်းနည်း ယူသွားမလား'

'နာတာလူး ပွဲတော်ဖို့ ထားတဲ့ ပိုက်ဆံကို မယူချင်ဘူးကွာ'

'နည်းနည်းတော့ ချေးလိုက်မယ်လေ' လို့ ပြောပြီး စားပွဲအံဆွဲကို ဖွင့်သံ ကြားရတယ်။ အံဆွဲတွေထဲမှာ လျှောက်စမ်းနေတဲ့ အသံကိုလဲ ကြားရတယ်။ သိပ်မှောင်နေတော့ ဘာမှ မမြင်ရဘူးလေ။

'ကိုကို သွားရင်တော့ ကျောင်းကပွဲမှာ ညီမလေးကတာ ကြည့်ရတော့မှာ မဟုတ်ဘူးနော်' လို့ ပြောတယ်။ အရေးထဲမှာ သူ့စကားက ရယ်စရာ ကောင်း နေတယ်။

'ကြည့်ရမှာပါ၊ ကိုကိုက ကျောင်းကပွဲ ပြီးချိန်လောက်မှ သွားဖြစ်မှာပါ၊

ကိုကို ကြည့်စေချင်တယ် မဟုတ်လား၊ ဒီအတွင်းမှာ ကိုကိုက ဆရာအန်တိုလီနီရဲ့ အိမ်မှာ ရှိမှာပါ၊ အင်္ဂါနေ့လောက် အထိ ရှိမယ်၊ ဗုဒ္ဓဟူးနေ့ကျတော့ ပြန်လာမယ်၊ မပြန်ခင် ညီမလေးဆီကို ကိုကို ဖုန်းဆက်ဦးမှာပေါ့'

'ရော့ ပိုက်ဆံ'

ကျွန်တော့်ကို လှမ်းပေးနေပေမယ့် လက်ကို စမ်းလို့ မရဘဲ ဖြစ်နေတယ်။

'ဘယ်မှာလဲ'

ပိုက်ဆံကို ကျွန်တော့်လက်ထဲ ထည့်လိုက်တယ်။

'ဟာ ဒီလောက် အများကြီး မလိုပါဘူးကွ၊ နှစ်ဒေါ်လာလောက် ဆိုရင် ရပါတယ်၊ တကယ် ပြောတာပါ ရော့'

ကျွန်တော်က ပြန်ပေးတယ်။ ဒါပေမယ့် သူက လက်မခံဘူးဗျ။

'ယူသွားပါ၊ နောက်ကျမှ ပြန်ပေးပေါ့၊ ပြဇာတ်ကျတော့ ယူလာခဲ့ပေါ့'

'ဘယ်လောက်လဲ'

'ရှစ်ဒေါ်လာနှင့် ရှစ်ဆယ့်ငါးဆင့်'

ဘာဖြစ်လို့လဲ မသိဘူး။ ကျွန်တော် ငိုလိုက်မိတယ်။ အမှန်ကတော့ တခြားလူတွေ ကြားနိုင်တယ်၊ မငိုသင့်ဘူး။ ဒါပေမယ့် ဘယ်လို ငိုချင်လာမှန်း မသိဘူးဗျာ။ ကျွန်တော် ငိုတော့ ညီမလေးလဲ လန့်သွားတယ်။ ကျွန်တော့်အနား ရောက်လာပြီး မငိုဖို့ ပြောတယ်။ ဒါပေမယ့် ခက်သားပဲ။ ငိုတယ် ဆိုတာ ငိုချင်လို့ ငိုတာ၊ ငိုမိပြီဆိုရင် ရပ်ဖို့ ခက်သားပဲ။ ကျွန်တော်က ခုတင်စွန်းမှာ ထိုင်ရင်း ငိုနေတော့ ညီမလေးက ကျွန်တော့် လည်ပင်းကို လာဖက်တယ်။ ဒါပေမယ့် ချုပ်တည်းလို့ မရဘူးဗျာ။ ကျွန်တော် ရင်ထဲမှာ ကျပ်ပြီး သေသွားမယ်လို့တောင် ထင်မိတယ် ကိုယ့်လူရေ။ ကျွန်တော် ငိုတော့ ညီမလေးလဲ သိပ်ကြောက်သွားတာပေါ့။ သောက်ရေးထဲမှာ ပြတင်းပေါက်က ပွင့်နေတော့ ညဝတ်အင်္ကျီ ပါးပါးလေး ဝတ်ထားတဲ့ ညီမလေးဟာ ချမ်းလွန်းလို့ ခိုက်ခိုက်တုန်နေတယ်။ ကျွန်တော်က သူ့ကို အိပ်ဖို့ ပြောပေမယ့် မရဘူး။ နောက်ဆုံးတော့ ကျွန်တော် အငိုတိတ်သွားတယ်။ တော်တော်ကြီးကို ကြာမှ အငိုတိတ်သွားတာဗျ။ ပြီးတော့ ကုတ်အင်္ကျီတွေကို ကြယ်သီးတပ်တယ်။ သူနှင့် အဆက်အသွယ် လုပ်မယ်လို့လဲ ပြောလိုက်တယ်။ အိပ်ချင်ရင် သူ့အခန်းမှာ အိပ်လို့တော့ ပြောပါသေးရဲ့။ သို့သော် ကျွန်တော် မအိပ်တော့ဘူးလေ။ ပြန်မယ်။ ဆရာ အန်တိုလီနီတို့ စောင့်နေလိမ့်မယ်လို့ ပြောလိုက်တယ်။ ပြီးတော့ ကျွန်တော့် ကုတ်

## လေလွင့်သူ

အင်္ကျီထဲက တောလိုက် ဦးထုပ်လေးကို ထုတ်ပြီး သူ့ကို ပေးလိုက်တယ်။ သူက ဒီလို ဦးထုပ်လေးတွေကို သဘောကျတတ်တယ် မဟုတ်လား။ သူက မယူချင်ဘူး။ ကျွန်တော်ကလဲ အတင်းပေးတယ်။ ဒီ ဦးထုပ်မျိုးလေးသာ ဆိုရင် အိပ်တုန်းမှာတောင် ချွတ်မှာ မဟုတ်ဘူး။ ဒီလို ဦးထုပ်မျိုး ဆိုရင် သူ အရမ်းကြိုက်တာ။ အခြေအနေ ကောင်းရင် တယ်လီဖုန်း ဆက်မယ်လို့ ပြောပြီး ကျွန်တော်လဲ ထွက်လာခဲ့တယ်။

ဘာဖြစ်လို့လဲ မသိဘူး။ အိမ်ထဲ ဝင်ရတာထက် အိမ်ပြင်ကို ထွက်ရတာက သိပ်လွယ်တယ်။ ခုအချိန်မှာ ကျွန်တော့်ကို ဘယ်သူမိမိ အရေးမကြီးတော့ဘူးလို့ ကျွန်တော် ထင်လို့လား မသိဘူး။ မိတော့လဲ ဘာဖြစ်သလဲ၊ မိပေါ့။ အမိတောင် ခံလိုက်ချင်သေးတယ်။

ဓာတ်လှေကားကို မစီးတော့ဘဲ ရိုးရိုး လှေကား အတိုင်း ဆင်းလာခဲ့တယ်။ နောက်ဖေး လှေကားက ဆင်းတာ။ လမ်းမှာ အမှိုက်ပုံးတွေကို ဝင်တိုက်တာ ကံကောင်းလို့ ကုပ် မကျိုးတယ်။ ဒါပေမယ့် ဘာမှ မဖြစ်ပါဘူး။ ကျွန်တော့်ကို ဓာတ်လှေကားမောင်းတဲ့ ငနဲလဲ မတွေ့ဘူး။ ဒစ်စတီန်းတို့ အိမ်မှာ ရောက်နေပြီလို့ ထင်နေမှာပေါ့။

## ၂၄

ဆရာတို့ လင်မယားနေတဲ့ အခန်းက ကျဉ်းကျဉ်းလေးရယ်။ ဆပ်တန်ပလေ့ ရပ်ကွက်မှာ။ အိမ်ရှေ့ လှေကား နှစ်ထစ်လောက် ဆင်းလိုက်ရင် ဧည့်ခန်းကို တန်းရောက်သွားတာပဲ။ ဧည့်ခန်းနှင့် ကပ်လျက်မှာလဲ ဘားကောင်တာလေး တစ်ခု ရှိတယ်။ အက်တန်ကျောင်းမှာ နေတုန်းကဆိုရင် သူ့အိမ်ကို ကျွန်တော် ခဏ ခဏ ရောက်ဖူးတာပေါ့။ ဆရာကလဲ ကျွန်တော် ကျောင်းစာ လိုက်နိုင် မလိုက်နိုင် လာကြည့်ရင်း ကျွန်တော်တို့ အိမ်မှာ မကြာခဏ ညစာစားတတ် တယ်။ အဲဒီတုန်းက ဆရာက အိမ်ထောင် မကျသေးဘူး။ အနောက်ပိုင်း တင်းနစ် ကလပ်မှာ ဆိုရင် ဆရာတို့ လင်မယားနှင့် ကျွန်တော် တင်းနစ် ရိုက်လေ့ ရှိတယ်။ အဲဒီကလပ်မှာ ဆရာကတော်က အသင်းဝင်ထားတာကိုး။ ဆရာကတော်က ပိုက်ဆံတော့ အရမ်း မက်တာပဲ။ အသက်လဲ ဆရာ့ထက် အများကြီး ကြီးတယ်လေ။ ကြီးဆို ခြောက်ဆယ်လောက်တောင် ကွာမလား မသိဘူး။ ဒါပေမယ့် သူတို့ လင်မယား အဆင်ပြေပါတယ်။ လင်မယား နှစ် ယောက်စလုံးက စာတတ် ပေတတ်တွေချည်းပဲ။ အထူးသဖြင့် ဆရာကတော့ ပိုမြင့်တာပေါ့လေ။ ဆရာဟာ စာတို့ ပေတို့ တတ်ရုံတင်မကဘူး၊ ဇဝနညာဏ်တို့ ဘာတို့လဲ အင်မတန် ကောင်းတယ်။ ကျွန်တော့် အစ်ကို ဒီဘီလိုပဲ။ ဆရာ ကတော်ကတော့ သူ့လောက် ရယ်စရာ မောစရာ မပြောတတ်ဘူး။ သူ့မှာ ပန်းနာလဲ ရှိတယ်။ သူတို့ နှစ်ယောက်စလုံးက ဒီဘီရဲ့ ဝတ္ထုတွေကို ဖတ်တယ်။ ဒီဘီ ဟောလီဝုဒ်ကို သွားမယ် ဆိုတော့ ဆရာက ဖုန်းဆက်ပြီး မသွားဖို့ တားတယ်။ ဒီဘီလို စာရေးကောင်းတဲ့ လူတစ်ယောက်ဟာ ဟောလီဝုဒ်ကို သွားဖို့ မကောင်းဘူးတဲ့။ ဒီနေရာမှာတော့ ကျွန်တော်နှင့် သဘောတူတယ်။

## လေလွင့်သူ

ညီမလေးဆီက ယူလာတဲ့ နာတာလူး ပွဲတော်အတွက် ပိုက်ဆံလေးကို မသုံးချင်တာနှင့် ကျွန်တော် ခြေကျင်လျှောက်လာခဲ့တယ်။ ဒါပေမယ့် အပြင် ရောက်တော့ ကိုယ့်အဖြစ်ကို တွေးပြီး ရယ်ချင်လာတယ်။ ခေါင်းထဲမှာ နောက် တောက်တောက်လဲ ဖြစ်လာတယ်။ ဒါနှင့် တက္ကစီ မစီးချင်ပေမယ့် တက္ကစီ တစ်စီး ခေါ်စီးလာခဲ့တယ်။ သောက်ကျိုးနည်း တက္ကစီကလဲ တော်တော် စောင့်ရ တယ်ဗျာ။

ခါတ်လှေကား မောင်းတဲ့ ကောင်လေးက ကျွန်တော့်ကို ပို့လို့ သူတို့ အထပ်ကို ရောက်တော့ အခန်း တံခါးကို ခေါင်းလောင်း နှိပ်လိုက်တယ်။ ဆရာ ကိုယ်တိုင် လာဖွင့်ပေးတယ်။ ရေချိုး ဝတ်ရုံကို ဝတ်ထားပြီး ရေချိုး ဖိနပ်ကို စီးထားတယ်။ လက်ထဲမှာလဲ ဖန်ခွက် ပုပု ဝိုင်းဝိုင်းလေး တစ်လုံး ကိုင်ထားတယ်။ ဆရာက အရက်လေး ဘာလေး နည်းနည်းပါးပါး ချတယ်လေ။

'ဟေ့ကောင်၊ အံမာ တော်တော် ထွားလာပါလား၊ လက်မ နှစ်ဆယ် လောက်တောင် မြင့်လာသလား မသိဘူး၊ တွေ့ရတာ ဝမ်းသာတယ်ကွာ'

'ဆရာ နေကောင်းတယ်နော်၊ ဆရာကတော်ကော နေကောင်းတယ် မဟုတ်လား'

'ကောင်းပါ့ဗျာ၊ မင်းကုတ်အင်္ကျီကို ချွတ်စမ်းပါဦးကွာ' လို့ ပြောပြီး ကျွန်တော့် အပေါ် အင်္ကျီကြီးကို ကူချွတ်ပြီး ချိတ်မှာ ချိတ်ပေးတယ်။ 'ငါ့စိတ် ထဲမှာ တစ်နေ့ သားလေး ပွေ့ပိုက်ပြီး တို့ဆီ မင်းရောက်လာမယ်လို့ ထင်နေ တာ၊ ဟင် မင်း မျက်တောင်ပေါ်မှာလဲ နှင်းပွင့်တွေချည်းပါလား'

ဆရာက တစ်ခါတလေမှာ အပျော်အပြက် တော်တော် ပြောတတ်တယ်။ ပြီးတော့ မီးဖိုဘက် လှည့်ပြီး 'လီလီရေ ကော်ဖီ မရသေးဘူးလားကွ' လို့ လှမ်းမေးလိုက်တယ်။ လီလီ ဆိုတာက ဆရာကတော် ပထမ အမည်ပါ။

'ရပြီ ရပြီ၊ ကောဖီး ရောက်လာပလားဟေ့'

ဆရာကတော်က လှမ်းအော်တယ်။

'ဟုတ်ကဲ့၊ ဆရာကတော်'

ကျွန်တော်ကလဲ လှမ်းအော်လိုက်တယ်။ သူတို့ အိမ်ရောက်ရင် ဒီလိုပဲ အော်အော် ပြောနေကျ။ သူတို့ကလဲ အော်၊ ကျွန်တော်ကလဲ အော်။ သူတို့ လင်မယားကလဲ ဘယ်တော့မှ တစ်ခန်းတည်းမှာ အတူ ရှိတယ်ရယ်လို့ မတွေ့ ရဘူး။ ကြည့်လိုက်ရင် တစ်ယောက် တစ်နေရာစီမှာ ရောက်နေတာချည်းပဲ။ ဒီတော့ အော် အော် ပြောရတာပေါ့။ ဟားတော့ ဟားရတယ်ဗျ။

'ထိုင်လေကွာ' လို့ ဆရာက ပြောတယ်။ ဆရာ့ကို ကြည့်ရတာ အရှိန်ရနေပုံပဲ။ အခန်းကို ကြည့်ရတာကလဲ ခုလေးတင် ဧည့်ခံပွဲတစ်ခု ပြီးသွားသလို ရှုပ်လို့။ စားပွဲပေါ်မှာ ဖန်ခွက်တွေ ပန်းကန်ပြားတွေ၊ ပန်းကန်ထဲမှာ မြေပဲကြော်တွေ။

'အခန်းကတော့ ရှုပ်လို့ပဲဟေ့၊ ကြည့်သာ ထိုင်ပေတော့၊ ခုလေးတင် ဘတ်ဖဲလိုး (မြို့) က ဆရာကတော်ရဲ့ ဘတ်ဖဲလိုး (ကွဲ) မိတ်ဆွေတွေကို ထမင်းကျွေးပြီး သွားတာကွ'

ကျွန်တော်က ရယ်လိုက်တယ်။ ဒီတုန်းမှာ ဆရာကတော်က မီးဖိုချောင်ထဲက ကျွန်တော့်ကို လှမ်းအော် ပြောလိုက်တယ်။ ဘာပြောလိုက်မှန်းတော့ ကျွန်တော် မသိလိုက်ဘူး။

'ဘာတဲ့လဲ ဆရာ'

'သူ့ အခန်းထဲကို ဝင်လာရင် သူ့ကို မကြည့်နှင့်တဲ့၊ အဝတ်အစား မလဲရသေးဘူးတဲ့၊ စီးကရက် သောက်ကွ၊ ဆေးလိပ်ကော သောက်တုန်းပဲလား'

ကျွန်တော်က တစ်လိပ် ဆွဲယူလိုက်ရင်း.....

'ကျေးဇူးပဲ ဆရာ၊ တစ်ခါတလေမှ သောက်တာပါ၊ ကျွန်တော်က သိပ် သောက်တာမှ မဟုတ်တာ'

'အေး ဟုတ်ပါတယ်၊ မင်းက သိပ်သောက်တတ်တဲ့ကောင် မဟုတ်ဘူး' လို့ ပြောပြီး ကျွန်တော့်ကို မီးခြစ် ပေးလိုက်တယ်။

'ခုတော့ မင်းနှင့် ပင်ဆေကျောင်းနှင့် အိုးစားကွဲခဲ့ ပြန်ပြီပေါ့'

ဆရာဟာ ဒီလို စကားမျိုးကို ပြောလေ့ ရှိတယ်။ တစ်ခါတလေကျတော့လဲ ဒီလို ပြောတာကို ကြားရတာ ပျော်စရာလိုလို ဘာလိုလို။ တစ်ခါတလေတော့လဲ ပျော်စရာ မကောင်းဘူးဗျ။ ဆရာက ဒီလို အပြောမျိုး လေးတွေကို တစ်ခါတစ်ရံ မဟုတ်ဘူး၊ အမြဲလိုလို ပြောတာ။ ဆရာဟာ ရယ်စရာမောစရာကို ပြောတတ်တာ မှန်ပါရဲ့။ တစ်ခါတလေကျတော့ သူ ပြောတဲ့ ရယ်စရာဟာ ရယ်စရာ မဖြစ်ဘဲ မောစရာ ဖြစ်နေတတ်တယ်။ ခုလဲ ကြည့်လေ။ မင်းနှင့် ပင်ဆေကျောင်း နှင့် အိုးစားကွဲခဲ့ပြီပေါ့တဲ့။ ကျွန်တော့် အစ်ကို ဒီဘီလဲ ဒီလို အပြောမျိုးလေးတွေကို ပြောတတ်တယ်။

'ဆိုစမ်းပါဦး၊ ဘယ်လိုဖြစ်ခဲ့တာလဲ၊ အင်္ဂလိပ်စာမှာကော မင်းလိုက်နိုင်ရဲ့လား၊ အင်္ဂလိပ်စာကြောင့် ကျတယ် ဆိုရင်တော့ မင်းကို အမြန်ဆုံး အောင်တဲ့ လမ်းကို ပြလိုက်ပါ့မယ် မောင်ရာ၊ စိတ်ချပါ၊ အမှန်ကတော့ မင်းက အင်္ဂလိပ်စာ

စာစီစာကုံး အရေး ကောင်းသားပဲ'

'အင်္ဂလိပ်စာကတော့ အောင်ပါတယ် ဆရာ၊ အနုစာပေမှာ ရပါတယ်၊ စာသင် နှစ်ဝက် တစ်ခုလုံးမှာ ကျွန်တော် စာစီစာကုံး နှစ်ပုဒ်ပဲ ရေးပါတယ်၊ ကျွန်တော် ကျတာက နှုတ်ပြောကျတာပါ၊ ဆရာသင်သလို သူတို့က နှုတ်ပြော သင်တယ် ဆရာ၊ အဲဒီ နှုတ်ပြောမှာ ကျွန်တော် ကျတာ'

'ဘာဖြစ်လို့'

'ဘာဖြစ်လို့လဲတော့ ကျွန်တော်လဲ မသိဘူး ဆရာ'

ကျွန်တော် ဒီအကြောင်းတွေကို သိပ်ပြောမနေချင်တော့ဘူးဗျ။ ခေါင်းကလဲ တစစ်စစ် ကိုက်လာတယ်။ ဒါပေမယ့် ဆရာက စိတ်ဝင်တစား မေးနေတော့ ကျွန်တော်လဲ မနေသာဘဲ ပြောနေရတာပေါ့။

'အဲဒီ သင်ခန်းစာ ဆရာ သိတဲ့အတိုင်း အတန်းထဲမှာ တစ်ယောက်တစ်လှည့်စီ ကျဖမ်း ထပြောရတယ် ဆရာ၊ မှားသွားပြီ ဆိုရင် အတန်းထဲက ကောင်တွေက ချက်ချင်း မှားနေပြီ မှားနေပြီလို့ ပြောရတယ်၊ ဒီလို ထ ထ ပြောရတယ် ဆိုတော့ အောက်တာပေါ့ ဆရာ၊ ဒီမှာတင် ကျွန်တော် ကျတာပေါ့'

'မင်းက သူတို့ ပြောတဲ့ အလှည့်ကျတော့ သေသေချာချာ နားမထောင်လို့လား'

'ထောင်ပါတယ် ဆရာ၊ သူတို့ ပြောတာတွေကို ကျွန်တော် နားထောင်ပါတယ်၊ အချက်အလက် ပြည့်စုံတာကိုလဲ သဘောကျပါတယ်၊ ဒါပေမယ့် သူတို့ အချက်အလက်တွေချည်းပဲ ပြောနေတာကို သိပ် နားမထောင်ချင်ဘူး ဆရာ၊ ခု နှုတ်ပြောမှာ အမှတ် ကောင်းကောင်း ရတဲ့ ကောင်တွေကို ကြည့်လိုက်ရင် အချက်အလက်တွေကိုချည်း လျှောက်ပြောနေတဲ့ ကောင်တွေချည်းပဲ၊ ဒါပေမယ့် ကျွန်တော့် အတန်းထဲမှာ ကင်ဆယ်လာ ဆိုတဲ့ကောင် တစ်ယောက် ရှိတယ်၊ သူကတော့ အချက်အလက်တို့ ဘာတို့ကိုချည်း မပြောဘူး၊ နည်းနည်းပါးပါး တန်ဆာဆင် ပြောတာတို့ ဘာတို့ ရှိတာပေါ့ဆရာ၊ ဒီတင် ကျန်တဲ့ ကောင်တွေက ဘေးရောက်နေပြီလို့ ဝိုင်းအော်ကြတယ်၊ ဒီကောင်က နဂိုကမှ လူကြောက်တတ်တဲ့ ကောင်၊ စကား ပြောရတော့မယ် ဆိုရင် နှုတ်ခမ်းတွေ တုန်နေတတ်တဲ့ ကောင်မျိုး၊ နှုတ်ခမ်း တုန်ပေမယ့် ဒီကောင်က ကျွန်တော်တို့ အတန်းထဲမှာ စကားပြော အကောင်းဆုံး ဆရာ၊ သူလဲ အတန်းကို ကောင်းကောင်း တက်တာ မဟုတ်ဘူး၊ ဒါပေမယ့် ဘေးက ဝိုင်းအော် နေတာနှင့် ဒီကောင်လဲ အမှတ် ကောင်းကောင်း မရဘူး၊ သူ ကျဖမ်းပြောတဲ့ အကြောင်းက သူ့အဖေ ဗားမောင့်

မှာ ဝယ်လိုက်တဲ့ ယာတော တစ်ခု အကြောင်း ပြောတယ်၊ ဒါပေမယ့် အတန်းထဲက ကောင်တွေက တစ်ချိန်လုံး ဘေးရောက်နေပြီ ဘေးရောက်နေပြီ ဆိုပြီး ဝိုင်းအော်ကြတယ်၊ ဒီတင် ဆရာဇင်ဆန်ကလဲ သူပြောတဲ့ အထဲမှာ ယာတောမှာ ဘယ်လို တိရစ္ဆာန်တွေ မွေးတယ် ဘယ်လို အပင်တွေ စိုက်တယ် ဆိုတာ မပါဘူး ဆိုပြီး အကျ ပေးလိုက်တယ် ဆရာ၊ ကင်ဆယ်လာကလဲ အစကတော့ ယာ တောမှာ ရှိတဲ့ အပင်တွေ တိရစ္ဆာန်တွေ အကြောင်း ပြောပါသေးတယ်၊ နောက်ဆုံး ဝိုင်းအော်လွန်းတော့ ထူပူပြီး သူ့ ဦးလေးဆီက သူ့အဖေဆီကို ပေးလိုက်တဲ့ စာအကြောင်း ရောက်သွားတယ်၊ စာထဲမှာ သူ့ဦးလေးဟာ ပိုလီယို ရောဂါ ဘယ်လိုဖြစ်တဲ့ အကြောင်း၊ ခု အသက် လေးဆယ့်နှစ်နှစ် ရှိပြီ ဖြစ်တဲ့ အကြောင်း၊ သူ့ဦးလေးဟာ ဆေးရုံကို လူနာ လာမေးတဲ့ အခါ မကြိုက်တဲ့ အကြောင်း၊ သူ့ကို ချိုင်းထောက်တွေ ကြိုးသိုင်းတွေနှင့် ဖြစ်နေတာကို ဘယ်သူမှ မမြင်စေချင်တဲ့ အကြောင်းတွေ ပြောသွားတယ် ဆရာ၊ ဟုတ်ပါတယ်၊ ဒီကောင်ရဲ့ ကျဖမ်း ဟောပြောချက်ထဲမှာ ယာတော အကြောင်းတော့ သိပ်မပါဘူး ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် တော်တော် ကောင်းတဲ့ ဟောပြောချက် ဆရာ၊ ဘယ်သူဖြစ်ဖြစ် သူ့ဦးလေး အကြောင်းကို ပြောဖော်ရတာမျိုးကို ကြားရတာ တော်တော် နားထောင်လို့ ကောင်းတာပဲ၊ အထူးသဖြင့် ယာတော အကြောင်း ပြောနေရာက စိတ်ပါလာပြီး ဦးလေး အကြောင်း ပြောသွားတယ် ဆိုတော့ နားထောင်လို့ ကောင်းလိုက်တာ ဆရာရယ်၊ ဒီလောက် စိတ်ဝင်စားစွာ ပြောပြီး ဒီလို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောနေတာမျိုးကို ဝင်နှောင့်ယှက်ပြီး ဘေးရောက်နေပြီ လို့ ဝိုင်းအော်တာမျိုးကတော့ ဘယ်ကောင်းမလဲ ဆရာ၊ ဘာဖြစ်လို့ ဒီလို ဝိုင်းအော်ကြသလဲတော့ မပြောတတ်ဘူးပေါ့ ဆရာ'

ကျွန်တော်လဲ ရှေ့ဆက် စကား မပြောချင်တော့ဘူးဗျာ။ ခေါင်းကလဲ တော်တော် ကိုက်နေပြီ။ ဆရာကတော် ကော်ဖီ မြန်မြန် လာချပါစေလို့ပဲ ဆုတောင်း နေရတော့တယ်။ ဆရာကတော်ကလဲ လာခဲလိုက်တာဗျာ။ ကော်ဖီ ဖျော်ပြီးပါပြီလို့သာ ပြောတယ်၊ ခုထက်ထိ မပေါ်လာသေးဘူး။ စိတ်တောင် တိုလာပြီ။

'အဲ မင်းကို ကျောင်းဆရာ စကား တစ်ခွန်းတော့ ပြောချင်တယ်ကွာ၊ တိုတိုပဲ ပြောမယ်၊ ဘယ်ကိစ္စမှာ ဖြစ်ဖြစ် ကာလနှင့် ဒေသကို ရွေးတတ်ရတယ်ကွ၊ တကယ်လို့ ကိုယ့်အဖေရဲ့ ယာတော အကြောင်းကို ပြောမယ်လို့ အစချီရင် အဲဒီအကြောင်းကိုပဲ ဆက်ပြောရမှာပေါ့၊ ဘာဖြစ်လို့ သူ့ဦးလေး

http://nyisay.com



ပိုလီယို ဖြစ်တဲ့ အကြောင်းကို ပြောရမှာလဲ၊ ဘာဖြစ်လို့ သူ့ဦးလေး ချိုင်းထောက် အကြောင်းကို ပြောရမှာလဲ၊ တကယ်လို့ သူ့ဦးလေးရဲ့ ချိုင်းထောက်ဟာ ပိုပြီး စိတ်ဝင်စားစရာ ကောင်းတယ်လို့ ထင်ရင်လဲ ဘာဖြစ်လို့ သူ့အဖေရဲ့ ယာတော အကြောင်းကို ပြောရမှာလဲ၊ စကတည်းက သူ့ ဦးလေးရဲ့ ချိုင်းထောက် အကြောင်းကို ပြောပေါ့၊ ငါ ပြောတာ မဟုတ်ဘူးလား၊ ဖြေစမ်း'

ကျွန်တော် ဆရာရဲ့ အမေးကိုလဲ ဖြေချင်စိတ် မရှိတော့ဘူး။ ခေါင်းကိုက်နေလို့ စိတ်တိုနေတာပဲ ရှိတော့တယ်။ အရေးထဲမှာ ခေါင်းကိုက်ရုံတင် မကဘူး၊ ဗိုက်တောင် နာလာတယ်လို့ ထင်လာတယ်။

'ဒါတော့ ကျွန်တော်လဲ မသိဘူး ဆရာ၊ ဟုတ်ပါတယ်၊ ဆရာ ပြောတဲ့ အတိုင်း တစ်ခုခုကို အဓိက ဦးတည်ပြီး ပြောသင့်တယ် ဆိုတာ မှန်ပါတယ်၊ သူ့စိတ်ထဲမှာ သူ့ဦးလေးရဲ့ ချိုင်းထောက်က ပိုပြီး စိတ်ဝင်စားစရာ ကောင်းတယ်လို့ ထင်ရင် စကတည်းက ဒီအကြောင်းကို ပြောသင့်တယ် ဆိုတာလဲ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော် ဆိုလိုတာက တစ်ခါတလေမှာ ကိုယ် လုံးဝ စိတ်မဝင်စားတာကို ပြောကြည့်လိုက်တဲ့ အခါကျတော့မှ ကိုယ် တကယ် ဘာကို စိတ်ဝင်စားသလဲ ဆိုတာကို သိလာရတဲ့ အခါတွေ ရှိတယ် ဆရာ၊ အဲဒါမျိုးကျတော့ ဘယ့်နှယ်လုပ်မလဲ ဆရာ၊ လူတစ်ယောက်ဟာ အစတုန်းကတော့ အဲဒီအကြောင်းကို သိပ်စိတ်မဝင်စားဘူး ဆရာ၊ နောက်ကျတော့မှ တဖြည်းဖြည်း စိတ်ဝင်စားလာတယ် ဆိုပါတော့၊ အဲဒါကို နဂိုဟာကိုပဲ စိတ်ဝင်စား နောက်ဟာကို စိတ်မဝင်စားနှင့်လို့ ပြောလို့ ရမလား ဆရာ၊ ကျွန်တော်ကတော့ အဲဒီလို တဖြည်းဖြည်း စိတ်ဝင်စားလာတာကို သဘောကျတယ် ဆရာ၊ ဆရာ ဗင်ဆန်က တစ်မျိုးပဲ ဆရာ၊ တစ်ခါတလေကျတော့ သူ့အတန်းမှာ စာသင်ရတာ သိပ်စိတ်ညစ်ရတယ် ဆရာ၊ အတန်းသားတွေကို ရိုးရိုး နေရမယ်၊ စည်းလုံး ညီညွတ်ရမယ်လို့ အမြဲ ဩဝါဒ ပေးနေတာပဲ၊ သူ ပြောတိုင်း ဘယ့်နှယ်လုပ်ပြီး အခါခပ်သိမ်း လုပ်လို့ ရမလဲ၊ လူတစ်ယောက်ဟာ သူ ဖြစ်စေချင်တာကို ပြောလို့ ရိုးနေစေချင်ရုံ ညီညွတ်စေချင်ရုံနှင့် ဘယ့်နှယ် လုပ်ပြီး သူ့ အလိုအတိုင်း ဖြစ်နေနိုင်မလဲ၊ ဆရာဗင်ဆန် အကြောင်းကို ဆရာ မသိဘူး၊ ဆရာဗင်ဆန်ဟာ ဉာဏ်တော့ ကောင်းပါရဲ့၊ ဦးနှောက် မရှိဘူး ဆရာ'

'ကော်ဖီ သုံးဆောင်နိုင်ပါပြီရှင်၊ ကောဖီး မင်း ငါ့ အဝတ်အစားကို ကြည့်ပြီးတော့ အပြစ် မပြောနှင့်နော်'

ဆရာကတော်က ကော်ဖီနှင့် ကိတ်မုန့်ကို ဗန်းနှင့် ထည့်ပြီး လာချတယ်။

'နေကောင်းတယ်နော် ဆရာကတော်' လို့ ကျွန်တော်က မတ်တတ်ရပ်ပြီး နှုတ်ဆက်တယ်။ ဒါပေမယ့် ဆရာက ကျွန်တော့်အင်္ကျီကို ဆွဲ အထိုင်ခိုင်းတယ်။ ဆရာကတော်ရဲ့ ခေါင်းမှာ ဆံပင်လိပ်တဲ့ သံမဏိကွင်းလေးတွေ တပ်ထားတယ်။ နှုတ်ခမ်းတို့ ဘာတို့လဲ ဆိုးမထားဘူး။ တောက်တောက်ပပကြီး မဟုတ်ပေမယ့် ကြည့်လို့ကောင်းပါတယ်။

'ကဲ အေးအေးဆေးဆေး သောက်နေရစ်ခဲ့ကြ၊ မင်း မေမေကော နေကောင်းတယ် မဟုတ်လား'

ဆရာကတော်က စားပွဲပေါ်က ဖန်ခွက်တွေကို ရှင်းပြီး ကော်ဖီဗန်းကို ချတယ်။

'ကျေးဇူးတင်ပါတယ် ဆရာကတော်၊ နေကောင်းပါတယ်၊ ကျွန်တော် မေမေနှင့် မတွေ့ရသေးပါဘူး၊ နောက်ဆုံး တွေ့တုန်းကတော့.....'

'မောင်ရေ ကောဖီး အတွက် လိုတာ ရှိရင် ယူပေးလိုက်ပါ၊ အဝတ်ဗီရိုအပေါ်ဆုံး အဆင့်မှာ ပစ္စည်းတွေ ရှိတယ်၊ ခင်တော့ ပင်ပန်းလို့ အနားယူတော့မယ်၊ ဒီက ဆိုဖာကြီးတွေကို ရွှေ့ပြီး အိပ်လို့လဲ ရပါတယ်'

ဆရာကတော်ကို ကြည့်ရတာ တကယ်လဲ ပင်ပန်းနေပုံပဲ။

'ရပါတယ်ကွာ၊ မင်း နားချင် နားပါတော့'

ဆရာကတော်က ကျွန်တော်တို့ကို နှုတ်ဆက်ပြီး အိပ်ခန်းထဲ ဝင်သွားတယ်။ ဆရာက ဆရာကတော်ကို နှုတ်ဆက်တဲ့ အနေနှင့် နမ်းတယ်။ ဆရာတို့ လင်မယားဟာ ဒီလိုပဲ လူတွေ သူတွေ ရှေ့မှာပေမယ့် နမ်းချင် နမ်းတာ။

ကျွန်တော်လဲ ကော်ဖီ တစ်ခွက်နှင့် ကိတ်တစ်ဖဲ့လောက်ကို စားတယ်။ ကိတ်မုန့်ကလဲ မာလိုက်တာဗျာ။ ကျောက်ခဲကြီး ဝါးရသလိုပဲ။ ဆရာက သူ့ဖန်ခွက် ဝိုင်းဝိုင်းလုံးလုံးထဲမှာ တစ်ခွက် ငှဲ့တယ်။ ဆရာက ဆိုဒါတောင် သိပ် မရောဘူးဗျ။ ခပ်ပြင်းပြင်းကိုမှ ချတာ။ ဒီအတိုင်းသာ ဆက်သွားနေရင်တော့ အရက်ချိုးကြီး ဖြစ်မှာ သေချာတယ်။

'လွန်ခဲ့တဲ့ နှစ်ပတ်လောက်တုန်းကတောင် မင်းအဖေနှင့် နေ့လယ်စာ စားခဲ့သေးတယ်ကွ၊ မင်း သိသလား'

'မသိဘူး ဆရာ'

'အဘိုးကြီးကတော့ မင်းအတွက် တော်တော် စိတ်ပူနေတယ်၊ မင်းလဲ သိမှာပေါ့'

'သိပါတယ် ဆရာ၊ သိပါတယ်'

'ငါ့ဆီကို တယ်လီဖုန်း မဆက်ခင်မှာပဲ မင်းတို့ကျောင်းအုပ်ကြီးဆီက တိုင်စာ ရတယ်တဲ့၊ မင်းဟာ ဘာမှ မကြိုးစားဘူးတဲ့၊ အတန်းလဲ မှန်မှန် မတက်ဘူးတဲ့၊ အတန်းထဲ လာတော့လဲ အိမ်စာတို့ ဘာတို့ ဘာမှ မလုပ်ခဲ့ဘူးတဲ့၊ အချုပ်ပြောရရင် အားလုံးလောက်မှာ.....'

'အတန်း မတက်ဘူး ဆိုတာတော့ မဟုတ်ပါဘူး ဆရာ၊ ကျွန်တော် အတန်း မှန်မှန် တက်ပါတယ်၊ ဒါပေမယ့် တစ်ခါတလေမှာတော့ ဟုတ်ပါတယ်၊ ဥပမာ နှုတ်ပြော လေ့ကျင့်ခန်းလုပ်တဲ့ နေ့တွေ ဘာတွေ ဆိုရင်တော့ ပျက်တတ်ပါတယ်၊ ကျန်တဲ့ အတန်းတွေကတော့ မပျက်ပါဘူး ဆရာ'

ကျွန်တော် ဒီအကြောင်းတွေကို သိပ်မပြောချင်ဘူးဗျ။ ကော်ဖီ ဗိုက်ထဲ ရောက်လိုက်လို့ ဗိုက်နည်းနည်းတော့ အနာ သက်သာသွားတယ်။ ဒါပေမယ့် ခေါင်းကိုက်တာကတော့ မပျောက်သေးဘူး။

ဆရာက စီးကရက် တစ်လိပ်ကို နောက်ထပ် ညှိတယ်။ ဆရာက ဆေးလိပ် ဆိုလဲ သိပ်သောက်တာ။

'အင်း မင်းကို ဘယ်လို ပြောဆို ဆုံးမရမယ်လို့တောင် မစဉ်းစားတတ်တော့ဘူးကွ'

'ဟုတ်တယ် ဆရာ၊ ကျွန်တော်ဟာ တော်တော် အပြောရခက်တဲ့ ကောင်ပါ'

'မင်းဟာ တော်တော် ကြောက်စရာ ကောင်းတဲ့ လမ်းကို လျှောက်နေပြီ ဆိုတာတော့ ငါသိတယ်ကွ၊ ဒါပေမယ့် ဘယ်လို လမ်းလဲ ဆိုတာတော့ ငါလဲ မပြောတတ်ဘူး၊ ငါ ပြောတာကို သဘောပေါက်တယ် မဟုတ်လား'

'ပေါက်ပါတယ် ဆရာ'

ဆရာဟာ ကျွန်တော့်ကို ဩဝါဒရှည်ကြီး ပေးတော့မယ်လေ။

'အသက် သုံးဆယ်လောက်လဲ ရောက်ရော အရက်ဆိုင်တကာ လှည့်ထိုင်ပြီး ကောလိပ် ကျောင်းတုန်းက ဘောလုံးသမား ဂိုက်မျိုးနှင့် ဝင်လာတဲ့ မြင်မြင်သမျှ လူတွေကို မုန်းတီး စက်ဆုပ်နေမယ့် လူမျိုး တစ်ယောက်ပဲ ဖြစ်မလား၊ ဒါမှမဟုတ် ပညာလေး ဘာလေး နည်းနည်းပါးပါး တတ်ပြီး ဒါ သူနှင့် ကျွန်တော်တို့ နှစ်ဦးပဲ သိတယ်ဗျလို့ ကြွားတတ်တဲ့ လူမျိုးကို မုန်းတဲ့ လူမျိုးပဲ ဖြစ်လာမလား၊ ဒါမှမဟုတ် ကုမ္ပဏီကြီး တစ်ခုမှာ အလုပ်ရပြီး အနားမှာ ရှိတဲ့ စာရေးမလေးကို စက္ကူညှပ်တဲ့ ကလစ်လေးနှင့် ပေါက်တတ်တဲ့ လူမျိုးပဲ ဖြစ်မလား၊ ဘယ်လို လူမျိုး ဖြစ်လာမလဲတော့ ငါလဲ မပြောတတ်ဘူး၊

http://nyisay.com



မင်း ငါ ပြောတာကို သဘောပေါက်တယ်နော်'

ကျွန်တော် ပေါက်ပါတယ်။ ဒါကြောင့် ကျွန်တော်က ပြောရတယ်။

'ပေါက်ပါတယ် ဆရာ၊ ဒါပေမယ့် လူမြင်သမျှကို မုန်းမယ် ဆိုတာတော့ မဟုတ်ဘူး ထင်တာပဲ ဆရာ၊ ဆရာ ပြောသလို ကျွန်တော် ဘောလုံးကစားတဲ့ ဘောလုံးသမားတွေကို မုန်းတယ် ဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် လူတွေ အားလုံးကိုတော့ မမုန်းပါဘူး ဆရာ၊ ကျွန်တော်ဟာ တချို့ကို ခဏ မုန်းချင် မုန်းမယ်၊ ဥပမာ ပင်ဆေကျောင်းမှာ ကျွန်တော်နှင့်အတူ နေခဲ့တဲ့ စထရက်လေတာတို့လို အက်ကလေတို့လို ကောင်မျိုးတွေကို မုန်းသလိုပေါ့ ဆရာ၊ သူတို့ကို ကျွန်တော် ခဏတော့ မုန်းတာ အမှန်ပဲ၊ ဒါပေမယ့် ကြာကြာတော့ မမုန်းပါဘူး၊ ကျွန်တော် ပြောတာကို ဆရာ သဘောပေါက်မှ ပေါက်ပါ့မလား မသိဘူး၊ ကျွန်တော် ခဏ မုန်းလိုက်ပေမယ့် သူတို့ကို မတွေ့ရင် သူတို့ ကျွန်တော့်အခန်းကို မလာရင် ထမင်းစားခန်းတို့ ဘာတို့မှာ နေ့စဉ်ရက်ဆက်လောက် မတွေ့ရတော့ရင် ကျွန်တော် သူတို့ကို အောက်မေ့လာတယ် ဆရာ၊ သူတို့ကို လွမ်းသလိုလို သတိရသလိုလို ဖြစ်လာတယ်'

ဆရာဟာ တော်တော်ကြာအောင် စကားတစ်လုံးမှ မပြောဘူး။ လမ်းထလျှောက်ပြီး သူ့အရက်ဖန်ခွက်ထဲကို ရေခဲတစ်တုံး ကောက်ထည့်လိုက်ပြီး ပြန်ထိုင်တယ်။ ဆရာဟာ တစ်ခုခုကို စဉ်းစားပြီဆိုရင် ဒီလိုပဲ။ ဒီစကားတွေကို ခုမပြောဘဲ မနက်မှ ပြောရင် ကောင်းမှာလို့ ကျွန်တော် တွေးနေတယ်။ ဒါပေမယ့် သူက တော်တော် စိတ်ပါနေတယ်။ လူတွေဟာ တစ်ဖက်သား စိတ်မဝင်စားတဲ့ အချိန်မှာ သိပ်ဆွေးနွေးချင်တာကိုး။

'ကောင်းပြီ၊ တစ်မိနစ်လောက်တော့ နားထောင်ကွာ၊ ငါ မင်းကို ပြောစရာတွေ အများကြီး ရှိတယ်၊ ခု လောလောဆယ်တော့ ငါ ကြိုက်တဲ့ စကားလုံးတွေ ရှာလို့ မရသေးဘူး၊ တစ်နေ့ကျမှ မင်းဆီကို စာတစ်စောင် ရေးမယ်၊ အဲဒီအခါကျရင် မင်းလဲ ရှင်းသွားမှာပါ၊ လောလောဆယ်တော့ ခပ်တိုတိုပဲ ပြောချင်တယ်' လို့ ပြောပြီး ဆရာဟာ စဉ်းစားနေတယ်။ ပြီးတော့မှ.....

'မင်း သွားနေတဲ့ လမ်းဟာ ချောက်ထဲကို ကျမယ့် လမ်းကွ၊ အဲဒီ ချောက်ကလဲ တော်တော် ကြောက်စရာ ကောင်းတဲ့ ချောက်၊ အဲဒီ ချောက်ထဲကို ကျနေတဲ့ လူကိုယ်တိုင် ချောက်ထဲကို ကျလို့ ကျမှန်း မသိအောင် ကျနေတဲ့ ချောက်မျိုး၊ လူ့ဘဝ တစ်ကွေ့ကွေ့မှာ လူတွေဟာ ကိုယ့် ပတ်ဝန်းကျင်ကို မကျေမနပ် ဖြစ်လာတတ်တဲ့ အခါတွေ ရှိတယ်၊ ကိုယ့် ပတ်ဝန်းကျင်က မပေး

နိုင်တဲ့ အရာတွေကို တောင်းဆိုလာတတ်တဲ့ အခါတွေ ရှိတယ်၊ ဒီတင် ရှေ့နောက် မစဉ်းစားတော့ဘဲ လုပ်ချင်ရာတွေကို လျှောက်လုပ်လာကြတော့တာပဲ၊ ကိုယ်က ဘာမှ ကြိုးစားခြင်း မရှိတော့ဘဲ ရမ်းလာတတ်တာတွေ ရှိတယ်၊ အဲဒီလို လူတွေဟာ တစ်နေ့မှာ ကြောက်စရာကောင်းတဲ့ ချောက်ကြီးထဲကို ကျသွားကြတာပဲ၊ မင်း ငါပြောတာကို နားလည်တယ်နော်'

'နားလည်ပါတယ် ဆရာ'

'သေချာတယ်နော်'

'သေချာပါတယ် ဆရာ'

ဆရာဟာ ထိုင်ရာက ထပြီး သူ့ဖန်ခွက်ထဲကို အရက်နည်းနည်း ထပ်ထည့်တယ်။ ပြီးတော့ ပြန်ထိုင်တယ်။ အချိန် အတော်ကြာသည် အထိ စကားတစ်လုံးမှ မပြောဘဲ ငူငူကြီး ထိုင်နေတယ်။

'မင်းကို ငါ ကြောက်အောင် လန့်အောင်တော့ မပြောချင်ပါဘူးကွာ၊ ဒါပေမယ့် မင်းဟာ ဘာမှ တန်ဖိုး မရှိတဲ့ အကြောင်းကိစ္စ အတွက် သူရဲကောင်းကြီး လုပ်ပြီး သေချင်နေတယ်လို့ ငါ ထင်တယ်'

ဆရာက ကျွန်တော့်ကို လှောင်သလို ကြည့်နေတယ်။

'မင်းအတွက် ငါ စာတစ်စောင် ရေးလိုက်ရင် သေသေချာချာ ဖတ်ပြီး သိမ်းထားပါ့မယ်လို့ ကတိပေးနိုင်မလား'

'ပေးနိုင်ပါတယ် ဆရာ'

တကယ်လဲ ဟုတ်ပါတယ်။ ဆရာပေးတဲ့ စာတွေကို ကျွန်တော် သိမ်းထားတာပဲ မဟုတ်လား။

ဆရာဟာ အခန်းထောင့်မှာရှိတဲ့ စာရေးစားပွဲဆီကို သွားထိုင်ပြီး စက္ကူတစ်ရွက်ပေါ်မှာ ရေးနေတယ်။ ပြီးတော့ စာရွက်လေးကို ကိုင်ပြီး ကျွန်တော့်အနားမှာ ပြန်ထိုင်တယ်။

'မင်းဖို့တော့ ဆန်းနေမလား မသိဘူး၊ ခုစာကြောင်းလေးက လက်တင်ကဗျာဆရာ တစ်ယောက် ရေးတာတော့ မဟုတ်ဘူးကွ၊ ဝီလျံ စတက်ကယ် ဆိုတဲ့ စိတ်ပညာရှင် တစ်ယောက် ရေးတာ၊ ဟောဒီမှာ သူ ရေးထားတာက၊ မင်း ငါပြောတာ စိတ်ဝင်စားတယ် နော်'

'စိတ်ဝင်စားပါတယ် ဆရာ'

'ဟောဒီမှာ သူ ရေးထားတာက မရင့်ကျက်သောသူသည် အရေးကိစ္စတစ်ခုအတွက် သူရဲကောင်း ပီသစွာ သေလို၏၊ ထို လက္ခဏာသည် မရင့်ကျက်

သောသူ၏ လက္ခဏာချက် ဖြစ်သည်၊ ရင့်ကျက်သောသူ အဖို့ကား အရေးကိစ္စ တစ်ခုအတွက် ကျိုးနွံစွာ အသက်ရှင် နေထိုင်လို၏၊ ဤသည်မှာ ရင့်ကျက်သူ၏ လက္ခဏာချက် ဖြစ်၏တဲ့'

ဆရာက ကုန်းပြီး စာရွက်ကလေးကို ကျွန်တော့်ကို လှမ်းပေးလိုက်တယ်။ ကျွန်တော်ကလဲ သူ့ရှေ့မှာတင် ချက်ချင်း ကောက်ဖတ်လိုက်ပြီး ကျေးဇူးတင် စကား ပြောပြီး အိတ်ထဲကို ထည့်လိုက်တယ်။ ကျွန်တော့်အတွက် ဆရာ ဒုက္ခ ခံတာကို ကျွန်တော် ဝမ်းသာတယ်။ စာကယ်ပါ။ ဒါပေမယ့် ကျွန်တော်ကတော့ သိပ်ပြီး စိတ်မဝင်စားနိုင်တော့ဘူးဗျ။ တော်တော့်ကို ပင်ပန်းနေပြီ။

ဒါပေမယ့် ဆရာ့ကို ကြည့်ရတာက နည်းနည်းမှ ပင်ပန်းပုံ မပေါ်ဘူး။ အရှိန် ရနေတယ်။ အာသွက်နေတယ်။

'မကြာခင်မှာ မင်း ဘယ်ကို သွားချင်တယ် ဆိုတာ မင်းဘာသာမင်း သိလာ တွေ့လာလိမ့်မယ်၊ အဲဒီလို တွေ့လာပြီ ဆိုရင် မင်း အဲဒီလမ်းကို လျှောက်တော့မှာပဲ၊ ဒါပေမယ့် အဲဒီလမ်းကို မြန်မြန် ရွေးရလိမ့်မယ်နော်၊ သိပ် နောက်ကျလို့ မဖြစ်ဘူး၊ အထူးသဖြင့် မင်းအဖို့ နောက်ကျလို့ မဖြစ်ဘူး'

သူက ကျွန်တော့်ကို ကြည့်ပြောနေတဲ့အတွက် ကျွန်တော် ခေါင်းညိတ်ပြလိုက်ရတယ်။ ဒါပေမယ့် သူ ဘာပြောနေတယ် ဆိုတာကို ကျွန်တော် မသိချင်တော့ဘူးဗျ။ ဝိုးတိုးဝါးတားလောက်တော့ သိတာပေါ့ဗျာ။ ဒါပေမယ့် ပီပီပြင်ပြင်တော့ မဟုတ်တော့ဘူး။ ကျွန်တော်လဲ တော်တော်ပဲ ပင်ပန်းနေပြီလေဗျာ။

'ပြီးတော့ ငါ မပြောချင်ဘဲ နှင့် ပြောရမှာ တစ်ခု ရှိသေးတယ်၊ ဘယ်လမ်းကို မင်း လျှောက်မလဲလို့ မင်းဘာသာ မင်း အတော်အတန် စဉ်းစားသဘောပေါက်ပြီ ဆိုရင် ပထမဆုံး မင်းလှမ်းရမယ့် ခြေလှမ်းက ကျောင်းဘက်ကို လှမ်းရမယ်၊ ကျောင်းမှာ သပ္ပာယ ဖြစ်အောင် နေရမယ်၊ မနေလို့ ဖြစ်ကို မဖြစ်ဘူး၊ မင်းဟာ ကျောင်းသား တစ်ယောက်၊ မင်း ကြိုက်သည် ဖြစ်စေ မကြိုက်သည် ဖြစ်စေ မင်းဟာ ကျောင်းသား၊ မင်းဟာ ပညာ ရှာနေတဲ့သူ၊ ဆရာ ဗိုင်းနက်တို့ နှုတ်ပြော လေ့ကျင့်ခန်းတို့ ဆိုတာတွေကို ဖြတ်သန်းပြီးရင်'

'ဆရာ ဗိုင်းနက် မဟုတ်ဘူး ဆရာ၊ ဆရာ ဗင်ဆန်' လို့ ကျွန်တော်က ဝင်ထောက်လိုက်တယ်။ ဆရာ ဗင်ဆန်လို ကျောင်းဆရာမျိုးတွေကို သူ ပြောနေတာလေ။ အမှန်ကတော့ ကျွန်တော် ကြားဖြတ် ပြောဖို့တော့ မကောင်းဘူးပေါ့။

'အေး ထားပါလေ ဆရာ ဗင်ဆန်၊ အဲဒီ ဗင်ဆန်တို့လို လူတွေဆိုတာ ခဏတစ်ဖြုတ် တွေ့လိုက်ရတဲ့ လူတွေပါကွာ၊ အဲဒီ လူတွေကို တွေ့ပြီးတဲ့နောက်

http://nyisay.com



အဲဒီလူတွေကို ကျော်ဖြတ်ပြီးတဲ့နောက် ကျရင် မင်းကြိုက်တဲ့ မင်းလိုချင်တဲ့ အသိပညာမျိုးနှင့် တဖြည်းဖြည်း နီးလာမှာပါ၊ ရလာမှာပါ၊ တကယ်လို့ အဲဒီ အသိပညာမျိုးကိုလဲ မင်းက လိုချင်တယ် ရှာဖွေတယ် စောင့်ဆိုင်းတယ် ဆိုရင် ပေါ့လေ၊ လူတွေကို မကြိုက်တဲ့လူ၊ လူတွေရဲ့ အပြုအမူတွေကို နားမလည်တဲ့ လူ၊ လူတွေကို ကြောက်တဲ့လူ၊ အို တို့လောကမှာ မင်း တစ်ဦးတည်း ရှိတာ မဟုတ်ပါဘူး၊ မင်းလို လူတွေ အများကြီးပဲ ဆိုတာ မင်း တွေ့လာမှာပါ၊ လူ တွေကို နားမလည်တာ ကြောက်တာ မုန်းတာဟာ မင်း တစ်ယောက်တည်း မဟုတ်ဘူး၊ ဒါကို မင်း နောင်တော့ သိလာလိမ့်မယ်၊ အလျင်တုန်းက တချို့ လူတွေဟာလဲ မင်းလိုပဲ စိတ်ပျက်ခဲ့ကြဖူးတယ်၊ စိတ်ဓာတ် ကျခဲ့ရဖူးတယ်၊ စိတ်ဒုက္ခ ရောက်ခဲ့ကြရဖူးတယ်၊ မကျေမနပ် ဖြစ်ခဲ့ကြရဖူးတယ်၊ တချို့ကတော့ သူတို့ စိတ်ဒုက္ခတွေ သူတို့ စိတ်ဓာတ်ကျခဲ့တာတွေကို ပျော်ပျော်ကြီး မှတ်တမ်း တင်သွားခဲ့ကြတယ်၊ သူတို့ကို မင်း လေ့လာရမယ်၊ သူတို့ဆီက သင်ခန်းစာ ယူရမယ်၊ မင်း လိုချင်တယ် ဆိုရင်ပေါ့ကွာ၊ ကိုယ့်အလှည့်ကျတော့လဲ သင်ခန်း စာ ပြန်ပေးရမယ်၊ တစ်နေ့နေ့ကျရင် မင်းမှာလဲ တစ်ခုခု ပေးစရာ ရှိလာလိမ့် မယ်၊ တစ်ယောက်ယောက်ကလဲ မင်းဆီက တစ်ခုခုကို လေ့လာ သင်ယူလာ ရမှာပဲ၊ ဘယ်လောက် ပျော်စရာ ကောင်းတဲ့ အပြန်အလှန် ဆက်သွယ်မှုလဲ၊ ဒါဟာ ပညာရေး မဟုတ်ဘူးကွ၊ ဒါဟာ သမိုင်း၊ ဒါဟာ ကဗျာ’

ဆရာက စကားကို ရပ်ပြီး ဖန်ခွက် လုံးလုံး ဝိုင်းဝိုင်းထဲက တစ်ကျိုက် ကျိုက်တယ်။ ပြီးတော့မှ စကား ဆက်ပြောတယ်။ ကိုယ့်လူရေ ဆရာကတော့ တော်တော်ကို စိတ်ပါနေပြီ။ တော်တော်ကို ဟော့နေပြီ။ ကျွန်တော် သူ့စကားကို ဝင်ဖြတ်မပြောမိလို့ ဝမ်းသာရတယ်။

‘ပညာတတ်တွေ သုခမိန်တွေမှာ လူ့လောကကြီးရဲ့ ကောင်းကျိုးကို ဆောင်နိုင်တယ်လို့ ငါ မပြောချင်ပါဘူး၊ အမှန်ကတော့ သူတို့လဲ ကောင်းကျိုး ဆောင်နိုင်တာ မဟုတ်ပါဘူး၊ ဒါပေမယ့် ထက်မြက်ပြီး တီထွင်မှုရှိတဲ့ ပညာ တတ်တွေနှင့် သုခမိန်တွေကတော့ အဖိုးတန်တဲ့ မှတ်တမ်းတွေကို အများကြီး ထားနိုင်ခဲ့တယ် ဆိုတာကိုတော့ ငါ ပြောချင်တယ်၊ တစ်ခုတော့ ရှိတယ်ပေါ့လေ၊ ပညာတတ်တွေ သုခမိန်တွေထဲမှာ ထက်မြက်ပြီး တီထွင်မှု ရှိတဲ့သူ ရှားတော့ ရှားတယ်ပေါ့လေ၊ သူတို့ဟာ သူတို့အတွေးတွေကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ် သားသား ဖော်ပြနိုင်စွမ်း ရှိကြတယ်၊ အဲဒီ အတွေးတွေကို အဆုံးအထိ ဆုပ်ကိုင်ဖို့ ဇွဲနှင့် ရဲတဲ့ သတ္တိ ရှိကြတယ်၊ ပိုပြီး အရေးကြီးတာက ပညာတတ်တဲ့ တွေးခေါ်ရှင်

ဆယ်ယောက်မှာ ကိုးယောက်ဟာ စာမတတ်တဲ့ တွေးခေါ်ရှင်တွေထက် ရိုကျိုးနှိမ်ချမှု ရှိကြတယ်၊ မင်း ငါပြောတာကို နားလည်တယ် မဟုတ်လား'

'နားလည်ပါတယ် ဆရာ'

ဆရာဟာ အချိန် တော်တော်ကြာကြာ ဆိုင်းနေပြန်တယ်။ ခင်ဗျားတော့ ကြုံဖူးမလား မသိဘူး၊ တစ်ဖက်က ပြောဖို့ တွေးနေတုန်းမှာ ကိုယ်က အနားမှာ ငူငူကြီး ထိုင်နေရတာဟာ တော်တော် ခက်တဲ့ အလုပ်ဗျ။ ကျွန်တော်က မသမ်းမိအောင် သတိထားနေရတယ်။ ဆရာ ပြောတာတွေကို ကြားရတာ ငြီးငွေ့လို့ ဘာလို့ရယ်တော့ မဟုတ်ပါဘူး။ ပင်ပန်းပြီး အိပ်ချင်နေလို့ပါ။

'မင်းဟာ ကျောင်းပညာကို သင်ရမယ်ကွ၊ ကျောင်းပညာကို အချိန်တော်တော် ကြာကြာ သင်သွားရင် မင်း စိတ်သဘောထားဟာ ဘယ်အရွယ် ပမာဏ ရှိတယ် ဆိုတာကို မင်း သိလာလိမ့်မယ်၊ မင်းစိတ်ဟာ ဘာနှင့် တော်တယ် မတော်ဘူး၊ ဘာနှင့် သင့်တယ် မသင့်ဘူး ဆိုတာကို သိလာလိမ့်မယ်၊ အတန်ကြာလာတဲ့ အခါကျတော့ မင်းစိတ်ဟာ ဘယ်လို အတွေးမျိုးနှင့် တော်တယ် မတော်ဘူး ဆိုတာ မင်း နားလည်လာလိမ့်မယ်၊ ကျောင်းပညာကို သင်လိုက်တယ် ဆိုရင် ကိုယ့်စိတ်အထာနှင့် ဘယ်အတွေးနှင့် ကိုက်တယ် မကိုက်ဘူး ဆိုတာကို ရှာတဲ့ နေရာမှာ အချိန်ကုန် သက်သာသွားတာပေါ့ကွာ၊ အဲဒီတော့ ကိုယ့်အတိုင်းအထွာကို မြန်မြန် သိပြီး ကိုယ်နှင့် ကိုက်တဲ့ အဝတ်အစားကို မြန်မြန် ချုပ်ဝတ်နိုင်တာပေါ့'

ဒီလို ပြောနေတုန်းမှာ ကျွန်တော် သမ်းလိုက်မိတယ်။ ကျွန်တော်ဟာ တော်တော် ရိုင်းတဲ့ ကောင်ပါလား။ ဒါပေမယ့် မတတ်နိုင်ဘူးလေဗျာ။

ဆရာက ကျွန်တော့်ကို ကြည့်ပြီး ပြုံးတယ်။

'ကဲ လာ လာ ဆိုဖာတွေ ရွှေ့ရအောင်'

ဆရာက အဝတ်ဗီရိုဆီကို သွားပြီး ကျွန်တော့်ဖို့ အိပ်ရာခင်းနှင့် စောင်တွေကို သွားထုတ်တယ်။ ဒါပေမယ့် သူ့လက်ထဲမှာ ဖန်ခွက်ကြီး ကိုင်ထားတော့ လုပ်လို့ အဆင်မပြေဘူးလေ။ ဒါနှင့် ဆရာက ဖန်ခွက်ထဲက အရက်တွေကို မော့ချလိုက်ပြီး ခွက်ကို ကြမ်းပြင်ပေါ်မှာ ချလိုက်တယ်။ ဆရာက ဗီရိုထဲက ပစ္စည်းတွေကို ထုတ်တော့ ကျွန်တော်လဲ ကူထုတ်ပေးပြီး ဆိုဖာဆီကို သယ်ပေးတယ်။ ပြီးတော့ ဆရာ တပည့် နှစ်ယောက် အိပ်ရာပြင်ကြတယ်။ ဆရာက ခုတော့ အေးအေးဆေးဆေးပဲဗျ။ ဆရာဟာ အရက် နည်းနည်း မူးသွားပြီဆိုရင် ဒီလိုပဲ ခပ်လေးလေး ဖြစ်သွားတတ်တယ်။ ကျွန်တော်ကတော့ ကိစ္စ မရှိပါဘူး။

သူ အိပ်ရာ ခင်းမပေးလဲ မတ်တတ်အိပ် ဆိုရင် အိပ်နိုင်တဲ့ ကောင်မျိုး။

'မင်း ကောင်မလေးတွေ အခြေအနေကကော'

'အိုကေပါတယ် ဆရာ' လို့ ပြောလိုက်တယ်။ ကျွန်တော်ဟာ စကားပြော သန့်တဲ့ကောင် တစ်ယောက်ပါပဲ။ ဒါပေမယ့် ခုတော့ မပြောချင်ဘူးဗျာ။

'ဆယ်လီ ဆိုတဲ့ ကောင်မလေးကော'

ဆရာနှင့် ကျွန်တော်က မိတ်ဆက်ပေးထားလို့ ဆရာက ဆယ်လီကို သိနေတယ်လေ။

'ရှိတယ် ဆရာ၊ ညနေကတောင် ကျွန်တော်နှင့် ဒိတ်လုပ်ခဲ့သေးတယ်၊ ကျွန်တော်တို့ နှစ်ယောက်မှာ တူညီတာဆိုလို့ ဒါပဲ ရှိတယ်လေ ဆရာ'

ကိုယ့်လူရေ ညနေကလို့သာ ပြောလိုက်ရပေမယ့် ကျွန်တော့် စိတ်ထဲမှာ အနှစ် နှစ်ဆယ်လောက် ကြာသွားပြီ ထင်မိတယ်။

'ကောင်မလေးက ချောသားပဲကွ၊ ဟိုကောင်မလေးကောကွ၊ မိန်းတုန်းက မင်း ငါ့ကို ပြောပြောနေတဲ့ ကောင်မလေးလေ'

'ဂျိမ်းလား ဆရာ၊ သူလဲ ရှိပါတယ်၊ မနက်ဖြန်ကျရင် သူ့ကိုတောင် တယ်လီဖုန်း ဆက်မလို့'

ကျွန်တော်တို့ နှစ်ယောက် အိပ်ရာပြင်လို့ ပြီးသွားတော့ ဆရာက 'ကဲ သဘောရှိ အိပ်ပေတော့ဗျား၊ မင်းခြေထောက်က ရှည်တော့ နည်းနည်းတော့ ကွေးရလိမ့်မယ် ထင်တယ်'

'ရပါတယ် ဆရာ၊ ကျွန်တော်က ခုတင် သေးသေးလေးတွေပေါ်မှာ အိပ်နေကျပါ၊ ဆရာရော ဆရာကတော်ရော ကျေးဇူးပါပဲ ဆရာ၊ ဒီနေ့ညတော့ ကျွန်တော့် အသက်ကို ဆရာတို့ ကယ်လိုက်တာပါ'

'ရေချိုးခန်းကို သွားတတ်တယ်နော်၊ လိုရင်လဲ ငါ့ကို ခေါ်ကွာ၊ ငါ မီးဖိုထဲမှာ ရှိနေဦးမှာ၊ မီးဖွင့်ထားရင်ကော အိပ်တတ်ရဲ့လား'

'ရပါတယ် ဆရာ၊ ကျေးဇူးပါ'

'ကဲ ဂွတ်နိုက်'

'ဂွတ်နိုက် ဆရာ'

ဆရာ မီးဖိုထဲ ဝင်သွားတော့ ကျွန်တော်လဲ ရေချိုးခန်းထဲ ဝင်လာပြီး အဝတ်အစား လဲတယ်။ ကျွန်တော့်မှာ သွားပွတ်တံ ပါမလာတော့ သွားတိုက်လို့ မရတော့ဘူးလေ။ ပြီးတော့ ကျွန်တော့်မှာ ညဝတ်အင်္ကျီလဲ မပါဘူး။ ဆရာကလဲ မေ့နေပုံရတယ်။ ဒါနှင့် ကျွန်တော်လဲ ဧည့်ခန်းထဲ ပြန်ဝင်လာပြီး ဆိုဖာ ဘေးနား

က မီးခလုတ်ကို ပိတ်လိုက်တယ်။ ဘောင်းဘီတိုလေးနှင့်ပဲ ဆိုဖာပေါ်ကို လှဲလိုက်တယ်။ ဆိုဖာက ခပ်တိုတိုလေး ဖြစ်နေတာတော့ အမှန်ပဲဗျ။ ဒါပေမယ့် ကျွန်တော်ဆိုတဲ့ ကောင်က မတ်တတ်ရပ်လျက်တောင် အိပ်နိုင်တဲ့ ကောင်ပါ။ ကျွန်တော်လဲ စက္ကန့် အတော်ကြာသည်အထိ အိပ်မပျော်သေးဘဲ ဆရာ ပြောသွားတဲ့ စကားတွေကို စဉ်းစားနေမိတယ်။ ဆရာက ကိုယ့် စိတ်ရဲ့ အရွယ်ပမာဏ သိအောင် လုပ်ရမယ်တဲ့။ ဆရာဟာ တော်တော် တော်တဲ့လူ။ ဒါပေမယ့် ဒါတွေကို ကျွန်တော် ကြာကြာ မတွေးနိုင်ဘူး။ ခဏကြာတော့ ကျွန်တော် အိပ်ပျော်သွားတယ်။

## ၂၅

မနက်လင်းတော့ ဆရာ့ကို နှုတ်ဆက်ပြီး ထွက်လာခဲ့တယ်။ ကျွန်တော် ထွက်လာတော့ လမ်းမီးတွေတောင် ငြိမ်းကုန်ပြီ။ လေက အေးစိမ့်နေတယ်။

ဘယ်သွားရမလဲလို့ ကျွန်တော် မသိဘူး။ တည်းခိုရိပ်သာတို့ ဘာတို့ကိုလဲ မသွားချင်ဘူး။ ညီမလေး ပေးလိုက်တဲ့ ပိုက်ဆံကလေးကို မသုံးရက်ဘူးလေ။ ဒါနဲ့ ကျွန်တော် လက်ဖဝါးတန် ရပ်ကွက် လျှောက်လာပြီး အဲဒီကမှ မြေအောက်ရထားနဲ့ ဘူတာကြီးကို လာခဲ့တယ်။ ဘူတာရုံမှာ အပ်ထားခဲ့တဲ့ ကျွန်တော့် လက်ဆွဲ သေတ္တာ ရှိနေသေးတယ်။ အဲဒီ ရောက်တော့မှ မီးရထား ဘူတာရုံ ခုံရှည်ကြီးတွေ အရှိသားပဲ၊ အဲဒီမှာ အိပ်ရရင် ကောင်းမှာလို့ ကျွန်တော် စိတ်ကူးမိတယ်။ ဒါနဲ့ ကျွန်တော် အဲဒီ ခုံရှည်ကြီးပေါ်မှာ ဒူးထောင်ပြီး လှဲအိပ်လိုက်တယ်။ ခဏတော့ အိပ်လို့ ကောင်းပါရဲ့။ အဲဒီအချိန်မှာ လူတွေက သိပ်မရှုပ်သေးဘူးကိုး။ ဒါပေမယ့် ကြာတော့ လူတွေ များလာတယ်ဗျ။ ဘူတာရုံတို့ ဘာတို့ထဲမှာ သွားမအိပ်လေနဲ့၊ သိပ်စိတ်ညစ်ရတယ်။

မနက် ကိုးနာရီလောက် အထိ ကျွန်တော် အိပ်လိုက်ရတယ်။ အဲဒီအချိန်ကျတော့ ဘူတာထဲကို လာလိုက်တဲ့ ခရီးသည်တွေဗျာ၊ တစ်သန်းလောက်များ ရှိမလား မဆိုနိုင်ဘူး။ ကျွန်တော်ကလဲ ဒူးကြီး နှစ်လုံးထောင်ပြီး အိပ်နေတာကိုး။ ဒါနဲ့ ကျွန်တော် ထထိုင်တယ်။ ခေါင်းကတော့ ကိုက်နေတုန်းပဲ။ ပိုပြီးတောင် ဆိုးလာသလိုပဲ။ ကျွန်တော့် တစ်သက်မှာ ဒီလောက် တစ်ခါမှ စိတ်ဓာတ် မကျဖူးသေးဘူးဗျာ။ တကယ်ပဲ။

တစ်ကိုယ်လုံးလဲ ခိုက်ခိုက်တုန်နေပြီ။ ကျွန်တော့်မှာ မျက်နှာသုတ်ဖို့ လက်ကိုင်ပဝါလေးတောင် မရှိတော့ဘူး။ သေတ္တာထဲမှာတော့ ရှိပါရဲ့။ ဒါပေ

http://nyisay.com



မယ့် လူမြင်ကွင်းမှာ သေတ္တာကြီး ဖွင့်ပြီး ထုတ်နေရတာကတော့ မကောင်းပါဘူးဗျာ။ အောက်တာပေါ့။

ကျွန်တော့်ဘေး ခုံတန်းပေါ်မှာ ဖတ်ပြီး ချပစ်ခဲ့တဲ့ မဂ္ဂဇင်းဟောင်းတစ်စောင် ရှိတယ်။ ဒါနှင့် စိတ်မကောင်းစရာတွေ မစွကွးမိအောင် ဆိုပြီး မဂ္ဂဇင်းကို ကောက်ဖတ်ကြည့်တယ်။ ဒါပေမယ့် အဲဒီထဲက သောက်ဆောင်းပါးတွေ ဖတ်လိုက်ခါမှ ကျွန်တော့်မှာ ပိုပြီး စိတ်ညစ်ရတယ်။ ဆောင်းပါးက ဟော်မုန်းဓာတ် အကြောင်း ရေးထားတဲ့ ဆောင်းပါးဗျ။ ကျန်းမာတဲ့ လူတစ်ယောက် ဟော်မုန်းဓာတ် ပုံမှန်ရှိတဲ့ လူတစ်ယောက်ဟာ မျက်နှာ ဘယ်လို ရှိတယ်၊ အသွင်အပြင် ဘယ်လို ရှိတယ်၊ အချိုးအစား ဘယ်လို ရှိတယ် ဆိုတဲ့ အကြောင်းတွေကို ရေးထားတဲ့ ဆောင်းပါး။ သောက်ကျိုးနည်း ဒီအတိုင်းဆိုရင် ကျွန်တော့် အချိုးအစား ကျွန်တော့် အရပ်အမောင်းက ပုံမှန် မဟုတ်ပါလား။ ကျွန်တော့်ပုံက အဲဒီ ဆောင်းပါးထဲမှာ ပြထားတဲ့ ပုံမှန် မဟုတ်တဲ့ ကောင်လေးရဲ့ ပုံနှင့် တူနေတယ်လို့ ထင်မိတယ်။ အဲဒီ ဆောင်းပါး ဖတ်ပြီး ကျွန်တော် ဟော်မုန်း အကြောင်းကို တွေးနေမိတယ်။ နောက် ဆောင်းပါး တစ်ပုဒ် ဖတ်ကြည့်ပြန်တယ်။ အဲဒီ ဆောင်းပါးက ကင်ဆာ ဖြစ်ရင် ဘယ်လိုလုပ်ပြီး ကြိုတင်သိနိုင်သလဲ ဆိုတဲ့ ဆောင်းပါးဗျ။ ပါးစပ်ထဲမှာ နာနေတာ၊ အာခေါင် ကွဲနေတာကို မြန်မြန် ပျောက်မသွားလို့ရှိရင် ကင်ဆာရဲ့ လက္ခဏာပဲတဲ့။ ဟုတ်သလား မသိဘူး။ ကျွန်တော့် နှုတ်ခမ်း အတွင်းဘက်မှာ နာနေတာ နှစ်ပတ်လောက် ရှိပြီ။ ခုထက်ထိ မပျောက်သေးဘူး။ ကျွန်တော့်မှာများ ကင်ဆာ ဖြစ်ချင်နေပြီလား မသိဘူး။ ဒီသောက် မဂ္ဂဇင်း ဖတ်ရတာ စိတ်ညစ်စရာကြီးပါလားဗျာ။ ဒါနှင့် ကျွန်တော် မဂ္ဂဇင်းကို ချထားလိုက်ပြီး အပြင်ကို ထွက်လာခဲ့တယ်။

ကျွန်တော့်ကိုယ် ကျွန်တော်တော့ ကင်ဆာဖြစ်ပြီး သေမယ်လို့ပဲ ထင်နေတယ်။ ဟုတ်ပါတယ်။ တကယ် ဖြစ်နေပြီ ထင်တာပဲ။ ဒါတွေကို တွေးရင်း စိတ်က ပိုပြီး ညစ်သည်ထက် ညစ်လာတယ်ဗျာ။

ကြည့်ရတာကတော့ မိုးရွာတော့မလိုပဲ။ ဒါပေမယ့် ကျွန်တော် ဆက်လျှောက်လာခဲ့တယ်။ မနက်စာ တစ်ခုခုလဲ စားချင်သေးတယ်လေ။ ဆာတော့ မဆာပါဘူး။ ဒါပေမယ့် အိပ်ရာထမှာ တစ်ခုခုတော့ စားသင့်တယ် ဆိုပြီး လာခဲ့တာပဲ။ ဗိုက်တာမင်လေး ဘာလေး ပါတဲ့ စားစရာ တစ်ခုခုပေါ့။ ဒါနှင့် ကျွန်တော် အရှေ့ဘက်ကို လျှောက်လာခဲ့တယ်။ အရှေ့ပိုင်းမှာ ခပ်ပေါပေါ ပျော်ပွဲစားရုံလေးတွေ ရှိတာကိုး။ ပိုက်ဆံ ချွေတာချင်တယ်လေ။

လေလွင့်သူ

လျှောက်လာတုန်းက လမ်းမှာ နာတာလူး သစ်ပင်ကြီး တစ်ပင်ကို ထရပ်ကားပေါ်က ထမ်းချနေတဲ့ ဘဲနှစ်ပွေကို တွေ့တယ်။ 'ဟော့ကောင် ဒါကြီးကို သေသေချာချာ ကိုင်ထားပါကွ၊ ဒီသောက် နာတာလူးပင်ကြီး ငါ့အပေါ် ကျလာ လိမ့်မယ်' တဲ့။ သခင်ယေရှု ကယ်တော်မူပါ ဘုရား။ နာတာလူးပင် အကြောင်း ပြောပုံ ဘယ်လောက် သင်းသလဲဗျာ။ တော်တော်တော့ ဟားရတယ်။ ကျွန်တော် ကလဲ သူတို့ စကားကို တွေးမိပြီး တစ်ယောက်တည်း ရယ်လာမိတယ်။ ဒါ ပေမယ့် ရယ်မိတာ မှားသွားပြီ ထင်တယ်ဗျ။ ကျွန်တော် ရယ်လာတုန်းမှာ ရင်ထဲက အလိုလို ပျို့ပြီး အန်ချင်သလိုလို ဖြစ်လာတယ်။ နောက်ဆုံးတော့ နည်းနည်း အန်ချလိုက်တယ်။ ဒါပေမယ့် မများပါဘူး။ ချက်ချင်း ရပ်သွားတယ်။ ဘာဖြစ်လို့မှန်းတော့ မသိဘူး။ မသန့်ရှင်းတဲ့ အစားအသောက်တို့ ဘာတို့လဲ ကျွန်တော် မစားခဲ့ပါဘူး။ ပြီးတော့ ထုံးစံအားဖြင့် ကျွန်တော့် ဗိုက်က သိပ် ကျန်းမာတဲ့ ဗိုက်။ တော်တော် တန်တန်နှင့် ဘာမှ ဖြစ်တာ မဟုတ်ဘူး။ ပျောက်သွားပေမယ့် နည်းနည်း စားလိုက်ရင် ပိုကောင်းမယ်လို့ ထင်တယ်။ ဒါကြောင့် အရှေ့ဘက်ကို ကျွန်တော် ဆက်လျှောက်လာခဲ့တယ်။ ခပ်ပေါပေါ ဆိုင်လေး တစ်ဆိုင်ထဲ ဝင်ပြီး ကော်ဖီနှင့် ပေါင်မုန့် မှာလိုက်တယ်။ ဒါပေမယ့် မျိုမရလို့ ပေါင်မုန့်ကိုတော့ မစားလိုက်ပါဘူး။ တစ်ခုခု စိတ်ညစ်စရာကို တွေး နေတုန်းမှာဆိုရင် မျိုလို့ မရတတ်ဘူးလေ။ စားပွဲထိုးကလေးက တော်ရှာပါတယ်။ ကျွန်တော် မစားတော့ ပိုက်ဆံမယူဘူး။ ပြန်သိမ်းသွားတယ်။ ကော်ဖီကိုတော့ ကုန်အောင် သောက်လိုက်တယ်။ ပြီးတော့ ပဉ္စမ ရိပ်သာ လမ်းမကြီး ဘက်ကို လျှောက်လာခဲ့တယ်။

အဲဒီနေ့က တနင်္လာနေ့။ နာတာလူးပွဲတော် နီးနေလို့ ဆိုင်တွေ အားလုံး ဖွင့်ထားကြတယ်။ ပဉ္စမရိပ်သာ လမ်းမကြီးပေါ် လျှောက်ရတာ မဆိုးပါဘူး။ နာတာလူး ပွဲတော်ရက် ကျနေတာပဲ။ ဆိုင်တွေထဲမှာ အမွေးတွေ ထိုးထိုး ထောင်ထောင်နှင့် ဆန်တာကလော့စ် ရုပ်ကြီးတွေကလဲ ခေါင်းလောင်းတွေကို တီးလို့။ နှုတ်ခမ်းနီတို့ ဘာတို့ မဆိုးရတဲ့ ကယ်တင်ခြင်းတပ်က ကောင်မလေး တွေကလဲ ခေါင်းလောင်းတွေ တီးလို့။ ကျွန်တော်ဟာ ကျွန်တော် တွေ့ခဲ့တဲ့ ခြင်းတောင်းတွေ ဆွဲထားတဲ့ သီလရှင်နှစ်ပါးကို လိုက်ရှာနေမိတယ်။ ဒါပေမယ့် မတွေ့ပါဘူး။ ဘယ်တွေ့မလဲလေ၊ သူတို့က နယူးရော့ကမှ မဟုတ်တာ။ နယူး ရော့မှာ ဆရာမ လုပ်ဖို့လာတဲ့ သီလရှင်တွေ မဟုတ်လား။ ဒါပေမယ့် ဘာပဲ ဖြစ်ဖြစ် ကျွန်တော်ကတော့ အဲဒီ သီလရှင် နှစ်ပါးကို လိုက်ရှာနေမိတယ်။

http://nyisay.com



ကြည့်ရတာကတော့ တကယ့် နာတာလူးရက်နှင့် တူနေတယ်။ ကလေးလေးတွေက သူတို့ အမေတွေနှင့် ဘတ်စ်ကားပေါ်က ဆင်းလာလိုက်ကြ၊ တက်သွားလိုက်ကြ၊ ဆိုင်တွေထဲကို ဝင်သွားလိုက်ကြ၊ ဆိုင်တွေထဲက ထွက်လာလိုက်ကြနှင့်။ ခုနေ ညီမလေး ဖီဘီများ တွေ့မလား မသိဘူး။ သူနှင့် တွေ့ရရင် ကောင်းမှာဗျ။ ညီမလေးက ကစားစရာ ဆိုင်တွေထဲမှာ မျက်လုံးပြူးလေးနှင့် ဟိုလျှောက်ကြည့် သည်လျှောက်ကြည့်မယ့် အရွယ်တော့ မဟုတ်တော့ဘူးပေါ့ဗျာ။ ဒါပေမယ့် ဒီလိုပဲ မြို့ထဲမှာ ဟိုလျှောက် သည်လျှောက် လုပ်ရတာ လူတွေကို ကြည့်ရတာကို ပျော်တတ်တယ်။ မနှစ်က နာတာလူး ပွဲတော် ရက်တုန်းက ဆိုရင် ကျွန်တော် သူ့ကို မြို့ထဲ ခေါ်သွားတယ်။ ပျော်လိုက်တာဗျာ။ ဘလွန်မင်ဒေး ကုန်တိုက်ကြီးကို ရောက်တော့ ကျွန်တော်တို့ မောင်နှမ နှစ်ယောက် ဖိနပ်အရောင်းဌာနကို သွားတယ်။ ဟိုရောက်တော့ သူကရော ကျွန်တော်ကရော ဖိနပ် ဝယ်ချင်ဟန် ဆောင်တယ်။ သူက ကြိုးပေါက်တွေ အများကြီး ပါတဲ့ လေဒီရှူးကို လိုချင်တယ်လို့ ပြောတယ်။ အရောင်း စာရေးကတော့ ရူးလိမ့်မယ် ထင်တယ်။ ညီမလေးက ဖိနပ် အရန် နှစ်ဆယ်လောက်ကို စွပ်ကြည့်တယ်။ သူ စွပ်ကြည့်တိုင်း အရောင်း စာရေးခမျာ ဖိနပ်ကြိုးပေါက်တွေကို ကုန်အောင် တပ်ပေးရတာဗျာ။ ဒီလိုလုပ်တာ ကောင်းတော့ မကောင်းဘူးပေါ့ဗျာ။ ဒါပေမယ့် ညီမလေးကတော့ ပျော်လွန်းလို့။ နောက်ဆုံးကျတော့မှ ကျွန်တော်တို့ လက်အိတ်ကလေး တစ်စုံပဲ ဝယ်တယ်။ အရောင်းစာရေးကလဲ တော်ရှာပါတယ်။ ညီမလေးက တခစ်ခစ် ရယ်နေတော့မှ ကျွန်တော်တို့ ဟိုဝင် ဒီထွက် လိုက်ရှုပ်နေတာကို ရိပ်မိသွားပုံ ရပေမယ့် ဘာမှ မပြောရှာပါဘူး။

ကျွန်တော် ပဉ္စမရိပ်သာ လမ်းမကြီးပေါ်မှာ လျှောက်လာခဲ့တယ်။ ဘယ်ကို သွားမယ်လို့လဲ သတ်သတ်မှတ်မှတ် ရည်ရွယ်ချက် မရှိပါဘူး။ ဒီတုန်းမှာ ပြဿနာ တစ်ခု ပေါ်လာပါရောဗျာ။ ဖြစ်ပုံက ဒီလိုလေ၊ ဘလောက် တစ်ခု ဆုံးသွားလို့ တစ်ဖက် လမ်းထောင့်က ပလက်ဖောင်းပေါ်ကို တက်လိုက်တိုင်း ကျွန်တော့် စိတ်ထဲမှာ အဲဒီ ပလက်ဖောင်းကို မရောက်ဘဲ မြေကြီးထဲကို ဝင်ဝင်သွားတယ်လို့ ထင်နေတယ်။ ဒီလိုနှင့် လူမသိ သူမသိဘဲနှင့် ကျွန်တော် မြေကြီးထဲ ရောက်သွားတော့မယ်လို့ ထင်နေတယ်။ ကိုယ့်လူရေ၊ ကြောက်လိုက်တာဗျာ၊ မပြောပါနှင့်တော့။ ခင်ဗျားကတော နားလည်ချင်မှ နားလည်မယ်။ ကျွန်တော့် တစ်ကိုယ်လုံးလဲ ဇောချွေးတွေ ပြန်လို့ဗျ။ ရှပ်အင်္ကျီမှာရော အောက်ခံ ဘောင်းဘီမှာရော ချွေးတွေ နစ်နေတာပဲ။ ဒီတင် ကျွန်တော် တစ်ခုခုတော့ ရွတ်မှပဲလို့

အောက်မေ့လိုက်မိတယ်။ ဘလောက်တစ်ခု ဆုံးသွားတိုင်း ကျွန်တော် ဘာရွတ်သလဲ သိရဲ့လား။ 'ညီလေး အယ်လီရေ၊ ငါ ဒီလိုပဲ မြေကြီးထဲကို ပျောက်မသွားအောင် လုပ်ပေးပါကွာ၊ ငါ့ကို မြေကြီးထဲမှာ ပျောက်မသွားအောင် လုပ်ပေးပါ ညီလေးရာ' လို့ ကျွန်တော် တတွတ်တွတ် ရွတ်လာတယ်။ ပျောက်မသွားဘဲ ဘလောက် တစ်ခုကို ကူးပြီး ပလက်ဖောင်းပေါ် ရောက်သွားတိုင်း သူ့ကို ကျေးဇူးတင်နေမိတယ်။ ဒါပေမယ့် နောက် ဘလောက် တစ်ခု ကူးကာနီးတော့ ဒီလို ကြောက်တဲ့ စိတ်တွေ ပြန်ပေါ်လာပြန်ရော။ ဒါပေမယ့် ကျွန်တော် ရပ်မနေရဲဘူး။ ရှေ့ဆက်လျှောက်မြဲ လျှောက်နေတယ်။ နောက်ဆုံး လမ်းခြောက်ဆယ်ကို ကျော်လာပြီး တိရစ္ဆာန်ရုံနား ရောက်တော့မှပဲ ကျွန်တော် ရပ်လိုက်တယ်။ အဲဒီနား ရောက်တော့ ခုံရှည်လေး တစ်လုံးပေါ် ထိုင်ချလိုက်တယ်။ ကျွန်တော့် တစ်ကိုယ်လုံး ချွေးတွေ ရွှဲနေပြီး အသက်ကိုတောင် ကောင်းကောင်း မရှူနိုင်ဘူး။ အဲဒီနားမှာ ထိုင်နေလိုက်တာ တစ်နာရီလောက်ကြာမယ် ထင်တယ်။ နောက်ဆုံးတော့ ကျွန်တော် ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်တယ်။ ကျွန်တော် ထွက်သွားတော့မယ်။ အိမ်ကို မပြန်တော့ဘူး။ ဘယ်ကျောင်းကိုမှလဲ မနေတော့ဘူး။ ကျွန်တော့် ညီမလေးကို သွားတွေ့ပြီး နှုတ်ဆက်မယ်။ ပြီးတော့ သူ့ဆီက ချေးလာတဲ့ ပိုက်ဆံလေးကို ပြန်အမ်းမယ်။ ပြီးတော့ ကားကြုံ စီးပြီး အနောက်ဘက် ပြည်နယ်တွေကို သွားမယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ ဒီကနေပြီး ဟိုလန် ဥမင်ကြီးကို သွားမယ်။ အဲဒီက ကြုံတဲ့ ကားတစ်စီးကို လက်ပြစီးမယ်။ သူ လမ်းဆုံးရင် နောက်ကားတစ်စီးကို စောင့်ပြီး ကားကြုံစီးမယ်။ နောက်တစ်ခါ ကားတစ်စီးကို တက်စီးမယ်။ ဒီလိုဆိုရင် ကျွန်တော် အနောက်ဘက် ပြည်နယ်တွေကို ရောက်သွားမှာပဲ။ အဲဒီရောက်ရင် ကျွန်တော့်ကို ဘယ်သူမှလဲ မသိတော့ဘူး။ ရှုခင်းလဲ လှတယ်။ နေခြည်လဲ ဖြာတယ်။ အဲဒီရောက်ရင် အလုပ်တစ်ခု ရှာလုပ်မယ်။ ဓာတ်ဆီဆိုင် တစ်ခုခုမှာ ဝင်ပြီး ဆီဖြည့်တာတို့ အင်ဂျင်ဝိုင် ထည့်တာတို့ လုပ်မယ်။ ဘယ်လို အလုပ်မျိုးကို လုပ်ရလုပ်ရဗျာ။ ကျွန်တော် မကြောက်ပါဘူး။ ကျွန်တော့်ကိုလဲ ဘယ်သူမှ မသိဘူး။ ကျွန်တော်ကလဲ ဘယ်သူ့ကိုမှ မသိဘူး။ အဲဒီရောက်ရင် ကျွန်တော် ဆွံ့အ နားမကြားတဲ့ ကောင်လေး တစ်ယောက် ဟန်ဆောင်မယ်။ ဒီလို ဟန်ဆောင်လိုက်ရင် ဘယ်သူနှင့်မှလဲ သောက်သုံး မကျတဲ့ မရေမရာ စကားတွေကို ပြောစရာ မလိုတော့ဘူး။ ကျွန်တော်နှင့် စကားပြောချင်ရင် စက္ကူလေး တစ်ရွက်ပေါ်မှာ စာရေးပြီး ပြောရမယ်။ ဒီတော့ တော်တော့်လူကလဲ စိတ်ရှည်တော့မှာ မဟုတ်တော့ဘူး။ ဒီလို စိတ်

http://nyisay.com



မရှည်ရင် တစ်သက်လုံး ကျွန်တော်လဲ ဘယ်သူနှင့်မှ စကားပြောစရာ အကြောင်း မရှိတော့ဘူး။ အားလုံးကပဲ ကျွန်တော်ဟာ ဆွံ့အ နားမကြား ကောင်လေး တစ်ယောက်လို့ ထင်ပြီး အဖက်လုပ် စကားပြောကြမှာလဲ မဟုတ်တော့ဘူး။ ကျွန်တော်က ဆီဖြည့်ပေး ဓာတ်ဆီ ထည့်ပေးတဲ့ အတွက် လခလေး ဘာလေး ရမယ်။ အဲဒီ လခလေးကို စုပြီး သစ်လုံးအိမ်လေး တစ်လုံး ဆောက်မယ်။ အဲဒီ သစ်လုံးအိမ်လေးထဲမှာပဲ ကျွန်တော် တစ်သက်လုံး နေတော့မယ်။ သစ်လုံး အိမ်ကို တောစပ်မှာ ဆောက်မယ်။ တောထဲမှာတော့ ဆောက်လို့ မကောင်းဘူး။ ကျွန်တော်က ဆယ့်နှစ်ရာသီပတ်လုံး နေရောင်လေးနှင့် နေချင်တာ။ အဲဒီမှာ ကျွန်တော့်ဘာသာ ကျွန်တော် ချက်ပြုတ်စားမယ်။ လက်ထပ်ချင်ရင်လဲ ကျွန်တော့်လို ဆွံ့အ နားမကြား ဖြစ်နေတဲ့ ကောင်မလေး တစ်ယောက်နှင့် လက်ထပ်မယ်။ ကျွန်တော့် တဲကလေးမှာ လာနေတော့ သူက စကားပြောချင်တယ်ဆိုရင် စက္ကူလေး တစ်ရွက်ပေါ်မှာ စာရေးပြီး ပြောရမယ်။ ကလေးတွေ မွေးလာရင် တစ်နေရာရာမှာ သွားဝှက်ထားမယ်။ သူတို့ကို စာအုပ်တွေ ဘာတွေ ဝယ်ပေးပြီး ကျွန်တော်တို့ ဘာသာ စာသင်ပေးမယ်။

ဒီလို တွေးလိုက်တော့ ကျွန်တော် ပျော်လာတယ်။ ကျွန်တော် ဆွံ့အ နားမကြား ဖြစ်ဟန် ဆောင်တတ်ပါတယ်။ ဒီလို ဟန်ဆောင်တာဟာ ရူးနှမ်းနှမ်း အလုပ် ဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် အဲဒီလို တွေးလိုက်ရတာ စိတ်ချမ်းသာတယ်ဗျာ။ ပျော်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အနောက်ပိုင်း ပြည်နယ်တွေကိုတော့ ရောက်အောင် သွားမယ်။ ခုလောလော ဆယ်က ညီမလေးကို နှုတ်ဆက်ဖို့ အရေးကြီးတယ်။ ဒါနှင့် ကျွန်တော် လမ်းမကြီးကို ဖြတ်ပြေးလာခဲ့တယ်။ (ကံကောင်းလို့ ကားတိုက် သေတော့မလို့။) လမ်း တစ်ဖက် ရောက်တော့ စက္ကူနှင့် စာရေးပစ္စည်း ရောင်းတဲ့ ဆိုင်တစ်ဆိုင် ထဲကို ဝင်ပြီး စာရေးစက္ကူ ကတ်နှင့် ခဲတံ တစ်ချောင်း ဝယ်တယ်။ စာထဲမှာ သူ့ကို နှုတ်ဆက်ဖို့နှင့် သူ့ ပိုက်ဆံကို ပြန်ပေးဖို့အတွက် ကျွန်တော့်ကို လာတွေ့ဖို့ အကြောင်း ရေးလိုက်မယ်။ ပြီးတော့ စာကို သူ့ကျောင်း သွားပြီး ကလေး တစ်ယောက်နှင့် ကျောင်းအုပ်ကြီး ရုံးခန်းထဲကို အပေးခိုင်းလိုက်မယ်။ ကျွန်တော် ခဲတံနှင့် စာရေးစက္ကူကတ်ကို အိတ်ထဲထည့်ပြီး ထွက်လာခဲ့တယ်။ စိတ်စောနေတော့ ဆိုင်ထဲမှာ စာရေးဖို့ သတိမရဘူး။ ဒါနှင့် ကျွန်တော် သူတို့ ကျောင်းဘက်ကို ခပ်သုတ်သုတ် လျှောက်လာခဲ့တယ်။ သူ ထမင်းစား ကျောင်းဆင်းဖို့ အိမ်မပြန်ခင် ကျွန်တော့်စာကို ရောက်အောင် ပို့ချင်တယ်။ အချိန် သိပ်မရှိဘူး။

## လေလွင့်သူ

သူတို့ ကျောင်းကို ကျွန်တော် သိတာပေါ့။ ကျွန်တော် ငယ်ငယ်တုန်းက လဲ ဒီကျောင်းမှာပဲ နေခဲ့ရတာ။ ကျောင်းနားရောက်တော့ တော်တော် ဟားရတယ်ဗျာ။ ကိုယ်နေခဲ့တဲ့ ကျောင်းဆိုပေမယ့် ကျောင်းအတွင်းဘက်မှာ ဘယ်လိုနေတယ် ဆိုတာ ကျွန်တော် မေ့တော့တော့ ဖြစ်နေပြီ။ အထဲ ရောက်သွားတော့မှ ကိုယ်နေခဲ့တုန်းက အတိုင်းပဲ ဆိုတာ ပြန်သတိရတယ်။ ကျွန်တော် ငယ်ငယ်တုန်းကလိုပဲ ကျောင်းဝင်းထဲမှာ မိုးလုံလေလုံ ကစားရုံကြီး ရှိတယ်။ ကစားရုံကြီးဘေးက မီးတိုင်က မီးလုံးတွေကို သံဆန်ခါတွေနှင့် ကာထားတယ်။ အလျင်တုန်းက အတိုင်းပဲ။ ဘတ်စကတ်ဘော ကစားရင် ဘောလုံးတို့ ဘာတို့ မမှန်အောင် ကာထားတာ။ ပြီးတော့ ကြမ်းပြင်ပေါ်မှာလဲ အလျင်တုန်းကလို ကစားရမယ့် နေရာတွေကို သတ်မှတ်ထားတဲ့ စည်းဝိုင်း အဖြူကြီးတွေနှင့်၊ အလျင်တုန်းကလိုပဲ ဘတ်စကတ်ဘော ဂိုးပေါက် ဟောင်းလောင်းနှင့်၊ ပိုက်တို့ ဘာတို့လဲ တပ်မထားဘူး။

ကစားရုံမှာ တစ်ယောက်မှ မတွေ့ရဘူး။ မုန့်စားကျောင်းပဲ မဆင်းသေးလို့လား၊ နေ့လယ် ထမင်းစားကျောင်းပဲ မဆင်းသေးလို့လားတော့ မပြောတတ်ဘူး။ အိမ်သာဆီကို သွားနေတဲ့ လူမည်းလေး တစ်ယောက်ကို လှမ်းမြင်လိုက်ရတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကလိုပဲ အိမ်သာ သွားခွင့်ရတဲ့ သဘောနှင့် ထုတ်ပေးလိုက်တဲ့ သစ်သားပြားလေးကို ဘောင်းဘီအိတ်ထဲမှာ ထိုးထားတယ်။

ကျွန်တော် ချွေးတွေ ထွက်နေပေမယ့် စောစောကလောက်တော့ မဆိုးတော့ဘူး။ ကျောင်းလှေကားရင်း အောက်ဆုံးထစ်မှာ ထိုင်ပြီး ကျွန်တော့် အိတ်ထဲက စာရေးစက္ကူနှင့် ခဲတံကို ထုတ်တယ်။ လှေကားတွေကလဲ ကျွန်တော်တို့ ငယ်ငယ်တုန်းက အနံ့မျိုး ထွက်နေတုန်းပဲ။ တစ်ယောက်ယောက် လာပြီး သေးပေါက်ထား သလိုလို ဘာလိုလိုနှင့်။ ကျောင်းလှေကားတွေဟာ ဒီအတိုင်းချည်းပဲ။ ကိစ္စမရှိဘူးလေ။ ကျွန်တော် ဒီမှာပဲ စာထိုင်ရေးတယ်။

ညီမလေး ဖီဘီ

ဗုဒ္ဓဟူးနေ့ထိအောင် ကိုကို မစောင့်နိုင်ဘူး။ ဒီနေ့ ညနေမှာပဲ အနောက်ပိုင်း ပြည်နယ်တွေဘက်ကို ကားကြုံလိုက်မယ် စိတ်ကူးထားတယ်။ ဖြစ်နိုင်ရင် ဒီနေ့ ၁၂ နာရီ ၁၅ မိနစ်မှာ အနုပညာ ပြတိုက် တံခါးဝမှာ စောင့်ပါ။ ညီမလေးဆီက ယူထားတဲ့ နာတာလူး ပိုက်ဆံကလေးလဲ ပြန်ပေးစရာ ရှိတယ်။ ကိုကို သိပ်မသုံးရသေးဘူး။

ချစ်လျက် ကိုကို

သူ့ကျောင်းက ပြတိုက်နားမှာတင် မဟုတ်လား။ ဒီတော့ သူ ထမင်းစား ကျောင်းဆင်းလို့ အိမ်ပြန်ရင် ကျွန်တော့်ကို အလွယ်တကူနှင့် တွေ့နိုင်တယ်။

ဒါနှင့် ကျွန်တော် လှေကား အတိုင်း တက်လာပြီး ကျောင်းအုပ်ကြီး ရုံးခန်းနားကို လာခဲ့တယ်။ ကျောင်းအုပ်ကြီး ရုံးခန်းနားရောက်လို့ တစ်ယောက်ယောက် တွေ့ရင် သူ့ကို အပေးခိုင်းလို့ ရတာပေါ့။ စာခေါက်ကလေးကို ဘယ်သူမှ ဖွင့်ပြီး မဖတ်နိုင်အောင် ဆယ်ချိုးလောက် ထပ်ခေါက်လိုက်တယ်။ ကျောင်းမှာ ဘယ်သူ့ကိုမှ ယုံရတာ မဟုတ်ဘူးလေ။ ဒါပေမယ့် ကျွန်တော်ဟာ သူ့အစ်ကိုပဲ၊ ဒီစာကို ရောက်အောင် ပေးပေးကြမှာပါ။

လှေကားပေါ် တက်လာရင်း ကျွန်တော့် ခေါင်းထဲမှာ ရိပ်တိတ်တိတ် ဖြစ်လာလို့ အသာ ထိုင်ချလိုက်ရတယ်။ ခဏနေတော့ ပြန်ကောင်းသွားပါတယ်။ ဒီလို ထိုင်ချလိုက်တုန်းမှာ ကျွန်တော် အရာတစ်ခုကို သွားမြင်လိုက်တယ်။ ကျွန်တော် တော်တော် စိတ်ကုန်သွားတယ်ဗျာ။ နံရံပေါ်မှာ 'မအေ.....' လို့ ရေးထားတယ်။ ဒီစာကို မြင်တော့ ကျွန်တော် တကယ် စိတ်ကုန်တယ်။ ညီမလေး ဖီဘီနှင့် တခြားကလေးတွေ မြင်ကြတော့မှာပဲ။ မြင်ရင် ဘာအဓိပ္ပာယ်လဲ ဆိုတာ မေးကြတော့မှာပဲ။ မေးရင် သူတို့အထဲက ညစ်တီးညစ်ပတ် တစ်ယောက်ယောက်က ပြောပြတော့မှာပဲ။ ပြောပြရင် သူတို့ တွေးကြတော့မှာ။ ရက်ပေါင်းတော်တော်ကြာကြာအထိ သူတို့ ခေါင်းထဲမှာ ရောက်နေကြတော့မှာပဲ။ ဒီစာကို ရေးတဲ့သူကို ကျွန်တော် သတ်ပစ်လိုက်ချင်တယ်ဗျာ။ ညမှာ တေလေကြမ်းပိုးတွေ ဘာတွေ အပေါ့တို့ ဘာတို့ သွားဖို့ ကျောင်းထဲဝင်လာရင်း လက်ကမြင်းသွားတာပဲ ဖြစ်မှာပဲ။ ဒီကောင်မျိုးကို တွေ့ရင် ကျွန်တော် လည်မျို ဖမ်းညှစ်ပြီးနောက် ဒီလို ညစ်ညစ်ပတ်ပတ် ရေးဦးကွာ ဆိုပြီး အုတ်ခုံနှင့် ခေါင်းနှင့် ကိုင်ဆောင့်ပစ်ချင်တယ်။ ဒါပေမယ့် ကျွန်တော် သိပါတယ်။ ကျွန်တော်က ဒီလောက် သတ္တိ ကောင်းတဲ့ကောင် မဟုတ်ဘူး။ ဒီလို လုပ်ရဲတဲ့ ကောင်မျိုး မဟုတ်ဘူး။ အဲဒါကို တွေးမိတော့ ပိုပြီး စိတ်ညစ်တာပေါ့ဗျာ။ အမှန် ပြောရရင်တော့ ကျွန်တော် အဲဒီ စာတမ်းကို သွားတောင် ဖျက်ရဲတာ မဟုတ်ဘူး။ တကယ် စဉ်းစားကြည့်လေ။ ကျွန်တော် ဖျက်နေတုန်း ဆရာ တစ်ယောက်ယောက် မြင်သွားရင် ကျွန်တော် ရေးတယ်လို့ ထင်သွားမှာပေါ့။ ဒါပေမယ့် နောက်ဆုံးတော့ ကျွန်တော် ဖျက်ပစ်ခဲ့ပါတယ်။ ဖျက်ပြီးတော့ ကျွန်တော် တက်လာပြီး ကျောင်းအုပ်ကြီး ရုံးခန်းကို လာခဲ့တယ်။ အထဲမှာ ကျောင်းအုပ်ကြီးတော့ မရှိဘူးဗျ။ ဒါပေမယ့် အသက်တစ်ရာလောက်လို့ ထင်ရတဲ့ မိန်းမကြီး တစ်ယောက်

တော့ လက်နှိပ်စက် တစ်လုံး ရှေ့မှာ ထိုင်နေတယ်။ ကျွန်တော်က စတုတ္ထတန်း (ဘီ) က ဖီဘီကော ဖီးရဲ့ အစ်ကို ဖြစ်တဲ့ အကြောင်း၊ ဒီစာကို ဖီဘီကို ပေး ပေးစေလိုတဲ့ အကြောင်း၊ အရေးကြီးတဲ့ အကြောင်း၊ အမေ နေမကောင်းလို့ အိမ်မှာ နေ့လယ်စာ မရှိတဲ့ အကြောင်း၊ ကျောင်းဆင်းရင် ကျွန်တော် စောင့်နေ ပြီး တိုလီမိုလီဆိုင်မှာ သွားစားရမယ့် အကြောင်း ပြောပြတယ်။ အဘွားကြီး က သဘောကောင်းရှာပါတယ်။ စာကို ယူပြီး တခြား အခန်းမှာ ရှိတဲ့ စာရေးမ တစ်ယောက်ကို ခေါ်ပြီး အပေးခိုင်းလိုက်တယ်။ စာရေးမကလဲ ချက်ချင်းပဲ သွားပေးတယ်။ စာသွားပေးနေတုန်းမှာ အသက် တစ်ရာလောက် ရှိတဲ့ အဘွား ကြီးနှင့် ကျွန်တော် လေပစ်နေကြတယ်။ အဘွားကြီးက သဘော ကောင်းတယ်။ ကျွန်တော်က ကျွန်တော်ရော အစ်ကိုရော ဒီကျောင်းမှာပဲ နေသွားတဲ့အကြောင်း ဘာကြောင်း လျှောက်ပြောတာပေါ့။ အဘွားကြီးက ခုကော ဘယ်ကျောင်းမှာ လဲတဲ့။ ကျွန်တော်က ပင်ဆေ ကျောင်းမှာ ဆိုတော့ ပင်ဆေ ဆိုတာ အင်မတန် ကောင်းတဲ့ ကျောင်းတဲ့။ ကျွန်တော်က မကောင်းတဲ့ အကြောင်း ပြောချင်လိုက် တာဗျာ။ ဒါပေမယ့် မပြောရဲတော့ အသာပဲ ငြိမ်နေလိုက်ရတယ်။ ပင်ဆေ ကျောင်းကို ကျောင်းကောင်းလို့ ထင်တယ်ဆိုလဲ ထင်ပေါ့ဗျာ။ ဘယ်တတ်နိုင် မလဲ။ အသက် တစ်ရာလောက် ရှိတဲ့ အဘွားကြီး တစ်ယောက် ရှေ့မှာ ခု ခေတ်သစ် အကြောင်း ပြောလို့လဲ မထူးပါဘူး။ သူတို့ကလည်း မကြားချင်ပါ ဘူး။ ခဏနေတော့ ကျွန်တော်လဲ ပြန်ထွက်လာခဲ့တယ်။ ရယ်တော့ ရယ်ရ တယ်ဗျ။ ကျွန်တော် ထွက်လာတော့ 'ကံကောင်းပါစေကွယ်' လို့ လှမ်းပြော လိုက်တယ်။ ပင်ဆေကျောင်းက ထွက်လာတော့ ဆရာ စပင်ဆာကလဲ ကျွန် တော့်ကို ဒီလိုပဲ ပြောလိုက်တာပဲ မဟုတ်လား။ ကျွန်တော် တစ်နေရာရာကို သွားတော့မယ် ဆိုရင် ဒီလိုပဲ ကံကောင်းပါစေ ဆိုတဲ့ ဆုတောင်း စကားကို ကြားရတာ တော်တော် စိတ်ပျက်ဖို့ ကောင်းတယ်ဗျာ။ တကယ်ပဲ။

ကျွန်တော် တခြား လှေကား တစ်ခုကနေ ဆင်းလာခဲ့တယ်။ ဒီဘက် လှည့်ဆင်းတော့လဲ နောက်ထပ် 'မအေ.....' တစ်ခုကို နံရံပေါ်မှာ တွေ့ရပြန် တယ်။ ကျွန်တော်လဲ လက်နှင့် ဖျက်ဖို့ ကြိုးစားပါသေးတယ်။ ဒါပေမယ့် ဒါ က နံရံပေါ်မှာ ဓားတို့ ဘာတို့နှင့် ထွင်းထားတာဗျ။ ဖျက်ပေမယ့် အလကားပဲ။ ခင်ဗျား အသက် အနှစ် တစ်သန်းလောက် နေရလို့ ရှိရင်တောင် ကမ္ဘာကြီး တစ်ခုလုံးမှာ ရေးထိုးထားတဲ့ ဒီ 'မအေ.....' ဆိုတဲ့ စာတွေကို ဖျက်လို့ပဲ ကုန်နိုင်မှာ မဟုတ်ပါဘူး။ အများကြီး နေမှာပဲ။

မုန့်စားကျောင်း ကွင်းထဲမှာ နာရီကို လှမ်းကြည့်လိုက်တယ်။ ဆယ့်နှစ်နာရီထိုးဖို့ မိနစ် နှစ်ဆယ် လိုသေးတယ်။ ဒီတော့ အချိန်တွေ အများကြီး ရသေးတယ်။ ဒါပေမယ့် ကျွန်တော် ဘယ်မှ မသွားတော့ဘဲ ပြ တိုက် ဆီ ကို လျှောက်လာခဲ့တယ်။ တခြားလဲ ဘယ်မှ သွားစရာ မရှိတော့ဘူးလေ။ တယ်လီဖုန်း ရုံထဲ ဝင်ပြီး ဂျိမ်းဆီကို ဖုန်းဆက် ရမလားလို့ စိတ်ကူးမိသေးတယ်။ အနောက်ဘက် ပြည်နယ်ကို မသွားခင် နှုတ်ဆက်တဲ့ သဘောပေါ့။ ဒါပေမယ့် သိပ်ပြီး စိတ်မပါဘူး။ ပြီးတော့ သူလဲ ကျောင်းပိတ်ပြီး အိမ်ပြန်ရောက်ချင်မှ ရောက်ဦးမှာ။ ဒါကြောင့် ကျွန်တော် ပြတိုက်ကိုပဲ လာခဲ့တယ်။

ပြတိုက်ထဲမှာ ညီမလေးကို စောင့်နေတုန်း ကလေးလေး နှစ်ယောက် ကျွန်တော့်ဆီ ပေါက်လာပြီး အီဂျစ် ရှေးမမ်မီတွေ ထားတဲ့ နေရာ ဘယ်နေရာလဲလို့ ကျွန်တော့်ကို လာမေးတယ်။ ကျွန်တော့်ကို လာမေးတဲ့ ချာတိတ်က ရှေ့က ဘောင်းဘီ ကြယ်သီး ပြုတ်လို့။ ဒါနှင့် ကျွန်တော်က ဘောင်းဘီ ကြယ်သီး တပ်ဦးကွလို့ ပြောလိုက် ရသေးတယ်။ ကိုယ်တော်မြတ်က တိုင်လေး ဘာလေး ကွယ် ဒါမှမဟုတ် တစ်ဖက်လှည့်ပြီး ကြယ်သီး မတပ်ဘူးဗျ။ ကျွန်တော့် ရှေ့မှာ ခပ်တည်တည်ပဲ တပ်နေတယ်။

'မမ်မီတွေ ထားတဲ့နေရာ အစ်ကိုကြီး သိလားဗျ' လို့ မေးတယ်။ ဒါနှင့် ကျွန်တော်လဲ ချာတိတ် နှစ်ယောက်နှင့် လေမိနေပြန်တယ်။

သူတို့ နှစ်ယောက်အနက် ဘောင်းဘီ ကြယ်သီးပြုတ်တဲ့ ချာတိတ်ကပဲ စကား ပြောတယ်။ နောက် တစ်ယောက်က စကားတစ်လုံးမှ မပြောဘူး။

'နေပါဦးကွ၊ မမ်မီ ဆိုတာ ဘာလဲ' လို့ ကျွန်တော်က မေးတယ်။

'အစ်ကိုကြီး မသိဘူးလား၊ မမ်မီ ဆိုတာ လူသေ အလောင်းတွေလေ၊ သင်းချိုင်ထဲမှာ မြှုပ်ထားတဲ့ လူသေ အလောင်းတွေ'

တော်တော် ဟားရတဲ့ ကောင်တွေ၊ သင်္ချိုင်းကို သင်းချိုတဲ့လေ။

'မင်းတို့ နှစ်ယောက် ဘာဖြစ်လို့ ကျောင်းမတက်ကြတာလဲ'

'ဒီနေ့ ကျောင်းမရှိဘူးဗျ' လို့ ခပ်သွက်သွက် ကောင်လေးက ဖြေတယ်။ ခွေးကောင်လေးက ကျွန်တော့်ကို သက်သက်မဲ့ လိမ့်နေတာ။ ဒါပေမယ့် ကျွန်တော် ဘာတတ်နိုင်မှာလဲ။ ညီမလေး မလာခင် အချိန် ရနေသေးတာနှင့် ကျွန်တော်လဲ သူတို့ နှစ်ယောက်ကို မမ်မီတွေ ထားတဲ့ နေရာကို လိုက်ပြတယ်။ ကိုယ့်လူရေ မမ်မီတွေထားတဲ့ နေရာကို ကျွန်တော် ရောက်ဖူးသားဗျ။ ဒါပေမယ့် မရောက်တာ ကြာလို့လား မသိဘူး။ ခု ဘယ်သွားရမှန်း မသိဘဲ ဖြစ်နေတယ်။

'မင်းတို့ နှစ်ယောက် မမ်မီတွေကို တော်တော် စိတ်ဝင်စားနေသလား'

'ဝင်စားတယ်'

'မင်း သူငယ်ချင်းက စကား မပြောတတ်ဘူးလား'

'ကျွန်တော့် သူငယ်ချင်း မဟုတ်ဘူးဗျ၊ ညီ'

'သူက စကား မပြောတတ်ဘူးလား' လို့ ပြောပြီး စကား မပြောတဲ့ ကလေးဘက် လှည့်ပြီး

'မင်းက စကား မပြောတတ်ဘူးလားကွ' လို့ မေးလိုက်တယ်။

'ပြောတတ်ပါတယ်၊ မပြောချင်လို့ မပြောတာ' တဲ့။

နောက်ဆုံးမှာ မမ်မီတွေ ထားတဲ့ အခန်းကို တွေ့လို့ ကျွန်တော်တို့လဲ အထဲကို ဝင်လာခဲ့တယ်။

'ရှေးက အီဂျစ်လူမျိုးတွေဟာ လူသေတွေကို ဘယ်လို မြှုပ်တယ် ဆိုတာ မင်းတို့ သိသလား'

'ဟင့်အင်း၊ မသိဘူးဗျ'

'သိဖို့ ကောင်းတာပေါ့ကွ၊ တော်တော် စိတ်ဝင်စားဖို့ ကောင်းတယ်၊ လူသေတော့ လူတွေရဲ့ မျက်နှာကို ဆေးရည်တွေ စိမ်ထားတဲ့ အဝတ်တွေနှင့် ပတ်ထားလိုက်တာပေါ့ကွ၊ ဒီနည်းနှင့် နှစ်ပေါင်း များစွာ ကြာအောင် ဂူထဲမှာ မပုပ်မသိုးဘဲ ထားလို့ ရတယ်၊ ဒီလို မပုပ်သိုးအောင် ဘယ်လို လုပ်တယ်ဆိုတာ ခုထက်ထိ ဘယ်သူမှ မသိကြသေးဘူး၊ သိပ္ပံပညာကတောင် မသိသေးဘူး'

မမ်မီတွေထားတဲ့ အခန်းဘေးမှာ ကျောက်ဖာရိုဘုရင်တွေ လက်ထက်က လို ကျောက်တုံး နံရံကြီးတွေ ကာထားတဲ့ ကျောက်တုံး လှေကား ကျဉ်းကျဉ်း လေး အတိုင်း အောက်ကို ဆင်းသွားရတယ်။ အထဲမှာ မှောင်ပြီး ကြောက်စရာ လိုလို ဘာလိုလို ဖြစ်နေတော့ ကျွန်တော်နှင့် လိုက်လာတဲ့ ချာတိတ် နှစ်ယောက် လဲ သိပ်ကြည့်ချင်ပုံ မရတော့ဘူး။ အထဲ ရောက်တော့ သူတို့ နှစ်ယောက် စလုံး ကျွန်တော့် အနားမှာ ကပ်နေကြတယ်။ စကား မပြောတဲ့ ချာတိတ်က ဆိုရင် ကျွန်တော့် အင်္ကျီလက်ကို ဆွဲထားလိုက်တာ မလွှတ်တော့ဘူး။ 'ပြန်ကြစို့ကွာ၊ ဒီလောက် ကြည့်ပြီးရင်တော့ တော်ရောပေါ့' လို့ သူ့အစ်ကိုကို လှမ်းပြောတယ်။

ပြောလဲ ပြီးရော သူ တစ်ယောက်တည်း အပေါ်ကို ပြန်တက်သွားတယ် ဗျ။

'ဒီကောင်က သိပ် သူရဲဘော ကြောင်တာဗျ၊ ကျွန်တော်လဲ သွားတော့

မယ်’ လို့ ပြောပြီး သူလဲ အပေါ်ကို ပြန်တက်သွားတယ်။

မမ်မီတွေ ထားတဲ့ အခန်းထဲမှာ ကျွန်တော် တစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။ တစ်နည်းအားဖြင့် ဒီလိုနေရတာ ခပ်ကောင်းကောင်းပဲ။ အထဲမှာ တိတ်ဆိတ် ငြိမ်သက်လို့၊ ဘယ်လောက် အေးချမ်းသလဲ။ အဲဒီတုန်းမှာ နံရံပေါ်မှာ ကျွန်တော် ဘာတွေ့လိုက်ရတယ် ထင်သလဲ။ နောက်ထပ် ‘မအေ.....’ တစ်ခု ထပ်တွေ့လိုက်ရတယ် ခင်ဗျ။ ကျောက်တုံးတွေ အောက်က မှန်နံရံပြင်ကြီးပေါ်မှာ အနီရောင် ရေယွန်းနှင့် ရေးထားတာ။

တော်တော် ခက်တယ်ဗျာ။ လောကကြီးမှာ သာယာ လှပပြီး အေးချမ်း ငြိမ်သက်တဲ့ နေရာ ဆိုလို့ တစ်နေရာမှ မရှိပါကလား။ မတွေ့ရပါကလား။ အေးလေ ဒီလို နေရာမျိုးရယ်လို့ မရှိမှ မရှိတာ ဘယ်မှာ တွေ့နိုင်ပါ့မလဲ။ အဝေးကနေ ကြည့်ရင်တော့ လှပတယ် အေးချမ်းတယ်လို့ ထင်ရတာပဲ။ ဒါပေမယ့် အနားလဲ ရောက်သွားရော တစ်ယောက်ယောက် ကိုယ်မသိဘဲ ကိုယ့်မျက်စိရှေ့မှာတင် ‘မအေ.....’ ဆိုတဲ့ စာလုံးကို ကောက်ရေးသွားရော။ မယုံရင် ခင်ဗျား သတိထားကြည့်လေ။ ကျွန်တော် သေသွားလို့ သင်္ချိုင်းရောက်၊ သင်္ချိုင်းရောက်တော့ အုတ်ဂူတွေမှာ ‘ဟိုလ်ဒင် ကော်ဖီး’· အသက် ဘယ်နှစ်ခုနှစ် မွေးပြီး ဘယ် နှစ်ခုနှစ်မှာ ကွယ်လွန် စတဲ့ ကမ္ပည်းတွေလဲ ထိုးပြီးရော၊ အဲဒီ ကမ္ပည်းတွေ အောက်မှာ ‘မအေ.....’ လို့ ရေးကြဦးမှာပဲ ထင်တယ်။ မယုံ ကြည့်နေ၊ ရေးကြမှာပဲ။

မမ်မီတွေ ထားတဲ့ အခန်းထဲက ထွက်လာတော့ ကျွန်တော် အိမ်သာကို ပြေးရပြန်တယ်။ ကျွန်တော် ဝမ်းပျက်ချင်သလို ဘာလိုလို ဖြစ်နေတာကိုး။ ဝမ်းပျက်ချင်သလိုလို ဖြစ်တာကို ကျွန်တော် ဒီလောက် ဂရု မစိုက်ပါဘူး။ ပြဿနာ ပေါ်လာတာက ခက်တယ်။ အိမ်သာခန်းထဲက အထွက်မှာ ကျွန်တော် လစ်ခနဲ ဖြစ်ပြီး မူးလဲကျသွားတယ်။ ကံကောင်းတယ်လို့ ဆိုရမှာပေါ့။ တကယ်ဆိုရင် ကြမ်းပြင်ပေါ် လဲကျသွားပြီး ခေါင်းပေါက် သေနိုင်တယ်။ ဒါပေမယ့် ကျွန်တော် တစောင်း လဲကျသွားတယ်။ ရယ်တော့ ရယ်ရတယ်ဗျာ။ သတိမေ့ပြီး လဲကျလို့ သတိရလာတဲ့ အခါကျတော့ နေလို့ ထိုင်လို့ တော်တော်ကောင်းသွားတယ်။ လဲကျတဲ့ ဘက်က လက်မောင်းကတော့ နည်းနည်း နာနေတာပေါ့။ ဒါပေမယ့် မူးတာတို့ ဘာတို့တော့ မရှိတော့ဘူး။

အဲဒီတော့ အချိန်က ဆယ့်နှစ်နာရီ ဆယ်မိနစ်လောက် ရှိနေပြီ။ ဒါနှင့် ကျွန်တော် ပြတိုက် အပြင်ဘက် တံခါးဝနားကို သွားပြီး ညီမလေး ဖီဘီကို

စောင့်နေတယ်။ ညီမလေးနှင့် နောက် ဘယ်အချိန်ကျမှ ပြန်တွေ့ရမလဲ မသိဘူးလို့ ကျွန်တော် တွေးနေတယ်။ ညီမလေးတင် မကပါဘူးလေ။ အဖေရော အမေရော ဆွေမျိုးတွေ အားလုံးကိုရော ဆိုပါတော့။ နောက်တစ်ခါ ပြန်တွေ့ချင်မှ တွေ့ရတော့မယ်။ ဒါပေမယ့် တော်တော်နှင့် ပြန်တွေ့ဖြစ်တော့မှာ မဟုတ်တာကတော့ သေချာတယ်။ ကျွန်တော်လဲ အသက် သုံးဆယ့်ငါးနှစ်လောက်ရှိမှ အိမ်ကို ပြန်ရောက်ချင် ရောက်မှာ။ အိမ်သားထဲက တစ်ယောက်ယောက် နေထိုင်မကောင်းလို့ သူတို့ကလဲ ကျွန်တော့်ကို နောက်ဆုံး တွေ့ခြင်း အနေနှင့် တွေ့ချင်တယ် ဆိုတဲ့ အခါမျိုးမှ ကျွန်တော် ပြန်ရောက်တော့မှာ။ အဲဒီလို အခါမျိုးကျမှပဲ ကျွန်တော်လဲ ကျွန်တော့် သစ်လုံး တဲအိမ်လေးထဲက ထွက်ဖြစ်တော့မှာ။ ကျွန်တော် ပြန်ရောက်သွားရင် ဘယ်လိုများ နေကြမလဲ ဆိုတာကိုလဲ ကျွန်တော် စဉ်းစားကြည့်မိတယ်။ အဲဒီ အခါကျရင် အမေက ရင်တုန်ပန်းတုန်နှင့် ငိုမယ်။ သစ်လုံး တဲကလေးကို ပြန်မသွားဘဲ အိမ်မှာပဲ နေလို့ မျက်ရည် စမ်းစမ်းနှင့် ပြောမယ်။ ဒါပေမယ့် ကျွန်တော်ကတော့ သွားရမှ ဖြစ်မယ်။ ကျွန်တော်က ဘာမှ မဖြစ်သလို အရေးမကြီးတဲ့ ဟန်မျိုးနှင့် အမေ့ကို ချော့မယ်။ ပြေရာ ပြေကြောင်း ပြောမယ်။ ပြီးတော့ ဧည့်ခန်းထဲ သွားပြီး စီးကရက် တစ်လိပ်ကို ဖွာရင်း အေးအေးဆေးဆေး ဘာမှ မဖြစ်တဲ့ ဂိုက်ဖမ်းမယ်။ တစ်ခါတလေ ကျွန်တော့်ဆီ အလည် လာချင်တယ် ဆိုရင် လာဖို့ ဖိတ်မယ်။ ဒါပေမယ့် လာပါလို့ အတင်းတော့ မပြောပါဘူး။ ညီမလေး ဖီဘီကိုတော့ နွေရာသီတို့ နာတာလူးတို့ အီစတာ အားလပ်ရက်တို့မှာ ကျွန်တော့် သစ်လုံး တဲကလေးကို လာဖို့ ဖိတ်မယ်။ အစ်ကို ဒီဘီကိုလဲ အေးအေးဆေးဆေး စာလာရေးချင်သပ ဆိုရင် ကျွန်တော့် သစ်လုံးအိမ်လေးကို လာရေးဖို့ ဖိတ်မယ်။ ဒါပေမယ့် ကျွန်တော့် သစ်လုံးတဲလေးမှာ ဝတ္ထုတို့ ဘာတို့ပဲ ရေးလို့ရမှာပါ။ ဟောလီဝုဒ် ဇာတ်ညွှန်းတွေကိုတော့ ဘယ်မှာ ရေးလို့ရမှာလဲ။

ကျွန်တော့် တဲလေးကို လာရင် အပေါ်ယံ ပပလွှားလွှားဟာမျိုးတွေကို မလုပ်ရလို့ စည်းမျဉ်း ထုတ်ထားမယ်။ ကျွန်တော့်ထဲမှာ ဟန်ဆောင်ပန်ဆောင်တွေ လာလုပ်နေလို့ကတော့ သူ နေလို့ ဖြစ်မှာ မဟုတ်ဘူး။

ကုတ်အင်္ကျီထားတဲ့ အခန်းထဲက နာရီကို လှမ်းကြည့်လိုက်တော့ နာရီပြန် တစ်ချက် ထိုးဖို့ နှစ်ဆယ့်ငါးမိနစ်ပဲ လိုတော့တယ်။ ရုံးခန်းထဲက အဘွားကြီးက တခြား စာရေးမကို ဖီဘီကို စာသွားပြီး မပေးနှင့်လို့များ တားနေမလားလို့ ကျွန်တော် စိုးရိမ်လာတယ်။ မီးရှို့ပစ်လိုက်ဖို့ ပြောချင် ပြောလေမလား

လို့လဲ ကျွန်တော် တွေးပူမိတယ်။ ကျွန်တော့် ညီမလေးဆီကို စာ မရောက်မှာ စိုးရိမ်လိုက်တာဗျာ။ ကျွန်တော် မသွားခင်မှာ ညီမလေးကိုတော့ တွေ့သွားချင်တယ်လေ။ ပြီးတော့ သူ့နာတာလူး ပိုက်ဆံကလေးကိုလဲ ပြန်ပေးချင်သေးတယ်။

နောက်ဆုံးတော့ ကျွန်တော့် ညီမလေး လာနေတာကို မြင်ရတယ်။ မှန်တံခါးကနေပြီး လှမ်းကြည့်တော့ ညီမလေးကို မြင်ရတယ်။ မြင်ရတာက တခြားကြောင့် မဟုတ်ဘူးဗျ။ ကျွန်တော် ပေးပစ်ခဲ့တဲ့ တောလိုက် ဦးထုပ်အနီလေးကို ဆောင်းထားလို့ သေသေချာချာ မြင်ရတာ။ ဒီ ဦးထုပ်လေးကို ဆယ်မိုင်လောက်က လှမ်းလှမ်းမြင်နေရတယ်။

ကျွန်တော်လဲ ပြတိုက်ထဲက ထွက်ပြီး ကျောက်တုံးလှေကားတွေ အတိုင်း လမ်းမကို ဆင်းလာခဲ့တယ်။ ဘာဖြစ်လို့လဲ မသိဘူး။ ညီမလေး လက်ထဲမှာ လက်ဆွဲအိတ်ကြီးကို ကိုင်ထားတယ်ဗျ။ ကိုင်ထားတယ်လို့သာ ဆိုရတယ်။ အမှန်ကတော့ ဒရွတ်ဆွဲ လာတာပါ။ အနားရောက်လို့ ကြည့်လိုက်တော့ ကျွန်တော့် လက်ဆွဲအိတ် အဟောင်းကြီးရယ်။ ဟူတန် ကျောင်းမှာတုန်းက ကျွန်တော် သုံးခဲ့တဲ့ လက်ဆွဲအိတ်ဟောင်းကြီး။ ဘာဖြစ်လို့များ ဒီ လက်ဆွဲအိတ်ကြီးကို ယူလာသလဲ မဆိုနိုင်ဘူး။ ကျွန်တော့်ကို မြင်တော့ 'ဟေး ကိုကို' လို့ လှမ်းအော်တယ်။ လက်ဆွဲအိတ်ကြီးကို ဆွဲလာရတော့ သူ့မှာ မောလို့ပေါ့။

'ညီမလေး မလာတော့ဘူး ထင်နေတာ၊ ဒီ အိတ်ကြီးက ဘာလုပ်ဖို့ ယူလာရတာလဲ၊ ကိုကို့အတွက် မလိုမှ မလိုတာ၊ ကိုကိုက အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် သွားမှာ၊ ဘူတာရုံမှာ ထားပစ်ခဲ့တဲ့ လက်ဆွဲအိတ်ကိုတောင် မယူတော့ဘူး၊ သေတ္တာထဲမှာ ဘာတွေ ပါသလဲ'

ညီမလေး သားရေ လက်ဆွဲအိတ်ကြီးကို အောက်ချလိုက်တယ်။

'ညီမလေး အဝတ်အစားတွေပေါ့၊ ညီမလေးလဲ ကိုကိုနှင့် အတူ လိုက်မယ်လေ၊ ဖြစ်တယ် မဟုတ်လားဟင် ကိုကို'

'ဘာ' လို့ ကျွန်တော် အော်လိုက်မိတယ်။ သူ့စကားကို ကြားလိုက်ရတော့ ကျွန်တော် လဲကျမသွားမလားလို့တောင် ထင်မိတယ်။ ဘုရားစူးရစေ့ဗျာ။ ကျွန်တော် မူးပြီး လဲကျသွားလိမ့်မယ်လို့ကို ထင်လိုက်တာ။

'ညီမလေးကို မမြင်အောင် နောက်ဘက် ဓာတ်လှေကားကနေ ဆင်းလာတာ၊ သိပ်မလေးပါဘူး ကိုကိုရဲ့၊ အိတ်ထဲမှာ ညီမလေးရဲ့ ဝတ်စုံ နှစ်စုံရယ်၊ အောက်ခံ ဘောင်းဘီရယ်၊ ခြေအိတ်ရယ်၊ ပြီးတော့ တခြား တိုလီမိုလီလေး

တွေ့ရယ်၊ ကိုင်ကြည့်ပါလား၊ ပေါ့ပေါ့လေးရယ်၊ ကိုင်ကြည့်လေ၊ ညီမလေးလဲ ကိုကိုနှင့် လိုက်မယ်၊ နော် ဟုတ်လား၊ လိုက်လို့ ဖြစ်တယ်နော်၊ ညီမလေးကိုပါ ခေါ်နော်'

'တော်စမ်းပါကွာ၊ ဘာတွေ လျှောက်ပြောနေတာလဲ'

ကျွန်တော့် စိတ်ထဲမှာ မူးမေ့ လဲကျသွားမလားလို့ ထင်လိုက်မိတယ်။ ညီမလေးကို ကျွန်တော် ဒီစကားကို မပြောချင်ဘူး။ ဒီလို အော်ငေါက် မပြောချင်ဘူး။ ကျွန်တော့် စိတ်ထဲမှာ တကယ်ကို မူးမေ့ လဲသွားလိမ့်မယ်လို့ ထင်လိုက်တယ်။

'ဟင် ဘာဖြစ်လို့လဲ၊ ညီမလေးလဲ လိုက်ချင်တယ်၊ ညီမလေး ကောင်းကောင်း လိုက်မှာပါ၊ ကိုကိုက ဒီ အဝတ်အစားတွေကို ယူတာ မကြိုက်ဘူးဆိုရင်လဲ မယူတော့ဘူး၊ ညီမလေးကိုတော့ ခေါ်ပါနော် ကိုကို၊ ညီမလေး လိုက်မယ်နော်'

'ယူလဲ မယူနှင့်၊ လိုက်လဲ မလိုက်ရဘူး၊ ကိုကို တစ်ယောက်တည်း သွားမှာ၊ ဒီတော့ ဟိုပြော ဒီပြော ပြောမနေနှင့် တိတ်'

'ဟင့်အင်း ညီမလေးလဲ လိုက်မယ်၊ ညီမလေး လိုက်ချင်တယ်၊ ညီမလေး ကောင်းကောင်းနေ ဆိုရင်.....'

'မလိုက်ရဘူး၊ တော်တော့ အိတ်ပေး'

ညီမလေး ငိုနေတယ်။

'ငါကဖြင့် ခုလောက်ဆို ကျောင်းကပွဲမှာ ဝင်ကနေပြီလို့ အောက်မေ့နေတာ၊ ကျောင်းကပွဲမှာ ဘယ်နဲ့ဒစ်အာနိုး အဖြစ် ဝင်ကနေပြီ ထင်တာ၊ နေစမ်းပါဦး၊ ဘာဖြစ်လို့ လိုက်ချင်ရတာလဲ၊ ဘာဖြစ်လို့ ကျောင်းကပွဲမှာ မပါတာလဲ'

ကျွန်တော်က စိတ်ချဉ်ပေါက်ပေါက်နှင့် ပြောလိုက်တယ်။ ဒီတော့မှ ညီမလေးဟာ ပိုဝမ်းနည်းပြီး ရှိုက်ကြီးတငင် ငိုတယ်။ သူ ငိုတာကို ကျွန်တော် ဝမ်းသာတယ်။ မျက်လုံးတွေ ကျွတ်ထွက်သွားအောင် ငိုလိုက်စေချင်တယ်။ ညီမလေးကိုပါ ကျွန်တော် မုန်းလာတယ်။ ကျောင်းကပွဲမှာ မပါလို့ရယ်၊ ကျွန်တော်နှင့် လိုက်မယ် ဆိုတာရယ်၊ ဒါကြောင့် ညီမလေးကို ကျွန်တော် မုန်းလာတယ်လို့ ထင်လိုက်မိတယ်။

'လာ' ဆိုပြီး ကျွန်တော် လှေကား အတိုင်း ပြတိုက်ထဲကို တက်လာခဲ့ကြတယ်။ အထဲရောက်ရင် လက်ဆွဲအိတ်ထဲမှာ ဘာတွေ ပါလာသလဲ ဆိုတာ

ကို ကြည့်ရဦးမယ်။ ပြီးတော့ သုံးနာရီ ကျောင်းဆင်းရင် သူ့ကို ပြန်လွှတ်ရဦးမယ်။ ဒီအိတ်ကြီးနှင့် ကျောင်းပြန်သွားလို့ မဖြစ်ဘူး။

'လာလို့ ဆိုနေ'

ဒါပေမယ့် ညီမလေးက ကျွန်တော်နှင့် အတူ လှေကားပေါ်ကို တက်လိုက် မလာဘူးဗျ။ ကျွန်တော် ခေါ်လို့လဲ မရဘူး။ ဒါနှင့် ကျွန်တော် တစ်ယောက်တည်း အိတ်ကြီးကို အပေါ်ကို ဆွဲလာပြီး အထဲက ပစ္စည်းတွေကို စစ်ဆေးကြည့်တယ်။ ပြီးတော့ အောက်ကို ပြန်ဆင်းလာခဲ့တယ်။ ညီမလေးက လှေကားရင်း ပလက်ဖောင်းပေါ်မှာ။ ကျွန်တော် ဆင်းလာတော့ ကျွန်တော့်ကို ကျောပေးပြီး ရပ်လိုက်တယ်။ သူ စိတ်ဆိုးပြီ ဆိုရင် ကျောပေးပြီး တစ်ဖက်လှည့် ရပ်နေလိုက်တာပဲ။

'ကိုကိုလဲ မသွားတော့ဘူး၊ ကိုကို စိတ်ပြောင်းသွားပြီ၊ ဒီတော့ ညီမလေးလဲ ငိုမနေနှင့်တော့'

ဒါပေမယ့် ညီမလေးကလဲ ခုတော့ အငို တိတ်နေပြီ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ မငိုနှင့်လို့ပဲ ပြောရတာပေါ့လေ။

'လာ ကျောင်းသွားရအောင်၊ ကိုကို လိုက်ပို့ပါ့မယ်၊ လာလို့ ဆိုနေ'

သူက ဘာမှ မပြောဘူး။ ကျွန်တော်က သူ့လက်ကို လှမ်းဆွဲလိုက်တယ်။ သူက အဆွဲမခံဘူး။ တစ်ဖက်ကိုပဲ ကျောပေး ရပ်နေတယ်။

'နေ့လယ်စာကော စားပြီးပြီလား'

ညီမလေးက ဘာမှ မပြောဘူး။ ခဏနေတော့ ကျွန်တော် သူ့ကို ပေးထားတဲ့ တောလိုက် ဦးထုပ်ကလေးကို ချွတ်လိုက်ပြီး ကျွန်တော့် မျက်နှာကို ပေါက်လိုက်တယ်။ ပြီးတော့ တစ်ဖက်ကို လှည့်ပြီး ရပ်နေတယ်။ ကျွန်တော့် စိတ်ထဲမှာ မကောင်း ဖြစ်သွားတယ်။ ဒါနှင့် ကျွန်တော် ဦးထုပ်ကလေးကို ကောက်ပြီး ကုတ်အင်္ကျီ အိတ်ထဲကို ထိုးထည့်လိုက်တယ်။

'လာ ကျောင်းကို ကိုကို လိုက်ပို့မယ်'

'ဟင့်အင်း၊ ညီမလေး ကျောင်းမသွားတော့ဘူး'

ကျွန်တော်လဲ ဘာပြောရမှန်း မသိဘူး။ ဒါနှင့် မိနစ် အတော် ကြာလောက်ထိ ကျွန်တော် ရပ်နေမိတယ်။

'ကျောင်းပြန်မသွားလို့ ဘယ်ဖြစ်မလဲ၊ ကျောင်းကို ပြန်မှပေါ့၊ ပြဇာတ်ထဲက ညီမလေး ပါရဦးမယ် မဟုတ်လား၊ ဘာလဲ မပါချင်တော့ဘူးလား၊ ဘယ်နဲ့ဒစ် အာနိုး လုပ်ရဦးမယ်ဆို၊ မလုပ်တော့ဘူးလား'

'ဟင့်အင်း၊ မလုပ်တော့ဘူး'

'အို မလုပ်လို့ ဘယ်ဖြစ်မလဲ၊ လုပ်မှပေါ့၊ ကဲလာ ကိုကို လိုက်ပို့မယ်၊ ကိုကိုလဲ ဘယ်ကိုမှ မသွားတော့ဘူး၊ အိမ်ကိုပဲ ပြန်မယ်၊ ဘူတာရုံကို သွားပြီး ကိုကို့ ပစ္စည်းတွေ သွားယူဦးမယ်၊ ပြီးတော့ အိမ်ကို တန်းပြန်မယ်'

'ကိုကို့ဘာသာ ဘယ် သွားသွား ဘယ် ပြန်ပြန် ညီမလေးကတော့ ကျောင်းကို မပြန်တော့ဘူး ကိုကိုလို့ ပြောပြီးပြီပဲ၊ ဒီတော့ ကိုကိုလဲ တော်တော့၊ နောက်ထပ် မပြောနှင့်တော့'

ကျွန်တော့်ကို ဘာမှ မပြောနှင့်လို့ ပြောတာ ဒီအကြိမ်ဟာ ပထမဆုံး အကြိမ်ပဲဗျာ။ ကြားရတာ နားထဲ အောင့်သက်သက်ကြီးဗျာ။ ကျိန်ဆဲတာ ထက်တောင် အခံရခက်သေးတယ်။ ညီမလေးဟာ ကျွန်တော့်ကိုလဲ မကြည့်ဘူးဗျ။ ကျောပေးပြီး ရပ်နေတုန်းပဲ။ ကျွန်တော်က သူ့ပခုံးပေါ်ကို လက်တင်ရင်လဲ အင်တင်တင်။ အတင်မခံဘူး၊ ပုတ်ချပစ်တယ်။

'ဒီမှာ ကိုကို ပြောမယ်၊ ညီမလေး လမ်း မလျှောက်ချင်ဘူးလား၊ တီရစ္ဆာန်ရုံဘက်ကို လမ်းလျှောက်ချင်တယ်ဆို၊ ကျောင်းကို မပြန်ချင်ဘူး ဆိုရင်လဲ တီရစ္ဆာန်ရုံဘက်ကို လမ်းလျှောက်ရအောင်၊ ဒါတွေကို တွေးမနေနှင့်'

ဒီလို ပြောတော့လဲ သူက ဘာမှ ပြန်မပြောဘူးဗျ။ စိတ်ကောက်နေတုန်းပဲ။ ဒီတော့ ကျွန်တော်ကပဲ ပြောရပြန်တယ်။

'ဒီနေ့ညနေ ညီမလေး ကျောင်းမတက်ချင်ဘူးဆိုရင် မတက်နှင့်၊ ကိုကို တီရစ္ဆာန်ရုံကို လိုက်ပို့မယ် ဟုတ်လား၊ မဟုတ်တရုတ်တွေ ခေါင်းထဲ ထည့် မနေနှင့်၊ မနက်ဖြန် ကျရင်တော့ ကျောင်းပြန်တက်နော်၊ ညီမလေးက လိမ္မာ တယ် မဟုတ်လား'

'ဒါကတော့ ကိုယ့်သဘောပေါ့၊ ကိုယ် တက်ချင်မှ တက်မှာပေါ့'

ဒီလို ပြောပြီး ညီမလေးဟာ ဘာမပြော ညာမပြောနှင့် လမ်းကို ကူး ပြေးတယ်ဗျ။ ကားတွေ ဘာတွေကိုတောင် မကြည့်တော့ဘူး။ တစ်ခါတလေ မှာ ညီမလေးဟာ ဒီလိုပဲ စိတ်ရူးပေါက်တာကို လုပ်ချင်လုပ်တာ။

ကျွန်တော် သူ့နောက်ကို မလိုက်ဘူး။ ကျွန်တော့်နောက်ကို သူ လိုက် လာမှာ ဆိုတာ ကျွန်တော် သိတယ်။ ဒါနှင့် ကျွန်တော် မြို့လယ်က တီရစ္ဆာန်ရုံ ဘက်ကို လျှောက်လာခဲ့တယ်။ ကျွန်တော်က ပန်းခြံဘက် ပလက်ဖောင်းအတိုင်း သစ်ပင်ရိပ်တွေ အောက်က လျှောက်လာတယ်။ သူက တစ်ဖက် ပလက်ဖောင်းက လိုက်လာတယ်။ ကျွန်တော့်ကိုတော့ မကြည့်ဘူးဗျ။ ခပ်တည်တည်ပဲ။ ဒါပေ

http://nyisay.com



မယ့် ကျွန်တော် ဘယ်သွားသလဲ ဆိုတာ သူ မသိသလို အကဲခတ် လိုက်လာတယ်။ ကျွန်တော်ကလဲ အသာပဲ ဆက်လျှောက်လာခဲ့တယ်။ ဒီလိုနှင့် ကျွန်တော်တို့ နှစ်ယောက် ပလက်ဖောင်း တစ်ဖက်စီအတိုင်း တိရစ္ဆာန်ရုံဘက်ကို လျှောက်လာခဲ့ကြတယ်။ တစ်ခါ တစ်ခါ နှစ်ထပ် ဘတ်စ်ကားကြီးတွေ ဖြတ်သွားရင်တော့ ကျွန်တော် သူ့ကို မမြင်ရဘူး။ တိရစ္ဆာန်ရုံကို ရောက်တော့ ကျွန်တော်က

'ညီမလေးရေ ကိုကို တိရစ္ဆာန်ရုံထဲကို ဝင်မှာနော် လာ' လို့ လှမ်းအော်လိုက်တယ်။ သူက ကျွန်တော့်ကို မကြည့်ဘူး။ ဒါပေမယ့် ကျွန်တော် ခေါ်နေတာကို သူ ကြားတယ်။ ဒါနှင့် ကျွန်တော်က တိရစ္ဆာန်ရုံထဲ ဝင်တဲ့ လှေကားထစ်ကလေးကို ဆင်းလိုက်တယ်။ အဆင်းမှာ ကြည့်လိုက်တော့ လမ်းကို ဖြတ်ပြီး ကျွန်တော့် နောက်ကို လိုက်လာတာ တွေ့လိုက်ရတယ်။

ရာသီဥတုက သိပ်မကောင်းတော့ တိရစ္ဆာန်ရုံထဲမှာ လူသူ သိပ်မရှိဘူး။ ဒါပေမယ့် ရေကူးကန်နှင့် ရေမြင်းကြီးတွေ နားမှာတော့ လူနည်းနည်း ရှိတယ်။ ကျွန်တော်က ဆက်လျှောက်သွားတော့ ညီမလေးက ရေမြင်းတွေ နားမှာ အစာကျွေးနေတာကို ရပ်ကြည့်နေတယ်။ လူတစ်ယောက်က ရေမြင်းတွေဆီကို ငါးတွေ ပစ်ချနေတယ်။ ဒါနှင့် ကျွန်တော် ပြန်လျှောက်လာခဲ့တယ်။ ဒီနေရာမှာတော့ သူ့ကို အမိ ဆွဲခေါ်လို့ အကောင်းဆုံးပဲလို့ ကျွန်တော် တွေးလိုက်တယ်။ ကျွန်တော်က အနား သွားရပ်ပြီး သူ့ပခုံးကို ကိုင်လိုက်တယ်။ ဒါပေမယ့် သူက အသာလေး ကုန်းပြီး ကျွန်တော့် အနားက ရှောင်ထွက် သွားတယ်။ တော်တော် ဆိုးတဲ့ ကောင်မလေးဗျာ။ ကောင်မလေးက တစ်ခါတစ်ခါ ဒီလိုပဲ ဂျစ်တစ်တစ် လုပ်တတ်တယ်။ သူကလဲ ရေမြင်းတွေကို အစာကျွေးနေတာကို ရပ်ကြည့်နေတော့ ကျွန်တော်လဲ ဘယ်မှ မသွားတော့ဘဲ သူ့အနားမှာ ရပ်နေတယ်။ ကျွန်တော်လဲ သူ့ပခုံးကို မကိုင်တော့ဘူး။ ကိုင်ရင်လဲ စောစောကလို ရှောင်ထွက်သွားဦးမှာကိုး။ ဒီတော့ အသာပဲ နေလိုက်တယ်။ ကလေးတွေဟာ တော်တော် ရယ်ရတယ်ဗျာ။ သူတို့နှင့် ဆက်ဆံရင် သတိထား ဆက်ဆံမှ။

ရေမြင်းတွေ နားက ထွက်လာတော့ သူ ကျွန်တော့် နောက်က လိုက်မလာတော့ဘူးဗျ။ ဒါပေမယ့် ခပ်ခွာခွာက မယောင်မလည်နှင့် ပါလာတယ်။ ကျွန်တော်က ဒီဘက် ပလက်ဖောင်းက လျှောက်တယ်ဆိုရင် သူက ဟိုဘက် ပလက်ဖောင်းက လျှောက်တယ်။ သိပ်တော့ မကောင်းဘူးပေါ့ဗျာ။ ဒါပေမယ့် ကျွန်တော်တို့ တစ်ယောက်နှင့် တစ်ယောက် တစ်မိုင်လောက် မကွာရင် တော်သေးတယ်လို့ ဆိုရမှာပေါ့။ တောင်ကုန်းပေါ်မှာ ရှိတဲ့ ဝက်ဝံရုံကို သွားကြ

http://nyisay.com



တယ်။ ဟိုမှာ ဘာမှ သိပ်ကြည့်စရာ မရှိဘူး။ ဝင်ရိုးစွန်း ဝက်ဝံ တစ်ကောင် အပြင် ထွက်နေတယ်။ ကျန်တဲ့ အညိုတစ်ကောင်ကတော့ သူ့ သောက်ဂူထဲက ထွက်တော် မမူဘူး။ ဖင်ပိုင်းပဲ မြင်ရတယ်။ ကျွန်တော့် အနားမှာ နွားကျောင်း သား ဦးထုပ် ဆောင်းထားတဲ့ ချာတိတ်လေး တစ်ယောက် ရပ်နေတယ်။ 'ဒယ်ဒီ၊ သူ့ကို ခေါ်ပေးပါ၊ သူ့ကို ခေါ်ပေးပါ' လို့ ပြောနေတယ်။ ကျွန်တော် က ညီမလေးကို လှမ်းကြည့်လိုက်တယ်။ ခပ်တည်တည်ပဲဗျ၊ မရယ်ဘူး။ ကလေး တွေ စိတ်ကောက်ပြီဆိုရင် ဒီလိုပဲဗျ။ ဘာလုပ်ပြပြ တော်တော်နှင့် မရယ်ဘူး။

ဝက်ဝံရုံနားက ထွက်လာပြီးတော့ ကျွန်တော်တို့ တိရစ္ဆာန်ရုံထဲက ထွက် လာခဲ့ကြတယ်။ ပန်းခြံလေးထဲက လမ်းလေးအတိုင်း လျှောက်လာခဲ့ပြီး လူတွေ အပေါ့သွားလို့ သေးစော်နံနေတဲ့ လိုဏ်ဂူလေး တစ်ခု အနားကို ရောက်လာခဲ့ ကြတယ်။ ညီမလေးဟာ ခုအချိန်ထိ ကျွန်တော့်ကို စကား တစ်ခွန်းမှ မပြော သေးဘူး။ ဒါပေမယ့် ကျွန်တော် သွားတဲ့ဆီကိုတော့ လိုက်လာနေပြီ။ ကျွန် တော်က သူ့ကုတ်အင်္ကျီနောက် ခါးစည်း ခါးပတ်ကို လှမ်းဆွဲလိုက်တယ်။ ဒါ ပေမယ့် သူက ရုန်းတယ်။

'ကိုကို လက်နှင့် မကိုင်ပါနှင့်'တဲ့။ ကျွန်တော့်ကို စိတ်ဆိုးတုန်းပဲ။ ဒါပေမယ့် စောစောကလောက်တော့ မပြင်းထန်တော့ဘူး။ ဒီလိုနှင့် ကျွန်တော် တို့ ဝိုင်းကြီးပတ်ပတ် ရုံနားကို ရောက်လာခဲ့ကြတယ်။ ဝိုင်းကြီးပတ်ပတ် ရုံ ထဲက သီချင်းသံတွေကို ကြားနေရပြီ။ 'အို မေရီရယ်' ဆိုတဲ့ သီချင်း။ ဒီသီချင်း က ကြာလှပြီ။ လွန်ခဲ့တဲ့ အနှစ် ငါးဆယ် ကျွန်တော် ငယ်ငယ်လေးက တည်း က ကြားဖူးတဲ့ သီချင်း။ ချားရဟတ်ရုံ တစ်ခု ရှိတယ်။ အဲဒီမှာ ဒီသီချင်းကိုပဲ အမြဲတမ်း တီးလေ့ ရှိတယ်။

'ဟင် ဆောင်းတွင်းကြီးမို့လို့ မဖွင့်ဘူး ထင်နေတာ'

'ဆောင်းတွင်းကြီးလဲ ဖွင့်တယ်' လို့ ညီမလေးက သံပြတ်နှင့် ပြော တယ်။ ပထမအကြိမ် ပြောတဲ့ စကား။ ကျွန်တော့်ကို စိတ်နည်းနည်း ပြေသွား ပြီ ထင်တယ်။

'နာတာလူး ပွဲတော် နီးလို့ ဖွင့်တာ နေမှာပေါ့' လို့ ကျွန်တော်က ပြောတယ်။

သူက မပြောဘူးဗျ။ ကျွန်တော်နှင့် စိတ်ဆိုးနေတယ် ဆိုတာကို ပြန် သတိရသွားပုံ ရတယ်။

'ဝိုင်းကြီးပတ်ပတ် စီးမလားဟင်' လို့ ကျွန်တော်က မေးလိုက်တယ်။

သူ စီးချင်မှန်း ကျွန်တော် သိတယ်။ ကျွန်တော် ငယ်ငယ်တုန်းက အစ်ကိုရယ်၊ ကျွန်တော်ရယ်၊ ညီလေး အယ်လီရယ်၊ သူရယ် စီးနေကျ။ ဝိုင်းကြီးပတ်ပတ် စီးရင် သူ ပျော်မယ်ဆိုတာ ကျွန်တော် သိတာပေါ့။

'ဟင့်အင်း၊ မစီးချင်ပါဘူး၊ ကလေးလေးမှ မဟုတ်တော့တာ' လို့ ပြောတယ်။ အမှန်က ကျွန်တော် မေးတာကို သူ ဖြေမှ ဖြေပါ့မလားလို့ ထင်နေတာ။ ခုတော့ ဖြေတယ်ဗျ။

'ဘာဖြစ်လို့ ကလေးလေး မဟုတ်ရမှာလဲ၊ ကလေးပဲ ရှိသေးတာ၊ စီးချင် သွားစီးချည်၊ ကိုကို စောင့်နေမယ်'

ပြောပြောဆိုဆိုနှင့် ရဟတ်နားကို ရောက်လာကြတယ်။ အနားမှာ ချာတိတ် တစ်သိုက်လဲ ရှိတယ်။ တကယ့် ချာတိတ်လေးတွေပါ။ လူကြီးမိဘတွေက အပြင်ဘက်မှာ ထိုင်စောင့်နေကြတယ်။ ကျွန်တော်က လက်မှတ်ရုံပေါက် သွားပြီး ညီမလေးဖို့ လက်မှတ် တစ်စောင် ဝယ်လိုက်တယ်။ ပြီးတော့ သူ့ကို ပေးလိုက်တယ်။ သူက ကျွန်တော့်ဘေးမှာ ရပ်လို့။

'ခဏ စောင့်နေဦး၊ ရော့ ညီမလေး ပိုက်ဆံလဲ ယူထား' လို့ ပြောပြီး သူ့ဆီက ချေးလာတဲ့ ပိုက်ဆံကို ပြန်ပေးတယ်။

'ဟင့်အင်း နောက်တော့မှ ယူမယ်၊ ကျေးဇူးပြုပြီး ကိုကိုပဲ သိမ်းထားဦး'

တော်တော် စိတ်ညစ်ရပါလားဗျာ။ တစ်ယောက်ယောက်က ကျေးဇူး ပြုပြီး'လို့ ပြောပြီ ဆိုရင် ကျွန်တော် သိပ်စိတ်ညစ်တယ်။ ညီမလေးကပဲ ပြော ပြော ဘယ်သူကပဲ ပြောပြော ကျေးဇူးပြုပြီး ဆိုတဲ့ စကားကို ကြားလိုက်ရရင် ကျွန်တော် သိပ်စိတ်ကုန်တာပဲ။ ဒါပေမယ့် သူ ပေးတဲ့ ပိုက်ဆံကို ကျွန်တော့် အိတ်ထဲ ပြန်ထည့်လိုက်ပါတယ်။

'ကိုကိုကော ဝိုင်းကြီးပတ်ပတ် မစီးဘူးလား၊ ကိုကို့လက်မှတ် အတွက် ဆုတ်လိုက်ဦးလေ'

'နောက်တော့မှ စီးမယ်၊ ခု ကိုကို ညီမလေးကို စောင့်ကြည့်နေမယ်' ညီမလေးက ကျွန်တော့်ကို ပြုံးဖြိဖြိနှင့် ကြည့်နေတယ်။ ကျွန်တော့်ကို စိတ်ပြေ သွားပြီ ဆိုတဲ့ သဘောပေါ့။ ကြည်စေ အေးစေပေါ့။

'နောက်တော့ စီးမှာပေါ့ကွ၊ ခု ညီမလေးကို စောင့်နေမယ်၊ လက်မှတ် ကော'

'ရှိတယ်'

'ဒါဖြင့် သွားစီးချည်၊ ကိုကို ဟောဟိုက ခုံပေါ်မှာ ထိုင်စောင့်နေမယ်'

ကျွန်တော်က ခုံရှည်ပေါ် သွားထိုင်တာနှင့် သူလဲ ဝိုင်းကြီးပတ်ပတ်ပေါ် တက်သွားတယ်။ ဝိုင်းကြီးပတ်ပတ်ပေါ်မှာ သူ ဟိုလျှောက်ကြည့် သည်လျှောက်ကြည့် ကြည့်နေတယ်။ နောက်တစ်ခါ ပြန်ပတ်ပြန်တယ်။ ပြီးတော့ အရောင်မှိန်နေတဲ့ အညိုရောင် သစ်သား မြင်းရုပ်ကြီး တစ်ကောင်ပေါ်ကို တက်ထိုင်လိုက်တယ်။ ဝိုင်းကြီးပတ်ပတ်က စလည်နေပြီ။ တစ်ပတ်ပြီး တစ်ပတ်လည်နေတဲ့ ဝိုင်းကြီးပတ်ပတ်ထဲက မြင်းပေါ်ကို ပါသွားတဲ့ သူ့ကို ကျွန်တော်စောင့်ကြည့်နေတယ်။ ဝိုင်းကြီးပတ်ပတ်ပေါ်မှာ တခြား ချာတိတ်လေးတွေ လေးငါးယောက်လောက် စီးနေကြတယ်။ တီးဝိုင်းက 'မျက်စိထဲမှာ မီးခိုးဝင်' ဆိုတဲ့ သီချင်းကို တီးနေတယ်။ သီချင်းက ဂျက်စ်သီချင်းဗျ။ ရယ်စရာကြီး။ မြင်းပေါ်က ချာတိတ်လေးတွေက ဝိုင်းကြီးပတ်ပတ် စီးရင် ရွှေကွင်းကြီး ဆွဲထားတဲ့နေရာ ရောက်ရင် ကွင်းကြီးကို လှမ်းလှမ်းဆွဲကြတယ်။ ညီမလေးကလဲ လှမ်းလှမ်းဆွဲတယ်။ မြင်းပေါ်က ကျရင်တော့ ဒုက္ခပဲလို့ ကျွန်တော် စိုးရိမ်နေတယ်။ ဒါပေမယ့် ကျွန်တော် ဘာမှ မပြောဘူး။ အသာပဲ ကြည့်နေလိုက်တယ်။ ကလေး ဆိုတာ ခက်သားပဲ။ ရွှေကွင်းကို လှမ်းဆွဲချင်တယ် ဆိုရင် ဆွဲပေစေ၊ ဘာမှ မပြောဘဲ ကြည့်သာနေလိုက်။ လိမ့်ကျမှကျရော မတတ်နိုင်ဘူး။ သူတို့ လုပ်ချင်တာကို မလုပ်နှင့်လို့ သွားပြောရင် ပိုဆိုးကုန်ရော။

ဝိုင်းကြီးပတ်ပတ် ရပ်သွားတော့ ညီမလေးလဲ မြင်းပေါ်က ဆင်းလာတယ်။

'ဒီတစ်ခေါက် ကိုကို စီး'

'ဟင့်အင်း ကိုကို စောင့်ကြည့်နေမယ်၊ သွား လက်မှတ်ဆုတ်ချည်ဦး' လို့ ပြောပြီး သူ့ပိုက်ဆံကို ပြန်ပေးလိုက်တယ်။

သူက ကျွန်တော် ပေးတဲ့ ပိုက်ဆံကို လှမ်းယူပြီး.....

'ကိုကိုနှင့် ညီမလေး ပြန်ခေါ်ပြီနော်' တဲ့။

'ဟုတ်ပါတယ်၊ ကဲ သွား သွား၊ လက်မှတ် သွားဆုတ်ချည်၊ ဝိုင်းကြီးပတ်ပတ် စတော့မယ်'

ညီမလေးဟာ ကျွန်တော့်ကို ဘာမပြော ညာမပြော ရွှတ်ခနဲ နမ်းလိုက်တယ်။ ပြီးတော့ လက်ဝါးကို ဆန့်ထုတ်ခံလိုက်ပြီး.....

'ဟောတော့ မိုးဖွားလေးတွေ ကျလာပြီ'

ဒီလိုပြောပြီး သူ လုပ်ပုံကြောင့် ကျွန်တော် စိတ်ထိခိုက်သွားတယ်ဗျ။ သူ ဘာလုပ်တယ် ထင်သလဲ။ ကျွန်တော့် ကုတ်အင်္ကျီ အိတ်ထဲမှာ ထိုးထားတဲ့

http://nyisay.com



တောလိုက် ဦးထုပ်လေးကို ယူပြီး ကျွန်တော့် ခေါင်းပေါ်ကို ဆောင်းပေးလိုက်တယ်ဗျ။

'ညီမလေး မဆောင်းဘူးလား'

'ဟင့်အင်း၊ ခု ကိုကို ဆောင်းထားဦး'

'ရတယ်၊ ရတယ်၊ သွားတော့၊ ဟိုမှာ ဝိုင်းကြီးပတ်ပတ် စတော့မယ်၊ ညီမလေး ကျန်နေရစ်ခဲ့လိမ့်မယ်၊ ကိုယ့်မြင်းကို မရဘဲ နေလိမ့်မယ်'

ဒါပေမယ့် ညီမလေးက မသွားသေးဘူး။ ကျွန်တော့် အနားမှာ ယောင်ပေပေ လုပ်နေဘယ်။

'ကိုကို တကယ် ပြောတာလားဟင်၊ ကိုကို မသွားတော့ဘူး ဆိုတာ တကယ်လား ဟင်၊ ကိုကို အိမ်ကို ပြန်လိုက်မယ်ပေါ့ ဟုတ်လား'

'အေးပါကွာ၊ လိုက်မှာပါ' လို့ ကျွန်တော်က ပြောတယ်။ ကျွန်တော် တကယ် ပြောတာပါ။ လိမ်ပြောတာ မဟုတ်ပါဘူး။ ပြီးရင် ညီမလေးနှင့် အိမ်ကို ပြန်လိုက်သွားတော့မယ်။

'သွားတော့လို့ ပြောနေ၊ ဟိုမှာ စတော့မယ်'

ညီမလေးဟာ လက်မှတ်ရုံကို ပြေး လက်မှတ် ဆုတ်ပြီး အချိန်မီလေး တင် ဝိုင်းကြီးပတ်ပတ်ထဲက မြင်းပေါ် တက်လိုက်သွားတယ်။ ကျွန်တော့်ကို လက်ပြတော့ ကျွန်တော်ကလဲ ပြန်ပြီး လက်ပြလိုက်တယ်။ ကိုယ့်လူရေ တကယ် ပဲဗျ။ မိုးကလဲ သည်းလာလိုက်တာ သွန်ချလိုက်သလိုပဲ။ မိဘတွေ လူကြီးတွေ အားလုံး ထပြေးလာကြပြီး ဝိုင်းကြီးပတ်ပတ် အမိုးက တံစက်မြိတ်မှာ လာပြီး မိုးခိုကြတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ခုံရှည်ပေါ်မှာ ထိုင်မြဲထိုင်နေတယ်။ ကျွန်တော့် တစ်ကိုယ်လုံး ရွဲလို့။ ဘောင်းဘီရော ကုတ်အင်္ကျီရော စိုရွှဲနေတာပေါ့။ ကျွန်တော့် တောလိုက် ဦးထုပ်လေးက တတ်နိုင်သမျှတော့ အကာအကွယ် ပေးပါရဲ့။ ဒါပေမယ့် ဘယ်ရမလဲဗျာ။ စိုတာပေါ့။ ဒါပေမယ့် ကျွန်တော် ဂရု မစိုက်ပါဘူး။ ဝိုင်းကြီးပတ်ပတ်ပေါ်မှာ စီးလိုက်သွားတဲ့ ညီမလေး ပျော်သလို ကျွန်တော်လဲ ချက်ချင်း ပျော်လာတယ်။ ပျော်သလား မမေးနှင့်။ ပျော်လိုက်ပုံ တော့ ထခုန် ပစ်လိုက်ချင်တယ်။ ဘာဖြစ်လို့လဲ ဆိုတာကိုတော့ ကျွန်တော်လဲ မပြောတတ်ဘူး။ ကျွန်တော့် ညီမလေးပဲ ချစ်စရာ ကောင်းနေလို့လား၊ အင်္ကျီ အပြာကလေးနှင့် ဝိုင်းကြီးပတ်ပတ်ထဲက မြင်းရုပ်ကြီးပေါ်မှာ လိုက်ပြီး ချာချာ လည်နေတာကို မြင်ရလို့လား မသိဘူး။ ပျော်လိုက်ပုံ မပြောပါနှင့်တော့။

# ၂၆

ကျွန်တော် ပြောချင်တာကတော့ ဒီလောက်ပါပဲ။ ကျွန်တော် ဘယ်လို အိမ်ပြန်သွားတယ်၊ အိမ်ရောက်တော့ ဘယ်လို နေထိုင်မကောင်း ဖြစ်တယ်၊ နောက်တစ်ပတ် ကျောင်းဖွင့်ရင် ဘယ်ကျောင်းကို ပြောင်းဖို့ စီစဉ်ထားတယ်၊ ဘာတယ် ဆိုတာကိုတော့ ကျွန်တော် ဒီမှာ မပြောတော့ပါဘူး။ ပြောလဲ မပြောချင်တော့ပါဘူး။ ဒီအကြောင်းတွေကို ကျွန်တော် ခု စိတ်မှ မဝင်စားတော့တာ။

လူတော်တော်များများနှင့် အထူးသဖြင့် ကျွန်တော့်ကို လာကြည့်တဲ့ စိတ်ကု ဆရာဝန်ကတော့ စက်တင်ဘာ ကျောင်းပြန်ဖွင့်ရင် ကျွန်တော် ကျောင်းဝင်ခွင့် ပြန်လျှောက်ဦးမှာလားလို့ မေးတယ်ဗျ။ တကယ်ပဲဗျာ၊ မဆီမဆိုင် ဘာတွေ မေးနေမှန်း မသိဘူးဗျာ။ အလုပ်တစ်ခုကို မလုပ်မချင်း ကိုယ် ဘာလုပ်မယ် ဆိုတာ ဘယ်သူ ကြိုတင် ပြောနိုင်မှာလဲဗျ။ လုပ်မှပဲ လုပ်တယ်လို့ ပြောနိုင်မှာပေါ့။ ခု လောလောဆယ်ကိုပဲ သိမှာပေါ့။ နောင် အကြောင်းကို ဘယ် သိနိုင်မှာလဲ။ တော်တော်ကို မဆိုင်တဲ့ မေးခွန်း။

သူတို့အထဲမှာ အစ်ကို ဒီဘီ တစ်ယောက်ပဲ ကျွန်တော့်ကို ရေးရေးနားလည်တယ်။ ဒါတောင် သူလဲ ကျွန်တော့်ကို ဟိုမေး ဒီမေး လျှောက်မေးသေးတာပဲ။ ပြီးခဲ့တဲ့ စနေနေ့တုန်းက သူ့နောက်ဇာတ်ညွှန်းမှာ မင်းသမီးလုပ်မယ့် အင်္ဂလိပ် မင်းသမီးလေးနှင့် အိမ်ကို ကားနှင့် ပေါက်လာကြတယ်။

အမျိုးသမီးက နည်းနည်း ဟန်များတယ်လို့ ကျွန်တော် ထင်တယ်။ ရုပ်ကတော့ ချောပါတယ်။ အမျိုးသမီးက ကျွန်တော်တို့အိမ် တစ်ဖက်ဆောင်မှာ ရှိတဲ့ အမျိုးသမီး ရေချိုးခန်းကို သွားနေတုန်း ဒီဘီက ကျွန်တော့်ကို ခုခင်ဗျားတို့ကို ကျွန်တော် ပြောပြတဲ့ အကြောင်းတွေနှင့် ပတ်သက်လို့ ကျွန်တော်

## လေလွင့်သူ

ဘယ်လို ထင်သလဲ ဆိုတာကို မေးတယ်။ ကျွန်တော် ဘယ်လို ဖြေရမှန်း မသိဘူး။ အမှန် ပြောရမယ် ဆိုရင် ဘယ်လို ထင်သလဲ ဆိုတာ ကျွန်တော် မသိဘူးလေ။ ခုအကြောင်းတွေကို လူတော်တော်များများကို ကျွန်တော် ကြေညာခဲ့မိတဲ့ အတွက် ဝမ်းနည်းပါတယ်။ ကျွန်တော် သိတာကတော့ ကျွန်တော်က ဒီလို အမှန်တွေ ပြောလိုက်တဲ့ အတွက် ကျွန်တော့်မှာ အပေါင်းအသင်းတွေ ဆုံးရှုံးရတယ်။ ဥပမာ စထရက်လေတာတို့ အက်ကလေတို့ ဆိုပါတော့။ မောရစ်တောင် ပါလိုက်သေးတယ် ထင်တယ်။ ရယ်တော့ ရယ်ရတယ်ဗျာ။ ဒီတော့ ဘယ်သူ့ကို ဘာမှ သွားမပြောလေနှင့်၊ ပြောလိုက်တာနှင့် ခင်ဗျားမှာ အပေါင်းအသင်းတွေ ဆုံးရှုံးပြီလို့သာ မှတ်လိုက်တော့။

**မြသန်းတင့်**

၁၄၊ ၀၅

၁၉၊ ၄၊ ၈၇။

NYI SAY
MYANMAR EBOOK CREATOR

မြသန်းတင့်

# လေလွင့်သူ

